www.burmeseclassic.com

မဟာဒိဗ္ဗစာပေ

# ပြစ်မှု

မဂ္ဂဇင်း








BURMESE CLASSIC

ကိုလိုနီခေတ် မြန်မာနိုင်ငံ မီးရထားတိုက်မှုကြီး (စာ - ၄၇)

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဥ်မွမ်းမံတည်းဖြတ်သည်။

# ပြုံး

## မဂ္ဂဇင်း

26 JUL 2014

အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဒေါ်မြတ်ဇင်ဇင်မိုး၊ စန္ဒာညွန့် ပုံနှိပ်တိုက်(ယာယီ-၁၀၇၆၀)၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာ ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း၊ အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း

BURMESE CLASSIC

## မာတိကာ

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ်(၂၂၈)

### ကဗျာ ပြစ်မှု

ကိုကြီးသိန်း(ချောက်)၊ မင်းနီနိုင်(မောင်တော)၊ စောအောင်ခ(ဘားအံ)၊ တက္ကသိုလ်ရကန္တဗျာလ၊ လေးသူစံ၊ သူ(မဟာသာ)၊ ကိုရန်။ ဝင်းမြင့်ကျော်(တောချောင်းဦး)

### ကာတွန်း ပြစ်မှု

မိမန်းလေး(တောင်ငူ)၊ မြသန်း(မင်္ဂလာဒုံ)၊ ရန်ကြီးအောင်၊ ပေါက်ကျိုင်း၊ စိုးလွင်အောင်၊ ငွဲနေ၊ သခွတ်၊ သူရိန်။

### စာပေသုခမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်
ကသစ်နီ ---------- ၂၅
သုခုမသတင်းလွှာ
အမ်ကေ ---------- ၂၈

### ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------- ၂၉

### ဆောင်းပါး ပြစ်မှု

မနက်ဖြန်မှ ဖမ်းပါဆရာရယ်
ခင်မောင်ထွန်း(လမ်းမတော်) ---------- ၄၁
အလည်လွန်ဘီး၏ နောင်တများ
ရေကျော်စိုးအောင် ---------- ၄၇
စာရေးဆရာရန်အောင် အစစ်ခံခဲ့ရစဉ်က
တိုးထက် ---------- ၅၉
မျှော်နေကြဦးမှာ
လှရှိန်အောင် ---------- ၁၄၇

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု


ရွှေသမင်အလိုက်များသည်သို့
မောင်ယဉ်ဝင်း(ဒေါ်ပုံ) ---------- ၃၆

သောကစံအိမ်
နန္ဒာမိုးကြယ် ---------- ၆၆

သိကြားစေချင်သည်
ရဲအုပ်အောင်ဇင် ---------- ၇၂

အစကနေ ပြန်ပေးပါ
မြမြလှိုင် ---------- ၈၂

တောဆင်ရိုင်းကြီး၏ ကလဲ့စား
ခင်မောင်အေး(မန္တလေး) ---------- ၈၈

သဲလွန်စနစ်ခု
မြသိန်း ---------- ၁၀၀

တမလွန်ဘဝမှ ဖော်ထုတ်သည့်ပုစ္ဆာ
ဟန်သီဇင် ---------- ၁၀၈

မိုးသည်းညက သေတ္တာကြီးတစ်လုံး
ဗညားဦး(အိမ်မဲ) ---------- ၁၄၂

တရားခံစုံထောက်
ဝသုန်ဟိန်းထက် ---------- ၁၄၈

အချစ်ရဲရဲ အကဲပိုပို
ဝင်းသောင်(ရမည်းသင်း) ---------- ၁၅၅

ခြေရာ
မောင်မောင်(ပီတောက်မြိုင်) ---------- ၁၆၂

နှံ့သာရောင်တိုက်ပုံကလေး
ချိုသာ ---------- ၁၇၂

အမှတ်မထင် လူသတ်မှု
ကျော်မင်းနိုင် ---------- ၁၇၈

တောက်ပသော မျက်လုံးတစ်စုံ
ဝင်းဇော်(သုံးဆယ်) ---------- ၁၈၆

အလင်းတစ္ဆေ
ချဲမြတ်တင် ---------- ၁၉၄

ပရိယာယ်များသော ကျားဆိုးကြီး
မင်းဟိန်းနိုင် ---------- ၂၀၂

ဘဝတိုက်ပွဲ
လေးမောင် ---------- ၂၁၂

သာရင်သာခင်
မောင်သာမာန်(ငီးကုန်း) ---------- ၂၂၆

လိုင်စင်အနီပြဿနာ
ရှစ်ခွင်ကျော်(မောင်တော်သီ) ---------- ၂၄၈


## မျက်နှာဖုံးဆောင်းပါး ပြစ်မှု


ကိုလိုနီခေတ် မြန်မာနိုင်ငံ မီးရထားတိုက်မှုကြီး
လှမိုး(ပညာရေး) ---------- ၄၇


## ဗေဒင် ပြစ်မှု


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ---------- ၂၅၆


## နိုင်ငံရပ်ခြားသတင်း ပြစ်မှု


စီယန်အိုကောလာဂန်အားသတ်သော . . . သေနတ်
ဦးတိုး(တက္ကသိုလ်) ---------- ၁၇၇

မမျှော်လင့်သော ခွန်အား
စိန်ဝင်းမော် ---------- ၂၄၃

ဇနီးပျောင်းအား မီးရှို့သတ်မီ . . CCTV တွင် သက်သေခံ
တွေ့ရခြင်း
ဦးတိုး(တက္ကသိုလ်) ---------- ၂၄၇


www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက် ရသပြစ်မှု


ထောင်မှူးများ အလိုရှိသည်(၈၉)
ဗဟိုစော ———— ၆၀

အတိတ်အကြောင်း ပြောင်းသည်မရှိ(၁၅)
မင်းဟိန်းထိုက် ———— ၉၂

အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၉)
မောင်ရွှေရှန် ———— ၁၀၂

မှောတတ်သော အမွေ(၂)
ကျော်မြသန်း ———— ၁၀၂

ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော…(၄)
ကျော်ဆွေဝင်း(ရွှေအင်း) ———— ၁၂၂

နယ်မြို့လေးထဲက သားရဲ(၄)
သစ်ထူးအိမ် ———— ၂၆


## တစ်မျက်နှာ ပြစ်မှု


ကျန်သူကြေကွဲ မျက်ရည်ဝဲ
မင်းရွှေမင်း(အင်းစိန်) ———— ၃၃

အညွန့်ခူးစားသူများ
အောင်လံသား ———— ၃၆

တန်ဖိုးမြင့်မာန
စိုးယဉ်ထွန်း ———— ၃၅

အနီးဆုံးက အဝေးမှာ
ပိုက်မင်းဝေ ———— ၁၆၁

ဝေဒနာနှင့်ဆေး
သျှက်ပြုံး(မြန်မာစာ) ———— ၁၇၃


## ဥပဒေ ပြစ်မှု


အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ———— ၄၅

မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
စလင်းဦးအောင်သိန်း ———— ၄၃

ပြစ်မှုနှင့် တရားမသက်သေပြရန်တာဝန်
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ———— ၄၇

အိမ်ရာမြေတိုက်ခန်း လိမ်လည်သော ရောင်းပေါင်စနစ်
သတိပြုဆင်ခြင်စရာ
ကေတီအောင်သိန်း ———— ၂၄၃

အများပိုင်ပစ္စည်းများ ဖျက်ဆီးမှုအပြစ်ဒဏ်
ကေတီအောင်သိန်း ———— ၂၄၆



မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးနိုင်။
စာအုပ်ချုပ် - ရှုကီး(၁၁၄) လမ်း
အတွင်းပန်းချီ - ကျော်ဦး၊ KN၊ မိုးဝေ၊ ပညာတ်၊
အောင်နိုင်လတ်၊ သန့်ဇော်သိမ်း၊
လူသစ်အောင်၊ ဖိုးအောင်၊ စကျူ၊
စံလွင်မောင်၊ ကေလတ်၊ ခွေမြင့်။



အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးရွာ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊
၃၆-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၃၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com


“နိုးကျောက်ခဲ..သိပ်ရက်စက်တယ်၊
သမီးရဲ့ ဘိုးဘိုးဖြူကို
သတ်တယ်၊ ဘိုးဘိုးဖြူ မရှိရင်
သမီးလည်း မနေတော့ဘူး...”
နန္ဒာမိုးကြယ် ——— ၆၆







“ဘာလဲ...
ညညကျရင် တံတားကြီးပေါ်က
ဥစ္စာစောင့်မလေးတွေ
ဆင်းဆင်းလာလို့လား...”
ရဲအုပ်အောင်ဇင် ——— ၇၂

“ဒီးဖိုးခြွာလေးအိမ်
ဓားပြတိုက်မှုနဲ့
ပတ်သက်လို့
နင် ဘာသိသလဲ”
တိုးထက် ——— ၇၉




www.burmeseclassic.com

www.burmeseclassic.com



"ညဉ့်ခန်းမှာ
ညဉ့်သည် ရောက်နေတယ်၊
မမလေးနဲ့
တွေ့ချင်လို့တဲ့"
မြမြလှိုင်-----------------၇၂



ဦးဘသောင်းအား
တောဆင်ရိုင်းကြီး
အစွယ်ဖြင့်
ထိုးသတ်သွားခြင်းခံလိုက်ရသည်...
ခင်မောင်အေး(မန္တလေး)--------၇၇



"ဟာ...ယုဇေ
မငိုရဘူးလေ၊
ငါက ဘာများ
ယုဇေကို ပြောဆိုမိလို့လဲ"
မင်းဟိန်းထိုက်-------------၉၂

www.burmeseclassic.com

www.burmeseclassic.com

"မဝေဠုအိမ်ကို
ရောက်နေပါပြီ ကောင်းရယ်၊
မဝေဠုကို
သံသယမျက်လုံးတွေနဲ့ မကြည့်ပါနဲ့"

မောင်ရွှေစွန်————၁၀၂





အောက်ထစ် ရာဇဝတ်မှုတွင်
နာမည်ကြီးသည့်
မဟိုတရားရုံးရှေ့နေထဲက
ဒီတဆိုသည့်ရှေ့နေကြီး....

ကျော်မြသန်း————၁၁၂

"အဲဒီပုဂ္ဂိုလ်က
ဘယ်သူလဲ ဦးလေး၊
ဘယ်သူရှိလဲ၊
ငါ့ရဲ့ကျေးဇူးရှင် မင်းအဖေပေါ့"

ကျော်ဆွေဝင်း(ရွှေအင်း)----၁၂၂



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ကျောကုန်းက
လက်သည်းနဲ့ ကုတ်ခြစ်ထားတဲ့
ဒဏ်ရာရယ်၊ ကာကီရောင်အကျႌရယ်
သက်သေခံနေပြီကွ"

မြသိန်း------------------၁၃၀

"ဟဲ့...တောပိုင်၊
ကွင်းပိုင်တွေ
ဘာမကျေနပ်လဲ
မသိဘူးနော်"

ဟန်သီဇင်------------၁၃၈





"ဘာကြောင့် ကိုယ့်မိန်းမကိုယ်
ပြန်သတ်ရတာလဲ
ပြောစမ်းပါဦး
ဦးထိုက်ကျော်"

ဗညားဦး(အိမ်မဲ)----------၁၄၂



www.burmeseclassic.com

www.burmeseclassic.com

## ရင်ခွင်မဲ့အသိုက်

☆ ပုံစံနဲ့တော်ရပေမယ့်
ဆောင်မဟုတ်ဘူး။

☆ ကျန်းမာပါစေ ...
ချမ်းသာပါစေ ... ဆိုတဲ့
စကားလေးကို
မြန်မာလိုတစ်မျိုး
အင်္ဂလိပ်လိုတစ်မျိုး
အလွတ်ရအောင်သင်
ကုသိုလ်ရှင်လာရင်
ဒီစကားတွေနဲ့ အူရီ
လူလားမြောက်လာတဲ့
ဒီအသိုက်ကို
လက်နက်ကိုင်ထားသူ
မကြာမကြာ [illegible]

☆ သေနတ်သံ ဗုံးသံတွေထဲက
ရှင်သန်တိုးထွက်လာတဲ့
ဒီဂေဟာလေးဟာ
အဖေမျှော် အမေမျှော်ရဲ့
ည ... ညဆို
ခေါင်းအုံးတွေပေါ်
မျက်ရည်စိုလို့။

(ကချင်ပြည်နယ်မှ [illegible])





www.burmeseclassic.com

www.burmeseclassic.com

## ရင်ခွင်မဲ့အသိုက်

# ကိုကြီးဖွဲ့သိမ်း (ဖျောက်)

☆ ပုံစံနဲ့စာရေးရပေမယ့်
ထောင်မဟုတ်ဘူး။

☆ ကျန်းမာပါစေ …
ချမ်းသာပါစေ … ဆိုတဲ့
စကားတွေကို
မြန်မာလိုတစ်မျိုး
အင်္ဂလိပ်လိုတစ်မျိုး
အလွတ်ရအောင်သင်
ကုသိုလ်ရှင်လာရင်
ဒီစကားတွေနဲ့ အူစို
လှူလားမြှောက်လာတဲ့
ဒီအသိုက်ကို
လက်စုက်ကိုင်ထားသူ
မကြာမကြာ မျက်စောင်းထိုး။

☆ သေနတ်သံ ဗုံးသံတွေထဲက
ရှင်သန်တိုးထွက်လာတဲ့
ဒီဂေဟာလေးဟာ
အဖေပျောက် အမေပျောက်နဲ့
ည … ညဆို
ခေါင်းအုံးတွေပေါ်
မျက်ရည်စိုလို့။

(ကချင်ပြည်နယ်မှ မိဘမဲ့ဂေဟာလေးသို့)





www.burmeseclassic.com

www.burmeseclassic.com




ပြဿနာ

# မင်းခိုက်စိုး(စန်)

☆ အများကိုညီ
အမှန်ရှိသည့်ပြဿနာ ...။

☆ ပြဿနာဖွေဖောက်
အမှန်သိမရောက်နိုင်ဘဲ
ဝဲဆိုင်ဖြစ်တည်
ပတ်ချာလည်ရင်း
အများဆီပဲရောက်ရောက်သွားတယ်။ ။

၁၀ ပြစ်မှု

www.burmeseclassic.com

www.burmeseclassic.com

☆ ကျွန်တော့်အရေပြားထဲကို
စိုက်ဝင်နေတဲ့အကျွရာဟာ မနှင်းဆီပဲပေါ့
လက်ဖက်ရည်ဆိုင်ထိုင်ရင်း
ရှမျှော်ခင်းတွေ ပျောက်ဆုံးသွားရတာလည်း
အနူးညွှဆုံး အပြောင်းလဲတစ်ခုလို့
ကျွန်တော့်ကိုကျွန်တော် ယုံကြည်ထားလိုက်တယ်။

☆ မနှင်းဆီရေ …
အသက်ပေးပျောက်ဆုံးသွားရမယ့်
အရသာဟာ ခါးလာတယ်
ကျွန်တော့်ဘဝမှာ တဖြည်းဖြည်းပြိုဆင်းလာတဲ့
အရောင်ဆင်းဟာ
မနှင်းဆီအတွက် လိပ်ပြာနာတာ
ကျွန်တော့်အတွက် မီးတောက်ပါပဲ။

☆ မနှင်းဆီကို လွမ်းစိတ်တွေနဲ့
အတောင်ပေါက်လာတဲ့ စိတ်ကူးတွေက
မနှင်းဆီရဲ့အနားမှာ ပြိုဆင်းကျ
အေးစက်တဲ့ ညနေခင်းမှာ
ကျွန်တော်ဟာ
မနှင်းဆီနဲ့ နာရီပေါင်းများစွာ
ခြားသွားတယ်။ ။

## ကျွန်တော့်နှုတ်ခမ်းဖျားပေါ်က နှင်းဆီ





www.burmeseclassic.com

www.burmeseclassic.com

မွေးရပ်မြေသို့

# တက္ကသိုလ်ကဗျာလ

ရွှတိုင်းဝေ သာစခန်း
တို့ကျွန်းတဲ့ ဇာတိမြေ။

☆ ကွဲကွာနေ တစ်မြေခြား
လွမ်းအားပိုနေ။

☆ သတိရ စိတ်လေဖွေ
ထိန်းချုပ်ပေ မနိုင်အား။


☆ မှန်းဆကာ တမ်းတပါရဲ့
လွမ်းရသာ ဘယ်မပျောက်ပါဘူး
ပြန်မရောက်နိုင်သေးသော်လည်း
အို ... ဝေးတစ်နယ်ကျေးဆီက
သူ့ဌေးမြေ ချက်ကြွေနန်းကို
လှမ်းစိတ်ရှစား ...။



၁၂ မြစ်မှူ

www.burmeseclassic.com

www.burmeseclassic.com



## လမင်းနဲ့ ဝေးသူ

သု (မဟာဒသ)

☆ အချစ်ဆိုတာ
စစ်တစ်ပွဲသာ ဖြစ်ခဲ့ရင်
ကိုယ့်နှလုံးသားကတော့
အသေခံသက်သက် ဖြစ်မှာပါကွယ်။

☆ အဆိပ်ပြင်းတဲ့ မြှားအစင်းစင်းရဲ့ရှေ့မှာ
တိုးဝင်စစ်ခင်းရင်း ဒဏ်ရာတွေရခဲ့ခြင်းကို
ကိုယ်စွဲချက်မတင်ရက်တော့ပါဘူး
မိုက်မဲကံနည်းသူ ကိုယ့်နှလုံးသာ
အပြစ်ရှိနေသူပါကွယ်။

☆ အစိမ်းရောင် မြက်ခင်းပြင်ကို
ကိုယ်ဆေးမခြယ်လိုတော့ပါဘူး
အပြန်လမ်းမရှိတဲ့ အဆန်ခရီးကြမ်းဆိုတာတွေက
ကိုယ့်ခံစားမှုတွေပါကွယ်။

☆ တကယ်လို့သာ
လမိုက်ညရဲ့ ကြယ်ကြွေညသာ
ကိုယ့်ရဲ့ဘဝ မဖြစ်ခဲ့ရင်
ဖိုးလမင်းလေး မင်းရဲ့အနီးမှာ
လင်းလက်ခွင့်တွေရမှာပါ
ကိုယ် ...
လင်းလက်ခွင့်တွေရမှာပါကွယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမျက်နှာစာ

# [illegible]

☆ အကြည့်များက
ရှုပ်ထွေးပွေလီဆန်းပြားတဲ့
လှုပ်ခတ်မှုများဆီအရွေ့။


☆ မြင်နေရသည်
ခိုင်ထည်ကြီးမားတဲ့ တွန်းပို့မှုများ
ရှုန်းကန်အားကောင်းကောင်းနဲ့ပေါ့
သစ်လွင်တဲ့ မှန်ကူကွက်များ ဆင့်ကဲဆင့်ကဲ
အရောင်အရိပ်တွေနဲ့ ယှက်နွယ်လို့။

☆ အံ့ဩမှင်သက်ရ
အဆုံးသတ်ထားပုံက
ပကတိညှင်သာမှုတွေနဲ့ခြိမ့်
ဖက်နဲ့ထုပ်ထားတဲ့ အသက်တွေ
နေသားတကျနဲ့
ရှင်သန်မှုတွေက
ရဲရဲဝံ့ဝံ့
တိုးထွက်လာခဲ့ပြီ။ ။



www.burmeseclassic.com

www.burmeseclassic.com



## ကာလံဒေသံ

# ဝင်းမြင့်ကျော် (တောချောင်းဆိုး)

☆ တစ်အိုးပြည့်တော့
နောက်တစ်အိုး ...
နောက်တစ်အိုးပြည့်တော့
နောက်ထပ်တစ်အိုး ...
အိုးတွေခဏခဏပြောင်းလို့
မိုးကောင်းတဲ့ဒေသ
ရေခံနေလိုက်ကြတာ
ဘဝတွေက စိမ်းစိမ်းစိုး

☆ တို့အရပ်
မိုးပြတ်လိုက်ပုံများ
နေကပူ ရေကရှား
ဘဝတွေအားလုံး ပပ်ကြားအက်။



www.burmeseclassic.com

www.burmeseclassic.com

☆ တစ်နှစ်ပြီးတစ်နှစ်
မသစ်လွင်နိုင်တော့တဲ့ အသက်တွေ
ခရီးဆက်ခဲ့ နှစ်ပေါင်းခြောက်ဆယ်ကျော်တွေ
ခုနှစ်ဆယ်တွင်း ရောက်လုနီးနဲ့ပြီပေါ့နော်
ကြောက်စိတ်ပါရင် ဓာတ်ရာနဲ့နုတ်ပစ်မယ် ...။

☆ ဘာလဲဟဲ့ လောကဓံရှစ်ပါးနယ်
ချို့သစ္စာ ပါရမီမေတ္တာ ထုံမွှမ်းလို့
တရားရှာ ဗျာနယ်တွေမှာတွေ့ပါလိမ့်
မကြားဖူးမနားသာ ကမ္ဘာကြီးပြားနေပြီကွဲ့
ပဥ္စလက်မာယာတောမှာ ကူးခပ်နွှမ်းမော ...။

☆ အရှားမကြည်လင်တဲ့
မတရားဖိနှိပ်စီမံမှုတွေ ...
လက်မဖါ၊ လက်မမိုး ပဋိပက္ခတွေ ...
အနုတ်လက္ခဏာများနေတဲ့ ယုံကြည်မှုတွေ ...
ပုံအပ်မပေးနိုင်သေးတဲ့ တောင်းဆိုမှုတွေ ...
မပြောင်းလဲနိုင်သေးတဲ့ စိန်ခေါ်မှုတွေ ...
တိမ်ပလီတောမှာ မရှယ်မောနိုင်ခဲ့တာ ကြာပေါ့ ...။

☆ မြရောင်စိမ်းစို လန်းဖြာစေချင်ပါသည်
မျက်ဝန်းလှဲ့လှဲ့ ကြည်လင်စေချင်ပါသည်
ရှင်သန်လွတ်မြောက်ငြိမ်းချမ်းကြစေချင်ပါသည်
ဤကမ္ဘာ ပဥ္စလက်မာယာတောမှ လွတ်မြောက်စေ ...။


## ပဥ္စလက် မာယာတောမှာ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




ကာတွန်း ရွှေကြီးအောင်..



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## သမားတော်ဦးမြတ်လွင်ပြုစုသည့် အာယုဝမုန ဓာတ်ဆေးကုထုံးကျမ်း

ဝိဇ္ဇာရေ ဂမ္ဘီရပညာရှင် မြန်မာသမားတော်ကြီး ဦးမြတ်လွင် ရေးသားပြုစုသည့် အာယုဝမုနဓာတ်ဆေး ကုထုံးကျမ်းသည် မြန်မာတိုင်းရင်းဆေးအပေါ် စိတ်ဝင်တစားနှင့် လေ့လာလိုက်စားသူများအတွက် တန်ဖိုးရှိလှသည့် သမားကိုင်စာအုပ်ကြီးဖြစ်ပြီး ပထမတွဲသာမက၊ ဒုတိယတွဲပါ နှစ်တွဲခွဲလျက် ထုတ်ဝေထားပေးသည်။

ဝိဇ္ဇာရေနယ ပညာရပ်ဟူသည် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များမှ အမွေခံထားခဲ့သော ပညာရပ်ဖြစ်၍ သိပ္ပံပညာရပ်တို့ထက် ထူးဆန်းအံ့ဩဖွယ်ရာ စွမ်းရည်သတ္တိရှိပြီး ရောဂါဝပ်သိမ်း ကင်းစင်လျက် သက်ရှည်နပျိုကာ စိန္တာမယဉာဏ်တို့ကို ရရှိစေနိုင်သည်။ ထို့ပြင် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကို ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသည့် ပညာရပ်လည်း ဖြစ်ပေသည်။ ဤစာအုပ်တွင် မြန်မာ့သွေးသားကို မြန်မာ့ဆေးဝါးဖြင့် ကုသနိုင်ခဲ့ကြသဖြင့် အသက်ရာကျော်ရှည်ခဲ့ကြသော မြန်မာတို့၏ အတွင်ကျကျ ပညာရပ်များကို ထည့်သွင်းဖော်ပြထားပေသည်။ ဤစာအုပ်နှင့် စပ်လျဉ်း၍ ပထမတွဲကို တန်ဖိုး ၄၅၀၀/-ကျပ်ဖြင့်လည်းကောင်း၊ ဒုတိယတွဲကို တန်ဖိုး ၅၅၀၀/-ကျပ်ဖြင့်လည်းကောင်း လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ်-၁၃၁ (ဘီ)၊ မြေညီထပ်ရှိ မြတ်သိဒ္ဓိဆေးတိုက်မှ ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ကိုကို(ဆေးတက္ကသိုလ်)၏ နေ့စဉ်သုံးအင်္ဂလိပ်စကား (အင်္ဂလိပ်ဘာသာလေ့လာစရာစာစဉ်-၁)

စာရေးဆရာ ကိုကို(ဆေးတက္ကသိုလ်)သည် စစ်တွေမြို့နယ် ခရိုင်ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်ထွန်း (ရွှေဘို)၏ ကလောင်ခွဲဖြစ်သည်။ ဆရာ ကိုကို(ဆေးတက္ကသိုလ်)သည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့က အင်္ဂလိပ်ဘာသာလေ့လာစရာ အင်တာနက်စာမျက်နှာတစ်ခု ထူထောင်ခဲ့သည်။

အဓိကရည်ရွယ်ချက်မှာ အင်္ဂလိပ်စာလေ့လာစ မြန်မာလူငယ်များအတွက် ခေတ်နှင့်လျော်ညီသည့် အင်္ဂလိပ်စကားလေးများကို ၎င်းတတ်နိုင်သမျှ ပညာဒါန မျှဝေပေးလိုခြင်းပင်ဖြစ်သည်။ အဆိုပါရည်ရွယ်ချက်အတိုင်း အင်္ဂလိပ်စာနှင့် ပတ်သက်သည့် လေ့လာစရာအချက်များကို တတ်နိုင်သမျှ နေ့စဉ်ဖော်ပြခဲ့ရာ၌ ပြည်တွင်းပြည်ပရှိ ပရိသတ်(Fan)ပေါင်း တစ်သိန်းကျော် ရရှိခဲ့သည်အထိ အောင်မြင်ခဲ့သည်။ ဤတွင် ပရိသတ်အပေါင်းမှ ထိုကဲ့သို့ နေ့စဉ်သုံး အင်္ဂလိပ်စကားကလေးများကို စုစည်းပြီး စာအုပ်ထုတ်ပေးရန် Message နှင့် တစ်ဖုံ၊ Comment နှင့်တစ်မျိုး တောင်းဆိုခဲ့ရာမှ ဆုပြည့်စုံထွန်းစာပေက ပရိသတ်၏ ဆန္ဒအရ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍လည်း ကျန်ကဏ္ဍများကို ထုတ်ဝေရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

ဆရာ ကိုကို(ဆေးတက္ကသိုလ်)၏ နေ့စဉ်သုံး အင်္ဂလိပ်စကား(အင်္ဂလိပ်ဘာသာလေ့လာစရာ စာစဉ်-၁)အား နီးစပ်ရာ ဆိုင်များ၌ တန်ဖိုး ၃၀၀၀/- ကျပ်ဖြင့် ဝယ်ယူနိုင်ရန် မျိုးဆက်သစ်စာပေမှ ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

## A-လယ်ဖယ်လ်၏ ကြော်ငြာကောင်းတစ်ခု ဖန်တီးခြင်း

စီးပွားရေးဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော ကုန်ပစ္စည်းမှန်သမျှ ကြော်ငြာသည် လွန်စွာမှ အရေးပါလှသည်။ ကြော်ငြာခြင်းသည် ထိရောက်သော ဗျူဟာတစ်ခုဖြစ်ကြောင်း၊ ကြော်ငြာခြင်းဖြင့် မည်သို့မည်ပုံ အကျိုးများကြောင်း အစရှိသဖြင့် ကြော်ငြာသမားအဖြစ် ကိုယ်တိုင်ကျင်လည် လှုပ်ရှားခဲ့ဖူးသော စာရေးဆရာ A-လယ်ဖယ်လ်က ဤစာအုပ်ကို ပြုစုရေးသားထားခြင်း ဖြစ်ပေသည်။

ဤစာအုပ်တွင် တကယ်လိုအပ်သော ကြော်ငြာ၊ ဘာကြောင့်ကြော်ငြာကြသနည်း။ ကြော်ငြာတိုင်း ထိရောက်ပါသလား၊ ကြော်ငြာကောင်းတစ်ခု၏ ဦးတည်



www.burmeseclassic.com

www.burmeseclassic.com

ချက်(၅)ရပ်၊ ထောင်ဖမ်းတတ်သော ကြော်ငြာများ၊ လက်ကမ်းစာစောင်ကြော်ငြာ အသုံးချမှုပညာ၊ ဈေးရှင်းထိလွယ်သော ကြော်ငြာပုံစံများ၊ ရင်နှီးအောင်ကြော်ငြာခြင်း၊ ကြော်ငြာနေတဲ့ သရုပ်ဆောင်တွေက ကျွမ်းကျင်သူတွေ ဖြစ်ရဲ့လား၊ လွယ်ကူ၍ သဘာဝကျရမည်၊ ရှားပါးချင်ယောင်ဆောင်သော ကြော်ငြာနည်းဗျူဟာ၊ ဆန့်ကျင်အတွေးအခေါ်များကို ဟန့်တားပါ၊ ပြည်တွင်းကြော်ငြာတချို့မှာ သင်ခန်းစာ၊ Market Research ပြုလုပ်ပြီးမှ ကြော်ငြာပါ စသည့် အခန်းကဏ္ဍများဖြင့် ကြော်ငြာကောင်းတစ်ခု ဖန်တီးနိုင်ရေးကို လမ်းညွှန်ပြထားပေသည်။

ဤစာအုပ်ကို ကောင်းထွင့်စာပေက တန်ဖိုး ၁၀၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

---

## ရန်မိုးအောင်(အင်းစိန်)၏ ဘဝတစ်သက်တာ စိန်ယတြာများ

လူငယ်ဗေဒင်ဆရာ၊ စာရေးဆရာ ရန်မိုးအောင်(အင်းစိန်)၏ စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

ဤစာအုပ်တွင် ငွေဝင်စေသော ဂါထာများ၊ အလုပ်ရစေသော၊ အိမ်နှင့်သက်ဆိုင်သော၊ ကားရောင်းလိုသော၊ အင်္ဂါနံနှင့်ပတ်သက်သော၊ အိမ်ထောင်ရေးဆိုင်ရာ၊ အလုပ်လုပ်စေသော၊ ဈေးရောင်းကောင်းစေသော၊ ငွေကြေးနှင့်သက်ဆိုင်သော၊ အချစ်ရေးနှင့်စပ်လျဉ်းပြီး ပီယနှင့်ပတ်သက်သော အဆောင်၊ ခရီးသွားကိစ္စနှင့် ကျန်းမာရေးအဆင်ပြေစေလိုသော၊ အရက်ဖြတ်စေလိုသော၊ အတိုက်အခိုက်အန္တရာယ်ကင်းစေသော၊ စီးပွားရေးနှင့်ဆိုင်သော၊ မည်သည့်ကိစ္စမဆိုအဆင်ပြေစေသော၊ ခုနစ်ရက်သားသမီးများအတွက် လွယ်ကူထိရောက်သော...အစရှိသဖြင့် ယတြာပေါင်းများစွာ ဖော်ပြပေးထားသည်။

ဆရာရန်မိုးအောင်က ဤစာအုပ်နှင့်ပတ်သက်၍ "ဤစာအုပ်တွင် ဟောပြောထားသော ဟောကိန်းများနှင့် အဆောင်များသည် အဘဆရာကြီး ဒေါက်တာမင်းသိန်းထံမှ သင်ယူတတ်မြောက်ခဲ့သော ပညာရပ်များသာ ဖြစ်ကြောင်း၊ ဆရာကြီးမင်းသိန်း ပြောပြသော စကားများသာ ဖြစ်ကြောင်း" သစ္စာပြုထားပေသည်။ စာဖတ်သူတို့အတွက် ဘဝလမ်းညွှန်ကောင်းဖြစ်သော ဤစာအုပ်ကို မိတ်ဆွေစာပေမှ တန်ဖိုး ၈၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

---

## မင်းသစ်၏ အိပ်မက်ကွန်ဖရင့် ဝတ္ထုတိုစု

ဆရာမင်းသစ်၏ အိပ်မက်ကွန်ဖရင့် ဝတ္ထုတိုစု စာအုပ်တွင် လန်ဒန်မိုးခါးရေမှ အစပြု၍ ဂျွန်အီလန်မသိရသေးသော သီဝရီထိ ဝတ္ထုတိုပေါင်း (၂၂)ပုဒ်ပါဝင်သည်။ ဆရာမင်းသစ်သည် ဝတ္ထုတို အရေးနည်း၊ အရေးကျဲသလောက် ရေးဖြစ်သော ဝတ္ထုတိုတို့မှာ ဒေါင်ဒေါင်မြည်လှသည်။

ဆရာမင်းသစ်နှင့် စပ်လျဉ်း၍ ဆရာမြတ်သင်းက "သူသည် အနုပညာရပ်ဝန်းအသီးသီးသို့ ထိုးဖောက်ဝင်ရောက်နိုင်စွမ်းရှိ၏။ သို့သော် စွဲမြဲခြင်းကား မရှိ၊ ပရိသတ်က နောက်ထပ် အနုပညာလက်ရာတစ်ခုကို မျှော်လင့်နေဆဲတွင် လေပမာလျှင် ရုတ်ခြည်းပျောက်ကွယ်သွားတတ်သည်။ မင်းသစ်သည် အကြောင်းအရာတစ်ခုကို ဝိုးတဝါးသိရုံနှင့် မရေး၊ ပယ်ပယ်နယ်နယ် လေ့လာပြီးမှ ရေး၏။ ပတ်ဝန်းကျင်အငွေ့အသက်ပါအောင်လည်း ရေးတတ်၏။ ပေါ့ပေါ့ဆဆမရေး၊ ဝင်စားပြီးရေးသည်။ သူ့မှာ ဆင်းရဲသားဝါဒစွဲရှိသည်။ အားနည်းသူကို သနားညှာတာတတ်သော စိတ်ရှိသည်။ ယခုတလော သူစာပြန်ရေးနေသည်ကို အားရစဖွယ် တွေ့ရ၏။ ဝမ်းသာခြင်းနှင့်အတူ ကြောင့်ကြခြင်းလည်း ဖြစ်ရသည်၊ သူဘယ်ဝေ့တော့များ စာပေနယ်က ထွက်သွားဦးမှာလိမ့်"ဟူ၍ ကောက်ချက်ဆွဲပြထားသည်။

ဆရာမင်းသစ်၏ ဝတ္ထုတိုပီပီသသ ထက်ရှသော ခံစားမှုတို့ကို ရှိုက်သွင်းလိုပါက ရွှေဝံစာပေတိုက်မှ တန်ဖိုး ၂၀၀ိ/-ကျပ်ဖြင့် ဖြန့်ချိလျက်ရှိပေပြီ။

---

## ကသစ်နီ

www.burmeseclassic.com



## အဘဆရာကြီး ဒေါက်တာမင်းသိမ်၏ မွေးနေ့အမှတ်တရ စာတမ်းဖတ်ပွဲ၊ စာအုပ်မိတ်ဆက်ပွဲ၊ ကဗျာရွတ်ပွဲ

၁၉၃၉ ခုနှစ်မှာ သည်ကမ္ဘာမြေကို အလည်အပတ်ရောက်ရှိလာခဲ့တဲ့ အဘဆရာကြီး ဒေါက်တာမင်းသိမ်ကို ဂုဏ်ပြုတဲ့အနေနဲ့ စာတမ်းဖတ်ပွဲ၊ စာအုပ်မိတ်ဆက်ပွဲနဲ့ ကဗျာရွတ်ပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ၂၅ .၆ . ၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီအချိန်မှာ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားဝင်းအတွင်းရှိ ကောင်းပြည့်စုံ စားသောက်ဆိုင်မှာ ဆရာကြီးရဲ့ တပည့်ရင်းတွေဖြစ်ကြတဲ့ ဆရာထက်ဦးလှိုင်၊ ဆရာရန်မိုးအောင် (အင်းစိန်)တို့က ဦးစီးကျင်းပခဲ့တာ ဖြစ်ပါတယ်။

အခမ်းအနားမှာ အဖွင့်အမှာစကား ပြောကြားခြင်း၊ အခမ်းအနားကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်၊ ထွက်ရှိလာတဲ့ စာအုပ်သစ်အတွက် စာရေးဆရာတစ်ဦးက မိတ်ဆက်စကားပြောကြားခြင်း၊ တက်ရောက်လာကြသူများထဲမှ ကဗျာများ ရွတ်ဖတ်ခြင်းတို့ ပြုလုပ်ခဲ့ကြပြီး အခမ်းအနား တက်ရောက်လာသူအပေါင်းကို စာအုပ်လက်ဆောင်များ ပေးပြီးတဲ့နောက် အကျွေးအမွေးနဲ့ ညှိခံခဲ့တဲ့အကြောင်း သတင်းရရှိပါတယ်။

## City FM ၁၂ နှစ်ပြည့် ကမ္ဘာတည်သရွေ့ DVD အခွေ မိတ်ဆက်ပွဲကျင်းပ

City Fm ၁၂ နှစ်ပြည့် ကမ္ဘာတည်သရွေ့ DVD အခွေ မိတ်ဆက်ပွဲကို ၁၄ .၆ . ၂၀၁၄ ရက်နေ့က တော်ဝင်စင်တာ ပထမထပ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါအခွေမှာ အဆိုတော် R-ဇာနည်၊ L-လွန်းဝါ၊ ဖြူဖြူကျော်သိန်း၊ ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်နဲ့ အခြားအဆိုတော် ၁၆ ဦးက သီချင်း ၁၁ ပုဒ် သီဆိုဖျော်ဖြေပေးခဲ့ကြပါတယ်။ အဲသည်အခွေမှာ မြန်မာ့ရိုးရာ ပုံစံ အကတွေပါဝင်ပြီး မူပိုင်အဖြစ် MDG Goup က ရယူခဲ့ပါတယ်။ တစ်ခွေရဲ့ ရောင်းဈေးက ၂၀၀၀/-ကျပ်နှုန်းဖြစ်ပြီး အဲသည်နေ့က လာဝယ်ယူသူအပေါင်းကို အမှတ်တရလက်မှတ်ရေးထိုးပေးခြင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ခဲ့တယ်လို့ သိရှိရပါတယ်။

## နိုင်ငံတကာ အနုပညာရှင်များ၏ အခမဲ့ဂီတဖျော်ဖြေပွဲ

အနောက်တိုင်း ဂန္ထဝင်ဂီတနဲ့ ကမ္ဘာတစ်ဝန်းမှာ တစ်မူထူးခြားတဲ့ ဂီတနဲ့ ဖျော်ဖြေမယ့် "မြန်မာ့ဂီတပွဲတော်ဖျော်ဖြေပွဲ"ကို ဇွန် ၁၈ ရက်မှ ၂၂ ရက်နေ့ထိ အခမဲ့ ကျင်းပသွားခဲ့တဲ့အကြောင်း သိရပါတယ်။

အဆိုပါ ဂီတဖျော်ဖြေပွဲကို ကျောင်းများ၊ စာအုပ်ဆိုင်များ၊ အမေရိကန်သံရုံး၊ ဆွစ်ဇာလန်သံရုံး၊ Leagacy Music School, Monument books, Myanmar Institute of Technology ကျောင်းများ အစရှိတဲ့ ရန်ကုန်မြို့ နေရာအနှံ့အပြားမှာ ဖျော်ဖြေကျင်းပသွားခဲ့တယ်လို့ သိရပါတယ်။ ဒါ့အပြင် နောက်ဆုံးနေ့ ဖျော်ဖြေပွဲကို ဝဇီရာရုပ်ရှင်ရုံမှာ ဇွန် ၂၂ ရက်နေ့ ညနေ ၆း၃၀ နာရီက ကျင်းပသွားခဲ့တယ်လို့ သတင်းရရှိပါတယ်။

## 'မော်ကျောက်စာ' ရုပ်ရှင်ကား ကြည့်ရှုရဦးမည်

မြန်မာအနုပညာရှင် ခုနစ်ဦးနဲ့ ထိုင်းသရုပ်ဆောင်တစ်ဦးတို့ အတူရိုက်ကူးဖို့ စီစဉ်ထားတဲ့ "မော်ကျောက်စာ" ရုပ်ရှင်ဇာတ်ကားကြီးနဲ့ ပတ်သက်လို့ ထိုင်းနိုင်ငံရှိ Kantana JK ကုမ္ပဏီက နည်းပညာပိုင်းဆိုင်ရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



စက်ပစ္စည်းတွေ အကူအညီရယူပြီး ရိုက်ကူးသွားမယ့်အကြောင်း သိရှိရပါတယ်။

မော်ကျောက်စာ ဇာတ်ကားဟာ စကော့တလန်နိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀ ကျော်ခန့်က ဖြစ်ပွားခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို အခြေခံလို့ ဇာတ်လမ်းရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။ သည်ဇာတ်ကားကို Myanmar Media 7 (ADMA Media) က စီစဉ်ပြီး ဇာတ်လမ်းနဲ့ ဇာတ်ညွှန်း အင်ကြင်းဟန်ဖြစ်ပါတယ်။ ဒါရိုက်တာ ဝင်းထွန်းထွန်းက မြင့်မြတ်၊ သုထူးစံ၊ ဖြိုးငွေစိုး၊ ထွန်းထွန်း၊ ရွှေမှုန်ရတီ၊ မေမြင်းမိုရ်နဲ့ ထိုင်းသရုပ်ဆောင် May တို့နဲ့ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရှိရပါတယ်။

## ဘုန်းတော်ကြီး၊ သီလရှင် စာသင်ကျောင်းများ ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေနဲ့ သီလရှင်စာသင်ကျောင်းများအတွက် ရန်ပုံငွေ ဂီတဖျော်ဖြေပွဲတစ်ရပ်ကို ၁၄.၆.၂၀၁၄ ရက်နေ့ ညပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည်ဖျော်ဖြေပွဲမှာ Lazy Club တေးဂီတအဖွဲ့ရဲ့ တီးခတ်မှုများနဲ့အတူ တေးသံရှင် မေဆွိ၊ နီနီခင်ဇော်၊ မေခလာ၊ R-ဇာနည်နဲ့ ချမ်းချမ်းတို့က အလှည့်ကျ သီဆိုတင်ဆက်ခဲ့ကြပါတယ်။ ရရှိလာတဲ့ အလှူငွေတွေကို သက်ဆိုင်ရာကျောင်းများအတွက် လစဉ် ကူညီထောက်ပံ့နိုင်ဖို့ရာ ငွေပဒေသာပင် စိုက်ထူသွားမယ့်အကြောင်း သိရှိရပါတယ်။

## မျက်မမြင်ကျောင်းများအတွက် အသံလှူဒါန်း

သရုပ်ဆောင်မော်ဒယ် ဂျူဂျူးကော ပါဝင်တဲ့ လှုငယ်ပရဟိတအဖွဲ့ မျက်မမြင်ကျောင်းကို အသံလှူဒါန်းမှုများ လစဉ်ပြုလုပ်သွားဖို့ရာ စီစဉ်ထားတယ်လို့ သိရပါတယ်။

အဆိုပါ အသံလှူဒါန်းမှုမှာ အဲသည် ပရဟိတအဖွဲ့အနေနဲ့ မျက်မမြင်ဝေဒနာရှင်တွေအတွက် မိမိတို့ ဖတ်ကြားပြလိုတဲ့ စာအုပ်တွေထဲက စာပေတွေကို ဖတ်ကြားလို့ အသံလှူဒါန်းတာ ဖြစ်ပါတယ်။ ဂျူဂျူးကောနဲ့ လှုငယ်ပရဟိတအဖွဲ့ဟာ မျက်မမြင်ကျောင်းများအတွက် လစဉ်အသံလှူဒါန်းသွားမယ်လို့ သတင်းရရှိပါတယ်။

## Let's Go အစီအစဉ်အတွက် ဘရာဇီးရောက် အနုပညာရှင်အဖွဲ့

Let's Go to Brazil with Ve Ve Gold ရုပ်သံအစီအစဉ်အတွက် မြန်မာအနုပညာရှင်အဖွဲ့ဟာ ဘရာဇီးကို ရောက်ခဲ့ကြပါတယ်။

အဲသည်အဖွဲ့က ရုပ်သံအစီအစဉ်ကို ဒါရိုက်တာ ဝင်းလွင်ထက်က ရိုက်ကူးပေးသွားမှာဖြစ်ပြီး ဘန်နီဖြိုး၊ လွှမ်းပိုင်၊ ကျော်ထွဋ်ဆွေ၊ နန်းမြတ်ဖြိုးသင်း၊ Bobby Soxer နဲ့ နန်းသူဇာတို့ ပါဝင်ကြပါတယ်။ ဒါ့အပြင် Ve Ve Fresh အချိုရည်ကြော်ငြာကို ဘရာဇီးမှာ ရိုက်ကူးဖို့အတွက် မော်ဒယ် အောန်ဆိုင်းလည်း လိုက်ပါသွားခဲ့တဲ့ အကြောင်း သတင်းရရှိခဲ့ပါတယ်။

**အမ်ကေ** (စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com



## ကိုင်း…မှတ်ပလား

လုပ်ငန်းရှင်ကြီးများ တွေ့ဆုံညှိနှိုင်းပွဲ၌ ဖြစ်သည်။

ပထမပိုင်းအစီအစဉ်ပြီးသည့်နောက် လက်ဖက်ရည်သောက်သုံးကြရင်း ကုမ္ပဏီပိုင်ရှင် သူငယ်ချင်းနှစ်ဦးတို့ စကားလက်ဆုံကျနေကြလေ၏

"သူငယ်ချင်း…မင်းရဲ့သတင်းကို ကြားရတာ စိတ်မကောင်းဘူးကွာ"

"ဘာများ စိတ်မကောင်းဖြစ်ရတာလဲကွာ"

"ဘာဖြစ်ရမလဲ။ မင့်မိန်းမကို မင်းခိုင်းထားတဲ့ ဒရိုင်ဘာက သုတ်ပြေးသွားတယ် မဟုတ်လား"

"မပူပါနဲ့ကွာ။ ဒီကောင့်ကို နောင်ကြဉ်အောင် အပြစ်ပေးလိုက်ပါပြီ"

"ဟုတ်လား။ ဘယ်လိုအပြစ်ပေးလိုက်တာတဲ့လဲ"

"ဒရိုင်ဘာအလုပ်က ထုတ်ပစ်လိုက်တယ်လေ"

"အယ်…"

## ကြောင်တော်မူ

မီးပွိုင့်လမ်းဆုံ တစ်နေရာ၌ ကိုယ်ပိုင်ကားတစ်စီးသည် မီးစိမ်းပြနေသည့်တိုင် မောင်းမထွက်ဘဲ ရပ်တန့်မြဲရပ်တန့်နေ၏။ တစ်ခါနှစ်ခါမကလေတော့ ယာဉ်ထိန်းရဲ ရောက်လာ၏။

"ဟော့လူ…ခင်ဗျားကား စက်ပျက်နေသလား"

"ဟင့်အင်း မပျက်ပါဘူး။ အကောင်းချည်းပဲဟာ"

"စက်မပျက်ရင်လည်း ဘာဖြစ်လို့ မောင်းမထွက်ဘဲ ရပ်နေရတာလဲ။ အနောက်ဘက်မှာ ဟွန်းတွေ တပွမ်ပွမ်နဲ့။ မီးနီလို့ ရပ်ထားတာအကြောင်းမဟုတ်ဘူး။ မီးစိမ်းတာတောင် ဘာဖြစ်လို့ မောင်းမထွက်ရတာတဲ့တုံး"

"ဟို…ဟို…ကျွန်တော်ကြိုက်တဲ့ မီးရောင်ကလေးများ လင်းလာမလားလို့ စောင့်ကြည့်နေတာပါ"

"သေစမ်းဟာ၊ ကိုင်း…ပေးစမ်း၊ ခင်ဗျားရဲ့လိုင်စင်"

"အယ်…"



www.burmeseclassic.com

www.burmeseclassic.com

## အတိအကျ သက်သေ

လင်မယားနှစ်ယောက်၏ ရန်ပွဲမှာ ရပ်ကွက်တစ်ခုလုံး ပြောင်းဆန်သွားမတတ် တကယ့်ကို သောင်းသောင်းညံသွားခဲ့ရသည်။

ရန်ပွဲမှာ နှုတ်ချည်းသက်သက် မဟုတ်။ တုတ်တစ်ပြက်၊ ဓားတစ်ပြက်သို့တိုင် အနေအထားမျိုး။

သည်တော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အမှုကိစ္စ ရောက်လာခဲ့ရသည်။ သည်အထဲမှာမှ ရန်ပွဲကို အစအဆုံး တွေ့မြင်ရသည်ဆိုသောသူတစ်ဦးလည်း ပါ၏။ သည့်အတွက် ရန်ပွဲနှင့်စပ်လျဉ်း၍ သက်သေဆွဲထည့်ရပေတော့မည်။ ဤတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးက သက်သေပုဂ္ဂိုလ်အား မေးလေ၏။

“ကိုဝင်းမောင်…အခု ခင်ဗျားက ကိုညွန့်တင်နဲ့ မခင်နင်းတို့ လင်မယားရန်ပွဲမှာ အစအဆုံး ဘေးမှာရှိနေတဲ့သူ သက်သေတစ်ယောက် ဖြစ်နေပြီဆိုတော့ ပြဿနာ ဘယ်ကစတယ်ဆိုတာ ပြောပြစေချင်ပါတယ်”

ထိုအခါ သက်သေကိုဝင်းမောင်က အောက်ပါအတိုင်း ပြောချလိုက်လေသတတ်။

“ဟုတ်ကဲ့ခင်ဗျ။ ပြဿနာ ဘယ်ကစတယ်ဆိုတာ ပြောရမယ်ဆိုရင် သူတို့လက်ထပ်တဲ့နေ့ကပဲ စရပါလိမ့်မယ်။ ဘာဖြစ်လို့ဆို…အဲသည်လက်ထပ်ပွဲမှာ ကျွန်တော်က သက်သေအဖြစ် ပါဝင်နေလို့ပါ”

“အယ်…”

□□□

## ကိုယ်ချင်းစာကြည့်ပါ

ကိုယ်ပိုင်ကားတစ်စီးဖြင့် ခရီးထွက်လာသော လင်မယား နှစ်ယောက် လူသူကင်းရှင်းသော ကုန်းတက်တစ်နေရာအရောက်တွင် ကားက စက်ထိုးရပ်သွားခဲ့သည်။

သည့်အတွက် ဇနီးသည်ကို ကားစက်နှိုးစေရန်အတွက် မောင်းသူနေရာတွင် ထိုင်စေပြီး ခင်ပွန်းဖြစ်သူက ကားပေါ်မှဆင်းပြီး အနောက်ဘက်မှ ကားကို အားကြီးမာန်တက် ချွေးတဒီးဒီးကျအောင် တွန်းလေ၏။

“အောင်မယ်လေး…လေး။ သေချင်စော်ကို နံရောနော်။ ကားစက်ကလည်း နိုးတယ်ကို မရှိသေးဘူး။ ငါတစ်ယောက်တည်း အနောက်က တွန်းရတာဆိုတော့ ကားကလည်း ရွေ့ရုံကလေးသာ ရွေ့တယ်။ ပင်ပန်းလိုက်တာနော်”

ခင်ပွန်းဖြစ်သူက ထိုသို့ ညည်းလေသော် ဇနီးသည်ကလည်း အားကျမခံ -

“ဟွန်း…ရှင်ချည်းပဲ သေချင်စော်နံလောက်အောင် ပင်ပန်းတာ မဟုတ်ပါဘူးနော်။ ကျွန်မလည်း ပင်ပန်းတာပါပဲ။ ကုန်းအတက်ကြီးမှာ တွန်းရတာဆိုတော့ အနောက်ဘက်မှာရှိနေတဲ့ ရှင့်ဆီ ကားပြန်လိမ့်မသွားရအောင် ဘရိတ်ကို အံကြိတ်ပြီး နင်းထားရတာလည်း ကိုယ်ချင်းစာပါဦး”

“အယ်…”

□□□

## ခံရတဲ့ကိန်း

ဖဲသမား ညွှန့်တင်တစ်ယောက် ကပ်တီးမှုလဲရန်အတွက် ယမင်းဘီယာဆိုင်အတွင်းသို့ ဝင်လာရာ ဘော်ဒါဘော်ချက်များက -

“ဟေ့လူ…ကိုညွှန့်တင်၊ ခင်ဗျားမျက်နှာတစ်ခုလုံး ဖူးရောင်လို့ပါကလား။ ဘယ်လိုဖြစ်လာရတာတဲ့တုံး”

“ဘာဖြစ်ရမလဲ ကျွဲသိုးရယ်၊ မနေ့ညက ရေချိန်လွန်ပြီး အိမ်ပြန်ရောက်သွားတော့ ငါ့မိန်းမက ခရီးကြိုမပြု





www.burmeseclassic.com

www.burmeseclassic.com



ဘဲ အိမ်ပေါက်ဝမှာ ခါးထောက်ပြီး ကြည့်နေတယ်"

"ဒီတော့..."

"ဒီတော့ ငါလည်း စိတ်ပေါက်ပေါက်နဲ့ တွယ်မဟဲ့ လို့ ဟန်ပြင်လိုက်တာ ငါကမတွယ်ရဘဲ သူတွယ်လိုက် တာကို မင်းတို့မြင်တဲ့အတိုင်း ခံလိုက်ရတယ်ကွာ"

"ဟာ...မင်းမိန်းမ အရုပ်ပါ။ ဘယ်တုန်းကမှ ခံမလုပ်ခဲ့တာပဲ"

"ဟုတ်တယ်။ ခုဟာက ငါ့မိန်းမ မဟုတ်ဘဲ ငါ့ ယောက္ခမကြီး ဖြစ်နေလို့ကွ"

"သေဟဲ့...နမ္မိယ"

□□□

## ခံစားမှု ဆိုသည်များရယ်

အိပ်ရာထက်၌ သေကောင်ပေါင်းလဲဖြစ်နေသော ဝေဒနာရှင် မိန်းမက ခင်ပွန်းဖြစ်သူအား အပါးသို့ခေါ် လိုက်သည်။

"ခင်...ပြောလေ၊ ဘာပြောမလို့လဲ"

"ဒီလိုပါ မောင်၊ တကယ်လို့ ခင်အသက်ထွက်သွား ရင် မောင် ဘယ်လိုနေမလဲဆိုတာ သိချင်လို့ပါ"

"ဩော်...ခင်ရယ်၊ ခင်သာ အသက်ထွက်သွား လို့ကတော့ မောင့်ဘဝတစ်ခုလုံး လကွယ်ညသန်းခေါင် မိုးအမှောင်ကျရောက်သလို ခံစားရတော့မှာပေါ့ကွယ်"

"ဒီလောက်ထိတောင်ပဲလား မောင်ရယ်။ ဒါဆို ခင် အသက်ထွက်သွားလို့ကတော့ မောင် နောက်ထပ်မိန်းမ မယူတော့ဘူးပေါ့နော်"

"အိုကွယ်...ဒီလောက်ထိအောင်တော့ မောင် မခံစားနိုင်ပါဘူးကွယ်"

"အယ်..."

□□□

## ကိုင်း...မှတ်ပလား

အိမ်ထောင်သည်ဘဝသို့ ရောက်လာမှ မခင်နှင်း သည် သူ့ယောက်ျား ကိုညွန့်တင်အကြောင်းကို တော် တော်ကလေး သိလာခဲ့ရသည်။

"ကိုညွန့်တင်၊ ရှင်ဟာလေ...ဖဲရိုက်ဖို့အကြောင်း ကလွဲလို့ ရှင့်ခေါင်းထဲမှာ ဘာမှမရှိဘူး"

"ဟာကွာ...အဲသလိုတော့ မပြောပါနဲ့"

"ဘာလို့ မပြောရမှာလဲ။ ပြောကိုပြောရမယ်။ ကျွန်မအဲဒီက လက်ထပ်ခွင့်တောင်းတဲ့နေ့ကို ရှင်မှတ်မိလို့ လား"

"ဟာ...ဘာလို့ မမှတ်မိရမှာလဲ။ အဲသည်နေ့ညက ပိုကာဝိုင်းမှာ မန္တလေးက ဆင်းလာတဲ့ မင်းသိမ်းတို့အုပ်စု ကို ငါဖဲအပြတ်နိုင်လိုက်တာလေ...ဟဲ...ဟဲ...ဟဲ"

ဇနီးသည် မခင်နှင်းပါးစပ် ပတ်တောပိတ်၍ သွား လေ၏။

□□□

## ကြီးလိုက်တဲ့ဉာဏ်

ရုပ်ရှင်ကြည့်နေရာမှ ဆီးအောင့်လာသည့်အတွက် ရုပ်ရှင်ရုံအိမ်သာသို့ ထွက်သွားသောသူသည် အန္တရာယ်ကို



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးမှုဆိုင်ရာ ရယ်စရာ

ဖြေရှင်းပြီး ရုံအတွင်းသို့ ပြန်ဝင်လာခဲ့သည်။ ရုံအတွင်း၌ မှောင်မည်းနေရကား သူ့ထိုင်ခုံအတန်းကို မမှတ်မိ။ သည့်အတွက် ခုံတန်းတစ်တန်းထိပ်၌ ထိုင်နေသူတစ်ဦးအား မေးလိုက်သည်။

"နောင်ကြီး ခင်ဗျာ၊ ကျွန်တော်ထွက်လာတုန်းက နောင်ကြီးရဲ့ ခြေထောက်ကို နင်းမိသွားပါသလား"

"သေချာတာပေါ့ဗျာ။ ခုတောင်မှ နာနေသေးတယ်"

"စိတ်မရှိပါနဲ့ဗျာ။ သည့်အတွက် နောင်ကြီးကို ကျေးဇူးတင်ပါတယ်"

"ဘာ • • •ဗျ။ ခြေထောက်အနာခံရတဲ့ကျုပ်ကို ဘာကြောင့်ကျေးဇူးတင်ရတာတဲ့တုံး"

"ဘာ့ကြောင့်ဆို ကျွန်တော့်ထိုင်ခုံအတန်းမှန်ကို သိလိုက်ရလို့ပါ"

"သေလိုက်• • •"

□□□

## မိန်းမဟူဘိ ထိုက္ကတ္တိ

ကင်ဆာရောဂါဝေဒနာဖြင့် ဆေးရုံတက် ကုသမှုခံယူနေရသော အမျိုးသား လူနာနှစ်ယောက်မှာ ခုတင်ချင်းကပ်လျက်သား ဖြစ်ရာမှ ရက်ပိုင်းအတွင်း ငယ်ပေါင်းကြီးဖော် သဖွယ် ခင်မင်ရင်းနှီးသွားကြလေ၏။

တစ်နေ့၌ လူနာစောင့်များ ကင်းရှင်းနေစဉ် စကားစမြည် ပြောဆိုကြရာ မိန်းမအကြောင်း ရောက်သွားလေတော့၏။

"ကျွန်တော့်မိန်းမအကြောင်းကတော့ ပြောလို့မကောင်းပါဘူး ကိုရှောက်သီးရာ"

"ဘာဖြစ်လို့ ပြောမကောင်းရမှာတဲ့လဲ"

"ပြောမကောင်းဆို သူ့မှာ မအားလိုက်နဲ့ အားလိုက်တာနဲ့ သေသွားတဲ့ သူ့ပထမယောကျ်ားဟာ ဘယ်လိုတော်ကြောင်း။ ဘယ်လိုကောင်းကြောင်း ရွှန်းရွှန်းကို ဝေတော့တာပါပဲ။ သည်လိုပြောလိုက်ရင် ကျွန်တော့်ခမျာ အောင့်အည်းသည်းခံနေရတယ်"

"ခင်ဗျားကမှ တော်ပါသေးတယ် ကိုငွေတိုးရယ်။ ကျွန်တော့်မိန်းမကမှ ကမ်းကိုကုန်ရော"

"ဘယ်လိုများဖြစ်ရတာတဲ့တုံး"

"ဘယ်လိုဖြစ်ရမလဲဗျာ။ ကျွန်တော်တောင် ကင်ဆာနဲ့ မကန့်ရသေးဘူး။ သူနောက်ယူမယ့် လင်ကလေးအကြောင်းကို ပြောနေလိုက်တာများ ရွှန်းရွှန်းကိုဝေလို့"

"မှတ်သားလောက်ပဗျာ"

□□□

## အိမ်ထောင်ရေး အဘိဓမ္မာ

အမျိုးသမီးရေးရာ အစည်းအဝေးသို့ တက်ရောက်ရန် လာကြသော အမျိုးသမီးနှစ်ဦးတို့ ကားတစ်စီးပေါ်၌ ဆုံမိကြလေ၏။ ခင်မင်ရင်းနှီးသူများ ဖြစ်ကြသည့်အလျောက် အိမ်ထောင်ရေးကိစ္စအကြောင်းကို စကားဖလှယ်မိကြလေ၏။

"မိရေ• • •တို့များ အမျိုးသမီးတွေ အိမ်ထောင်မကျခင်နဲ့ အိမ်ထောင်ကျပြီးရင် ဘာများကွာခြားတယ်လို့ မင်းထင်သလဲကွာ။ မင်းက 'အမျိုးသမီးတို့၏ စိတ်အနေသဘာဝ'ဆိုတဲ့ကျမ်းကို မဟာဝိဇ္ဇာရခဲ့သူဆိုတော့ မင်းဆီက ထင်မြင်ယူဆချက်ကလေးကို ကြားချင်လို့ပါ"

"ကြားချင်တော့ နားဆင်ပေါ့ အေးရေ။ ကိုယ်လေ့လာစူးစမ်းမိသလောက်ကို ကောက်ချက်ချ ပြောဆိုရမယ်ဆိုရင် အိမ်ထောင်မကျသေးတဲ့ အမျိုးသမီးတွေဟာ အိမ်ထောင်ပြုဖို့ရာအတွက် ခင်ပွန်းသည်ကလွဲလို့ ဘာကိုမှ အလိုမရှိကြဘူး။ အဲ• • •ဒါပေမဲ့ အိမ်ထောင်လည်းကျပြီးရော၊ ခင်ပွန်းသည်လည်းရပြီးရော ဘာကိုမဆို အလိုရှိကြတော့တာပါပဲကွာ"

"မှတ်သားလောက်ပါ့ မိရယ်"

*မြို့မေတ္တာခံယူမယ့်*

**ကိုရွှေတောသား**



www.burmeseclassic.com

www.burmeseclassic.com



# ကျန်သူကြေကွဲ မျက်ရည်ဝဲ

မင်းရွှေမင်း(အင်းစိန်)

တကယ်တော့ ကောင်းတာ၊ မကောင်းတာမှန်သမျှ သက်ရှိလူသားတို့နှင့်သာ ဆိုင်ပါ၏။

ကျွန်တော့်ဇနီးသည်မှာ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စု၊ ဝါးတောကုန်းရွာ ဇာတိဖြစ်၏။ ကျွန်တော်နှင့် အိမ်ထောင်ကျတော့ အင်းစိန်မြို့နယ်သို့ လိုက်နေ၏။

အရင်က မြို့ကလူတွေသေလျှင် ကြံတောသုသာန်၊ ခုတော့ ရေဝေး၊ ထိန်ပင်၊ အလည်ရွာ စသည်ဖြင့် စည်ပင်နယ်နိမိတ် ပိုင်းခြားသတ်မှတ်ပြီး သင်္ဂြိုဟ်ကြရ၏။

တစ်နေ့ ကျွန်တော့်ဇနီး၏ဖခင် ဝါးတောကုန်းနေအိမ်၌ မကျန်းမမာဖြစ်နေကြောင်း သတင်းရ၍ ကျွန်တော်နှင့် ဇနီးသည်တို့ ကားငှားပြီး ရွာသို့လိုက်ခဲ့၏။ ဟိုရောက်တော့ အသက်မမီ။

သုံးရက်မြောက်တော့ အသုဘချရန် အခေါင်းလုပ်၊ လူတွေဝိုင်းသယ်ရွာခလေ့ ရွာထုံးစံအတိုင်း ကူညီကြ၏။

သို့သော် ရွာတွင် မီးသင်္ဂြိုဟ်စက်မရှိ။ ရပ်ကလာပ်ကို ထင်းပုံပြီး မီးရှို့သင်္ဂြိုဟ်ရန် လုပ်ကြ၏။ မီးရှို့သူများကို ထုံးစံအတိုင်း အရက်မူးအောင် သောက်ခိုင်းထားကြ၏။

မီးတောက်သာကုန် အလောင်းက ပြာမကျသေး။ သည်တော့ ကျန်ရှိသော ခန္ဓာကိုယ် အစိတ်အပိုင်းများကို သူတစ်လှည့် ငါတစ်လှည့် ဓားဖြင့် အပိုင်းပိုင်း ခုတ်ထစ်ကြတော့၏။ သေသူက မနာသော်ငြား မြင်ရသူမိသားစုများမှာ ရင်ထဲ၌ လွန်စွာကြေကွဲနာကျင်ကြရ၏။ မျက်နှာလွှဲပြီးတော့သာ အော်ဟစ်ငိုကြွေးကြကုန်၏။


ဤအဖြစ်အပျက်သည် ကျွန်တော် ပထမဆုံး တွေ့ကြုံရသော အဖြစ်အပျက်ဖြစ်ပါ၏။ ကျွန်တော်သည်ပင် ထိုသို့ခုတ်ထစ်နေသည်ကို မကြည့်ရက်၊ မမြင်ရက်နိုင်။ ရင်ထဲ၌ နာကျင် ခံစားခဲ့ရပါ၏။

အကယ်၍များ ဤကျေးရွာအုပ်စုတွင် မီးသင်္ဂြိုဟ်စက် တစ်လုံး ရှိခဲ့ပါလျှင် ဤသို့ နာကျင်ခံစားရမှုများ ကင်းဝေးကြရပေလိမ့်မည်ဟု ယုံကြည်လျက် ...။

မင်းရွှေမင်း(အင်းစိန်)

www.burmeseclassic.com

www.burmeseclassic.com



■ အောင်လံသား

# အညွန့်ချိုးစားသူများ

စာရေးသူတို့မြို့မှာ ၁၀.၂.၂၀၁၄ နေ့က တစ်ခါမှ မကြုံဖူး၊ မဖြစ်ဖူးခဲ့တဲ့ ဆန္ဒဖော်ထုတ်ပွဲကြီး ဖြစ်သွားခဲ့သည်။ ထိုပွဲတွင် မြို့မှ မီဒီယာအပါအဝင် နယ်မှ သတင်းထောက်များပါ ရောက်ရှိလာပြီး ဗွီဒီယိုမှတ်တမ်းများ၊ ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ စာရေးသူလည်း သူငယ်ချင်းမီဒီယာနှင့် လိုက်ပါကာ သူ့မှတ်တမ်းတင် ဓာတ်ပုံများကို လိုက်လံကြည့်ရှုဖြစ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ပွဲကြီး ပြီးတော့ သူငယ်ချင်း မီဒီယာက အချိန်နှင့်တစ်ပြေးညီဆိုသည့်အတိုင်း အချောကိုင်ကာ သူပင်တိုင်ရေးနေသော ဂျာနယ်တိုက်သို့ ဂျီမေး(လ်)ဖြင့် ပို့လိုက်သည်။ ထိုဂျာနယ် ထွက်လာတော့ သူမှတ်တမ်းတင်သော ဓာတ်ပုံနှင့်စာများသာပါရှိပြီး သူ့ကလောင်အမည်နေရာတွင် ထိုဂျာနယ်တိုက်မှ ကလောင်အမည် ပါလာသည်ကို တွေ့ရသဖြင့် ကျွန်တော်ကမေးမိသည်။

"ဟာ ... ဟော့ကောင် ဒါက ဘယ်လိုဖြစ်တာလဲကွ"

"မသိပါဘူးကွာ။ ငါလည်း မပြောချင်တော့ပါဘူး"

သူပြောချင်ပုံရပေမယ့် ငုံကွက်ကာ တစ်ကွက်ချန်ထားသည်ဟု စာရေးသူထင်သည်။ သူသည် စီးပွားရေးအရ လုပ်ကိုင်နေခြင်း မဟုတ်။ အများအကျိုးအတွက် ဝါသနာအရ သတင်းများရေးသားနေသော ကလောင်ရှင်တစ်ဦး ဖြစ်ပါသည်။

စာရေးသူအနေနှင့် ပြောရလျှင် နယ်မှ မီဒီယာသမားများကို စာနာသင့်သည်ဟု ဆိုချင်သည်။ ဆယ်နှစ်တစ်ကြိမ်ဖြစ်ခဲသော ထိုဆန္ဒဖော်ထုတ်မှုကြီးကျမှ ကလောင်ကို ရိုက်ချိုးခံလိုက်ရသည်မှာ မဖြစ်သင့်သော ကိစ္စပင်။ မည်သူမဆို သူ့စာနှင့်သူ့ကလောင် ယှဉ်တွဲမြင်ချင်ကြသည်။

ကာယကံရှင်မပြောနှင့် စာဖတ်သူတောင် ခံစားသွားရသည်။ ထိုဂျာနယ်တိုက်အနေနှင့် ထိုသို့ပြုလုပ်ခြင်းသည် ဂျာနယ်လစ် ကျင့်ဝတ်နှင့်မညီ။ စည်းမစောင့်။ အညွန့်ကိုချိုးစားသော ဝိသမလောဘသမား ဖြစ်နေပေသည်။ အခြားမြို့များမှ မသိသော်လည်း စာရေးသူတို့မြို့တွင် သတင်းနှင့်ဓာတ်ပုံ ကလောင်ရှင်တို့ကို ပူးတွဲသိနေကြသည်။

"ဒါက မဖြစ်သင့်တဲ့ ကိစ္စပဲကွ။ ကလောင်မှားထည့်ရအောင်လည်း မင်းသတင်း၊ မင်းဓာတ်ပုံနဲ့ တခြားစီပဲဟာ။ ဒါ သက်သက် အညွန့်ချိုးစားတာကွ။ မင်း မပြောဘူးလား"

"ငါဖုန်းဆက်ပြီး မေးသေးတယ်။ သတင်းကြီးဖြစ်လို့ သူတို့တိုက်ရဲ့ ပင်တိုင်ကလောင်ရှင် အမည်ကို သုံးလိုက်တာပါတဲ့"

"ဘာကွ"

အောင်လံသား



www.burmeseclassic.com

www.burmeseclassic.com



# တန်ဖိုးမြင့်မာန





စိုးယဉ်ထွန်း

မိန်းကလေးနှစ်ယောက် ကျွန်တော့်ရှေ့မှ တစ်လမ်းထဲလျှောက်မိရာ ကြည့်၍ မြင်မိခြင်းရော၊ မြင်၍ ကြည့်မိခြင်းပါ ပါသည်။ အသက်အားဖြင့် တစ်ဆယ့်ခွန်၊ တစ်ဆယ့်ရှစ်နှစ်အရွယ်များဖြစ်ပြီး ဖွံ့ထွားမှုလည်း အသက်နှင့်ညီမျှသည့် အနေအထား။

အဝတ်အစားများကတော့ ခပ်နွမ်းနွမ်းပဲဖြစ်ပြီး မြန်မာဆန်ဆန်ပဲ ဝတ်ထားကြသည်။ အဝတ်နွမ်းပေမယ့် ရှင်းသန့်နေသည်။ သေသေချာချာ လျှော်ဖွပ်၍ ဝတ်ပုံရသည်။

"ညည်း မနက်ကသွားပြောတဲ့ အလုပ်က ဘာပြောလဲ။ ငါတော့ ဟိုမှာပဲသွားလုပ်မလို့ စိတ်ကူးတယ်"

"ဟင် . . . ညည်းကလဲ"

"ညည်းကမလဲနဲ့ ကောင်မရဲ့။ ငါ့မိဘနဲ့ အငယ်တစ်ယောက်ဆိုတော့ တို့မိသားစုကလေး၊ ဒီမှာလုပ်တာ ဘယ်လောက်ရမှာလဲ"

"ဒါကတော့ဟာယ်၊ ငါတို့လည်း လေးယောက်ပါပဲဟာ"

"အဲဒါ . . ညည်းကခက်တာ။ တစ်နှစ်-နှစ်နှစ် တန်တယ်ဆိုရင် ဘယ်လောက်စုမိမလဲ"

"အသုံးတတ်ဦးမှကိုးဟဲ့"

"ငါကတော့ ဆုံးဖြတ်ပြီးပြီ"

"အေးပေါ့လေ၊ ညည်းစိတ်နဲ့ ညည်းကိုယ်ပဲ"

"အဲဒါ ညည်းတရော ဘယ်လိုလဲ ငါနဲ့ . . ."

ကျွန်တော့်ရှေ့မှာ ပြောသွားသော မိန်းကလေးနှစ်ယောက်၏ စကားက မိသားစုစားဝတ်နေရေးအတွက် သိတတ်မှုကို ကျွန်တော့်နားစည်ကိုကျော်ပြီး ရင်ဘတ်ထဲထိရောက်သွားသည်။ သူတို့ဆက်ပြောလိုက်သည့် စကားကို နားစွင့်ပြီး ခြေလှမ်းကို ဖြည်းဖြည်းမှန်မှန်ပဲ လှမ်းမိလိုက်သည်။

"ညည်းကရောလို့ မေးမှတော့ ငါပြောပါ့မယ်"

"ကောင်မစုတ် စကားချိုနေရသေးတယ်။ ကဲ . . ကဲ . . ပြော"

"ငါကတော့ ဘယ်နိုင်ငံ၊ ဘာလူမျိုးအိမ်မှာမှ မလုပ်ဘူး။ ငါက ဗုဒ္ဓဘာသာဖြစ်နေလို့ပဲ။ ဒီမှာပဲ ကိုယ့်မျိုးတူတဲ့အိမ်မှာ ရသလောက်နဲ့လုပ်မယ်"

"ဟင် . . . ညည်းကလဲ အိမ်ဖော် အိမ်အကူ လုပ်ပါတယ်ဆိုမှ မြိုးမြှတ်မြှတ်ရတဲ့ဆီမှာပဲ လုပ်မှာပေါ့ဟာ"

"ဟင့်အင်း ငါကတော့ ကိုယ့်မျိုးကိုယ့်ဘာသာတူ အိမ်မှာပဲ လုပ်စားမယ်"

နောက်ဆုံးပြောလိုက်တဲ့ စကားကို ကြားလိုက်ရတဲ့ ကျွန်တော့်ရင်မှာ လှိုက်ခတ်ပြီး ပီတိဖြစ်မိလိုက်ပါသည်။

စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရွှေသမင်အလိုက်များသည်သို့

မောင်ယဉ်ဝင်း(ဒေါပုံ)

ကိုကြော့မောင်တစ်ယောက် ဝရန်တာအပြင်သို့ထွက်ပြီး ဆယ်လူလာ လက်ကိုင်ဖုန်းတစ်လုံးနှင့် စကားပြောနေသည်မှာ နာရီဝက်နီးပါးခန့်ရှိနေပြီ။ ဇနီးဖြစ်သူ မခင်လေးက ညနေစာအတွက် ထမင်းစားပွဲ အဆင်သင့်ပြင်ထားပြီး ဖြစ်သော်လည်း ကိုကြော့မောင်က ထမင်းစားဖို့ကို မေ့နေသည်။

မခင်လေးက ဇနီးမယားဝတ္တရားကျေပွန်စွာ အလိုက်တသိ လိုလေသေးမရှိရလေအောင် ဆောင်ရွက်ပေးတတ်သူမို့ ကိုကြော့မောင်ရဲ့ အရိပ်အကဲကို ကြည့်ပြီး စိတ်ပင်ပန်းနေမိသည်။

"မောင့်ကိုကြည့်ရတာ ခုတလော အလုပ်တွေ သိပ်များနေသလိုပဲနော်"

"ဟုတ်တယ်ခင်လေး။ နယ်ဘက်ကဝင်လာတဲ့ ကုန်ပစ္စည်းတွေက မနက်ဖြန် ရန်ကုန်ရောက်မှာဆိုတော့ ပစ္စည်းတွေထားဖို့နေရာ စီစဉ်နေရတယ်။ သူဌေးကလည်း ခရီးသွားနေတာဆိုတော့ အစစအရာရာ မောင်ကပဲ ဂရုစိုက်နေရတာပေါ့"

ကိုကြော့မောင်က ကုန်သည်သူဌေးတစ်ဦးထံမှာ စာရင်းကိုင်ဝင်လုပ်ရင်း ရိုးသားကြိုးစားမှုကြောင့် မန်နေဂျာအဖြစ် ခန့်အပ်ထားသည်က မကြာသေး။ အစစအရာရာ ယုံကြည်စိတ်ချရတာကြောင့်လည်း သူဌေးက ကိုကြော့မောင်ကိုကားတစ်စီးပင်ပေးထားသည်။

× × ×  × × ×

သူဌေးရဲ့ကျေးဇူးကြောင့် မကြာမီက ရရှိပိုင်ဆိုင်ထားသည့် ကားကို မောင်းရင်း လှိုင်မြစ်ကူးတံတားအပြန် ရန်ကုန်မြို့ထဲသို့ဝင်ပြီး အိမ်ကဇနီးနဲ့ သားသမီးများအတွက် ဈေးဝယ်ထွက်ခဲ့သည်။ ကားပါကင်တစ်ခုမှာ ရပ်လိုက်စဉ် မလှမ်းမကမ်းမှာ ရှိနေသည့် ညိုးငယ်နွမ်းလျသော အမျိုးသမီးငယ်တစ်ဦးကို သတိထားမိလိုက်တယ်ဆိုလျှင်ပင် အမျိုးသမီးငယ်က ကိုကြော့မောင်အနီးသို့ တစ်လှမ်းချင်း လျှောက်လာနေသည်။

"အစ်ကိုကြီး အခု ဘယ်နှနာရီလောက် ရှိပြီလဲဟင်"

အမျိုးသမီးငယ်၏ အမေးစကားကြောင့် ကိုကြော့မောင်က လက်မှ နာရီကို ငုံ့ကြည့်လိုက်သည်။

"ခြောက်နာရီ ထိုးတော့မယ်။ ဘာဖြစ်လို့လဲ"

"ခက်တာပဲ ညနေလေးနာရီထဲက ကျွန်မသူငယ်ချင်းကို ဒီမှာလာစောင့်နေတာ။ ခုချိန်အထိ ရောက်မလာသေးဘူး။ တော်ကြာ မိုးချုပ်တော့မယ်"

"မင်းသူငယ်ချင်းက ဘယ်သူလဲ။ ဘာကိစ္စနဲ့ လာစောင့်နေရတာလဲ"

ကိုကြော့မောင်က အမျိုးသမီးငယ်ကို အကဲခတ်ရင်းမေးလိုက်သည်။

"ကျွန်မသူငယ်ချင်းက နုနုလွင်ပါ။ အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်မယ်ဆိုပြီး ချိန်းလိုက်တာ။ သူရောက်မလာရင်တော့ ဒုက္ခပါပဲ"

"တကယ်လို့ သူရောက်မလာဘူးဆိုရင် မင်းက ဘယ်ကိုပြန်ရမှာမို့လဲ"

"ကျွန်မက မော်ကျွန်းကပါ။ ကျွန်မနာမည် ဝင့်ဝါလို့ ခေါ်ပါတယ်။ ဒီအချိန်မှ အိမ်ပြန်ဖို့ သင်္ဘောကလည်း မမီတော့ဘူး။ ဘယ်သူ့ကို အကူအညီတောင်းရမှန်း မသိတာနဲ့ အစ်ကိုကြီးကို လာပြီးအကူအညီတောင်းရတာပါ။ ကူညီပါနော် အစ်ကိုကြီး"

ဝင့်ဝါဆိုသော အမျိုးသမီးငယ်ရဲ့ ဟန်ပန်အမူအရာ၊ ရုပ်ရည်နှင့် ဖွံ့ဖွံ့ထွားထွား ငွားငွားစွင့်စွင့် လှပတင့်တယ်မှုကိုကြည့်ပြီး နာမည်နှင့်လိုက်အောင် ဝင့်ဝင့်တယ်ထယ်၊ ဝါဝါဝင်းဝင်း နှစ်လိုဖွယ်ရာ အဆင်းကြောင့် ရင်ခုန်လာမိတယ်။

"ခုအချိန်မှာ ဒုက္ခရောက်နေတာဆိုတော့လည်း အစ်ကို တတ်နိုင်သလောက် ကူညီပါ့မယ်။ ဒါနဲ့ မင်းမှာ မှတ်ပုံတင်ကော ပါရဲ့လား"

"ဟုတ်ကဲ့ ပါပါတယ် အစ်ကို"

ဝင့်ဝါထုတ်ပေးသော မှတ်ပုံတင်ကို စစ်ဆေးကြည့်လိုက်တော့ ပြောသည့်အတိုင်း မော်ကျွန်းလိပ်စာအပြည့်အစုံနှင့် မှန်ကန်မှုရှိနေတာကို တွေ့ရသဖြင့် အပြည့်အဝကူညီပေးဖို့ ဆုံးဖြတ်လိုက်သည်။

"မင်းရဲ့သူငယ်ချင်း နုနုလွင်ကို ဆက်သွယ်ဖို့ လိပ်စာတို့၊ ဖုန်းနံပါတ်တို့ မရှိဘူးလား"

www.burmeseclassic.com

"ဟင့်အင်း . . . မရှိဘူးအစ်ကို။ ဝင့်ဝါက ရန်ကုန်ကို မှုကြာမကြာ ရောက်ဖူးနေတော့ နုနုလွင်ကလည်း ချိန်းလိုက်တိုင်း မလွဲတတ်ပါဘူး။ အရင် သူ့အလုပ်လုပ်နေတဲ့ နေရာက လည်း ပြောင်းသွားပြီဆိုလို့ အခက် တွေ့နေရတာပါ"

ကိုကြော့မောင်က ကားကိုမှီ၍ စီးကရက်တစ်လိပ်ကိုထုတ်ပြီး မီးညှိဖွာ ရှိုက်ရင်း စဉ်းစားနေသည်။

"မင်းသူငယ်ချင်း အရင်အလုပ် လုပ်တဲ့နေရာမှာသွားပြီး မေးရင်ကော မရနိုင်ဘူးလား"

"ကျွန်မသူငယ်ချင်း အရင် အလုပ်လုပ်တဲ့ နေရာက ဖျက်သိမ်းပြီး တိုက်အသစ်ဆောက်နေလို့ ဘယ်သူ့ ကိုမှ မေးလို့မရပါဘူး။ သည်နေ့ သည် အချိန်၊ သည်နေရာမှာတွေ့ဆုံဖို့ အတိ အကျချိန်းထားလျက်နဲ့ သူဘာလို့မလာ တာလဲဆိုတာ စဉ်းစားလို့မရဘူး။ အိမ် ပြန်ဖို့ကလည်း အချိန်မရှိတော့ဘူး။ ဖြစ်နိုင်ရင် ညီမကို ကူညီပါ အစ်ကို"

ဝင့်ဝါ၏ သနားစဖွယ် အားကိုး တကြီး အကူအညီတောင်းခံနေသည့် ကိုကြော့မောင် သက်ပြင်းချရင်း တစ်ခုခု စီစဉ်ကူညီဖို့ ဆုံးဖြတ်လိုက်သည်။

"မင်းကို ငါ ဒီည ငါ့အိမ်ကို ခေါ်သွားဖို့ကလည်း မဖြစ်နိုင်ဘူး။ ငါ ကူညီနိုင်တာဆိုလို့ တစ်ခုပဲရှိတယ်။ ဒီညတော့ တည်းခိုခန်းတစ်ခုမှာ မင်း နေဖို့ စီစဉ်ပေးမယ်။ မနက်ကျမှ ငါပြန် လာ ခေါ်မယ်။ မင်း သူငယ်ချင်းကို လည်း စုံစမ်းပေးမယ် ဟုတ်ပြီလား"

ကိုကြော့မောင်၏ စကားကြောင့် ဝင့်ဝါ၏မျက်နှာလေး ပြုံးယောင်သန်း ပြီး ဝမ်းသာပီတိဖြစ်သွားရသည်။

"ကျေးဇူးတင်လိုက်တာ အစ်ကို ရယ်။ အစ်ကို့ကျေးဇူးကို ဘယ်လိုဆပ် ရမှန်းတောင် မသိဘူး။ ဒါနဲ့ အစ်ကို ဒီညနေစာ ဘာမှမစားရသေးဘူး။ ညီမ ဗိုက်ဆာနေပြီ။ တစ်ခုခုသွားစားရ အောင်။ ညီမမှာ ပိုက်ဆံပါပါတယ်။ အစ်ကို့ကိုလည်း ညီမကျွေးချင်လို့ပါ"

သွက်သွက်လက်လက် ထက် ထက်မြက်မြက် ရှိပုံရသော ကလေး ဆန်ဆန် ဟန်အမူအရာကြောင့် ကိုကြော့မောင် ဒုတိယအကြိမ် ရင်ခုန် ရပြန်သည်။

"သူငယ်ချင်းကိုယုံပြီး မိန်းက လေးတစ်ယောက်တည်း မစွန့်စားသင့် ဘူး။ အကယ်၍များ မတွေ့ခဲ့သော်လို့ ကြိုတင်စဉ်းစားသင့်တယ်။ ကဲပါလေ ကားပေါ်တက်။ ဒီမှာ အကြာကြီး စကားပြောလို့ မကောင်းဘူး။ လူတွေ က တစ်မျိုးထင်နေမယ်"

ကိုကြော့မောင်က ကားတံခါးကို ဖွင့်ပေးလိုက်တော့ ဝင့်ဝါလည်း အလိုက် သင့် ကားပေါ်သို့ ဝင်ထိုင်လိုက်သည်။ ကားစမောင်းတော့ မှောင်ရီပျိုးပျ အချိန်သို့ပင် ရောက်နေပြီ။ မဟာ ရန်ကုန်မြို့တော်ကြီး၏ လမ်းမီးအိမ် တွေက ထိန်ထိန်ငြီးနေကြပြီ။ ကားကို ပြည်လမ်းမကြီးအတိုင်း မောင်းရင်း မကြာခင်မှာပင် လက်ယာဘက်သို့ ချိုးကွေ့ဝင်လိုက်သည်။

တိတ်ဆိတ်ငြိမ်သက်သော ခြံ ဝင်းတစ်ခုထဲက နီယွန်မှိန်ပျပျထွန်း ထားတဲ့ အဆောက်အဦတစ်ခုရှေ့မှာ ကားကိုရပ်ပြီး နှစ်ယောက်သား အဆောက်အဦထဲသို့ဝင်လိုက်ကြသည်။

"ဒီညအဖို့တော့ မင်း ဒီမှာပဲ တည်းလိုက်။ မနက်ကျမှ ငါလာပြန် ခေါ်မယ်။ မင်းဗိုက်ဆာရင် စားစရာ အကုန် မှာစားလို့ရတယ်"

"မဂ်လာပါ"

ဝိတ်တာက အဆောက်အဦ တံခါးကို ဖွင့်ပေးရင်း ဦးညွတ်၍ နှုတ် ခွန်းဆက်ပါတယ်။

"အေး . . အေး . . မင်္ဂလာပါ ညီလေး"

ကိုကြော့မောင်က ဝိတ်တာကို ပြန်နှုတ်ဆက်ရင်း အခန်းထဲ၌ အသင့် ရှိနေသော ဆက်တီတွင် ဝင်ထိုင်လိုက် သည်။

"ဆရာ ကျွန်တော်တို့ ဘာကူ ညီပေးရမလဲ ခင်ဗျာ"

ကောင်တာရှေ့မှာ ရှိနေသော ဝိတ်တာတစ်ဦးက ကိုကြော့မောင်ကို မေးလိုက်သည်။

"လောလောဆယ် ဘာစားစရာ ရနိုင်မလဲ။ ဒီညတစ်ည တည်းခိုဖို့ တစ် ယောက်ခန်း စီစဉ်ပေးကွာ"

ကိုကြော့မောင်၏ စကားကို ဝိတ်တာက နားမလည်သလို ပြန် ကြည့်ရင်းမီနူးကာဒ်ကို ထုတ်ပေးသည်။

"ကဲ . . . မင်းဘာစားချင်လဲ။ အဲဒီအထဲမှာ အကုန်ရှိတယ်။ ကြိုက် တာမှာလေ"

"ကျွန်မ မမှာတတ်ဘူး။ အစ်ကို ကြိုက်တာ မှာပါ"

ကိုကြော့မောင်က မီနူးကာဒ်ကို ကြည့်ပြီး ဝိတ်တာကိုခေါ်၍ စား သောက်ဖွယ်များကို မှာလိုက်သည်။ မှာထားသည့် စားသောက်ဖွယ်များ မရောက်ခင် ထွေရာလေးပါး စကား ပြောရင်း ကိုကြော့မောင်က ဝင့်ဝါကို တစ်ချက် အကဲခတ်လိုက်သည်။ လှပ ကြော့ရှင်းသည့် ကိုယ်ခန္ဓာ၊ ဝါင်းစို

www.burmeseclassic.com

ပြေနေတဲ့ အသားအရေကို မြင်လိုက်ရသဖြင့် တတိယအကြိမ် ရင်ခုန်ရပြန်သည်။ မကြာခင် ကိုကြော့မောင် မှာထားသော အစားအသောက်များ ရောက်လာသဖြင့် ဝင့်ဝါကို ကိုကြော့မောင်က လောကဝတ်ပြုလိုက်သည်။

"ဝင့်ဝါ .. ဗိုက်ဆာနေတယ်ဆို စားလိုက်တော့လေ"

"အစ်ကိုလည်း စားလေ"

"အစ်ကိုက အိမ်ကျမှပဲ စားတော့မယ်။ အခုမှာထားတာက ဝင့်ဝါ တစ်ယောက်တည်း စားပါ"

"အစ်ကိုကလည်း မှာထားတာတွေက အများကြီးပဲ။ ဝင့်ဝါ ဘယ်ကုန်ပါ့မလဲ။ အစ်ကိုလည်း ဝိုင်းပြီးစားမှပေါ့"

"ဝင့်ဝါ ကုန်နိုင်သလောက် စားပါ။ ဝင့်ဝါ စားလို့မကုန်လည်း ကိစ္စမရှိပါဘူး"

"ဒါဖြင့်လည်း နည်းနည်းပဲဖြစ်ဖြစ် အစ်ကို အရင်စားလိုက်ပါ။ ဝင့်ဝါက ကြီးသူကို ရိုသေတတ်ပါတယ်။ ဝင့်ဝါဘေးမှာ အစ်ကိုက ဘာမှမစားဘဲ ကြည့်နေရင် မစားတတ်ဘူး"

ဝင့်ဝါရဲ့ ချစ်စဖွယ် ဟန်အမူအရာလေးကိုကြည့်ပြီး ကိုကြော့မောင် ကျေနပ်ပီတိ ဖြစ်နေမိတယ်။

"ကဲပါလေ။ ဝင့်ဝါကျေနပ်အောင်တော့ အစ်ကို နည်းနည်းစားပါ့မယ်"

ပြောပြောဆိုဆိုနှင့်ပင် ကိုကြော့မောင်က တူတစ်စုံကို ဖောက်လိုက်ပြီး ကြက်သားလုံး ချိုချဉ်ကို မြည်းစမ်းကြည့်လိုက်သည်။

"ဘာလိုသေးလဲ ဆရာ"

အနားမှာရှိသော စိတ်တာက အလိုက်တသိပင် ကိုကြော့မောင်ကို မေးလိုက်သည်။

"တိုက်ဂါးဘီယာ အေးအေးလေး"

"ဟုတ်"

စိတ်တာလာချပေးသော တိုက်ဂါးဘီယာကို တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်ဆိုသလို တရှိက်မက်မက် သောက်ပစ်လိုက်မိပါတော့သည်။ ကိုကြော့မောင်ရင်တွင်းက ဘဝအမောတွေ မွန်းကျပ်မှုတွေကို ပြေပျောက်ပစ်လိုက်သည်။ စိတ်လက်ပေါ့ပါးလန်းဆန်းသွားတော့မှ စားရင်းသောက်ရင်း၊ စကားပြောကြရင်းနှင့် အချိန်တွေ ကုန်လို့ကုန်မှန်းမသိ။ သောက်ထားသည့် အရှိန်ကြောင့် ကားကိုပင်မမောင်းနိုင်တော့သဖြင့် အိမ်ပြန်ဖို့ခက်သွားသည်။

"အစ်ကို ညက အိမ်တောင် မပြန်နိုင်တော့ဘူး။ ဝင့်ဝါကို ကူညီတာ မှားသွားလို့လား"

"မဟုတ်ဘူး ဝင့်ဝါ။ အစ်ကို့လုပ်ရပ်တွေ မှားသွားပြီလားဆိုတာကို နောင်တမရချင်ဘူး။ ဒီမှာ ဝင့်ဝါတစ်ယောက်တည်းထားခဲ့ရမှာစိတ်မချလို့ပါ"

ကိုကြော့မောင်က ခေါင်းငုံ့ပြီး မျက်လုံးကိုမှိတ်ကာ နဖူးကြော နားထင်ကြောများကို လျှော့ရင်းက ပြန်ပြောလိုက်ပါတယ်။

"ကဲ .. ထတော့ မိုးလင်းနေပြီ။ တော်ကြာ အိမ်က စိတ်ပူနေဦးမယ်။ ညီမကို ကူညီလက်စနဲ့ သူငယ်ချင်း နုနုလွင်ကို စုံစမ်းဖို့ ကူညီပေးဦးနော်"

ကိုကြော့မောင်၏ ဘဝတွင် အလုပ်ကိစ္စအကြောင်းပြပြီး အိမ်မပြန်ဖြစ်သော ညတွေက မဆန်းတော့ပါ။ ဒါကြောင့်လည်း ယနေ့ညအဖို့ စိတ်နှလုံးကို ဒုံးဒုံးချ နေနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

*** ***

"မိတ်ဆက်ပေးရဦးမယ်။ ဒါက ညီမရဲ့သူငယ်ချင်း နုနုလွင်တဲ့။ ဒီအစ်ကိုက သူငယ်ချင်း ရောက်မလာတဲ့ညက ငါ့ကို ကူညီစောင့်ရှောက်ပေးခဲ့တဲ့ အစ်ကိုကြော့မောင်"

"တွေ့ရတာ ဝမ်းသာပါတယ် အစ်ကို။ ကျွန်မသူငယ်ချင်းကို ကူညီစောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ်။ မင်းတို့အလုပ်ကိစ္စ အဆင်ပြေသွားဖို့ပဲ လိုပါတယ်။ ကိစ္စရှိလို့ အစ်ကို့နဲ့ ဆက်သွယ်နိုင်ပါတယ်။ လမ်းမှာတွေ့လည်း ခေါ်လို့ရပါတယ်။ ရော့ .. ဒါက အစ်ကို့ရဲ့ လိပ်စာကတ်။ သတိရရင်လည်း ဖုန်းဆက်လို့ရတယ်။ အစ်ကို တာဝန်ကျေပါတယ်နော်။ အစ်ကို လုပ်ငန်းခွင် ပြန်ဝင်ရဦးမယ်။ သွားမယ်နော်"

ကိုကြော့မောင်က လက်ကာပြရင်း ကားကို မောင်းထွက်သွားပါတော့တယ်။

*** ***

"အစ်ကိုကြီးသော"

"ဟုတ်တယ်လေ ... ဟုတ်ပါတယ်"

"ဝင့်ဝါပါ အစ်ကိုကြီးရဲ့။ အစ်ကိုကြီးရဲ့ကျေးဇူးကို မမေ့နိုင်လို့ သတိရပြီး ဖုန်းဆက်လိုက်တာပါ"

"သြော် ... ဝင့်ဝါက အစ်ကိုကြီးကို သတိရနေတာကိုး"

"ဘာလဲ ... အစ်ကိုကြီးက ဝင့်ဝါကို မေ့နေပြီပေါ့"

"ဘယ်လို မေ့လို့ရမှာလဲ ဝင့်ဝါရယ်။ အစ်ကိုကြီးက အလုပ်တာဝန်တွေ များနေလို့ပါ"

"အစ်ကိုကြီးနဲ့ တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်တော့လဲ"

"အခု"

"အခုတော့ လာလို့မရသေးဘူး။ ညနေကျမှ တွေ့ကြမယ်လေ"

"ဟုတ်ကဲ့ပါ။ အစ်ကိုကြီးရဲ့ သဘောပါပဲရှင်"

ဒုတိယအရွယ်၏ တတိယဝေဒနာဟူ၍ပဲ ဆိုမလား။ ကိုကြော့မောင်၏ရင်တွေ တဒိတ်ဒိတ် ခုန်နေမိတယ်။ မေ့လို့မရသည့် ညတစ်ည။ အမှတ်ရနေဆဲ။ မှော်လင့်နေဆဲဖြစ်တဲ့ ညတစ်ညကို ဖြတ်သန်းရဦးမယ်လေ။

××× ×××

"အစ်ကိုကြီးက သိပ်ကဲတာပဲ။ ထင်တောင် မထင်ရဘူး"

"ဪ ... ဝင့်ဝါရယ်။ အစ်ကိုကြီးက အသက်ကြီးပေမယ့် မပျက်စီးသေးပါဘူးဆိုတာကို သက်သေတစ်ခုပါ။ ဝင့်ဝါနဲ့ တွေ့နေရမယ်ဆိုရင် ထာဝရ နုပျိုနေဆဲ၊ လန်းဆန်းနေဆဲပါ"

"တော်တော် အပြောကောင်းတယ်နော်"

"အပြောကောင်းတာ မဟုတ်ပါဘူး။ အကောင်းပြောတာပါ"

"ကဲ ... ဒါဖြင့် ဒီနေ့ ဘယ်ကို သွားကြမလဲ"

"ဝင့်ဝါကြိုက်တဲ့ နေရာကိုသွား။ အစ်ကိုကြီးကတော့ လိုက်ပြီးသားပဲ"

"ဒါဆို ပထမဦးဆုံး သွားခဲ့တဲ့ နေရာကို သွားမယ်လေ။ အမှတ်တရပေါ့"

"အိုကေ .. ကားပေါ်တက်"

ဝင့်ဝါ၏ တောင်းဆိုမှုကို လိုက်လျောဖို့ရာ ကိုကြော့မောင်က ကားတံခါးကို ဖွင့်လိုက်ချိန်တွင် လူသုံးယောက်က ကိုကြော့မောင်ကို ဝိုင်းပြီး ချုပ်ထားလိုက်သည်။ ရုတ်တရက်မို့ အံ့အားသင့်နေချိန်တွင် ဂျင်းဘောင်းဘီ၊ တီရှပ်နှင့် မျက်မှန်အနက် ဝတ်ဆင်ထားသော လူတစ်ယောက်က ကိုကြော့မောင်ရှေ့မှာရပ်လိုက်ပြီး ...

"ဟေ့လူ ... ဒါဘာလုပ်လုပ်တာလဲ"

"ကျုပ် ဘာလုပ်လို့လဲဗျ"

"ဘာလုပ်မိလို့လဲ ဟုတ်လား။ ဒါ ကျုပ်ညီမဗျ။ ကျုပ်ညီမပျောက်လို့ လိုက်ရှာနေတာ ကြာလှပြီ။ ဖြားယောင်းသွေးဆောင်မှုနဲ့ ဥပဒေအရ အရေးယူဖို့ ခင်ဗျားကို ခုလို လက်ပူးလက်ကြပ် ဖမ်းလိုက်တာပဲ"

ဝင့်ဝါ၏ အစ်ကိုဟု ဆိုသူ၏ စကားကိုကြားလိုက်ရသဖြင့် ကိုကြော့မောင် ခေါင်းနားပန်းယူး ကြီးသွားခဲ့ရသည်။ ပတ်ဝန်းကျင်နှင့် မိသားစု ဆွေမျိုးအသိုင်းအဝိုင်းကြားမှာ အရှက်တကွဲအကျိုးနည်း ဖြစ်ရပေတော့မည်။ နောက်ဆုံးအဆင့် ရင်ဆိုင်ဖြေရှင်းရမည့်နေ့ကို ကြုံတွေ့မိပြီး ငါ့လုပ်ရပ်တွေ မှားသွားပြီလို့ သိလိုက်ရတဲ့ အချိန်က နောက်ကျသွားခဲ့ရပါပြီ။

"ကဲ .. မင်းတို့ ငါ့ကို ဘာဆက်လုပ်ကြမှာလဲ။ ငါ ဘယ်လိုရင်ဆိုင်ဖြေရှင်းရမှာလဲ"

"ဘယ်လိုရင်ဆိုင် ဖြေရှင်းရမလဲဆိုတာတော့ ကိုယ့်ဘာသာကိုယ် သိမှာပါ။ အခု ... ရဲကိုဖုန်းဆက်ပြီး အကြောင်းကြားလိုက်ရင် ခင်ဗျားဘာဖြစ်သွားမလဲဆိုတာ အရင်စဉ်းစားပါ"

"အေးလေ။ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ။ မင်းရဲ့ညီမကို တရားဝင်လက်ထပ်ယူရတော့မှာပေါ့"

"တော် .. တော် ... ခင်ဗျား ပါးစပ်ကို ပိတ်ထားလိုက်တော့။ ကျုပ်ညီမမှာ အိမ်ထောင်ရှိတယ်။ သူ့အမျိုးသားက ပြည်ပမှာ အလုပ်သွားလုပ်နေတာ။ မကြာခင် ပြန်လာတော့မှာ။ ခင်ဗျားကို ဖြားယောင်းသွေးဆောင်မှု၊ မယားနိုးမှုနဲ့ တရားစွဲမခံချင်ဘူးဆိုရင်"

"အဲဒီလိုတော့ မလုပ်နဲ့ကွာ။ ငါ သိပြီ။ လျော်ကြေးဘယ်လောက်ပေးရမလဲဆိုတာကိုသာ ရှင်းရှင်းပဲပြောကွာ"

"လျော်ကြေးဟုတ်လား။ ခင်ဗျားက ဘယ်လောက်ပေးနိုင်မှာမို့လဲ။ လျော်ကြေးလောက်နဲ့ ဘယ်ဖြစ်မလဲ။ ခင်ဗျားဘဝတစ်ခုလုံးအတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိပါတယ်နော်"

ကိုကြော့မောင် ဘာမျှမတတ်နိုင်တော့။ လူပုံအလယ်တွင် အရှက်တကွဲအကျိုးနည်းဖြစ်ရမည့်အစား မိမိဘဝလုံခြုံမှုရရေးအတွက် ကုန်ရှုံးသည်ဟု အကြောင်းပြချက်နှင့် မိသားစုကို သစ္စာဖောက်ခဲ့ရပြီ။ ရှိသမျှစည်းစိမ် ပြုတ်ခဲ့ရပြီ။ နောက်မှ သိလိုက်ရသော သတင်းတစ်ခုကြောင့် ကိုယ့်ကိုကိုယ်ပင် သတ်သေချင်လောက်အောင် စိတ်ထိခိုက်သွားရသည်။

သတင်းဂျာနယ်တစ်ခုမှာ ပါလာတဲ့ သတင်းက မှတ်ပုံတင် အတုကိုင်ဆောင်သူ မဝင့်ဝါ (ခေါ်) နှင်းနု (ခေါ်) မမော်မော်ဆိုသူနှင့် လူလိမ်လူညာ တစ်စုကို ဖမ်းမိလိုက်ပြီဆိုသော သတင်းတစ်ပုဒ်ကြောင့်ပင် ဖြစ်သည်။

မောင်ယဉ်ဝင်း(ဒေါပုံ)



www.burmeseclassic.com

www.burmeseclassic.com

# မနက်ဖြန်မှ ဖမ်းပါဆရာရယ်

❖ ခင်မောင်ထွန်း(လမ်းမတော်)

ရန်ကုန်မြို့လယ်မှာ ဖြစ်ပွားခဲ့သော လုယက်မှုကြီး တစ်ခုကို စုံစမ်းဖော်ထုတ်ရင်း ထူးခြားသော ဖြစ်ရပ်တစ်ခု နှင့် ရဲတပ်ဖွဲ့ဝင်များ တွေ့ကြုံခဲ့ရခြင်းကို တင်ပြလိုပါသည်။ ဒီလိုဖြစ်ရပ်တွေက ရဲတပ်ဖွဲ့များမှာ မကြာခဏ တွေ့ကြုံရပါတယ်။

ရန်ကုန်မြို့လယ် တစ်နေရာမှ ငွေကြေးချမ်းသာ သူတစ်ဦးရဲ့ နေအိမ်ခြံဝင်းကို ဝင်းတံခါးသော့၊ အိမ်တံခါး သော့၊ မီးခံသေတ္တာများကို သော့တုဖြင့်ဖွင့်ကာ စေးကိုင် ထားတဲ့ လူသုံးဦးက လုယက်သွားတဲ့အမှုတစ်ခု ရရှိခဲ့ပါ တယ်။ စိန်ရွှေငွေ တန်ဖိုး ကျပ်သိန်း ၃၀၀ ခန့် ပါသွားပါ တယ်။ အမှုကျူးလွန်သူ တရားခံ နှစ်ဦးကို ရဲတပ်ဖွဲ့မှ နှစ်ပတ်အတွင်းမှာပဲ ၎င်းတို့ ဝေစုရထားသော ပစ္စည်းများ နှင့်အတူ သိမ်းဆည်းဖော်ထုတ် ဖမ်းဆီးရမိခဲ့ပါတယ်။ ကျန်တရားခံတစ်ဦးမှာ သော့တုဖြင့် ဖောက်ထွင်းမှု ကျူး လွန်ရာတွင် နာမည်ကြီး ဂွတို(ခ)ညိုကြီး ဖြစ်ကြောင်း ပေါ် ပေါက်ခဲ့ပါတယ်။ ဂွတို(ခ)ညိုကြီးမှာ ဝေစုများနှင့်အတူ ရန်ကုန်မှ အဝေးတစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်သွား ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

သော့တုဝိဇ္ဇာ ဂွတို(ခ)ညိုကြီးမှာ သော့မျိုးစုံကို သော့တုနှင့် ကျင်လည်စွာ ဖွင့်နိုင်သူ ဖြစ်ပါတယ်။ မီးခံ သေတ္တာကြီးကိုပင် သော့တုဖြင့် ဖွင့်နိုင်အောင် ကျွမ်းကျင် သူဖြစ်ပါတယ်။ ယခု အမှုမှာလည်း လုယက်မည့်သူ နှစ်ဦး က အိမ်အနေအထားကို သေချာလေ့လာစုံစမ်းခဲ့ပါတယ်။ အိမ်ရှေ့ခြံတံခါးကြီးမှာ သံကြိုးနဲ့ ပတ်ထားပြီး သော့ကို ခတ်ထားပါတယ်။ တိုက်အဝင် တံခါးမကြီးကိုတော့ သော့ အမြဲခတ်ထားပါတယ်။ အဲဒီသော့နှစ်လုံးကို အဆင့်ဆင့် ဖွင့်ပြီးမှ အိမ်အတွင်းသို့ ရောက်ရှိမှာ ဖြစ်ပါတယ်။ အိမ် အတွင်းကို ရောက်ခဲ့ရင် မီးခံသေတ္တာသော့ မပေးပါက ဂွတို(ခ)ညိုကြီးက ဖွင့်ပေးရမည် ဖြစ်ပါတယ်။ ဂွတို(ခ) ညိုကြီးက လုယက်၍ ရရှိလာမည့် ပစ္စည်းအားလုံး၏ တစ်ဝက်ကို သူ့ကိုပေးမှ လုပ်ပေးနိုင်မည် ဆိုသောကြောင့် ကျန်လူဆိုးနှစ်ဦးက သဘောတူခဲ့ကြပါတယ်။

လုယက်ခံရသော အိမ်တွင် အိမ်ရှင်မုဆိုးမ အမျိုးသမီးကြီးနှင့် မုဆိုးမကြီး၏ သမီးနှစ်ယောက်၊ အိမ်ဖော် အမျိုးသမီးတစ်ယောက် စုစုပေါင်း အမျိုးသမီးလေး ယောက်သာ နေထိုင်သော အိမ်ဖြစ်ပါတယ်။ အိမ်အတွင်း သို့ ရောက်ရှိကြလျှင် ပစ္စည်းကို အလွယ်တကူ ရရှိကြမည် ဟု လူဆိုးများက တွက်ဆထားကြပါတယ်။ အိမ်ရှင်အမျိုး သမီးကြီးက သော့ကို ထုတ်မပေးဘဲ အပြင်မှာနေတဲ့ ညီမ ထံ အပ်ထားတယ်လို့ ပြောခဲ့ပါတယ်။

လူဆိုးများ တွက်ဆထားသည့်အတိုင်းပင် သော့တု ဝိဇ္ဇာ ဂွတို(ခ)ညိုကြီး၏ အစွမ်းထက်မှုကြောင့် ခြံတံခါး သော့၊ အိမ်မကြီးတံခါးသော့နှင့် မီးခံသေတ္တာများကို အဆင့်ဆင့် ဖွင့်နိုင်ခဲ့ပါတယ်။ ရွှေ ငွေ ပစ္စည်း ကာလ တန်ဖိုး ကျပ်သိန်း ၃၀၀ ခန့် လုယက်သွားနိုင်ခဲ့ကြပါတယ်။ လူဆိုးများ ကြိုတင်ညှိနှိုင်းထားသည့်အတိုင်း သိန်း ၁၅၀ ဖိုးခန့်ကို ဂွတို(ခ)ညိုကြီးကို ဝေစုခွဲပေးလို့ ရယူသွားပြီး ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။

ထစ်လခန့်ကြာတဲ့အခါ ရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်စုံစမ်းခဲ့မှုနဲ့ ဂွတို(ခ)ညိုကြီးဟာ ရန်ကုန်မြို့နှင့် မိုင် ၂၅၀ ခန့် ဝေးကွာသည့် မြို့ငယ်တစ်မြို့တွင် သွားရောက် ပုန်းအောင်း တိမ်းရှောင်နေကြောင်း သတင်းအတိအကျ ရရှိခဲ့ပါတယ်။ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှ ဒုရဲမှူးတစ်ဦး ဦးဆောင်သည့် အဖွဲ့တစ်ဖွဲ့ကို အမြန်စီစဉ်၍ စေလွှတ် လိုက်ပြီး နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ တိမ်း ရှောင်နေသူ ဂွတို(ခ)ညိုကြီးအား ဖမ်းဆီးခဲ့ဖို့နဲ့ လုယက် သွားသော ပစ္စည်းများအားလုံးကို သိမ်းဆည်းရန် စေ လွှတ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့တွင် တာဝန်ပေးအပ်လိုက်သော ဒုရဲမှူးက စာရေးသူထံ ဖုန်းဆက်၍ သတင်းပို့သည်မှာ ငွတို(ခ)ညိုကြီးကို တွေ့ထားပြီဖြစ်ကြောင်း၊ ယခုဖုန်းဆက်ချိန်တွင် ငွတို(ခ)ညိုကြီးမှာ အမျိုးသမီးတစ်ဦးနှင့် မင်္ဂလာဆောင်ဧည့်ခံပွဲ ကျင်းပနေကြောင်း၊ မင်္ဂလာပွဲ လာရောက်သူများနှင့် စည်ကားနေချိန်ဖြစ်၍ ငွတို(ခ)ညိုကြီးအနီးတွင် အရပ်ဝတ်နှင့် ရဲအရာရှိနှစ်ဦး တာဝန်ပေးထားပြီး ဧည့်သည်ရှင်းချိန်တွင် တစ်ခါတည်း ဖမ်းဆီး၍ စစ်ဆေးရန် စီစဉ်ထားကြောင်း၊ ရပ်ကွက်လူကြီးများကလည်း လူရှင်းချိန်ထိ စောင့်ပေးရန် မေတ္တာရပ်ခံထားကြောင်း သတင်းပို့ပါသည်။

စာရေးသူက ရဲနှင့်လူဆိုး တွေ့ရှိပြီးမှ ထွက်ပြေးလွတ်မြောက်သွားလျှင် ရဲတပ်ဖွဲ့များအားလုံး တာဝန်ရှိ၍ အရေးယူခံရမည်ဖြစ်ကြောင်း၊ ထွက်ပြေးမည်ထင်ရလျှင် မင်္ဂလာဆောင်သို့ လာရောက်သူများကို ရပ်ကွက်လူကြီးမှတစ်ဆင့် မေတ္တာရပ်ခံ ရှင်းပြပြီး ငွတို(ခ)ညိုကြီးကို လုယက်မှုဖြင့် အလိုရှိသူဖြစ်ကြောင်း ပြောပြ၍ တစ်ခါတည်း ဖမ်းဆီးရန် ညွှန်ကြားလိုက်ပါတယ်။

သွားရောက်ဖမ်းဆီးသောအဖွဲ့သည် ငွတို(ခ)ညိုကြီး၏ လှုပ်ရှားမှုအပြုအမူများသည် မသင်္ကာစရာ ဖြစ်လာပြီး ထွက်ပြေးမည့်သူဟု ယူဆထားသဖြင့် ရပ်ကွက်လူကြီးများကို အခမ်းအနား တက်ရောက်သူများအား ရှင်းပြစေပါတယ်။ လူစဲသွားမှ တစ်ခါတည်း ဖမ်းဆီးခဲ့ကြောင်း၊ သတို့သမီးဘက်မှ အချိန်မီ လူဆိုးမှန်း သိရသဖြင့် ကျေးဇူးတင်ကြောင်း ပြောခဲ့သော်လည်း အရှက်တကွဲ ဖြစ်ခဲ့ရကြောင်း ရဲအရာရှိများကို ပြောပြ၍ သိရပါတယ်။ ငွတို(ခ)ညိုကြီးထံမှ လုယူထားသော ပစ္စည်းများ ပြန်လည်သိမ်းယူနိုင်ပါတယ်။ သွားရောက်ဖမ်းဆီးရာတွင် ကြီးကြပ်ခဲ့သည့် ဒုရဲမှူးက ရန်ကုန် ပြန်ရောက်ခဲ့ရာတွင် စာရေးသူအား ရယ်ရယ်မောမောနှင့် သတင်းပို့ရာတွင် 'ဆရာရေ' မင်္ဂလာဆောင်အခမ်းအနား လူစည်ကားနေတဲ့အချိန် ကျွန်တော်တို့ ရောက်သွားတယ်။ ကျွန်တော်တို့က ငွတို(ခ)ညိုကြီး အနားကို ကြက်ခြေမပျက် အရပ်ဝတ်တွေနဲ့ ဝိုင်းထားလိုက်တယ်။ နယ်မြေခံရဲက ရပ်ကွက်လူကြီးတွေကို တိုးတိုးတိတ်တိတ် သွားရှင်းပြလိုက်တယ်။ ငွတို(ခ)ညိုကြီးက ကျွန်တော့်အနား ကပ်လာပြီး 'ဆရာတို့ရယ် ကျွန်တော့်ကို အခု မဖမ်းပါနဲ့၊ ဒီည မင်္ဂလာဦးညလေး ဆင်နွဲပြီးမှ မနက်ဖြန် မနက်မှ ဖမ်းပါ ဆရာရယ်၊ ဒီမင်္ဂလာပွဲမှာ ကျွန်တော် သိန်း(၂၀)လောက် ကုန်ခဲ့ပါပြီ' ဟု ပြောခဲ့ကြောင်း၊ သူ့အမူအရာ၊ သူ့အခြေအနေဟာ ထွက်ပြေးနိုင်တဲ့ အနေအထားမှာရှိကြောင်း၊ ရပ်ကွက်လူကြီးတွေမှတစ်ဆင့် အခမ်းအနား လူကြီးတွေကို ရှင်းပြပြီး တစ်ခါတည်း ဖမ်းဆီးခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ အမျိုးသမီးဘက်ကတော့ ရဲက အလိုရှိနေတဲ့ လူဆိုးဖြစ်တာရယ်၊ ရန်ကုန်မှာ မိန်းမနဲ့ ကလေးနှစ်ယောက် ရှိနေတာ ရှင်းပြကြတော့ အမျိုးသမီးငယ် ရေတိမ်နစ်ဖို့ဆဲဆဲ လက်မတင်လေး ကယ်တင်နိုင်ခဲ့တာ သိသွားပြီး ကျေးဇူးတင်ကြတယ်။ ရပ်ကွက်က လူတွေကတော့ လူလိမ်မှန်းသိလို့ ဒေါသဖြစ်ကြတယ်။

အဲဒါ ရဲနဲ့ ရပ်ကွက်လူကြီးတွေက ဝိုင်းပြီး နှစ်သိမ့်ထိန်းသိမ်းကြရတယ်။ စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်များ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရာတွင် အဆိုပါ လူမှုရေးကိစ္စများနှင့် ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် ကိစ္စများလည်း မကြာခဏ တွေ့ရှိရပါတယ်။

ပြစ်မှုကျူးလွန်သူတွေကသာ သူ့ရပ်သူ့ရွာမှာ ကယ်တင်ရှင်ကြီး၊ သူဌေးကြီး၊ အလှူ့ဒါယကာကြီး၊ လူတော်လူကောင်းကြီးလို့ မျက်နှာဖုံး စွပ်ထားတတ်ပါတယ်။ ဒါကို ရဲက အသေအချာပဲ ရပ်ကွက်ကျေးရွာလူကြီးများ အကူအညီနဲ့ ရှင်းပြခဲ့ရတာ တွေ့ရှိခဲ့ပါတယ်။

ရဲတပ်ဖွဲ့ဝင်များအနေနဲ့ကတော့ အဲဒီလို လူမှုရေးကိစ္စတွေ ရောထွေးလာတဲ့ မှုခင်းတွေမှာတော့ ဥပဒေစည်းကမ်းနဲ့ ယှဉ်လာရင် ဥပဒေဘက်ဟော်သားပီပီ ဥပဒေအတိုင်း အရေးယူခဲ့ကြရပါတယ်။

ငွတို(ခ)ညိုကြီးကတော့ မသိနားမလည်တဲ့ ရိုးသားတဲ့ မိဘများနှင့် အမျိုးသမီးငယ်ကို လှည့်စားပြီး သိန်း(၂၀)လောက်ကုန်တဲ့ မင်္ဂလာပွဲ ကျင်းပခဲ့ပါတယ်။ ဒါကို ရဲက အချိန်မီ တားဆီးနိုင်ခဲ့လို့ စာရေးသူတို့ ရဲတပ်ဖွဲ့ဝင်များဘက်တတော့ ဝမ်းသာအားရ ဖြစ်မိခဲ့ရပါတယ်။

စာဖတ်သူများ နားလည်နိုင်ကြပါစေတုံ . . .။

**ခင်မောင်ထွန်း(လမ်းစတော်)**



www.burmeseclassic.com



# အလည်လွန်ဘီး ၏ နောင်တများ

## ရဲကျော်စိုးအောင်

လောကမှာ အလည်လွန် သည့်ဘီးမှာ ချေးသင့်ကြောင်း ရှေးလူကြီးတွေရဲ့ ဆုံးမစကားတွေဟာ မှန်ပါတယ်။ လူတိုင်းဟာ မိမိကိုယ်သာ အလည်ဆုံးလို့ မာနဘဝင် ခေါင်ခိုက်နေတာ များပါတယ်။

အခုလည်း ကြည့်လေ။ ရွာက မိစံနဲ့ ဖိုးတုတ်တို့မောင်နှမဆိုတာ အလုပ်ဆို ဘာမှ မည်မည်ရရ မရှိ လက်ကြောတင်းအောင် မနေကြ၊ မိဘလုပ်သူတွေရဲ့ လယ်ယာလုပ်ငန်းကိုလည်း ဝင်မကူညီ၊ မိုးလင်းတာနဲ့ မိစံက တစ်နေရာ၊ ဖိုးတုတ်က ထန်းတောဆိုသလို တစ်နေ့တစ်နေ့ အချိန်ကို ဟုတ်ပေ့ဆိုသလို ဖြုန်းနေကြတာက အမှန်။

ရွာကို မကြာမကြာလာတတ်တဲ့ မြို့က ဖိုးတုတ်သူငယ်ချင်းက

www.burmeseclassic.com

လယ်သာဂျာကင်နဲ့ ရေဘင်မျက်မှန်က မချွတ်။ ဆိုင်ကယ်(လ်)ကလည်း တဝီဝီမို့ ဘာလိုလို၊ ညာလိုလိုပေါ့။ အခု အညာလွယ် ဖြတ်လမ်းလိုက်နေတဲ့ မိစံက ဖိုးတုတ်မိတ်ဆွေ တုတ်ပေါ်အပေါ်ကို ခပ်ကျကျမို့ တစ်နေ့မှာ တုတ်ပေါက . . .

"မမိစံ . . . ကျုပ်တို့သူဌေးက ကူဖော်လောင်ဖက် အမျိုးသမီးတစ်ယောက် ရှာပေးပါတဲ့။ တစ်လ လခက ငါးသောင်းတဲ့။ သပိတ်ဝင် အိတ်ဝင်ပေါ့။ လုပ်ရမယ့်အလုပ်က သူတို့အလုပ်သွားကြတဲ့အခါ အိမ်က ကလေးကို ထိန်းရမှာ။ ပင်ပန်းမှုက နည်းပါတယ်"

အဆွယ်ကောင်းတော့ မိစံက သဘောကျပြီပေါ့။ သူငယ်ချင်းဖြစ်တဲ့ တုတ်ပေါ်တလည်း ထန်းရည်နဲ့ ကြွက်ကြော် အလကားစားနေရတော့ မြို့က ဖိုးတုတ်ကို အရမ်းအထင်ကြီးနေတာက အမှန်ဖြစ်တယ်၊ တစ်နေ့ တုတ်ပေါက . . .

"ဖိုးတုတ်၊ မင်းညီမ မိစံကို လခကောင်းကောင်းရတဲ့ မြို့ကို ငါနဲ့ထည့်လိုက်။ မင်းညီမကောင်းစားရင် မင်းလည်း ကောင်းစားမှာပေါ့"

ဟု ငွေပြပြီး ဆွယ်တရားဟောတဲ့အခါ ငါးစာသာမြင်ပြီး ငါးမျှားချိတ်မမြင်တဲ့ မောင်နှမနှစ်ယောက်ကို မိဘနဲ့ အမြင်မတော် အမြော်အမြင်ရှိကြတဲ့သူတွေက ဘယ်လိုတားတား နားမဝင်တော့ပါဘူး။

မိဘတွေနဲ့ တားမြစ်သူတွေတားနေကြတဲ့ကြားက မြို့ကို လိုက်ဖြစ်အောင်လိုက်ဖို့ ဆုံးဖြတ်ထားတဲ့ မိုက်တွင်းနက်တဲ့ မောင်နှမနှစ်ယောက် ရွာကထွက်ပြီး မြို့ကိုရောက်တော့ အိမ်တစ်အိမ်မှာထားပြီး သူတို့မောင်နှမနှစ်ယောက်ကို ရောင်းစားငွေယူပြီး ထွက်ပြေးဖို့လုပ်နေတဲ့ သုံးမည်ရလူလိမ်ကြီး ဖိုးတုတ်(ခ)မှုံကြီး(ခ)ငတေကို သတင်းရထားတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေက မောင်နှမနှစ်ယောက်ရောက်နေတဲ့ အိမ်ကိုဝင်စီးတဲ့အခါ သုံးမည်ရလူလိမ် တုတ်ပေါ်နဲ့ ဖိုးတုတ်တို့မောင်နှမကို စစ်ဆေးတဲ့အခါ တစ်ဖက်နိုင်ငံအပို့ခံရမယ့်အကြောင်း သိလာကြတဲ့အခါ မိဘတွေကို ခေါ်ယူပြီး ကျေးရွာတာဝန်ရှိသူတွေရဲ့ လက်ထဲ ပြန်အပ်နိုင်ခဲ့ပါတယ်။

မကောင်းမှုဒုစရိုက်မှု ပြုဖို့ကြံတဲ့ မျိုးဖျက်ကောင် တုတ်ပေါ်တစ်ယောက် သုံးမည်ရအမည်နဲ့ ဒုစရိုက်မှုတွေ ကျူးလွန်ခဲ့မှု၊ လူကုန်ကူးမှုစတဲ့ စတဲ့ အကြောင်းတရားတွေက တစ်ထွေးကြီးပေါ့။ မကောင်းမှုပြုတဲ့သူရဲ့ နိဂုံးက အချုပ်ခန်းနဲ့ ထောင်(သို့) နရသိန်မှုတစ်ပါး အခြားမရှိ။

အချိန်မီ တာဝန်ရှိသူတွေရဲ့ တာဝန်သိမှုကြောင့် မိမိတို့ကိုယ်တိုလည်လွန်းတယ်လို့ ထင်မှတ်မှားမိတဲ့ မောင်နှမနှစ်ယောက်ရဲ့ ကံကြမ္မာက လက်မတင်အချိန်ကလေးအတွင်းမှာ တစ်မျိုးတစ်ဖုံ ပြောင်းခဲ့ရတာက အမှန်။ ယခုဆို မိစံက တစ်သွေးတစ်မွေး။ ဖိုးတုတ်ကလည်း မိဘတွေရဲ့ ရိုးရာလယ်လုပ်ငန်းတွေမှာ။ ညီ၊ ငနီ နွားတစ်ရှဉ်းကို ကြိမ်တံတဖေါက်ဖေါက်နဲ့ မောင်းနှင်ကူညီနေပြီ ဖြစ်ပါတယ်။

လောကမှာ ဆရာရန်ကုန်ဘဆွေ ညွှန်းဆိုခဲ့သလို "မင်းလိုလူစား အများကြီးဆိုတာ အသေအချာပါ။ လည်လွန်းတယ်လို့ ထင်နေတဲ့ မိစံနဲ့ ဖိုးတုတ်တို့ မောင်နှမရဲ့ စံနမူနာယူပြီး အစစအရာရာ တိုင်းထွာချင့်ချိန်ပြီး မိဘနှစ်ပါးနဲ့ လူကြီးသူမတို့ရဲ့စကားကို တိတိပပ နားထောင်ခြင်းဖြင့်သာ အများကင်းပြီး အလင်းရောင်တောက်ပတဲ့ ဘဝခရီးများရှိရာ တက်လှမ်းနိုင်ကြမှာ ဖြစ်ပါတယ်။

လူတိုင်းအပေါ် မဆင်မခြင်ဘဲ အထင်ကြီးခြင်း၊ ဆင်ခြင်မှုမရှိဘဲ အထင်သေးခြင်း စတဲ့ မောဟ၊ မာနစိတ်တွေဟာ ဒုက္ခဘုံရှိရာ ပို့ဆောင်တတ်ကြောင်း သဘောပေါက်စေဖို့ တင်ပြလိုက်ရပါတော့တယ်။

**ရေကျော်စိုးအောင်**





www.burmeseclassic.com

www.burmeseclassic.com

# အမှုတွေပြေအောင်စေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင်[ B.A (HIST:) H.G.P., R.L ]

## အချုပ်သား၏ ပြစ်မှုကျူးလွန်ပုံ သရုပ်ပြဓာတ်ပုံများနှင့် တရားစွဲတင်လို့ရသလား

ဆရာခင်ဗျား…

ကျွန်တော့်ညီတော်မောင်တစ်ယောက် သူငယ်ချင်း အချင်းချင်းစကားများရာက ရိုက်မှုဖြစ်တယ်ဆိုပြီး လွှန်ခဲ့တဲ့ အပတ်က အဖမ်းအဆီးခံရပါတယ်။ အရိုက်ခံရတဲ့ကောင်လေး က ခေါင်းမှာဒဏ်ရာရပြီး လေးချက်ချုပ်ရပါတယ်။ ကျွန်တော့် ညီက တုတ်နဲ့ရိုက်လိုက်တာလို့ ဆိုပါတယ်။

ကျွန်တော် ရဲအချုပ်ထဲလိုက်သွားပြီး မေးကြည့်တော့ ညီတော်မောင်က သူရိုက်တာမဟုတ်ဘူး။ ဖြစ်တာက လက်ဖက် ရည်ဆိုင်ထိုင်ရင်း သူငယ်ချင်းသုံးယောက် စကားများပြီး အပြန် အလှန်ထိုးကြိတ်ကြရာမှာ တခြားသူငယ်ချင်းတစ်ယောက်က တုတ်နဲ့ရိုက်လိုက်လို့ အဲဒီသူငယ်ချင်း ဒဏ်ရာရသွားတာတဲ့။ သူရိုက်တာ မဟုတ်ဘူးတဲ့။

ဒါပေမယ့် အနီးပတ်ဝန်းကျင်က မျက်မြင်သက်သေတစ် ယောက်က ကျွန်တော့်ညီရိုက်တာဆိုပြီး ထွက်ဆိုလို့ သူအဖမ်း ခံရတာတဲ့ ဆရာ။ ရဲကလည်း မျက်မြင်သက်သေ ရှိနေတော့ လည်း အရေးယူရတာပေါ့လေ။

ဒါတင်မကသေးဘူး။ ညီတော်မောင်က ရဲကအချင်း ဖြစ်နေရာမှာ တုတ်နဲ့ရိုက်နက်ခဲ့ပုံတွေကို ပြန်လည်သရုပ်ပြ ခိုင်းသတဲ့ဗျ။ ညီတော်မောင်က သူမရိုက်ခဲ့တဲ့ကိစ္စကို သရုပ်မပြ နိုင်ဘူးငြင်းပေမယ့် မျက်မြင်သက်သေက အထင်အရှားရှိနေ တော့ ရဲတွေညွှန်ကြားတဲ့အတိုင်း တစ်ဖက်လူကို တုတ်နဲ့ရိုက်ပြီး ပြစ်မှုကျူးလွန်ပုံအဆင့်ဆင့်ကို သရုပ်ပြခိုင်းသတဲ့။ အဲဒီပုံတွေကို ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ထားတာ တွေ့ရတယ်ဆရာ။ ကြည့် ရတာ အဲဒီဓာတ်ပုံတွေကို တရားရုံးတော်မှာ သက်သေခံအဖြစ် တင်ပြပြီး ညီတော်မောင်ကို တရားစွဲတင်ပြမယ်ထင်ပါရဲ့။

ဆရာခင်ဗျား…ဒီလိုပြစ်မှုမကျူးလွန်ခဲ့တဲ့လူကို ပြစ်မှု ကို ဘယ်လိုကျူးလွန်ခဲ့တယ်ဆိုတာကို အတင်းသရုပ်ပြခိုင်း၊ ဓာတ်ပုံမှတ်တမ်းတွေရိုက်ယူပြီး တရားရုံးတင်ပို့တာဟာ ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့ ညီညွတ်ကိုက်ညီပါရဲ့လားဆိုတာပါပဲ။

ကျွန်တော် ဥပဒေနားမလည်လို့ ဒီကိစ္စကို ပြစ်မှုမဂ္ဂဇင်း ကတစ်ဆင့် အမြန်ဆုံးဖြေကြားပေးပါမယ့်အကြောင်း မေတ္တာ ရပ်ခံပါတယ်။

အစဉ်လေးစားလျက်<br>
ဦးခင်ဇော်<br>
အမှတ်(၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

ဦးခင်ဇော်ခင်ဗျား…

သက်သေခံဥပဒေပုဒ်မ(၂၆)မှာ "တစ်ဦးတစ်ယောက် သောသူက ရဲအချုပ်တွင်ရှိနေစဉ်အတါင်း ပေးသည့်ဖြောင့်ချက် သည် ရာဇဝတ်တရားသူကြီးရှေ့မှောက်တွင်ပေးသည့် ဖြောင့်ချက် မဟုတ်လျှင် အဆိုပါဖြောင့်ချက်နှင့် ပတ်သက်၍ ထိုသူအပေါ်၌ သက်သေထင်ရှား တင်ပြခြင်းမပြုရ"လို့ တားမြစ်ထားပါတယ်။

ပြီးတော့ တရားခံတစ်ဦး ရဲ၏လက်အတွင်း ရောက်ရှိ လျှင်ရောက်ရှိချင်း လွတ်လပ်စွာ သွားလာနိုင်ခွင့်မရှိခြင်းကြောင့် အချုပ်ခံနေရခြင်းဖြစ်သည်ဟု ယူဆရမည်ဖြစ်ပါသည်။ တရားခံ တစ်ဦး ရဲအချုပ်တွင် ရှိနေခိုက် အမှုဖြစ်ပွားပုံခြင်းရာကို ညွှန်ပြ ပြောဆိုခြင်း၊ ဝန်ခံလက်မှတ်ရေးထိုးခြင်း စသည်တို့မှာ သက်သေ ခံအဖြစ် လက်ခံခြင်းမပြုနိုင်"ဟု မပြည်သူနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် (၁၉၆၂ မေတစ တရားရုံးချုပ်-၃၅၇)မှာ စီရင် ထုံးပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဒါကြောင့်မို့ ဦးခင်ဇော်ညီတော်မောင် သရုပ်ပြခဲ့ရတာ ရဲအချုပ်မှာရှိနေတုန်းဖြစ်တာကြောင့် သက်သေခံဥပဒေပုဒ်မ (၂၆)အရ သက်သေခံမဝင်တဲ့ လုပ်ဆောင်ချက်ဖြစ်သလို အထက်ဖော်ပြပါ မပြည်သူနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်



www.burmeseclassic.com

www.burmeseclassic.com

စိရင်ထုံးအရလည်း တရားဥပဒေနဲ့ ညီညွတ်မှုမရှိပါကြောင်း ဖြေကြားလိုက်ပါတယ်။

## ပင်စင်စားတွေကို တိုးမြှင့်လစာ ဘယ်လိုနှုန်းထားနဲ့ တွက်ချက်ပေးနေတာလဲ

ဆရာခင်ဗျား…

ကျွန်တော်ဟာ ဦးစီးဌာနတစ်ခုက သက်ပြည့်ပင်စင်သွားခဲ့တာ အခုဆို ခြောက်နှစ်ကျော်၊ ခုနစ်နှစ်ထဲ ရောက်နေပါပြီ။ ကျွန်တော်တို့ပင်စင်ယူစအချိန်က ခေတ်ဟောင်းက ပင်စင်နည်းဥပဒေအရ တွက်ချက်ခံစားနေခဲ့ရတာကြောင့် တစ်လတစ်လ ရတဲ့ပင်စင်လစာဟာ ရာဂဏန်းလောက်ပဲ ရှိခဲ့ပါတယ်။ ဒါကြောင့် စားဝတ်နေရေးအတွက်လည်း ဘယ်လိုမှ အထောက်အကူမပြုနိုင်ခဲ့ပါဘူး။ ဒီတော့လည်း ပင်စင်လစာကို လတိုင်းမထုတ်ဖြစ်တော့ဘဲ သုံးလေးလကြာမှ တစ်ခါလောက် သွားထုတ်ဖြစ်ခဲ့ပါတယ်။

အခု သမ္မတကြီးဦးသိန်းစိန် အစိုးရခေတ် ဒီမိုကရေစီအကူးအပြောင်းကာလကျမှ ပင်စင်လစာတွေကို မမျှော်လင့်ဘဲ သောင်းဂဏန်းအထိ ထုတ်ယူရရှိလာတာကြောင့် အံ့သြဝမ်းသာပြီး ကျေးဇူးတင်မိရပါတယ်။ ပင်စင်စားတွေလည်း ခုမှ လူကြားသူကြားထဲ ခေါင်းမော့လာနိုင်ပါတော့တယ်။

ဒါ့ထက်ပိုပြီး ကျေးဇူးတင်ရမှာက နိုင်ငံရဲ့ လိုအပ်ချက်အရ မကြာခဏဆိုသလို ဝန်ထမ်းတွေကို နှစ်သောင်း၊ သုံးသောင်း စသဖြင့် တိုးမြှင့်ပေးနေတာပဲ ဖြစ်ပါတယ်။ အဲဒီအထဲမှာ လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းတွေ၊ ပင်စင်စားတွေကိုပါ လစာတိုးမြှင့်ပေးခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။

ဒါပေမယ့် မသိလို့ တစ်ခုမေးချင်တာက ကျွန်တော်တို့ပင်စင်စားတွေရဲ့ တိုးမြှင့်လစာဟာ ဘာဖြစ်လို့ လက်ရှိဝန်ထမ်းတွေနဲ့ တန်းတူမဖြစ်ရတာပါလဲ။ လက်ရှိဝန်ထမ်းတွေကို တစ်လံနှစ်သောင်းကျပ် တိုးမြှင့်ပေးရင် ပင်စင်စားတွေကိုလည်း အဲဒီနှုန်းထားအတိုင်း ဆောင်ရွက်ပေးလို့မရဘူးလား ဆရာ။ ပြီးတော့ အခုလို ပင်စင်စားတွေကို လစာတိုးမြှင့်တဲ့အခါ ဘယ်လိုတွက်ချက်ပြီး ပေးနေသလဲဆိုတာလည်း သိချင်ပါတယ် ခင်ဗျား။

အစဉ်လေးစားလျက်
ဦးကျော်မောင်
ဗိုင်းကိုင်းရပ်၊ ပဲခူးမြို့

ဦးကျော်မောင်ခင်ဗျား…

ဟိုတုန်းက ပင်စင်စားဝန်ထမ်းတွေရဲ့လစာဟာ ရာဂဏန်းလောက်ပဲ ရှိခဲ့တဲ့အပြင် ဝန်ထမ်းတွေကို လစာတိုးပေးခဲ့ပေမယ့် ပင်စင်လစာကို တိုးမပေးခဲ့တာမျိုးတောင် ရှိခဲ့ပါသေးတယ်။

အခုတော့ ဦးကျော်မောင်စကားအရပြောရရင် ပင်စင်စားတွေရဲ့ ရွှေခေတ်လို့တောင် ပြောနိုင်လာတဲ့ ကာလတစ်ခုကို ရောက်နေတာ ဖြစ်ပါတယ်။ အခု ပင်စင်စားတွေဟာ သောင်းဂဏန်း၊ သိန်းဂဏန်းအထိတောင် အကျိုးခံစားခွင့်ရနေပါပြီ။ ဒါဟာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ပင်စင်စားတွေအတွက် စိတ်အမောပြေစရာကောင်းလှပါတယ်။

လက်ရှိဝန်ထမ်းနဲ့ ပင်စင်စားတို့ရဲ့ တိုးမြှင့်လစာကို တန်းတူပေးဖို့ဆိုတာကတော့ နည်းဥပဒေပြဋ္ဌာန်းချက်တွေအရ အတော်ခဲယဉ်းမယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံ့တော်တာဝန်ထမ်းဆောင်နေဆဲဝန်ထမ်းနဲ့ တာဝန်က အငြိမ်းစားယူသွားတဲ့ ဝန်ထမ်းတို့ရဲ့ လစာခံစားမှုအမျိုးအစားက မတူညီလို့ပါပဲ။ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းဟာ သူလက်ရှိ ရောက်ရှိနေတဲ့ ရာထူးဌာနန္တရက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ လစာစကေးအမျိုးအစားအတိုင်း ခံစားရမှာ ဖြစ်ပါတယ်။ လုပ်သက်တစ်နှစ်ပြည့်တိုင်းမှာလည်း အပြစ်ကင်းစင်ရင် သတ်မှတ်ထားတဲ့ နှစ်တိုးလစာကို ခံစားပိုင်ခွင့် ရှိနေပါတယ်။

တာဝန်က အငြိမ်းစားယူသွားတဲ့ ဝန်ထမ်းမှာတော့ ဒီလိုအခွင့်အရေးမျိုး မရှိတော့ပါဘူး။ ပင်စင်နည်းဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ထားတဲ့အတိုင်းသာ ပင်စင်လစာကို လုပ်သက်အလိုက်အချိုးကျခံစားရဖို့ပဲ ရှိပါတော့တယ်။

ဦးကျော်မောင်သိချင်တဲ့ ပင်စင်စားတွေကို တိုးမြှင့်လစာပေးဖို့ တွက်ချက်တဲ့အခါ ပထမအဆင့်အရ တိုးမြှင့်ပေးမယ့်လစာကျပ်နှစ်သောင်းကို ပင်စင်စားရဲ့ လုပ်သက်နဲ့ မြှောက်ရမှာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေဖြင့် အဲဒီ မြှောက်လဒ်ကိုပဲ ၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ထပ်မံမြှောက်ပြီး တိုးပေးတယ်လို့ ပင်စင်ဦးစီးက သိရှိရပါတယ်။

ဒီလောက်ဆိုရင်တော့ ဦးကျော်မောင်သိချင်နေတဲ့ ဆန္ဒတွေ ပြည့်ဝပြီလို့ ယူဆပါတယ်။

အောင်မြင်ပါစေ…

ဦးစောလှိုင်[B.A(Hist:) H.G.P.,R.L]



www.burmeseclassic.com

www.burmeseclassic.com

# ကိုလိုနီခေတ် မြန်မာနိုင်ငံ မီးရထားတိုက်မှုကြီး

■ လှမိုး[ပညာရေး]

ကျွန်တော်တို့ မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်၊ မေလ ၃ ရက်နေ့ထုတ် ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ဖော်ပြပါ စိတ်သောကဝေဒနာ အဖြာဖြာတွေ့ရမည်ဖြစ်သော သတင်း ခေါင်းစဉ်ဖြင့်ဖော်ပြထားသော သတင်း တစ်ပုဒ်ကိုကျွန်တော်တို့ဖတ်ရှုခဲ့ရသည်။

**"ဆိုးလ်၌ မြေအောက်ရထား နှစ်စင်းတိုက်မိ၊ ခရီးသည် ၁၇၀ ခန့် ဒဏ်ရာရ"**

ဆိုးလ် မေလ ၁၂

တောင်ကိုရီးယားနိုင်ငံ၊ မြို့တော် ဆိုးလ်၌ မေလ ၂ ရက်နေ့က မြေ အောက်ရထားနှစ်စင်း တိုက်မိမှုဖြစ် ပွားရာ ခရီးသည် ၁၇၀ ခန့် ဒဏ်ရာ ရရှိကြောင်း ဒေသဆိုင်ရာ သတင်း ဌာနများက ဖော်ပြသည်။


ဆန်ဝမ်ဆင်နီဘူတာအနီး ဒေသ စံတော်ချိန် မွန်းလွဲ ၃ နာရီခန့်က စက်ချွတ်ယွင်းသဖြင့် ရပ်တန့်ထားသော မြေအောက်ရထားတစ်စင်းကို အမှတ်(၂) မြောက်အောက် ရထား လိုင်းမှ ရထားတစ်စင်းက နောက် ဘက်မှ ဝင်ရောက် တိုက်ခိုက်မိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပို့ဆောင်ပေးခဲ့ . . .

ထိခိုက်ဒဏ်ရာရသူများကို ဟန် ယန်းတက္ကသိုလ်ဆေးရုံသို့ ပို့ဆောင် ပေးခဲ့သည်။ မတော်တဆမှု ဖြစ်ပွားပြီး နောက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ တွဲနှစ်တွဲ လမ်း ချော်မှုဖြစ်ပွားခဲ့ပြီး တွဲများပေါ်ရှိ ခရီး သည်များကို ဘေးကင်းရာသို့ ပို့ဆောင် ပေးခဲ့သည်။ ဆင်ဟွာ

အထက်ဖော်ပြပါ သတင်းကိုပင် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်လွှင့် သော ရုပ်သံလွှင့်အစီအစဉ်များ၊ အင်္ဂလန် နိုင်ငံမှထုတ်လွှင့်သော ဘီဘီစီ ရုပ်သံ လွှင့်အစီအစဉ်များ၊ အမေရိကန်ပြည် ထောင်စုမှထုတ်လွှင့်သော ရုပ်သံလွှင့် အစီအစဉ်များတွင်လည်း ယင်းမီး ရထားနှစ်စင်းတိုက်မှုကို ထုတ်လွှင့် ပြသသွားခဲ့၏။ ကျွန်တော်တို့ မြန်မာ နိုင်ငံမှပင်ထုတ်ဝေသော သတင်းဂျာ နယ်များ၊ သတင်းမဂ္ဂဇင်းများတွင် လည်း ထိုသတင်းကို ကျယ်ကျယ်ပြန့် ပြန့် ဓာတ်ပုံသာဓကအထောက်အထား များနှင့် ဖော်ပြပေးခဲ့သည်။ ဧပြီလ နောက်ဆုံးရက်သတ္တပတ်များကလည်း တောင်ကိုရီးယားနိုင်ငံ ကမ်းလွန် ပင်လယ်ပြင်တွင် ဇိမ်ခံသင်္ဘောတစ်စီး နစ်မြုပ်ခဲ့သဖြင့် ကလေးသူငယ် ကျောင်း သူ၊ ကျောင်းသား ၃၀၀ ကျော်အပါ အဝင် ပျောက်ဆုံးမှုကြီး ဖြစ်ပွားခဲ့ရ သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ခံဝန်ကြီး နုတ်ထွက်စာတင်၍ နုတ်ထွက်သွားရသည့် သတင်းကိုပါ ဖတ်ရှုခဲ့ကြရသော ကမ္ဘာ့နိုင်ငံအသီး သီးမှ လူထုမှာ စိတ်သောကရောက်ခဲ့ ကြရသည်။

ဤကဲ့သို့ မီးရထားတိုက်မှု မတော် တဆ မီးရထားတိမ်းမှောက်မှု၊ လမ်း ချော်မှု၊ မီးရထားမီးလောင်မှုများကို






www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာမှာ လူထုသည် ဖန်တရာတေအောင် ကြားခဲ့ရ မြင်ခဲ့ကြရသည်။ ယနေ့ သိပ္ပံပညာ အလွန်တိုးတက်ပါသည် ဟုဆိုသော အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပ တိုက် နိုင်ငံအများတွင်လည်း ဤကဲ့သို့ မီးရထားမတော် တဆဖြစ်မှုများ ဖြစ်ပွားခဲ့၏။ အထက်ဖော်ပြပါ နိုင်ငံများ တွင် မီးရထားလမ်းလုံခြုံချောမွေ့စေရေးကို ခေတ်မီနည်း ပညာများ၊ ခေတ်မီစက်ကိရိယာများနှင့် စနစ်တကျ ဆောင် ရွက်ခဲ့ကြသော်လည်း မီးရထားမတော်တဆဖြစ်မှုများမှာ ဖြစ်ပွားပြီး ဖြစ်ပွားဆဲဖြစ်သည်။ ကျွန်တော်တို့ အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် မီးရထားလမ်းချော် မှု၊ တိုက်မှု မကြာခဏဖြစ်ပွားခဲ့ရသည်ကို ကျွန်တော်တို့ သိရှိထားခဲ့ရ၏။

မှန်ပါသည်။ မီးရထားမတော်တဆဖြစ်ရမှုများသည် ခရစ်နှစ် ၁၈၀၃ ခုနှစ်တွင် ပြည်သူတို့၏ ကုန်သွယ်ရေး အလို့ငှာ ဗြိတိသျှပါလီမန်၏ ခွင့်ပြုချက်နှင့် မီးရထား စတင်ဖွင့်လှစ်နိုင်ခဲ့သည့် အချိန်ကပင် စတင်သည်ဟု ဆိုရ မည်ဖြစ်ပါသည်။ ထိုကာလကမှ ဗြိတိသျှပြည်သူအများက မီးရထားအား "သံမြင်း"ဟု ကင်ပွန်းတပ်ထားသည်။ သံမြင်း ဟုခေါ်ရခြင်းမှာ ရထားတွဲများကို မြင်းဖြင့်ဆွဲခဲ့ရာမှ သံဖြင့် ပြုလုပ်ထားသော စက်ခေါင်းဖြင့်ဆွဲရသဖြင့် "သံမြင်း"ဟု ပြည်သူအများက ကင်ပွန်းတပ်ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့ မီးရထားစတင်ပြေးဆွဲသည့်အချိန်မှစ၍ မီးရထားမတော် တဆဖြစ်ပေါ်ခဲ့ရသည်ဟု သိရ၏။ ဤသို့ မတော်တဆဖြစ် ရခြင်းများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ရခြင်း သည် အဓိကဖြစ်သည်ဟု မီးရထားမတော်တဆဖြစ်ရမှု များအား စောင့်ကြည့်လေ့လာ အကဲခတ်သူများက ဆိုကြ ၏။ သာဓကအားဖြင့် လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မီးရထားသံလမ်းများ ရေတိုက်စားခြင်း၊ မီးရထား တံတားများ ပျက်စီးခြင်း၊ တောင်များပြို၍ လမ်းပိတ်ခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် သံလမ်းများ ပျက်စီးခြင်းတို့ ဖြစ် သည်။ ကမ္ဘာ့မီးရထားသွားလာမှုသမိုင်းတွင် စံချိန်တင်ရ လောက်အောင် ပျက်စီးဆုံးရှုံးမှုနှင့်တွေ့ရသော ဖြစ်စဉ်မှာ ခရစ်နှစ် ၁၉၃၅ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန် ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်တွင် ဖြစ်ပွားခဲ့၏။

ဖလော်ရီဒါအရှေ့ဘက် ကမ်းရိုးတန်း မီးရထားလမ်း




တစ်စိတ်တစ်ဒေသဖြစ်သော မီယာမီ ကီးဝက်(စ်) မီးရထား လမ်း မိုင် ၁၅၆ မိုင်မှာ ကျွန်းစုကလေးပေါင်း ၂၉ ကျွန်း ကို ဖြတ်သန်းဖောက်လုပ်ထားသည်။ တစ်ကျွန်းနှင့်တစ် ကျွန်းကို တံတားကြီးများ ဆောက်ထား၏။ ထိုတံတားကြီး များမှာ ပင်လယ်ရေမျက်နှာပြင်ပေါ် ဖြတ်၍တည်ဆောက် ထားပြီး တံတားကြီးတစ်စင်း၏ အရှည်မှာ ၇ မိုင် ရှည် လျားသည်ဟုဆို၏။ ထို့ကြောင့် ၎င်းတံတားကြီးမှာ ခုနစ်မိုင် တံတားဟူ၍ အမည်တွင်လေသည်။ ပြင်းထန်သော လေပြင်း မုန်တိုင်းသည် အထက်ဖော်ပြပါ ကျွန်းစုများ၊ မီးရထား တံတားများကို ဖြတ်သန်းတိုက်ခတ်ခဲ့သည်။ ကျွန်းသူကျွန်း သားများ၊ မီးရထားလမ်းတည်ဆောက်နေသည့် ဝန်ထမ်း များ၊ မီယာမီမြို့မှ လာနေသော ခရီးသည်အပြည့် တင် ဆောင်လာသည့် မီးရထားကြီးမှာလည်း လေမုန်တိုင်း ကြောင့် တက်လာသည့် ရေလှိုင်းများအောက် ရောက်သွား ခဲ့ရသည်။ လူထောင်သောင်း သေကျေပျက်စီးခဲ့ရ၏။ ဤ ၁၉၃၉ ခုနှစ်၊ ဟာရိကိန်းမုန်တိုင်းကြီးကြောင့် မီးရထား တံတားများအားလုံး ပျက်စီးခဲ့ရပြီး ကမ္ဘာ့မီးရထားသမိုင်း



www.burmeseclassic.com

www.burmeseclassic.com

တွင် အဆိုးဝါးဆုံးသော မီးရထားမတော်တဆမှုကြီးဟု သတ်မှတ်ခဲ့ကြ၏။

ထို့အတူ လူသားတို့ဖြစ်ကြသော မီးရထားဌာနမှ ကာယဉာဏလုပ်သားများ၊ ခရီးသည်များကြောင့်လည်း မီးရထားမတော်တဆဖြစ်မှုများ ဖြစ်ကြ၏။ အိန္ဒိယနိုင်ငံနှင့် အာဖရိကတိုက်နိုင်ငံအချို့တွင် မီးရထားခရီးသည်များ၏ ပေါ့ဆမှုကြောင့် မကြာခဏ မီးရထားတွဲများ မီးလောင်မှုများ ကြုံကြရ၏။ အချို့ မီးရထားဌာနမှ ဝန်ထမ်းများသည် လည်းကောင်း၊ မီးရထားခရီးသည်များသည်လည်းကောင်း မီးရထားတွဲများမှ ပစ္စည်းများကို လေးလေးစားစား ကိုင်တွယ်သုံးစွဲခြင်းမရှိသဖြင့်လည်းကောင်း၊ အချို့မသမာသော လူများက သံလမ်းများပေါ် ကျောက်တုံးများ၊ ကျောက်ခဲများ တင်ထားခြင်း၊ မီးရထားသံလမ်းများမှ မူလီများကို ဖြုတ်ထားခြင်းတို့ကြောင့်လည်းကောင်း မီးရထားမတော်တဆဖြစ်မှုများ ကြုံတွေ့ရလေ့ရှိ၏။ တစ်ခါတစ်ရံတွင်လည်း ခေတ်နှင့်မလျော်ညီသော နည်းစနစ်ကြောင့်လည်း မီးရထားမတော်တဆမှုများ ဖြစ်ခဲ့ရသည်။ မည်သို့ပင်ဖြစ်စေကာမူ ယနေ့ နိုင်ငံတကာမှ သိပ္ပံပညာအတိုးတက်ဆုံး နိုင်ငံများတွင်လည်း အထက်ဖော်ပြပါ အကြောင်းများကြောင့် မီးရထားတိုက်မှုများ၊ မီးရထားတိမ်းမှောက်မှုများ ကြုံတွေ့ရလေသည်။ ဤနေရာတွင် အကြောင်းတိုက်ဆိုင်လာသဖြင့် မြန်မာနိုင်ငံတွင် ဗြိတိသျှနယ်ချဲ့သမားတို့ မီးရထားလမ်းဖောက်လုပ်၍ မီးရထားပြေးဆွဲကြသည့်အကြောင်းကို ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

ဗြိတိသျှတို့ ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲနှင့် အောက်မြန်မာနိုင်ငံအား သိမ်းပိုက်လိုက်ပြီးနောက် နှစ်အနည်းငယ်ကြသောအခါ တိတိကျကျပြောရလျှင် ခရစ်နှစ် ၁၈၆၉ ခုနှစ်၌ စူးအက်တူးမြောင်းကြီး တည်ဆောက်ပြီးစီးခဲ့သည်။ ထို့ကြောင့် ဥရောပတိုက်နှင့် အာရှတိုက်တို့၏ ဆက်ဆံမှုမှာ သိသိသာသာ တိုးတက်လာခဲ့သည်။ အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ စက်ကိရိယာများ၊ အထည်အလိပ်ပစ္စည်းများ တင်ပို့နိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ ဆန်စပါးနှင့် သစ်တောထွက်ပစ္စည်းများကိုလည်း တိုးတက်တင်ပို့နိုင်ကြ၏။ ကျောက်မီးသွေး၊ သကြား၊ ဖန်ထည်၊ မြေထည် စသော ကုန်ပစ္စည်းများကိုလည်း အင်္ဂလန်နိုင်ငံသည် မြန်မာနိုင်ငံသို့ တိုးတက်တင်သွင်းလာခဲ့၏။ ဤကဲ့သို့ ကုန်တင်မှု တိုးတက်လာသည်နှင့်အမျှ ယင်းကုန်များကို တွင်ကျယ်စွာ သယ်ယူပို့ဆောင်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန် လိုအပ်လာသည်။ ကုန်များအား အစုန်အဆန် တွင်ကျယ်စွာ သယ်ယူပို့ဆောင်ပေးနိုင်ရေးအတွက် ထိရောက်သော မီးရထားသယ်ယူပို့ဆောင်ရေးကို ထူထောင်ရန် လိုအပ်လာသည်။ ထိုသို့ မီးရထားသယ်ယူပို့ဆောင်ရေးကို ထူထောင်ပေးလိုက်လျှင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမှုကို အကြောင်းပြု၍ အထက်မြန်မာနိုင်ငံ၊ ရှမ်းပြည်၊ တရုတ်ပြည်၊ အိန္ဒိယနိုင်ငံတို့မှ လူအများ လာရောက်နေထိုင်ကြမည်ဖြစ်၍ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးမှုများ တိုးတက်လာမည်ဟု အောက်မြန်မာနိုင်ငံမှ ဗြိတိသျှကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ယူဆထားကြ၏။

သို့ဖြစ်၍ ရန်ကုန်မြို့မှ ထိုကာလက နယ်စပ်မြို့တစ်မြို့ ဖြစ်သော ပြည်မြို့သို့ မီးရထားလမ်းဖောက်ရန် ဗြိတိသျှအာဏာပိုင်များက စဉ်းစားလာခဲ့သည်။ ရန်ကုန်မြို့မှ ၁၆၁ မိုင် ကွာဝေးသော ပြည်မြို့သို့ မီးရထားလမ်းဖောက်လျှင် ကုန်ကျမည့် စရိတ်များကိုလည်း အသေးစိတ် တွက်ချက်၍ အိန္ဒိယအစိုးရထံ တင်ပြခဲ့သည်။ ခရစ်နှစ် ၁၈၇၄ ခုနှစ်တွင်မှ အိန္ဒိယအစိုးရသည် ထိုမီးရထားလမ်းဖောက်ရေးကို စဉ်းစားခဲ့ကြပြီး အထူးပြည်သူ့လုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်၍ ချက်ချင်းအကောင်အထည်ဖော်ရန် စီမံခဲ့သည်။

ထိုစဉ်ကာလက အိန္ဒိယနိုင်ငံတွင် မီတာဂိတ်(ချ်) (၃ ပေ ၃ ၃/၈ ပိုင်း လက်မ) မီးရထားလမ်းများ ပြည်နယ်အချို့တွင် ဖောက်လုပ်လျက်ရှိရကား ထိုပစ္စည်းများ စုဆောင်းထားရှိပြီးဖြစ်၍ ထိုပစ္စည်းများကို မြန်မာနိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည်။ ဤမီးရထားလမ်းကြီးကို ဖောက်လုပ်ရာတွင် လုပ်အားခငွေ လျော့လျော့ပေါ့ပေါ့နှင့် ပြုလုပ်ကြသော အိန္ဒိယတိုင်းရင်းသား အများအပြား အသုံးပြုခဲ့ပြီး သုံးနှစ်ကြာအောင် ဖောက်လုပ်ခဲ့ရသည်။ ဤသို့ဖြင့် ရန်ကုန်-ပြည် မီးရထားလမ်းကို ခရစ်နှစ် ၁၈၇၇ ခု၊ မေလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်၍ "ရန်ကုန်နှင့် ဧရာဝတီမြစ်ဝှမ်းအစိုးရမီးရထား" "The Rangoon and Irrawaddy Valley State - Railway" အမည်ဖြင့် ပြေးဆွဲခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် အောက်မြန်မာနိုင်ငံ ကုန်စည်ပို့ဆောင်ရေးမှာ ထူးထူးခြားခြား အမြတ်အစွန်းရပြီး လျင်မြန်သွက်လက်လာရကား ဗြိတိသျှအစိုးရသည် ရန်ကုန်-တောင်ငူ မီးရထားလမ်းကို ရန်ကုန်-ပြည် မီးရထားလမ်းကဲ့သို့ အစိုးရက တိုက်ရိုက်ဦးစီး၍ ဖောက်လုပ်ရန် ခရစ်နှစ် ၁၈၈၁ ခုနှစ်တွင် ဆုံးဖြတ်လိုက်လေတော့၏။ ၎င်းလမ်းကို ခရစ်နှစ် ၁၈၈၅ ခု၊ ဇူလိုင်လ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ရာ ထိုလမ်းအား ရန်ကုန်နှင့် စစ်တောင်းမြစ်ဝှမ်း အစိုးရ မီးရထားလမ်း (Rangoon and Sittaung Valley State Railway) ဟု အမည်ပေးခဲ့သည်။

ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံအား အလွယ်တကူ သိမ်းပိုက်နိုင်ခဲ့ပြီး ခရစ်နှစ် ၁၈၈၆ ခုနှစ်တွင် တောင်ငူမြို့မှ မိုင် ၂၂၀ ကျော် ကွာဝေးသော မန္တလေးမြို့သို့ မီးရထားလမ်း ဆက်လက်ဖောက်လုပ်ခဲ့သည်။ ထိုလမ်းအား ခရစ်နှစ် ၁၈၈၉ ခု၊ မတ်လ ၁ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီး ထိုလမ်းကို ဗြိတိသျှအာဏာပိုင်များက "တောင်ငူ၊ မန္တလေး တိုးချဲ့လမ်း"ဟု အမည်ပေးခဲ့၏။ ဤသို့အားဖြင့် အောက်မြန်မာနိုင်ငံ ပြည်မြို့နှင့် အထက်မြန်မာနိုင်ငံ မန္တလေးမြို့များသို့ မီးရထားလမ်းများ ဖောက်လုပ်ပြီးစီးခဲ့ပြီးနောက် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ တောင်ပေါ်ဒေသများပါမကျန် မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်ခဲ့ပြီးနောက် ဗြိတိသျှအစိုးရသည် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ မီးရထားလမ်း ဆက်သွယ်ဖောက်လုပ်ရန် ကြံစည်ခဲ့ကြပြီး မြေတိုင်းသည့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖောက်လုပ်နိုင်ခြင်းမရှိခဲ့ပေ။

မြန်မာနိုင်ငံ မီးရထားများကို "မြန်မာနိုင်ငံ အစိုးရ မီးရထားလုပ်ငန်း"အဖြစ် အစိုးရမှပင် ဦးစီးလုပ်ဆောင်ခဲ့သည့်အလျောက် မီးရထားလုပ်ငန်းအဝဝကို ဦးစီးအုပ်ချုပ်လုပ်ကိုင်သူမှာလည်း အစိုးရပင်ဖြစ်သည်။

ခရစ်နှစ် ၁၈၉၆ ခု၊ စက်တင်ဘာလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ မီးရထားလုပ်ငန်းအားလုံးကို အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ထူထောင်ထားသော "မြန်မာနိုင်ငံ မီးရထားကုမ္ပဏီ"သို့ လွှဲပြောင်းပေးခဲ့ရာ မီးရထားလုပ်ငန်းအားလုံးကို ဒါရိုက်တာအဖွဲ့ ဖွဲ့၍ ထိုအဖွဲ့မှ စီမံအုပ်ချုပ်ဆောင်ရွက်ခဲ့၏။ ၁၉၂၈ ခု၊ ဒီဇင်ဘာလ ၃ ရက်နေ့၌ မြန်မာနိုင်ငံ မီးရထားကုမ္ပဏီလီမိတက်နှင့် ကိုလိုနီခေတ် ဗြိတိသျှ မြန်မာနိုင်ငံအစိုးရ ချုပ်ဆိုသော စာချုပ်မှာ သက်တမ်းကုန်ဆုံးသွားခဲ့သည့်အလျောက် ၁၉၂၉ ခုနှစ်ဦးမှ စတင်၍ မီးရထားလုပ်ငန်းအားလုံးကို အိန္ဒိယအစိုးရမှ ပြန်လည်လက်ခံရယူပြီး အုပ်ချုပ်ရေးလုပ်ငန်းအဝဝကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ မီးရထားအုပ်ချုပ်ရေးအဖွဲ့၏ လက်အောက်တွင် ထားရှိလျက် တိုက်ရိုက်အုပ်ချုပ်လုပ်ကိုင်ရန် ကိုယ်စားလှယ်တစ်ဦး ထားခဲ့၏။

ထိုကိုယ်စားလှယ်တော်ကြီးအား အကူအညီပေးရန် မီးရထားအကြံပေးအဖွဲ့ကို ဖွဲ့ထားပေးခဲ့၏။ ထိုအဖွဲ့တွင် အစိုးရကိုယ်စားလှယ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဗြိတိသျှကုန်သည်ကြီးများအသင်း၊ အိန္ဒိယကုန်သည်ကြီးများအသင်း၊ တရုတ်ကုန်သည်ကြီးများအသင်းနှင့် မြန်မာကုန်သည်ကြီးများအသင်းများက ကိုယ်စားလှယ်များနှင့် ထိုစဉ်ကာလက မင်းတိုင်ပင်အမတ်ဟုခေါ်သော လွှတ်တော်ကိုယ်စားလှယ်တော်ကြီး နှစ်ဦးပါဝင်သည်။ ထိုလွှတ်တော်ကိုယ်စားလှယ်တော်တို့မှာ အထက်မြန်မာနိုင်ငံအတွက် တစ်ဦးနှင့်၊ အောက်မြန်မာနိုင်ငံအတွက် တစ်ဦးတို့ ဖြစ်ကြသည်။ ထိုစဉ်ကာလကမူ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဟု သတ်မှတ်ထားရာ မြန်မာနိုင်ငံအား အိန္ဒိယဘုရင်ခံချုပ်ကပင် တိုက်ရိုက်အုပ်ချုပ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဘုရင်ခံမှာ အိန္ဒိယဘုရင်ခံချုပ်၏ လက်အောက်ခံ ဒုတိယဘုရင်ခံသာ ဖြစ်၏။

ခရစ်နှစ် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ခွဲထွက်ခဲ့သည်။ ထိုနှစ်ကစ၍ မီးရထားလုပ်ငန်းအဝဝကိုလည်း ယခင် မီးရထားအုပ်ချုပ်ရေးအဖွဲ့ ကိုယ်စားလှယ်ကိုလည်း မီးရထားမင်းကြီး (Chief Railways Commissioner) ဟု ပြင်ဆင်ခေါ်ဝေါ်ခဲ့သည်။ ယင်းဌာနကို သီးသန့်ဌာနအဖြစ် ထားရှိပြီး မြန်မာနိုင်ငံဘုရင်ခံက တိုက်ရိုက်အုပ်ချုပ်ခဲ့လင့်ကစား ဒါရိုက်တာအဖွဲ့အနေဖြင့် အုပ်ချုပ်ရေးနှင့် မီးရထားလုပ်ငန်းအဝဝကို အစိုးရသည် သာမန်အားဖြင့် မီးရထားလုပ်ငန်းအဝဝကို ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့။

ယခု မီးရထားချင်းတိုက်မှုမှာ ကျွန်တော်တို့ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ခွဲထွက်ခြင်းမပြုမီ ဖြစ်ပွားခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

သော မီးရထားချင်းတိုက်မှု ဖြစ်၏။ ထိုစဉ်ကာလက မြန်မာနိုင်ငံ မီးရထားပို့ဆောင်ရေးလုပ်ငန်းအား အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် တည်ထောင်ထားသော မြန်မာနိုင်ငံမီးရထားကုမ္ပဏီက စီမံအုပ်ချုပ်နေသည့် အချိန်ဖြစ်၏။ ယင်းစိတ်မချမ်းမြေ့ဖွယ်ရာ သောကဝေဒနာအဖြာဖြာ ကြုံတွေ့ဖွယ်ရာ ထူးခြားဖြစ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၉၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့၊ ညနေ ၅ နာရီ မိနစ် ၃၀ အချိန်တွင် ရန်ကုန်မြို့ ဘူတာကြီးမှ မန္တလေးစာပို့ရထားသည် ထွက်ခွာလာခဲ့သည်။ စာပို့ရထားသည် မီးရထားဘူတာစဉ်အများ ရပ်လေ့ရှိရကား ရန်ကုန်-မန္တလေးလမ်းတစ်လျှောက် သွားလာကြသည်။ ခရီးသည်များ၊ ကုန်သည်များ အများဆုံး လိုက်ပါလာသည့်ရထားကြီးဖြစ်သည်။ ထိုရထားကြီးသည် ည ၁၀ နာရီခွဲအချိန်ခန့်၌ တော်ဝိနှင့် ပိန်းစလုပ်ဘူတာကြား၌ တံတားတစ်စင်းကို ဖြတ်ကျော်ခဲ့သည်။ ထိုအချိန်တွင် တစ်ဖက်မှ စုန်ဆင်းလာသော ကုန်ရထားတစ်စင်းကလည်း အရှိန်အဟုန်ပြင်းစွာ မောင်းနှင်လာသည်။ ထိုစဉ်က မှတ်တမ်းများအရ မီးရထားဌာနသည် လမ်းအန္တရာယ်ကင်းရှင်းသည်ဟူသော သတိပေးချက်ရရှိထားပါက မီးရထားများကို ၄၅ မိုင်နှုန်းအထိ မောင်းခွင့်ပေးထားသည်။ မန္တလေးအဆန်စာပို့နှင့် ကုန်ရထားနှစ်စင်းတို့အား သက်ဆိုင်ရာဘူတာများမှ တာဝန်ရှိသူများက "လမ်းအန္တရာယ်ကင်းရှင်းကြောင်း" "Line clear" သတိပေးချက်ကို ရရှိထားသဖြင့် အရှိန်ပြင်းစွာ မောင်းနှင်လာခဲ့သည်။

အထက်ဖော်ပြပါ တံတားအလွန် ကိုက်အနည်းငယ်တွင် ထိုအရှိန်ပြင်းစွာ မောင်းလာသော ရထားနှစ်စင်းသည် ခေါင်းချင်းဆိုင်တိုက်မိကြသည်။ နောင်အခါ ထိုမီးရထားတိုက်မှုကြီးမှ ကံအားလျော်စွာ အသက်ဘေးမှ ကင်းလွတ်လာသူများ၏ ပြောပြချက်အရဆိုရလျှင် မီးရထားနှစ်စင်းစလုံးသည် အချိန်မီ သတိပေးဥသြများ ဆွဲခြင်းမပြုခဲ့ဟုဆိုသည်။ မီးရထားနှစ်စင်း၏ တိုက်ရှိန်မှာ ပြင်းထန်လွန်းရကား စက်ခေါင်းနှစ်ခုစလုံးမှာ စိစိညက်ညက်ကြေသွားသည်။ မန္တလေးအဆန် စာပို့မီးရထားကြီး၏ ပထမတန်းခရီးသည်များ လိုက်ပါလာသောတွဲများ၊ ဒုတိယတန်းခရီးသည်များ လိုက်ပါလာသောတွဲများနှင့် တတိယတန်းခရီးသည်များ လိုက်ပါလာသောတွဲများ လေးတွဲမှာ တိမ်းမှောက်သွားခဲ့သည်။ ကျန်တတိယတန်းခရီးသည်များ လိုက်ပါလာသောတွဲများမှာ တိမ်းမှောက်သွားခြင်းမရှိခဲ့သော်လည်း ပျက်စီးသွားခဲ့၏။ ကုန်ရထားမှ တွဲများမှာမူ လူစီးစာပို့ရထားတွဲများကဲ့သို့ ပျက်စီးမှုမရှိ၊ နည်းပါးသည်ဟုဆိုသည်။

ဤရထားတိုက်မှုကြီးတွင် ကုန်ရထားစက်ခေါင်းတွဲ၌ လိုက်ပါလာသော ဆီထိုးသမားတစ်ဦးမှအပ ကျန်လူစီးစာပို့ရထားနှင့် ကုန်ရထားစက်ခေါင်းများမှ စက်ခေါင်းမောင်းသူများ၊ မီးထိုးသမားများ၊ ဆီထည့်သမားများအပြင် ခရီးသည် ၁၀၄ ဦး သေဆုံးခဲ့ရပြီး အခြားခရီးသည် ၅၇ ဦးမှာ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာရခဲ့သည်။ မြန်မာနိုင်ငံ့အဖို့ ခရစ်နှစ် ၁၈၇၇ ခုနှစ်၊ မေလ ၁ ရက်နေ့မှ အထက်ဖော်ပြပါ မီးရထားတိုက်မှုဖြစ်ပွားသည့်အချိန်ထိ ဤကဲ့သို့လူအများသေဆုံး ထိခိုက်ဒဏ်ရာရမှုရှိသော မီးရထားမတော်တဆမှု ဖြစ်ပွားခဲ့ခြင်းမရှိသဖြင့် ထူးထူးခြားခြားတုန်လှုပ်ချောက်ချားခဲ့ရသော မီးရထားမတော်တဆမှုကြီးဖြစ်ခဲ့သည်။ ထိုကာလထုတ်ဝေသော သတင်းစာများ ဤမီးရထားတိုက်မှုကြီးအား မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့၏။ အထူးသဖြင့် ထိုစဉ်က ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးနှစ်စောင်ဖြစ်သော သူရိယသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာကြီးများကမူ ဓာတ်ပုံအထောက်အထားများနှင့် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သည်။ ဤမီးရထားတိုက်မှုကြောင့် ထိုကာလက မြန်မာနိုင်ငံသုံးရူပီးငွေ တစ်သိန်းကျော် ဆုံးရှုံးခဲ့ရပြီး မီးရထားဌာနကလည်း ဤမီးရထားတိုက်မှုအတွက် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့၍ စစ်ဆေးကာ သက်ဆိုင်ရာတာဝန်ရှိသူများအား အရေးယူခဲ့သည်ဟု ဆိုကြပါကြောင်း။

■ လှမိုး(ပညာရေး)

ကျမ်းကိုး

(၁) Train Disaters

(၂) နှစ်တစ်ရာပြည့် မီးရထား (၁၈၇၇-၁၉၇၈)

(၃) သတင်းစာမှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com

(ထမင်းတစ်လုပ်အတွက်တိုင်းပြည်ကိုမလိမ်ဝံ့ပါ)




**ဦးသန်းဆွေ**

အယ်(လ်)ရန်နိုင်ဘရားသားဆေးတိုက်၊

အမှတ်(၇)၊ဇီဇဝါလမ်း၊ကြံခင်းစုရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။ ☎-၀၉-၇၃၂၀၇၈၉၁

www.burmeseclassic.com

www.burmeseclassic.com



# မျှားမှန်ရာတွေး အမှန်ရွေးနိုင်ပါစေ

စလင်း–ဦးအောင်သိန်း

ကိုသန်းမြိုင်ဆိုတာ မျက်မမြင်ဒုက္ခိတတစ်ဦးပါ။ သူ ကွယ်လွန်သွားတာ ခြောက်နှစ်ကျော်ကျော်လောက် ရှိပြီ။ သူ့အသက် ခြောက်ဆယ်အရွယ်ပါ။ အရပ်က ခြောက်ပေ နီးပါး၊ လူကဝဝ၊ ပေါင်ချိန်နှစ်ရာခန့် ရှိသည်။ အရွယ်ကောင်း စဉ်က ဆန်နို့ဆီဘူး သုံးဘူးချက်လောက် စားသည်။ သူ့အစ်မ ကြီးနဲ့ မိဘများ လက်ထက်ကတည်းက ရှိခဲ့သည့်အိမ်တွင် အတူနေသည်။ အစ်မကြီးက စီးပွားရေးသိပ်အဆင်မပြေ။ ကိုသန်းမြိုင်ကို ထမင်းဝအောင် မကျွေးနိုင်။ သူမျက်စိကွယ် တာက ကျောက်ပေါက်တဲ့ရောဂါ၊ ကျောက်ရောဂါပေါ့။ ကျောက်ရောဂါကြောင့် မျက်စိကွယ်ခဲ့ရတဲ့သူတွေ မနည်းဘူး။ အသက်သုံးနှစ်သားအရွယ်က ကွယ်ခဲ့ကြောင်း တစ်ဆင့်ကြား နဲ့ သိရပါတယ်။

လူပျိုပေါက်သာသာအရွယ်မှာ ပခုက္ကူမျက်မမြင် ကျောင်း တက်ခဲ့ပါတယ်။ ပတ္တလားတီး၊ ပုလွေမှုတ်ကို အတော်လေး နားထောင်ကောင်းအောင် တီးနိုင်၊ မှုတ်နိုင်ပါ တယ်။ အဆိုလည်း ပိုင်ပါတယ်။ စာမတတ်ပေမယ့် အပေါ အပြောကောင်းပါတယ်။ ရွာမှာ အလှူခံအသံချဲ့စက် ရောက် ပြီဆိုရင် ပေါတော့ ပြောတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ရွာကျောင်းကို ဆင်ဖြူကျွန်းက ကျောင်းဆရာရောက်လာပါတယ်။ အဲဒီဆရာက ရယ်စရာမောစရာ ဟာသဉာဏ်ရွှင်ရွှင်နဲ့ ပျော်ပျော်နေတတ်ပါတယ်။ သုံးနှစ်လောက်နေပြီး ဆင်ဖြူကျွန်းပြန်ပြောင်းသွားပါတယ်။ အဲဒီဆရာမိသားစုနောက် ကိုသန်းမြိုင်လိုက်ပါသွားပါတယ်။ ဆင်ဖြူကျွန်းမှာ အနေများပြီး ရွာကို ရန်ဖန်ရန်ခါမှ ပြန်လာပါတယ်။ ဆင်ဖြူကျွန်းနဲ့ ရွာနဲ့က ရှစ်မိုင်ဝေးပါတယ်။ အဲဒီခေတ်က ကားမရှိပါဘူး။ ခြေလျင်သွားရပြန်ရတာပါ။ ဆင်ဖြူကျွန်းမှာတော့ အနှိပ်သည်လုပ်ကြောင်း ပြောပြပါသည်။ ဦးစလင်းက အထက်တန်းကျောင်းသားဘဝကတည်းက ရွာကထွက်လာတာ တစ်နှစ်တစ်ခေါက် မရောက်ဖြစ်တဲ့နှစ်တွေ ရှိသေးသည်။ ကိုသန်းမြိုင်နဲ့ နှစ်ပေါင်းများစွာ မဆုံဖြစ်ကြပေမယ့် သူ့အမည်ခေါ်လိုက်တာနဲ့ ဦးစလင်းဆိုပြီး ပြန်နှုတ်ဆက်တော့တာပဲ။ သူ့မှတ်ဉာဏ်ကို အံ့ဩမိသည်။ အသံကိုဖျက်၍ပြောသော်လည်း မရပါ။ ဘယ်လိုဖျက်ဖျက် ဘယ်သူဖြစ်ဖြစ် မှန်အောင်ပြောနိုင်ပါသည်။

သူလမ်းသွားရင် တုတ်ရှည်တစ်ချောင်းနှင့် တောင်ယမ်း၊ မြောက်ယမ်း သွားပါသည်။ အံ့ဩဖို့ကောင်းတာက ဘေးကျေးရွာတွေကိုပါ သွားလာနိုင်ခြင်းဖြစ်ပါသည်။ ဘုန်းကြီးပျံပွဲ၊ ဘုရားပွဲ အလွတ်မပေးပါ။ ရှေ့တန်းကရောက်နှင့်သည်။ အဖော်နှင့် သွားလာလေ့မရှိပါ။ ဆင်ဖြူကျွန်းနဲ့ ရှစ်မိုင်ခရီး တစ်ယောက်တည်း သွားလိုက်လာလိုက် လုပ်နိုင်တာ အခြားမျက်မမြင်တွေအတွက် မလွယ်ဘူး။ အိမ်ထဲမှာ သွားလာပြီး အလုပ်လုပ်နိုင်တာ သိပ်မခက်လှဘူး။ ထမင်းချက်၊ ဟင်းချက်လုပ်တာ တွေ့ဖူးတယ်။

မျက်ကန်းလို့ပြောရင် စကားလုံးက ရိုင်းသလိုဖြစ်နေ၍ အလွယ်တကူ အဓိပ္ပာယ်ပေါ်လွင်စေလို၍ သုံးခြင်းဖြစ်ပါသည်။ ကိုသန်းမြိုင်က သုံးနှစ်အရွယ်ကတည်းက ကန်းတာဆိုတော့ ငယ်ကန်းပေါ့။ ငယ်ငယ်ကတည်းက ကန်းလို့သွားတာလာတာ ကျွမ်းကျင်လေသလားမသိ။ ရဟန်းသံဃာတွေမှာလည်း ငယ်ဖြူ တောထွက်ဟု ခွဲခြားထား၏။ ငယ်ဖြူတွေက အများအားဖြင့် တောထွက်တွေထက် ပရိယတ်၊ ပဋိပတ် ပိုမိုတတ်ကျွမ်းကြသည်။ အသက်ကြီးမှ ကန်းတဲ့ကြီးကန်းတွေက ငယ်ကန်းတွေလောက် သွားတာလာတာ မလုပ်နိုင်တာ တွေ့ရသည်။ အသက်အရွယ်ချင်းတူလျှင် ငယ်ကန်းတွေကို ကြီးကန်းမယှဉ်နိုင်။

မျက်မမြင်အကြောင်း ယခုကဲ့သို့ ပြောဆိုတင်ပြနေရခြင်းက ဦးစလင်း တရားလိုအကျိုးဆောင်အဖြစ်နဲ့ မျက်မမြင် မသန်းရင်အမှု လိုက်ပါခဲ့စဉ်က အတွေ့အကြုံလေး တင်ပြချင်၍ ဖြစ်ပါသည်။

---

**အမှုမှာပေါ်ပေါက်တဲ့အတိုင်း ဆုံးဖြတ်တာမှန်ပါသည်။ တရားရုံးသည်**
**အမှုတွင် ပေါ်ပေါက်သည့်အတိုင်းသာ ဆုံးဖြတ်ရပါသည်။ မကြည်သိန်းသည်**
**ပကာတိလူကောင်း ဖြစ်ပါလျက် အော်ဟစ်အကူအညီမတောင်းဘူးလား၊**
**အတူနေအိမ်သားတွေ မရှိဘူးလား၊ စဉ်းစားစရာ အချက်အလက်များစွာ ရှိနေသည်။**

---

ဖဒိုမြို့ဆိုတာ ကျောက်တံခါးမြို့နယ်ထဲကပါ။ စီးပွားရေး အတော်လေးကောင်းတယ်။ ဖဒိုအနောက်ပိုင်း ခရစ်ယာန်ကျောင်းနားကနေ မြောက်ဘက်ကိုသွားလျှင် အညာစုရွာ၊ ထီးလပ်ရွာတို့ဟာ တစ်တန်းတည်းပါ။ ထီးလပ်က ဖဒိုနဲ့ သုံးမိုင်လောက် ဝေးတယ်။ မသန်းရင်ဆိုတာ ထီးလပ်ရွာက မျက်မမြင်ဒုက္ခိတပါပဲ။ အဲဒီရွာလေးက ရွာဆင်းရဲလေးပါ။

"ညောင်လေးပင်က ရှေ့နေဦးစလင်း ဟုတ်ပါလား"

ယခင်ကတည်းက ရင်းနှီးတဲ့ ကိုမောင်အေး တိုက်တွန်းတာနဲ့ သူတို့ဟုတ်တာပါ။ အတော်ဆင်းရဲကြပါတယ်။ ဦးစလင်းက နာမည်မရသေးတော့ မဟုတ်ချင်ဟုတ်ချင်နဲ့။

ပြင်ပရှေ့နေက တရားလိုအကျိုးဆောင်အဖြစ် လိုက်ပါတဲ့အမှုတွေမှာ ဥပဒေဝန်ထမ်း၏ ကြီးကြပ်မှု (Under Control) နဲ့ လိုက်ပါဆောင်ရွက်ရပါတယ်။ ဥပဒေအရာရှိက စစ်ဆေးတာမို့ ဦးစလင်း ဘေးနားက ငုတ်တုတ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

"နှင့်ရှေ့နေကလည်း သစ်တုံးချထားတဲ့အတိုင်းပဲ။ စကားကော ပြောတတ်ရဲ့လား"

ကိုမောင်အေး ပြန်ပြောပြလို့ သိရတဲ့စကားပါ။ "ဆုံးအောင်ကြည့်ပါဦး"လို့ပဲပြောလိုက်တယ် ဆရာဦးစလင်းရေ။

ညောင်လေးပင်ကနေ ထီးလပ်ကို မိုင် ၂၀ ခရီး စက်ဘီးစီးပြီး အချင်းဖြစ်နေရာ(See of Crime) သွားကြည့်ပါတယ်။ မသန်းရင်တို့အိမ်က ရွာတောင်ပိုင်း အစွန်မှာပါ။ မြောက်ဘက်က အိမ်နဲ့ကို အတော်လေး လှမ်းသေးတယ်။ ကျန်တဲ့ဘက်တွေမှာ လယ်ကွင်းပြင်သာ ရှိသည်။

"စောခင်က ဘုန်းကြီးဘကွင်း ဘုန်းကြီးပျံပွဲ သွားကြည့်နေတာ။ အိမ်မှာတစ်ယောက်တည်း"

မစောခင်ဆိုတာ မသန်းရင်၏ညီမ အပျိုကြီးပါ။ ယောက်ျားတစ်ယောက်လို ကျားကျားလျားလျားပဲ။

"ကျွန်မရှိလို့တော့ ဘာရမလဲ။ အနားတောင် မကပ်ဝံ့ဘူး"

ရဲအမှုတည်ဆောက်ထားတာ ခိုင်လုံမှုမရှိဘူး။ မျက်မမြင်ကို သက်သေတောင်းနေတော့ မသန်းရင် ဘာပြောတတ်မှာလဲ။ ရွာထဲကို ကိုမောင်အေးနဲ့အတူ ပတ်လိုက်ပါတယ်။ ဒါမျိုးဆိုတာ အရက်ဆိုင်က သဲလွန်စ ရတတ်တယ်ဆိုပြီး အရက်ဆိုင်ထဲ ဝင်တယ်။ ကိုမောင်အေး အရက်အနည်းအကျဉ်းသောက်တတ်သည်။ သူသောက်တာ ထိုင်စောင့်ရင်း အရိပ်အကဲ ကြည့်ရသည်။ ဆိုင်ရှင်ကို ဘာသွားပြောလိုက်သည်မသိ။ ဆိုင်ရှင်ရောက်လာသည်။ ပွဲကတဲ့နေ့ ညနေဘက်မှာ အဲဒီနှစ်ကောင် ငှက်ပစ်သေနတ် တစ်လက်စီနဲ့ ဆိုင်လာသောက်သွားသေးသည်ဟု သိရသည်။ နွားကျောင်းသားလေးတစ်ယောက်ကလည်း ရွာတောင်ဘက် ရိုးစပ်မှာ ငှက်ပစ်နေတာ တွေ့သည့်အကြောင်း သတင်းရလာသည်။ ရဲစစ်ချက်ထဲမှာ ဒါတွေမပါ။ ဓာတုဗေဒဝန်ရုံးပြန်စာ၊ ဆရာဝန်ဆေးစစ်ချက်အရ ကာမစပ်ယှက်ထားကြောင်းလောက်သာ ပေါ်ပေါက်သည်။

"မစောခင် . . . နွားကျောင်းသားလေးကို ဦးစလင်း တွေ့ချင်တယ်တဲ့၊ သွားခေါ်လိုက်"

မစောခင် ထွက်သွားသည်။ ယခုအမှုတွင် တရားခံများ ဖမ်းဆီးရုံးတင်ထားသည်မှာ မသန်းရင်၏ "အသံကို မှတ်မိပါတယ်"ဟူသော စွပ်စွဲချက်သာရှိသည်။ စွပ်စွဲခံရသူ အသံရှင် သောင်းကြည်နဲ့အတူ တွဲနေတယ်ဆိုတဲ့ စိန်မြင့်ကို အားပေးကူညီသူအဖြစ် ရုံးတင်တရားစွဲထားသည်။ အခြားအထောက်အထားမရှိ။ ဤအချက်မျှလောက်နဲ့တော့ သက်သေခိုင်လုံပြီဟု မဆိုနိုင်။ အမှုစစ်ရဲ့ ထောက်ခံစာကတော့ ပထမအကြိမ် စစ်ဆေးပြီး ဆယ့်လေးငါးရက်အကြာ ဒေါ်သန်းရင်ကို ကြိုတင်မပြောဘဲ စကားပြောဆိုရာ အသံကို မှတ်မိနေကြောင်း ထောက်ခံထွက်ဆိုထားသည်။

"ဒေါ်သန်းရင်ကော တခြားထူးထူးခြားခြားသိတာ၊ မှတ်မိတာ ရှိသေးလား"

"ဆိုင်လား၊ မဆိုင်လားတော့ မသိဘူး။ ထူးခြားတယ်လို့တော့ ထင်တာပဲ"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်မ ညာလက်နဲ့ စမ်းမိတာဆိုတော့ သူ့ဘယ်ဘက်လက် လက်မအပေါ်နားလေးမှာ လက်ပွားလေး စမ်းမိပါတယ်"

ဒါဟာ အမှုမှာ တော်တော်အထောက်အကူပြုသည့် အချက်ပင်။

"ရဲစစ်တော့ အဲဒါ ပြောမိသေးလား"

"မမေးလို့ မပြောမိပါဘူး"

"မပြောလည်း ရပါတယ်။ ရုံးရှေ့ထွက်ချက်က အရေးကြီးတာပဲ"

ပြောဆိုနေစဉ်မှာပဲ မစောခင် ကောင်လေးတစ်ယောက်နှင့်အတူ ပြန်ရောက်လာသည်။ နွားကျောင်းစဉ်က တွေ့မြင်ရတာလေး ပြောပြနိုင်သည်။

"ဦးလေးသောင်းနဲ့ ဦးလေးစိန်မြင့် သေနတ်တွေနဲ့ ငှက်ပစ်တာ တွေ့တယ်။ နွားတွေမောင်းပြီး အိမ်ပြန်ချိန်ထိ သူတို့မပြန်သေးဘူး နှစ်ယောက်လုံးက အရက်မူးနေတဲ့ပုံပဲ"

နွားကျောင်းသားလေးသိတဲ့အချက်ကလည်း အမှုမှာ ကွင်းဆက်လေးတစ်ခုပါပဲ။ ဘယ်ဟာမဆို အသေးအဖွဲ့လို့ ယူဆလို့မရဘူး။ ညနေ ၄ နာရီလောက်မှာ ဖနီ၊ ဘွဲ့ချင်၊ နိုးတန်း၊ ကျွဲသေမြောင်လမ်းကနေ ညောင်လေးပင်ကိုပြန်ခဲ့တယ်။

နောက်ရုံးချိန်းတွေမှာ ဥပဒေဝန်ထမ်းကို အကျိုးအကြောင်းပြောပြီး အမှုစစ်ဆေးခွင့်တောင်းရာ ခင်မင်သူများ



www.burmeseclassic.com

www.burmeseclassic.com

မို့ အလွယ်တကူ ခွင့်ပြုပါသည်။ အမှုအနေအထားကလည်း ရဲတည်ဆောက်ထားတာ မပီပြင်တော့ သိပ်စစ်ချင်ပုံလည်း မပေါ်ပါဘူး။ ဦးစလင်း ရှာဆင်းပြီး သိထားသမျှတွေကို အထောက်အထားတွေနဲ့ ရုံးတော်ကို တင်ပြလိုက်တော့ တရားခံတွေ လွတ်လမ်းမရှိတော့ဘူးပေါ့။

မသန်းရင်က အသံကို မှတ်မိတယ်ဆိုတာ အရပ်အမြင်နဲ့ပြောရရင် လူကို လက်ဆွဲပြီး ပြလိုက်သလို အမှန်လို့ လက်ခံပါတယ်။ အသံဖျက်ပြောလည်း မရပါဘူး။ မှန်အောင်ပြောနိုင်ပါတယ်။

ကိုသန်းမြိုင်နဲ့က ကိုယ်တွေ့ပဲ။

သို့သော် ဥပဒေပြဌာန်းချက် မရှိသော်လည်း စီရင်ထုံးအရ အသံကိုမှတ်မိခြင်းသည် သက်သေခံမဝင်ပေ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်နှင့် မောင်ဝင်းထိန် ၁၉၇၅ ခုနှစ်၊ တရားစီရင်ထုံးများ။ စာ-၆၃။ ရေကြည်မြို့နယ်၊ ကျွဲရဲရွာနေ မကြည်သိန်းသည် ၎င်း၏ အိမ်ပေါ်သို့ ညသန်းခေါင်ယံအချိန် လူတစ်ယောက်တက်လာပြီး အဓမ္မကြံစည်သူအား အရေးယူပေးပါရန် တိုင်ကြားခဲ့သော အမှုဖြစ်သည်။ တရားခံမောင်ဝင်းထိန်ဖြစ်ကြောင်း အသံမှတ်မိ၍ ပြောနိုင်ကြောင်းဖြင့် ထွက်ဆိုသည်။ အခြားထောက်ခံသည့် သက်သေခံချက်မရှိ။

ရေကြည်မြို့နယ်တရားရုံးက ပုဒ်မ-၃၅၆ အရ လက်ခံစစ်ဆေးပြီး အပြီးသတ်အမိန့်ချမှတ်ရာတွင် တရားခံအား အပြီးအပြတ်လွှတ်ခဲ့သည်။ ဗဟိုဥပဒေရုံးမှတစ်ဆင့် တရားရုံးချုပ်သို့ အယူခံဝင်ရောက်ခဲ့သည်။ တရားရုံးချုပ်မှ အသံကိုကြားရုံမျှဖြင့် လူကိုမှတ်မိသည်ဆိုခြင်းမှာ ခိုင်လုံသော သက်သေအထောက်အထားမဟုတ်၊ အခြားထောက်ခံသည့်အချက်မရှိသဖြင့် တရားခံအား အပြီးအပြတ်လွှတ်ခဲ့ခြင်းသည် မှန်ကန်ကြောင်းဖြင့် အယူခံမှုအား ပလပ်ခဲ့ပါသည်။

အမှုမှာ ပေါ်ပေါက်တဲ့အတိုင်း ဆုံးဖြတ်တာ မှန်ပါသည်။ တရားရုံးသည် အမှုတွင် ပေါ်ပေါက်သည့်အတိုင်းသာ ဆုံးဖြတ်ရပါသည်။ မကြည်သိန်းသည် ပကတိလူကောင်းဖြစ်ပါလျက် အော်ဟစ်အကူအညီမတောင်းဘူးလား။ အတူနေအိမ်သားတွေ မရှိဘူးလား။ စဉ်းစားစရာ အချက်အလက်များစွာ ရှိနေသည်။

အဲဒီ စီရင်ထုံးအရ ရဲအမှုတည်ဆောက်ထားသည့်အတိုင်း အသံကြား၍ ပြောနိုင်ပါသည်ဆိုရုံမျှဆိုလျှင် မသန်းရင်အမှုမှာ တရားခံလွတ်ပြီပေါ့။ အခြားထောက်ခံသည့် အချက်များ ပေါ်လွင်အောင် ဖော်ထုတ်ထားရသည်။ လက်မအပေါ်နားတွင် အသားတက်(လက်ပွား)ရှိနေခြင်း၊ နှစ်ယောက်အတူ သေနတ်ကိုယ်စီဖြင့် ၎က်ပစ်သည်ကိုတွေ့ခြင်း စသည့်ထောက်ခံသည့်အချက်များ ရှိနေပေသည်။

ရဲအမှုစစ်စဉ်က ထွက်ဆိုချက်ပေးတာ မရှိဘဲ ရုံးရှေ့ရောက်မှ ထွက်ဆိုထားလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၁၆၂ အရ တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။ ထွက်ချက်နှစ်ရပ်တွင် သက်သေက ရုံးရှေ့ထွက်ဆိုချက်က အမှန်ဖြစ်ပါသည်ဟုဆိုလျှင် ထိုထွက်ဆိုသည့်အတိုင်း လက်ခံရပါသည်။ ရဲထံလိမ်ထွက်ခြင်းသည် အပြစ်မရှိသော်လည်း ရုံးတော်တွင်လိမ်ထွက်လျှင် မမှန်သက်သေခံမှုဖြင့် အရေးယူနိုင်ပေသည်။

တရားခံသောင်းကြည်က "ရဲဘော်တို့၊ လုံခြုံရေးအတွက် ဝပ်ကင်းစောင့်ကြ၊ မဆိုင်သူလာရင် ပစ်သတ်၊ အော်မယ်မကြံနဲ့ သေသွားမယ်"ဟု အော်ဟစ်ပြောဆိုပြီး သေနတ်မောင်းထိုးသည့်အသံ ကြားရကြောင်း မသန်းရင်က ထွက်ဆိုထားသည်။

အသံကြား၍ လူကိုမှတ်မိသည့်အပြင် လက်ပွားရှိခြင်း၊ သေနတ်ကိုင်ဆောင်ခြင်းများက ထောက်ခံနေသည်။ တရားခံများမှာ တောင်သူလယ်သမားဖြစ်ခြင်း၊ ယခင်က ပြစ်မှုကျူးလွန်ခဲ့ဖူးခြင်း မရှိခြင်းတို့ကို ထောက်ထားလျက် ပြစ်ဒဏ်ကို သက်ညှာခဲ့ပါသည်။

မစောခင်ဟာ ခြံထွက်၎က်ပျောနိုင်ကိုခုတ်ပြီး တောင်းထဲထည့်ရွက်ကာ ဦးစလင်းအိမ်သို့ လာပို့သွားပါသည်။ သူ့မျက်လုံးများက ကျေးဇူးတင်ကြောင်း၊ ဂုဏ်ယူပါကြောင်း ဆိုလိုဟန်ရှိသော်လည်း နှုတ်ဖြင့်ဘာမှမပြောပါ။ မပြောလည်း ကျေနပ်နေမိပါတော့သတည်း။

ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာကြပါစေ...

စလင်းဦးအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှုနှင့် တရားမ သက်သေပြရန်တာဝန်

□ ဦးဝင်းလှိုင် [တရားရုံးချုပ်ရှေ့နေ]

အများပြည်သူတို့ နေ့စဉ်ကြုံတွေ့နေရသော မှုခင်းများတွင် ပြစ်မှု(ရာဇဝတ်မှု)နှင့် တရားမမှုခင်းများ ဖြစ်ပေသည်။

ပြစ်မှုဆိုသည်မှာ အဘယ်နည်း။ အကြမ်းဖျင်းဆိုရလျှင် ပြစ်မှုဆိုင်ရာ ဥပဒေအရလည်းကောင်း၊ အထူးဥပဒေတစ်ရပ်ရပ်အရလည်းကောင်း ဖြစ်ပွားသော မှုခင်းများ ဖြစ်ပေသည်။ ထိုမှုခင်းများအနက် ရဲစခန်း (စစစ)ဌာနနှင့် အစိုးရဌာန တစ်ခုခုက တရားလိုပြုလုပ်တရားစွဲဆိုခြင်းရှိသကဲ့သို့ ပြည်သူအချင်းချင်း စွဲဆိုသော မှုခင်းများ ဖြစ်ပေသည်။

တရားမ မှုခင်းဆိုသည်ကိုကား တရားရုံးများတွင် တရားမကြီးမှု ခေါ်ဆိုကြသည်။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ-၂(၁၀)တွင် "တရားမကြီးမှုဆိုသည်မှာ အယူခံမှုသော်လည်းကောင်း၊ လျှောက်ထားမှုသော်လည်းကောင်း မပါဝင်"ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပေသည်။

ယေဘုယျအားဖြင့် ဆိုရလျှင် တရားမမှုခင်းများသည် ပြည်သူအချင်းချင်း ဖြစ်ပွားကြသော မှုခင်းများဖြစ်ပေသည်။ ချုပ်၍ဆိုရသော် ရလိုမှုတစ်ခုခုအတွက် စွဲဆိုသော မှုခင်းဖြစ်ပေသည်။ ဥပမာအားဖြင့် အမွေပုံ စီမံခန့်ခွဲလိုမှု၊ ပစ္စည်းလက်ရောက်ရလိုမှု၊ အခမဲ့ထားသူအား ဖယ်ရှားပေးစေလိုမှု၊ ကျူးကျော်သူအား နှင်လိုမှု စသည့် မှုခင်းမျိုးများ ဖြစ်ပေသည်။ တရားမမှုခင်းများကို အစိုးရဌာနအနေဖြင့်လည်း စွဲဆိုရသည်များရှိသည်။ ယနေ့ကာလ အနီးဆုံးဥပမာဆောင်ရလျှင် ဘဏ်ချေးငွေရလိုမှုကဲ့သို့သော မှုခင်းမျိုး ဖြစ်ပေသည်။

ဤနေရာတွင် စကားစပ်သဖြင့် တင်ပြလိုပေသေးသည်။ တရားမမှုခင်းမျိုးကား တစ်ကြိမ်တစ်ခါ တရားစွဲဆိုပြီးပါက အချင်းဖြစ်အကြောင်းအရာနှင့် ပတ်သက်၍ နောက်တစ်ကြိမ် တရားစွဲဆိုခွင့် မရှိပေ။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ-၁၁ ဖြင့် ပိတ်ပင်ထားပေသည်။

ကျွန်တော်၏ အမှုသည်အား တစ်ဖက် တရားလိုက အချင်းဖြစ်အကြောင်းအရာနှင့် ပတ်သက်၍ ပထမတစ်ကြိမ် တရားစွဲသည်။ ကြားနာဆဲကာလတွင် ထိုတရားလိုက ၎င်းစွဲဆိုသည့် တရားမကြီးမှုကို ခွင့်ချက်မရှိ ရုပ်သိမ်း၏။ ထို့နောက်တစ်ဖန် ထိုအကြောင်းအရာအပေါ်၌ပင် ထပ်မံ၍ တရားမကြီးမှု စွဲဆို၏။ ကျွန်တော်၏ အမှုသည်အတွက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ-၁၁ ကို ကိုးကားလျှောက်လဲသည်။ ကာလစည်းကမ်းသတ်ဥပဒေ ပုဒ်မ-၂(၁၀) ပြဋ္ဌာန်းချက်ကို ညွှန်ပြလျှောက်လဲ၏။ သို့တိုင် ကျွန်တော်၏ အမှုသည် ရှုံးနိမ့်ခဲ့ရပါသည်။ (မှတ်ချက်- အသေးစိတ်သိရှိလိုပါက တွေ့ဆုံမေးမြန်းနိုင်ပါသည်။)

ဤစာစုတွင် ပြစ်မှုတွင်လည်းကောင်း၊ တရားမမှုခင်းများတွင်လည်းကောင်း သက်သေပြရန် တာဝန်နှင့် ပတ်သက်၍ တင်ပြလိုရင်းဖြစ်သောကြောင့် လွှာမရှည်လိုတော့ပါ။

ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ပတ်သက်၍ သက်သေခံဥပဒေပုဒ်မ-၁၀၁ တွင် သက်သေထင်ရှားပြရန် တာဝန်သည် တရားလိုဘက်တွင်တည်ရှိကြောင်း ပြဋ္ဌာန်းထားပေသည်။ ဆိုလိုသည်မှာ မောင်ဖြူက မောင်မဲသည် ပြစ်မှုကျူးလွန်သည်ဆိုက မောင်မဲအား ပြစ်ဒဏ်စီရင်ပေးရန်

www.burmeseclassic.com

တရားရုံးသို့ လျှောက်ထားသည်။ ယင်းပြစ်မှုကို မောင်မဲ ကျူးလွန်ကြောင်း ထင်ရှားအောင် မောင်ဖြူက သက်သေ တင်ပြရပေမည်။

ပြစ်မှုဖြင့် တရားစွဲဆိုတင်ပို့ခံရသော တရားခံသည် တရားရုံးမှ စွဲချက်တင်သည့် အမိန့်မချမှတ်မီအထိ အပြစ် မရှိသူဖြစ်သည်။ တရားစွဲအဖွဲ့အစည်းဘက်မှ တရားခံ ပြစ်မှု ကျူးလွန်ကြောင်း ခိုင်ခိုင်လုံလုံ တရားရုံးသို့ တင်ပြရပေ သည်။ ထို့ကြောင့်လည်း တရားရုံးမှ စွဲချက်မတင်မီအထိ တရားစွဲဆိုတင်ပို့ခံရသူအား "တရားခံ"ဟု ခေါ်ဆို၍ မရ သေးပေ။ "စွပ်စွဲခံရသူ"ဟုသာ ခေါ်ဆိုနိုင်ပေသည်။

တရားစွဲ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း၊ တရားစွဲဆိုသူအနေဖြင့်လည်းကောင်း ပြစ်မှုကျူးလွန်သည် ဟု စွပ်စွဲပြီးလျှင် တာဝန်ကျေပြီဟု ဆို၍မရပေ။ ထို့အတူ စွပ်စွဲခံရသူက စွပ်စွဲသည့်အမှုကို ခိုင်လုံစွာ ထုချရမည်ဟု လည်း တာဝန်မလွှဲနိုင်ပေ။ စွပ်စွဲခံရသူ ပြစ်မှုကျူးလွန် ကြောင်း သက်သေတင်ပြရန် တာဝန်ကား စွပ်စွဲသူဘက် တွင် ရှိပေသည်။ သက်သေခံဥပဒေကား ပြဋ္ဌာန်းချက်ဖြစ် ၏။ လမ်းညွှန်စီရင်ထုံးကား တရားရုံးအဆင့်ဆင့်တို့က လိုက်နာရသော ကျင့်ထုံးဖြစ်ပေသည်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်တစ်ဝန်းလုံး လိုက်နာရသော စီရင်ထုံးဖြင့် တင်ပြရ လျှင် စိန်လှနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် (၁၉၅၁၊ မတစ-၂၈၉ တရားလွှတ်တော်)တွင် ပြစ်မှုများတွင် သက်သေပြရန် တာဝန်သည် တရားလိုဘက်တွင် အစဉ် တစိုက် ကျရောက်သည်ဟု ထုံးဖွဲ့ပြဆိုထားသည်ကို တွေ့ရှိ ရပါသည်။ အလားတူ ဒေါ်စီစီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော် (၁၉၆၄၊ မတစ-၈၇၆)စီရင်ထုံးတွင်လည်း ပြစ်မှုများ တွင် တရားခံသည် ကနဦးအနေဖြင့် အပြစ်မရှိသူတစ်ဦး ဖြစ်သည်ဟု ယူဆရသည့်အလျောက် အပြစ်ရှိကြောင်း သက်သေပြရန် တာဝန်သည် တရားလိုအပေါ်တွင် လုံးဝ ကျရောက်ပေသည်ဟု ညွှန်ပြထားပေသည်။

ကျွန်တော် အထက်တွင်တင်ပြချက်များသည် ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ပတ်သက်သည်ဟု ဆိုသော် လည်း အထူးဥပဒေပြဋ္ဌာန်းချက်တို့အရ စွဲဆိုသည့်မှုခင်း များအတွက်မူ ခြွင်းချက်ရှိပေသည်။ ထိုဥပဒေတို့တွင် သက်သေပြရန် တာဝန်သည် စွပ်စွဲခံရသူအပေါ်၌ရှိကြောင်း ပြဋ္ဌာန်းထားသည်များလည်း ရှိပေသောကြောင့် အထူးသတိ ချပ်သင့်ပေသည်။

တရားမမှုခင်းများတွင်ကား ပြစ်မှုများကဲ့သို့ မဟုတ် ပေ။ သက်သေခံဥပဒေ ပုဒ်မ-၁၀၂ အရ မည်သည့်ဘက် ကမျှ သက်သေမတင်ပြဘဲနေလျှင် ရှုံးနိမ့်မည့်အမှုသည် အပေါ်တွင် သက်သေထူရန် တာဝန်ရှိပေသည်။

မှုခင်းတစ်ရပ် ဖြစ်ပွားလာပါက တရားလိုဖြစ်စေ၊ တရားခံဖြစ်စေ မိမိတို့တွင်ရှိသမျှ စာရွက်စာတမ်း၊ အထောက်အထားများ အိတ်သွန်ဖာမှောက် ခုခံကြလေ့ရှိ ပေသည်။ တရားမမှုခင်းများတွင် ပူးတွဲတင်သွင်းသော စာရွက်စာတမ်းများ၊ အားကိုးအားထားပြုသော စာရွက်စာ တမ်းများကို အဆိုလွှာ၊ ချေပလွှာဖြင့် စာရင်းပြုလုပ် တင် သွင်းကြပေသည်။ တရားရုံးကလည်း ထိုစာရွက်စာတမ်းများ ကို အထောက်အထားပြု၍လည်းကောင်း၊ အဆိုလွှာ၊ ချေပ လွှာတွင် ဖော်ပြချက်များအရလည်းကောင်း အငြင်းပွား သည့် အချက်များကို ကြားနာရန် ထုတ်နုတ်ပေးလေ၏။ ထိုသို့ ငြင်းချက်ထုတ်ပေးသည့်နေ့တွင် တရားလို၊ တရား ပြိုင်များ အစုံအညီ ရုံးတော်မှောက်၌ ရှိနေရပေသည်။ ထိုနေ့ကား ပထမဆုံးကြားနာသောနေ့ပင် ဖြစ်၏။ ငြင်းချက် ထုတ်ပေးခြင်းနှင့်အတူ မည်သည့်အမှုသည်ဘက်မှ စတင် ၍ စစ်ဆေးမည့်အကြောင်း ရုံးမှ အမိန့်ချပေးသည်။ ထို အကြောင်းကား သက်သေစတင်ထူရန် မည်သည့်ဘက်၌ ထားရှိကြောင်းပင် ဖြစ်ပေသည်။

တရားရုံးမှ ငြင်းချက်ထုတ်ပေးသည့်နေ့တွင် တရားမ ကျင့်ထုံးဥပဒေ အမိန့်-၁၃၊ နည်းဥပဒေ-၁ အရ စာရွက် စာတမ်းများစာရင်းကို တင်သွင်းရ၏။ အချို့သော တရား[illegible] များက နှစ်ဖက်သက်သေစာရင်းကိုပါ အတင်းအကျပ်တင် ခိုင်းသည့်အပြင် ထိုသက်သေစာရင်းစာရွက်ထိပ်တွင် ရုံးခွန် တော် တံဆိပ်ခေါင်း ကပ်ခိုင်းသည်လည်း ရှိပေသည်။ ရှေ့နေတို့ကား ၃၀ဝိ/-တန် တံဆိပ်ခေါင်းတစ်လုံး အဆုံးခံ လျက် စကားနည်းရန်စဲ နေလိုက်ကြသည်ကို တွေ့ရပေသည်။

တရားမမှုခင်းများတွင် မည်သည့်ဘက်က စတင်

www.burmeseclassic.com

www.burmeseclassic.com

စစ်ဆေးလျှင် အဆင်ပြေမည်ကို အဆိုအချေများအရ ရုံးတော်မှ သတ်မှတ်ခြင်းဖြစ်ပေသည်ဟု မောင်ရေးနှင့် မမေတင် (၁၉၆၂၊ မတစ-၃၀၄၊ ရုံးချုပ်) စီရင်ထုံးတွင် တွေ့ရှိရပေသည်။ အလားတူ ၁၉၈၁ ခုနှစ်တွင် ထုံးဖွဲ့ခဲ့သည့် စီရင်ထုံးတစ်ရပ်ဖြင့် သာဓကဆောင်ပြလိုပေသည်။

ရန်ကုန်တိုင်းတရားရုံး၏ တရားမကြီးမှုအမှတ်-၂၂/၇၉ မှ အခြေတည်ခဲ့သော စီရင်ထုံးဖြစ်သည်။ မူလရုံးတရားလိုက ဦးမောင်မောင်ကြီး၊ တရားပြိုင်များက ဒေါ်စိန်ရင်နှင့် ဦးထွန်းလွင်။ ဦးမောင်မောင်ကြီးက ငွေကျပ် ၄၁၉၀၀ိ/- ရလိုကြောင်း စွဲဆိုမှုဖြစ်သည်။ တိုင်းတရားရုံးက ငြင်းချက်ထုတ်ပြီး တရားပြိုင်များအား စတင်စစ်ဆေးမည့်အကြောင်း အမိန့်ချသည်။ ဒေါ်စိန်ရင်တို့က တိုင်းတရားရုံး၏အမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံးသို့ တရားမပြင်ဆင်မှုတင်သွင်းသည်။ ဤတွင် ကျွန်တော်သည် ယခုတင်ပြမည့် စီရင်ထုံး ဖြစ်လာခဲ့ပေသည်။

ဦးမောင်မောင်ကြီးက ရင်းပိုင်ငွေ ၄၁၉၀၀ိ/-ကို ဒေါ်စိန်ရင်ထံ ခြောက်လသိမ်းဆည်းထားရန် အပ်နှံခဲ့သည်။ ပြန်တောင်းသောအခါ ဒေါ်စိန်ရင်က ပြန်မပေး၍ ငွေများပြန်ရရန် ဒေါ်စိန်ရင်နှင့် ခင်ပွန်းဖြစ်သူ ဦးထွန်းလွင်တို့အပေါ် တရားစွဲဆိုခြင်း ဖြစ်သည်။

ချေပလွှာတွင် ဒေါ်စိန်ရင်က ဦးမောင်မောင်ကြီးသည် ငွေ ၄၁၉၀၀ိ/-ကို မိမိထံ ခြောက်လသိမ်းထားပေးရန် အပ်နှံခြင်းမဟုတ်ဘဲ မိမိကသာ မြေဂရန်နှင့် ကျောက်လက်ကောက်တစ်ရန်ကို အပေါင်ပေးပြီး ငွေကျပ် ၃၅၀၀ိ/ ကို အတိုးနှင့်ချေးယူခြင်းဟု ဆိုသည်။ အရင်းနှင့် ခြောက်လအတွက်အတိုး စုစုပေါင်း ၄၁၉၀၀ိ/- ဖြစ်သည်။ ဦးမောင်မောင်ကြီးသည် ငွေချေးစားသူများ အက်ဥပဒေအရ မှတ်ပုံတင်ထားသူမဟုတ်၍ ဒီကရီမရထိုက်ဟု ချေပသည်။

တိုင်းတရားရုံးက တရားပြိုင်များဘက်မှ စတင်စစ်ဆေးရန် အမိန့်ချမှတ်ခြင်းကို မကျေနပ်သဖြင့် ပြင်ဆင်မှုတင်သွင်းခြင်း ဖြစ်ပေသည်။ ဗဟိုတရားရုံးက အဆိုလွှာနှင့် ချေပလွှာတို့အပြင် ထုတ်နုတ်ပေးထားသည့် ငြင်းချက်များအပေါ် ခြုံငုံသုံးသပ်၏။

ဒေါ်စိန်ရင်တို့က ဦးမောင်မောင်ကြီးထံ ငွေများယူထားသည်မှ မဟုတ်ကြောင်း၊ အပေါင်ပစ္စည်းပေးပြီး ငွေ ၃၅၀၀ိ/- ချေးယူခြင်းဖြစ်ကြောင်း၊ ငွေချေးစားသူများအက်ဥပဒေပုဒ်မ-၉ အရ ဒီကရီမရထိုက်ဟု ထုချေထားသဖြင့် ယင်းအချက်များ မှန်ကန်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်သည် တရားပြိုင်တို့ဖွင့်ရှိနေကြောင်း စိစစ်တွေ့ရှိပေသည်။

တရားပြိုင်က တရားလို၏ အဆိုပြုချက်ကို ဝန်ခံပြီး အကြောင်းတစ်စုံတစ်ရာကြောင့် တရားလိုသည် တောင်းဆိုသည့် သက်သာခွင့်ကို မရထိုက်ပါဟု ဆိုလာလျှင် ထိုအကြောင်းတစ်စုံတစ်ရာကို ထင်ရှားအောင် သက်သေပြရန် တရားပြိုင်တွင် တာဝန်ရှိနေပေသည်။ ထိုသို့သော အခြေအနေတွင် တရားပြိုင်ဘက်မှ အမှုကို စတင်စစ်ဆေးရမည်ဖြစ်ကြောင်း သက်သေခံအက်ဥပဒေပုဒ်မ-၁၀၂ နှင့် တရားမကျင့်ထုံးဥပဒေအမိန့်-၁၈၊ နည်းဥပဒေ-၁ တွင် ဖော်ပြထားသည်ဟု ဗဟိုတရားရုံးတော်မှ သုံးသပ်ခဲ့ပေသည်။

ဗဟိုတရားရုံးတော်က ဒေါ်စိန်ရင်တို့၏ ပြင်ဆင်မှုအား တိုင်းတရားရုံး၏ အမိန့်အပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ဟု သုံးသပ်ပြီး ပလပ်သည့်အမိန့်ချမှတ်ခဲ့၏။

စာရှုသူတို့အား ပြစ်မှု၊ တရားမ သက်သေပြရန်တာဝန်နှင့်ပတ်သက်၍ လက်လှမ်းမီသမျှ တင်ပြခဲ့ပေပြီ။ ဥပဒေနယ်ပယ်အား ကျယ်ပြောလှပါ၏။ ဆက်လက်လေ့လာ ဆည်းပူးနိုင်ကြပါစေကုန်သတည်း။

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)



ကိုးကား

- သက်သေခံဥပဒေ ပုဒ်မ-၁၀၁/၁၀၂
- စိန်လှနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၅၁ စတစ-၂၈၉ လွှတ်တော်)
- ဒေါ်စီစီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၃ စတစ-၈၇၆)
- မောင်ရေးနှင့် မမေတင် (၁၉၆၂ မတစ-၃၀၄ ရုံးချုပ်)
- ဒေါ်စိန်ရင်ပါ-၂ ဦးမောင်မောင်ကြီး (၁၉၈၁ စတစ-၅)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ထောင်မှူးများ အလိုရှိသည်

## အပိုင်း(၈၃)

### ထိတ်လန့်သော သံဝေဂများဖြင့်(၂)

တူးတူးတို့ရေ . . .

အဲဒီလို တာဝန်ခံဆရာဝန်မက ကျောက်ကပ်ကို တစ်သက်လုံး ဆေးရမယ်ပြောလိုက်တော့ သမီးက မေးတယ်။ ဒါဆို ကုန်ကျစရိတ်က ဘယ်လိုရှိမလဲပေါ့လေ။ ဆရာဝန်မက လောလောဆယ် ကျောက်ကပ်ဆေးနိုင်ဖို့ လည်ပင်းမှာအပေါက်ဖောက်ပြီး ပိုက်လိုင်းသွင်းရမှာရယ်၊ ဆေးဖိုးဝါးခရယ်၊ ဆေးရုံတက်ရမှာရယ် လေး-ငါးသိန်းတော့ ကုန်မယ်။ ကျောက်ကပ်ပထမဆုံးအကြိမ်ဆေးခ ကျပ်ငါးသောင်းကုန်ကျမှာဖြစ်ပြီး နောက်ပိုင်းအကြိမ်တွေမှာ လေးသောင်းသုံးထောင်လောက်ပဲ ကုန်ကျတော့မယ်လို့ ပြောပြတယ်။

အမှန်တော့ ဆေးခဆိုတာ ကျောက်ကပ်ဆေးတဲ့ စက်ရဲ့ ဝန်ဆောင်မှုစရိတ်ကို ဆိုလိုတာပါ။ တခြားဆေးဝါးနဲ့ အထွေထွေကုန်ကျစရိတ်တွေလည်း ရှိနိုင်ပါသေးတယ်။ အဲဒီတော့ ရက်သတ္တတစ်ပတ်ကို နှစ်ကြိမ်နှုန်းလောက်နဲ့သာ တစ်သက်လုံးဆေးသွားရမယ်ဆိုရင် ကုန်ကျစရိတ်ကို ရိုးရိုးမှန်းဆကြည့်ရုံနဲ့တင် ရွှေရင်ဆို့စရာပါပဲ။

သမီးက ဆက်မေးတယ်။ ဒါဆို ဒီအာရှတော်ဝင်ဆေးရုံမှာ တစ်ကြိမ်-နှစ်ကြိမ်လောက် ဆေးပြီးရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြောင်းလို့ဖြစ်မလားတဲ့။ ဆရာဝန်မက အရင်ကလည်း ရန်ကုန်ဆေးရုံကြီး တက်ဖူးတာဆိုတော့ ပြောင်းလို့ရနိုင်မှာပါ။ ဒါတော့ ကျောက်ကပ်ဆရာနဲ့ လာမှ ပြောတာ ပိုကောင်းမယ်ထင်တယ်လို့ မှတ်ချက်ပြုတယ်။

နောက်ဆုံးတော့ သမီးကပဲ ဆရာဝန်မပြောတဲ့ အတိုင်း လိုက်နာဆောင်ရွက်ဖို့ သဘောတူလိုက်တယ်ဗျ။

ပြောရရင် အဲဒီအချိန်မှာ ကိုယ်က ပင်စင်စားဝန်ထမ်း၊ သားကြီးက ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးကြပ်ရေးမှူး၊ သားငယ်က MRTV-4 က ဗီဒီယို အယ်ဒီတာ၊ သမီးတစ်ယောက်ပဲ နိုင်ငံခြားဆေးကုမ္ပဏီတစ်ခုက မန်နေဂျာဖြစ်နေတာရယ်၊ တခြားအရောင်းအဝယ်တွေလည်း တွဲဖက်လုပ်ကိုင်နေတာရယ်ကြောင့် ငွေကြေးအသင့်အတင့် တတ်နိုင်တဲ့ အနေအထားမှာ ရှိနေတယ်ထင်ပါရဲ့။

ဒါပေမယ့် ဘယ်လိုပဲတွေးတွေး ဒီကျောက်ကပ်ဝေဒနာကို ပုံမှန်ဆေးနေရဖို့ဆိုရင်တော့ ရေရှည်အတွက် အတော်ကြီးကို အခက်အခဲတွေ့မယ့်ကိစ္စပါ။ ခက်တာက ဒီရောဂါမျိုးက မဆေးလို့လည်း မရဘူး။ ဆေးပြီဆိုရင်လည်း ရပ်ထားလို့မရတော့ဘဲ တစ်သက်လုံး ဆေးနေရမယ့် အခြေအနေလေ။

ဒီလိုနဲ့ ဆေးရုံတက်ဖို့ အခန်းစုံစမ်းတော့ ဆယ်ထပ်

□ ပပိုစော



www.burmeseclassic.com

www.burmeseclassic.com

က အခန်း ၃၀၀၇၊ ခုတင်နံပါတ်-၅ မှာ ရပါတယ်။ အခန်းထဲမှာ ရောဂါမျိုးစုံနဲ့ တက်ရောက်ကုသခံနေတဲ့ လူ ၁၂ ယောက်လောက် ရှိပါတယ်။ အခန်းခက တစ်ရက်အတွက် ၉၀၀၀ိ/- ကျပါတယ်။ နောက်မှသိရတာက သမီးက တစ်ယောက်ခန်းလိုချင်နေတာကို သားကြီးက ဈေးများလို့ဆိုပြီး ဒီအခန်းကို ရွေးချယ်လိုက်တာပါတဲ့။ တစ်ယောက်ခန်းကတော့ တစ်ရက်ကို ၃၅၀၀ိ/- ဆိုပဲဗျ။

ကံကောင်းချင်လို့ပဲလားတော့ မသိဘူး။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီ ည ၁၁း၃၀ နာရီကျော်လောက်မှာ ဆရာဦးခင်မောင်ဌေးကိုယ်တိုင် အေးကို လာကြည့်ပြီး လည်ပင်းက ပိုက်သွင်းဖို့ ကြိုတင်ပြင်ဆင်ခဲ့တာပါပဲ။ သူက အာရှတော်ဝင်၊ SSC ၊ ဗဟိုစည် စတဲ့ ဆေးရုံတော်တော်များများမှာ ဆေးရုံတက်နေတဲ့ သူ့လူနာတွေကို အလှည့်ကျစစ်ဆေးပြီး လိုအပ်တာတွေကို ဆောင်ရွက်ပေးနေတယ်လေ။ ဆရာက ဆီးနဲ့ ကျောက်ကပ် အထူးကုဆရာဝန်ကြီးဖြစ်တဲ့အပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆီးနဲ့ကျောက်ကပ်ဌာနရဲ့ ဌာနမှူး ပါမောက္ခလည်း ဖြစ်နေတော့ နေ့ဘက်ဆိုတာဝန်ကျရာ ရန်ကုန်ဆေးရုံကြီးမှာပဲ ရှိနေရတာပေါ့ဗျာ။

အဲဒီည ၁၁ နာရီလောက်ကျတော့ အင်္ကျီလက်တိုဖြူ ဘောင်းဘီရှည်အဖြူရောင်ဝတ်ထားတဲ့ သူနာပြုဆရာမတစ်ယောက် ရောက်လာပြီး သမီးကို စာရွက်လေးတစ်ရွက်လာပေးတယ်။ ဒီဆေးရုံက သူနာပြုဆရာမတွေက ဆေးရုံကြီးမှာလို ထဘီအနီတို့၊ အပြာတို့ ဝတ်တာမတွေ့ဘူး။ အင်္ကျီလက်တိုဖြူနဲ့ ဘောင်းဘီရှည်ဖြူပဲ အားလုံးဝတ်တာတွေ့ရတယ်။ သူတို့ရဲ့ ရာထူးအဆင့်ကိုတော့ အင်္ကျီကော်လံလိုင်နာမှာ အနီရောင်၊ အပြာရောင် စသဖြင့် ခွဲခြားဝတ်ပြထားတယ်။

သူနာပြုလာပေးတဲ့ စာရွက်က တခြားမဟုတ်ပါဘူး။ ဒီည ဦးခင်မောင်ဌေးကိုယ်တိုင် အေးရဲ့ လည်ပင်းထိပ်မှာခွဲစိတ်အပေါက်ဖောက်ပြီး ကျောက်ကပ်ဆေးနိုင်ဖို့ ပလတ်စတစ်ပိုက်ငယ်နှစ်ချောင်း သွင်းပေးရမယ်လေ။ အဲဒီလုပ်ငန်းကို လူနာရှင်က သဘောတူပါကြောင်း လက်မှတ်လာထိုးခိုင်းတာပါပဲ။ ဒီဆေးရုံ စတင်ကတည်းက ငွေရေးကြေးရေးကအစ သမီးကပဲ အစစအရာရာ ဦးဆောင်လုပ်လာတာဆိုတော့ လူနာရှင်နေရာမှာ သမီးရဲ့နာမည်ပေါက်နေတယ်လေ။ ဒါကြောင့် ခုလည်း သမီးကပဲ သဘောတူကြောင်း လက်မှတ်ရေးထိုးပေးလိုက်ရပါတယ်။

အင်းဗျာ။ ရန်ကုန်ဆေးရုံကြီး ကျောက်ကပ်ဌာနမှာတက်ခဲ့ရတုန်းကတော့ ကိုယ့်ခုတင်ဘေးမှာ လည်ပင်းအပေါက်ဖောက်ထားတဲ့ လူနာတွေ၊ မကြာခဏ ကျောက်ကပ်စက်ခန်းမှာ သွားဆေးနေရတဲ့ လူနာတွေကို တွေ့မြင်နေခဲ့ပါရဲ့။ အေးကိုတော့ အဲလိုဝေဒနာရှင်မျိုး မဖြစ်စေချင်ခဲ့ဘူးလေ။ အဲဒါကြောင့်လည်း ကျောက်ကပ်မဆေးဘဲ တစ်ပတ်တစ်ကြိမ် လက်မောင်းဆေးပဲ ထိုးတော့မယ်လို့ ဆရာဦးခင်မောင်ဌေးရဲ့ ခွင့်ပြုချက်နဲ့ ဆေးရုံက ဆင်းလာခဲ့တာမဟုတ်လား။ ခုတော့ ကံကြမ္မာက ကိုယ်တို့ဘက်က မရပ်တည်ခဲ့ဘူးလေ။

ည ၁၁း၃၀ နာရီလောက်မှာ သူနာပြုဆရာမလေးနှစ်ယောက် ရောက်လာပြန်တယ်။ သူတို့က အေးရဲ့ အဝတ်အစားတွေကိုချွတ်ပြီး ခွဲစိတ်ခန်းဝင်တဲ့ ဝတ်ရုံအစိမ်းရောင်ရင့်ရင့်ကြီးကို အစားထိုးဝတ်စေတာပါ။ ၁၁း၄၅ နာရီမှာ လူနာတင် ခုတင်လှည်းတစ်စီး ရောက်လာပါတယ်။ အေးကို အဲဒီခုတင်လှည်းပေါ်မှာ လှဲနေစေပြီး တဖြည်းဖြည်း တွန်းခေါ်လာခဲ့ကြပါတယ်။

ဓာတ်လှေကားထဲ လှည်းသွင်းလိုက်တော့ ကွက်တိလောက်ကျသွားပါတယ်။ အဲဒီနေ့က ကိုယ်ရယ်၊ သားကြီးရယ်၊ သမီးရယ်၊ သားငယ်ရယ် မိသားစုစုံစုံလင်လင်ပါပဲ။ ကိုယ်တို့လေးယောက်ရယ်၊ သူနာပြုဆရာမနှစ်ယောက်ရယ်နဲ့ ဓာတ်လှေကားထဲမှာ ပြည့်ကျပ်သွားပါတယ်။

ကိုယ်ကတော့ အေးကို သူရှတ်ဆိုနေကျ ပဋ္ဌာန်းဒေသနာကို မပြတ်အာရုံပြုပြီး ရွတ်ဆိုနေဖို့ တဖွဖွမှာနေရပါတယ်။ ဒီခွဲစိတ်မှုက အသေးစားဖြစ်လို့ သိပ်နာကျင်မှာမဟုတ်တဲ့အကြောင်းနဲ့ စိတ်အေးအေးထားဖို့ပါ မနားတမ်းမှာသွားရပါတယ်။

ဓာတ်လှေကားက ကိုးထပ်ကနေ လေးထပ်အရောက်မှာ တံခါးပွင့်သွားပါတယ်။ ခုတင်လှည်းကို အပြင်ဘက်ဆီတွန်းလိုက်တယ်ဆိုရင်ပဲ ခွဲစိတ်ခန်းရဲ့ တံခါးဝဆီ ရောက်လာတာပါပဲ။ အေးကို ခွဲစိတ်ခန်းထဲ တွန်းခေါ်သွားတဲ့အခါမှာတော့ ကိုယ်တို့ ဆက်လိုက်လို့မရတော့ပါဘူး။ အပြင်ကထိုင်ခုံတွေမှာပဲ ထိုင်စောင့်ရပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ခဏနေတော့ ရုံးခန်းထဲက စာရေးမလေးတစ်ယောက် ထွက်လာပြီး လူနာရှင်ကိုခေါ်တယ်။ သမီးဝင်လိုက်သွားတယ်၊ ပြန်ထွက်လာတော့ လည်ပင်းမှာအပေါက်ဖောက်ပြီး ပိုက်သွင်းခွဲစိတ်ခ (Neck Line Instruction) လုပ်ခ ဆရာဝန်နဲ့ သူနာပြုတွေအတွက် ငွေသွင်းရတာလို့ သိရတယ်။ ၂၂၀၀၀ိ/-···တဲ့။

ညနေခန်းထဲက တိုင်ကပ်နာရီက ည ၁၂ နာရီကို တရွေ့ရွေ့ ကျော်ဖြတ်နေတယ်။ ဆရာဦးခင်မောင်ဌေးနဲ့ အဖွဲ့ ခွဲစိတ်ခန်းထဲမှာ လုပ်ငန်းစတင်နေပါပြီ။ ကိုယ်တို့မိသားစု ရင်ထဲမှာတော့ အမျိုးအမည် ခွဲခြားရခက်ခဲတဲ့ ဝေဒနာတစ်ခုက ဖိစီးနှိပ်စက်ပါလေရဲ့။ ကိုယ်တို့လိုပဲ တခြားရောဂါအတွက် ခွဲစိတ်ခံနေရတဲ့ လူနာရှင်မိသားစု တချို့ကိုလည်း ရင်တဖိုဖိုနဲ့ စောင့်မျှော်နေကြတာ တွေ့ရတယ်။

ဩော်···ဘဝ ဘဝက ဘယ်လိုအထုံရေစက်တွေ ပါလာလို့များ ဒီလို လူ့ခန္ဓာကိုယ်ပေါ် ဓားလှီးလက်နက်နဲ့ ခွဲစိတ်ခံရတဲ့အဖြစ်မျိုး ခံနေကြရတာပါလိမ့်။

ဟော··· ည ၁၂:၃၅ နာရီမှာတော့ ခွဲစိတ်ခန်းတံခါး ပွင့်လာပြီး ခုတင်တွန်းလှည်း ပြန်ထွက်လာပါတော့တယ်။ လှည်းပေါ်က "အေး"ကို စိုးရိမ်တကြီးကြည့်လိုက်တယ်။ အေးကတော့ ဘာမှမဖြစ်သလို ခပ်ပြုံးပြုံးပါပဲ။ ဒါပေမယ့် သူ့လည်ပင်းနဲ့ ညာဘက်ညှပ်ရိုးကြားမှာတော့ သုံးလက်မလောက် ထိုးထိုးထောင်ထောင်ဖြစ်နေတဲ့ ပတ်တီးလိပ် ဖြူပြားပြားတစ်ခုတော့ မြင်ကြရတယ်။ ဒါဟာ လည်ပင်းအပေါက်က ထွက်လာတဲ့ ကျောက်ကပ်ဆေးရမယ့် ပလတ်စတစ်ပိုက်လေးနှစ်ချောင်းကို ဖုံးမွှားမဝင်နိုင်အောင် အကာအကွယ်လုပ်ပေးထားတာပါ။

အဲဒီအချိန်မှာ ခွဲစိတ်ဝတ်စုံဝတ်ထားတဲ့ ဆရာဦးခင်မောင်ဌေး အခန်းထဲက ထွက်လာပြီး ကိုယ်တို့ကို လက်မထောင်ပြသွားပါတယ်။ ဒီနေ့ည ခွဲစိတ်မှု အောင်မြင်တယ်ဆိုတဲ့သဘောပါ။ ကိုယ်တို့မိသားစုကလည်း ပြန်ပြုံးပြ နှုတ်ဆက်လိုက်ကြရပါတယ်။ ဘယ်အရာမဆို အောင်မြင်တယ်ဆိုရင်တော့ ကောင်းတာချည်းပါပဲလေ။

ခုတင်လှည်းကို အလာတုန်းက ဆရာမလေးနှစ်ယောက်ကပဲ ဓာတ်လှေကားထဲ တွန်းတင်ပြီး ကိုယ်တို့ကို ဝင်စေပါတယ်။ ဓာတ်လှေကားက အောက်ဘက်ကို ပြန်ဆင်းနေပါတယ်။ ကိုယ်က "အေး"ကို "ဘယ်လိုနေလဲ၊ သိပ်နာနေသလား"မေးကြည့်တော့ အေးက ပြုံးပြီး ခေါင်းခါပြတယ်။ ကြည့်ရတာ အနည်းဆုံး ထုံဆေးပေးပြီး ခွဲစိတ်တာဖြစ်လိမ့်မယ်။

ဓာတ်လှေကားက နှစ်ထပ်အရောက်မှာ တံခါးပွင့်သွားတယ်။ ဆရာမလေးနှစ်ယောက်က ခုတင်လှည်းကို တွန်းထုတ်သွားပြီး မှန်တံခါးကြီးနှစ်ချပ်ပိတ်ထားတဲ့ ခန်းမတစ်ခုထဲ တွန်းဝင်လိုက်တယ်။ ခန်းမအဝင်ဝမှာ တွေ့လိုက်ရတာက "Haemodialysis Centre = ကျောက်ကပ်သွေးသန့်စင်ဌာန"တဲ့ဗျ။

ကော်ရစ်တာအတိုင်း ဆက်တွန်းလာပြီး ခန်းမကျယ်တစ်ခုထဲရောက်တော့ ကျောက်ကပ်ဆေးတဲ့စက်တွေကို အစီအရီတွေ့လိုက်ရတယ်။ အေးကိုတော့ အသင့်စောင့်ကြိုနေတဲ့ ဆရာဝန်မနဲ့ သူနာပြုတွေက အဝင်ကောင်တာ ရှေ့တည့်တည့်မှာရှိတဲ့ စက်နံပါတ်-၂၃ ဘေး ခုတင်ပေါ်ကို ခုတင်လှည်းကတစ်ဆင့် ပြောင်းပြီးနေရာချပေးကြတယ်။

ပြီးတော့မှ ဆရာမတစ်ယောက်က အေးလည်ပင်းဘေးက ပတ်တီးအစွပ်ကလေးကို ဆွဲချွတ်လိုက်တယ်။ အဲဒီမှာ ပလတ်စတစ်ပိုက်ကလေးနှစ်ချောင်းပေါ်လာတယ်။ ဆရာမက စက်ထဲက ပလတ်စတစ်ပိုက်နဲ့ အေးလည်ပင်းဘေးက ပလတ်စတစ်ပိုက်လေးတစ်ခုနဲ့ ဆက်တပ်လိုက်တယ်။ ပြီးမှ စက်ထဲက နောက်ထပ်ပိုက်ငယ်တစ်ခုနဲ့ လည်ပင်းကပိုက်နဲ့ တပ်ထားလိုက်တယ်။

အားလုံးပြီးမှ စက်ကိုမောင်းလိုက်တဲ့အခါ လည်ပင်းအပေါက်က ပလတ်စတစ်ပိုက်ငယ်လေးအတိုင်း ထွက်လာတဲ့ သွေးတွေဟာ စက်ထဲက ပိုက်ငယ်နဲ့ ဆက်မိပြီး လည်ပတ်နေတာကို အတိုင်းသား မြင်နေရပါတယ်။ အမှန်တော့ အေးရဲ့ခန္ဓာကိုယ်ထဲက သွေးတွေကို စက်အကူအညီနဲ့ ထုတ်ယူပြီး စက်ထဲက "ကျောက်ကပ်တု"ကို ဖြတ်စီးစေပြီး ခန္ဓာကိုယ်အတွက် မလိုအပ်တဲ့ အဆိပ်အတောက်ဖြစ်စေမယ့် ပစ္စည်းတွေကို စွန့်ထုတ်ပစ်နေတာလို့ သိရပါတယ်။ ကျောက်ကပ်တုနဲ့ သန့်စင်ပြီးတဲ့ သွေးတွေကို ကျန်တဲ့ ပလတ်စတစ်ပိုက်ငယ်ကနေ ခန္ဓာကိုယ်ထဲ ပြန်ဝင်စေတာ ဖြစ်ပါတယ်။

အဲဒီနေ့ညက ၁၂:၄၀ နာရီကနေ မနက် ၃ နာရီ



www.burmeseclassic.com

www.burmeseclassic.com

အထိ ကျောက်ကပ်ဆေးကြောခဲ့ရပါတယ်။ အချိန်နှစ်နာရီနဲ့ မိနစ်နှစ်ဆယ် ကြာတာပေါ့။ ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တော့ အေးနဲ့ မျက်စောင်းထိုးခုတင်မှာ ကျောက်ကပ်ဆေးနေတဲ့ အမျိုးသမီးတစ်ယောက်ကလွဲလို့ ကျန်တဲ့စက်တွေမှာ လူတစ်ယောက်မှ မတွေ့ရပါဘူး။ အားလုံး ကျောက်ကပ်ဆေးတဲ့စက် အလုံး ၂၀ ရှိတယ်လို့ သိရပါတယ်။

အဲလို အေးကျောက်ကပ်ဆေးနေတဲ့ အချိန်မှာ ကောင်တာက သူနာပြုဆရာမလေးတစ်ယောက်က လူနာရှင်ကို လှမ်းခေါ်ပါတယ်။ အဲဒီဆရာမလေးက မိုးပြာရောင် အင်္ကျီလက်တိုနဲ့ ဘောင်းဘီရှည်ဝတ်ထားပြီး သူ့ရဲ့ လက်ဝဲဘက်ရင်အုံပေါ်က ရွှေရောင်ပလိပ်ပြားပေါ်မှာ "Daw Sanda-Staff" လို့ တွေ့ရပါတယ်။

သူက ကိုယ်တို့မိသားစုကို ကျောက်ကပ်ဆေးတာ သဘောတူတဲ့အကြောင်း လက်မှတ်ခေါ်ထိုးခိုင်းတာပါ။ ပြီးတော့ ကျောက်ကပ်ဆေးလူနာတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေကို ရှင်းပြပါတယ်။ အဓိကအချက်ကတော့ သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးရဲ့ ညွှန်ကြားတဲ့ ရက်များအတိုင်း တိကျစွာ လိုက်နာပြီး ဆေးကြောဖို့နဲ့ ကိုယ့်သဘောနဲ့ကိုယ် ရက်ကျော်ဆေးကြောမျိုး မလုပ်ဖို့ပါပဲ။

နောက်ပြီး လူနာရှောင်ကြဉ်ရမယ့် အစားအစာ၊ စားသုံးရမယ့်အစားအစာ၊ ပမာဏအချိုးအစား စတာတွေကိုလည်း ရှင်းပြပါသေးတယ်။ ပြီးတော့ ကျောက်ကပ်သွေးသန့်စင်ခြင်းအကြောင်း သိကောင်းစရာဆိုတဲ့ လက်ကမ်းစာစောင်တစ်ခုကိုလည်း ပေးပါတယ်။

အဲဒီစာစောင်မှာတော့ ကျောက်ကပ်သွေးသန့်စင်ခြင်းပြုတာနဲ့ ပတ်သက်ပြီး သိသင့်သိအပ်တာကို အတော်လေးစုံစုံလင်လင် ရေးပေးထားတာ တွေ့ရတယ်။ ဥပမာ Neck Line ထည့်ထားသော လူနာများ လိုက်နာရန် အချက်များမှာ Neck Line ရှိတဲ့ဘက်ကို စောင်းမအိပ်ရ၊ မဖိမိစေရ။ Neck Line မကျိုးစေရန်၊ မခေါက်မိစေရန်၊ ရေမစိုစေရန်၊ ပြုတ်ထွက်မသွားစေရန် ပြင်းထန်သော လှုပ်ရှားမှုမျိုး မပြုလုပ်ရ စသဖြင့် အထူးသတိပေး တားမြစ်ထားတာတွေ တွေ့ရတယ်။

အစားအသောက်နဲ့ ပတ်သက်လို့လည်း လူနာ က ရေကိုတတ်နိုင်သမျှ လျှော့သောက်ရမယ်၊ သောက်ရမည့် အရည်ပမာဏဟာ ၂၄ နာရီထွက်တဲ့ ဆီးပမာဏထက် နည်းရမည်။ ဥပမာ - ဆီး ၁၀၀၀ CC ထွက်ရင် အရည် ၇၀၀-၈၀၀ CC သာ သောက်ရမည်။ အရည်ရွှမ်းတဲ့ လိမ္မော်သီး၊ ကျွဲကောသီး၊ ငှက်ပျောသီး၊ စပျစ်သီး စသည်တို့ကို ရှောင်ရမည်။ ဆိုဒါပါတဲ့ ပေါင်မုန့်၊ ပဲပြုတ်၊ အီကြာကွေး၊ နံပြား စသည်တို့ကိုလည်း ရှောင်ရမည်၊ သွေးပေါင်တက်စေမည့် အုန်းနို့၊ အချိုမှုန့်၊ ကျောက်ကပ်အဆိပ်အတောက်ဖြစ်စေမယ့် တညင်းသီး၊ ဒူးရင်းသီး စတာတွေကိုလည်း မစားရပါ။

ထမင်းကို သာမန်စားသုံးမှုအတိုင်း အာဟာရပြည့်ဝမှုရှိစေရန် ကန်စွန်းရွက်၊ ဟင်းနုနယ်၊ ဘူးညွန့်၊ ဒန့်သလွန်ရွက်၊ မုန်ညင်း စတဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ စားသုံးနိုင်ပါတယ်။

နောက်တစ်ခု ကျောက်ကပ်သွေးသန့်စင်ခြင်းနဲ့ သက်ဆိုင်တဲ့ အလွန်အရေးပါတဲ့ အချက်တစ်ချက် ထည့်သွင်းဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။ အဲဒါကတော့ "ကျောက်ကပ်သွေးသန့်စင်ခြင်းသည် ရောဂါပျောက်ကင်းအောင် ကုသသောနည်းမဟုတ်ပါ။ ကောင်းစွာအလုပ်မလုပ်နိုင်သော ကျောက်ကပ်အတွက် ကူညီလုပ်ဆောင်ပေးသောနည်းသာ ဖြစ်ပါသည်" ဆိုတာပါပဲ။

နောက်…ကိုယ်ဖတ်လို့နားမလည်တဲ့ အကြောင်းအရာတစ်ခုကိုလည်း တွေ့ရပါသေးတယ်။ အဲဒါက AV Fistula ရှိသော လူနာများ လိုက်နာရန်အချက်များ ဆိုတာပါပဲ။ AV Fistula ရှိတဲ့ လက်ကို မဖိရ၊ သွေးပေါင်မတိုင်းရ၊ သွေးဖောက်သွေးသွင်း မလုပ်ရ၊ နာရီ၊လက်ကောက် မဝတ်ရ၊ သနပ်ခါး မလိမ်းရပါတဲ့။

ပြီးတော့ AV Fistula ပေါ်မှာ လက်တင်ပြီး စမ်းသပ်ကြည့်ပါက ကြောင်ကလေးရဲ့ ဗိုက်ပေါ်မှာ လက်တင်ထားသလို တထုတ်ထုတ်နဲ့ သွေးတိုးမှုရှိနေတာ တွေ့ရပါလိမ့်မယ်တဲ့ဗျာ။

ကိုယ်လုံးဝနားမလည်နိုင်တာနဲ့ ဆရာမဒေါ်စန္ဒာကို မေးကြည့်သော သူက နောက်ပိုင်း Neck Line ဖြုတ်လိုက်တဲ့အခါ ကျောက်ကပ်သွေးသန့်စင်တာကို လက်ဖျံအကြောကတစ်ဆင့် ဆေးကြောဖို့ အကြောမွေးတာကို AV Fis-

www.burmeseclassic.com

tula လို့ ခေါ်တာလို့ ရှင်းပြတယ်။ ကိုယ်က သိပ်နားမရှင်းသေးတာနဲ့ အကြောမွေးတယ်ဆိုတာ ဘယ်လိုဟာမျိုးလဲလို့ ထပ်မေးမိပြန်တယ်။

အဲဒီအခါ ဆရာမဒေါ်စန္ဒာက အေးခုတင်ခြေရင်းဘက် မျက်စောင်းထိုးခုတင်ပေါ်က ကျောက်ကပ်ဆေးနေတဲ့ စောစောက အမျိုးသမီးဆီကို လက်ညှိုးထိုးပြလိုက်တယ်ဗျ။ အဲဒီအမျိုးသမီးကလည်း ကိုယ်မေးမြန်းနေတာတွေကို ကြားနေတော့ ကိုယ့်ကို လက်ယပ်ခေါ်ပါတယ်။ ပြီးတော့ ကိုယ့်လက်ကိုကိုင်ပြီး သူ့ရဲ့ဘယ်ဘက်လက်ကောက်ဝတ်နားမှာ ခပ်ထူထူလေးဖြစ်နေတဲ့ အကြောထုံးလေးပေါ် တင်ပေးလိုက်ပါတော့တယ်။

အဲဒီအချိန် ကိုယ်ခံစားမိတာက တထုတ်ထုတ်နဲ့ သွေးတိုးနေတဲ့ အကြောတွေကိုပဲ။ ဒီတော့မှ ခုနလေးတင် လက်ကမ်းစာစောင်ထဲပါတဲ့ ကြောင်ကလေးရဲ့ ဗိုက်ပေါ် လက်တင်ထားသလို တစ်ထေရာတည်း တူနေပါလားလို့တော့ စိတ်ထဲက သိလိုက်ပါတယ်။

ဒါပေမယ့်လည်း လည်ပင်းက Neck Line ကို ဖြတ်ပြီး လက်မှာအကြောမွေးပြီး ကျောက်ကပ်ဆေးတယ်ဆိုတဲ့ ဝေါဟာတွေဟာ ကိုယ့်အတွက် အသစ်အဆန်းဖြစ်ပြီး နည်းနည်းလည်း ခပ်စိမ်းစိမ်းဖြစ်နေပါသေးတယ်။

အဲဒီည နံနက် ၃ နာရီ ကျောက်ကပ်ဆေးပြီးတော့ ဓာတ်လှေကားနဲ့ နှစ်ထပ်ကနေ ဆယ်ထပ်ပြန်တက်ပြီး အေးအခန်းအထိ လှည်းနဲ့ ပြန်ပို့ပေးကြတယ်။ အေးကတော့ ပင်ပန်းသွားလို့လားတော့မသိဘူး။ သူ့ခုတင်ပေါ် ပြန်ရောက်တာနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါလေရဲ့။ ဆေးရုံတက်ကတည်းက တပ်ထားခဲ့တဲ့ ဒရစ်(ဖ)ပိုက်နဲ့ အောက်စီဂျင်ပိုက်တွေကတော့ ဆက်တပ်ထားရဆဲပဲ။

နောက်တစ်နေ့မနက်ကျတော့ အေး ထူးထူးခြားခြား ဆန်ပြုတ်သောက်တာ တွေ့ရတယ်။ ပန်းသီးလည်း တစ်စိတ်လောက်စားတယ်။ ရက်အတော်ကြာကြာ အစာစားတိုင်း ပျို့အန်နေခဲ့တဲ့ အေးဟာ ဒီမနက်မှ အစားစားချင်စိတ်တွေ ပေါ်လာပြီး စားရတာ လျှာမှာအရသာတွေ့လာတယ်လို့ ပြောတယ်။ လူလည်း လန်းဆန်းလာပြီး စကားတော်တော်များများ ပြောလာတယ်လေ။ အဲဒါကြောင့်ထင်ပါရဲ့။ ခဏနေတော့ တာဝန်ခံသူနာပြုဆရာမကြီး ဒေါ်မြမြရွှေကိုယ်တိုင် ရောက်လာပြီး ဒရစ်(ဖ)သွင်းတာ ရပ်ဆိုင်းပြီး အောက်ဆီဂျင်ပိုက်ကိုပါ ဖြုတ်ပေးလိုက်ပါတော့တယ်။

ဒါတွေမြင်ရတော့ ကိုယ်တို့မိသားစုရင်ထဲ အရမ်းပျော်ပြီး အားတက်လာမိကြတယ်။ ခေတ်သစ်ဆေးပညာရဲ့ နည်းစနစ်တွေကိုလည်း တအံ့တဩ ဖြစ်နေမိကြတယ်လေ။ ကြည့်လေဗျာ၊ ခုမှ ကျောက်ကပ်တစ်ကြိမ်ပဲ ဆေးရသေးတယ်။ ဒီလောက်အထိ တိုးတက်လာတာကိုကြည့်ပြီး နောက်ထပ်တစ်ကြိမ်-နှစ်ကြိမ်လောက်အထိ ဆက်ဆေးလိုက်ရင် နေ့ချင်းညချင်း ရောဂါပျောက်သွားတော့မလို ဝမ်းသာနေမိကြတယ်ဗျ။

တစ်ဖက်က အစာဝင်လာရသလို အခြားတစ်ဖက်က input, output သဘော ပြန်ထွက်ဖို့ လိုလာပါတော့တယ်။ ခက်တာတစ်ခုက လူနာခန်းက ၁၂ ယောက်ခန်း ဖြစ်နေတော့ အပေါ့အလေးသွားမယ်ဆိုရင် အခန်းဆီးအရှင်တွေကို တွန်းယူလာပြီး အေးခုတင်ရဲ့ ဘေးနှစ်ဖက်မှာ ကာရံထားပြီးမှ သွားရတာပါ။ နည်းနည်းတော့ ကရိကထများတာပေါ့လေ။

ကံအားလျော်စွာ အဲဒီနေ့ ၂၂.၉.၁၃ ရက်နေ့ နေ့လယ် ၂ နာရီကျော် တစ်ယောက်ခန်းရပြီ သိရလို့ ဆယ်ထပ်ကနေ ၉ ထပ် အခန်းနံပါတ်-၂၉၀၅ ဆီ ပြောင်းရွှေ့ကြရတယ်လေ။ အခန်းကတော့ ၁၅ ပေပတ်လည်လောက် ကျယ်ဝန်းပြီး ရေချိုးခန်း၊ ဘေစင်၊ အိမ်သာမှာ ဘိုထိုင်နဲ့ လူနာခုတင်ကျယ်၊ ဧည့်သည်တွေအတွက် ဆိုဖာရှည်၊ ကုလားထိုင်၊ စားပွဲ၊ ဗီရိုနဲ့ တယ်လီဖုန်းပါ ပါတယ်ဗျ။ ပြီးတော့ ရေခဲသေတ္တာရယ်၊ စလောင်းလိုင်းပေါင်းစုံ ကြည့်လို့ရတဲ့ TV လည်း ပါသေးတယ်လေ။ ကန့်လန့်ကာလုလုလေးတပ်ထားတဲ့ မှန်ပြတင်းကျယ်ကို လှမ်းကြည့်လိုက်ရင် စမ်းချောင်းမြို့နယ်က တိုက်တာအိမ်ရာတွေကိုနဲ့ ကောင်းလိုက်တဲ့ရှုမျှော်ခင်းဗျာ။ အတော်ခပ်လှမ်းလှမ်းက ရွှေရောင်ဝင်းနေတဲ့ ကိုးထပ်ကြီးဘုရားကိုပါ ဖူးတွေ့နေရသေးသဗျ။

*(ဆက်လက်ဖော်ပြပါမည်။)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သောကစံအိမ်

နန္ဒာမိုးကြယ်

သည်နှစ်ဆိုလျှင် သမီးကလေးကြည်ပြာ ကွယ်လွန်ခဲ့သည်မှာ ငါးနှစ်တင်းတင်း ရှိခဲ့ပြီ။

ငါးနှစ်ဆိုသော ကာလတိုင်အောင် တရွေ့ရွေ့ ကြာမြင့်လာခဲ့သော်ငြား မိဘနှစ်ပါးဖြစ်သည့် ကိုမင်းဟန်နှင့် မရည်မွန်တို့မှာ မနေ့တစ်နေ့ကလိုပင် ထိခိုက်ခံစားနေရဆဲ ဖြစ်သည်။ တမ်းတလွမ်းဆွတ်နေရစမြဲ ဖြစ်သည်။ အကယ်တန္တု သမီးကလေးကြည်ပြာသည် ကနေ့တိုင် သက်ရှိထင်ရှား ရှိနေဦးမည်ဆိုလျှင် ရွှေရင်သိမ်းသစ်မကလှပတင့်မော ဝတ်ရည်တွေပြည့်ဝသော ပန်းလှလှလေးတစ်ပွင့် ဖြစ်နေမှာ သေချာသည်။ ဘာကြောင့်ဆို သမီးလေးကြည်ပြာ ကွယ်လွန်တုန်းက အသက် ၁၁ နှစ်သာ ရှိနေခဲ့သည် မဟုတ်ပါလား။

■ ■ ■ ■ ■

ကိုမင်းဟန်က မိုးကုတ်မှ ကျောက်တွင်းသူဌေး၏ တစ်ဦးတည်းသော သား ဖြစ်သကဲ့သို့ မရည်မွန်ကလည်း ထားဝယ်ဘက်မှ စက်လှေသူဌေး၏ သမီးဖြစ်သည်။

တစ်ဦးနှင့် နေထိုင်ကြရာ ဒေသတွေက အာမျှမဆိုင်လောက်အောင် ကွာခြားနေခဲ့သော်ငြား ဖူးစာရေးနတ်က ကြဲကြဲဖန်ဖန်ဆိုသလို သူတို့နှစ်ဦးသားကို ဆုံစည်းခွင့်ပေးလိုက်သည်။ ကိုမင်းဟန်၏ မိဘတွေက ရန်ကုန်ရှိ ရွှေတောင်ကြားလမ်းတွင် ခြံဝယ်တိုက်ဆောက်ပြီး ကိုမင်းဟန်အား ရန်ကုန်သို့ ပို့လိုက်သလို မရည်မွန်၏ မိဘများကလည်း ရန်ကုန်ရှိ အင်းလျားလမ်းတွင် ခြံဝယ်တိုက်ဆောက်လျက် မရည်မွန်အား ရန်ကုန်သို့ ပို့လိုက်လေသောအခါ မြကျွန်းညီညို တက္ကသိုလ်၌ သူတို့နှစ်ဦးသား ဆုံတွေ့ခဲ့ကြပါချေသည်။

ရေးရေးဘဝများစွာဆီက တစ်ဦးနှင့်တစ်ဦး မေတ္တာပန္နက် ရိုက်ခဲ့ကြဖူးလေသလော မဆိုသာ။ တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ကြင်နာခဲ့ကြသည်။ မြသီလာ နံ့သာတောဝယ် ချစ်သူနှစ်ဦး၏ ခြေရာတွေ ထပ်ခဲ့ကြသည်။ မြကျွန်းညီညို၏ ကံ့ကော်ပင်ရိပ်တွေအောက်၌ သူတို့ ကွန်းခိုခဲ့ကြသည်။ စားသွားနားနေ အချိန်တိုင်းတွင် ရင်ခုန်လှိုင်းထ တသသဖြင့် ယုယကြင်နာခဲ့ကြသည်။ ကျောင်းသွားအတူ၊ စာကျက်အတူဖြင့် သံယောဇဉ်ချစ် လေးနှစ်လေးမိုးကို ကျော်ဖြတ်ခဲ့ကြရင်း ပညာရေးဆုံးခန်းတိုင်ခဲ့သည်။ ထိုသို့ ပညာစုံခဲ့လေသောအခါ ...

"မေတ္တာစစ်တို့ မည်သည်ကဖြောင့်ဖြူးရာလည်း မရှိစမြဲ" ဆိုသည့် တေးသွားက သူတို့နှစ်ဦးနှင့်တော့ လုံးဝဆိုလုံးဝ မပတ်သက်တာ သေချာသည်။ ဘာကြောင့်ဆို ... သူတို့၏ လျှောက်လမ်းသည် ပန်းခင်းလမ်းမှ ပန်းခင်းလမ်း အတိ။

နှစ်ဖက်သောမိဘတွေက သူတို့နှစ်ဦးကို ကြည်ကြည်ဖြူဖြူပင် သဘောတူကြသည်။ ကြီးကျယ်ခမ်းနားလှစွာဖြင့် ထည်ဝါခန့်ညားလှစွာသော အဆင့်မြင့်ဟိုတယ်ကြီးတွင် မင်္ဂလာဧည့်ခံပွဲ ကျင်းပပေးခဲ့သည်။ အမွန်တမြတ်ဖြင့် သံဃာအပါး ၅၀၀ ကျော်ရှိသော စာသင်တိုက်၌ မင်္ဂလာဆွမ်းကျွေးခဲ့သည်။ ပြီးတော့ ... ကိုမင်းဟန်၏ မိဘတွေက ခန်းဝင်ပစ္စည်းအပြည့်အစုံဖြင့် ဆိတ်ငြိမ်ရပ်ကွက်တစ်ကွက်၌ အဆင့်မြင့်တိုက်ကလေး တစ်လုံးဝယ်ကာ သားနှင့်ချွေးမအား လက်ဖွဲ့ခဲ့သလို မရည်မွန်၏ မိဘတွေကလည်း သမီးနှင့် သမက်အတွက် လက်ဝတ်လက်စား အပြည့်အစုံနှင့် ဗိမ်ခံကားတစ်စီး လက်ဖွဲ့ခဲ့လေသည်။

ပြီးတော့ ကိုမင်းဟန် ဘာလုပ်လိုသနည်း။

ဖခင်၏ ကျောက်ဘူင်းလုပ်ငန်းကို ဦးစီးလိုက ဦးစီးနိုင်သလို မရည်မွန်မိဘများ၏ စက်လှေလုပ်ငန်းများကိုလည်း ဦးစီးလုပ်ကိုင်လိုက ကိုယ်ပိုင်အရည်အသွေး ကိုယ်ပိုင်အစွမ်းအစဖြင့် လုပ်ကိုင်လိုသူမို့ ပွဲရုံတစ်ရုံကို



www.burmeseclassic.com

www.burmeseclassic.com

ထောင်လိုက်သည်။ လိုအပ်သော ကုန်ပစ္စည်းတွေရဖို့ နယ်ပေါင်းစုံနှင့် ဆက်သွယ်သည်။ ဒါလည်း အကျိုးက ပေးပြန်သား။

သည်တော့လည်း ပါးစပ်ပေါက် နှစ်ပေါက်တည်းသာရှိသော သူတို့ဇနီးမောင်နှံအတွက် စီးပွားရေးအနေအထားသည် ဘာမျှမပူရသည့် အနေအထားပင် ဖြစ်လေသည်။ သို့နှင့် ကာလတွေ ရွေ့လျားလာသည်။ နှစ်တွေကြာလာသည်။ လင်နှင့်မယား တစ်ဦးနှင့်တစ်ဦး ချစ်ကြင်မဝ နေလာခဲ့ကြရာမှ လင်ရောမယားပါ ရင်သွေးလိုချစ်စိတ် တောင့်တလာကြသည်။

လူမှန်လျှင် မျိုးဆက်ဟူသည် ရှိရမည်။

သည်မျိုးဆက် ရင်သွေးကလေးသည် ကိုမင်းဟာန်အပြင်သွားနေသည့်အခါ မရည်မွန်အတွက် ပျော်တော်ဆက်ကလေး ဖြစ်သလို ကိုမင်းဟာန် လုပ်ငန်းခွင်မှ အိမ်ပြန်ရောက်လျှင်လည်း ကိုမင်းဟာန်အတွက် အပူတွေမှန်သမျှ ကင်းစင်ငြိမ်းအေးမည့် ရေစင်အေးလေးတစ်ခွက်ပဲ ဖြစ်သည်။

သို့သော် . . . တောင့်တသော ရင်သွေးသည် ရှတ်ခြည်းမရ။ လင်ရော မယားပါ ကျန်းမာသန်းစွမ်းကြပါ၏။ သို့အတွက် သားသမီးရနိုင်သင့်ပါလျက် ရမလာခြင်းအပေါ် စိတ်တဝင်မကျဖြစ်ကာ နားလည်ကျွမ်းကျင်သည့် သမားတော်ကြီးများထံ သွားရောက်လျက် ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ သမားတော်ကြီးကလည်း တိကျသေချာစွာ စစ်ဆေးပေးခဲ့သည်။

"နှစ်ဦးစလုံးမှာ သားသမီးရနိုင်တဲ့အနေအထား အပြည့်အဝရှိပါတယ်။ အကြောင်းမတိုက်ဆိုင်သေးလို့ပါ။ ဒီအတွက်တော့ ဘာမှစိတ်ထဲ မခံစားပါနဲ့။ နေမြဲတိုင်းနေပါ။ လိုအပ်မယ့် ဆေးဝါးတွေ ပေးလိုက်မယ် . . . ဟုတ်လား"

သမားတော်ကြီးက ပွင့်လင်းစွာ အဖြေပေးခဲ့သည်။

သည်လိုနှင့် သီတင်းပတ်အနည်းငယ်အကြာမှာတော့ တစ်ညသ၌ မရည်မွန်ထံ ထူးဆန်းလှသော အိပ်မက်တစ်ခု ဝင်ရောက်လာတော့သည်။ အိပ်မက်မှ နိုးထတော့ သူမမက်ခဲ့သော အိပ်မက်အား ခင်ပွန်းသည် ကိုမင်းဟာန်ကို ဖွင့်ပြောပြလေသည်။

"ထူးဆန်းလိုက်တာ မောင်ရေ။ မွန့်ရဲ့ အိပ်မက်ထဲမှာလေ မြွေတွေ မြွေတွေဆိုတာ အများကြီးပဲ။ မြွေတွေကို မြင်တော့ မွန်လည်း တုန်နေအောင်ကို ကြောက်သွားတာပေါ့။ အဲဒါ တောလမ်းတစ်လမ်းကနေ မွန်ဖြတ်လာတုန်း ရုတ်တရက် တွေ့လိုက်ရတာ မောင်ရဲ့"

မရည်မွန်က သူမ၏ ရင်အစုံကို လက်နှစ်ဖက်ဖြင့် အသာဖိရင်း ရင်တုန်ပန်းတုန် ပြောလာသည်။ အိပ်မက်က မဆုံးပါသေး။

"အဲဒါနဲ့ မွန်လည်း ကြောက်လန့်တကြားဖြစ်ပြီး အနားမှာ မောင်များရှိမလားလို့ ရှာကြည့်တယ်။ မောင်လည်း မရှိဘူး။ မြွေတွေကတော့လေ ယိမ်းထိုးနေတာများ လေတိုက်ရင် ယိမ်းနွဲ့တတ်တဲ့ ကောက်ပင်လိုပါပဲ။ မွန်လည်း ကြောက်လန့်တကြားဖြစ်ပြီး ထွက်ပြေးမယ်လုပ်ရော ချစ်စရာသိပ်ကောင်းပြီး ကော်ရုပ်ကလေးလိုလှတဲ့ သမီးအရွယ် ချာတိတ်ကလေးက ချုံအကွယ်ကနေထွက်လာတယ်"

"သူကလေးက ဘာပြောတယ်မှတ်သလဲ။ မကြောက်နဲ့ မေမေရယ်။ သူတို့ဟာ သမီးနဲ့ ကစားဖော် ကစားဖက်တွေပါ။ သူတို့ကို သမီးက အဲဒါငါ့ရဲ့မေမေလို့ ပြောထားတာ။ သည်တော့ သူတို့က မေမေ့ကို ပျော်ပျော်ရွှင်ရွှင် ကြိုဆိုနေကြတာပါ မေမေရယ်တဲ့။ သူကလေးက မွန့်ကို မေမေလို့ ခေါ်လိုက်တဲ့အချိန်မှာ မွန့်ရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူးမောင်ရယ်။ အဲသည်မှာပဲ မွန်လန့်ပြီး နိုးတော့တာပဲ"

မရည်မွန်၏ အိပ်မက်က နားထောင်လို့တော့ အကောင်းသား။ သို့ရာတွင် အိပ်မက်ဟူသည် စိတ်ကယောင်ချောက်ချား ဖြစ်တတ်သည့်အခါ၌ မက်လေ့ရှိကြောင်း၊ အစွဲအလမ်းမထားသင့်ကြောင်းသာ ကိုမင်းဟာန် နှစ်သိမ့်နိုင်ပါသည်။ ဘာ့ကြောင့်ဆို အိပ်မက်ထဲမှ သမီးငယ်ကလေးသည် ဇနီးသည်အား "မေမေ"ဟု ခေါ်သည်ဆိုတော့ သူ့ရင်မှာလည်း ပါလှပ်လှပ်ခုန်လာရသည် မဟုတ်လား။

■ ■ ■ ■ ■

လင်မယားနှစ်ယောက်စလုံး အတိုင်းမသိ ရွှင်မြူးရသည့်နေ့။

မရည်မွန်တစ်ယောက် အစားအသောက်ပျက်ကာ အော့ချင်သလိုလို၊ အန်ချင်သလိုလို ဆံစတွေလည်း ခြောက်သွေ့သလိုလိုဖြစ်နေသည့်အတွက် မီးယပ်နှင့်သားဖွားဆိုင်ရာ သမားတော်ကြီးထံ သွားရောက်စစ်ဆေးလေမှ မရည်မွန်တွင် ရင်သွေးငယ်ရှိနေပြီဟု သိလိုက်ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကာယကံရှင်ဖြစ်သော လင်မယားနှစ်ယောက်စလုံး ပျော်ခဲ့ကြသလို မြေးချီချင်နေကြပြီဖြစ်သည့် နှစ်ဖက်သော ဘိုးဘွားလောင်းတွေကလည်း ပျော်နေကြသည်။ မရည်မွန်အတွက် လိုအပ်မည်ထင်တာတွေ ပို့ပေးကြသည်။ ပြည့်စုံလွန်းရုံမက သာတောင်မှ သာနေပါသေး၏။ သည်လိုမျိုး မိသားစုအသိုက်အမြုံရှိရာသို့ ရောက်ရှိလာမည့် ရင်သွေးကလေးကား လာခြင်းကောင်းသူ၊ ကုသိုလ်ထူးသူပင် ဖြစ်တော့၏။

သို့နှင့် လရာသီတွေ အတန်ငယ်ပြောင်းအပြီးမှာတော့ဖြင့် အထူးသားဖွားခန်းတစ်ခန်းသို့ တက်လျက် မရည်မွန် မီးဖွားခဲ့ပါသည်။

"ဟယ် ... သမီးလေးတော့။ တကယ့် ကော်ပတ်ရုပ်ကလေးအတိုင်းပဲ။ ချစ်စရာကောင်းလိုက်တာ"

သူမ မွေးဖွားပြီးသည့်နောက် ကလေးကြည့်သူအပေါင်းပင် ကလေးအပေါ် ချစ်ခင်စိတ်တွေက ဝေဆာနေကြသည်။ ဘေးပတ်ဝန်းကျင်ကပင် ဤမျှလောက်ဖြစ်နေလျှင် တကယ့်မူလကာယကံရှင် မိဘတွေအဖို့ သည်သမီးလေးအပေါ် ချစ်မြတ်နိုးစိတ်ကမိုးလောက်မက ဖြစ်နေမှာ သေချာလှတော့၏။ နှစ်ဖက်သော ဘိုးဘိုးဘွားဘွားတွေမှာလည်း မြေးဦးအနှစ်ကလေးမို့ ချစ်ခင်မြတ်နိုး၍မဆုံး။

သမီးလေးကလည်း တကယ့်ကို ချစ်စရာအတိ။

သန္ဓေကလည်း ကောင်းသည်။ သေးတွေစိုရွှဲနေမှသာ အဲ့ခနဲ အသံပြုသည်။ တခြားအချိန်မှာ ငြိမ်ငြိမ်သက်သက်။ တစ်ညသားမှာတော့ ထူးဆန်း

> "ခုလိုမျိုး ကိုမင်းဟန်ရဲ့ မိသားစုအရေးကိစ္စ ဆောင်ရွက်နေချိန်မှာ ဖုန်းဆက်ပြီး အကြောင်းကြားရတာ အားနာပါတယ်။ မဆက်မဖြစ်လို့ ဆက်ရတာမို့ ခွင့်လွှတ်ပါ ကိုမင်းဟန်။ ကျွန်တော် ဒုရဲအုပ် သက်မောင်ပါ"

အံ့ဩဖွယ်ကောင်းလောက်အောင်ပင် ကိုမင်းဟန်ရော၊ မရည်မွန်ပါ အိပ်မက်မက်ကြလေသည်။ အိပ်ရာမှနိုးထပြီး မက်ခဲ့သော အိပ်မက်ကိုပြောပြတော့ နှစ်ဦးသား အတူတူဖြစ်နေလေသည်။

အိပ်မက်ထဲမှာ သူတို့၏ သမီးကလေးသည် မြွေတွေနှင့် ဆော့ကစားနေသည်။ မြွေတွေကို ထိပ်ပုတ်၊ ခေါင်းပုတ်လုပ်သည်။ နမ်းသည်။ မြွေတွေကလည်း သမီးလေးကို ဘာအန္တရာယ်မျှ မပေး။ ဦးခေါင်းဖြင့်ပင် တိုးခွေ့ကျီစယ်နေပြန်သေး။ သူတို့လင်မယားနှစ်ယောက်စလုံး သမီးပျောက်ကို လိုက်ရှာကြရင်းမှ မြွေတွေနှင့် လုံးထွေးဆော့ကစားနေသော သမီးလေးကို တွေ့ရသည့်အခိုက် လန့်ထိတ်ခြင်းနှင့်အတူ ကြက်သေသေသွားရလေသည်။ သူတို့လင်မယားရောက်လာတော့ သမီးလေးနှင့် ဆော့ကစားနေကြသော မြွေတို့သည် အလျှိုအလျှိုပင် နီးစပ်ရာချုံများကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။ ထိုအခါ သမီးလေးသည် ခေါင်းမော့လာပြီး "ဖေဖေ၊ မေမေ"ဟု ဆိုလိုက်ချိန်ဝယ် အိပ်မက်က ဖျတ်ခနဲ ကွယ်ပျောက်သွားခဲ့လေသည်။

သည်ကိစ္စကို ကုန်သိလျောင်ဖို့ နယ်ကိုထွက်ရင်း အဝယ်တော်ကြီး ဦးရွှေအိုးအား ပြောပြခဲ့သည်။ ဦးရွှေအိုးကား ဝိဇ္ဇာမရ မြန်မာ့ဂမ္ဘီရ ပညာရပ်များနှင့် စပ်လျဉ်း၍ တီးခေါက်မိရှိသူဖြစ်သည်။ ပရလောကအကြောင်းကိုလည်း ခြေခြေမြစ်မြစ် လေ့လာထားသူ ဖြစ်လေသည်။

"ကိုမင်းဟန်တို့ တွေ့ကြုံဖြစ်ပျက် အိပ်မက်ဆက်တဲ့ ကိစ္စကို ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ချက်ချရရင် မင်းတို့ရဲ့ သမီးလေးဟာ မြွေဘဝကနေ ဝင်စားတယ်လို့ ဆိုရမယ်။ မြွေဘဝကို သူမရောက်ခင် တခြားတခြားသော ဘဝတွေ ရှိခဲ့ဦးမှာပေါ့။ သတ္တဝါတွေမှန်သမျှ နိဗ္ဗာန်စခန်းကို မဝင်နိုင်သေးသမျှတော့ ဘဝများစွာကို ကိုယ်ပြုဖူးတဲ့ ကုသိုလ်၊ အကုသိုလ်အလျောက် ကျင်လည်ဖြတ်သန်းနေရဦးမှာပဲလေ။

မင်းတို့ရဲ့ သမီးလေးကို စိတ်ချမ်းသာအောင် ထားပါ။ သူ့အလိုရှိရာ မှန်သမျှကို ဖြည့်ဆည်းပေးပါ။ သည် သမီးကလေးဟာ မင်းတို့ရဲ့ ဘဝထဲကို ကောင်းသောလာခြင်းနဲ့ ရောက်ရှိလာတာပါ။ မိဘတွေကို အကျိုးပေးမယ့် ကလေးပါပဲ''

အဝယ်တော်ကြီး ဦးရွှေအိုး ပြောသကဲ့သို့ပင် ... သမီလေးအား 'မကြည်ပြာ'ဟု နာမည်လှလှကလေး ကင်ပွန်းတပ်ပေးသည့် နေ့မှာပင် အမှတ်တရ မင်္ဂလာစုံတွဲထိ ထိုးခဲ့သည်။ လကုန်၍ ထီဖွင့်လေသော အခါ သိန်းတစ်ရာဆုကြီး ပေါက်ခဲ့လေတော့သည်။ သည့်အတွက် သမီးက အပြင်မှာ စကားမပြောတတ်၍ ဘာလုပ်ပေးရမှန်းမသိ။ မရည်မွန်နှင့်တော့ သမီးကလေး၏ နာမည်နှင့် ဘဏ်မှာအပ်ထားဖို့ တိုင်ပင်မိသေးသည်။ ညရောက်တော့ လင်မယားနှစ်ယောက်စလုံးကို အိပ်မက်ပေးပါလေတော့၏။ သိန်းတစ်ရာအဲနက်မှ သိန်းငါးဆယ်ကို နဂါးရုံဘုရားထံ သွားရောက်လှူပေးပါတဲ့။

သည့်တော့လည်း သမီးလေး အလိုကျပင် အားလပ်ရက်တစ်ရက်၌ နဂါးရုံဘုရားရှိရာသွားပြီး နှစ်ဖက်သော အဘိုးအဘွားများနှင့် မိဘနှစ်ပါးအား ဦးထိပ်ထားလျက် သမီးကလေးကြည်ပြာ ကောင်းမှုဟူ၍ နတ်လူသာ ခေါ် နိုင်စေကြောင်း ရေစက်သွန်းချ အမျှပေးဝေပြီး လှူဒါန်းခဲ့ကြသည်။

သည်ကာလ တစ်လျှောက် စကားတတ်စအရွယ်၊ ထိုမှ ပြေးလွှား ဆော့ကစားတတ်စ အရွယ်၊ နောက် မူလတန်း ကျောင်းတက်သောအရွယ်။ အို ... အားလုံးသည် တကယ့်ကို ပျော်စရာတွေချည်း။ ဘိုးဘွားတွေကလည်း မြေးချစ်ကလေးမို့ ရန်ကုန်သို့ လာတိုင်း မြေးထံ မရောက်ရောက်အောင် လာကြသည်။

သမီးလေး ၁၁ နှစ်အရွယ်သို့ ရောက်ခဲ့ပြီ။ ထိုကာလအထိ အေးအေးချမ်းချမ်း။

ဤသို့ သမီးကလေး ကျောင်းသွားကျောင်းပြန် ကြိုဖို့ပြုဖို့ရာ ဒရိုင်ဘာတစ်ဦး ငှားရသည်။ နာမည်က ကိုကျော်ခဲ။ မိသားစုရှိသည်မို့ ခြံဝင်းထဲတွင်ပင် ကားဂိုဒေါင်ကလေး ဆောက် ကားဂိုဒေါင်အား တစ်ဖက်ရပ်အဖီဆွဲ၍ ၎င်းတို့မိသားစုကို နေထိုင်စေသည်။

တစ်နေ့သားမှာတော့ ကောက်ကာငင်ကာဆိုသလို သမီးကလေး ကိုယ်ပူရှိန်တွေတက်ပြီး ငန်းဖမ်းသလို အော်ဟစ်နေတော့သည်။

''ဦးကျော်ခဲ ... သိပ်ရက်စက်တဲ့ ဦးကျော်ခဲ။ သမီးရဲ့ ဘိုးဘိုးဖြူကို သတ်တယ်။ ဘိုးဘိုးဖြူမရှိရင် သမီးလည်း မနေတော့ဘူး။ အား ... အမလေး ... ဘိုးဘိုးဖြူရေ သမီးလာပါပြီ .. လာပါပြီ''

လင်မယားနှစ်ယောက်စလုံး ခြေမကိုင်မိ လက်မကိုင်မိဖြင့် မိသားစုဆရာဝန်ကို ဖုန်းဆက်ခေါ်သည်။ ဆရာဝန်ရောက်မလာခင်မှာ သမီးကလေးသည် မျက်ဖြူဆိုက်ပြီး ချွေးတွေရွှဲနစ်ကာ တက်ချက်သွားလေသည်။

''သမီးလေး .. သမီးလေး''

''မောင်ရေ လုပ်ပါဦး။ သမီးလေး ... မေမေ့သမီးလေး''

လင်မယား နှစ်ယောက်စလုံး ဆောက်တည်ရာမရတော့။ ထိုစဉ်မှာပင် မိသားစုဆရာဝန် ရောက်လာသည်။ စမ်းသပ်စစ်ဆေးသည်။

''သွားပြီဗျာ ... ဝမ်းနည်းစရာပါပဲ။ သမီးလေး ရေတိမ်နစ်သွားရှာပါပြီ''

ဆရာဝန်၏ စကားမှတ်ချက် အဆုံးမှာတော့ တစ်တိုက်လုံး ပွက်လောညံသွားတော့သည်။ မရည်မွန်မှာ သမီးလေးကို ထွေးပွေ့ရင်း လူးလိမ့်နေသလို ကိုမင်းဟာန်မှာလည်း အုတ်နံရံတွေ လက်သီးဖြင့် အဆက်မပြတ် ထိုးနေမိတော့၏။

ဆရာဝန်လည်း ပြန်သွားခဲ့ပြီ။ ဒရိုင်ဘာကျော်ခဲ ရီဝေသောအကြည့်ဖြင့် ကြည့်နေသည်။

''ဟေ့ကောင် ... ကျော်ခဲ၊ မင်းဒီနေ့ ဘာတွေလုပ်သလဲပြောစမ်း''

''နေ့ ... နေ့လယ်က ခြံထဲ ဆင်းရင်း မြွေဖြူကြီးတစ်ကောင်ကို တွေ့တာနဲ့ ရိုက်သတ်ပြီး ချက် ...''

''တော် ... တော်တော့ကွာ။ မင်းဘာမှဆက်မပြောနဲ့။ မင်းကို နှစ်လစာ လခပေးလိုက်မယ်။ မနက်ဖြန်ကျရင် မင်းတို့ပြောင်းတော့။ ဒါပဲ ... သွား ... ထွက် ... သွား''

သူ ပေါက်ကွဲစွာ အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ ဒရိုင်ဘာကျောက်ခဲလည်း လှစ်ခနဲဆိုသလို ပြန်ထွက်သွားတော့သည်။ သာယာချမ်းမြေ့လှစွာသော သီရိဂေဟာ အိမ်ထောင်စုကလေးသည် ခုတော့လည်း ကြေကွဲစရာတွေနှင့် သောကစံအိမ် ဖြစ်ခဲ့ရလေပြီ တကား။

■ ■ ■ ■ ■

သည်နှစ်ဆိုလျှင် သမီးကလေး ကြည်ပြာ ကွယ်လွန်ခဲ့သည်မှာ ငါးနှစ် တင်းတင်း ရှိခဲ့ပြီ။

ငါးနှစ်ဆိုသော ကာလတိုင် တရွေ့ရွေ့ ကြာမြင့်လာခဲ့သော်ငြား မိဘနှစ်ပါးဖြစ်သည့် ကိုမင်းဟန်နှင့် မရည်မွန်တို့မှာ မနေ့တစ်နေ့ကလိုပင် ထိခိုက်ခံစားနေရဆဲ ဖြစ်သည်။ တမ်းတလွမ်းဆွတ်နေရစမြဲ ဖြစ်သည်။ အကယ်တန္တု သမီးကလေးကြည်ပြာသည် ကနေ့တိုင် သက်ရှိထင်ရှား ရှိနေဦးမည်ဆိုလျှင် ရွှေရင်သိမ်းသစ်မကလှပတင့်မော ဝတ်ရည်တို့ပြည့်ဝသော ပန်းလှလှလေးတစ်ပွင့် ဖြစ်နေမှာ သေချာသည်။ ဘာ့ကြောင့်ဆို သမီးကလေးကြည်ပြာ ကွယ်လွန်တုန်းက အသက် ၁၁ နှစ်သာ ရှိနေခဲ့သည် မဟုတ်ပါလား။

လင်မယားနှစ်ယောက်စလုံး ခရီးစဉ်တစ်လျှောက် တွေတွေငေးငေးကလေး ဖြစ်နေကြသည်။ နှစ်ဦးသား၏ အာရုံမှာတော့ သမီးကလေး၏ ပုံရိပ်သည် တွဲခိုလျက်။ ယခု ခရီးစဉ်မှာ ထားဝယ်ရှိ မရည်မွန်၏ဖခင်ကြီး ကွယ်လွန်သဖြင့် သွားရောက်နေကြခြင်း ဖြစ်သည်။

ထားဝယ်သို့ ရောက်ပြီးသကာလ အသုဘကိစ္စစီစဉ်နေဆဲမှာပင် အရေးပေါ်ဖုန်းက ကိုမင်းဟန်ထံ ဝင်လာသည်။ ဖုန်းဆက်လာသူက သက်ဆိုင်ရာနယ်မြေရှိ ရဲအရာရှိတစ်ဦး။

"ခုလိုမျိုး ကိုမင်းဟန်ရဲ့ မိသားစုအရေးကိစ္စ ဆောင်ရွက်နေချိန်မှာ ဖုန်းဆက်ပြီး အကြောင်းကြားရတာ အားနာပါတယ်။ မဆက်မဖြစ်လို့ ဆက်ရတာမို့ ခွင့်လွှတ်ပါ ကိုမင်းဟန်။ ကျွန်တော် ဒုရဲအုပ် သက်မောင်ပါ"

"ဟုတ်ကဲ့ ... ပြောပါ၊ ဆရာကိုသက်မောင်"

"ဒီလိုပါ။ ကိုမင်းဟန်တို့ရဲ့ တိုက်ကို မနေ့က လူနှစ်ယောက် ဝင်ရောက်ဖောက်ထွင်းကြပါတယ်။ ပတ်ဝန်းကျင်က သက်ာမကင်းဖြစ်ပြီး အကြောင်းကြားလို့ ကျွန်တော်တို့ရဲ့ ရဲတပ်ဖွဲ့ဝင်တွေ သွားရောက်ပြီး ဝိုင်းကြတဲ့အခါ မမျှော်လင့်တာတွေ ကြုံလာရလို့ပါ"

"ဖောက်ထွင်းသမား နှစ်ယောက်ဟာ ကိုမင်းဟန်တို့ရဲ့ တိုက်ခန်းထဲဝင်ပြီး ဗီရိုကိုဖွင့်လို့ အဖိုးတန်လက်ဝတ်လက်စားတွေကို ယူငင်ပုံရပါတယ်။ ဘာကြောင့်ဆို သူတို့လဲကျသေဆုံးနေတဲ့ ဘေးမှာ လက်ဝတ်လက်စားတွေ ပြန့်ကြဲနေလို့ပါ"

"ခင်ဗျာ ... ဘာ ... သူတို့နှစ်ယောက်လုံး သေဆုံးသွားကြတယ်။ ဟုတ်လား။ ဘာကြောင့် ဘယ်လို သေဆုံးသွားကြရတာလဲဗျာ"

"အဲဒါနဲ့ ပတ်သက်ပြီး သေမှုသေခင်းအရ အရေးယူလို့ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေရဲ့ စစ်ဆေးလိုက်ကြတဲ့အခါ သူတို့နှစ်ဦးစလုံး အဆိပ်ပြင်းထန်တဲ့ တောကြီးမြွေဟောက်လို့ ယူဆရတဲ့ မြွေကိုက်ခံရတယ်တဲ့"

"ဗျာ ..."

"ဟုတ်ပါတယ် .. ကိုမင်းဟန်။ သေဆုံးသွားကြတဲ့ ဖောက်ထွင်းသမား နှစ်ဦးမှာ တစ်ဦးက ရဲဘက်ပြေး ဖောက်ထွင်းဝိဇ္ဇာ အောင်မင်းဖြစ်ပြီး၊ ကျန်တစ်ဦးက လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ကိုမင်းဟန်တို့ဆီမှာ ဒရိုင်ဘာလုပ်ခဲ့ဖူးတဲ့ ကျောက်ခဲလို့ သိရပါတယ်။ အဲဒီကိစ္စဝိစ္စတွေနဲ့ ပတ်သက်ပြီး လုပ်ထုံးနဲ့အညီ လုပ်ရကိုင်ရ၊ အမှုတည်ဆောက်ရမှာမို့ ကိုမင်းဟန် လာဖို့ အရေးအကြောင်းကြားရတာပါခင်ဗျာ"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာ . ကိုသက်မောင်"

ကိုမင်းဟန်အဖို့ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေဖြစ်ရချေပြီ။ သူတင်ပဲလားဆိုတော့ မဟုတ်။ မရည်မွန်လည်း အပါအဝင်ရယ်ပါ။ သည့်အတွက် နောက်ရက်မှာ လေယာဉ်နှင့် ရန်ကုန်သို့ အရေးပေါ် ပြန်ရမည်။ မရည်မွန်ကိုတော့ ထားခဲ့ရဦးမည်။

ထူးဆန်းလှစွာပင် အဲသည်ညဥ္စ လင်မယားနှစ်ယောက်စလုံး သမီးကလေး ကြည်ပြာကို အိပ်မက်မက်ကြလေသည်။

"ဖေဖေတို့ကို ဒုက္ခပေးကြတဲ့ ငမိုက်သားနှစ်ယောက်ကို သမီးရဲ့ အစ်ကိုတွေက ဒဏ်ခတ်လိုက်ကြတာလေ။ တစ်နေ့နေ့တော့ ဖေဖေတို့ရဲ့ ဘဝထဲ သမီးရောက်လာပါဦးမယ်။ သမီးအတွက်ကုသိုလ်ပြုပေးကြပါနော်"တဲ့။

ဩော် ... အဖြစ်တွေကဖြင့် မယုံနိုင်လောက်အောင်ကို ထူးခြားဆန်းကြယ်ပါပေ့ဘတကား။

■ နန္ဒာဝီကြယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သိကြားစေချင်သည်

■ ရဲအုပ်အောင်ဇင်

(၁)

အမှတ်မထင်ဘဲ သိခဲ့ရတဲ့ တော်သလင်းလ ညကလေးကို မခင်နှင်းထွေး သတိရနေပေဦးမည်ထင်ပါသည်။ ပေါင်းတည် မြတ်စွယ်တော်ပွဲသို့သွားရန် မခင်နှင်းထွေးနှင့် ခင်ပွန်းဖြစ်သူ အစိုးရဌာနတစ်ခုမှ အရာရှိတစ်ဦးဖြစ်သူ ဦးဝဏ္ဏတို့ 'ခေတ္တရာမေ'ရထားစီးဖို့ လာခဲ့သည် မဟုတ်လား။ ရွှေတည်စွယ်တော်ပွဲသွားသည့် ပရိသတ်က ကြိတ်ကြိတ်တိုး ပြွတ်ကျပ်နေ၍ ပထမတန်းရော၊ ဒုတိယတန်းပါ နေရာမရကြဘူး။ လူတွေကလည်း ထိုနေ့ညမှ ကြောက်စရာကောင်းအောင် များပြားလှသည်။ ထို့ကြောင့် မခင်နှင်းထွေးတို့ လင်မယားနှစ်ယောက်ဟာ ကျွန်တော်ခေါင်းဆောင်သော မီးရထားရဲများ၏ အစောင့်တွဲသို့ ရောက်ခဲ့ကြသည်မဟုတ်လား။

မခင်နှင်းထွေးတို့က နေရာတောင်းလို့ ပိုတဲ့နေရာကို ကျွန်တော်ပေးခဲ့သည်။ ဒီလိုနေရာပေးလို့ မခင်နှင်းထွေးတို့နှင့် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်မိကြသည်။

ရထားထွက်တော့ မခင်နှင်းထွေးတို့ လင်မယားနှစ်ယောက်နှင့် ကျွန်တော် [illegible] ခဲ့ကြသည်။ [illegible] ဦးဝဏ္ဏနှင့် ကျွန်တော် [illegible] ကြသည်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com

တော့ မခင်နှင်းထွေးပါ ကျွန်တော်တို့ စကားဝိုင်းထဲ ဝင်လာသည်။

"ရှင် ရဲအုပ်ကိုမင်းအောင်ဆိုတာ သိလား"

မခင်နှင်းထွေးက ကျွန်တော့် မျက်နှာကိုကြည့်ပြီး မေးလိုက်သည်။ ကျွန်တော် မခင်နှင်းထွေးကို စတွေ့ကတည်းက မြင်ဖူးသည်ဟု ကျွန်တော့်စိတ်ထဲ ထင်ခဲ့သည်။ မခင်နှင်းထွေးက မင်းအောင်အကြောင်းမေးမှ သတိရတော့တယ်။

"နေပါဦး။ မင်းကတော်က မခင်နှင်းထွေးဆိုတာ မဟုတ်လား"

လို့ ကျွန်တော်က မေးလိုက်မိသည်။ မခင်နှင်းထွေးက ခေါင်းညိတ်ပြမှ ကျွန်တော် မခင်နှင်းထွေးရဲ့ အမေးကို ဖြေရသည်။

"သိပါတယ်။ မင်းအောင်နဲ့ ကျွန်တော် သာယာဝတီခရိုင်မှာ တုန်းက အတူတူပါပဲ"

"ဩော် . . သူနဲ့ကျွန်မဟာ ငယ်သူငယ်ချင်းပေါ့။ မောင်နှမလိုပဲ ခင်ကြတယ်"

ဒီနောက်တော့ မခင်နှင်းထွေးက စကားစတို့ အတင်းဖြတ်ပစ်တော့ ကျွန်တော်လည်း ယဉ်ကျေးစွာနှင့် မင်းအောင်၏အကြောင်းကို ဆက် မပြောတော့ချေ။ ဦးဝဏ္ဏရှေ့တွင် မပြောသင့်ကြောင်းသိပါသည်။

ဒီတုန်းက သူမ၏နာမည်ကို ကျွန်တော် ကြိုတင်သိနေခြင်းကို မခင်နှင်းထွေး အံ့သြမည်ထင်ပါသည်။ မခင်နှင်းထွေး ဘာ့ကြောင့် မင်းအောင်အကြောင်း ဆက်မပြောချင်သည်ကို ကျွန်တော်သိပါသည်။

ဂုဏ်ပကာသန လောင်းရိပ်မှာမှ လျှောင်းအိပ်လိုတဲ့ မခင်နှင်းထွေး အကြောင်းကို ကောင်းကောင်းကြီး ကျွန်တော်သိခဲ့ပါသည်။

မခင်နှင်းထွေးတို့လင်မယား နှစ်ယောက်နှင့် စကားဖြတ်ပြီး ကျွန်တော် စားသောက်ခန်းထဲ ရောက်ခဲ့သည်။ ကော်ဖီပူပူတစ်ခွက်ကိုသောက်ရင်း မခင်နှင်းထွေးမေးလိုက်တဲ့ 'မင်းအောင်'ကို သတိရလာသည်။

× × ×

(၂)

၁၉၅၈ ခုနှစ်က ဖြစ်ပါသည်။

ကျွန်တော်သည် သာယာဝတီခရိုင် 'တိုက်ခိုက်ရေးရဲအဖွဲ့'တွင် တပ်စုမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။ ပဲခူးရိုးမထက်မှ ကရင်သူပုန်များ ဧရာဝတီမြစ်ဘက် ဆင်းမည်ဟု သတင်းကြား၍ တားဆီးရန် မီးနင်းချောင်းကင်းစခန်းလေးသို့ ကျွန်တော့်တပ်စုက ခေတ္တတပ်လာစွဲရပါသည်။

မီးနင်းချောင်း ကင်းကတုပ်ကလေးကား သာယာဝတီခရိုင်နှင့် အင်းစိန်ခရိုင်၏ နယ်ခြားဒေသ နယ်စပ်ကလေးဖြစ်သည်။ သုံးဆယ်အပိုင် မြေကလေးရွာနားတွင် ၎င်း 'မီးနင်းချောင်း'ကင်းစခန်း တည်ရှိသည်။

မီးနင်းချောင်း ကင်းစခန်းကလေးမှာ ပြည်ကားလမ်းအရှေ့ဘက် လယ်ကွက်ကလေးပေါ်တွင် ဖြစ်သည်။ သရက်ပင်ဝိုင်းဝိုင်းနှင့် အလွန်ပင်ပဏာရသည်။ မီးနင်းချောင်း ကင်းစခန်း၏ အနောက်ဘက်တွင် မီးရထားတံတားကြီးတစ်ခု၊ ကားတံတားတစ်ခု ရှိသည်။ တောင်ဘက်တွင်ကား မီးနင်းချောင်းကလေး စီးဆင်းနေသည်။

မီးနင်းချောင်းသို့ ရောက်သောနေ့က မီးနင်းချောင်းရဲကင်းအုပ်မှာ ဦးမင်းအောင်ဟု ပြောသံကြား၍ အသက် ၃၀ ကျော်ခန့် ရဲအုပ်ကြီးဟု ကျွန်တော်ထင်ခဲ့သည်။

နှမ်းလျှော့သော ကာကီယူနီဖောင်း ဝတ်ထားသော မင်းအောင်ကို တွေ့မှ ကျွန်တော်အံ့သြရလေသည်။ ကျောင်းဆင်းလူငယ် ရဲအုပ်ကလေးတစ်ယောက်က လူသူမနီးသော မီးနင်းချောင်းကင်းစခန်းလေးတွင် လာရောက်၍ ဘဝကိုမြှုပ်နှံနေခြင်းက ထူးဆန်းလှပါသည်။

ကျွန်တော်နှင့် မင်းအောင်သည် ကင်းစခန်းလေးရှေ့တွင် တစ်ယောက်ကိုတစ်ယောက် တွေ့ဆုံနှုတ်ဆက်ရင်း အလွန်ပင် ခင်မင်သွားကြပါသည်။

"ဘယ့်နှယ်လဲ ဖိုးမင်းအောင်။ ကျောင်းတုန်းက F.B.I Story ထဲကအတိုင်း နယ်ရောက်ရင် ဦးစံရှားလို စုံထောက်ကြီးလုပ်မယ်၊ အမှုစစ်လုပ်မယ်ဆိုပြီး အခုတော့ ဘယ့်နှယ် လူသူမနီးတဲ့ မီးနင်းချောင်းမှာ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com

လာမြုပ်နေရတာလဲ”

ကျွန်တော်က မင်းအောင်၏ ပခုံး ကို ပုတ်ရင်း ရင်းနှီးစွာမေးလိုက်ရာ သူက ဤသို့ပြန်ကွန့်လိုက်သည်။

“နေပါဦး။ ကိုခင်မောင်ဇင်က ကော ရဲလုပ်ငန်းနဲ့မဆိုင်တဲ့ တိုက်ခိုက်ရေး ရဲကြီးလုပ်ပြီး စစ်သားတစ်ပိုင်းဖြစ်နေပါရောလား။ သူပုန်မည်းမည်းမြင်တိုင်း လိုက်တိုက်နေတာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားမှာ မကြောက်ဘူးလား”

“ဒါကတော့ တိုင်းပြည်မငြိမ်းချမ်းသေးတဲ့ ကာလဆိုတော့ ကိုယ်တို့ မီးကျိုးမောင်းပျက် ကိုင်ရတဲ့ရဲတွေလည်း ဝင်တိုက်ရတာပေါ့ကွာ။ ဒါနဲ့ မောင်ရင်ကော ကင်းစခန်းလေးမှာ တပ်စိတ်ကလေးတစ်စိတ်နဲ့ နေရတာ သူပုန်ကလာတိုက်မှာမကြောက်ဘူးလား”

“ကျွန်တော့်အဖို့ သေသွားလည်း အေးတာပဲ ကိုခင်မောင်ဇင်ရယ်”

“အလို . . တယ်ဆန်းပါလား။ မောင်ရင်က သိပ်သေချင်နေတယ်ဆိုတော့ ကေ့ အသည်းကွဲနေပြီထင်တယ်”

ကျွန်တော်က ရဲပီပီ သူ့အဖြေရှာမတွေ့မီ ရုတ်တရက် တဲ့တိုးမေးခွန်းထုတ်လိုက်သည်။ မင်းအောင်က မဖြေနိုင်။ ကြောင်စီစီနှင့်ပင် နှုတ်ဆက်ပြီး ကျွန်တော့်အပါးမှ ထွက်ခွာသွားသည်။ ကျွန်တော်က ခပ်ရွှေးရွှေးပြုံးရင်း ကျန်ရစ်ခဲ့သည်။

ကျွန်တော်လည်း ရွက်ဖျင်တဲကလေးအတွင်းဝင်၍ လဲလျောင်းရင်း စဉ်းစားနေမိသည်။ မငြိမ်းချမ်းဘဲ သူပုန်များ ဆူပူပစ်ခတ်နေချိန်မှာ လူငယ်ရဲအုပ်ကလေးဖြစ်သူ မင်းအောင်တစ်ယောက်က ဘာကြောင့် များ မီးနင်းချောင်းလို တောခေါင်ခေါင်အရပ်တွင် လာနေရသနည်း။ သူလို ကျောင်းဆင်းရဲအုပ်ကလေးအဖို့ မြို့ကြီးတစ်မြို့တွင် သွက်သက်ချက်ချာစွာနှင့် ရဲလုပ်ငန်းကို ထွေ့ချ လုပ်၍ကောင်းမည်နည်း။ ရဲအရာရှိကြီးများကလည်း မင်းအောင်လို လူငယ်ရဲအရာရှိကလေးတစ်ယောက်ကို မည်မျှအားကိုးရမည်နည်း။ မင်းအောင်လို လူငယ်တစ်ယောက် တောမှာလာနေသည်ကို ရဲအရာရှိများက နှမြောတသကြပေမည်။

ဒါပေမယ့် မင်းအောင်ကတော့ မြန်မြန်သေချင်၍ မီးနင်းချောင်းစခန်းတွင် လာနေပါသည်တဲ့။ အခြေ စရာကောင်းသော ရဲအရာရှိကလေးနှင့် ထူးဆန်းသော မီးနင်းချောင်းကင်းစခန်းကလေးကို ကျွန်တော် ရောက်နေပြီတကား။

× × ×

(၃)

ထိုညက လသိပ်သာနေသည်။

ကျွန်တော့်တပ်စုသည် တိုက်ကင်းမလှည့်ဘဲ နားသောညဖြစ်သဖြင့် မီးနင်းချောင်းစခန်းလေးတွင်ပင် တပ်ပြန်စွဲထားသည်။

ကျွန်တော့်တပ်စုမှ တပ်စိတ်မှူးများနှင့် နက်ဖြန်တွင် တိုက်ခိုက်ရမည့်အစီအစဉ်ကို အစည်းအဝေး ထိုင်ကြသည်။ ရွက်ဖျင်တဲအတွင်း၌ သာယာဝတီခရိုင်မြေပုံကို ဖြန့်ကာ ဖလ်မီးအိမ်အောက်တွင် ကြည့်ပြီး ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။

အစည်းအဝေးပြီးသောအခါ စိတ်ထဲပေါ့သွားပြီး မင်းအောင်၏တဲသို့ စကားပြောရန် သွားသည်။ မင်းအောင်ကိုမတွေ့ရ၊ သူ့တပည့်ရဲသားတစ်ယောက်က မီးနင်းချောင်းသောင်ပြင်သို့ မင်းအောင်ဆင်းသွားကြောင်း ပြောပါသည်၊ ယခုလို လသာသော ညများတွင် မင်းအောင်သည် သောင်ပြင်တွင်ထွက်၍ ထိုင်တတ်ကြောင်း သိရပါသည်။

ကျွန်တော်သည် သောင်ပြင်သို့ လျှောက်သွားပါသည်၊

[illegible] ညဖြစ်၍ ထိန် [illegible] ဆရောင်ရိပ်တွင် သဲ [illegible] ပြန့်ပြူးပြီး ဖြူဖွေး နေပါသည်။

[illegible] သော မီးနင်း ချောင်း [illegible] ဆရောင်ရိပ် တွင် [illegible] စီးနေသည်။

[illegible] မီးနင်းချောင်း [illegible] ကြည့်ရာ အလွန် [illegible] နေပါသည်။

မင်းအောင် သည် တာကီ [illegible] ခြေထောက် ကို [illegible] ထားသည်၊ လက်ထဲ တွင် [illegible] စောင်းငန်းတစ်လက်ရှိ

www.burmeseclassic.com

နေသည်။

"မောင်ရင့်ကို စစ်စရာရှိတယ်" ဟု ကျွန်တော်က မင်းအောင်၏ ဘေးတွင် ဝင်ထိုင်ပြီး ပြောလိုက်သည်။ မင်းအောင်က ကျွန်တော့်ကို ပြုံးပြလိုက်သည်။ ဘာမျှ စကားပြန်မပြောဘဲ နှုတ်ဆိတ်နေသည်။ ကျွန်တော်က -

"မောင်ရင်က ဒီမှာလာပြီး စိတ်ကူးယဉ်နေတာကိုး။ အသည်းကွဲတဲ့ လူတိုင်းဟာ လရောင်ကိုကြည့်ပြီး လွမ်းကြ၊ ဆွေးကြတယ် ထင်ပါရဲ့"

"အသည်းကွဲနေတာမဟုတ်ဘူး။ ဟောဒီ တံတားကြီးတွေကို ကြည့်နေတာ ကိုခင်မောင်ဇင်ရေ"

"ဘာလဲ . . . ညညကျရင် တံတားကြီးပေါ်က ဥစ္စာစောင့်မလေးတွေ ဆင်းဆင်းလာလို့လား ဖိုးမင်းအောင်ရ"

"တံတားကြီးပေါ်က ဥစ္စာစောင့်မတော့ ဆင်းမလာဘူး၊ ကေအင်ဒီအိုရဲ့ ၃၀၃ ကျည်ဆန်ပဲ လာမယ်"

"ဒါနဲ့များ မောင်ရင်က ဒီမှာ လာထိုင်နေသေးတယ်"

"ဪ . . . ကိုခင်မောင်ဇင်နှယ်၊ ဒီတံတားကြီး လာစောင့်နေတာပါဆို၊ ဒီတံတားကြီးစောင့်ဖို့ တာဝန်ဟာ ကျွန်တော့်တာဝန်မဟုတ်လား။ ဒီတံတားကြီးကို သူပုန်က မိုင်းဖောက်ရင် ပြည်သူပြည်သားတွေ သေကြကျေကြမယ် မဟုတ်လား။ ကျွန်တော့်တာဝန်က ဒီတံတားစောင့်ဖို့ပဲ မဟုတ်လား။ ဒီတံတားကျိုးရင် ကျွန်တော့်သိက္ခာကျိုးတာနဲ့ အတူတူပါပဲ"

သူပြောသမျှကို ကျွန်တော် ဂရုစိုက်နားထောင်နေမိသည်။ ဟုတ်ပါသည်။ မင်းအောင်သည် ဒီမီးနင်းချောင်းတံတား လုံခြုံရေးအတွက် သူပုန်များနှင့် တိုက်ပွဲပေါင်းများစွာ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ပေပြီ။ သူ့တပည့်များက မင်းအောင်သာသေရင် မီးနင်းချောင်းတံတားမှာ အစောင့်ဖြစ်မှာပဲဟု နောက်ပြောင်ကြသည်။

ကျွန်တော် မူလလာရင်းက သူ့ကိုမေးမည်ဟု စီစဉ်ထားသည်ကို ပြန်ဆက်လိုက်သည်။

"မောင်ရင့်ကို စစ်စရာရှိတယ်။ မောင်ရင်ဟာ အသည်းကွဲသမားမဟုတ်လား။ မောင်ရင့်ချစ်သူဟာ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ကိုယ်မသိရဘူးလား"

"မသိချင်ပါနဲ့ ကိုခင်မောင်ဇင်ရယ်။ ကျွန်တော်တို့တစ်တွေဟာ အလုပ်နဲ့ အကိုင်နဲ့ တိုင်းပြည်တာဝန်ထမ်းဆောင်နေတဲ့ ယောက်ျားရင့်မကြီးတွေ ဖြစ်ကြပါပြီ။ စိတ်ကူးယဉ်လို့ မဖြစ်တော့ဘူး"

"စိတ်ကူးယဉ်တာတော့ ဘယ်ဟုတ်မလဲ၊ မင်းလို လူငယ်တစ်ယောက် ဒီမှာလာပြီး ဇာတ်မြှုပ်နေတာ ထူးဆန်းလွန်းလို့ သိချင်တာပါကွာ"

ကျွန်တော်က လေပြေထိုး၍ တောင်းပန်လိုက်မှ သူသည် ပြုံးစစနှင့် သူ၏နောက်ကြောင်းကို ပြန်လည်ပြောပြလေသည်။

ခင်နှင်းထွေးဆိုသော မိန်းကလေးနှင့် မင်းအောင်သည် ငယ်ရွယ်စဉ် ကျောင်းသားဘဝထဲက ချစ်ကြိုးသွယ်ခဲ့သည်။ သူဆယ်တန်းအောင်ပြီး အလုပ်လုပ်မည်ကြံသောအခါ ရဲဘက်သို့ဝင်ရန် သူက စိတ်အားသန်ခဲ့သည်။

မကောင်းပယ်၍ ကောင်းသူ့ကယ်ရသော လုပ်ငန်းကို သူက နှစ်ခြိုက်သည်။ ပြီးတော့ သူက သဲလွန်စနှင့် အမှုလိုက်ပုံ၊ လက်ဗွေရာနှင့် သွေးစွန်းသွေးကွက်များ၊ သူတောင်းစားယောင်ဆောင်၍ စုံထောက်ပုံများကို သဘောကျသဖြင့် သူ့ချစ်သူ ခင်နှင်းထွေးအား သူရဲဘက်သို့ဝင်မည်ဖြစ်ကြောင်း ပြောကြားလေသည်။ ထိုအခါ ခင်နှင်းထွေးက ခါးခါးသီးသီး ငြင်းပယ်လေသည်။

ခင်နှင်းထွေးက အများမုန်းသည့် ရဲဘက်သို့မဝင်ရန် သူ့အားတားသည်။ အခြားဂုဏ်ရှိသော အလုပ်၊ တိုင်းပြည်က ချစ်ကြည်လေးစား၍ မွန်မြတ်သောအလုပ်ကို လုပ်ရန်ပြောသည်။

မင်းအောင်က ခင်နှင်းထွေး၏ အယူအဆကို လက်မခံ။

တိုင်းပြည်ကောင်းအောင် လုပ်ဆောင်ရာတွင် ဆရာဝန်ကမှကောင်းသည်၊ စစ်ဗိုလ်ကမှကောင်းသည်၊ စာရေးဆရာမှကောင်းသည်ဟု ခွဲခြား၍မဖြစ်။ မည်သူပဲဖြစ်ဖြစ် ရဲ



www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ပဲဖြစ်ဖြစ် အရေးကြီးဆုံးမှာ တိုင်းပြည်တာဝန် ကျေပွန်အောင် ထမ်းဆောင်လျှင် မှန်မြတ်သည်မည်သည်။

မှန်မြတ်သော အဖွဲ့အစည်း၊ လူအမုန်းမခံရသော လုပ်ငန်းတွင် ဝင်လုပ်မှ တာဝန်ကျေမည်ဟု ဆိုခြင်းသည် မမှန်ကန်။ ရဲအဖွဲ့သည်လည်း သူ့နေရာနှင့်သူ တိုင်းပြည်တာဝန်ထမ်းဆောင်၍ မှန်မြတ်သော အဖွဲ့အစည်းဖြစ်ကြောင်း၊ လူအများမုန်းသည် ဆိုခြင်းမှာ လူကောင်းများက မမုန်းဘဲ လူဆိုးများကသာမုန်းကြောင်း မင်းအောင်က ရှင်းပြလေသည်။

၎င်းတွင် မင်းအောင်နှင့် ခင်နှင်းထွေးမှာ ပဋိပက္ခဖြစ်ပြီး ခင်နှင်းထွေးက မင်းအောင် ရဲအုပ်လောင်းသင်တန်းတက်သောနှစ်တွင်ပင် မင်းအောင်အား စွန့်ပစ်လိုက်လေသည်။

ကျောင်းမှဆင်းသောအခါ မင်းအောင်သည် လူသူမနီးသော ဤမီးနှင်းချောင်းလို တောခေါင်ခေါင်သို့ ရောက်လာခြင်းပဲ ဖြစ်သည်။

"ဟောဒါပေါ့ဗျာ . . မှန်မြတ်တဲ့အလုပ်ကိုလုပ်မှ ကြိုက်တယ်ဆိုတဲ့ မမွန်မြတ်ကြီးလေ"

ဟု မင်းအောင်က သူ၏ ကာကီအကျႌအိတ်ထဲမှ ခင်နှင်းထွေး၏ ဓာတ်ပုံကို ထုတ်ပြလေသည်။ ကျွန်တော် ခင်နှင်းထွေး၏ပုံကို သေသေချာချာ စိုက်ကြည့်လိုက်ပါသည်။

ထို့ကြောင့် ယခု မခင်နှင်းထွေးနှင့်တွေ့သောအခါ တစ်ခါက မီးနှင်းချောင်း သောင်ပြင်တွင် မင်းအောင်ထံမှ တွေ့ခဲ့ရသော ဓာတ်ပုံထဲမှ မိန်းကလေးမှန်း ရဲပီပီမှတ်မိနေခြင်း ဖြစ်ပါသည်။

× × ×

(၄)

အတွေးစ ပြတ်သွားသောအခါ ရထားသည် တိုက်ကြီးဘူတာတွင်ပင် ဆိုက်နေပေပြီ။

ကျွန်တော်သည် စားသောက်ခန်းထဲမှ ထွက်ကာ ကျွန်တော်တို့ မီးရထားရဲများ အစောင့်တွဲသို့ ပြန်လာပါသည်။ မခင်နှင်းထွေးတို့လင်မယားသည် စကားပြောနေကြပေသည်။

ကျွန်တော်သည် အစောင့်ရဲသားများအား တာဝန်များလဲပေးလိုက်ပါသည်။

ရထားမှာ တရွေ့ရွေ့နှင့် တိုက်ကြီးဘူတာမှ ထွက်လာပြီး ဖလုံ၊ သနက်ချောင်းသို့ ရောက်ခဲ့ပါသည်။ တိုက်ကြီးအလွန် ဖလုံဝရံမှာ အရေးကြီးသဖြင့် ကျွန်တော်တို့ရဲများသည် ဖလုံနားရောက်တိုင်း သတိဝီရိယနှင့် နေကြရပါသည်။

ရင်းနောက် ဥက္ကံဘူတာသို့ ရောက်ခဲ့ကြသည်။

ဥက္ကံဘူတာမှ ရထားခွာပြီး သာယာဝတီဘက် ခရီးဆက်ခဲ့ကြပြန်ပါသည်။ ရထားသည် တဝုန်းဝုန်းနှင့်မြည်ကာ အရှိန်ပြင်းစွာထွက်လာသည်၊ ဖြူလေးဘူတာအနီးသို့ အရောက်တွင်တော့ ခပ်ဝေးဝေး လယ်ကွင်းဘက်မှ သေနတ်သံများ ကြားရပါသည်။

ရထားလည်း ရပ်တန့်သွားသည်။ မကြာမီ ဥက္ကံဘက်သို့ နောက်ပြန်ရွေ့မောင်းလာပါသည်။ ထိုအခိုက်ပင် မိုင်းဗုံးပေါက်ကွဲသံကြီးတစ်ခု ကျယ်လောင်စွာ ကြားလိုက်ရ၏။ ဖြစ်ပျက်ပုံကို ဥက္ကံဘူတာတွင် စုံစမ်းသောအခါ ဖြူလေးအပိုင် မီးနှင်းချောင်းတွင် ကေအင်ဒီအိုသောင်းကျန်းသူများနှင့် ရဲကင်းတို့ တိုက်ပွဲဖြစ်နေကြောင်း၊ မီးနှင်းချောင်းတံတားကို ကေအင်ဒီအိုများက ချိုးပစ်လိုက်ကြောင်း ဖြူလေးမှတစ်ဆင့် ကြားသိရပါသည်။

ကျွန်တော်သည် မီးနှင်းချောင်းရဲကင်းတွင်ရှိနေသော မင်းအောင်အတွက် စိတ်ပူမိပါသည်။ တစ်ခုတော့လည်း ဖြေသာပါသေးသည်။ မင်းအောင်နှင့် ကျွန်တော်တွေ့တာ ၁၉၅၈ ခုနှစ်ကဆိုတော့ ယခုလောက်ဆိုလျှင် မင်းအောင် တခြားဌာနတစ်ခုခုသို့ ရောက်နေရောပေါ့။ ကျွန်တော်ပင်လျှင် သာယာဝတီ 'တိုက်ခိုက်ရေးရဲ'ဘဝမှ အင်းစိန်မီးရထားရဲအဖွဲ့သို့ ရောက်နေပြီမဟုတ်ပါလား။

မိုးမှာ တစ်စစနှင့် လင်းလာသည်၊ နေထွက်လာသည်။ မီးနှင်းချောင်းတံတားကျိုးသဖြင့် ခေတ္တရာမေ ရထားသည် ပြည်ဘက်သို့ ဆက်လက် မထွက်ခွာနိုင်သဖြင့် ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ ပြန်သွားသည်။ မခင်နှင်းထွေးတို့ လင်မယားနှစ်ယောက်လည်း ရန်ကုန်ဘက်သို့ ပြန်သွားပါသည်။

ကျွန်တော်တို့ကား တိုက်ပွဲဖြစ်ပွားသော မီးနင်းချောင်းသို့သွားရန် ဥက္ကံဘူတာတွင် ကျန်ရစ်ခဲ့၏။

× × ×

(၅)

မီးနင်းချောင်းရဲကင်းသို့ ရောက်သောအခါ ကျွန်တော့်အသည်း တွဲရလေသည်။ ကျွန်တော်က မင်းအောင် မီးနင်းချောင်းတွင် ရှိတော့မည်ဟု မထင်၊ ယခုတော့ မင်းအောင်သည် မီးနင်းချောင်းကလေးမှ မခွဲခွာဘဲရှိနေကာ ယမန်နေ့ညက တိုက်ပွဲတွင် ကျဆုံးသွားရှာပါပြီ။

တစ်ခါက သောင်ပြင်တွင် ဒီတံတားကျိုးရင် ကျွန်တော့်သိက္ခာကျိုးတာနှင့် အတူတူပဲဟု ပြောခဲ့သည်။ ယခုတော့ သိက္ခာမကျိုးရအောင် သူ့အသက်ပေး၍ တိုင်းပြည်အတွက် ကာကွယ်သွားပေသည်။

မင်းအောင်အလောင်းကို ကျွန်တော်သည် မချိတင်ကဲကြည့်ရင်း စဉ်းစားမိပါသည်။ မင်းအောင်သာ တံတားလာချိုးသော ကေအင်ဒီအိုများကို အသေခံမတိုက်ခဲ့လျှင် ခေတ္တရာမေရထားကြီးကို ကေအင်ဒီအိုများက မိုင်းနှင့်ထောင်၍ ရထားပေါ်မှ ခရီးသည်များ သေကျေပျက်စီးရတော့မည်။

ကျွန်တော်လည်းသေမည်၊ ခင်နှင်းထွေးတို့ လင်မယားလည်း သေမည်၊ အို . . . အားလုံးသေကြပါမည်။ ယခုတော့ ဘေးမသီ၊ ရန်မခကြပါ။ ကျွန်တော်တို့ ဘေးမသီ ရန်မခပေမယ့် မီးနင်းချောင်းရဲကင်းအုပ်ကလေး မင်းအောင်တစ်ယောက်တော့ ကျဆုံးသွားရှာပါပြီ။

လူထုအတွက် မင်းအောင် အသက်ပေးသွားရပါပြီ။ ဒါကိုတော့ လူတွေက သိကြမည်မဟုတ်။

ရဲဆိုတာ လူများအမုန်းခံသည်၊ မမွှန်မြတ်ဘူးဆိုပြီး မင်းအောင်အား စွန့်ပစ်သွားသော ခင်နှင်းထွေးအပါအဝင် တိုင်းပြည်နှင့် လူထုအတွက် မင်းအောင် အသက်ပေး၍ တိုင်းပြည်အကျိုး သယ်ပိုးသွားပုံကို သိလေမည်မဟုတ်။

မီးနင်းချောင်းတံတား သူပုန်ချိုးသည်ဆိုကတည်းက ကြောက်ကြောက်ရွံ့ရွံ့နှင့် ရန်ကုန်ပြန်ပြေးပြီ မဟုတ်ပါလား။

မီးရထားလမ်းဘေးတွင် ကင်းဘုတ်အိုနှင့် အစောင့်ကျသော ရဲများသည် သနားစရာ အလွန်ကောင်းလှသည်။ တပ်စိတ်ကလေးတစ်စိတ် မပြည့်တပြည့်နှင့် ရန်သူပေါသောတောရဲအလယ်၌ မျက်စိသူငယ် နားသူငယ်နှင့် တိုင်းပြည်တာဝန် ထမ်းဆောင်နေရရှာသည်။ ညရောက်ပြီဆိုလျှင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေရသည်။ ဒီကြားထဲ ခုနစ်ယောက်လောက်သာရှိသော ရဲကင်းစခန်းလေးကို ရန်သူ ၃၀၀ လောက်က လာတိုက်ပြန်ပြီဆိုလျှင် သေကြရသည်မှာလည်း သောက်သောက်လဲ။ ဒါပေမယ့် တိုင်းပြည်တာဝန်ထမ်းဆောင်သော ရဲပီပီ ကင်းစခန်းတစ်ခုလုံး မကျန်အောင် သေကြပါစေ၊ ဝိညာဉ်သာကျန်ပါစေ အလံမလှဲကြပေ။

ကျွန်တော်သည် မင်းအောင်အား အလေးပြုပြီး သူ၏အလောင်းကို မြေချလိုက်ပါသည်။ ခေါင်းရင်းတွင် ရိုင်ဖယ်ကို မြေစိုက်ပြီး သံခမောက်ကို စွပ်လိုက်၏။ ဗိမာန်ရှိုင်းမှ လက်နက်ကိုင်တို့၏ အသုဘအခမ်းအနားပဲ ဖြစ်သည်။

ရဲဆိုတာ လူများအမုန်းခံရသည်၊ ဂုဏ်မရှိဘူးဟု ပြောခဲ့သော မခင်နှင်းထွေးကို သတိရမိ၍ တိုးတိုးကလေး ရေရွတ်လိုက်မိသည်။

“မခင်နှင်းထွေးခင်ဗျား . . . ပြည်ရထားစီးလာရင် ဥက္ကံမြို့လေးရွာကိုလွန်လို့ မီးနင်းချောင်းတံတားလေးနားရောက်မိရင် တစ်နေရာမှာ ရှိတဲ့ မြေပုံမို့မို့နဲ့ မှတ်တိုင်ကလေးတစ်ခုဟာ လူထုအမုန်းခံရပြီး မမွှန်မြတ်ဘူးလို့ မခင်နှင်းထွေးထင်တဲ့ ရဲအရာရှိကလေးတစ်ယောက်ဟာ လူထုနဲ့ ခင်ဗျားအတွက် အသက်ပေးသွားရရှာတဲ့ မှတ်တိုင်ကလေးလို့ ခင်ဗျားသတိရစမ်းပါ”

ရဲအုပ်အောင်ဇင်

(ရဲကြေးမုံစာစောင်၊ ၁၉၆[illegible] ခုနှစ်၊ ဇူလိုင်လ)



www.burmeseclassic.com

www.burmeseclassic.com



■ တိုးထက်

# စာရေးဆရာရန်အောင်

## အစစ်ခံခဲ့ရစဉ်က

အချိန်ကာလအားဖြင့် ၁၉၅၅ ခုနှစ်ခန့်က ဖြစ်ပါသည်။

"အစစ်အဆေးခံရန် လာပါ" ဟူသော အမိန့်စာအရ စာရေးဆရာ ရန်အောင် သက်ဆိုင်ရာသို့ သွားခဲ့ရပါသည်။

စာရေးဆရာရန်အောင်သည် သူ၏ တစ်သက်တာတွင် တစ်ကြိမ် တစ်ခါမျှ အစစ်အဆေးမခံရစဖူး။ သူကြီးအိမ်၊ ဂါတ်တဲ၊ ရုံးသို့လည်း အစစ်ခံ မရောက်ဖူးသဖြင့် ကြောင်စီစီ ယောင်နန ဖြစ်နေမိသေး၏။

အသက်ကြီးမှ အစစ်ခံရသည့် ရောက်ရချေတော့သည်တကားဟု တွေးကာ ဝမ်းနည်းသလိုလို အားငယ် သလိုလို ဖြစ်မိ၏။

ချိန်းချက်သည့်နေရာသို့ ရောက် ခဲ့ပြီ။ ချိန်းချက်သည့်အချိန် မရောက် သေးသဖြင့် ထိုင်၍စောင့်နေရ၏။ အတန်ကြာလျှင် အချိန်ရောက်ပြီဖြစ် သောကြောင့် အခေါ်ရောက်လာ၏။

အခန်းတစ်ခုအတွင်းသို့ ဝင်သွား ရပြီး စားပွဲကြီးတစ်လုံးတွင် ပုဂ္ဂိုလ် ကြီးနှစ်ယောက်သည် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေကြ၏ . . ။ ပုဂ္ဂိုလ်ငယ်တစ်ယောက်ကား ထိုပုဂ္ဂိုလ်ကြီးနှစ်ယောက်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်၍နေ၏။

စစ်ကြလေပြီ။ ဆရာရန်အောင်က သူတို့မေးသမျှ ဖြေရချေသည်။

"အသက်ဘယ်လောက်ရှိပြီလဲ"

"ငါးဆယ့်တစ်နှစ်ပါ"

"ကလေးဘယ်နှယောက် ရှိသလဲ"

"လေးယောက်ပါ"

"ကလေးတွေကို ကျောင်းမှာထားသလား"

"ကျောင်းမှာ သုံးယောက်ထားပါတယ်။ တစ်ယောက်က ငယ်သေးလို့ မထားရသေးပါဘူး"

"ဘယ်တုန်းက ရှေ့နေစာမေးပွဲအောင်ခဲ့သလဲ"

"၁၉၂၇ ခုနှစ်က အောင်ပါတယ်"

"ဘယ်မှာ ရှေ့နေလိုက်ခဲ့သလဲ"

"ပြည်မြို့မှာပါ"

"အခု ဘာအလုပ်လုပ်နေသလဲ"

"စာရေးဆရာပါ"

"စာအုပ်စာတမ်း ထုတ်ဝေမှုနဲ့ ပတ်သက်လို့ ဘာများလုပ်ခဲ့ဖူးသလဲ"

"ကိုယ်တိုင်စာရေးပြီး ကိုယ်ပိုင်ပုံနှိပ်တိုက်မှာ ကိုယ်တိုင်ရိုက်၊ ကိုယ်တိုင်ထုတ်၊ ကိုယ်တိုင်ရောင်း လုပ်ခဲ့ပါတယ်"

"ဘာစာပုံနှိပ်တိုက်လဲ"

"ရန်အောင်ပုံနှိပ်တိုက် ဖြစ်ပါတယ်"

"သွားနိုင်ပါပြီ"

"ဟုတ်ကဲ့၊ ကျွန်တော်သွားပါဦးမယ်"

× × ×

ရန်အောင်သည် အစစ်ခံခဲ့ပြီးနောက် အခန်းထဲမှ ထွက်ခဲ့ကာ မိမိအိမ်ကို ပြန်ခဲ့၏။

စာရေးဆရာ ရန်အောင်သည် မိမိ အစစ်ခံခဲ့ရသည်ကို စဉ်းစားရာက မိမိအဖေ တစ်ချိန်က အစစ်ခံခဲ့ရဖူးသည့် အဖြစ်ထူးကို ပြန်လည်သတိရမိပါတော့သတည်း။

× × ×

ငါ့ကွာ၊ တစ်ခါက ဂါတ်တဲမှာ ပုလိပ်အစစ်ခံခဲ့ရဖူးသကွ။ အမှုကတော့ တော်တော်ကြီးသဟေ့။ ဘာတဲ့ . . . ဓားပြလက်ထောက်ချအမှုတဲ့။

ဖြစ်ပုံက ဒီလိုလကွာ။

တို့ဆင်ပေါင်ဝဲက သူဌေးဦးဖိုးမြကလေးအိမ်ကို တစ်နေ့ ဓားပြဝင်တိုက်သွားတယ်။ ပုလိပ်တွေ စုံစမ်းထောက်လှမ်းကြည့်တော့ အဲဒီဓားပြတွေက ကန်တော်ရွာကလို့ သတင်းရသတဲ့။

ကန်တော်ရွာဆိုတာက တို့ဆင်ပေါင်ဝဲနဲ့ ဆယ့်ငါးမိုင်လောက် ဝေးလိမ့်မယ်။

ကန်တော်သားတွေ ဓားပြတိုက်နိုင်အောင် ငါက လက်ထောက်ချတယ်လို့ ပုလိပ်က အယူရှိသကွ။ သူတို့အယူရှိတဲ့အကြောင်းရင်းက ဒီလိုလေ . . . ။

ငါ့အစ်ကို ကိုညိုဟာ ဆင်ပေါင်ဝဲက ကန်တော်ကိုသွားပြီး ပန်းထိမ်လုပ်နေတယ်။ အဲဒီတော့ ကန်တော်သားတွေ ဆင်ပေါင်ဝဲမှာ ဓားပြတိုက်နိုင်အောင် ကိုညိုကဖြစ်စေ၊ ကိုညိုနဲ့ ရင်းနှီးသူတစ်ယောက်ကဖြစ်စေ လက်ထောက်ချတယ်လို့ ပုလိပ်က အယူရှိပြီး ငါ့ကို မသင်္ကာမှုနဲ့ ဖမ်းစစ်တာပါပဲကွာ။ စစ်ပုံကိုလည်း ကြည့်ဦးလေ။

"နင့်နာမည်ပြော"

"မောင်ကျားပါတဲ့ ခင်ဗျာ"

"နင့်အသက်"

"သုံးဆယ့်တစ်နှစ်ပါ"

"နင့်အဖေနာမည်"

"ဦးလှပေါ် . . ပါတဲ့"

"နင်ဘာလုပ်သလဲ"

"လယ်သမားလုပ်ပါတယ်ခင်ဗျာ"

"နင့်မှာ သားသမီးဘယ်နှယောက်ရှိသလဲ"

"သားကလေး တစ်ယောက်တည်း ရှိပါတယ်ခင်ဗျာ"

"နင့်သားနာမည်ပြော"

"ရန်ကြီးအောင်ပါတဲ့ ခင်ဗျာ"

"နင့်သား ကျောင်းမှာထားသလား"

"ထားပါတယ်ခင်ဗျာ"

"ဘယ်ကျောင်းမှာ ထားသလဲ"

"ဦးပဏ္ဍိကျောင်းမှာပါ"

"နင်ကော ငယ်ငယ်က ဘယ်ကျောင်းမှာ နေခဲ့သလဲ"

"ရွာစည်ကျောင်းမှာ နေခဲ့ပါတယ်"

"ဦးဖိုးမြကလေးအိမ် ဓားပြတိုက်မှုနဲ့ ပတ်သက်လို့ နင်ဘာသိသလဲ"

"ကျွန်တော်သိတာကတော့ တစ်ညမှာ 'မီးဗျို့ . . မီး . . မီးလောင်နေပါတယ်'လို့ အော်သံကြားတဲ့အတွက် ကျွန်တော် အိပ်ရာက လူးလဲထပြီး အိမ်ပေါ်က ပြေးဆင်းသွားပါတယ်။ ဦးဖိုးမြကလေးအိမ်ရှေ့ရောက်တော့ လားလား . . . ဓားပြတွေဟာ ဦးဖိုးမြကလေးအိမ်တံခါးကို အတင်းချိုးဖွင့်



www.burmeseclassic.com

www.burmeseclassic.com

နေတာ မြင်ရတာနဲ့ ကျွန်တော် ကြောက်ပြီး ပြန်ပြေးခဲ့ပါတယ်"

"အဲဒီဓားပြတွေကို နင်သိသလား"

"မသိပါဘူးခင်ဗျာ။ မှောင်မှောင်မည်းမည်းထဲမှာ တံခါးကို ရိုက်ချိုးဖွင့်နေတာ မြင်ရတဲ့အတွက် ဓားပြတွေပဲလို့ ကျွန်တော်တွေးမိပြီး ပြန်ပြေးလာခဲ့တာပါခင်ဗျာ"

"မှန်မှန်ပြောနော်၊ မှန်မှန်မပြောရင် နင်ဘာဖြစ်သွားမယ်ဆိုတာ သိရဲ့လား"

"ကျွန်တော် မှန်တဲ့အတိုင်း အစစ်ခံပါတယ်ခင်ဗျာ။ မမှန်မကန် တစ်ခုမှ မပါပါဘူး"

"တယ် ... ငါထလုပ်လိုက်ရ။ ခွေးမသား ... မှန်မှန်ပြော"

အဲဒီနောက် ပုလိပ်ဆိုတဲ့လူမျိုးဟာ ဘာလုပ်တတ်တယ်ဆိုတာ အဖေလည်းသိလို့ တော်တော်လန့်သွားသကွ။ သို့သော် အဖေ ကံကောင်းချင်တော့ ဂိတ်တဲကို မရွှေရင်လိုက်လာတယ်။ မရွှေရင်ဆိုတာက မင့်အမေရဲ့ အစ်မတစ်ဝမ်းကွဲလေ။ သူ့ယောကျ်ားက ရာဇဝတ်ဝန်၊ သရက်မြို့မှာနေတယ်။ မရွှေရင်က သရက်မြို့က ဆင်ပေါင်ဝဲကို အလည်လာရင်း ငါ့ကို ပုလိပ်က မသင်္ကာလို့ဖမ်းပြီးစစ်ဆေးနေတယ်ဆိုတဲ့ သတင်းကြားရတာနဲ့ ချက်ချင်း ဂိတ်တဲကို လိုက်လာတာကွ"

ရာဇဝတ်ဝန်ကတော် မရွှေရင်ကို မြင်လိုက်တော့ ပုလိပ်တွေ မျက်လုံးပြူးသွားပြီး အဖေ့ကို နောက်ထပ် မစစ်တော့ဘဲ လွှတ်လိုက်တယ်။

အဖေလည်း ဂိတ်တဲကပြန်လာရင်း ကိုရွှေစ အကြောင်း စဉ်းစားမိတယ်။

ကိုရွှေစဆိုတာက အဖေနဲ့ ကျောင်းနေဘက် သူငယ်ချင်းလေ။ ရွာစည်ဘုန်းတော်ကြီးကျောင်းမှာ အတူနေ၊ အတူစာသင်၊ တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ကြ၊ ခင်ကြတာပေါ့။

နောက် .. ကျောင်းကထွက်ပြီး အလုပ်အကိုင် လုပ်ကြတော့လည်း ကိုရွှေစဟာ အဖေနဲ့ သွားအတူ၊ လာအတူ၊ တပူးတွဲတွဲနေတာပဲ။ အို ... ကုန်ကုန်ပြောလိုက်မယ်ကွာ။ ငါနဲ့ မင့်အမေ အကြောင်းပါဖို့ ကိစ္စမှာတောင် ကိုရွှေစက အများကြီးအကူအညီပေးခဲ့တယ်။

ကိုရွှေစဟာ ငါ့အကြောင်းကို ချေးခါးအူမမကျန် အားလုံးသိတယ်။ မသိဘဲနေမလား။ တို့အိမ်မှာ စားသောက်နေတာများတာပဲ။ ငါဘာလုပ်တယ်၊ ငါ့စိတ်နေစိတ်ထား ဘယ်လိုရှိတယ်၊ ငါ့အသက်ဘယ်လောက်၊ ငါ့အဖေဘယ်သူ၊ ငါ့သားဘယ်သူဆိုတာ ကိုရွှေစသိတယ်။ အို ... ကုန်ကုန်ပြောလိုက်မကွာ။ ငါ့ပေါင်မှာ ငုံးရုပ်ကလေးရှိတာတောင် ကိုရွှေစသိသကွ။

အေး .. ငါလည်း ဂိတ်တဲမှာ အစစ်ခံပြီး အိမ်ပြန်လာတဲ့အခါ ကိုရွှေစအကြောင်းကိုချည်း စဉ်းစားလာခဲ့တယ်။ ဘာကြောင့်စဉ်းစားသလဲ သိလား။ ငါ့ကိုလေ ဂိတ်တဲမှာ စစ်ဆေးမေးမြန်းနေတဲ့ ပုလိပ်ဟာ တခြားမဟုတ်ပါရိုးလားကွာ၊ ကိုရွှေစကွ .. ကိုရွှေစပေါ့။ ပော့ ... သူက ငါ့ကိုများ တစ်ခါမှ မမြင်ဖူး၊ မသိဖူးတဲ့ဟန်နဲ့ စစ်ဆေးတာခံခဲ့ရတော့ ငါ သူ့အကြောင်း မစဉ်းစားဘဲ နေနိုင်ပါတော့မလားကွာ ...။

× × ×

စာရေးဆရာ ရန်အောင်သည်လည်း အထက်၌ဖော်ပြခဲ့သည့်အတိုင်း အစစ်အဆေးခံယူ၍ ပြန်ခဲ့သည့်အခါတွင် အဖေအစစ်ခံရဖူးသည်ကိုလည်းကောင်း၊ အဖေ့ကိုစစ်သည့် ကိုရွှေစအကြောင်းကိုလည်းကောင်း တွေးတောစဉ်းစားနေမိပါသည်။

ဆရာရန်အောင်နှင့် ရန်အောင်၏အဖေမှာ အစစ်ခံခဲ့ရပုံချင်းကား တူပါ၏။ သို့သော် ... စစ်ဆေးသည့် အကြောင်းရင်းချင်းကား မတူပါ။

ဆရာရန်အောင်နှင့် အဖေသည် ဓားပြလက်ထောက်ချမှုအတွက် အစစ်ခံရ၏။ စာရေးဆရာရန်အောင်သည် စာပေလုပ်ငန်းတစ်ရပ်တွင် အလုပ်တစ်ခု လျှောက်ထားသည့်အတွက် အစစ်ခံရ၏။

ဆရာရန်အောင်၏ အဖေသည် အစစ်ခံ၍ ပြန်လာခဲ့သောအခါ သူ့သူငယ်ချင်း ကိုရွှေစ၏ စစ်ဆေးပုံကို ပြန်လည်စဉ်းစားမိသလို၊ ဆရာရန်အောင်သည်လည်း အစစ်ခံ၍ ပြန်လာခဲ့သောအခါ သူ့ကိုစစ်ဆေးသူ စာပေသမားများအား ပြန်လည်စဉ်းစားမိပါပေတော့သတည်း။။

**တိုးထက်**

[ဝန်ခံချက် ။ ကွယ်လွန်သူ စာရေးဆရာကြီး (ဦး)ရန်အောင်၏ ၁၉၅၅ ခုနှစ်က တကယ့်ကိုယ်တွေ့ ခံစားချက်ကို ပြန်လည်တင်ပြပါသည်။ စာရေးသူ]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■ မြမြလှိုင်

# အစကနေ ပြန်ပေးပါ

သေသေချာချာကြည့်လျှင် . . မိန်းမလှတစ်ယောက်။ မှန်တင်ခုံရှေ့တွင်ထိုင်ပြီး သူ့အလှကိုသူ တစိမ့်စိမ့်ကြည့်နေသည်ကို တွေ့ရသည်။ မိန်းမလှလေးဆို၍ ငယ်သောနုသော ဆယ်ကျော်သက်ရွယ်မဟုတ်။ လေးဆယ်ကျော်စပြုနေသည့် အရွယ်တွင် အလှဆိုသည်မှာ ပျက်ပြယ်စပြုလာသည့် အရွယ်ဖြစ်သည်။ သို့သော် မေနှင်းဆီအဖို့ အလှကို ထာဝရကိုးကွယ်ပသ ဆန်းတင်ထားသည်ဖြစ်၍ ပြုပြုပြင်ပြင်နှင့် အလှတို့ကိုဆင်ထား၍ မိန်းမလှဆိုသည့် ဝေါဟာရကို ယူရခြင်းပင်။

မှန်ရှေ့တွင် ထိုင်သည်။ ခန္ဓာကိုယ်ပေါ်တွင် ထင်ကျန်ရစ်နေသော ရေစက်ရေပေါက်တို့အား အမွေးပွပွမျက်နှာသုတ်ပုဝါဖြင့် မျက်နှာ၊ လက်မောင်း၊ ရင်ဘတ်၊ ကျော စသည်တို့ကို ဖွဖွလေးသုတ်လိုက်သည်။ အသက်အရွယ်ကလေး ဆယ်ကျော်စပြုပြီဖြစ်၍ မျက်လုံးအစုံ၏ အနားတစ်ဝိုက်တွင်ရှိသော အရေးအကြောင်းတို့ကို မပေါ်လွင်အောင် အောက်ခံမိတ်ကပ်ကို ထူထူလေးဆွဲပြီး ဖုံးရသည်။ ထို့နောက် အလှပြင်ပစ္စည်းအကောင်းစားတို့နှင့် သေသေချာချာ ပြင်ရသည်။ နာရီဝက်လောက်မျက်နှာကို စိတ်တိုင်းကျ ခြယ်ပြီးမှ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းနှစ်လွှာတို့အား အလှတွင် အလှဆင့်အောင် ထပ်ဆင့်ခြယ်ရပြန်သည်။

ခေါင်းအထက်ရှိ ဆံပင်တို့မှာ ပခုံးထိသာရှည်၍ အလိပ်ကြီးကောက်ထားသည်။ ရှေ့ဆံပင်အား ဖွဖွလေးပြုလုပ်ကာ ဆံထုံးအား ပွံ့ပွံ့လေးဖြစ်အောင် ထုံးလိုက်သည်။ မျက်နှာအလှအပ ဆံပင်ကအစ ခြယ်သလို့ပြီးပြီ။ အဝတ်အစားကို ကြိုကြိုတင်တင်ထုတ်ထားသည်။ အလှအပကို နှစ်သက်သော မေနှင်းဆီအတွက် လှသမျှကို ဝတ်ဆင်သနိုင်အောင် စိတ်ကြိုက်အဝတ်အစားတို့အား ကြိုက်ဈေးပေးကာ စိတ်တိုင်းကျ ဝယ်ထားသည်။ ကြိုက်ရာကို နှစ်သက်သလိုရွေးပြီး ဝတ်နိုင်သည်။ ယခုလည်း ပိုးကတ္တီပါသား နက်ပြာရောင်အားအထက်အောက် ဆင်တူဝတ်သည်။ လက်မောင်းသား အိအိဖွေးဖွေး၊ တုတ်တုတ်လေးနှင့် အကျီလက်ပြတ် လည်ဟိုက်မှာ ကြည့်၍လှနေသည်။ ချပ်ချပ်ရပ်ရပ်ဝတ်ထားသော ထဘီမှာလည်း ခန္ဓာကိုယ်၏အလှကို ထင်းထင်းပြက်ပြက် ဖော်ထားသလိုပင်။

နက်ပြာရောင်နှင့် လိုက်ဖက်အောင် ပုလဲတစ်ဆင်စာကို ဝတ်ဖို့ မေနှင်းဆီ စဉ်းစားလိုက်သည်။ မြိတ်ပုလဲတစ်ဆင်စာမှာ ဖြူဆွတ်ဆွတ်မဟုတ်ဘဲ ဝါရွှေရောင်သန်း၍ တစ်မျိုးဆန်းကာ တင့်တယ်နေသည်။ သည်လိုအနေအထားနှင့် သည်လိုအလှအပမျိုး ခံစားစံစားရအောင် မေနှင်းဆီ ကြိုးစားခဲ့ရသည်။ ခရောင်းလမ်း၊ ဆူးလမ်း မဟုတ်သော်လည်း မြေမာ ပင်ကြားအက်တွေကို ဖြတ်ခဲ့ရသည်က နှစ်တွေမနည်းလှပေ။ ပြုံးခဲ့ရ၊ မဲ့ခဲ့ရသည့် ဘဝတွေလည်း ကြုံခဲ့ပြီးပြီ။ တွေ့ရလေသူတိုင်းတို ချိုတစ်လှည့်၊ ချဉ်တစ်လှည့်၊ ခါးတစ်လှည့် ဆက်ဆံခဲ့ပြီး အားလုံးကို ကျော်ဖြတ်နင်းကာ မေနှင်းဆီ သည်ဘဝကို ရောက်ခဲ့ခြင်းဖြစ်သည်။

"မမလေး . . . မမလေး"

ဧည့်ခန်းတွင် အဖော်ခေါ်ထားသည့် ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတစ်ယောက် ဝင်လာပြီး မေနှင်းဆီအား ခေါ်လိုက်သည်။

"ဟဲ့ ဘာကိစ္စလဲ အေးကြည်"

"ဧည့်ခန်းမှာ ဧည့်သည်ရောက်နေတယ်။ မမလေးနဲ့ တွေ့ချင်လို့တဲ့။ ဖုန်းဆက်ပြီးလည်း ပြောထား



www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ ပြောတယ်"

"ဘယ်သူပါလိမ့်"

"ဦးကိုကိုလတ်လို့ ပြောတယ်။ မမလေးနဲ့ ရင်းနှီးပါတယ်တဲ့"

"ဪ . . . အေးအေး။ မမလေး လာခဲ့မယ်။ ဧည့်ခန်းထဲမှာပဲ စောင့်ခိုင်းထားလိုက်။ နောက်ပြီး အအေး၊ ဒါမှမဟုတ် ကော်ဖီတစ်ခွက်ဖျော်ပြီး ဧည့်ခံလိုက်ပါ"

ကောင်မလေး ထွက်သွားသည့်အခါတွင် မှန်ထဲရှိ မိမိ၏ရုပ်သွင်ကို မေနှင်းဆီ ပြန်ပြီးစေ့စေ့ကြည့်သည်။ ညှို့ငင်အားရှိသော မျက်လုံးအစုံ၊ သာမန်ထက်ပို၍လှအောင် ပြင်ထားသော မိမိ၏အလှကိုကြည့်ပြီး ကျေနပ်သွားသည်။ မိန်းမချော၏အလှကို မိန်းမောဖွယ်ရာ ဖြစ်စေရမည်။

* * *

"ဟောတော့ . . ဦးကိုကိုလတ်ရယ်။ ဘယ့်နှယ်စောစောစီးစီး ဘာကိစ္စ အရေးတကြီးဖြစ်လို့ ရောက်လာရတာလဲ"

ဧည့်ခန်းသို့ မေနှင်းဆီ ဝင်လာသည်၊ ဧည့်ခန်းရှိ ကွန်းဆက်တီလှလှ ထိုင်ခုံတွင် လူတစ်ယောက် ထိုင်နေသည်၊ အသက်က ငါးဆယ်ကျော်ဝန်းကျင်၊ အသားလတ်လတ် အရပ်မြင့်မြင့်၊ ဥပဓိရုပ်က ကြည့်ပျော်ရှုပျော်သာ ရှိသည်။ မျက်လုံးအစုံက မှေးစင်းလျက် မေနှင်းဆီကို ကြည့်နေသည်၊

"မေ့ကို သတိရနေတာ၊ အလုပ်တွေကများပြီး အချိန်မအားတာနဲ့ မလာနိုင်သေးလို့ မတွေ့ရတာလည်း ကြာပြီဆိုတော့ မေကော ကိုယ့်ကို သတိမရဘူးလား"

"တော်ပါ ဦးကိုကိုလတ်ရယ်။ မေ့ကို သတိရလို့သက်သက်ချည်း လာတာတော့ မဖြစ်နိုင်ပါဘူး။ ဦးကိုကိုလတ်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေလည်း ပါမှာပေါ့။ အေးလေ . . ဧည့်သည်လာတော့လည်း ဧည့်ခံရမှာပေါ့"

"ပြောရင်လည်း ခံရမှာပေါ့ မေရယ်။ မေက ကိုယ့်အတွက် သိပ်ကို လိုအပ်ပါတယ်။ ကိုယ့်အပေါ် နားလည်မှုပေးပါ"

"ဪ . . . ဦးကိုကိုလတ်၊ ဦးကိုကိုလတ်၊ ပစ္စည်းတစ်ခုကို ဝယ်ချင်တယ်ဆိုရင် . . ဟင်း . . ဟင်း မေ့အတွက် တန်ရာတန်ဖိုးရမှ ဖြစ်မှာပေါ့"

"မေရယ် . . . ကိုယ့်အတွက် သိပ်ခက်ခဲနေလို့ပါ။ မေကမှ ကိုယ့်အပေါ် နားမလည်ရင် ကိုယ်ဘယ်လို နေရမလဲတောင်မသိဘူး။ ကိုယ့်ဘဝမှာ တစ်ယောက်တည်းတောင် နေလို့ရပါ့မလား မသိဘူး"

မေနှင်းဆီ မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်၊ ညာဘက်ပါးမှ ပါးချိုင့်ခွက်လေး ပေါ်သွားသည်၊

"မေရယ်"

"ကဲပါ . . ဦးကိုကိုလတ်ရယ်၊ လူနားညည်းသလိုတော့ မညည်းလိုက်ပါနဲ့။ အေးအေးဆေးဆေးထိုင်ပြီး ဆေးလိပ်လေးဘာလေးသောက်ပါဦး"

မေနှင်းဆီက လက်တွင်ပါလာသည့် စီးကရက်ဘူးကို ဖွင့်ပြီး ဦးကိုကိုလတ်အား တစ်လိပ်ထုတ်တိုက်လိုက်သည်။ ဦးကိုကိုလတ်၏ နှုတ်ခမ်းတွင်တပ်ပေးပြီး မီးပါညှိပေးသည်။

"ဝူး . . . ကျေးဇူးတင်လိုက်တာမေရယ်။ လာကတည်းက ဆေးလိပ်သောက်ချင်နေတာ။ ခုမှပဲ အာသီသပြေတော့တယ်"

"မောမောပန်းပန်းနဲ့ လာတဲ့ ဧည့်သည်ဖြစ်နေလို့ သနားလို့ တိုက်တာပါနော်။ တော်ကြာမသောက်ရ မနေနိုင်ရင် မေ့ရှေ့လာပြီး ဒူးထောက်လာမှာကို စိုးရိမ်လို့ပါ"

မေနှင်းဆီက ဟက်ဟက်ပက်ပက်လေး ရယ်မောရင်း ပြောလိုက်သည်။ ဦးကိုကိုလတ်ကမူ ဆေးလိပ်၏ မီးခိုးမျှင်ငွေ့လေးတွေကို စည်းစိမ်ခံရင်း အာခံတွင်းမှ မျိုသိပ်နိုင်သမျှ မျိုသိပ်ထားသည်။ မီးခိုးများအား နှမြောတသစွာ ပါးစပ်မှ ဖွင့်အန်မထုတ်ဘဲ ရေငုံကာ မျိုချသလို မျိုး မျိုချနေသည်။ ဦးကိုကိုလတ်ကို ကြည့်ရင်း သူမှတ်မိသော၊ သူသိခဲ့ရသော၊ တွေ့မြင်ထိတွေ့ခံစားခဲ့ရသော မညိုတုတ်တို့သားအမိကို သတိရမိလိုက်သည်။ မေနှင်းဆီနှင့် မညိုတုတ်၏ဘဝက မယှဉ်သာသည့် အခြေအနေဖြစ်သည်၊

မညိုတုတ်။ အမည်က ရိုးသားပြီး မြေသားဆန်သည်။ ထို့အတူ



www.burmeseclassic.com

www.burmeseclassic.com

ဘ၀ကလည်း မြေကြီးအထိ နိမ့်ကျလှသော အနေအထားမှာရှိသည်။ အသားလတ်လတ်၊ မျက်နှာအသွင်အပြင်က ကြည့်ပျော်ရှုပျော်။ အမေမွေးကတည်းက ဆင်းရဲခဲ့သည်။ အဖေက သူများလယ်က လယ်စာရင်းငှား။ အမေက ကောက်စိုက်အငှားလိုက်သည်။ သားအမိသားအဖ သုံးယောက်ထဲဖြစ်၍ ငါးပိနှင့် လယ်တောဟင်းလျာနှင့် ထမင်းနပ်မှန်သည်။ သို့သော် ကံကြမ္မာက မညိုတုတ်တို့မိသားစုအပေါ် အငြိုးထားသည်။ မမျှော်လင့်ဘဲ လယ်ထဲတွင် အဖေပိုးထိသွားသည်။ ဆေးမမီ။ ဗဟုသုတနည်းပါးသော ဒေသဖြစ်၍ ကာကွယ်ကုသမှုကို နားလည်သူ တစ်ယောက်မျှမရှိ။ သို့နှင့်ပင် အဖေဆုံးပါးခဲ့ရသည်။ ထို့ကြောင့် အမေနှင့်အတူ ညိုတုတ်ပါ ကောက်စိုက်အငှားလိုက်ရသည်။ သူတို့လို လူစားတွေက များသည်။ အလုပ်ရဖို့အရေး လယ်ရှင်တွေကို မျက်နှာလုပ်ရသည်။ လက်လှုပ်မှ ပါးစပ်လှုပ်ရသည်။ သားအမိနှစ်ယောက်အတွက် မိုးလင်းက မိုးချုပ်နေ၀င်သည်အထိ ထမင်းစားချိန် နှစ်ချိန်နှင့် အိပ်ချိန်သာ နားရသည်။

"အမေ . . ကျုပ်တို့ မြို့တက်ရအောင်"

"မြို့တက်ပြီး ဘာလုပ်ရမှာလဲ"

"လက်နှစ်ဖက်ရှိရင် ထမင်းမငတ်ပါဘူး အမေရယ်။ ဒီမှာက ပင်ပန်းလွန်းလှပါတယ်"

"ဒါဆိုလည်း သမီးသဘောလေ"

မညိုတုတ်၏အမေက ရိုးသားလှသောသူ ဖြစ်သည်။ ရောင့်ရဲတင်းတိမ်မှုရှိသည်။ ရသမျှ၀င်ငွေလေးနှင့် ကျေနပ်သည်။ သို့သော် မညိုတုတ်ကမူ . . .။

မညိုတုတ်က လူငယ်ပီပီ ဘ၀ကို တိုးတက်မှုရှာချင်သည်။ ပြောင်းလဲမှု ဖြစ်ချင်သည်။ ထို့ကြောင့် သူ၏ဆန္ဒကို ကြိုးစားသည်။

"မြို့သွားဖို့ အဆက်အသွယ် ဘယ်မှာရှိလို့လဲ သမီးရယ်"

"ဒီလိုပဲ စုံစမ်းရမှာပေါ့ အမေရယ်။ အဆက်အသွယ်ဆိုတာ ရှာရမှာပဲ"

သားအမိနှစ်ယောက် သည်လိုဘ၀မျိုးနှင့် နေရသည်ကို မညိုတုတ်က ကျေနပ်မှုမရှိ။ ရသမျှ အဆက်အသွယ်ကိုရှာသည်။ ကံဇာတ်ဆရာသည် မညိုတုတ်ဘက်က ဖေးကူမလာသည်။ မြို့ပေါ်တွင် အလုပ်လုပ်ရဖို့ အခွင့်အရေးပေါ်လာသည်။

"မြို့ပေါ်က ထမင်းဆိုင်တွေမှာ လူလိုတယ်။ ညည်းတို့သားအမိနှစ်ယောက်စလုံး အလုပ်လုပ်လို့ရတယ်။ တခြားအိမ်တွေမှာလည်း ကူဖော်လိုတာပဲ။ မြို့ပေါ်မှာတော့ အလုပ်က မရှားဘူး။ စားစရိတ်ငြိမ်း၊ ရတဲ့လခ အသားတင် စုလို့ရတာပေါ့"

ဒေါ်မယ်မ ခေါ်ရာသို့ မညိုတုတ်တို့သားအမိ လိုက်ခဲ့ကြသည်။ ရွာတွင် သံယောဇဉ်တွယ်စရာမကျန်ခဲ့။ ကျောသွားဖျာပါ သားအမိနှစ်ယောက်လိုက်ခဲ့ခြင်းဖြစ်သည်။ ထမင်းဆိုင်တွင် အလုပ်မရကြ။ ထို့ကြောင့် လုပ်ငန်းရှင်တစ်ဦး၏အိမ်တွင် သားအမိနှစ်ယောက်စလုံး အလုပ်၀င်လုပ်ကြသည်။

"ညည်းတို့သားအမိ တို့အိမ်မှာနေမယ်ဆိုရင် စည်းကမ်းရှိရှိ နေရမယ်။ အလုပ်ကို ခိုင်းရင်ခိုင်းသလို သေသေချာချာလုပ်၊ ခေါ်ရင် ဟောဒီအိမ်က အိမ်သားအားလုံးကို 'ရှင်'လို့ထူး။ ဒီဧည့်ခန်းက ကုလားထိုင်တွေအပေါ် ညည်းတို့သားအမိ လုံး၀ မထိုင်ရဘူးနော်။ တခြားအိမ်အလုပ်တွေပြီးရင် ကြမ်းနဲ့ကုလားထိုင်တွေကို ဖုန်စင်အောင်သုတ်ရမယ် သိလား၊ တီဗွီတို့ဘာတို့ကို ခေါ်ကြည့်မှ ကြည့်ရမယ်။ မဆိုင်ဘဲ၀င်မလာနဲ့ ကြားလား"

သားအမိနှစ်ယောက်စလုံး ခိုင်းသမျှကို လုပ်ပေးရသည်။ ကျွေးသမျှကို မ၀လည်းစား၊ မတင်းတိမ်လည်းစားရသည်။

"ညည်းတို့လခ သုံးလစာကို ပွဲစားက ယူသွားပြီ"

သို့နှင့် သူတို့သားအမိအတွက် အိမ်ကြီးရှင်တို့ကျွေးသည့် ထမင်းကလွဲ၍ မျှော်လင့်စရာမရှိ။ အရွယ်လေးရောက်လာသော မညိုတုတ်အတွက် မတော်တရော် ဆင်သမျှကို ရုပ်ဆိုးပုံဆိုး ၀တ်ရသည်။ ခေါင်းခေါက်ခဲ၊ ပေါင်တွင်းကြော ဆွဲလိမ်ခံရသောအကြိမ်ပေါင်းကလည်း မနည်း



www.burmeseclassic.com

www.burmeseclassic.com

ပေ။ ခေါ်ခိုင်းလျှင် သူတို့ရှေ့တွင် ဒူးထောက်ပြီး နာခံရသည်။ မညိုတုတ်၏အမေကလည်း သူ့အသက်နှင့် ဝန်အားမမျှအောင် အပင်ပန်းခံကာ နိုင်သလောက် လုပ်ပေးရှာသည်။ အချိန်ရှိသမျှ အလုပ်နှင့် လက်နှင့်မပြတ်။ ကားဂိုဒေါင်ဘေးနားက အခန်းကျဉ်းကျဉ်းလေးမှ ကွပ်ပျစ်ဟောင်း၊ ခြင်ထောင်ဟောင်း၊ ခေါင်းအုံးဟောင်းတွေ ခင်းထားသည့် အိပ်ရာကို ဆယ်နာရီလောက်မှ တွေ့ရခွင့် ကြုံတော့သည်။

"ကံကလည်းနော် ဆိုလိုက်တာ"

ဘဝကိုစိန်ခေါ်ပြီး ရှက်လွှင့်လာသော မညိုတုတ် လောကစံပြုသမျှကို အန်ခံကာ ရင်ဆိုင်နေရပြီ။

"ဟဲ့ . . ဒီစားပွဲပေါ်မှာ နွားနို့သည်လာရင်ပေးဖို့ ငါးထောင်တန် တစ်ရွက် ဘယ်ရောက်သွားလဲ"

အိမ်ကြီးရှင် မမကြီး၏ အသံက တစ်အိမ်လုံး ဖုံးလွှမ်းသွားသည်။

"ညိုတုတ်"

"ရှင် မေမေကြီး"

"ညည်းတို့သားအမိ ဒီအနားလာသေးတယ် မဟုတ်လား။ ကဲ ပြောစမ်း . . ပိုက်ဆံငါးထောင် ဘယ်မှာလဲ"

"ကျွန်မတို့ မယူပါဘူး မေမေကြီး"

"ညည်းတို့မယူရင် ဘယ်သူယူမှာလဲ။ ဒီအိမ်မှာ သူစိမ်းဆိုလို့ ညည်းတို့သားအမိပဲရှိတာ။ မှန်မှန်ပြောစမ်းအေ။ ငါ့ဒေါသ ညည်းသိတယ် မဟုတ်လား။ ဟင် . . ညိုတုတ်မ"

"ကျွန်မတို့သားအမိက သူများပစ္စည်းဆို အပ်တိုတစ်ချောင်းတောင် မပြစ်မှားပါဘူးရှင်"

"ဩော် . . . ဟင်း . . . ဟင်း ဟင်း . . ရယ်လိုက်ချင်တယ်။ အပ်တိုတစ်ချောင်းကို ဘယ်ယူပါ့မလဲ။ ငါးထောင်တန်ဆိုရင်တော့ ယူရမယ်လေ။ အေး . . . မှန်မှန်မပြောရင်တော့ ဒီညနေထမင်းမစားနဲ့။ ဟောဒီမီးဖိုရှေ့မှာ ညည်းဒူးထောက်နေ ကြားလား"

တကယ်ပင် ရက်စက်လှသော သားအမိ မိသားစုဖြစ်ကြသည်။ မညိုတုတ်ကိုကြည့်ပြီး အမေက မျက်ရည်ကျသည်။ မညိုတုတ်က နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ အံကြိတ်ပြီး ဒူးထောက်နေလိုက်သည်။ သူတို့မိသားစုထဲတွင် သားအငယ်တစ်ယောက်က ပိုဆိုးသည်။ အရွယ်ရောက်နေပြီ။ မိဘ၏ ပစ္စည်းဥစ္စာ အရှိန်အဝါနှင့် မာနထောင်လွှား မိုက်ကန်းကန်းဖြစ်သည်။ အရွယ်ရောက်စပြုပြီဖြစ်သော မညိုတုတ်ကို လူလစ်လျှင် လစ်သလို မထိတထိ ခြေသွက်လက်သွက် စတတ်သည်။ လူရှေ့သူရှေ့ဆိုလျှင် ရှိသည်ဟုပင် မသတ်မှတ်။ ယခု ငွေငါးထောင်ကိစ္စနှင့် တစ်အိမ်သားလုံး၏ မျက်လုံးတွင် သံသယများစွာနှင့် ကြည့်နေကြသည်ကို မညိုတုတ်ခံနေရသည်။

"ညည်းတို့သားအမိ ဒီအိမ်မှာ ဆက်မနေကြနဲ့တော့"

"အမေကြီးတို့မှာ ဘာအပြစ်ရှိလို့လဲကွယ်"

"အမလေး မျက်ရည်ခံ မထိုးပါနဲ့။ ရှင်တို့ကို အမှုမလုပ်တာပဲ ကျေးဇူးတင်ပါ"

ပစ်ပစ်ခါခါ ပြောသည်။ နှစ်နှစ်နာနာဆိုသည်။ နှိမ့်ချပြီး ဆက်ဆံ၍ ကျွေးသမျှစားသည်။ ခါးလည်းမလှ၊ ဝမ်းလည်းမဝသည့် သူတို့သားအမိ၏ဘဝကို မညိုတုတ် ကြေကွဲမိသည်။ အောက်ကျို့ကာနေပါလျက် တိရစ္ဆာန်သဖွယ် မောင်းထုတ်ခံရသည်။

"အမေရယ် . . . ထွက်သွားရအောင်"

"ဘယ်မှာ သွားနေမလဲ သမီးရယ်"

သားအမိ နှစ်ယောက်အတွက် နေစရာကို အရင်ရှာရသည်။ မြို့သစ်တစ်ခု၏ အစွန်အဖျား တဲအိမ်သာသာလေးတွင် အဖီထုတ်ထားသော အခန်းလေးကို ဈေးသက်သာစွာဖြင့် ငှားရသည်။

နေစရာ ရှိလာသည့်အခါတွင် စားစရာကိုရှာရသည်။ အရင်းမစိုက်ရသော မြေကွက်အလွတ်များမှာ ပေါက်နေသည့် ကန်စွန်းရွက်၊ ကနဖော့ စသည်တို့ကိုခူးပြီး မြို့သစ်ရပ်ကွက်ဈေးသို့ သားအမိနှစ်ယောက် သွားရောင်းရသည်။ ကန်စွန်းခင်းကပေါ။ မညိုတုတ်တို့သားအမိအတွက် အဆင်ပြေလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဒုတ် . . ဒုတ် . . ဒုတ်"

"ဘယ့်နှယ်လဲ တစ်ကျင်းပြည့်တော့မလား"

အနားရောက်လာသည့် အမှုထမ်းက ကျောက်ထုစခန်းသူတွေကို မေးလိုက်သည်။

"ဟုတ်ကဲ့ ဒီတစ်ဖြတ်ဆို ပြည့်ပါပြီ။ ကဲ . . ဆက်စမ်းပါဦး။ ဟိုမှာ ဆရာမ ထွက်သွားပါပြီ"

အနားရှိ ဘဝတူ တစ်ယောက်က မေးလိုက်သည်။

"အဲဒီလိုရောင်းရင်းနဲ့ လက်ပွားလှအောင်ဆိုတာနဲ့ ဆုံတာပေါ့။ သူက နင်အဲဒီလိုလုပ်တာ ပင်ပန်းတယ်။ သူနဲ့အတူတူ အလုပ်လုပ်ဖို့ ပြောတာနဲ့ ဈေးထဲမှာ သူနေ့ပြန်တိုးပေးထားတာတွေကို လိုက်တောင်းပေးရတယ်။ ကျွန်မအတွက် တစ်နေ့ ထောင့်လေးငါးရာရတော့ အဆင်ပြေတယ်လေ။ အမေဆုံးသွားတော့ သူနဲ့ကျွန်မ ယူလိုက်ကြတယ်။ သူက မုဆိုးဖို။ ပထမအိမ်ထောင်နဲ့ သားသမီးမရသလို ကျွန်မနဲ့လည်း သားသမီးမရဘူး။ သူက ကျွန်မထက် အသက်ကြီးတယ်။ ပိုက်ဆံဆို ရသလောက် ရှာထားတာ။ သွေးတိုးရောဂါနဲ့ ဦးနှောက်သွေးကြောပြတ်သေသွားတာ။ သူသေတော့ သူ့ပစ္စည်းကျွန်မတော်တော်လေးရလိုက်တယ်"

"ဒါဆို မညိုတုတ်က ဟန်ကျသွားတာပေါ့"

"အင်းလေ မညိုတုတ်လက်ထဲမှာ စီးပွားရေးလုပ်ဖို့ ငွေအရင်းအနှီးက ရှိနေပြီလေ"

"ဒါဆို မေနှင်းဆီ ဆိုတာက"

"လူသစ် စိတ်သစ် ဘဝသစ်စလိုက်တော့ မေနှင်းဆီ ဖြစ်သွားတာပေါ့။ တိုက်ခန်းကောင်းကောင်းငှားတယ်။ ကားကောင်းကောင်းငှားစီးပြီး ကိုယ်တိုင်မောင်းတတ်အောင် သင်လိုက်တယ်။ လက်ဝတ်လက်စား ရွှေထည်တွေကို လက်လက်ထအောင်ဝတ်ပြီး စီးပွားရေးလောကထဲကို မန္တးမနပ်၊ မလည်မဝယ် မုဆိုးမ အရိုးခံမလေးအဖြစ် ဝင်လာတယ်။ ကိုယ့်ကိုယ်ကို လှအောင်ပြင်၊ အဝတ်အစားကအစ အဆင်အပြင် အသွင်ပြောင်းလိုက်တယ်။ ငွေထောတဲ့သူတွေ့ရင် ငွေရင်းလေးနည်းနည်းနဲ့ စီးပွားရေးလုပ်ငန်း အဆင်မပြေလို့ ဘာဖြစ်လို့ဆိုပြီး ငွေလေးဘာလေး ချေးငှားရအောင် နွဲ့ရ၊ ချွဲရ၊ ပလီရတယ်။ အဲဒါနဲ့ စီးပွားရေးလောကမှာ မေနှင်းဆီရဲ့ သတင်းကမွှေးလာတာပေါ့"

"ဒါဆို ဦးကိုကိုလတ်ဆိုတာက"

"သူက မညိုတုတ်ဘဝနဲ့ နေခဲ့ရတဲ့ အိမ်ကြီးက အိမ်ရှင်ရဲ့သားပေါ့။ အမှားလုပ်မိရင် မညိုတုတ်ခမျာ ဒူးထောက်ရ၊ အရိုက်ခံရ၊ ထမင်းအငတ်ခံရတယ်။ မေနှင်းဆီဘဝရောက်တော့ ဟန်ဆောင်မျက်နှာဖုံးနဲ့ ဝင်ရောပြီး ဘဝဆုံး လူညွန့်တုံးစေတဲ့ ဝေဒနာရဲ့သားတောင်အဖြစ် ဖန်တီးပေးလိုက်တာပေါ့"

"အဲဒီတော့ . . ."

"အဲဒီတော့ သူလိုချင်တဲ့ပစ္စည်းသုံးရဖို့အတွက် မေနှင်းဆီထံလာပြီး ခခယယနဲ့ ဒူးထောက်ရပြီလေ။ မိဘလက်ထက်က ချမ်းသာခဲ့သမျှ သူ့လက်ထက်မှာ ပြောင်တာပဲ။ သူ့အမေကလည်း မျက်စိမမြင်မစမ်းနဲ့ ဆေးတောင်မကုနိုင်တဲ့ အသက်ကြီးမှ ဒုက္ခရောက်ပြီလေ။ မညိုတုတ်ဘဝက ခံခဲ့ရတဲ့ ဝေဒနာတွေကို မေနှင်းဆီဘဝမှာ တစိမ့်စိမ့်ကြည့်ပြီး ခံစားနေလိုက်တာပေါ့"

"ဒါဆို မေနှင်းဆီက ဘာဖြစ်လို့ အဖမ်းခံရပြီး ဒီကျောက်ထုစခန်းကို ရောက်လာရတာလဲ"

"ဟင်း . . . ဟင်း . . အတောမသတ်တဲ့ လောဘဇောပေါ့။ ဒီစိန်ရွှေအတုတွေဝတ်ပြီး လူတွေအထင်ကြီးအောင်နေ၊ ပိုက်ဆံလျှောက်လိမ်။ အဲဒီအချိန်မှာပဲ မူးယစ်ဆေးဝါးနဲ့ အဖမ်းခံရတဲ့ ကိုကိုလတ်က သူသုံးစွဲတဲ့မူးယစ်ဆေးက မေနှင်းဆီထံက ရတာပါဆိုပြီး အစစ်ခံတော့ ကြွက်မြီးတန်းလျှောက်စစ်တာ ပေါ်သွားတာပေါ့။ ဒီတော့ အခု ဒီစခန်းကို အပြစ်ကြွေးဆပ်ဖို့အတွက် ရောက်ခဲ့ရပြီလေ။ ဒီကလွတ်ရင်တော့ အဖြူစင်ဆုံးနဲ့ အရိုးသားဆုံး မညိုတုတ်ရဲ့ ဘဝလေးကိုပဲ ပြန်လိုချင်တယ်"

■ မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# တောဆင်ရိုင်းကြီး၏ အလှဲစား

ခင်မောင်အေး(မန္တလေး)

အရုဏ်သည် နီးကြားစ ပြုနေပေပြီ။ အရှေ့ဆီမှ ရောင်နီပင်မရဲတရဲ ပြူထွက်လာနေပြီဖြစ်၏။ အရုဏ်ဦးမို့ ဝန်းကျင်တစ်ခွင် တောင်ခိုးတွေဝေနေသည်။ မြူတွေကလည်း ဆိုင်းနေဆဲ။ နန်းစလိန်ကျေးရွာသည် မြူခိုးဝေဝေ ဖုံးနေချိန် ငြိမ်ဆိမ်တိတ်ဆိတ်လျက်ရှိ၏။ ကလေးတွေ၊ အိမ်မွေးတိရစ္ဆာန်တွေ နိုးထခြင်းမရှိသေးသဖြင့် အသံဗလံများ ဆိတ်နေခြင်းဖြစ်ပုံရသည်။ တောတွင်၊ တစ်နေရာဆီမှ လင်းကြက်တွန်သံ ခပ်သဲ့သဲ့မျှ ကြားလာရ၏။ နန်းစလိန်ရွာသား မောင်သိန်းဝင်းသည် စလူဖက်များခူးရန် ပလူဇဝချောင်းဖျားသို့ ထွက်လာခဲ့လေသည်။ ချောင်းရေက တသွင်သွင်စီးဆင်းနေသည်။ ရေအနက်က ပေါင်လည်သာသာမျှရှိသဖြင့် မောင်သိန်းဝင်းက ချောင်းကို ဖြတ်ကူးလာသည်။ ချောင်းတစ်ဖက် တောင်ကြောကိုတက်လိုက်လျှင် စလူပင်တွေ ထူထပ်စွာပေါက်ရောက်နေသည်။ ထို့ကြောင့် ... မောင်သိန်းဝင်းက ပလူဇဝချောင်းရှိရာသို့ လာခဲ့ခြင်းဖြစ်သည်။

ချောင်းကို ဖြတ်ကူးလိုက်သည်။ ရေက အေးလှ၏။ သို့တစေ အအေးဒဏ်ကို အမှုထားမနေအား။ ဝမ်းရေးက ရှိနေသေးသည် မဟုတ်လား။ စလူဖူးခားကို ညာလက်ဖြင့်ကိုင်ကာ ပေါင်လည်ခန့်ချောင်းရေအတွင်း တစပ်စပ်လျှောက်လှမ်းသွား၏။ တစ်ဖက်သို့ ရောက်လုလု ခြေလှမ်းနောက်တစ်လှမ်းလှမ်းဖို့ အားယူလိုက်သည့်တစ်ခဏ။ ချောင်းအဖျားတစ်နေရာတွင် ဧရာမတောဆင်ကြီးတစ်ကောင်ကို လှမ်းမြင်လိုက်ရလေသည် ...။ မောင်သိန်းဝင်း အကြီးအကျယ် ထိတ်လန့်ချောက်ချားသွားရ၏။ တောဆင်ကြီးသည် မောင်သိန်းဝင်းအား သတိထားမိဟန်မတူချေ။ ဦးကင်းကိုမော့လက် ကော့ပျံနေသည့် အစွယ်တစ်စုံအကြားမှ တုတ်ခိုင်သော နှာမောင်းကြီးကို ဆန့်တန်းပြီး တောငှက်ပျောရိုင်းပင်တစ်ပင်ကို ရစ်ပတ်ဆွဲယူကာ ပါးစပ်တွင်းသို့ ထိုးသွင်းလျက်ရှိ၏။ တောဆင်ရိုင်းကြီး သူ့ကို တွေ့မြင်မသွားမီ ပြေးမှဖြစ်တော့မည်။ မောင်သိန်းဝင်းသည် ရှေ့သို့ လှမ်းလုဆဲဆဲ လက်ဝဲခြေထောက်ကို ဆတ်ခနဲရုပ်လျက် ကိုယ်ကို အသာအယာယို့ပြီး နောက်သို့လှည့်ကာ နောက်ကြောင်းပြန်ပြေးလာခဲ့၏။ တောဆင်ရိုင်းကြီးသည် သူ့အစာနှင့်သူမို့ လူတစ်ယောက်ထွက်ပြေးသွားသည်ကို သတိထားမိဟန် မတူချေ။ တောငှက်ပျောရိုင်းပင်ကိုသာ အမြစ်ကဆွဲနုတ်ယူပြီး ပါးစပ်အတွင်းသို့ သွင်းလျက်ရှိသည်။

မောင်သိန်းဝင်း ရွာသို့ပြန်လည်ရောက်ရှိသွားပြီး အကျိုးအကြောင်းကို ကြားသိရသော ကျေးရွာလူကြီးက ရွာသားများအား အမြန်စုစည်းလျက် မီးတုတ်များ၊ မီးစည်းများ၊ ဝါးလက်ခုပ်၊ သံပုံးစသည်တို့ ရရာစုစည်း၍ ပလူဇဝရွာချောင်းစပ်သို့ အပြေးအလွှားသွားရောက်ကြ၏။ ချောင်းသို့ရောက်ကြသောအချိန်အထိ တောဆင်ရိုင်းကြီးက အစာစားမပျက် ရှိနေဆဲဖြစ်သည်။ သို့ဖြစ်၍ ကျေးရွာလူကြီးက ခေါင်းဆောင်လျက် မီးတုတ်တွေတဝင့်ဝင့်၊ မီးစည်းများ တယမ်းယမ်း၊ သံပုံးတွေ တဗုံးဗုံးရိုက်ပုတ်၍ လူအုပ်နှင့် တောဆင်ရိုင်းကြီးအား ဝိုင်းဝန်းခြောက်လှန့်မောင်းထုတ်ပစ်ကြ၏။ ကနဦးမှာ တောဆင်သည် လူအုပ်ကြီးကို အခိုက်အတန့်မျှ တွေ၍ ကြည့်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သည့်နောက် အတော်ကြာမှ တောတွင်းသို့ ချာခနဲလှည့်ဝင်သွားလေသည်။ တောဆင်ကြီး တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့မှပင် ရွာသားများလည်း ဟီးချနိုင်ကြ၏။ ကျေးရွာသားများ အဆိုအရ တောဆင်ကြီးသည် ကလေးဝ–မော်လိုက် ကားလမ်းအတိုင်း ထွက်ခွာသွားသည်ဟု သိရှိရပေသည်။

* * *

နေထန်းတစ်ဖျားအချိန်၊ နန်းစလိန်ကျေးရွာ အစွန်ပိုင်းရှိ နေအိမ်တစ်ခုအနီးသို့ အရိပ်မည်းကြီးတစ်ခု တဖြည်းဖြည်း ချဉ်းကပ်လာနေသည်။ အရိပ်မည်းကြီး ချဉ်းကပ်လာပုံက တိုးတိတ်ညင်သာလွန်းသည်ဖြစ်ရကား နေအိမ်အတွင်းမှ အိမ်သားများ တစ်ယောက်မျှ သတိမထားမိလိုက်ကြ။ တောဆင်ကြီးက နေအိမ်ကို အစွယ်ဖြင့် ထိုးကော်လျက် ဦးကင်းနှင့်တိုက်ကာ ဖြိုချလိုက်သည်။ နေအိမ်သည် စက္ကူအိမ်တစ်လုံးလို ပြိုလဲတဲတဲ ဖြစ်သွားရ၏။ နေအိမ်ပြိုကျသွားသဖြင့် အိမ်တွင်းမှာ ရှိနေကြသည့် အိမ်သားများ သက်စွန့်ဆံဖျား ကြောက်အားလန့်အား ပြေးထွက်လာကြရ၏။ အိမ်ရှင်ဖြစ်သော ဦးအဲညီထွေးတစ်ယောက်တော့ ကံမကောင်းရှာပါ။ တောဆင်ကြီးရှေ့တည့်တည့်ကိုမှ ပြေးလာမိရက်သား ဖြစ်သွားသည်။ တောဆင်ရိုင်းကြီးက ရှေ့တည့်တည့်သို့ ရောက်လာသော ဦးအဲညီထွေးကို အစွယ်ဖြင့် ထိုးပစ်လိုက်၏။ လူသားတစ်ဦး၏ တည်ဆောက်ထားပုံသည် အသား၊ အသွေး၊ အကြောနှင့် ပါးလွှာသော အရေခွံမျှသာ ဖြစ်ရကား တောကောင်ကြီး၏ မာကျောသော အစွယ်ဖြင့် ထိုးသွင်းခြင်းခံလိုက်ရသောအခါ စိစိညက်ညက်ကြေလျက် တစ်စစီ တစ်ပိုင်းစီ စုတ်ပြတ်သွားခဲ့ရလေသည်။ ဝမ်းဗိုက်တည့်တည့်တွင် တောဆင်ကြီး၏ အစွယ်ဖြင့် ထိုးသွင်းခြင်းခံရသဖြင့် ဟောင်းလောင်းပွင့်သွားသည်။ အသက်ပင် ဘယ်က ထွက်သွားသည် မသိတတ်နိုင်။

တောဆင်သည် နေအိမ်ကို ဖြိုလှဲ၊ လူကိုလည်း သတ်ပြီးပြီဖြစ်သောကြောင့် တောတွင်းသို့ပင် ပြန်လည်ဝင်ရောက်သွားခဲ့ပြန်လေသည်။ သည့်နောက်တစ်ဖန် နေမွန်းမတည့်မီ တောဆင်ရိုင်းကြီးသည် ကလေးဝ–မော်လိုက် ကားလမ်းနံဘေးတစ်နေရာရှိ မန်ဖာကျေးရွာသို့ ရောက်ရှိလာပြန်လေသည်။ ရွာသားတွေ ကိုယ်စီကိုယ်ငလက်ကွင်း၊ ယာခင်းများဆီ ရောက်ကုန်ကြပြီ။ နေအိမ်များအတွင်း သက်ကြီးရွယ်အိုနှင့် ကလေးအချို့သာ ကျန်ရစ်သည်။ မန်ဖာလေးကျေးရွာအနီး လယ်ကွင်းတစ်ခုတွင် လယ်တဲတစ်လုံး ဆောက်ထားပြီး လယ်တဲအတွင်းမှာ အသက် ၈၂ နှစ် ရှိနေပြီဖြစ်သော သက်ကြီးတစ်ဦးတည်းသာ လယ်စောင့်ကျန်ရစ်၏။ သားသမီးများက ယာခင်းထဲသို့ ရောက်နေကြ၍ပင်။

ထိုစဉ်ကြိုက်ဝယ် တောဆင်ရိုင်းကြီးက တောတွင်းမှ ရုတ်တရက် ပြေးထွက်လာလေသည်။ တောဆင်ကြီး လှုပ်ရှားပုံမှာ မြန်ဆန်လွန်းလှသည်ဖြစ်၍ လယ်တဲအနီးသို့ ဖြုန်းခနဲရောက်လာမှသာ တွေ့မြင်ကြရ၏။ တောဆင်ရိုင်းကြီးသည် လယ်ကွင်းအတွင်း တွေ့မြင်နေရသော လယ်တဲအနီးသို့ ချဉ်းကပ်ရောက်ရှိလာကာ လယ်တဲကို နှာမောင်းဖြင့် ရစ်ပတ်လျက် ဖြိုချဖျက်ဆီးပစ်လိုက်သည်။ လယ်စောင့်တဲဆိုသည်မျိုးက သစ်ကြီးဝါးကြီးများသုံးလျက် အခိုင်အခံ့ဆောက်လုပ်ထားသည် မဟုတ်ရကား မဒမတိုင် ခပ်သေးသေး၊ ဝါးနက်ဝါး အချဉ်လုပ်၊ ခဏတစ်ဖြုတ်နေဖြစ်ရုံ ဆောက်လုပ်ထားသော တင်းကုပ်သာသာ တဲ

လယ်တဲအတွင်း
တစ်ကိုယ်တည်းရှိနေသည့် ဦးဘသောင်း
လယ်တဲကလေး ပြိုပျက်သွားသဖြင့်
ငုတ်တုတ်ကျန်ရစ်သည်။ တောဆင်ရိုင်းကြီးက
အသက် ၈၂ နှစ်အရွယ် အဘိုးအိုကြီးကို မညှာမတာ
ရက်ရက်စက်စက် အစွယ်ဖြင့်ထိုးသတ်ပစ်လိုက်
သည်။ အဘိုးအိုကြီး နေရာတွင်ပင်
ပွဲချင်းပြီး အသက်ထွက်သွားရရှာသည်၊



www.burmeseclassic.com

www.burmeseclassic.com

သာဖြစ်၏။ တောဆင်ရိုင်းကြီး၏ နှာမောင်းဖြင့် ရစ်ပတ်ဆွဲဖြိုခံလိုက်ရသောအခါ အရုပ်အိမ်ကလေးတစ်လုံးလို ဝုန်းခနဲ ယိုင်လဲပြိုပျက်သွားရလေသည်။ လယ်တဲအတွင်း တစ်ကိုယ်တည်းရှိနေသည့် ဦးဘသောင်း လယ်တဲကလေး ပြိုပျက်သွားသဖြင့် ငုတ်တုတ်ကျန်ရစ်သည်။ တောဆင်ရိုင်းကြီးက အသက် ၈၂ နှစ်အရွယ် အဘိုးအိုကြီးကို မညှာမတာ ရက်ရက်စက်စက် အစွယ်ဖြင့်ထိုးသတ်ပစ်လိုက်လေသည်။ အဘိုးအိုကြီး နေရာတွင်ပင် ပွဲချင်းပြီး အသက်ထွက်သွားရရှာသည်။

ဦးဘသောင်းအား တောဆင်ရိုင်းကြီး အစွယ်ဖြင့် ထိုးသတ်သွားခြင်းခံလိုက်ရသည်ကို ညနေစောင်းအချိန် သားသမီးတွေ ယာခင်းမှနပြန်လာမှသာ တွေ့ရှိကြရ၏။ တစ်မိသားစုလုံး အုန်းအုန်းကျွက်ကျွက် ဝမ်းနည်းမဆုံးကြိမ်မီးအုံးသည့်အလား ခံစားကြရ၏။ ဒီတောဆင်ရိုင်းကြီး အလွန်ဆိုးရွားသောင်းကျန်းနေပြီဖြစ်သည်။ တစ်နေ့တည်းမှာပင် လူနှစ်ယောက်ကို သတ်လိုက်ပြီးဖြစ်ပါသည်။ ဆင်ရိုင်းကြီးနံနက်စောစော ပလူဇဝကျေးရွာသို့ ဝင်ရောက်အလာ ချောင်းစပ်အနီးတွင် ရွာသားမောင်သိန်းဝင်းအား တွေ့ရှိခဲ့သည်။ မောင်သိန်းဝင်းက ရွာသို့ပြန်ပြေးလာခဲ့ပြီး အကြောင်းကြားသဖြင့် ရွာလူကြီးက ဦးဆောင်လျက် မီးတုတ်၊ မီးစည်းများဖြင့် ခြောက်လှန့်မောင်းထုတ်ပစ်ခဲ့ကြ၏။ တောဆင်ရိုင်းကြီး ထိတ်လန့်ကြောက်ရွံ့စွာဖြင့် တောတွင်းသို့ ပြန်ပြေးသွားခဲ့ရ၏။ ဆင်ရိုင်းကြီး လုံးဝအခဲမကျေ။

တောင်ပေါ်မှာ အစာရေစာ ရှာရဖွေရ ခက်ခဲနေသည်။ ယခင် ရှေးကနှင့် မတူတော့။ စားကျက်တွေမှာ လူတွေက စိုက်ခင်းတွေ၊ ယာခင်းတွေ ပြုလုပ်နေကြသဖြင့် တောကောင်တွေအတွက် နေစရာ၊ စားစရာတွေ ရှားပါးနေပြီဖြစ်၍ လူတို့၏နေရာ တောင်ခြေမှ ကျေးရွာစိုက်ခင်းများဆီ ခြေဦးလှည့်လာကြခြင်းဖြစ်လေသည်။ စားကျက်နယ်မြေများ ကျဉ်းမြောင်းလာခြင်း၊ လူတို့က တောကောင်များအား အမဲလိုက်သတ်ဖြတ်ခြင်း။ ဆင်စွယ်တန်ဖိုးကြီးသဖြင့် ဆင်တွေကို မုဆိုးများက လိုက်လံရှာဖွေ သတ်ဖြတ်ခြင်းစသည့်အကြောင်းရင်းများသည် လူနှင့်ဆင်တို့အကြား ကြီးမားသောပဋိပက္ခများပင် ဖြစ်သည်။ ဆင်များကိုဌာနေမုဆိုးများ တရားမဝင် အမဲလိုက်သတ်ဖြတ်မှုများကို သတ်ဆိုင်ရာမှ အချိန်ပြည့် စောင့်ကြည့်ခြင်းလည်း မရှိမဟုတ်ချေ။ သည့်အပြင် တောရိုင်းတိရစ္ဆာန်များအား တရားမဝင် အမဲလိုက်သတ်ဖြတ်ခြင်းကို ထိန်းသိမ်းကာကွယ်နိုင်ခြင်းမရှိသောကြောင့် ကာကွယ်ထားသော သဘာဝကြိုးဝိုင်းများအတွင်းသို့ပင် ဝင်ရောက်လျက် အမဲလိုက်သတ်ဖြတ်ခြင်းများ ပြုလုပ်နေကြ၏။

ပလူဇဝကျေးရွာနှင့် မန်ဖာလေးကျေးရွာနှစ်ရွာမှ ဦးအဲညီထွေးနှင့် ဦးဘသောင်းတို့အာ အစွယ်ဖြင့်ထိုးလျက် သတ်ဖြတ်သွားသော တောဆင်ဆိုးကြီးကို ကလေးဝမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအပြင် ကလေးဝပြည်သူ့ဆေးရုံမှ ဆရာဝန်၊ ဆရာမ၊ ဆေးရုံဝန်ထမ်းများပါမကျန် ပူးပေါင်းပါဝင်လျက် တောတွင်းသို့ သွားရောက်ကာ ဆင်ဆိုးကြီးအား ခြောက်လှန့်ပစ်ခတ် မောင်းထုတ်ကြ၏။ သည်အခါ၌မှ လူနှစ်ယောက်ကို သတ်ဖြတ်သွားသည့် မသတီဖွယ်ရာ တိရစ္ဆာန်ကြီးသည် စုစည်းညီညွတ်သော လူသားတို့အား အန်မတုနိုင်တော့ဘဲ တောနက်ထဲသို့ ထွက်ပြေးဝင်ရောက်ကွယ်ပျောက်သွားခဲ့လေသည်။

မြန်မာနိုင်ငံတွင် စုစုပေါင်းဧရိယာ ၈,၈၂၅ ဒသမ ၈၆ စတုရန်းမိုင်ခန့်ကျယ်ဝန်းသည့် ဆင်ဘေးမဲ့တော ငါးခု တည်ထောင်ထားပြီးဖြစ်ကာ ၂၀၁၂ ခုနှစ်အတွင်း မူလဆင်စားကျက်များပါဝင်သော မြောက်စမရီ ရဲနွယ်၊ ကျောက်တံခါး၊ အုတ်ဖိုကြိုးဝိုင်း ဧရိယာစုစုပေါင်း ၃၇၉ ဒသမ ၅၃ စတုရန်းမိုင်ကို ဆင်ထိန်းသိမ်းရေးသဘာဝနယ်မြေအဖြစ် ဖွဲ့စည်းတည်ထောင်ရန် ရည်ရွယ်ထားကြောင်းအမိန့်ထုတ်ပြန်ထားကာ အတည်ပြုဖွဲ့စည်းနိုင်ရန် တိုင်းတာမှုများ ဆောင်ရွက်နေကြောင်း မြန်မာတိုင်းဂျာနယ်တွင် တွေ့မြင်ဖတ်ရှုရသဖြင့် မြန်မာတို့၏ ရတနာတန်းဝင် ဆင်တို့အတွက် တစ်စုံတစ်ရာသော အတိုင်းအတာတစ်ခုအထိ ရင်အေးရပါလေသည်။

**ခင်မောင်အေး(မန္တလေး)**

**စာကိုး**

ပြည်မြန်မာသတင်းဂျာနယ်၊ အမှတ်(၉၁၉)၊ ၂၀၁၄ ခုနှစ်၊ မေလ ၁၄ ရက်နေ့၊ မြန်မာတိုင်းမ်ဂျာနယ်၊ ပြည်တွင်းသတင်း၊



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်အကြောင်း

## ဟောင်းသည်မရှိ (၁၅)

### အ စ န် း ဆ က် ဝ တ္ထု ရှ ည်

□ မင်းဟိန်းထိုက်

(ယခင်လမှအဆက်)

ယုမေ၏ အဖော်ကောင်မလေးများမှာ မောင်အေးချမ်းနှင့် သိသည်လည်းပါသည်၊ မသိသည်လည်းပါသည်။ သိသော ကောင်မလေးများသည်ပင် မျက်မှန်းတန်းမိရုံသာရှိပြီး ရင်းရင်းနှီးနှီးဟူ၍ တစ်ယောက်မျှ မပါပေ။ ယောကျ်ားလေးဟူ၍လည်း တစ်ယောက်မျှ ပါသည်ကို မတွေ့ရ။

မိန်းကလေးအားလုံး ဆယ့်သုံးလေးယောက် ဖြစ်သည်။ ထိုအထဲတွင် အသက်ဆယ့်ရှစ်၊ နှစ်ဆယ်နှစ်အရွယ် သုံးယောက်ပါသည်။ ကျန်သော ဆယ်ယောက်လုံးမှာ ယုမေတို့အရွယ်ချည်း ဖြစ်သည်။ ရခိုင်ရိုးမကြီးကို လာကြသောကြောင့် ထင်သည်။ အားလုံး မိုးပြာရောင် တောဆင်လေးများကိုချည်း ဝတ်ဆင်လာကြသည်ကို တွေ့ရသည်။

မိန်းကလေး အားလုံးတို့တွင် ယုမေသည် အလှဆုံး။ မိုးပြာရောင်တက်ထရွန်အင်္ကျီ လက်တို၊ ဘောင်းဘီ စကောစက၊ ခြေဖျားကိုလည်း မရောက်၊ ဘောင်းဘီတိုလည်းမဟုတ်၊ ဒူးလောက်သာရှိပြီး အဝစေ့စေ့နှင့်၊ အင်္ကျီလက်တိုကိုလည်း ထိုနည်းလည်းကောင်း အဝစေ့ထားသည်။

ဖြူဖွေးပြီး နုပျိုဆူဖြိုးသော ယုမေနှင့် အလွန်မှ လိုက်ဖက်သည်။ အပျိုဖြန်း အရွယ်လေးဖြစ်၍ ဤဝတ်ဆင်ပုံလေးက သာ၍ကြည့်ကောင်းသည်။ မိန်းကလေးတစ်ယောက်၏ အင်္ဂါရုပ်ပေါ်ထွက်စတွင် ဤဝတ်ဆင်ပုံမျိုးသည် အလိုက်ဖက်ဆုံးဟု ယူဆမိသည်။ ဤဝတ်ဆင်ပုံမျိုးကို သူဌေးသမီးလေးများ ဝတ်ဆင်လေ့ရှိကြသလို သာမန်လူတန်းစား သမီးငယ်လေးများလည်း ဝတ်ဆင်ကြသည်ကို တွေ့ဖူးသည်။

ယုမေ၏ လက်ရှိအခြေအနေကိုကြည့်လျှင် အိမ်ဖော်မလေးတစ်ယောက်ဟု ဆိုရမည်ဖြစ်သော်လည်း မောင်အေးချမ်းက မြှောက်စားထားသောကြောင့် အဆင့်အတန်းမီအောင် ဝတ်ဆင်နိုင်သော အနေအထားမှာရှိသည်။ သူဌေးသမီးလေးများနည်းတူလည်း ဝတ်ဆင်နိုင်သည်။

မောင်အေးချမ်းကလည်း တံဆိုးသူ ယုမေလေး၏ ဘဝတက်လမ်း ဖြောင့်စေ၊ မြောက်စေရေးကို မိမိဘာသာ ကတိပြုထားသည်။ မိမိစိတ်ကူးနှင့်ဆုံးဖြတ်ပြီး မိမိဘာသာ ကတိပြုထားခြင်းသည် သာ၍မြဲသည်။ အခြားလူတစ်ယောက်ကို အားနာ၍ဖြစ်စေ၊ ကျေးဇူးကြီး၍၊ မိတ်ဆွေဖြစ်၍ဖြစ်စေ၊ ပြုထားသောကတိထက် မိမိဘာသာ ဆုံးဖြတ်ပြီးပြုသော ကတိက များစွာသာလွန်သည်ဟု မောင်အေးချမ်း နားလည်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ယုမေသည် ရွယ်တူမိန်းကလေးများ၏အလယ်တွင် ဒေါင်းမလေးတစ်ကောင်ကဲ့သို့ မြူးကြွနေသည်။ ချစ်သူနှင့်လည်း တွေ့နေရသည်။ စိတ်လွတ်ကိုယ်လွတ်လည်း လျှောက်လည်နေခွင့်လည်း ရသည်။ သာယာလှပသော ရှုမကြီးတစ်နေရာတွင်လည်း ချစ်သူအပေါင်းအသင်းများနှင့်တကွ အစုံစုံသော ရှုမျှော်ခင်းတို့ကို ကြည့်ရှုခံစားခွင့် ရရှိတော့မည်ဟူသော အသိကြောင့် သူ၏စိတ်အစဉ်သည် အပျော်ရွှင်ဆုံးတွင် ရှိနေပေလိမ့်မည်။

ကားပေါ်ကို အကုန်တက်လိုက်ကြပြီးနောက် ကားသမားကြီးဦးကျော်ဖေက "အေးချမ်းလေး . . ဘယ်ဆီကို မောင်းပေးရမလဲကွ"ဟု မေးသည်။ မောင်အေးချမ်းက အမြင့်မှ အဝေးကို လှမ်းမျှော်၍ ကြည့်မြင်နိုင်မည့် တစ်နေရာကို မောင်းပေးရန် ပြောလိုက်သည်။

ယုမေက နောက်ခန်းမှာ ထိုင်ခိုင်း၍ မောင်အေးချမ်း ရှေ့ခန်းတွင် ထိုင်ခွင့်မရဘဲ ယုမေနှင့်အတူ နောက်ခန်းမှာသာ ထိုင်လိုက်ရသည်။ ဆယ့်ရှစ်၊ နှယ်ဆယ်အရွယ် မိန်းကလေးသုံးယောက်က ကားမောက်ကိုကိုင်ပြီး မတ်တတ်လိုက်ကြသည်၊ အခြားမိန်းကလေးအားလုံးက အဆင်ပြေသလို ထိုင်၍ လိုက်ကြသည်။

အချို့မိန်းကလေးများက ယုမေအကြိုက် စမတ်ကျကျဝတ်ဆင်ထားသော မောင်အေးချမ်းကို မရိုးမသားစွာဖြင့် ခိုးကြည့်ကာ "ကိုအေးချမ်းကြီးက ယောကျ်ားပီသတယ်"ဟု ပြောသူက ပြောပြီး၊ "မျက်နှာလေးက အရမ်းချိုတာပဲ"ဟု မကြားတကြား ပြောသူက ပြောကြသည်။ ယုမေလည်း မောင်အေးချမ်းနှင့် ကပ်ထိုင်နေလျက်ကပင် သူများနည်းတူ တစ်ချက်မျှ မောင်အေးချမ်းအားခိုးကြည့်ပြီး ကျေနပ်ပြုံးဖြင့် ပြုံး၍နေသည်။

ဘေးချင်းကပ်ထိုင်ပါလာသော တောင်မလေးတစ်ယောက်ကမူ ကားဆောင့်ခုန်လိုက်တိုင်း မောင်အေးချမ်း၏အနားသို့ တိုးကပ်လာပြီး လက်မောင်းကို လှမ်းလှမ်းဆွဲ၏။ ထို့နောက် မောင်အေးချမ်း၏လက်မောင်းကို မသိမသာ ဖက်ထားလေသည်။

မောင်အေးချမ်း အကဲခတ်ကြည့်သည်။ ထိုမိန်းကလေးသည် အသက်ဆယ့်ရှစ်နှစ်ခန့် ရှိပေမည်။ အသားဖြူပြီး ရုပ်ရည်သင့်သည်။ ခပ်စွာစွာသဘောမျိုးရှိမည်။ ရည်းစားနှင့်ပတ်သက်သော အတွေ့အကြုံများလည်း ရှိဖူးလောက်သည် . . .။ မောင်အေးချမ်း ယခင်က ထိုမိန်းကလေးကို အမှတ်ထင်ထင် မရှိဖူးပေ။ ထို့ကြောင့် ဘာသိဘာသာပင် နေလိုက်သည်။

ဤသည်ကို ယုမေမြင်သွားသည်။ ယုမေသည် ထိုတောင်မလေးအားကြည့်၏၊ ထို့နောက် မောင်အေးချမ်းအားဖက်ထားသော လက်ကိုလည်း ကြည့်၏၊ မောင်အေးချမ်း၏မျက်နှာကိုလည်း အကဲခတ်သည်။ မောင်အေးချမ်းက ပြုံးချင်သလိုလိုဖြင့် မျက်နှာအမူအရာများ ပျက်သွား၍ ယုမေက ဘေးလိမ်ဆွဲသည်ကို ခံလိုက်ရလေသည်။ ထို့နောက် ယုမေ၏မျက်နှာ အနည်းငယ်တင်းသွားပြီး တစ်ဖက်သို့လှည့်သွားလေသည်။

တစ်ခါက ယုမေလာ၍ ယုမေနှင့် မောင်အေးချမ်းတို့ ရှုခင်းကြည့်ခဲ့ကြသော နေရာသို့ရောက်လျှင် ကားကိုရပ်ခိုင်းလိုက်သည်။ နောက် ကားပေါ်မှ အသီးသီးခုန် ဆင်းကြပြီး ရှုခင်းများကို ကြည့်ကြသည်။ ယုမေ၏မျက်နှာကား သိပ်ပြီး မကြည်လင်ပေ။ တစ်ချက်တစ်ချက် မောင်အေးချမ်းအားလည်း မကျေမနပ်သော အမူအရာဖြင့် ဆတ်ခနဲကြည့်သည်။ ထို့နောက် ယုမေကပြောလိုက်သည်။

"သူငယ်ချင်းတို့ ကျန်ခဲ့ကြဦးဟော့။ ငါနဲ့ဦးလေး ဟို . . ကျောက်ဖျာကြီးရဲ့ အောက်ခြေမှာ တောပန်းကလေးတွေ သွားရှာခူးလိုက်ဦးမယ်"

ဟုဆိုကာ မောင်အေးချမ်းအား ခေါ်လာခဲ့သည်။ ယုမေ၏အကြံကို မောင်အေးချမ်းရိပ်မိသည်။ သူ၏မကျေနပ်ချက်ကလေးကို ထုတ်အန်လိမ့်မည်ဟုလည်း အလိုလို သိနေလိုက်သည်။ မောင်အေးချမ်း တွက်ထားသည်နှင့် ကွက်တိကျသည်။ ကျောက်တုံး၏အကွယ်ကို ရောက်သည်နှင့် ယုမေပြောတော့သည်။

"ဒီလူကို မိန်းမကပ်တယ်ဆိုတာ ငါယုံလာပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကိုလဲ ယုမေရဲ့"

"ဘာကို ကိုရမှာလဲဟဲ့။ ဟိုကောင်မတစ်ယောက် နင့်အနား ကပ်ထိုင်ပြီး လက်မောင်းကို ဖက်ထားတာလေ"

"အဲဒါလား၊ ကားဆောင့်လို့ပဲ နေမှာပါ"

"ဘာမှ ကားဆောင့်လို့ မဟုတ်ဘူး။ အဲဒီကောင်မ တမင်တကာ ကပ်လာပြီး နင့်လက်မောင်း ဖက်တာကို ငါမသိဘူး မှတ်နေသလား။ အဲဒါကိုပဲ . . . နင်က ဖိမ်ခံနေတာ မဟုတ်လား"

မောင်အေးချမ်း ဘာမျှမပြောဘဲ ပြုံး၍သာနေ၏။ ယုမေပြောမည်ဆိုကလည်း ပြောစရာ။ ထိုကောင်မလေးသည် ကားဆောင့်၍သက်သက် မဟုတ်ဘဲ တမင်တကာ မောင်အေးချမ်း၏အနားသို့ ကပ်လာပြီး မသိမသာမှ သိသိသာသာကြီး လက်မောင်းကို ဖက်ထားခြင်း ဖြစ်၏။ သိသိသာသာကြီး သူ၏စိတ်များ လှုပ်ရှားနေသည်ကိုလည်း မောင်အေးချမ်း အကဲခတ်မိလိုက်သည်။ ထို့ကြောင့်လည်း ခပ်ကဲကဲထကပင် ဖြစ်မည်ဟု ထင်လိုက်ခြင်း ဖြစ်၏။

"ပြောလေ"

ယုမေက အတင်းမေးနေသော်လည်း ဘာမျှမပြောဘဲ ပြုံး၍သာ နေ၏။

"ပြောဆိုတာ မကြားဘူးလား။ ငါဇွတ်တုတ်ကြီး ရှိနေတာတောင် ရည်းစားပွေချင်နေသေးတယ်။ ပြောတော့ ဥပုသ်သည်ကြီးတဲ့၊ ဥပုသ်သည်က အဲဒီလို ရည်းစားပွေရသလား။ ငါ တကယ်စိတ်ဆိုးလို့ ပြောနေတာနော်"

မောင်အေးချမ်းက ယုမေစိတ်ဆိုးနေသည်ကို သဘောကျပြီး တစ်အောင့်မျှ စိုက်ကြည့်ကာ အသံထွက်အောင်ပင် ရယ်လိုက်မိသည်။ ထို့ကြောင့် ယုမေလည်း မောင်အေးချမ်းအား စိုက်ကြည့်နေရင်းက မျက်နှာအမူအရာ ပြောင်းသွား၏။ ထို့နောက် အနည်းငယ်မျှ ညိုးကျသွားပြီး မောင်အေးချမ်းအား ကျောပေးကာ ငြိမ်၍နေလေသည်။

"ကဲ . . . ပန်းခူးမယ်ဆိုခဲ့။ ဟိုမှာ စောင့်နေကြတဲ့လူတွေကို အားနာရမယ်"

ယုမေ ခေါင်းခါ၏။

"ပန်းခူးမယ်လေ"

ယုမေ ခေါင်းကိုတွင်တွင်ခါ၏။

"ဟာ . . ဘာဖြစ်လို့တုံး။ ဒါဆို ပန်းမခူးတော့ဘူးလား"

ယုမေ ဆတ်ခနဲ ခေါင်းညိတ်သည်။

"ဘာဖြစ်လို့တုံး ယုမေရဲ့။ ပန်းခူးမယ်ဆိုပြီးတော့လေ"

ယုမေထံမှ ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

"ဟာ . . . ယုမေ၊ ဘာဖြစ်လို့ ငိုတာလဲ"

ယုမေသည် စကားပြန်၍မပြောဘဲ ကိုယ်လေးတုန်အောင်ပင် ရှိုက်၍နေလေ၏။

"ဟာ . . . ယုမေ၊ မငိုရဘူးလေ။ ဘာလို့ငိုရတာလဲ။ ငါက ဘာများ ယုမေကို ပြောဆိုမိလို့လဲ"

ဟု မောင်အေးချမ်းက ယုမေ၏ပခုံးလေးကို သိုင်းဖက်ထားပြီး ပါးချင်းကပ်ကာ မေးလိုက်သည်။

"ကိုကို့ရဲ့ အမူအရာကို ယုမေ ကြိုက်ဘူး"

"ငါက ဘယ်လိုအမူအရာမျိုး ဖြစ်နေလို့လဲ ယုမေရယ်၊ အဲလိုငို ရှိုက်နေမယ့်အစား ဖွင့်ဖွင့်လင်းလင်းပဲ ပြောပြစမ်းပါ"

"ကိုကိုက သဘောကျပြုံးပြုံးပြီး ယုမေကိုကြည့်နေတာ။ နင်လည်း ဒေါ်ခင်တင့်ဆီက ငါ့ကို အတင်း အချောင်နှိုက်ယူထားတာပဲ မဟုတ်လား ဆိုတာလေ"

"ဟား . . . ဟား . . . အား မဟုတ်တာ ယုမေရယ်၊ အဲလိုမျိုး တစ်ခုမှ မဟုတ်ဘူး။ ယုမေက ထင်တိုင်း ပြောနေတော့တာကိုး"

"ဟုတ်တယ် . . . ဟုတ်တယ် ကိုကိုရယ်တယ် . . အဟင့်ဟင့်"

"မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး ယုမေရဲ့။ ငါက ယုမေနဲ့ တွေ့ဆုံသိကျွမ်းပြီး ယုမေရဲ့ အကြောင်းတွေကို နားလည်ရပြီးကတည်းက ယုမေအပေါ် အရမ်းသနားပြီး ယုမေရဲ့ ဘဝ တစ်သက်လုံး နောက်အဲလိုမျိုး လုံးဝမဖြစ်စေရဘူး။ ယုမေရဲ့ဘဝ တစ်သက်လုံး ကောင်းစားသွားနိုင်တဲ့ အထိ ကိုယ်ဖိရင်ဖိ ပြုစုမျိုးစောင် ပေးသွားမယ်ဆိုပြီးတောင်မှ ယုမေ

www.burmeseclassic.com

ကိုကတိပေးထားတာပဲမဟုတ်လား”

ယုမေဘာမျှမပြော။ ငြိမ်လျက်နားထောင်၍သာ နေ၏။

“ငါက ယုမေထင်သလို မိန်းမမရှုပ်၊ မိန်းမမပွေရုံသာမက ရဟန်းဝတ်သွားဖို့အထိတောင်မှ ဆုံးဖြတ်ထားတဲ့ လူတစ်ယောက်ပါ။ သီလသမာဓိကိုလည်း အမြဲတမ်း စောင့်ထိန်းနေတဲ့လူပါ။ ယုမေ တလွဲမထင်စမ်းပါနဲ့”

“ဒါဆိုရင် ကိုကို ယုမေထင်သလို မဟုတ်ဘူးပေါ့နော်”

“မဟုတ်ပါဘူး။ တစ်ခုမှမဟုတ်ဘူး ယုမေရဲ့”

“ကိုကို ယုမေတလွဲပြီး ဘယ်သူ့ကိုမှ မချစ်ရဘူးနော်”

“မချစ်ပါဘူး ယုမေရယ်။ စိတ်ချပါ။ ကိုယ်က အဲဒီလို မျက်နှာများတတ်တဲ့လူမျိုးလည်း မဟုတ်ပါဘူး”

ယုမေသည် ရှိုက်သံနှင့်အတူ သက်ပြင်းရှည်တစ်ချက်ကို ချလိုက်၏။ မောင်အေးချမ်းက ယုမေကျေနပ်စေရန်အတွက် နဖူးပြင်နုနုလေးကို တစ်ချက်နမ်းလိုက်သည်။ ယုမေက မျက်လွှာချထားရင်းကပြောသည်။

“တကယ်တော့ ကိုကိုရယ်။ မိန်းကလေးတို့ရဲ့သဘောဟာ အခြားတစ်ပါးမိန်းကလေးများက ကိုယ့်ချစ်သူကို စိတ်ဝင်စားတယ်၊ ချစ်တယ်၊ မြတ်နိုးတယ်၊ ချီးမွမ်းတယ်ဆိုရင်တော့ ကြည်နူးတတ်၊ ဝမ်းသာတတ်၊ ကျေနပ်တတ်ကြတာချည်းပါပဲ။ ဒါပေမယ့် စိတ်မချကြဘူးလေ။ ဒီအဆင့်ကနေ တိုးလာပြီး ကိုယ့်အပေါ်မှာ ကိုယ့်ချစ်သူ သစ္စာမဲ့သွားရင်ဆိုတဲ့ အသိစိတ်က တစ်ဆက်တည်းဝင်လာ တော့တာပါပဲ။ ဒါဟာလည်း မိန်းကလေးတိုင်းရဲ့ သဘောမျိုးပါပဲ။ ယုမေဆို သာဆိုးတာပေါ့။ ယုမေက မိဘမဲ့သူ၊ ကံမွဲသူလေး မဟုတ်လား။ ကိုကိုကသာ ဥပေက္ခာပြုပြီး မျက်နှာလွှဲသွားခဲ့ရင် ယုမေ ခွေးဖြစ်မှာ။ မစင်ကိုစားတဲ့ ခွေးတွေက သခင်မဲ့စွာနဲ့ သူတို့ရဲ့ဘဝကို ရပ်တည်နေနိုင်ကြပေမယ့် ဒီအရွယ်လေး ယုမေဟာ ကိုကိုသာ ဥပေက္ခာပြုသွားခဲ့ရင် ပိုင်ရှင်မဲ့တဲ့ ခွေးတစ်ကောင်ထက် ပိုဆိုးမသွားနိုင်ဘူးလား။ ဘဝတစ်ခုလုံး အလဲလဲအပြိုပြိုနဲ့ ဦးတည်ရာမဲ့ ဖြစ်မသွားနိုင်ဘူးလား။ ဒါတွေကို ထည့်တွက်မိတိုင်း ယုမေ ကိုကို့ကို မေတ္တာပို့ပါတယ်။ ပို့သတဲ့မေတ္တာကတော့ ကိုကို ယုမေကို စွဲစွဲမြဲမြဲ ချစ်ပါစေ။ တစ်သက်ပတ်လုံး ဘယ်တော့မှ ခွဲမသွားပါစေနဲ့ ဆိုတာပါပဲ။ ဒီ့အပြင်လည်း ယုမေ မေတ္တာမပို့တတ်သေးပါဘူး။ ကိုကိုနဲ့ ယုမေတို့အကြားမှာ ဒီထက်ပိုတဲ့ မေတ္တာတွေလည်း လိုအပ်မယ်လို့ မထင်သေးပါဘူး။ လိုတာဟာ လိုနေသေးပြီး ပိုတာဟာလည်း ပိုသွားတာပါပဲ ကိုကိုရယ်။ ယုမေက ကိုကို့အပေါ်မှာ ချစ်တာ တစ်ခုပဲ သိပါတယ်။ ယုမေရဲ့ အသိကလေး ထာဝရမြဲပါစေလို့လည်း အမြဲဆုတောင်းပါတယ် ကိုကိုရယ်နော်”

မောင်အေးချမ်းသည် ရှည်လျားသော ယုမေ၏စကားကို နားထောင်ပြီးနောက် အသက်ကို မှျင်းမှျင်းလေး ရှူရှိုက်လိုက်ရင်း –

“စကားတတ်လိုက်တာ ယုမေကလေးရယ်။ ဒီအရွယ်လေးက ဒီလို စကားတတ်တဲ့သူများ ရှိပါတော့မလား။ ဒီစကားတွေအားလုံးဟာ ယုမေရဲ့ နှလုံးသားထဲက စိမ့်ထွက်လာတာ အမှန်ဆိုတာကိုလည်း ယုံကြည်ပါတယ်။ ဒါကြောင့် ငါ့ရဲ့အပေါ်မှာ ယုမေ ဘယ်အခါမှ သံသယမရှိပါနဲ့။ ငါက ယုမေရဲ့ဘဝ အစဉ်အမြဲ တိုးတက်အောင်မြင်ရေးတွေကိုပဲ ရှေးရှုနေတဲ့ လူတစ်ယောက်ပါကွယ်”

ယုမေကျေနပ်သွား၏။ ကျေနပ်ပြုံး ပြုံးပြီး မောင်အေးချမ်းကို ဖက်၏။ ထို့နောက် “လာ . . ပန်းခူးရအောင်”ဟုဆိုပြီး ကျောက်ဖျာကြီး၏ အောက်နှုတ်ခမ်းပါးတွင် အစီအရီရှိနေကြသော ပန်းပွင့်ကလေးများကို ခူးယူကြသည်။ ကျောက်ဖျာကြီးမှ ကျောက်စက်ရေများ စိမ့်ထွက်နေ၍ တောပန်းကလေးများ အစီအရီပေါက်၏။ ငွားငွားစွင့်စွင့်လည်း ပွင့်၏။

ပန်းကလေးများ တစ်ပွေ့တစ်ဖိုက်ရရှိပြီးနောက် တောင်ကမ်းပါးယံကို ကုတ်ကပ်ပြီး ပြန်တက်လာကြသည်။ အခြား ကောင်မလေးများက ကားလမ်းမပေါ်တွင် လျှောက်သူက လျှောက်၊ ဆော့ပြီး ကမ်းပါးထိပ်မှာ ရပ်ပြီး အဝေးမြင်ကွင်း၊ ရှုခင်းများကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်သူက ကြည့်နေကြသည်။

"သူငယ်ချင်းတို့ လာကြဟေ့။ ဒီမှာ တောပန်းလေးတွေ အများကြီး ရလာပြီ။ အိမ်ပြန်ရောက်တော့မှ ဝေယူပြီး ဘုရားလည်းကပ်လှူ၊ ကိုယ်လည်းပန်၊ အဆင်ပြေသလို လုပ်ကြတာပေါ့" ဟု ယုမေက သူ့အဖော်မိန်းကလေးများကို ပြောလိုက်သည်။

မောင်အေးချမ်း လက်ပတ်နာရီကိုကြည့်သည်။ ၁၁ နာရီခွဲနေပြီ။

"ကဲ . . ယုမေ ဒီမှာ ၁၁ နာရီခွဲနေပြီ။ နေ့လယ်စာအတွက် ဘယ်လိုလုပ်ရမလဲ"ဟု မောင်အေးချမ်းက မေးလိုက်သည်။ ယုမေလည်း သူ့လက်ပတ်နာရီကို ကြည့်သည်။

"ဟုတ်သားပဲ၊ ၁၁ နာရီတောင်ခွဲနေပြီ၊ ရပါတယ်။ ယုမေတို့မှာ စားစရာ ထမင်းဟင်း၊ မုန့်ပဲသရေစာအားလုံး ခြင်းနဲ့ထည့်ပြီး ယူလာကြတယ်လေ။ အဲဒါ စမ်းချောင်းတစ်နေရာကိုဆင်းပြီးမှ စားသောက်ကြတာပေါ့။ ကဲ . . . သူငယ်ချင်းတို့ရေ၊ ကားပေါ်က ခြင်းတောင်းတွေကို သွားယူပြီး စမ်းချောင်းထဲ ဆင်းရအောင်"ဟုဆိုကာ မောင်အေးချမ်းဘက် လှည့်ကြည့်ပြီး . . .

"ကဲ . . . တို့ပဲ ကားပေါ်တက်ပြီး ခြင်းတောင်းတွေကို သယ်ချပေးလိုက်ရအောင်"

ဟုပြော၍ မောင်အေးချမ်းပါ ကားပေါ်တက်လိုက်ရသည်။ ကားပေါ်ကိုရောက်လျှင် ယုမေက အနားကပ်လာပြီး တိုးတိုးလေးပြောသည်။

"ကိုကို . . . တို့နှစ်ယောက် အေးအေးဆေးဆေး စကားပြောနေလို့ရနိုင်မယ့် နေရာလေးတစ်ခုဆီ ခေါ်သွားပါနော်"ဟုဆို၍ မောင်အေးချမ်း ခေါင်းညိတ်လိုက်သည်။

ထို့နောက် ချောက်နက်ကြီးထဲသို့ဆင်းရန် ပြင်ဆင်နေကြချိန်တွင် ကားဆရာကြီး ဦးကျော်ဖေက . . .

"အေးချမ်းလေး ငါချောက်ထဲကို မလိုက်တော့ဘူးကွာ၊ လိုက်နိုင်မှာလည်း မဟုတ်ဘူး။ ဒါကြောင့် ငါ့အတွက် စားစရာလေး နည်းနည်းလောက် ခွဲပေးထားခဲ့ကြပါကွာ"ဟု ဆို၏။ ထို့ကြောင့် မောင်အေးချမ်းက ယုမေအား . . .

"ဟုတ်သားပဲ ယုမေ၊ ဒီအဘိုးကြီး တို့နဲ့အတူလိုက်နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် သူ့အတွက် စားစရာလေးတွေကို ခွဲပေးထားခဲ့ပါလား"ဟု ပြောလိုက်၏။

ယုမေက ဦးကျော်ဖေအတွက် စားသောက်စရာများကို ခွဲပေးနေရင်း မောင်အေးချမ်းအား တိုးတိုးပြောပြန်၏။

"အဲဒါ ပိုကောင်းတယ် ကိုကို။ ဒါမှ ကိုကိုနဲ့ယုမေ လွတ်လွတ်လပ်လပ် နေလို့ရမှာ။ လူငယ်တွေက အဲလောက်မဟုတ်ပေမယ့် လူကြီးတွေက ဘယ်လောက်ပဲအိုအို သမီးရည်းစားကိစ္စ၊ လင်မယားကိစ္စတွေကို ပိုပြီးသိတတ်ကြတယ်လို့ ကြားဖူးတယ်"ဟု ပြောကာရယ်၏။

တောဖက်ဝိုင်းကြီးများဖြင့် စားသောက်စရာများကို ထုပ်၍ ဦးကျော်ဖေအား ခွဲပေးထားခဲ့ကြပြီးနောက် ချောက်ထဲသို့ ဆင်းကြ၏။ ယခုဆင်းသွားနေကြသော ချောက်ကမ်းပါးသည် ယခင်တစ်ခေါက်က မောင်အေးချမ်းနှင့်ယုမေတို့ ဆင်းသွားခဲ့ကြဖူးသော မင်းဘူး-အမ်းလမ်းမကြီး၏ တောင်ဘက်က ချောက်ကမ်းပါးမဟုတ်ပေ။

မြောက်ဘက်တွင်ရှိသော သရွှက်ချောင်းမကြီး၏ လက်တက်ဖြစ်သော ချောက်နက်တစ်ခုဆီသို့သာ ဖြစ်သည်။ တောင်ဘက်ချောက်သည်ကား သရွှေချောင်းကြီး၏ လက်တက်ချောင်းသာ ဖြစ်သည်။ မင်းဘူး-အမ်းလမ်းကြီးကို ရခိုင်ရိုးမထိပ် အရှေ့နှင့်အနောက် တောင်ကြောလမ်းအတိုင်းသာ ဖောက်လုပ်ထား၍ တောင်နှင့်မြောက် နှစ်ဖက်လုံးမှာပင် ချောက်နက်ကြီးများ ရှိနေသည်။

မူလ ချောင်းမကြီးကို ရောက်အောင်ဆင်းလျှင် အဆင်းသက်သက်ပင် တစ်ရက်နီးပါးကြာသည်။ ပြန်အတက်တွင် ပင်ပန်း၍ ထိုထက်ပို၍ကြာတတ်သည်။ ထို့ကြောင့် ယခု မောင်အေးချမ်းတို့ သွားကြသည်မှာ ချောင်းမကြီးသို့ရောက်အောင် သွားနိုင်မည် မဟုတ်ပေ။ အဆင်ပြေမည့် ချောင်းလက်တက်တစ်ခုကိုသာ သွားနိုင်ကြမည် ဖြစ်သည်။

မောင်အေးချမ်း အလုပ်သမားများနှင့်အတူ ဟင်းဝတ်၍ ချောင်းထဲသို့ ငါးဖမ်းရန် ဆင်းကြလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ချောင်းလက်တက်ကလေးများတွင် ဖမ်းသောအခါ ဖမ်းကြပြီး ချောင်းမကြီးကိုရောက်အောင် သွားဖမ်းကြသောအခါလည်း ရှိသည်။ ချောင်းမကြီးကို ရောက်အောင်သွားကြသောအခါမျိုးတွင် အသွားအပြန် လေးရက်ကြာတတ်သည်။

အသွားနေ့တွင် အဆင်းဖြစ်၍ မြန်သော်လည်း ချောင်းမကြီးကို ရောက်သည်နှင့် အိပ်စက်အနားယူရန် အဆင်ပြေမည့် သစ်ပင်ကြီးတွင် လင့်အိမ်ထိုးလုပ်ခြင်း၊ ငါးများကိုဖမ်းပြီး ကျပ်ကင်ရန် စင်ဆောက်လုပ်ခြင်း၊ ထင်းခွေခြင်း အလုပ်များကို လုပ်ကိုင်ရင်းနှင့်ပင် အဆင်းရက်ကုန်သွားလေသည်။

ထို့နောက် ငါးဖမ်းခြင်း၊ ကျပ်တင်ခြင်းကို နှစ်ရက်ပြုလုပ်ပြီး အပြန်တွင် ငါးခြောက်နှင့်ဖြစ်၍ နားလိုက်တက်လိုက်နှင့် ချောင်းမကြီးမှာ တစ်ရက်တိတိတက်မှ ရိုးမထိပ်လမ်းမပေါ်သို့ ရောက်သည်။ ပင်ပန်းသည်မှာလည်း ဖတ်ဖတ်မောသည်။ ယခု မောင်အေးချမ်းတို့ သွားနေကြသည်မှာတား စခန်းအောက် နှစ်မိုင်-သုံးမိုင်မျှ တစ်နေရာသို့သာ ဖြစ်သည်။

လမ်းမှဖဲ့၍ဆင်းစတွင် အနည်းငယ်မျှ တောချုံများ ရှုပ်ထွေးသော်လည်း ထိုဘက်သို့ ရောက်သောအခါ လူသူအရောက်အပေါက်နည်းသော တောထဲဖြစ်၍ သစ်တောကြီး သစ်ပင်ကြီးများသာ တစ်မျှော်တစ်ခေါ်ရှိသောကြောင့် အောက်ရှင်း၏။ သာသာယာယာလည်းရှိ၏။ သွား၍လာ၍လည်း ကောင်း၏။ ထို့ကြောင့် ယုမေတို့အုပ်စုသည် ပျော်ပျော်ရွှင်ရွှင်ဖြင့် ခုန်ပေါက်သွားကြလေသည်။

နှစ်မိုင်ကျော် သုံးမိုင်မျှ ခရီးပေါက်ပြီဟုထင်ရသောအခါ ချောက်ကမ်းပါးဘက်သို့ ဖဲ့၍ဆင်းကြသည်။ နာရီဝက်ခန့်ဆင်းလျှင်ပင် ချောင်းလက်တက်တစ်ခုကို ရောက်သွားကြသည်။ လက်တက်ချောင်းကြီးသည်ပင် အလံအစိတ်-နှစ်ဆယ်ခန့် ကျယ်ပြန့်နေ၏။ ချောင်းရိုးနှင့် သဲပေါင်တန်းကြီးသည်လည်း သာသာယာယာ ရှိသည်။

ချောင်းထဲသို့ ရောက်သွားသည်နှင့် ယုမေသည် သမင်မလေးတစ်ကောင်ကဲ့သို့ မြူးပျော်၍နေ၏။ ကျောက်ဆောင်ကြီးများပေါ် ကိုလည်း ပြေးတက်၏။ သူ့သူငယ်ချင်းများနှင့် ချောင်းသဲခုံတွင်လည်း လျှောက်၍ ပြေးကြ၏။ ရေထဲသို့ဆင်းပြီးလည်း ခြေလက်များကို ဆေးကြော၏။ ကျောက်ခဲများဖြင့်လည်း အိုင်ထဲသို့ လှမ်း၍ပေါက်၏။

ထို့နောက် ယုမေ သူ့လက်ပတ်နာရီလေးကို ငုံ့ကြည့်လိုက်ပြီး "ယုမေတို့ ပြေးလွှားခုန်ပေါက်ပြီး ဆင်းလာကြလို့နဲ့ တူတယ်။ လမ်းမှာ နာရီဝက်ကျော်ကျော်လေးပဲ ကြာခဲ့တယ်၊ ကဲ . . ထမင်းစားရအောင်" ဟု မောင်အေးချမ်းအား ပြောသည်။

"နေဦး။ ငါလည်း ယုမေနဲ့ ကလူကျီစယ်နေလို့ ဥပုသ်လည်း ပျက်သလောက် ရှိသွားပါပြီ၊ ဒီတော့ မထူးဘူး။ ၁၂ နာရီ ထိုးချင်လည်း ထိုးပါစေ၊ ငါ ဟင်းရည်သောက်တစ်အိုး လုပ်လိုက်မယ်"ဟုပြောပြီး မောင်အေးချမ်းက ကျောက်ကမ်းပါးယံကိုတက်ပြီး ကျောက်ချဉ်ပင်လေးများကို ခူး၏။

ယုမေက မောင်အေးချမ်းအား စိုက်ကြည့်နေ၏။ ယုမေနဲ့ ကလူကျီစယ်နေ၍ ဥပုသ်ပျက်သည်ဟု ပြောလိုက်သည်ကိုသိပ်ပြီးကြိုက်ပုံမရပေ။

ကျောက်ချဉ် တစ်ခါးပိုက်ရပြီးနောက် ခြေသလုံးခန့်ရှိသော ဝါးနက်တစ်လုံးကို ခုတ်ယူပြီး အဆစ်ခံ၍ ပိုင်းလိုက်သည်။ ထို့နောက် မျက်နှာပြင်တစ်ဖက်ကိုဖွင့်ပြီး ရေနှင့် ကျောက်ချဉ်ကို ထည့်၏။ ယုမေတို့၏ ထမင်းချိုင့်ထဲမှ ငါးပိအစား ငါးအသား အတော်များများကိုလည်း ထည့်၏။ ထို့နောက် ကျောက်တုံးကလေးများပေါ် ခု၍တင်ပြီး မီးထိုးကာ ချက်သည်။

ရေဆူ၍ ကျောက်ချဉ်ပျော်သည်နှင့် ကျက်သွား၏။ ငါးပိဆားမပါ၍ ဟင်းပေါ့မည်စိုးသောကြောင့် ရေကိုလည်း နည်းနည်းသာထည့်သည်။ ကျောက်ချဉ်ဟူသည်မှာလည်း ရေဆူသည်နှင့် ပျော်သည်။ အမွှေးအကြိုင်နံ့လေးများလည်း တထောင်းထောင်း ထွက်လာသည်။ ထို့ကြောင့် ဆာနေကြသော ဗိုက်များကို ဆွပေးလိုက်သလိုပင် ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ယုမေတို့၏ ထမင်းချိုင့်များကို ဖွင့်ကြည့်ရာ ငရုတ်သီးကြော်၊ ငရုတ်သီးထောင်း အစုံပါသည်ကိုတွေ့ရ၍ မောင်အေးချမ်း ကပျာကယာ ဆင်းသွားပြီး ရေစပ်ကမ်းပါးယံတွင်ပေါက်နေသော ဒန်ဒလောက်နုများကို သွားခူးသည်။ ဒန်ဒလောက်နုက အစိမ်းတို့၊ ပြုတ်တို့၊ ချဉ်ဟင်းချက်၊ ကြိုက်သလိုလုပ်စား၍ရသည်။ လတ်ဆတ်ပြီး အရသာရှိသော တောဟင်းကောင်း ဖြစ်သည်။

ထမင်းဝိုင်း ခင်းကျင်းကြသည်က တောင်ကျချောင်းကြီး၏ တောင်ဘက်ကမ်း၊ ရွာမရေအိုင်ကြီး၏ ဝဲထောင့်၊ ပညောင်ပင်ကြီး အုပ်မိုးထားသော ကျောက်တောင်ကြီး၏ ထိပ်ပြင်တွင် ဖြစ်သည်။ ကျောက်တုံးကျောက်ဆောင်ကြီး၏ ထိပ်ပြင်သည် အိမ်ခန်းတစ်ခန်းစာခန့် ကျယ်ပြန့်ညီညာနေ၍ အတော်လေးပင် အဆင်ပြေသည်။ လူတစ်ဆယ်ကျော် ဝိုင်းထိုင်ပြီး ထမင်းစား၍ ကောင်းကောင်းရသည်။

ဟင်းရေသောက်ထည့်ရန် ခွက်မပါ၍ ဝါးလုံးကိုပင် အဆစ်ခံပြီး တစ်ဖက်မျက်နှာဖွင့်ကာ ထည့်ရသည်။ လိမ့်မသွားစေရန် ကျောက်တုံးများဖြင့် ခုထားသဖြင့် အဆင်ပြေသွားသည်။ ထို့နောက် ဝိုင်းထိုင်ပြီး ထမင်းစားကြသည်။ ဗိုက်လည်းဆာ၊ ဟင်းရည်သောက်ကလည်း ကောင်း၍ မြိန်ရှက်လွန်းသည်။

ယုမေတို့ ချက်ယူလာကြသော ငါးဟင်း၊ အမဲသားက ဆီပြန်၊ မောင်အေးချမ်း ဖန်တီးလိုက်သော ဟင်းရည်သောက်က ချဉ်ဟင်း၊ အတို့အမြှုပ် လိုက်ဖက်လွန်းသည်။ ဆာနေကြသော ဗိုက်ပိုင်ရှင်တို့၏ လက်များကို ပို၍သွက်စေပြီး ဗိုက်ကိုလည်း မြန်မြန်ပြည့်စေသည်။ ထမင်းစားသောက်ပြီးနောက် နို့ဆီ၊ တာဖီ၊ မုန့်ဘူးများ ဖွင့်ဖောက် သောက်စားနေကြချိန်မှာပင် . . .

"ဝူး . . ဝေါ . . ဝူး . . . ဝေါ"

"သော . . . သော . . သော"

"ဖြော . . . ဖြော . . . ဖြော"

ချောင်းဝဘက်က အသံကြီးတစ်ခု ကြားလိုက်ကြရသည်။ ထို့ကြောင့် ဝါးခွက်ဖြင့် ကော်ဖီသောက်နေကြရင်း မျက်လုံးပြူးသွားကြသည်။ တစ်ဆက်တည်းပင် ချောင်းကမ်းနဖူးများတွင် ပေါက်နေသော ချုံဖုတ်များ၊ ချောင်းရေစပ်တွင် ပေါက်နေသော ဂျင်းရဲပင်များ သိမ့်သိမ့်လှုပ်၍ လာနေသည်ကိုလည်း တွေ့လိုက်ရသည်။

မောင်အေးချမ်းလည်း ကြိုတင်၍ အဆင်သင့်ဖြစ်နေစေရန်အတွက် သောက်လက်စ ကော်ဖီဝါးခွက်ကို ယုမေအား လှမ်းပေးကာ နှစ်လုံးပြူး သေနတ်ကို မောင်းထိုးပြီး အခြေအနေ အရပ်ရပ်ကို စောင့်ကြည့်နေလိုက်သည်။ ယုမေတို့လူစုလည်း မျက်လုံးမျက်ဆန်များ ပြူးကျယ်နေကြသည်။

"သိပ်ပြီးလည်း မကြောက်ကြနဲ့ဟ။ ဘယ်လိုသားရဲ သားကောင်မျိုးပဲ ဖြစ်ဖြစ် ဒီရေအိုင်ကြီးကိုဖြတ်ပြီး တို့ဆီကို တန်းမလာနိုင်ပါဘူး။ လာရင်လည်း ငါ့နှစ်လုံးပြူးစာမိမှာ သေချာတယ်။ ဒါကြောင့် မကြောက်ကြနဲ့"

မောင်အေးချမ်း စကားအဆုံးမှာပင် ဟိုင်းဆင်အိုကြီးတစ်ကောင်သည် ချောင်းရေစပ်၊ ဂျင်းရဲပင်များအကြားမှ ပြေးထွက်ပေါ်လာလေသည်။ ဟိုင်းဆင်အိုကြီးသည် စိတ်မချသည့် ဟန်ဖြင့်လည်း နောက်ဘက်ကို ခဏခဏ လှည့်ကြည့်ရင်းက ပြေးလာနေသည်ကိုတွေ့ရသည်။

ဟိုင်းဆင်အိုကြီးသည် မောင်အေးချမ်းတို့လူစုနှင့် မျက်စောင်းထိုး နေရာသို့ရောက်လျှင် တုံ့ရပ်သွားလေသည်။ မောင်အေးချမ်းတို့ လူစုကိုလည်း နားရွက်ကြီးကားပြီး စိုက်ကြည့်နေလေသည်၊ အမြီးကိုလည်း ထောင်ထားသည်။ ဤသည်မှာ ဆင်တို့ ရန်သူကို ရန်မူလိုသော အမူအရာမျိုးဖြစ်သည်။ နှာမောင်းကို ပါးစပ်ထဲထည့်လျှင် အပြေးထိုက်ပြီဟု သိနိုင်သည်။

"ဟိုက်ကောင် . . ကိုယ့်လမ်းကိုယ်သွားနော်။ ငါ့လက်မှာ သေနတ်ရှိတယ် တွေ့လား။ ရှေ့တိုးလာရင်တော့ နားရွက်ကို ဖောက်ပစ်လိုက်မှာ။ ဒီလောက်နဲ့ မနာသေးဘဲ ထပ်တိုးလာရင်တော့ ရေမျိုကို တေ့ပစ်လိုက်ရင် တစ်ချက်တည်း ထိုင်ပြီလို့သာ မှတ်ပေရော့"

ဟု မောင်အေးချမ်းက နှစ်လုံးပြူး သေနတ်ကြီးနှင့် တေ့ချိန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အော်ပြောလိုက်၏။

ဟိုင်းဆင်ကြီးသည် မောင်အေးချမ်း၏ ပြောစကားကို နားလည်သည့်အလား "ကျီ"ဟု ကျယ်လောင်စွာဖြင့် တစ်ချက်အော်ကာ ချောင်းဖျားဘက်သို့ အမြီးကိုထောင်၍ ပြေးလေသည်။

"ကိုအေးချမ်းကြီးက လက်ထဲမှာ သေနတ်ရှိလျက်သားနဲ့ ဆင်ကြီးကို ဘာလို့ မပစ်တာလဲ"

ဟု ကားပေါ်တွင် မောင်အေးချမ်းအားဖက်ထားသော မိန်းကလေးကမေးသည်။ ထို့နောက် မောင်အေးချမ်း၏လက်မောင်းကို ဆုပ်၍ညှစ်သည်။ မောင်အေးချမ်း ယုမေကိုကြည့်သည်။ ယုမေ၏မျက်နှာ အနည်းငယ် တင်းနေသည်။

"ဘာလို့ ပစ်မှာလဲကွာ။ သူလည်း သူ့လမ်းသူသွားတာ၊ တို့ကလည်း ကိုယ့်ဘာသာနေကြတာ။ တခြားစီပဲ"

"ဆင်ကြီးက မ,တို့ဘက်ကိုပြေးမလာလို့ တော်သေးတာပေါ့။ ပြေးလာပြီး နင်းသတ်ရင် မ,တို့သေမှာ"

"တို့ဘက်ကို ရန်မူပြီး လိုက်လာရင်တော့ ပစ်မှာပေါ့။ ကိုက ဒီရခိုင်ရိုးမကြီးထဲမှာ ဆင်တွေ၊ ကျားတွေနဲ့ မကြာခဏဆိုသလိုပဲ တွေ့နေကြုံနေကျပါ။ ဒါကြောင့် သိပ်ပြီးလည်းတော့ မကြောက်တော့ပါဘူး။ ဆင်တွေ၊ ကျားတွေရဲ့ အကြောင်းကိုလည်း သိသင့်သလောက်တော့ သိနေပါတယ်"

"ခုတင်က ဆင်ကြီး မ,တို့ကို မြင်တော့ ပြေးလာနေရင်းက ရပ်သွားတယ်နော်"

"အဲဒါ ဆင်ကြီးက တို့ကို ပြုန်းခနဲမြင်လိုက်ရတော့ ကြောက်လန့်သွားတဲ့သဘောပေါ့။ ဒါကြောင့်လည်း နားရွက်ကြီးကားပြီး အမြီးကိုထောင်ကြည့်နေတာ။ အဲဒါကိုသိလို့လည်း တို့က သေနတ်နဲ့ ထိုးချိန်ထားတာပါ။ ကိုယ့်ကိုသာ ရန်မူပြီး လိုက်လာရင်တော့ ပစ်သတ်မယ်လေ"

"မ,တို့အထင်က ဆင်ကြီးဟာ မ,တို့အနံ့ကိုရလို့ မ,တို့ကို နင်းသတ်ဖို့ လိုက်လာတယ်ထင်တာ"

"အဲလိုတော့ ဟုတ်ဟန်မတူပါဘူး။ သူတစ်ခုခုကို ကြောက်လန့်ပြီး ပြေးလာတဲ့သဘောပဲ ဖြစ်မယ်ထင်တယ်။ သက်သက်တို့ကို ရန်မူတိုက်ခိုက်ဖို့ လာတဲ့ပုံစံမျိုးတော့ မဟုတ်ပါဘူး"

ထိုကောင်မလေးသည် မောင်အေးချမ်းလက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်ထားရင်းက သက်မတစ်ချက်ကို ချလိုက်ပြီး -

"မ,တို့ချည်းသာ ဆိုရင်တော့ အခက်ပဲ။ အခုတော့ သတ္တိရှိတဲ့ ကိုအေးချမ်းကြီးတစ်ယောက် ပါနေလို့ တော်သေးတာပေါ့"

"ဒီလောက် လူတွေများရင်တော့ ဘယ်သားရဲတိရစ္ဆာန်မျိုးမဆို အရမ်းကာရောကြီး မတိုက်ခိုက်ရဲပါဘူး။ အမှတ်မထင် ဘွားခနဲတွေ့ရင်တော့ ကြောက်လန့်ပြီး လမ်းလုတဲ့အနေနဲ့ မတိုက်ခိုက်ဘူးလို့ မပြောနိုင်ဘူး။ ပြီးတော့ ကျားတို့လို လူ့သားစား ကျားရဲတိရစ္ဆာန်မျိုးက လူတွေအမှတ်တမဲ့ရှိနေတဲ့အခါ၊ အိပ်ပျော်နေတဲ့အခါမျိုးမှာ ချောင်းပြီး တိုက်ခိုက်တတ်တယ်။ ဒါမျိုးတော့ ရှိတတ်ပါတယ်။ အဲလိုသာ မဟုတ်ရင်တော့ အခုလို လူများနေတဲ့ဟာ ဘယ်တိုက်ခိုက်ရဲပါ့မလဲ"

ယုမေသည် ခပ်တင်းတင်းအမူအရာဖြင့် အဝေးကိုငေးကြည့်နေရင်းက ဆတ်ခနဲလှည့်လာပြီး ထိုကောင်မလေး မောင်အေးချမ်း၏လက်မောင်းဖက်ထားသည်ကို ကြည့်သည်။ ထို့နောက် မောင်အေးချမ်း၏မျက်နှာကိုကြည့်ပြီး သက်ပြင်းချ၏။ မျက်နှာလေးလည်း နီရဲလာသည်။ ထို့နောက် သက်ပြင်းတစ်ချက်ကို ထပ်ချလိုက်ပြီး ပြောသည်။

"ကဲ . . ဦးလေး။ ယုမေ သပြေသီးနဲ့ဒန့်ဒကောက် နည်းနည်းလောက် လိုချင်တယ်။ အဲဒါရှာပေးဦး"

"ဒီလိုဆိုရင် ဟိုဘက်ကမ်း ကူးရမှာ။ ဒီဘက်မှာက နုန်းကမ်းပါးကြီးဖြစ်နေလို့ ချုံထပြီး ဒန့်ဒကောက် မရှိဘူး။ ဒန့်ဒကောက်ဆိုတာက သဲကမ်းပါး၊ မြေကမ်းပါးတွေမှာပဲ ပေါက်တယ်။ နေဦး။ ငါ ဝါးဖောင်လေးတစ်ဖောင် ခုတ်လုပ်လိုက်ဦးမယ်"

*(ဆက်လက်ဖော်ပြပါမည်။)*

■ မင်းဟိန်းသိင်

www.burmeseclassic.com


မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊
ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ • ဆ • ပ • လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည်
ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို
ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၇၀၈၁၂)

# ခေတ်အဆက် သမိုင်းဝင်
# မြန်မာ့မှတ်တမ်းပုံရိပ်များ

## ဦးသန့်(လာဘ်မိုးစွေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်း ဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း၊ ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီး ဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

(တန်ဖိုး - ၁၀၀၀၀ ကျပ်)

**ထွက်ပြီ**

ဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၅၀၉၂၄၇၇။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ

ကျော်ကျော် စာပေ(မော်လမြိုင်)၊ သင်္ဂြိုဟ် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရင် ရေဲ့ဘာထိလိုက်မယ်

✿ မောင်ရွှေစင်

ယခင်လမှအဆက်

လွှန်းလွှန်းသည် ကောင်း အား မျက်လုံးကလေးစွေပြီး ကြည့်လိုက်သည်။ ပြီးတော့မှ နှုတ်ခမ်းကို ခပ်စူစူ လေးလုပ်လိုက်သည်။

"လွှန်းလွှန်းက ကိုယ့်အစ်ကိုတစ်ယောက်လို ခင်လို့မေးတာကို စိတ်မရှည်ဘူး"

လွှန်းလွှန်း နှုတ်ခမ်းလေး နစ်လှာသည် နှင်းဆီဖူးကလေးကို အတင်းဆွဲပြီး ဟ,ထားသလို ခပ်ဖွဖွခပ်ရွရွကလေး ဖြစ်နေသည်။ လွှန်းလွှန်းသည် ကောင်းထံမှ ပြောလာမည့် စကားကို ငံ့လင့်သလို ကြည့်နေပြန်သည်။ နောက်ထပ်သူမအသံလေး ပေါ်ထွက်လာပြန်သည်။

"အစ်ကို့နာမည်ကရော ဘယ်လိုခေါ်သလဲ"

ကောင်းသည် ဘီယာကို တင့်ငံ့သောက်ရင်းမှ ပြန်ဖြေလိုက်သည်။

"ကောင်း"

"ဘာရယ် အစ်ကို၊ ကောင်း . . ဟုတ်လား"

ကောင်းက လွှန်းလွှန်းအမေးကို ခေါင်းညိတ်ပြလိုက်သည်။

သည်တော့ လွှန်းလွှန်း ဆိုသည့် ကလေးမသည် အသံကလေးများ ထွက်အောင် ရယ်လိုက်ပြန်တော့သည်။ ကောင်း လွှန်းလွှန်းကို ကြည့်လျက် ဘီယာကို ကုန်အောင် သောက်လိုက်သည်။

"နာမည်က ရိုးရာ ကောင်းနေလို့လား"

"ဟာ . . . အစ်ကို့နာမည်က . . .လဲ ကောင်း . . .တဲ့ တခြားနာမည်ရှိရင် ပြောအုံး"

"ကောင်း . . .ပဲ ကောင်းလို့ ပြောတာဘဲ၊ တခြား နာမည်မရှိဘူး"

ထိုအခါကျမှ လွှန်းလွှန်းဆိုသည့် ကလေးမသည် အဖျှိုကြီးတစ်ယောက်၏ ဣန္ဒြေမျိုးဖြင့် ပြန်၍ နေလိုက်သည်။ ကောင်းကိုလည်း စူးစိုက်ကြည့်လိုက်သည်။

"အစ်ကို ကို လွှန်းလွှန်း တွေ့တွေ့ချင်း လွှန်းလွှန်းရဲ့ ပျောက်ဆုံးနေတဲ့ အစ်ကိုတစ်ယောက်ကို ပြန်တွေ့ရသလို ခံစားရတယ် အစ်ကို၊ ဒါကြောင့် လွှန်းလွှန်း ဆက်ဆံတာတွေဟာ ပေါ့ပေါ့နေတဲ့ မိန်းကလေးတစ်ယောက်လို အစ်ကို မြင်ချင် မြင်နေလိမ့်မယ်၊ လွှန်းလွှန်း မိန်းမပေါ့လေးတစ်ဦး မဟုတ်ပါဘူး အစ်ကို"

ကောင်းက တည်လွှန်း၊ ငြိမ်လွှန်း၊ ခက်ထန်လွှန်းသောကြောင့်လား မသိ။



www.burmeseclassic.com

www.burmeseclassic.com

လွှန်းလွှန်းသည် ကောင်းအပေါ်၌ မျှောပါ ဖော်ရွေစွာ ဆက်ဆံမိခြင်းကိုလည်း ကောင်း၊ မိမိခြေအနေကိုလည်းကောင်း တင်ပြလာသည်။ ထိုစကားသံများ၌ ဝမ်းနည်းမှုများ နွယ်ယှက်ပါလာသည်ကို ကောင်း သိလိုက်သည်။

ကောင်းဘီယာပုလင်းထဲမှ ဘီယာများကို နောက်တစ်ကြိမ် ထပ်ထည့်ကာ အပြတ်ရှင်းလိုက်သည်။ ဘီယာများကို အကုန်ကုန်အောင် သောက်ပြီးသွားတော့မှ ကောင်း လွှန်းလွှန်းကို လှမ်းကြည့်လိုက်သည်။

ထိုအချိန် ရထားပြင်ဆင်မှုလည်း ပြီးသွားဟန် တူသည်။ ဥဩဆွဲလေပြီ။ ကောင်းရော လွှန်းလွှန်းပါ ထိုင်နေရာမှ ခပ်သုတ်သုတ်ထ,လိုက်ကြကာ ရထားဆီသို့ သွက်သွက်လျှောက်လာခဲ့ကြသည်။ ရထားအနီးသို့ ရောက်သောအခါ ရထားဘီးမှာ လိမ့်စပြုနေပြီဖြစ်၏။ လွှန်းလွှန်းသည် ရထားတွဲ လက်ကိုင်ကို ဆွဲပြီး ကပျာကယာ တက်လိုက်၏။ နောက်မှ ကောင်းက လိုက်တက်သည်။ တွဲအပေါ်သို့ အရောက်တွင် ရထားသည် တဖက်သို့ ခပ်ယိမ်းယိမ်း၊ ခပ်တိမ်းတိမ်း ဖြစ်သွားသဖြင့် လွှန်းလွှန်းမှာ ဟန်ချက်မမိဘဲ ကောင်း၏ ရင်ခွင်တွင်းသို့ ရောက်သွား၏။ ကောင်းသည် လွှန်းလွှန်းအား လှမ်း၍ဖက်ရင်း ထိန်းထားလိုက်မိသည်။ လွှန်းလွှန်း၏ ကိုယ်လုံး ထွေးထွေးကလေးမှာ ကောင်း၏ ရင်ခွင်တွင်း၌ နွေးထွေးနေလေသည်။ ကောင်း၏ အတွေးအာရုံတို့ လှုပ်ရှားလာ၏။ လွှန်းလွှန်း၏ မျက်လုံးအစုံတို့ ရှူးရှ ပြောင်လက်လာ၏။

ကောင်း သည် သူမ၏ အစ်ကို တစ်ယောက်အဖြစ် ဘယ်နည်းနှင့်မှ မဟုတ်နိုင်တော့ကြောင်းကို လွှန်းလွှန်း အဖြေထုတ်၍ ရလိုက်ပေပြီ။

ထို့တူ ကောင်း သည် သာလိကာ မလေးဟု စောစောက မြင်ခဲ့သလောက် လွှန်းလွှန်းသည် သူ့အတွက် ချစ်စရာ မိန်းကလေးတစ်ဦးဟု မှတ်ချက်ချလိုက်မိပေပြီ။

သူတို့ နေရာဆီသို့ သူတို့နှစ်ဦးသား ပြန်လျှောက်လာကြသည်။

စောစောက သာလိကာမလေးလို နှုတ်သွက် အာသွက် လွှန်းလွှန်းတစ်ယောက် ယခုအခါတွင်မတော့ ရှေ့နှုတ်ဆိတ် တိတ်တိတ်ကလေး ငြိမ်သက်စွာထိုင်နေမိလေသည်။

ကောင်း ကိုယ်တိုင်လည်းစီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် မီးညှိပြီး ဖွာနေမိသည်။

မီးရထားမှာ သူတို့နှစ်ဦးကို အတွေးမျှင်ရှည်လျားစေရန် ငြိမ့်ငြိမ့်ကလေး ခုတ်နေဆဲဖြစ်သည်။

တောင်ငူကို ကျော်လွန်လာပြီးသည့်နောက်တွင် အလယ်ရိုးမ တောင်တန်းကြီးသည် မှိုင်းမှိုင်းပျပျနှင့် မြူခိုးမြူမှုန်၊ တိမ်မိုလ္လာတို့နှင့် အုံ့ပုံနေသည်။ တောင်တန်းကြီးကို မပီမသ မပီမကြည် မြင်ရသကဲ့သို့ပင် ကောင်းနှင့် လွှန်းလွှန်းတို့၏ ရင်ထဲတွင်လည်းအတွေး တပိုင်းတစတို့နှင့် မှျော်မှန်းရခက်နေသော အနာဂါတ် အရေးကို စိတ်လေးစွာဖြင့် ရင်ဆိုင်နေရသည်။

"လွှန်းလွှန်း . . ."

ကောင်းက လွှန်းလွှန်းကို ညင်သာ တိုးတိုး အသံမျိုးလေးနှင့် ခေါ်ကြည့်သည်။

လွှန်းလွှန်းထံမှ ပြန်လည် ထူးလာသည့် အသံမျိုး မကြားရချေ။

"လွှန်းလွှန်းရယ် . . . အစ်ကို့ကို စိတ်ဆိုးနေသလား ဟင်"

"မဆိုးပါဘူး အစ်ကိုရယ် . . .၊ လွှန်းလွှန်း မနေတတ်လို့ပါ"

ကောင်း သည် ထိုအခါမှ လွှန်းလွှန်းကို ပြုံးပြလိုက်၏။

လွှန်းလွှန်း၏ အပြုံးတစသည်လည်း ကောင်း ၏ ရင်ကို ချမ်းမြေ့ကြည်နူးခြင်းတို့ ဖြစ်ပေါ်စေပါတော့သည်။

* * * * *

(၉)

မန္တလေးသို့ ရထား အချိန်မှန်ဆိုက်ရောက်ချိန်ထက် ၄၅ မိနစ်ခန့် နောက်ကျလျက် ရောက်ခဲ့သည်။

ကောင်း သည် ရထားဘူတာရုံအတွင်း၌ ရပ်တန့်သွားပြီဆိုသော အခါ



www.burmeseclassic.com

www.burmeseclassic.com

ရလိုက်သည်နှင့် လွှန်းလွှန်းကို နှုတ်ဆက်ရန် ရည်ရွယ်လိုက်သည်။

"အစ်ကို လွှန်းလွှန်း သွားတော့မယ်"

အားပျော့လှစွာသော မီးရထားတွဲအတွင်းရှိ မီးရောင်အောက်တွင် လွှန်းလွှန်း၏ မျက်လုံးအစုံတို့မှာလည်း ညှိုးလျနေရှာသည်။ သူက ဦးအောင်နှုတ်ဆက်နေရှာသော လွှန်းလွှန်းကို ကြည့်လျက် ကောင်း၏ နှုတ်တို့သည် အာစေးထည့်ထားသူတစ်ယောက်ပမာ လေးကန်နေ၏။ သူ၏ နှုတ်ခမ်းတို့အား လှုပ်ရှားကြည့်မိသည်။ အသံက ပီပီသသထွက်မလာ။ တိမ်ဝင်နေသေးတော့သည်။

"လွှန်းလွှန်း မေမြို့ရထားလက်မှတ်ဝယ်ထားမယ်။ မနက်ကျ ဆုံရအောင်နော် အစ်ကို. . ."

တကယ်ဆိုတော့ ကောင်း ခေါင်းညိတ်လိုက်ချင်ပါသည်။ ဒါပေသည့် သူ့ဘဝက မရေမရာ။ ဒါကြောင့် လွှန်းလွှန်းစကားကို ခေါင်းခါပြလိုက်၏။

"အစ်ကို မန္တလေးမှာ လုပ်စရာရှိတဲ့ အလုပ်ကလေးတွေ မနက်ပိုင်း လုပ်ရအုံးမယ်ကွယ်။ အစ်ကို ကားနဲ့ဘဲ တက်လာတော့မယ်။

ကောင်း စကားကြားတော့ လွှန်းလွှန်းမျက်နှာလေး ပို၍ ညှိုးသွားပြန်သည်။

လွှန်းလွှန်းသည် သူ၏နှုတ်ခမ်းကလေးကို တင်းတင်းစေ့လျက် ခေါင်းညိတ်ကာ ကောင်း၏စကားကို လက်ခံခြင်းပြုလိုက်သည်။

"နေကြာမြိုင်" ဆိုတာကို မေးပြီးလာခဲ့ပါအစ်ကို။ လွှန်းလွှန်း အစ်ကိုနဲ့ စကားပြောချင်ပါသေးတယ်"

လွှန်းလွှန်း အမူအရာက သိပ်ခံစားနေရသည့် အသွင်မျိုးပေါ်လွှင်နေသည်။ ပြီးတော့ တွေ့စက လွှန်းလွှန်းအသွင်မျိုးမဟုတ်။ ရင့်ကျက် တည်ငြိမ်သော မိန်းကလေးတစ်ယောက်၏ အသွင်အပြင်မျိုးကို ကောင်း တွေ့ရသည်။

"လွှန်းလွှန်း သွားမယ်အစ်ကို"

သည်တကြိမ်တွင်တော့ လွှန်းလွှန်းသည် ပြောပြောဆိုဆိုနှင့် ကောင်းအနီးမှ လှည့်ထွက်သွားလေတော့သည်။ ကောင်း ဘာဆို ဘာမှ ထပ်မပြောလိုက်ပါ။ လွှန်းလွှန်းကို သူစိတ်ဝင်စားမိသည်မှာ ဝန်ခံရမည်ဖြစ်သော်လည်း အသက်အရွယ်အားဖြင့် နုနယ်သော လွှန်းလွှန်းလို မိန်းကလေးအား သူ့ကြောင့် စိတ်မဆင်းရဲစေချင်ပါ။ သူ့ကြောင့် ရင်မနာစေချင်ပါ။ သူ့ကြောင့် ဘာဆိုဘာမှ မခံစားစေချင်ပါ။ ဒါသည် ကောင်း၏ ရင်ထဲ၌ ဦးနှောက်က ဆုံးဖြတ်ပေးလိုက်သော ဆုံးဖြတ်ချက်များပင်ဖြစ်ပါသည်။

မန္တလေး ဘူတာရုံအတွင်း၌ရထားဆိုက်ရောက်ချိန်ဖြစ်သောကြောင့် လူတို့သည် ရှုပ်ထွေးနေ၏။ ပြီးတော့ ဆိုက်ကား၊ မြင်းလှည်း၊ ဂျစ်ကား သမားတို့သည် ခရီးသည်များအား လိုက်လံပို့ဆောင်ပေးဖို့အတွက် တစ်ယောက်ပြီးတစ်ယောက် လာမေးနေပြန်သည်။

ကောင်း ခေါင်းကို ခါရမ်းပြရင်း ဘူတာ အပြင်ဖက်သို့ရောက်အောင် ထွက်လာခဲ့၏။ အပြင်ဖက်ရှိ လူအများကြီးထဲတွင် လွှန်းလွှန်းကို ရှာကြည့်မိသေးသည်။ မတွေ့။

မီးရထား ကုန်းကျော်တံတားဖက်သို့ လျှောက်လာခဲ့သည်။ ကုန်းကျော်တံတားအတိုင်း ခပ်သုတ်သုတ် ဖြတ်လျှောက်လာခဲ့၏။ ပြီးတော့ တရုတ်တန်းဈေးဘက်သို့ ထွက်လာသည်။

၈၂-လမ်း လမ်းမကြီးအတိုင်း ဆက်လျှောက်လာခဲ့၏။ အတော်ကလေးလျှောက်မိသောအခါ တရုတ်စားသောက်ဆိုင်တစ်ခုတွင် ဝင်ထိုင်လျက် ညစာစားရန် စိတ်ကူးမိသည်။ စိတ်ကူးပြီးသည်နှင့် ကောင်းသည် ဝင်ထိုင်ပြီးသားဖြစ်နေသည်။

အစိမ်းကြော်တစ်ပွဲ၊ ဟင်းချိုတစ်ပွဲ၊ ဝက်သားကင်တစ်ပွဲ မှာပြီး ထမင်းပါမှာလိုက်သည်။

မှာထားသမျှ အစားအစာများရောက်လာသောအခါ ကောင်း စားရန် ပြင်ဆင်လိုက်၏။ စားကြည့်သောအခါတွင်မှ ကောင်းအဖို့ စိတ်ပါ လက်ပါစားသောက်ချင်စိတ်တို့ လျော့နည်းနေကြောင်း မိမိကိုယ် မိမိ သန့်စစ်မိလာသည်။

သူ၏ ရင်တွင်း၌ မသိမသာ နိုအောင်း နေရာယူလိုက်ပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

လွန်းလွန်းကို သတိရစေသည့် ဝေဒနာသည် ကောင်းကို စတင်၍ စိန်ခေါ်လေပြီ။

ကောင်း သည်တစ်ပွဲတွင် အရှုံးနှင့် စ,ရလေပြီ။

ထမင်းနှင့်ဟင်းဘိုးများ ရှင်းပေးပြီး ထွက်လာခဲ့သည်။

မန္တလေးမြို့တွင် ပေါများလှစွာသော တည်းခိုခန်းများအနက် သူ့အနေနှင့် သူ့စိတ်ကူးတည့်ရာဝင်သွားသည့် တည်းခိုခန်းတစ်ခုတွင် တည်းခိုရန် စီစဉ်လိုက်သည်။

တည်းခိုခန်းများကို ပေးသည်။ သူ၏ မှတ်ပုံတင်ကိုပြသည်။ ခဏကြာတော့ သူ့လက်ထဲတွင် တည်းခိုခန်း သော့လေးတစ်ချောင်း ရလာ၏။

အခန်းနံပါတ်ကို ရှာဖွေပြီး သော့ဖွင့်ဝင်ခဲ့သည်။ အခန်းထဲတွင် မီးသီးတစ်လုံး ခြင်ထောင်နှင့် ပွမ်းကာပ် အပါးစားကို ခင်းထားပြီး အပေါ်မှအိပ်ရာခင်း ခင်းထား၏။ ခေါင်းအုံးတစ်လုံးကို တွေ့ရသည်။ အခန်းခြေရင်းဖက်တွင် မြေရေတကောင်းတစ်လုံးနှင့် ရေခွက်တစ်ခွက်ကို တွေ့ရ၏။ အခန်းကို ကြည့်ပြီးသောအခါ ကောင်းသည် စားပွဲပေါ်သို့ သူ၏ လက်ဆွဲသားရေအိတ်ကို တင်ထားလိုက်၏။

မိမိကိုယ်ကိုလည်း အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်သည်။

အိပ်ရာပေါ်တွင် ခြေပစ် လက်ပစ် လှဲချလိုက်သော်ငြားလည်း စိတ်ကတော့ လျော့ကျမသွား။ လွန်းလွန်း၏ ရုပ်ပုံလွှာသည်သာ သူ၏မျက်လုံးထဲတွင် တရစ်ဝဲဝဲ ပေါ်နေပြန်သည်။ ကောင်း စီးကရက်တစ်လိပ်ကို ထုတ်ကာ ဖွာလိုက်သည်။ သူ၏အတွေးများကို သူ့ထံမှ မီးခိုးငွေ့များနှင့်အတူ ထည့်လွှတ်နေမိသည်။ စီးကရက် တစ်လိပ်ပြီးတစ်လိပ် သောက်လိုက်သည်။

ညဉ့်တော်တော်နက်မှ မှေးကနဲ အိပ်ပျော်သွား၏။

မန္တလေးမြို့၏ နံနက်ခင်းသည် ရန်ကုန်မြို့ထက် အလင်းရောင်ပြန့်ကျယ်မှုက ပို၍ စောမည်ထင်သည်။ စောစောစီးစီးပင် ကောင်း အိပ်ရာကနိုးလာသည်။ အိပ်ရာမှ နိုးသောအခါတွင် ရေချိုးခန်းတစ်ခန်းထဲသို့ဝင်ကာ မျက်နှာသစ်၊ ရေမိုးချိုးရန်အတွက် စီစဉ်ရတော့၏။ကိုယ်လက်သန့်စင်ပြီးသွားသော အခါကောင်းသည် မိမိ၏အဝတ်အစား ဟောင်းများကို ပြန်ခေါက်ပြီး ထည့်လိုက်သည်။ အဝတ်စားတစ်စုံကို လဲလှယ်လိုက်သည်။

တည်းခိုခန်း အခန်းတံခါးကို သော့ပိတ်ကာ နံနက်စောစောပင် ထွက်လာခဲ့သည်။ မန္တလေး၏ နံနက်ခင်းသည် လှုပ်ရှားနေလေပြီ။ ကောင်းသည် ဈေးချိုတစ်ဝိုက်တွင် အရင်ဆုံး လေ့လာရန် ရည်ရွယ်ချက် ဈေးချိုဖက်သို့ ထွက်လာသည်။ ဈေးချိုဒေါင့် ရုံတော်ကြီးအနီး လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် ဝင်ထိုင်လိုက်၏။ ကော်ဖီခါးခါး တစ်ခွက်ကို မှာလိုက်သည်။ ပဲထပ်တရာကိုလည်း မှာလိုက်သည်။

သူမှာလိုက်သော အစားအစာများ လာပို့သည့် လူငယ်ကလေးမှာ စားပွဲပေါ်တွင် ရှိနေသော ရေနွေးခရားအိုးကို ကောက်ယူသွားသည်။ ရေနွေးထပ်ဖြည့်သည်။ လက်ဖက်ခြောက်ထည့်သည်။ ပြီးတော့ ကောင်း စားပွဲပေါ်တွင် လာတင်ပေးသွား၏။

"ဟော့...ညီလေး..."

သူက စားပွဲထိုး လူငယ်ကလေးကို လှမ်းခေါ်လိုက်သည်။

"ဘာလိုချင်လို့လဲ ခင်ဗျာ"

"ကို ထွန်းမင်းဆိုတာ သိလား"

ကောင်း ၏မေးခွန်းကို လူငယ်ကလေးသည် ခေါင်းကို ခါရမ်းပြရင်း ဖြေလိုက်သည်။ ကောင်း ဘာမှဆက်မမေးတော့။ ကော်ဖီနှင့် ပဲထပ်တစ်ရာကို စားသောက်ပြီးသောအခါ စီးကရက် တစ်လိပ်ကို ထုတ်ယူပြီး ဖွာနေမိပြန်သည်။ ကော်ဖီနှင့် မုန့်ဘိုးများကိုပေးပြီး ဆိုင်ထဲမှ ထွက်လာခဲ့၏။ ဤအတိုင်းဆိုလျှင် ရွှေတစ်ချောင်းဘက်တွင် စုံစမ်းရန်သာ ရှိတော့သည်။

ရွှေတချောင်းသို့ မြင်းလှည်းစီးပြီး သွားခဲ့၏။ ထိုတဝိုက်တွင်လည်း ကို ထွန်းမင်းကို သိသူ တစ်ယောက် နှစ်ယောက်တော့ရှိသည်။ သို့သော် မတွေ့ရတာကြာပြီဟု ဆိုသည်။ ကောင်း



www.burmeseclassic.com

www.burmeseclassic.com

တာဝန်ကျေပြီ။ ကောင်း သည် မေမြို့ ခရီးစဉ်အတွက်သာ စဉ်းစားရတော့သည်။ တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ သော့ကို ပြန်အပ်သည်။ သူ၏ ခရီးဆောင်အိတ်ကို ဆွဲယူကာ မေမြို့ကားဂိတ်ဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

မေမြို့သို့ သွားမည့် ခရီးသည်များကို တွေ့ရသည်။ ကောင်းလည်း လက်မှတ်တစ်စောင် ဝယ်ယူကာ မိမိလိုက်ပါရမည့် ကားအလှည့်ကို စီးကရက်သောက်လျက် ထိုင်စောင့်နေမိသည်။ ကောင်း၏ ကုသိုလ်ကံပင်။ ဂျစ်ကားရှေ့ခန်း အပြင်ဖက်ထိုင်ခုံနေရာတွင် ရခဲ့၏။

ပတ်ဝန်းကျင် ရှုမျှော်ခင်းများကို လေ့လာသွားရန် အခွင့်အရေးတစ်ရပ် ရလာသည့်အတွက် ကောင်း သည် ဝမ်းသာနေခဲ့သည်။ အချိန်စေ့သော အခါ ဂျစ်ကားသည် ထွက်လာခဲ့သည်။ မန္တလေးမြို့မှ ထွက်လိုက်သည်နှင့် ခပ်ဝေးဝေးပျပျတွင် ရန်ကင်းတောင်ကို တွေ့ရသည်။ အနောက်ဖက်တွင် ကျန်ရစ်ခဲ့သော ဘုရားပုထိုးများ အစီအရီနှင့် မန္တလေးတောင်ကိုလည်း ကောင်း သမင်လည်ပြန် လှည့်ကြည့်လိုက်သည်။

ဂျစ်ကားသည် တရိပ်ရိပ် ပြေးလျက်ရှိ၏။

ကောင်း ၏ စိတ်အလျဉ်မှာ ဂျစ်ကား၏ အပြေးနှုန်းထက်ပင် မြန်နေသေးတော့သည်။

မေမြို့ရောက်လျှင် မဝေ့ရွှေသာတင်း သည် သူ့အတွက် ပထမဆုံးလုပ်ဆောင်ရမည့် အလုပ်တစ်ခု ဖြစ်သည်။ နောက်တော့မှ ကိစ္စပြဿနာရပ်များ ရှင်းပြီဆိုလျှင် လွှန်းလွှန်းကိုတွေ့မည်။ လွှန်းလွှန်းကို နှုတ်ဆက်ပြီး သူ၏ လာရာလမ်းကို ပြန်မည်။ ရန်ကုန်ရောက်လျှင် မဝေ့ရွှေထံမှ ရလာမည်ဖြစ်သော ငွေများဖြင့် မိမိဘဝကို အပြောင်းအလဲ လုပ်ပစ်မည်။

ကောင်း ၏ စိတ်ကူးအာရုံတို့ ရပ်တန့်သွားလေသည်။

၂၁ မိုင်သို့ ရောက်ပြီဖြစ်သောကြောင့် ဂျစ်ကားကလေးမှာလည်း ရေဖြည့်ရန် စက်ကို အနားပေးရန်နှင့် ကားပေါ်မှခရီးသည်များ ခေတ္တအညောင်းအညာဖြေရန်၊ လက်ဖက်ရည် မုန့် စသည်ဖြင့် စားသောက်ရန်အတွက် ရပ်တန့်လိုက်သောကြောင့် ဖြစ်ပါသည်။

ကောင်းသည် ဂျစ်ကားပေါ်မှ ဦးစွာ ဆင်းလိုက်သည်။ အောက်သို့ ရောက်သောအခါတွင် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မှာရှိုက်ကာ ဟိုနား သည်နားဆီသို့ လမ်းလျှောက်နေမိသည်။ ခဏကြာလျှင် ၂၁ မိုင် ခေတ္တရပ်နားရာ နေရာဆီသို့ ဂျစ်ကားနှစ်စီးနှင့် ကိုယ်ပိုင်ကားတစ်စီးတို့ ရောက်လာသည်။

အငှားဂျစ်ကား တစ်စီးပေါ်တွင် မိန်းကလေး တစ်ယောက်တည်းကိုသာ တွေ့ရသဖြင့် ကောင်း လှမ်းကြည့်ရင်း အကဲခတ်နေမိသည်။ မိန်းကလေးသည် ဂျစ်ကားပေါ်မှ ဆင်းမယဉ်သာ ခြေလှမ်းများဖြင့် လှမ်းလာသည်ကို တွေ့ရသည်။ နေကာမျက်မှန်၊ ခေါင်းစည်းပုဝါတို့နှင့် ဆလင်းဘက်ကို လွယ်ထား၏။ သူမသည် ကောင်းအား ပြုံးပြလျက် နေကာမျက်မှန်ကို ချွတ်ပြလိုက်သည်။

"လွှန်းလွှန်း"

ကောင်းသည် လွှန်းလွှန်းဆီသို့ အပြေးကလေး ရောက်သွားသည်။ လွှန်းလွှန်းသည် သူ၏အပြုံးကလေးကို ပြန်၍ မရပ်သိမ်းသေးဘဲ ပြုံးမြဲပြုံးနေသည်။

"လွှန်းလွှန်း…ရထားနဲ့ သွားမယ်ဆို"

"ရထားက ကြာလွန်းလို့ ဂျစ်ကားနဲ့ဘဲ တက်လာခဲ့တာအစ်ကို"

လွှန်းလွှန်း၏ အမူအရာတို့က နံနက်ခင်း နေခြည်နုအောက်တွင် ငွါးငွါးစွင့်စွင့်နှင့် အလှစွမ်းပြနေသော နှင်းဆီပန်းကလေးတစ်ပွင့်လို လန်းဆတ်နေသည်။

ဝါဂွမ်းစလေး တစကဲ့သို့ ပေါ့ပါးနေသည်။ ဆေးခြယ်အလှပြင်ထားသော ကစားစရာ ကော်ရုပ်ကလေးနှယ် အပြစ်မဲ့ အပြုံးကလေးမျိုးဖြင့် ပြုံးပြနေသည်။ ကောင်းသည် လွှန်းလွှန်း၏ အလှအပများကို တငေးမောမော ကြည့်နေမိရှာသည်။

"ဆရာကြီး မျက်လုံး ကျွတ်ကျနေအုံးမယ်"


www.burmeseclassic.com

www.burmeseclassic.com

"လွှမ်းလွှမ်းက လုတာကိုး"

ကောင်း ၏ စကားကို ကြားလိုက်ရတော့မှ လွှမ်းလွှမ်း၏ အပြုံးစစ နှုတ်ခမ်းကလေးမှာ တွန့်သွား၏။ စူးရှတောက်ပြောင်နေသော မျက်လုံးကလေးများ ကောင်းထံမှ ရုပ်သိမ်းသွား၏။ ပေါ့ပါးနေသော လွှမ်းလွှမ်း၏ အမူအရာမှာ ခဏအတွင်းမှာပင် တည်ငြိမ်သွား၏။

"အစ်ကို...ခုလိုပြောလိုက်တာ စိတ်ဆိုးသွားလား လွှမ်းလွှမ်း"

"စိတ်ဆိုးစရာ မရှိပါဘူး အစ်ကိုရယ်၊ ဒါပေမဲ့ နေရခက်သွားတာပေါ့လို့"

လွှမ်းလွှမ်းစကားကို ကြားလိုက်ရသောအခါ ကောင်းသည် အသံကလေးများ ထွက်အောင်ပင် ရယ်လိုက်မိချေသည်။

"လွှမ်းလွှမ်း...ဘာသောက်မလဲ"

"ဟင့်အင်း...လွှမ်းလွှမ်း ဘာမှ မသောက်ဖူး"

ကောင်း သည် လွှမ်းလွှမ်းနှင့် ဆက်၍ စကားပြောရန်အတွက် စကားစများရရန် စဉ်းစားကြည့်နေမိပြန်သည်။

ထိုအချိန်တွင် ကောင်းစီးလာသော ဂျစ်ကားသည် ၂၁ မိုင်မှ ပြန်ထွက်ရန်အတွက် တာစူနေလေပြီ။ ကောင်းသည် ဘာမှမပြောလိုက်ရဘဲနှင့် လွှမ်းလွှမ်းနှင့် ခွဲရပေဦးမည်။ ဒါကိုတွေးလျက် စိတ်ပျက်သွားသည်။

"အစ်ကို..လွှမ်းလွှမ်းကားနဲ့ လိုက်ခဲ့မလား"

ရေငတ်သူကို ရေတွင်းထဲသို့ တွန်းလှဲလိုက်လေသလား။ ရှဋ္ဌကို ရေထဲသို့ လွှတ်ပေးလေသည်လား။ ဖောင်းထဲမှ မြင်းကို လွှတ်ပေးလိုက်လေသည်လား။ မည်သည့် ဥပမာပင် ပေးရမည်မသိ။ ကောင်း သည်ကလေးငယ်တစ်ယောက်လို အားပါးတရ ပြုံးလျက် ဂျစ်ကားပေါ်တွင် ထားရစ်ခဲ့သော မိမိ၏ လက်ဆွဲအိတ်ပြားလေးကို ခပ်သုတ်သုတ် သွားပြေးယူသည်။ ဂျစ်ကားဆရာကို အကျိုးအကြောင်းပြောပြလျက် လွှမ်းလွှမ်းဆီသို့ ခပ်သုတ်သုတ် ပြန်လျှောက်လာခဲ့သည်။

လွှမ်းလွှမ်းသည် မြူးတူး ပေါ့ပါးနေသော ကောင်းကို ကြည့်လျက် တစ်ယောက်တည်း သဘောကျစွာ ပြုံးနေမိသည်။ သိပ်မကြာခင်မှာပင် လွှမ်းလွှမ်းတို့ ကားလည်း ပြန်ထွက်ရန် ပြင်ဆင်ခဲ့လေပြီ။

ကားရှေ့ခန်းတွင် လွှမ်းလွှမ်းရော ကောင်းပါ နှစ်ယောက်စလုံး ထိုင်ကြ၏။ မေမြို့၏ အကွေ့အကောက် လမ်းတို့တွင် လွှမ်းလွှမ်းနှင့် ကောင်းတို့ သည် တစ်ယောက်နှင့်တစ်ယောက် ပူးကပ်ထိတွေ့သွားသည်။

လွှမ်းလွှမ်းထံမှ ရေမွှေးရနံ့တို့၊ အလှအပ ခြယ်သမှု ရနံ့တို့သည် မေမြို့ကားလမ်းတွင် ရှိနေသော ပန်းပေါင်းစုံရနံ့တို့နှင့် သူနိုင်ငါနိုင် ပြိုင်နေချေတော့သည်။

မေမြို့ နာရီစင်နားဆီသို့ အရောက်တွင် ဂျစ်ကားကလေးသည် ပလက်ဖောင်းဘေးနားတွင် ကပ်လျက် ရပ်လိုက်၏။

"ကဲ...အစ်ကို ဆင်းတော့"

လွှမ်းလွှမ်းထံမှ ထွက်ပေါ်လာသော စကားသံသည် မိုးချုန်းသံတို့နှယ် ကောင်း ၏ ရင်ထဲတွင် ခံစားလိုက်ရသည်။ တကယ်ဆိုတော့ လွှမ်းလွှမ်းနှင့်အတူ မရပ်မနားနိုင်သော ခရီးရှည်ကြီးတစ်ခုဆီသို့တိုင် ကောင်း သွားနေချင်သည်၊ ယခုတော့ အခြေအနေက မပေး။ ကောင်းသည် အခြေအနေကို နားလည်ထားပါလျက် မခွဲချင် ဖြစ်နေသည်။

"နက်ဖြန် လွှမ်းလွှမ်းတို့ခြံကို လာလည်ပါ အစ်ကို"

"ခု ညနေဘက် လာခဲ့ရင်ကော"

ကောင်းက အဖြစ်သဲနေပြန်သည်။ လွှမ်းလွှမ်းသည် ကောင်းကို ကြည့်လျက် ပြုံးလိုက်မိသည်။ နောက်မှ ခေါင်းကလေးကို တဆတ်ဆတ် ညိတ်ရင်း...

"လာပါရှင်...လာပါ၊ လွှမ်းလွှမ်းတို့နေကြာမြိုင်က အစ်ကို့အတွက် အမြဲတံခါးဖွင့်ထားပါတယ်"

ကောင်း ဘာဆိုဘာမှ မပြောတော့။ ပလက်ဖောင်း ပေါ်တွင် ရပ်လျက် ကျန်ရစ်ခဲ့၏။ လွှမ်းလွှမ်းသည် ကောင်းအား လက်ပြနှုတ်ဆက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

ကောင်း ကိုယ်တိုင်လည်း ပြန်ပြလိုက်သည်။

အော်…တွေ့ရပုံဆန်းလှချည်လား မိန်းကလေးရယ်" ကောင်း၏ ရင်ထဲက ရေရွတ်လိုက်မိသည်။ ကောင်း သည် အရှေ့ဖက်သို့ ဆက်လျှောက်လာသည်။ မေမြို့ရှိ တည်းခိုခန်း တစ်ခုဆီသို့ ခပ်သုတ်သုတ် လျှောက်လာသည်။

"အော် . . . ရှင် . . . မေမြို့ကို ရောက်လာတာကိုး"

ကောင်းသည် ဆိုင်တစ်ဆိုင်အတွင်းမှ ထွက်လာပြီး သူ၏ နဘေးမှ ပြောလိုက်သော မဝေဠု၏အသံကို ကြားလိုက်ရ၏။ ကောင်းသည် မဝေဠုကို ကြည့်လျက် မခိုးမခန့် ပြုံးလိုက်သည်။ ပင်ပင်ပန်းပန်း မစုံစမ်း မရှာဖွေရဘဲနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့လိုက်ရသောကြောင့်လည်း ကောင်း သည် သူ၏ စိတ်ထဲမှ မဝေဠုကို ကျေးဇူးတင်နေမိသေးသည်။

"ခု…ဘယ်သွားမလို့လဲ"

"တည်းခိုခန်း တစ်ခုခုကိုပေါ့ဗျာ"

"မေမြို့မှာ အသိအကျွမ်း တည်းခိုစရာ မရှိဘူးလား"

"အသိအကျွမ်းတော့ တစ်ယောက်နှစ်ယောက် ရှိပါတယ်။ တည်းခိုစရာ အိမ်ရယ်တော့ မရှိဘူးပေါ့ဗျာ။ ဒါကြောင့်လည်း တည်းခိုခန်းကို အားကိုးရတာပေါ့"

"ဒါနဲ့ ရှင် အလည်သက်သက်ပဲလား"

"ဘုရားလဲဖူးရင်း လိပ်ဥလဲတူးရင်း ဆိုပါတော့"

ကောင်းစကား ကြားတော့ မဝေဠုသည် ဟက်ဟက် ပြုံးလိုက်သည်။

"မဝေဠုကို လိုက်ရှာတာကော မပါဘူးလား"

"မရှာပါဘူး . . . ခုတွေ့နေပြီဘဲ"

ကောင်းစကားကို ဒုတိယအကြိမ် မဝေဠု သဘောကျစွာ ပြုံးပြန်သည်။

"ကဲပါ . . . မဝေဠုက ဒီမြို့မှာ အိမ်ရှင်ဘဲ ဒီတော့ မဝေဠုအိမ်မှာ ရှင် တည်းခိုမယ်ဆိုရင် တည်းခိုနိုင်ပါတယ်။ မဝေဠုကဘဲ ဖိတ်ပါတယ်"

ကောင်းသည် မဝေဠုစကား ကြားရသောအခါ သူ၏အကွက်ထဲသို့ အလိုလိုဝင်လာပြီဟု သိရသည်နှင့် မဝေဠုအား မထေ့တထေ့ ပြုံးပြရင်းမှ

"အလုပ်သဘောအရ ဆက်ဆံတာမျိုးလား မဝေဠု"

သည်တစ်ကြိမ်တွင်မတော့ ပြုံးနေသည့် မဝေဠု မျက်နှာကလေး အိုကျသွားသည်။ ကောင်းကိုလည်း ဆတ်ကနဲ မော့ကြည့်လိုက်သည်။

"ရှင်ကလဲ အလုပ်သဘောနဲ့ မေမြို့ကို ရောက်လာတာဆိုတော့ ရှင်နဲ့ကျွန်မနဲ့ မပြီးပြတ်သေးတဲ့ အလုပ်အတွက် အလုပ်သဘောအရဖိတ်တယ် ထင်လဲ ဖိတ်တယ်ပေါ့။ ဒါမှမဟုတ်ရင်လဲ ရှင် ယူဆချင်သလို ယူဆပါ"

"ကဲပါလေ မဝေဠုကိုယ်တိုင်က ကျွန်တော်နဲ့ ကိစ္စမပြတ်သေးဘူးလို့ ယူဆထားတယ်ဆိုတော့ ကျွန်တော် ဝမ်းသာပါတယ်။ ကိုင်း . . . ကျွန်တော် ဘယ်ကို လိုက်ခဲ့ရမလဲ ပြော . . ."

ကောင်းသည် မဝေဠုတို့၏ အခြေအနေ အရပ်ရပ်များကို သိရှိနိုင်ရန်အတွက် လျှော့ဈေးပေးလိုက်သည်။

"ဟောဟိုက ဂျစ်ကားပေါ်တက်ပါ"

မဝေဠုက ပင်သာဟိုတယ်ရှေ့တွင် ရပ်ထားသော အနီရောင် ဂျစ်ကားတစ်စီးဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်။

ကောင်း သည် ဂျစ်ကားကို လှမ်းကြည့်လိုက်သည်။ ဂျစ်ကားပေါ်တွင် မည်သူ့ကိုမှ မတွေ့ရ။ မဝေဠုတစ်ယောက်တည်း ကိုယ်တိုင် ကားမောင်းလျက် လာလေသလားဟု တွက်လိုက်သည်။ ဂျစ်ကားအနီးတွင် တစ်ယောက်ယောက် ရှိလေမလားဟု လှည့်လည်ကြည့်မိပြန်သည်။ မည်သူ့ကိုမှ မတွေ့ရသဖြင့် မဝေဠုကိုကြည့်လျက် ကောင်း ပြုံးပြလိုက်သည်။

"မဝေဠု…ပစ္စည်းလေးတွေယူပြီးရင် လိုက်ခဲ့ပါ့မယ်။ ကားပေါ်က စောင့်နေပါ"

သေချာပြီ။ မဝေဠု တစ်ယောက်တည်းမှအပ မည်သူမှမပါကြောင်း ကောင်း သဘောပေါက်လေပြီ။

ဘာတစ်ခွန်းမှ ဆက်မပြောတော့ဘဲ ဂျစ်ကားကလေးဆီသို့သာ ခပ်လေးလေး လျှောက်လာခဲ့သည်။

သူ၏ လက်ဆွဲခရီးဆောင် အိတ်ကို ဂျစ်ကားရှေ့ ခုံတစ်ခုပေါ်တွင် တင်



www.burmeseclassic.com

www.burmeseclassic.com

ထားပြီးနောက် စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိ၍ သောက်နေမိသည်။ စီးကရက်တစ်လိပ်ကို အားပါးတရ ဖွာနေသော်လည်း နောက်ထပ်ဆိုင်ထဲသို့ ဝင်သွားသော မဝေဠု၏ အရိပ်အယောင်မှာ ဘာဆိုဘာတစ်စွန်းတစမျှ မမြင်ရချေ။

ရပ်စောင့်နေရသော ကောင်းသည် စိတ်မရှည်တော့။ မဝေဠု ခဏလေးဆိုပြီး တဖက်ကလှည့်ပြီး လစ်ထွက်သွားလေပြီလားဟု စိတ်မရှည်စွာဖြင့် မဝေဠု ဝင်သွားသော ဆိုင်ကလေးထဲသို့ ငေးကြည့်နေမိသည်။

စီးကရက်တစ်လိပ်လည်း ကုန်လုပြီ။ ယခုအချိန်ထိ မဝေဠုထွက်မလာသေး။ ကောင်း စိတ်မရှည်တော့။ စောစောက ဆိုင်ကလေးအတွင်းသို့ ကြည့်ရန် ပြန်လျှောက်လာခဲ့သည်။ မဝေဠုကို မတွေ့ရသဖြင့် ကောင်း ခေါ်သစိတ်ကလေးများ ထောင်းကနဲ ထွက်သွားသည်။

ဆိုင်အတွင်း၌ တွေ့ရသော အမျိုးသမီးတစ်ဦးအနီးသို့ ကပ်သွားပြီး မေးလိုက်သည်။

"ဒီဆိုင်ထဲမှာ စောစောက ရှိနေတဲ့ မဝေဠု ပြန်သွားပြီလား"

ကောင်း၏ အမေးကို ဆိုင်ထဲတွင် ရှိနေသော ကုလားဆင် အမျိုးသမီးကလေးသည် ကောင်းအား လှမ်းကြည့်သည်။ ပြီးတော့မှ -

"ကြာပါပြီရှင် • • •ပြန်သွားတာ ကြာပြီဘဲ"

"ဟိုမှာ ကျန်ခဲ့တဲ့ သူ့ဂျစ်ကားကိုကော ဘာလို့ ယူမသွားသလဲ"

"တခါတခါ သူ ဒီလိုဘဲ ထားခဲ့ပါတယ်။ နောက်တော့ သူ့အိမ်က တစ်ယောက်ယောက် လာပြန်ယူတာပါဘဲရှင်"

ကောင်း ဘာမှဆက်မပြောတော့။ ဆိုင်အတွင်းမှ လှည့်ထွက်လာခဲ့သည်။ စောစောက ဂျစ်ကားပေါ်တွင်လည်း စောစောက အတိုင်းပင်လူတစ်ယောက်မှမရှိ။ ကောင်း သည် ဂျစ်ကားရှေ့ခန်းတွင် ဝင်ထိုင်ရန် ကြည့်လိုက်မိသည်။ သော့ပေါက်တွင် သော့တွဲလေး ချိတ်လျက်သား တွေ့ရ၏။ စောစောက သော့တွဲရှိသည် မရှိသည်ကို တွေးကြည့်ပြန်သည်။ အမှုမဲ့ အမှတ်မဲ့ ဖြစ်သောကြောင့် သော့တွဲပြဿနာကိုတော့ ကောင်း လက်လျှော့လိုက်ရသည်။ ဘာဘဲဖြစ်ဖြစ် ဂျစ်ကားတစ်စီး သွားဘို့လာဘို့ ခေတ္တရပြီဖြစ်၍ ကောင်း ပြုံးလိုက်၏။ နောက်ကိစ္စ နောက်ပြဿနာ နောက်မှဖြေရှင်းမည်။

ကောင်း ကားပေါ်တက်၍ စက်နှိုးလိုက်သည်။ ကားကို မောင်းနှင်ထွက်လာမိသည်။ ကောင်း မေမြို့ကို တစ်ခေါက်နှစ်ခေါက်လောက်တော့ ရောက်ဘူးသည်။ သို့သော် မေမြို့ထဲသို့ လည်လည်ပတ်ပတ်တော့ မသွားဘူးခဲ့ချေ။

ဟိုမေး သည်စမ်းနှင့် သွားရပေမည်။ မေမြို့၏ ရာသီဥတုသည် ကောင်းအဖို့ အနှစ်သက်ဆုံး ဥတုတစ်ခုဖြစ်တော့သည်။ သည်လိုသည်အချိန်အခါမျိုးတွင် မေမြို့၏ ရာသီဥတုသည် နေထိုင်၍ အကောင်းဆုံးဖြစ်သည်။

ကောင်း၏ မျက်နှာချင်းဆိုင်မှ မြင်းရထား (ရထားလုံး)တစ်စီးလာနေသည်။ ရထားလုံးမောင်းနှင်သော မြင်းလှည်းသမားသည် ကောင်း၏ကားကို တွေ့သောအခါ သူ၏လက်တွင် ကိုင်ထားသော ကြာပွတ်ဖြင့် လှမ်း၍တားနေသည်။ ကောင်းသည် အခြေအနေကိုသိရန်အတွက် မြင်းရထားရှေ့တွင် ရပ်ပေးလိုက်သည်။ မြင်းရထားမောင်းသော ကုလားသည်ကောင်းအား စာတစ်စောင် လှမ်းပေးလာသည်။ ကောင်း စာကို လှမ်းယူပြီး မောင်းထွက်လာခဲ့သည်။

ကောင်း စာကို ဖွင့်ဖတ်လိုက်၏။

ကောင်း

ပန်းကမ္ဘာခြံ မြို့ပတ်လမ်းကို ကားမောင်းပြီး လိုက်ခဲ့ပါ။ သော့တွဲထားခဲ့တယ်။

မဝေဠု

ကောင်း သည် မဝေဠုရေးပေးလိုက်သော လိပ်စာအတိုင်း လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ မိမိ တခြားတစ်နေရာတွင် တည်းခို၍ စုံစမ်းသည်ထက် မဝေဠုနှင့် အနီးကပ်ဆုံး နေထိုင်၍စုံစမ်းရသည်မှာ ပို၍ အခွင့်ပြေမည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ မဝေ့နှင့် မိမိတို့ အပေးအယူ ကိစ္စကို အေးအေးဆေးဆေး စကားပြောနိုင်မည်၊ ဆွေးနွေးနိုင်မည်ဟု တွေးမိလျက် ကားကို ပေါ့ပါးသွက်လက်စွာ ဆက်လက် မောင်းနှင်လာခဲ့သည်။

* * *

မဝေ့သည် ဧည့်ခန်းမ အတွင်းမှ ခြံအပြင်ဖက်သို့ လှမ်းကြည့်နေမိသည်။

ခြံထဲသို့ ဝင်လာမည်ဖြစ်သော ကောင်းကို မျှော်ကြည့်နေမိသည်။ အိမ်၏အတွင်းဖက် အခန်းတစ်ခန်းအတွင်းမှ ဦးဇော်ထွန်းသည် အပြင်သို့ ထွက်လာ၏။ သမီးဖြစ်သူ မဝေ့၏ အခြေအနေကို အကဲခတ်လျက် မဝေ့အနီးသို့ ရောက်လာသည်။

"သမီး ဧည့်သည်လဲ မလာသေးပါလား"

"လာပါတော့မယ် ဖေဖေ၊ သမီး သေသေချာချာ ညွှန်ပြခဲ့ပါတယ်"

"အေး. . .အေး၊ ရောက်တဲ့အခါ ဖေဖေ့ကို ခေါ်လိုက်၊ ဖေဖေ စာကြည့်ခန်းထဲမှာဘဲရှိမယ်"

ဦးဇော်ထွန်းသည် ပြော၍ ပြီးသည်နှင့် စာကြည့်ခန်းထဲသို့ ဝင်သွားတော့သည်။ မဝေ့သည် အိမ်တွင်းမှ ထွက်လျက် ခြံထဲတွင် လမ်းလျှောက်နေမိသည်။

အတော်ကလေး ကြာတော့ ကောင်း၏ကားကလေးသည် ပန်းကမ္ဘာ ခြံကလေးအတွင်းသို့ တရိှန်ထိုး မောင်းနှင်ဝင်လာခဲ့၏။ မဝေ့အနီးသို့ရောက်မှ ကားဘရိတ်ကို ပစ်ဖမ်းပြီး ရပ်ပစ်လိုက်၏။

"ဒေါသကြီးလှချည်လားရှင် ကားနဲ့ တိုက်သတ်တော့မယ်ပေါ့"

"ကျွန်တော် လူတစ်ယောက်ရဲ့ အသက်ကို မသတ်ရဲပါဘူးဗျာ။ ဒေါသဖြစ်မိတာ တစ်ခုပါဘဲ"

ကောင်း သည် ကားစက်ကို သတ်လိုက်၏။ ပြီးတော့ မဝေ့အနီးသို့ ရောက်လာသည်။

"မဝေ့. . .ကျွန်တော့်ကို ဘယ်လိုများ ဆက်ပြီး လှည့်စားအုံးမလို့လဲဗျာ"

"မဝေ့. . .အစီအစဉ်နဲ့ မဝေ့ လုပ်ခဲ့ရတာကို ကောင်း. . .ခွင့်လွှတ်ပါ"

မဝေ့စကား ကြားတော့ ကောင်း ဘာမှမပြောတော့။ ခပ်ပြုံးပြုံးသာ ပြုံးနေသည်။

"ကဲ. . .အိမ်ထဲကို ကြွပါရှင်"

မဝေ့က ကောင်းအား အိမ်ထဲသို့ ဝင်ရန် ဖိတ်ခေါ်လိုက်သည်။ ကောင်းသည် သူ၏ အိတ်ကလေးကိုဆွဲလျက် မဝေ့နှင့်အတူ အိမ်အတွင်းသို့ ဝင်ခဲ့သည်။

ဧည့်ခန်းထဲတွင် ပြင်ဆင်ထားသော ပြင်ဆင်မှုများကို ကောင်း အကဲခတ်ကြည့်နေ၏။

ကြမ်းပြင်ပေါ်တွင် ဖြန့်ခင်းထားသော ကျားသစ်ရေကြီးတစ်ချပ်နှင့် အခန်းနံရံပေါ်တွင် နစ်လုံးပူးသေနတ် မှဆိုးကိုင်ဒူးလေးတစ်လက်၊ ပြီးတော့ အခန့်သား ရိုက်ထားသော ဓာတ်ပုံတစ်ပုံ၊ ဦးဇော်ထွန်း၏ပုံ။ ကောင်း လျှောက်ကြည့်နေသည်ကို မဝေ့သည် ကောင်း အား အကဲခတ် ကြည့်နေ၏။

"ထိုင်ပါ. . .ကောင်း"

"စီးကရက်သောက်ပါ. . .ကောင်း"

မဝေ့သည် ဆိုဖာ တစ်လုံးပေါ်တွင် ထိုင်ပြီးသွားသော ကောင်း အနီးသို့ စီးကရက်ငွေဘူးအဖုံးကလေးကို ဖွင့်၍ စီးကရက်တည်လိုက်သည်။

"ခဏထိုင်ပါအုံး ကောင်း. . .ဖေဖေ့ကို မဝေ့ သွားခေါ်ပါအုံးမယ်"

ကောင်း သည် မဝေ့အား သေချာစွာ လှမ်းကြည့်လိုက်သည်။ ကောင်း၏ မျက်လုံးအစုံနှင့် ပြောလိုက်သော စကားကို မဝေ့ နားလည်သွားဟန်တူသည်။

"မဝေ့ အိမ်ထဲကို ရောက်နေပါပြီကောင်းရယ်၊ မဝေ့ကို သံသယမျက်လုံးတွေနဲ့ မကြည့်ပါနဲ့"

မဝေ့၏ နှုတ်ခမ်းမှ တိုးညှဉ့်စွာ ထွက်ပေါ်လာသော စကားသံများဖြစ်သည်။ ကောင်း သည် မဝေ့၏ စကားများကြောင့် မဝေ့အပေါ်တွင် သနားသွားသလို စိတ်ထဲက ပေါ်လာ၏။ ဒါပေမဲ့ မဝေ့အား အပြီးအပိုင် ယုံကြည်၍မရသေးကြောင်း ကောင်း သတိရမိသည်။

ရှေ့လဆက်ရန်

မောင်ရွှေစွန်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရွေတတ်သော အရွေ

ကျော်မြသန်း

[ ၃ ]

ကိုသက်အောင်မှာ အချုပ်သမား ဖြစ်သမို့ အချုပ်ဆောင် အဆောင် (၆)တွင် နေရသည်။ ထောင်မှူး လေးကိုယ်တိုင်က အချုပ်ဆောင် တန်းစီးကို အပ်နှံလိုက်သည်။

အဝတ်အထည်မပါဘဲ ခါးဝတ် ခါးစားမျှသာပါသူက အကောင်း ကို ချွတ်၍ တန်းစီးထုတ်ပေးသည့် စွပ်ကျယ်ဟောင်း၊ လုံချည်ဟောင်းနှင့် လဲပေးရသည်။

ချုပ်သစ်များကလည်း အထာ သဘော နောကျေကြသူ အများစုမို့ ပြေလည်အောင် ညှိသည့်နည်းဖြင့် အဆင်ချောအောင် ဖန်တီးပြီး လုပ် ကြသည့် လုပ်ရိုးလုပ်စဉ် အစဉ်အလာ ရှိသည်။

ကိုသက်အောင် အထဲရောက် သည့်နေ့က ကိုယ်ပေါ်တွင် ဝတ်ဆင် လာသည့် အကျီ၊ လုံချည်များအပြင် အပိုဝတ်စုံနှစ်စုံ၊ မျက်နှာသုတ်ပဝါ တစ်ထည်နှင့် လွယ်အိတ်တစ်လုံး ပါသည်။

ကိုသက်အောင် ဝတ်ဆင်လာ သည့် အကျီ၊ လုံချည်များမှာ အပြင် တွင်ဝတ်ဆင်သည့်သူ၏ အဆင့် အတန်းနှင့်ညီသော အကျီ လုံချည် များ ဖြစ်သည့်အလျောက် တောင်း မွန်သည့် အဝတ်အထည်များဖြစ်၏။

အပိုပါလာသည့်အဝတ်အထည် များမှာလည်း အတောင်းစားတွေ ချည်း။ ကိုသက်အောင် အပြင်ရဲစခန်း အချုပ်တွင် လေးရက်နေခဲ့ရသည်။

ထိုသို့နေထိုင်စဉ် အချုပ်ခန်း တွင်း၌ တွေ့ဆုံခဲ့ရသူ သမ္ဘာရင့်၊ အထဲသို့ အဝင်အထွက်လုပ်နေကျ ဒုစရိုက်လောကသားတစ်ယောက်က နည်းပေးလမ်းပြ ပြောလိုက်သော ကြောင့် အဝတ်အစား အပိုနှစ်စုံ ယူ လာခြင်းဖြစ်သည်။

အထဲတွင် မည်သို့မည်ပုံနေ ထိုင်ရမည်ဆိုသည့် အထာသဘော တချို့ကိုပါ တီးမိခေါက်မိ လေ့လာ သိရှိခဲ့သည်။

အပြင်နှင့် အတွင်းမှာ နံရံတစ် ချပ်သာခြားသည်။ သို့တစေ အတွင်း နှင့်အပြင် လောကသားများ၏ အနေ အထိုင်၊ အပြောအဆို၊ အဆက်အဆံ၊ အပြုအမူများ၏ ကွာဟချက်မှာ ဘယ်သို့မှ ဆက်စပ်လို့မရအောင်ဟု ဆိုရမည်သို့ ခြားနားချက်များ ရှိနေ သည်။

လူတစ်ယောက်၏ သိက္ခာကို အနိမ့်ဆုံးအဆင့်သို့ လျှော့ခံခဲ့ရသည်။ အထဲရောက်သူက လူ့သိက္ခာခဝါချ ခံလိုက်ရသလို၊ အပြင်တွင်ကျန်ရစ် သည့် မိသားစုမှာလည်း သိက္ခာ အထိခိုက်ခံရသည်။ အတင်းအဖျင်း အပြောမလွတ်၊ အဆိုမလွတ်ခံရသည်။

ဘဝတစ်သက်တာတွင် ဖျက် မရသော အရိပ်မည်းကြီး လွှမ်းမိုး ခြင်း ခံရသည်။ ဘာအမှုနှင့်ရောက် ရောက် အမည်မှာ ထင်ကျန်စမြဲ။

ဆိုပါတော့ . . .

ကိုသက်အောင် အမှု။ လူ သတ်မှုနှင့် ဆက်နွယ်ပတ်သက်လို့ အထဲရောက်ရသည့် အမှု။

လိမ်လည်မှု၊ အလွဲသုံးစားမှု၊ မဟုတ်မတရား ပြုမူလုပ်ကိုင်မှု မဟုတ်။ မိသားစုပြဿနာကို အခြေခံ၍ ဒေါသပေါက်ကွဲပြီး မဖြစ်သင့်သည့် မှုခင်းကျူးလွန်ရာမှ အထဲသို့ရောက် ခဲ့ရခြင်းဖြစ်၏။

မည်သို့ပင်ရှိစေ . . .

ရဲမှတ်တမ်းတွင် ရာဇဝတ်ပြစ် မှုကျူးလွန်သူအဖြစ် မှတ်တမ်းဝင် တော့မည်။

သူ့ဘဝတွင် အမည်တစ်လုံးတင်



www.burmeseclassic.com

www.burmeseclassic.com

ကျန်တော့မည်မှာ သေချာသည်။

ဘဝခရီးတစ်လျှောက်တွင် ဖျောက်ဖျက်မရသည့် အမည်းစက် တင်ကျန်ရုံမက ကျူးလွန်ခဲ့သည့်ပြစ်မှုအတွက် တစ်စုံတစ်ခုသော ပြစ်ဒဏ်ကိုလည်း တစ်ဖန် ပြန်ခံရဦးမည်ဖြစ်၏။

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ဣဿမစ္ဆရိ၊ မကောင်းအကြောင်းတရားများကို အတွေး တရားဘက်သို့ ယိမ်းစောင်းအလှည့် ပေးလျှင် ပြန်လည်ထင်ဟပ်လာမည်ဖြစ်ကြောင်း ဖြစ်ရပ်များသည် . . . အကောင်းဘက်သို့ အလှည့်အပြောင်း မဖြစ်နိုင်ရာပေ။

ခုပဲကြည့် . . .။

ဘွဲ့ရပြီးသား၊ အရာရှိငယ် အလုပ်အကိုင်လည်း ရှိပြီးသား။

သူ၏ ရိုးသားကြိုးစားမှု ဗီဇ အခြေခံသည် ရှေ့အလားအလာ အတွက် အကောင်းဘက်သို့ဦးတည် နေသည်ဟု ဆိုရမည်ဖြစ်ပါလျက် သတိနှင့်အသိကို စိတ်အစဉ်မှ ပယ်ခွာပြီး မခံမရပ်နိုင်ဖြစ်မှု၊ ခံစားချက်ကို ဒေါသနှင့် ပေါင်းစပ်မိလိုက်သည်မှ မဖြစ်သင့်သော မှုခင်းကြီး၏ တရားခံအဖြစ် ရောက်ခဲ့ရသည်။

မှုခင်းဖြစ်ရသည့် ဇာစ်မြစ် ကြောင်းမှာ အမွေပြဿနာ။

လူမျိုးအသီးသီး ရှိနေကြသော လက်ရှိလောကတွင် အမွေပြဿနာ အရှုပ်အထွေး အဖြစ်ဆုံးမှာ မြန်မာလူမျိုးများ၏ အမွေကိစ္စပင်။

မိမွေဖမွေကို သားသမီးကဆက် ခံရသည့် ဓလေ့ထုံးစံမှာ ကောင်းသော ဓလေ့ထုံးစံဟု ဆိုရမည်ဖြစ် သော်လည်း မရှင်းမရှင်း ပြဿနာ ပေါင်းစုံနှင့်လည်း ရစ်ထွေးစမြဲ ရှိတတ်သည်ကို ကောင်းသည်ချည်းဟု မဆိုသာပြန်။

အကောင်းနှင့် အဆိုး ဒွန်တွဲ လျက်ရှိသည့် ဓလေ့ထုံးစံဟု ဆိုရမည်ပါ။

သင့်သင့်မြတ်မြတ် မိသားစု စိတ်ဓာတ်အပြည့်အဝရှိသော မိသားစု။ ညီအစ်ကိုမောင်နှမချင်း အရင်းခံ စိတ်ကောင်းရှိ၍ တစ်ဦးအပေါ် တစ်ဦး ကြင်နာစိတ်၊ စာနာစိတ်ရှိသော မိသားစု။

အရွယ်မရောက်ခင် ဥမကွဲ သိုက်မပျက်ရှိခဲ့ကြသော်လည်း အိမ်ထောင်ရက်သားကျ၍ သူစိမ်းဖက် လာပြီးနောက် ဥသိုက်ကွဲပြီး စိတ်ဝမ်း အကြီးအကျယ်ကွဲသည့် မိသားစု။

အတ္တစွဲ ကြီးမားလွန်းသူ ပါလာသော မိသားစု။ လိုချင်တပ်မက်မှု၊ လောဘအတောမသတ်နိုင်ဘဲ ငါကသာ အားလုံးဆိုသူမျိုး ပါလာသည့် မိသားစု။

တချို့သော သားသမီးများက လည်း မိဘများ မျက်နှာမလွှဲခင်ကပင် အမွေခွဲဝေပေးရန် တောင်းသည် မျိုးလည်း ရှိပြန်သည်။

တချို့သော အမြော်အမြင်ကြီး သည့် မိဘများတမူ ကိုယ်မကွယ် လွန်မီကတည်းက အမွေကိစ္စ အရှုပ် အရှင်းမရှိအောင် ပေးသင့်ပေးအပ် ရာများကို ခွဲခြမ်းစိတ်ဖြာ၍ ပေးခဲ့ သည်မျိုးလည်း ရှိပါသည်။

သို့သော်လည်း ထိုသို့ ကြိုတင်၍ စီမံခန့်ခွဲပေးဝေခဲ့မှုမျိုးမှာ အလွန် ရှားပါသည်။ တစ်ရာမှာ နှစ်ဦး၊ သုံးဦးထက် မပို။

တခြားသော လူမျိုးများမှာမူ မိဘအမွေအနှစ်အတွက် အမွေကိစ္စ အရှုပ်အရှင်းမရှိအောင် သတ်မှတ် ထားသည့် သတ်မှတ်ချက် နည်းလမ်းအသွယ်သွယ် ရှိကြသည်။

အမွေကိစ္စအတွက် တစ်အူထုံ့ဆင်း ညီအစ်ကို မောင်နှမအရင်း အချာများအချင်းချင်း မခေါ်နိုင်၊ မပြောနိုင် သူစိမ်းသွင်ပြင်သို့ ပြောင်း လဲသွားသည်လည်း ရှိကြသည်။

တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်လောက်အောင် ရန်သူပမာ ဆက်ဆံရေးမှ ကိုယ်ထိ လက်ရောက် ကျူးလွန်မှုအထိ ဖြစ်ရ သည်မျိုးလည်း ရှိသည်။

ကိုယ်ထိလက်ရောက် ကျူးလွန် သည့် ဖြစ်ရပ်မျိုးကတော့ အတော် ပင် နည်းပါးသည်။ ထိုနည်းပါးသည့် မှုခင်းဖြစ်ရပ်နှင့် တွဲစပ်လိုက်ရသူ ကိုသက်အောင်မှာ အချုပ်ဆောင်သို့ ရောက်နေရပြီ။

သူဆက်လက်ရင်ဆိုင် လျှောက် လှမ်းရတော့မည့် မှုခင်းလမ်းကြောင်း မှာ အလွန်ကြီးမားသည့် အန္တရာယ် ထူပြော အနက်ရှိုင်းဆုံး ဒုက္ခအသွယ် သွယ်ကို ဖြတ်ကျော်ရမည့် လမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြောကြီးဖြစ်၏။

ချုပ်လွတ်ထုချေရန် အာမခံမရနိုင်သောအမှု၊ ပြစ်မှုအတိုင်းအတာ၏ ပြစ်ဒဏ်မှာ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ် စသည့် အသေးစား၊ အပေါ့စား ပြစ်ဒဏ်မျိုးမဟုတ်။ အနိမ့်ဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၀ နှစ်။

လူသတ်မှုကျူးလွန်သူ တရားခံများအနက် ပြစ်ဒဏ်မှ ကွင်းလုံးကျွတ် လွတ်သွားသူဟူ၍ မရှိသလောက် ရှားမှရှား။

ကိုယ့်ကိုယ်ကို ခုခံပိုင်ခွင့်အရ ဖြစ်ပွားရသည့် လူသေမှုမျိုးပင် ပြစ်ဒဏ်မှ လွတ်ခဲသည်။ လူသတ်မှု လွတ်သွားသည်မျိုးကတော့ ဘယ်ရှိလိမ့်မှာပ။

ရဲအချုပ်တွင် လေးရက်နေထိုင်ခဲ့ရစဉ်ကပင် အဆုံးစွန်သော စိတ်ခံစားတက်ကျဆင်းမှုနှင့် တွဲစပ်လိုက်ရသည်။

ရဲစခန်းအချုပ်တွင် အိမ်ကပို့ပေးသော အစားအသောက်ကြောင့် အစားအသောက် မထောင်းတာသော်လည်း အနေအထိုင် အထောင်းအတာကို ထဲထဲဝင်ဝင်ကြီး ခံစားလိုက်ရသည်။

ရဲစခန်းအချုပ်မှာ ပြစ်မှုကျူးလွန်သည့် တရားခံများအား စစ်ကြောရန် ရှိသည်များကို စစ်ဆေးမေးမြန်းရန်အတွက်လည်းကောင်း၊ တရားရုံးသို့ တရားခံများကိုလည်းကောင်း ယာယီထားရှိရာ နေရာဖြစ်သည်။

ကိုသက်အောင် အသက်(၂၉) နှစ် ရောက်သည်အထိ မနေစဖူးခဲ့။ မိဘများက ချမ်းသာသည်။ မွေးကတည်းက ရွှေပေါ်မြတင်နေခဲ့ရသည်။ ခြံဝင်းကျယ်ကြီးနှင့် နှစ်ထပ်တိုက်ကြီးပေါ်မှာ နေထိုင်ကြီးပြင်းခဲ့ရသည်။

နေခဲ့ရသည့်ကျောင်းမှာ ရန်ကုန်မြို့တွင် အဆင့်အတန်းမြင့်သည့်ကျောင်းများထဲတွင် ပါဝင်သည့် စိန်ပေါ်ကျောင်း။

ကျောင်းသွား၊ ကျောင်းပြန် အိမ်ကကားနှင့် သွားရ၊ ပြန်ရသည်။ လူနေမှုအဆင့်မှာ အထက်တန်းလွှာအဆင့်။

မိဘများမရှိတော့သည့်နောက် အမွေကိုစွန့်ပတ်သက်၍ အတူတကွ ဖူးတွဲနေထိုင်ရန်ပင်မဖြစ်သည့် အခြေအနေသို့ ရောက်ရှိခဲ့ရာမှ အိမ်ခွဲဆင်းလာသည့်တိုင် အနေအထိုင် အဆင့်မနိမ့်ခဲ့။

နေခဲ့ရသည့် နေရာအဆင့်အတန်းနှင့် ယခုရောက်ရှိနေထိုင်ရသည့် နေရာအနေအထား ကွာခြားပုံမှာ ဘယ်သို့မှ မနှိုင်းယှဉ်သာရာအောင် ကွာခြားလွန်းနေသည်။

ရဲစခန်းအချုပ်တွင် နေရစဉ် အိမ်က အစားအသောက်များ ပို့ပေးသဖြင့် အစားအသောက်အတွက် အခက်အခဲမရှိဟု ဆိုရစေကာမူ ညစ်ပတ်သောနေရာအနေအထားကြောင့် ဟုတ်တိပတ်တိ မစားနိုင်။ အဖြစ်သဘောသာစားလိုက်ရသည်။

အနေအထိုင်ကျတော့ ဘယ်လိုမှ သီးသန့်နေလို့မရ။ အများစုသော အချုပ်သမားများထဲတွင် ကိုယ်လည်း အချုပ်သားတစ်ယောက် ဖြစ်နေသောကြောင့် သူတို့နည်းတူပင် နေထိုင်ရသည်။

အဆုံးစွန်သော စိတ်ခံစားတက်ကျဆင်းမှုနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ခြင်းကို လေးရက်တာ စွန့်လွှတ်ခဲ့ပြီးနောက်အထဲသို့ရောက်ခဲ့သည်။

ရဲစခန်းအချုပ်ထက် အများကြီး သာလွန်ကောင်းမွန်သည်ဟု မဆိုနိုင်စေကာမူ ကျယ်ဝန်းသန့်ရှင်းမှုမှာ သာသည်ဟုဆိုနိုင်သော အနေအထားရှိသည်။

မမျှော်လင့်ဘဲ သူ့အား မြင်ဖူးတွေ့ဖူးရှိသူ တစ်ကျောင်းတည်းနေရဖူးသည့် ထောင်မှူးလေး ကိုတင်မောင်စိုးနှင့် ဆုံစည်းလိုက်ရသည်။

ထောင်မှူးလေးကိုယ်တိုင် သူ့အား ကြည့်ရှုစောင့်ရှောက်ရန် အချုပ်တန်းစီးကို အပ်နှံလိုက်သောကြောင့် ကျောတစ်ခင်းစာ နေရာကောင်းလေး ရလိုက်သည်။

အပါးအဟောက်ခံရခြင်း၊ ကြမ်းကြမ်းတမ်းတမ်း အဆက်အဆံခံရခြင်း၊ အကြိမ်းအမောင်း အခြိမ်းအခြောက်ခံရခြင်းများနှင့် လွတ်ကင်းသွားသည်။

ညနေစာ ထမင်းတိုင်ဝင် တန်းစီးဖြစ်သူက သူတို့ထမင်းဝိုင်းနှင့် အတူတကွ စားသောက်ကြသည်။

ကိုသက်အောင်လို လူစားမျိုး



www.burmeseclassic.com

www.burmeseclassic.com

လည်ချောင်းထဲသို့ ရှောရှောရှူရှူ ဝင်နိုင်လိမ့်မှာပ။ မြင်ရုံနှင့်ပင် လည်ချောင်းထဲမှာ နင့်ခနဲဖြစ်သွားသည်။ နောက်တစ်လုတ်မျိုဖို့ တွန့်ခနဲဖြစ်သွားသည်။ လေးငါးလုတ်ဝင်ဖို့အတော်ကြီး ကြိုးစားလိုက်ရသည်။

တန်းစီးနှင့် ဦးထုပ်ဖြူ ဘာယာနှစ်ယောက်ကတော့ မြိန်ရေရှက်ရေ အားပါးတရ စားကြသည်။ အတူစားနေကြသူများက အားပေးစကား ပြောကြသည်။

ရောက်စမို့ပါ၊ နောက်တော့ အဆင်ပြေသွားမည်လို့၊ တကယ်တော့ သူ့ကို အားပေးစကား ပြောကြသည်မှာ ပြောရိုးပြောစဉ် ပြောသည်မဟုတ်ပါ။

လုံးတီးက လျှာမလည်ခင် အဝင်မချောပေမယ့် လျှာလည်သွားရင် ဖောက်ဖောက် ဖောက်ဖောက် အသံလေးနှင့် စားလို့ အလွန်ကောင်းသည်။ ဆန်ဖြူထမင်းထက် အစာခံသည်။ ရောဂါအန္တရာယ်ကင်းသည်။ ဆန်ဖြူထမင်းထက် အားပိုရှိသည်။

ဆီးချို နှလုံး၊ သွေးတိုးရောဂါရှိသူများအတွက် လုံးတီးစားနိုင်လျှင် ရောဂါရှိသူများအတွက် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသလို . . အထောက်အကူပြုသည်။

နှစ်ကြီးသမားတွေဆို မည်းပြောင်ပြီး ဝဖြိုးလာကြသည်။ ဒါကြောင့် သူ့ကို ရောက်စမို့ပါ၊ နောက်တော့ အဆင်ပြေသွားပါမည်လို့ အားပေးစကား ပြောကြခြင်းဖြစ်သည်။

*ကြိုတင်ကြံစည်မှု မပါသော လူသတ်မှု။ ဒီအတွက် သက်သာခွင့် အထိုက်အလျောက် ရနိုင်သည်။ သို့တစေ တစ်ချက်တည်း မဟုတ်သည်က အမှုအတွက် လေးသွားစေသည်။*

နောက်တော့ လုံးတီးနှင့် လျှာလည်သွားမည်ဟု အစီပွာယ်သက်ရောက်သော အားပေးစကားပြောလိုက်ခြင်းပါ။

အချုပ်တန်းစီးက ဒလီကြမ်းအခင်းတစ်ခု ပေးသဖြင့် အောက်ခံအခင်းလေးနှင့် အိပ်လိုက်ရသည်။

ပါလာသည့် လွယ်အိတ်ကလေးကို ခေါင်းအောက်ခုပြီး အိပ်ရသည်။ တဝီဝီအသံများကို အိပ်မပျော်ခင် အထိကြားနေရသည်။ အိပ်ပျော်သွားတော့မှပဲ အသံပျောက်သွားသည်။

ရဲစခန်းအချုပ်ထဲမှာ နေခဲ့စဉ်ကလိုပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းနှင့် မဆုံစည်းရ။ နိုးလိုက်၊ ပျော်လိုက်နှင့် မိုးလင်းသွားသည်။

ငါးနာရီသာသာတွင် လူရေတွက် စစ်ဆေးသူများရောက်လာသဖြင့် နှစ်ယောက်တစ်တွဲ ထိုင်ပေးရသည်။

ပြီးတော့ ထိုင်သူထိုင်၊ လှဲသူလှဲနှင့် အခန်းတံခါးဖွင့်မည့်အချိန်ကို စောင့်နေရသည်။ အိပ်ဆောင်တံခါးဖွင့်သည့်အချိန်မှာ ပုံသေကားချမရှိ။

တစ်ဆောင်လုံး လူရေတွက်ပြီး၍ စာရင်းပေါင်း ကိုက်ပြီဆိုတော့မှ အိပ်ဆောင်တံခါးများဖွင့်ရန် အချက်ပေး သံချောင်းခေါက်သည်။

တာဝန်ကျဝါဒါများက အဆောင်လိုက် အခန်းတံခါးများကို လိုက်ဖွင့်ပေးသည်။ ဒီတော့မှ မျက်နှာသစ်၊ အပေါ့အလေး စွန့်ရသည်။

လက်ညှိုးနှင့် သွားကို နှစ်ချက် သုံးချက်ပွတ်ပြီး သွားခံတွင်း သန့်ရှင်းခြင်းကို လုပ်ရသည်။

အချုပ်သားအများစုမှာ မျက်နှာသုတ်ပဝါ မပါ။ ရေစိုနေသော မျက်နှာကို ဝတ်ထားသော လုံချည်အပေါ်ပိုင်းနှင့်ပင် ကိစ္စပြီးလိုက်ရသည်။ သူ့မှာ မျက်နှာသုတ်ပဝါအသေးလေး ပါသဖြင့် မျက်နှာပေါ်မှ ရေစက်များကို သန့်သန့်စင်စင် သုတ်လိုက်ရသည်။

သွားတိုက်တာကတော့ အများနည်းတူပင်။ မျက်နှာသစ်ပြီးနောက် သူက အပေါ်ထပ်သို့ ပြန်တက်ခဲ့သည်။ အခြားသော အချုပ်သားအများစုမှာမူ အိပ်ဆောင်ပေါ် ပြန်မတက်ကြ။

နံနက်စောစော ဂန်ဂျီလာဝေမည်ကို စောင့်နေကြသည်။ ဂန်ဂျီ (သို့မဟုတ်) ဂန်ဇီ။

အင်္ဂလိပ်ခေတ်က ဝါဒါများမှာ



www.burmeseclassic.com

www.burmeseclassic.com

ကုလားလူမျိုးများသာ ဖြစ်သောကြောင့် အခေါ်အဝေါ် အသုံးအနှုန်းများမှာ ကုလားစကားများ နွယ်စပ်နေသည်။

ဂန်ဂျီးခေါ် ဂန်ဇီမှာ ဆန်ကွဲကို ဆားနှင့်ကြိုချက်ထားသော အစားအစာ။ အရသာ၍ မည်မည်ရရ ပြောစရာမရှိ။ သို့တစေ ဒန်သောက်ရေခွက်နှင့် တစ်ခွက်စာရသည့် ဂန်ဇီကိုပင် မနက်အစောပိုင်း ဝမ်းဖြည့်စာအဖြစ် စားသောက်ကြရသည်။

ထိုသို့မှ မစားလျှင် ၁၄ နာရီခန့် ဘာမှမစားရဘဲ နေခဲ့ရသောကြောင့် ဝမ်းပူလာမည်။

လူသားတိုင်းသည် ဆင်းရဲချမ်းသာမရွေး မနက် အိပ်ရာထ မုန့်ပဲသရေစာများကို သူ့အဆင့်နှင့်သူ စားသောက်စမြဲ ရှိကြသည်။

တတ်နိုင်သူများက စားကောင်းသောက်ဖွယ်များဖြင့် ဝမ်းမီးကို ငြိမ်းသတ်စေကြသည်။ မတတ်နိုင်သူများကလည်း မတတ်နိုင်သည်အလျောက် သင့်ရာ စားစရာများဖြင့် ဝမ်းမီးကို ငြိမ်းသတ်စေရသည်။

ကိုသက်အောင်လည်း ဂန်ဇီ မဆွဲလိုက်ရ။ သူ့မှာ စားစရာ မုန့်ပဲသရေစာ ပါလာလို့တော့မဟုတ်။ ထောင်မှူးလေးမျက်နှာကြောင့် တန်းစီးက ခေါ်လှီးမုန့်နှစ်ခု ပေးသည်။

တရုတ်မုန့်။ အလယ်တွင် ပဲမှုန့်ညှပ်ထားသည့် လက်သုံးလုံးခန့် လက်တစ်သစ်စာ မုန့်ကလေး။ အပြင်လောကမှာတော့ လူကြီးများထက်ကလေးတွေ အစားများကြသည်။

တစ်ပဲတန်(ငါးပြားတန်)။ သည်မုန့်မျိုးကို သက်အောင် တစ်ခါမျှ မစားစဖူးခဲ့။ မြင်တော့ မြင်ဖူးသည်။ ခုတော့ စားရပြီ။ ဂန်ဇီထက်တော့ အများကြီးသာသည်။

ဒါမှမဟုတ် ရုံးထုတ်က ပြန်လာလို့ သရေစာမုန့်များ ပါလာရင် ကိတ်မုန့်တို့၊ ဘီစကစ်တို့ ဘယ်ပါနိုင်လိမ့်မှာပဲ။

ခေါ်လှီးမုန့်ပဲ အပါများသည်။ မစားချင်လို့ ဆေးလိပ်နှင့်လဲရင်တောင် ခေါ်လှီးမုန့်က ပို၍အသုံးတည့်သည်။ အလဲအလှယ်လုပ်ရာတွင် လွယ်ကူသည်။

တန်းစီးပေးသည့် ခေါ်လှီးမုန့်နှစ်ခုစားပြီး ရေတစ်ခွက်သောက်၍ မနက်စာကိစ္စ ပြီးလိုက်ရသည်။ သည်သို့သော အပြောင်းအလဲမျိုးအထိ ဖြစ်လိမ့်မည်ဟု မထင်မှတ်ခဲ့။

ထင်မှတ်စရာ အကြောင်းလည်း မရှိ။ ဖြစ်ချိန်တန်ဖြစ်၍ ပျက်ချိန်တန် ပျက်ရမည်ဆိုသည့် တရားသဘောကို လူသားတို့ ရှောင်လွှဲ၍ မရစကောင်း။

လူ့ဘဝသက်တမ်းတွင် ဘာကိုမှ ပုံသေကားချ တရားသေတွက်လို့ မရ။ ခုပဲကြည့်။

လွန်ခဲ့သောတစ်ပတ်က ကိုသက်အောင် အခြေအနေနှင့် ဘဝအနေအထား ကွာခြားချက်မှာ မှောက်ထားသည့်လက်ကို လှန်လိုက်ဘိသကဲ့သို့၊ လှန်ထားသည့်လက်ကို မှောက်လိုက်ဘိသကဲ့သို့ဟု ဆိုရမည်အောင် ခြားနားသွားသည်။

မနက် တန်းစီးလုပ်သူက တစ်ပဲတန် ခေါ်လှီးမုန့်ကလေးနှစ်ခုပေးစဉ် ကျေးဇူးတင်ကြောင်းပြောပြီး မျက်နှာကို ချက်ချင်းလွှဲလိုက်ရသည်။

ဝမ်းနည်းကြေကွဲခြင်း ခံစားရသည်မှာ မျက်ရည်များ ရစ်ဝဲလာသောကြောင့် . . ။ အိမ်မှာ မိဘများ ရှိစဉ်က အနေအထိုင်နှင့် မနက်စောစော စားသောက်ခဲ့ရသည်များကို ထားဘိတော့။

အထက်တန်းလွှာဘဝ အနေအထိုင်မှ လူလတ်တန်းစား အနေအထိုင်အဆင့်သို့ နိမ့်လျှောကျခဲ့သည့်တိုင်အောင် အနေကောင်း၊ အစားကောင်း စားနေနိုင်ခဲ့သည်။

ကျယ်ဝန်းသော နှစ်ထပ်တိုက်ကြီးမှ ချောင်ချောင်ချိချိ တိုက်ခန်းသို့ ပြောင်းရွှေ့နေရသည့် အနေအထား ရှိခဲ့သည်။

လွန်ခဲ့သော ငါးရက်က အစ်မဖြစ်သူ ပြင်ဆင်ကျွေးသည့် မနက်စောစောစာကို စားပွဲ၊ ကုလားထိုင်နှင့် သန့်သန့်ရှင်းရှင်း အကျအန စားခဲ့ရသည်။

ဖြူဖွေးသန့်စင်သော ခြင်ထောင်၊ အိပ်ရာခင်း၊ ခေါင်းအုံး၊ မွေ့ရာနှင့် အကျအန အိပ်စက်ခဲ့ရသည်။

နေ့စဉ် ရုံးတက်သည့်အခါ တစ်နေ့တစ်စုံ လဲနေကျ မီးပူတိုက်ပြီးသား ဝတ်စုံဖြင့် ရုံးသို့ထွက်ခဲ့စမြဲ။

လက်ရှိအနေအထား။ ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com

ပါသည်ဆိုသော တစ်နေ့စာတစ်နေ့ ရှာဖွေစားသောက်နေရသူ အဆင့်ထက် နိမ့်ကျသောအဆင့်သို့ ရောက်ရှိနေပြီ။

သူများ ပေးစာကမ်းစာ ဓားလှီးမုန့်လေးနှစ်ခုကို ရှိကျိုးသောကိုယ်နေဟန်ထားဖြင့် လှမ်းယူပြီး စားသောက်ရသည့်ဘဝ။

မစားမဖြစ်သည့် ထမင်းနှစ်နပ်ကို စားနေရသည့်ဘဝ။ ခေါင်းအုံးမရှိ၊ ခြင်ထောင်မပါ၊ ကြမ်းပြင်ပေါ်မှာ ကျောခင်း၍ အိပ်စက်ခြင်းနှင့် ဆုံစည်းနေရသည့် ဘဝ။

ကိုတင်မောင်စိုးနှင့်သာ မတွေ့ခဲ့ရင် . . .။

ကဲ . . ရက်ပိုင်းအတွင်း ဘဝအခြေအနေ အပြောင်းအလဲကို ပြန်ပြောလျှင် ယုံတမ်းစကားဟု ဆိုလေမလား။

ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက် ဆိုရိုးတရားသဘောမှာ မှန်သည်။ သို့တစေ တချို့ လောကီလူမှုကိစ္စများတွင် ဖြစ်မှုပျက်မှုကို ဖန်တီးသည့် အကြောင်းတရား ရှိပြန်သည်။

သူတစ်ပါးက ဖန်တီးသည်လား၊ ကိုယ့်ဟာကိုယ် ဖန်တီးသည်လား။ ဘယ်သူမပြု မိမိမှုဆိုသော ဆိုရိုးစကားရှိသည်။ ထိုဆိုရိုးစကားကလည်း မှန်ကန်သည်။

ခုကိစ္စတွင် ဘယ်သူမပြု မိမိမှု ဆိုသလို မိမိကပြုမိလေသောကြောင့် ခုလိုဘဝအခြေအနေ တစ်ဆစ်ချိုး ပြောင်းလဲသွားရခြင်း ဖြစ်သည်ဟု ဆိုရမည်ပင်။

အချုပ်ဆောင်သို့ ရောက်လာသည့် အချုပ်သားများမှာ တစ်နေကုန် အလုပ်ကြမ်းမလုပ်ရ။

စားပြီးအိပ်၊ အိပ်ပြီးစား အခန့်သားလည်း နေလို့မရ။ မနက်ပိုင်းတွင် တန်းစီးတွဲပေးသည့် လေးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ အလုပ်လုပ်ရသည်။

အိပ်ဆောင်သန့်ရှင်းရေး တံမြက်စည်းလှည်းရသည်၊ အခန်းကြမ်းပြင်ကို ရေပက်တိုက်ရသည်။ အဆောင်ဝင်းအတွင်း မြက်နုတ်ရသည်။ သန့်ရှင်းရေးအတွက် လှည်းကျင်းရသည်။

ရေအိမ်(အိမ်သာ) ရေကန်သန့်ရှင်းရေး လုပ်ရသည်။ ရေချိုးသည့် ရေကန်သန့်ရှင်းရေး လုပ်ရသည်။ သောက်ရေအိုးများ ရေဖြည့်ရသည်။

အခြားသော တန်းစီးလက်ညှိုးညွှန်ခိုင်းသည့် အလုပ်များ လုပ်ရသည်။ သိပ်မပင်ပန်းပေမယ့် ချွေးပြန်အောင်တော့ လုပ်ရသည်။

ကိုသက်အောင်က အလုပ်လုပ်ရတဲ့သူ အတွဲစာရင်းထဲမှာမပါ။ ထောင်မှူးလေးအပ်နှံလိုက်သူ ဖြစ်သောကြောင့် အလုပ်ခွင်ဝင်ရခြင်းမှ လွတ်ကင်းသွားသည်။

ကျောတစ်ခင်းစာ ရထားသည့် နေရာကလေးမှာ တငူငူ တငိုင်ငိုင် ထိုင်နေရသည်။ အဲဒီလိုနေရသည့် အခါမျိုးတွင် အတွေးစဉ် နယ်ပယ်ပို၍ကျယ်ပြောသည့်အလျောက် အဆုံးအစမရှိသော အတွေးပေါင်းစုံနှင့် ရစ်ထွေးလျက်ရှိနေသည်။

အမှုကိစ္စ။ ယင်းမှုခင်းဖြစ်ပွားပြီးနောက် ကိုယ်တိုင်ရဲစခန်းသို့ သွားရောက် အဖမ်းခံခဲ့သည်။ ရဲစခန်းတွင် အစစ်ခံရာ၌ မှုခင်းဖြစ်အကြောင်းကို အမှန်အတိုင်း ထွက်ဆိုအစစ်ခံခဲ့သည်။

အစ်ကိုဖြစ်သူက အမွေကိစ္စအတွက် ပြောဆိုရန်ခေါ်သောကြောင့် ဦးလေးဖြစ်သူနှင့် အတူသွားရောက်ခဲ့ရာမှ တရားမျှတမှုမရှိသော အစ်ကိုဖြစ်သူ၏ ပြောဆိုပြုမူပုံကို လက်မခံနိုင်ရာမှ စကားများကြသည်။

မရီးဖြစ်သူ၏ ရိုင်းရိုင်းပျပျ ဝင်ရောက်ပြောဆိုလာသည်ကြောင့် သူကလည်း ဒေါသဖြင့် ရိုင်းရိုင်းပျပျ ပြန်လည်ပြောဆိုခဲ့သည်။

*တတ်နိုင်သူများက*
*စားကောင်း*
*သောက်ဖွယ်များဖြင့်*
*ဝမ်းမီးကို*
*ငြိမ်းသတ်စေကြသည်။*
*မတတ်နိုင်သူများကလည်း*
*မတတ်နိုင်သည်အလျောက်*
*သင့်ရာ စားစရာများဖြင့်*
*ဝမ်းမီးကို*
*ငြိမ်းသတ်စေရသည်။*



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်နှင့်တစ်ယောက် မပြောသင့် မပြောအပ်ရာများ ပြောဆိုမိကြသည့်အဆင့်သို့ ရောက်ခဲ့ရာ အစ်ကိုဖြစ်သူက ငါ့စကားနွားရ ပြောနေသည့် မရီးဖြစ်သူကို တားမြစ်ရမည့်အစား သူ့ဘက်သို့ ကိုယ်ထိလက်ရောက် ရန်ပြုရန် ပြင်ဆင်လာသည်။

မရီးဖြစ်သူက သူ့အား နင်ပဲငဆပြော၍ အိမ်ပေါ်မှ နှင်ချသည်။ အစ်ကိုဖြစ်သူက ဝင်ရောက်မတားမြစ်သည့်အပြင် ရင်ဘတ်ကိုဆွဲ၍ တွန်းတွန်းထိုးထိုး လုပ်ခဲ့သည်ကြောင့် သူကလည်း ပြန်လည်တွန်းထိုးရင်း ဒေါသကို မထိန်းနိုင်ဘဲ ဖခင်ကြီးလက်ထက်ကတည်းက ဗီရိုပေါ်တွင် အလှတင်ထားသည့် ကိန္နရာရုပ်တုကို ဆွဲယူ၍ ရိုက်လိုက်ရာမှ ခြေလွန်လက်လွန်ဖြစ်သွားသည်။

ပထမတစ်ချက်က အသိနှင့်၊ နောက်ထပ် ရိုက်ချက်များမှ အသိနှင့် သတိလွတ်သွားသည့် ရိုက်ချက်များ။ ဘယ်နှချက်ရိုက်မိသည်ကို သူကိုယ်တိုင်ပင် ပြန်မပြောနိုင်။

အနားတွင်ရှိနေသည့် ဦးလေးဖြစ်သူကလည်း မမျှော်လင့်သောအဖြစ်အပျက်ကြောင့် ရုတ်တရက် မှင်တက်မိသွားသည်။

သတိဝင်၍ ဆွဲလွဲမည်ပြုသည့်အခါ အချိန်မမီတော့။ နောက်ကျသွားပြီ။ ရဲစခန်းတွင် ဖြစ်ရပ်ကြောင်းကို အမှန်အတိုင်း အစစ်ခံ ထွက်ဆိုခဲ့သလို တရားရုံးတွင်လည်း မိမိဆန္ဒအလျောက် ဖြောင့်ချက်ပေးခဲ့သည်။

ကြိုတင်ကြံစည်မှုမပါသော လူသတ်မှု၊ ဒီအတွက် သက်သာခွင့် အထိုက်အလျောက် ရနိုင်သည်။ သို့တစေ တစ်ချက်တည်း မဟုတ်သည်က အမှုအတွက်လေးသွားစေသည်။

ဒေါသကြောင့်မှ စိတ်လိုက်မာန်ပါအဖြစ်ကြောင့် ဖြစ်ဒဏ်သက်သာခွင့် ဘယ်သို့ရှိလာမည်ကိုမူ ခန့်မှန်းလို့မရ။

မိသားစုတိစ္စနှင့် အခြေအနေ၊ အိမ်မှာ ကျန်ရစ်ခဲ့တာက အစ်မကြီးဖြစ်သူနှင့် ညီမငယ်၊ အစ်မကြီးဖြစ်သူက ရိုးအေးသည်၊ ငယ်စဉ်က ကျန်းမာရေးအခြေအနေကြောင့် ကိုးတန်းအထိသာ ပညာသင်နိုင်ခဲ့သည်။

ဖခင်ကြီး တိမ်းပါးသွားပြီးကတည်းက မိသားစု အိမ်တွင်းရေး မသာယာခဲ့၊ ပြဿနာအထွေထွေ နေ့စဉ်နှင့်အမျှ တစ်မျိုးမဟုတ်တစ်မျိုး ပေါ်ခဲ့၊ ဖြစ်ခဲ့သည်။

မောင်ဖြစ်သူ၏ ဇနီးသည်က ပြဿနာသမား၊ မောင်ဖြစ်သူကလည်း မယားပြောသမျှ၊ ဆိုသမျှကို ခေါင်းညိတ်စမြဲရှိရုံမက မယားဖြစ်သူပြောသမျှ အမှန်ချည်းဟု လက်ခံသူ။

ယောက္ခမအပေါ်ရော၊ အစ်မကြီးအပေါ်ပါ အရိုအသေတန်ခဲ့သည်။ ပညာတတ်တစ်ယောက် ဖြစ်စေကာမူ အပြောအဆို ကြမ်းတမ်းသည်။

တစ်အိမ်သားလုံးအပေါ် ဆက်ဆံရာတွင် အမူအရာရိုင်းပျသည်။ ခေတ်ဆန်သူဖြစ်သည့်အလျောက် အနေအထိုင်လော်မာသည်၊ မောက်မာသည်။

ကိုသက်အောင်တို့ မိခင်ကြီးမှာ နဂိုကတည်းကအနေအေးသည်။ အပြောအဆို နူးညံ့သိမ်မွေ့သူဖြစ်သည်။

သားသမီးများအား ပြောစရာဆိုစရာ ဆုံးမစရာ ရှိလာသည့်အခါတွင်ပင် အေးအေးသက်သာပင်ပြောသည်။ ချွေးမဖြစ်သူမှာ သဘောတူ ပေးစားခဲ့သူမဟုတ်။

ကိုသက်အောင်အစ်ကို မင်းမောင်က သူ့သဘောနှင့်သူ ယူခဲ့ခြင်းဖြစ်သည်။ နယ်လီခေါ် ခင်စောသန့်ကို ကိုမင်းမောင် လက်ထပ်စဉ်အခါက ဖခင်ကြီးမရှိတော့။

မိခင်ကြီးကို ဖွင့်ပြောခွင့်တောင်းစဉ်က မိခင်ကြီးက သဘောမတူသော်လည်း နောက်ဆုံး သားဆန္ဒကို လိုက်လျောလိုက်သည်။

တင့်တောင့်တင့်တယ် ဖြစ်အောင်လည်း စီစဉ်ပေးသည်။ ရောက်စကတော့ အခြေအနေက ဟုတ်သလိုလို။ နောက်ပိုင်းကျမှ နဂါးအမောက်ကို တဖြည်းဖြည်း ထောင်ပြလာသည်။

ထောင်မယ့်ထောင်တော့လည်း အစွန်းဆုံး။ ကိုသက်အောင်တို့ မိခင်ကြီးမှာ လူကြီးနာဖြင့် ကွယ်လွန်အနိစ္စရောက်သွားသည်ဟု ဆိုသော်လည်း တကယ်တမ်းဆိုရပါမူ စိတ်



www.burmeseclassic.com

www.burmeseclassic.com

ထိခိုက်မှု ခံစားရသော ဝေဒနာကြောင့်ဟု ဆိုရမည်ပါ။

အစ်မကြီးဖြစ်သူက မိခင်ကြီးပို၍ စိတ်ထိခိုက်မည်ကိုငဲ့ပြီး သည်းညည်းခံခဲ့သည်။

လည်ချောင်း၀အထိ လိပ်တက်လာသည့် ပြောစရာ၊ ဆိုစရာများကို ပွင့်မထွက်။ ဝမ်းထဲ၊ ရင်တွင်းမှာပဲ အောင်းထားခဲ့သည်။

ကိုသက်အောင်က သူ၀င်ရင် အစ်ကိုဖြစ်သူနှင့် ပြဿနာတက်မည်၊ မိခင်ကြီး၏ တိုးတိုးတိတ်တိတ် ပြောဆိုထားသည်ကြောင့် ပြဿနာ မကြီးထွားအောင် ထိန်းခဲ့သည်။

မထိန်းနိုင်ဘဲ ဒိုးခနဲ ဒေါက်ခနဲ နှုတ်လုံထိုးသူက အငယ်ဆုံး ညီမ။ ညီမငယ်နှင့် နယ်လီတို့ ပြဿနာဖြစ်တိုင်း အစ်ကိုကြီးက ပါလာစမြဲ။ ညီမဘက်ကတော့ မဟုတ်။ သည်သို့ဖြစ်သည့်အခါတိုင်း မျက်ရည်ကျရသည်မှာ မိခင်ကြီး။

ချွေးမဘက်က လွန်သည်ကို သိသည့်တိုင် သမီးငယ်ကိုသာ ဆူပူကြိမ်းမောင်းရစမြဲ။ ဒါက သူတို့မိသားစု၏ အခြေအနေ တစ်စိတ်တစ်ဒေသ။

ခု သူအချုပ်ထဲ ရောက်သည့်အချိန်တွင် အိမ်မှာ အစ်မကြီးနှင့် ညီမငယ်တို့သာ ကျန်ခဲ့သည်။

အစ်မကြီးက ပြင်ပလောကနှင့် အဆက်အဆံ အထိအတွေ့နည်းသည်၊ ညီမငယ်ကတော့ ဘွဲ့လည်းရပြီးပြီ၊ ရုံးလုပ်ငန်းခွင်လည်း ဝင်နေပြီ၊ လည်လည်ပတ်ပတ် သွားရဲ လာရဲလည်း ရှိသည်။

တကယ်တမ်း သူ့အမှုအကွက် နေရာတကာသို့ သွားလာလှုပ်ရှားရမည့်သူမှာ ညီမငယ်သာ ဖြစ်သည်။

လည်လည်ပတ်ပတ် သွားလာလှုပ်ရှားနိုင်စေကာမူ မိန်းမပျိုလေးတစ်ယောက်အနေနှင့် သွားလာလှုပ်ရှားရန် မသင့်တော်။

သူတို့ဘက်က မားမားမတ်မတ် ရပ်တည်ပေးမည့် ဦးလေးမိသားစုတော့ရှိသည်။ သူတို့မိသားစုထဲမှာ ပြဿနာဖြစ်လာတတည်းက ဦးလေးမိသားစုမှာ သူတို့ဘက်က ရပ်တည်ခဲ့သည်။

ကျန်ဆွေမျိုး အသိုင်းအဝိုင်းမှာ အပေးအကမ်း၊ အကျွေးအမွေး ပေါကြွယ်သည့် နယ်လီကို မြှောက်စားပြီး အစ်ကိုဖြစ်သူကိုသာ အရာသွင်းပြီး အလေးပေးကြသည်။

သူတို့ကိုတော့ နယ်လီနှင့်အတူ ကဏ္ဍကောစ လုပ်ကြသည်။ အရွဲ့တိုက်ကြသည်။ နယ်လီက လည်လည်ပတ်ပတ်သမား။ ဂျင်ပေါ်က ထုံး။ အမှုအတွက် သူ့အပေါ် ကြီးလေးသည့် ပြစ်ဒဏ်ဆက်ရောက်စေရန် နည်းလမ်းအသွယ်သွယ်သုံးပြီး လိုက်မှာ သေချာသည်။

ရှိပစေ၊ သူကလည်း အမှုအတွက် သိပ်အလေးမထား၊ ကျန်ရစ်ခဲ့သည့် အစ်မနှင့်ညီမဖြစ်သူတို့အတွက်သာ အလေးထား ပူပင်နေသည်။

သူမရှိပြီဆိုကတည်းက အိမ်၏ မိသားစုဝင်ငွေ လျော့သွားပြီ၊ အမှုအတွက် အစစအရာရာ ကုန်ကျစရိတ်အတွက် ငွေများတော့မည်။ အမှုက အမှုကြီးမို့ တော်သင့်ရုံ ရှေ့နေငှားလို့ မရ။

အောက်ထစ် ရာဇဝတ်မှုတွင် နာမည်ကြီးသည့် ဗဟိုတရားရုံးရှေ့နေကြီးထံက ဒိတ်ဆိုသည့် ရှေ့နေကြီး ငှားရတော့မည်။

အထွေထွေ ကုန်ကျစရိတ်တွေကလည်း ဆီလိုအပေါက်ရှာပြီးထွက်တော့မည်။ တော်ရုံသင့်ရုံ ရှေ့နေငှားပြီး သူ့အတွက်ရော၊ အထွေထွေ ကုန်ကျစရိတ်များ သက်သာနိုင်သမျှ သက်သာမည့်နည်းလမ်း ရှာဖို့နှင့် သူ့ထံသို့လည်း သုံးလလောက်မှ တစ်ခေါက်လာဖို့တော့ ပြောရမည်။

မိသားစုအတွက် ထွက်ငွေနည်းနိုင်သမျှနည်းအောင်၊ သက်သာမှုရှိအောင် သူ့ဘက်က စဉ်းစ[illegible]ဖြစ်သည်။ အစ်မနှင့် ညီမက[illegible]တော့ လက်ခံလိမ့်မည် မထင်။

သူတို့ကတော့ တိုက်ပေါ်ကနေ တဲပေါ်သို့ ဆင်းရစေသော်မှ သူ့အတွက် အတုန်အကျမခံဘဲ နေကြလိမ့်မည် မဟုတ်။

သည်အကြောင်း အတွေးစဉ်ထဲ ဝင်လာတိုင်း သူခံစားရသည့် ခံစားမှုမှာ နင့်နင့်ပိုးပိုးရှိသွားရသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနာယားမှုသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အတိတ်မှာကျော်ကြားသောဆရာကြီးဦးလှမောင် ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုပိဋ္ဌာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၀၉၃၃၉၁၊ ၀၉-၄၃၀၅၂၁၀၂

၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ မန္တလေး ဖုန်း-၀၂-၃၅၂၈၀ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - ဆေ/ ၁၉၃၃၄/၁၁၀၀

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဇဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃...၅၂


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကြက်ခြေခတ်လမ်းကို စွန့်ပြီးသော်

( ယခင်လမှအဆက် )

ကျော်ဆွေဝင်း(ရွှေအင်း)

## အခန်း(၆)

နေလွှမ်းမှာ ကုလားအဘိုးကြီး ညွှန်ပြသည့်အတိုင်း ရှေ့ဦးစွာ ကုက္ကိုပင်ကြီးများ ဝိုင်းရံလျက်ရှိနေသော သမိုင်းဝင် အဘယမုနိစေတီတော်မြတ်ကြီး တည်ရှိရာ ဘုရားဝိုင်းထဲသို့ လျှောက်ခဲ့သည်။

စေတီတော်မြတ်ကြီးအား ရှိခိုးပူဇော်ပြီးသည်နှင့် ကုလားလူမျိုးများ သာနေထိုင်သော ဘုရားရွာထဲမှ လမ်းမအတိုင်း ဖြတ်ထွက်ခဲ့ပြီး အနောက်ဘက်သို့ ဦးတည်လျှောက်ခဲ့ရာ တစ်နေရာအရောက်တွင် သာမုကံကျေးရွာသို့သွားမည့် နွားလှည်းတစ်စီးနှင့် ကြုံတွေ့သောကြောင့် တက်လိုက်ခဲ့လေသည်။

သာမုကံကျေးရွာမှ မီးရထားသံလမ်းကိုဖြတ်ပြီး မော်တော်ကားလမ်းမကြီးပေါ်သို့ရောက်သောအခါ နံနက် ၈ နာရီပင် ထိုးနေပြီဖြစ်သည်။

ဗိုက်ဆာနေပြီဖြစ်သော သူတချက်ချင်း ခရီးမဆက်နိုင်သေးဘဲ လမ်းဆုံဘေးရှိ ကုလားဆိုင်မှ ...

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပွဲခန့် ဝယ်စား၍ ဗိုက်ဖြည့်လိုက်သည်။ မကြာမီ ဖြူးဘက်မှ တောင်ငူဘက်သို့ မောင်းလာသည့် ဘတ်စ်ကားတစ်စီး ရောက်လာရာ သူက ထိုကားကို တားစီး၍ တောင်ငူမြို့သို့ လိုက်ခဲ့တော့သည်။

တောင်ငူသို့ ရောက်သောအခါ ဆိုက္ကားတစ်စီးခေါ်၍ တေဇာခင်ဦး ရပ်ကွက်၊ (၃)လမ်းထဲသို့ လိုက်ပို့ခိုင်းလေသည်။ အမှန်စစ်စစ် နေလွှမ်း အနေဖြင့် ယခုသွားနေသော တေဇာခင်ဦးရပ်ကွက်ထဲသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသလို၊ သူသွားတွေ့ရမည့် 'ကြွေဖိုးထိန်'ဆိုသူအားလည်း တစ်ကြိမ်တစ်ခါမျှ တွေ့ဖူးခြင်းမရှိခဲ့ဖူးပေ။ ဦးလေးဖြစ်သူ ဦးဘမိုက ကြွေဖိုးထိန်ထံ သွားတွေ့ရန် ညွှန်ကြားထားခဲ့၍သာ သွားနေရခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုက္ကားဆရာက သူ့အား "ဆရာသွားမယ့်အိမ်က (၃)လမ်း ဘယ်နားလေးမှာလဲ"ဟု မေးသောအခါ ဘာပြန်ပြောရမှန်းမသိပေ။ သူ့အဖြစ်က ကြွေဖိုးထိန်ဆိုသူနှင့် ထိပ်တိုက်ပက်ပင်းတွေ့ဆုံခဲ့လျှင်တောင် ဘယ်ဟာ ကြွေဖိုးထိန်လဲဆိုတာကို မပြောပြတတ်သည့် အခြေအနေမျိုးသာ။ မတတ်သာသည့်အဆုံးတွင် သူက ဆိုက္ကားဆရာအား ကြွေဖိုးထိန်ဆီ သွားမည်မှန်သော်လည်း ကြွေဖိုးထိန်ဆိုသူကို သူတစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသေးကြောင်း အမှန်အတိုင်း ဝန်ခံ၍ အကူအညီတောင်းခံရလေတော့သည်။

ကံကောင်းချင်တော့ ဆိုက္ကားဆရာက ကြွေဖိုးထိန်ဆိုသူကို ကောင်းကောင်းသိနေလေသည်။

"ဪ . . လက်စသက်တော့ ကိုယ့်ဆရာက ဦးလေးဖိုးထိန်ဆီသွားမှာကို။ သူက အစတုန်းက နာမည်ကြီး လောင်းကစားသမား၊ အနီထောင်သမားကြီးဗျ။ အခုတော့ သူက ကစားတဲ့အလုပ်ကို လုံးဝရပ်ပစ်လိုက်ပြီး အနီထောင်ကစားရာမှာ အသုံးပြုတဲ့ ကြွေသီးတွေလုပ်ရောင်းနေတာ။ ဒါကြောင့် သူ့ကို ကြွေဖိုးထိန်လို့ခေါ်ကြတာ"

"ဪ . . ခင်ဗျားက တော်တော်သိတာပဲကို။ ကျွန်တော့်ကို သူ့ဆီအရောက်ပို့ပေးပါဗျာ"

နေလွှမ်းက ဆိုက္ကားဆရာကို အားကိုးတကြီး ပြောလိုက်သည်။

"စိတ်ချ၊ ကျွန်တော်အရောက်ပို့ပေးမယ်"

ဆိုက္ကားဆရာက ပြောပြီးသည်နှင့် ဆိုက္ကားကို ခပ်မြန်မြန်လေး အားစိုက်နင်းလိုက်သည်။ မကြာမီ ဆိုက္ကားမှာ တေဇာခင်ဦး ရပ်ကွက်ထိပ်သို့ ရောက်လာပြီး လမ်းချိုးတစ်ခုအတွင်းသို့ ချိုးဝင်လိုက်သည်။

"ဒါတေဇာခင်ဦး(၃)လမ်းပဲဗျို့၊ မှတ်ထား"

ဆိုက္ကားဆရာက ထိုသို့ပြောပြီး အနည်းငယ်ကြမ်းနေသော လမ်းကို ဂရုပြုရင်း ဆိုက္ကားကို အားစိုက်နင်းသည်။ လမ်း၏အတွင်းပိုင်း တော်တော်ကျသည်အထိ နင်းသွားပြီး ဝင်းခြံနှင့်အပြည့် သေသပ်လှပစွာ ဆောက်လုပ်ထားသော တိုက်ခံပျဉ်ထောင်ကာ နှစ်ထပ်အိမ်ကြီးတစ်လုံးကိုကျော်ပြီး ရပ်လိုက်သည်။ ဆိုက္ကားကို ရှေ့သို့ အနည်းငယ် ဆက်နင်းလိုက်လျှင်လည်း လှပခံ့ညားသော တိုက်ခံပျဉ်ထောင်ကာ နှစ်ထပ်အိမ်ကြီး၏ ဂိတ်ပေါက်ဝသို့ ဆိုက်မည်ဖြစ်သည်။ ကြွေဖိုးထိန်၏ အိမ်သည်ကား ထိုလှပခံ့ညားသော တိုက်ခံအိမ်ကြီးများနှင့် ဘာမျှမဆိုင်ဘဲ တိုက်အိမ်ကြီးနှစ်လုံးကြားရှိ ၁၈ ပေ ခန့် ကျယ်ဝန်းသော သီးသန့်ခြံမြေထဲတွင် တည်ရှိနေသည့် ထရံကာ၊ သွပ်မိုး တစ်ထပ်အိမ်ကလေးသာ ဖြစ်သည်။ အိမ်ကလေးမှာ အနံကျဉ်း၊ အလျားရှည် ခြံကလေးထဲတွင် အိမ်ရှေ့လမ်းမနှင့် တော်တော်ခွာ၍ ဆောက်လုပ်ထားသောကြောင့် နောက်ထဲသို့ တော်တော်ဝင်ရလေသည်။ အိမ်ကလေးမှာ ခပ်နိမ့်နိမ့် အိမ်ပုလေး ဖြစ်သော်လည်း ခိုင်ခိုင်ခံ့ခံ့ ပိတ်ပိတ်ဆို့ဆို့နှင့် ရှေ့နောက်အရှည်ယူ၍ ဆောက်လုပ်ထားခြင်း ဖြစ်သည်။

နေလွှမ်းက အိမ်နှင့်ခြံအနေအထားကို အကဲခတ်လေ့လာရင်း ဆိုက္ကားဆရာနောက်မှ ကပ်လိုက်သွားလေသည်။

"ဦးလေးထိန် . . ဦးလေးထိန်"

သူတို့နှစ်ဦး အိမ်ကလေးအနီးသို့ ရောက်လာချိန်တွင် ဆိုက္ကားဆရာက ပေါင်လယ်ခန့်သာ အမြင့်ရှိသော အိမ်ကလေး၏ တံခါးပေါက်



www.burmeseclassic.com

www.burmeseclassic.com

ဆီမှ အတွင်းသို့ လှမ်းငဲ့ကြည့်ရင်း အသံပေးလိုက်သည်။ သူ၏အသံကြောင့် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ လူကြီးတစ်ဦး အိမ်တံခါးဝတွင် လာရပ်သည်။ ထိုလူကြီးမှာ အဝတ်အစားများကို သေသေသပ်သပ် ဝတ်ဆင်ထားပြီး အဖြူတစ်ပိုင်း၊ အနက်တစ်ပိုင်းဖြစ်နေသော ဆံပင်များကလည်း ကုပ်ပေါ်အထိ ရှည်လျားနေသည်။ နှုတ်ခမ်းမွေး ခပ်ပါးပါးရှိပြီး အသားလတ်လတ်နှင့် မျက်ခုံးမျက်လုံးကောင်းကောင်းဖြစ်သည်။

လူကြီးက သူတို့နှစ်ဦးအား အကဲခတ်သလို တစ်ချက်စေ့ကြည့်ပြီးမှ ဆိုက္ကားဆရာကိုမေးလိုက်သည်။

"ကဲ . . ဆိုပါဦး ဖိုးချဲ၊ ဘာကိစ္စရှိလို့လဲ"

"ဒီမှာ ဧည့်သည်ပါလာလို့ လာပို့တာ ဦးလေးဖိုးထိန်ရ"

"ဟေ . . ဧည့်သည်ဟုတ်လား၊ သူက ဘယ်သူလဲ"

ဦးဖိုးထိန်က နေလွှမ်းကို ခြေဆုံးခေါင်းဆုံး စိုက်ကြည့်ရင်း မေးသည်။

"ကဲ . . ကိုယ့်ဆရာ၊ ဒါ ဆရာပြောတဲ့ ကြွေဖိုးထိန်ဆိုတာပဲလေ။ ပြောစရာရှိတာ ပြောပြလိုက်ပေါ့"

ဆိုက္ကားဆရာက နေလွှမ်းဘက်လှည့်၍ စကားအစ ထုတ်ပေးလိုက်သည်။

"ဒီလိုပါ ဦးလေး၊ ကျွန်တော်က မုန်းကပါ။ ကျွန်တော့်ကို ဒီကို လွှတ်လိုက်တာက ကွမ်းသီးအရောင်းအဝယ်လုပ်နေတဲ့ ဦးလေးဘမှိုပါ။ ကျွန်တော်က ဗိုလ်နေရောင်သားပါ"

"ဪ . . . လက်စသတ်တော့ မင်းက ကိုဘမှိုနဲ့အတူနေတဲ့ ဗိုလ်နေရောင်သားကို၊ အခု ကိုဘမှိုက ဒီကိုလွှတ်လိုက်တာပေါ့"

"ဟုတ်ပါတယ် ဦးလေး"

"ကဲ . . ကဲ၊ လာကွာ၊ အိမ်ပေါ်တက်၊ နားနားနေနေပေါ့"

နေလွှမ်းမှာ ယခုမှပင် ကြွေဖိုးထိန်ကို တွေ့ရန်ကိစ္စမှာ အဆင်ပြေသွားပြီမို့ စိတ်ထဲတွင် ပေါ့ပါးလန်းဆန်းသွားကာ အိမ်ပေါ်တက်ရန် ပြင်လိုက်သည်။ ပြီးမှ ဆိုက္ကားဆရာအား ဆိုက္ကားခမပေးရသေးသည်ကို သတိရပြီး ဆိုက္ကားခ ကျသင့်ငွေကို မေး၍ ရှင်းပေးလိုက်သည်။

"ဟိတ်ကောင် ဖိုးချဲ၊ မင်းရော အိမ်ပေါ်တက်ပါဦးလားကွ"

ဦးဖိုးထိန်က ဆိုက္ကားဆရာလေးအား လှမ်းခေါ်သည်။

"တော်ပြီ . . ဦးလေးထိန်ရေ၊ ကျွန်တော် နေ့တွက်မကိုက်သေးဘူးဗျ။ ဆိုက္ကားဆက်နင်းလိုက်ဦးမယ်"

တစ်ဆက်တည်းပင် ဆိုက္ကားဆရာက နေလွှမ်းဘက်လှည့်ပြီး –

"ကဲ . . . သွားလိုက်ဦးမယ် ဆရာလေး၊ ဟောဒီရပ်ကွက်ထိပ်က ဆိုက္ကားဂိတ်မှာ ကျွန်တော်အမြဲတမ်းရှိတယ်၊ ဆရာလေး သွားစရာ လာစရာရှိရင် အချိန်မရွေးခေါ်ပါ"

ဟု ပြောလေသည်၊ နေလွှမ်းကလည်း သဘောကောင်းသော ဆိုက္ကားဆရာအား ခင်မင်စိတ်ဖြစ်ပေါ်သွားပြီး ပြုံးရွှင်စွာဖြင့် "ကျေးဇူးတင်ပါတယ်"ဟု ပြောလိုက်လေသည်။

ဆိုက္ကားဆရာ ထွက်သွားသည်နှင့် နေလွှမ်းလည်း အိမ်ကလေးပေါ်သို့ တက်ခဲ့တော့သည်။

နေလွှမ်းအိမ်ပေါ်သို့ရောက်မှပင် ဦးဖိုးထိန်၏ အိမ်ကလေးမှာ ပြန့်ပြန့်ပြူးပြူးနှင့် အတော်အသင့် ကျယ်ဝန်းကြောင်း တွေ့ရသည်၊ ဦးဖိုးထိန်က သူ့အား သစ်သားဆက်တီခုံကလေးများ ချထားသည့် အိမ်ဘေးဘက် ဧည့်ခန်းရှိရာသို့ ခေါ်သွားပြီး နှစ်ယောက်အတူ ထိုင်ဖြစ်ကြသည်၊

"ကဲ . . . ဒီအိမ်မှာကတော့ ငါတစ်ယောက်တည်းရှိတာဟေ့၊ မင်းလည်း လွတ်လွတ်လပ်လပ်နေနိုင်တယ်၊ ဒါနဲ့ ငါ့တူနာမည်က ဘယ်လိုခေါ်လဲ"

ဦးဖိုးထိန်က ဘွင်းဘွင်းကြီးပြောရင်း သူ့နာမည်ကို မေးလိုက်သည်။

"ကျွန်တော့်နာမည် နေလွှမ်းပါ"

"ဟား . . နာမည်က အပျံစားပါလားကွ၊ ဒါနဲ့ မင်းဦးလေး ကိုဘမှိုရော ကျန်းကျန်းမာမာပဲမဟုတ်လား"

ဦးဖိုးထိန်၏အမေးကြောင့် နေလွှမ်းမှာ ရုတ်တရက် ဘာမှမပြောနိုင်ဘဲ ငိုင်တွေသွားလေသည်၊ သူ၏ မိဘရင်းသဖွယ် အားကိုးတွယ်တာခဲ့ရသော ဦးလေးဘမှို၏အဖြစ်ဆိုးကို ပြန်လည်မြင်ယောင်ရင်း ရင်ထဲမှ ခံပြင်းကြေကွဲမှုနှင့်အတူ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

များ ရစ်ဝဲလာပြီး နှုတ်ခမ်းကို သွားနှင့် ဖိကိုက်ထားလိုက်သည်။ ရုတ်တရက်ပြောင်းလဲသွားသော သူ့အမူအရာကိုကြည့်၍ ဦးဖိုးထိန်က ပျာပျာသလဲ ဖြစ်သွားသည်။

"ဟင် . . ငါတူ ဘယ်လိုဖြစ်သွားတာလဲ။ မင်း ငါမေးတာကို မကြားလိုက်ဘူးလား"

"ကြားပါတယ် ဦးလေးရာ"

*အဲဒီတော့ လက်ပစ်ဗုံးကြီး တကားကားလုပ်နေတဲ့ ဟိုကုလားကပြားကောင် လည်း အမြီးကုပ်သွား တာပဲ။ ပြီးတော့ သူတို့အမှားကိုလည်း သူတို့ မငြင်းသာတော့တဲ့ အချိန်မှာ သူတို့ဆက်ပြီး အနှောင့်အယှက် မပေးတော့ပါဘူးလို့ ဝန်ခံပြီး သူတို့ရှုံးသွားတဲ့ ပိုက်ဆံလေးတော့ ပြန်ပေးပါလို့ မျက်နှာပြောင်တိုက်ပြီး တောင်းတယ်ကွ။*

"ဒါဖြင့် ဘာဖြစ်သွားတာလဲ။ မင်းကိုကြည့်ရတာ ကိုဘမှိုများ တစ်ခုခုဖြစ်သွားပြီလား"

"ဟုတ်တယ် ဦးလေး။ ဦးလေး ဘမှို မရှိတော့ဘူး"

"ဟင် . . ဘယ်လိုများ ဖြစ်ရတာလဲကွာ"

ဦးဖိုးထိန်၏အသံမှာ အံ့ဩမှုနှင့်အတူ ကြေကွဲသံပါ ရောစွက်နေလေသည်။

သည်တော့မှပင် နေလွှမ်းကလည်း သက်ပြင်းတစ်ချက်ချရင်း ဦးလေးဘမှိုက သူ့အား အခြေအနေအရ မုန်းဒေသမှ ခေတ္တရှောင်ခွာပြီး ကြွေဖိုးထိန်ထံသွားရန် စေလွှတ်ပုံက စပြီး ထိုညက မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် ဦးလေးဘမှိုတစ်ယောက် သောင်းကျန်းသူတို့ လက်ချက်ဖြင့် သေဆုံးခဲ့ရပုံ၊ သူကိုယ်တိုင်လည်း ထိုညက အသက်လုပြီး ထွက်ပြေးခဲ့ရပုံနှင့် ယခု ဦးဖိုးထိန်ထံသို့ ရောက်လာခဲ့ရပုံတို့ကို အစအဆုံး ရှင်းလင်းပြောပြလေသည်။

"တောက် . . တော်တော်မိုက်ရိုင်းတဲ့ ကောင်တွေပဲကွာ"

နေလွှမ်း၏ စကားအဆုံးတွင် ကြွေဖိုးထိန်ထံမှ မခံမရပ်နိုင်စွာထွက်ပေါ်လာသော တက်ခေါက်သံနှင့်အတူ ကြေကွဲရေရွတ်သံ ထွက်ပေါ်လာသည်။ ထို့နောက်တွင် နှစ်ဦးစလုံး စကားမဆိုဖြစ်ကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေမိကြသည်။ အမှန်စင်စစ် သူတို့နှစ်ဦးစလုံး ဦးဘမှိုအတွက် စိတ်မကောင်းခြင်းကြီးစွာ ခံစားနေကြရခြင်းသာ ဖြစ်သည်။

အချိန်အတော်ကလေး ကြာသွားသည့်အခါမှ ဦးဖိုးထိန်ကပင် သက်ပြင်းတစ်ချက်ကို လေးတွဲ့စွာ ရှူထုတ်လိုက်ရင်း တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သည်။

"ငါတကယ် စိတ်မကောင်းဘူးကွာ။ မင်းရဲ့အဖေ ဗိုလ်နေရောင်ဆိုတာက ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်ကွ။ မင်းကတော့ ဘယ်သိနိုင်ဦးမလဲကွာ။ လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်လောက်က မင်းတို့ မုန်းဒေသက တောင်ခြေတစ်နေရာမှာ အာဝါဒေးပွဲကြီးတစ်ပွဲ ဖြစ်တယ်ကွ။ ပွဲကတော့ အဲဒီနားက ရွာတစ်ရွာမှာရှိတဲ့ ဘုန်းကြီးပျံကို အကြောင်းပြုပြီး ဖြစ်တာပေါ့ကွာ။ အဲဒီပွဲမှာ ဆယ့်နှစ်ဝိုင်းကစားသမားတွေ တော်တော်များများ သွားကြတာပေါ့ကွာ။ ရွှေဘိုဝေါက်ဂက်တို့၊ သုံးကောင်ဂျင်တို့၊ စုံမအန်စာတုံးကစားတာတို့၊ ဖဲသုံးချပ်တို့ စတဲ့ အောက်ဇယားသမားတွေတလည်း အားကြီးပဲ။ အဲဒီပွဲမှာ ငါတို့က အနီထောင်ဒိုင်သွားဖွင့်တာကွ။ ပွဲကလည်း ရက်ရှည်ဆိုတော့ အဲဒီဇယားမှာ တော်တော်ကလေး စားရတယ်ကွ။ တစ်ရက်မှာတော့ ဗမာအမျိုးသားတစ်ယောက်ရဲ့ ကုလားကပြားတစ်ယောက ရောက်လာတယ်ကွ။ ဖြစ်ချင်တော့ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက် ရောက်လာချိန်မှာ ငါတို့ဇယားက တစ်ဝိုင်းကောင်းကောင်းစားပြီး ထမင်းစား နားနေချိန်ပေါ့။ ငါတို့အဖွဲ့ ထမင်းစားသောက်ပြီး ဖျာပေါ်မှာ အေးအေးဆေးဆေးနားနေတုန်း ဘသားချောနှစ်ယောက်က ရောက်လာပြီး သူတို့နှစ်ယောက်တည်းအတွက် သီးသန့်တစ်ဝိုင်း ဖွင့်ပေးရမယ်လို့ တောင်းဆိုတယ်ကွ။ သူတို့ပါးစပ်တွေကလည်း အရက်နံ့လေး တထောင်းထောင်းနဲ့။ အစမှာတော့ ငါတို့ကလည်း ငြင်းတာပေါ့ကွာ။ ဒီနေ့ ကျွန်တော်တို့ဝိုင်က နားထားပြီ၊ တခြားဝိုင်ရှာထိုးရင် ထိုးပါ။ ပြီးတော့ ဒါဟာ ချိန်းဝိုင်းကစားပွဲမဟုတ်ဘဲ အာဝါဒေးပွဲကြီးဖြစ်လို့ ဝိုင်ပြန်ဖွင့်လျှင်တောင်မှ ပွဲဇယားသာ ဖွင့်ကစားမယ့်အကြောင်း၊ သူတို့နှစ်ယောက်တည်း သီးသန့်ဖွင့်မပေးနိုင်ကြောင်း ပြေပြေလည်လည် ပြောပြပြီး ငြင်းတာပါ။ ဒါကို သူတို့က လုံးဝလက်မခံဘူး။ တခြားဝိုင်လည်း ရှာမထိုးနိုင်ဘူး၊ ဒီဝိုင်ကိုပဲ ထိုးချင်တာဆိုပြီး ပြဿနာရှာနေရော။ ငါတို့က ဖွင့်မပေးဘူးပြောတော့ အနီထောင်ဝိုင်လုပ်ပြီး သတ္တိမရှိရင် ဘာလို့လာလဲတို့၊ လူကြောက်တွေ ထဘီဝတ်ထားပါလားလို့ ရန်စကားတွေ ပြောတော့တာပဲဟေ့။ ငါကလည်း ကြာလာရင် ငါ့နောက်က ကောင်လေးတွေနဲ့ ပြဿနာတက်မှာစိုးတာနဲ့ ဖွင့်ပေးမယ်လို့ ပြောပြီး မင်းတို့မှာ ငွေဘယ်လောက်ပါလဲလို့ မေးလိုက်တယ်။ အဲဒီတော့ သူတို့က ငွေတစ်သောင်းထုပ်တွေ သုံးထုပ်တောင် ထုတ်ပြတယ်ကွ။ တကယ်တော့ အဲဒီခေတ်မှာ ငွေတစ်သောင်းဆိုတာ တော်ရုံတန်ရုံလူက ကိုင်နိုင်တာ မဟုတ်ဘူး။ အဲဒီမှာ ငါက အနီထောင်ဝိုင်တွေရဲ့ ကြိုးလုံးဇယား စည်းကမ်းအရ သူတို့ကို Section နဲ့ (ဆက်ရှင်)နဲ့ စည်းကမ်းသတ်ပြီးထိုးမှ ဖွင့်ပေးမယ်လို့ ပြောတယ်။ သူတို့က အဲဒါတွေလည်း နားမလည်တော့ သူတို့ဘာသာ ထိုးချင်သလိုထိုးမယ်၊ ဝိုင်က လျော်နိုင်အောင်သာ လျော်၊ ဝိုင်ပြုတ်မှ ဒါမှမဟုတ်ရင် သူတို့ကုန်မှ ရပ်မယ်လို့ ဇွတ်ပြောနေတယ်။ ကြာလာတော့ ငါလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး လွှတ်ပေးလိုက်တယ်ကွ"

"အဲဒီတော့ ဘာတွေဆက်ဖြစ်သေးသလဲ ဦးလေး"

ဦးဖိုးထိန်က သူ့စကားကို ဆက်မပြောသေးဘဲ ရပ်နားထားသဖြင့် စိတ်ဝင်စားနေပြီဖြစ်သော နေလွှမ်းက စကားဆက်ရန် ထောက်ပေးသည်။ မောသွားသည့် ဦးဖိုးထိန်ကမူ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ရင်း ကုန်အောင်သောက်လိုက်ပြီးမှ သူ့စကားကို ပြန်ဆက်ပြောသည်။

"ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ယောက်စလုံးက အနီထောင်သမား စစ်စစ်တွေ မဟုတ်ဘူးကွ။ အရက်ကလေးကြောင်လာတော့ မူးမူးနဲ့ ဇွတ်ကျပြီးလုပ်တာ။ လွှတ်ကတည်းက တစ်ယောက်က အုပ်လှည့်တယ်၊ အုပ်ဖတ်တယ်၊ ငွေသုံးသောင်းကို ရှေ့မှာတင်ပုံထားပြီး ဦးတဲ့လူက ငွေတွေအထပ်လိုက် ယူထိုးတော့တာ။ ထိုးတော့လည်း ဘာမှမစဉ်းစားဘဲ အောချင်တဲ့အကွက် တစ်ကွက်တည်း ပုံထိုးနေတာ။ တစ်ခါတလေတော့လည်း ကံစွန့်ပြီး သွားတိုက်တဲ့အခါ လျော်ရတာပေါ့။ သိပ်မကြာပါဘူး . . ။ နှစ်ဆယ့်ငါးလှည့်လောက်ပဲ လွှတ်လိုက်ရတယ်။ သူတို့ပိုက်ဆံတွေ ကုန်တော့တာပဲ"

"အဲဒါ နားအေးသွားတာပေါ့ ဦးလေးရ"

စိတ်ဝင်စားစွာ နားထောင်နေသော နေလွှမ်းက သူ့အထင်ကို ဝင်ပြောလိုက်ခြင်းဖြစ်သည်။

"အေး . . မင်းထင်သလို နားမအေးသွားဘဲ အဲဒီတော့မှ ပြဿနာ အကြီးအကျယ် တက်တော့တာ မောင်ရေ . . ."

"ဘယ်လိုတွေ ဆက်ဖြစ်ပြန်သလဲ ဦးလေး"

"တကယ်တော့ ငါတို့က ကြွေရော၊ ဇယားရော ကြည့်ကြည့်သန့်သန့်လေး ကံပေး ကံတိုက်ကစားတာ။ အဲဒါကို ဒီကောင်တွေက သူတို့ပိုက်ဆံတွေ ညစ်ယူတယ်ဆိုပြီး သူတို့ဆီကရထားတဲ့ ပိုက်ဆံရော ငါတို့ဝိုင်တွေဆီမှာရှိနေတဲ့ ပိုက်ဆံတွေရော အားလုံးပေးရမယ်ပြောတယ်၊ မပေးရင် တောထဲကိုခေါ်သွားပြီး ငါတို့တစ်ဖွဲ့လုံးကို လည်ပင်းကို ဝါးကြောနဲ့လှီးသတ်မယ်ပြောပြီး ကုလား



www.burmeseclassic.com

www.burmeseclassic.com

ကပြားကောင်က ခါးကြားထဲက လက်ပစ်ဗုံးကိုထုတ်ပြတယ်ကွာ"

"ဟာ . . ဒီကောင်တွေက"

"အေး . . အဲဒီတော့မှ ငါတို့လည်း ဒီကောင်နှစ်ကောင်ဟာ ကေအင်န်ယူ သောင်းကျန်းသူတွေထဲက အဖွဲ့ဝင်နှစ်ကောင်ဖြစ်မှန်း သိတာ။ အဲဒီမှာတင် ဘေးဝိုင်းက လူတွေရော၊ ဘာရော ရှုံးစုရုံးစုနဲ့ ဖြစ်ကုန်ပြီး ပွဲကလန့်သွားတာပေါ့။ ငါတို့လည်း ဘာဆက်လုပ်ရမှန်းမသိဘူး ဖြစ်နေပြီ။ ဒီအချိန်မှာပဲ ဟိတ် . . အဲဒါက ဘာဖြစ်နေကြတာလဲ၊ မဆိုင်တဲ့လူတွေ နောက်ဆုတ်စမ်းဆိုပြီး အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနဲ့ ဥပမိရှပ်ကောင်းကောင်း လူတစ်ယောက် ဝင်လာတယ်ကွ။ အဲဒီလူရဲ့နောက်မှာလည်း အောက်က ရှမ်းဘောင်းဘီအနက်တွေ ဝတ်ထားပြီး အပေါ်က ပင်နီတိုက်ပုံတွေနဲ့ ဝါးဖတ်ဦးထုပ်တွေဆောင်းထားတဲ့ လူသုံးယောက် ပါလာတယ်။ ဒီလူတွေရဲ့ပုံစံက တကယ့်ကို တည်တည်ကြည်ကြည်၊ ခံ့ခံ့ညားညားနဲ့ လေးစားလောက်စရာ ရုပ်တွေ။ သူတို့ဝင်လာတော့ စောစောက ရှုံးစုရုံးစုဖြစ်နေတဲ့လူတွေလည်း နောက်ဆုတ်ပြီး ရှိသွားတာပေါ့ကွာ။ လူအုပ်ကြီးရဲ့အလယ်မှာ ငါနဲ့ ငါ့ကောင်သုံးကောင်ရယ်၊ သတ်မယ်ဖြတ်မယ် လုပ်နေတဲ့ ဟိုကောင်နှစ်ကောင်ရယ်ပေါ့"

"တကယ့်ကို ပွဲကြီးပွဲကောင်းပဲနော် ဦးလေး"

"အေးကွ။ ဒါပေမယ့် လက်နက်အားကိုး၊ အဖွဲ့အစည်းအရှိန်အဝါ အားကိုးနဲ့ ကြိုးနိုင်ငယ်ညှဥ်း လုပ်တတ်တဲ့သူတွေဟာ တကယ်အမှန်တရားဘက်က ရပ်တည်တဲ့သူနဲ့ တွေ့ရင်တော့ နောက်ဆုတ်သွားရတာဟာ လောကဓမ္မတာပဲ။ အဲဒီ ဥပမိရှပ်ကောင်းကောင်းနဲ့ လူလည်း ရောက်လာရော သူတို့က အရင်စတိုင်တယ်ကွ။ အဲဒီပုဂ္ဂိုလ်က သူတို့ပြောတာလည်း သေသေချာချာ နားထောင်တယ်၊ တို့ဘက်ကပြောတာလည်း သေသေချာချာ နားထောင်တယ်။ ပြီးတော့ ဘေးပတ်ဝန်းကျင်က လူတွေကို စုံစမ်းပြီး အဖြစ်မှန်ကို ကောက်ချက်ချတယ်။ ပြီးတော့ ဟိုကောင်တွေကို ပြတ်ပြတ်သားသား ပြောတော့တာပဲဟေ့"

"သူက ဘယ်လိုပြောလဲ ဦးလေး"

"သူပြောပုံက . . ဒီမှာ မင်းတို့ကိုယ်မင်းတို့ ကေအင်န်ယူအဖွဲ့ဝင်တွေဆိုပြီး လက်နက်အားကိုးနဲ့ မတရားဗိုလ်ကျဖို့တော့ မစဉ်းစားနဲ့။ မင်းတို့အဖွဲ့အစည်းကလည်း မင်းတို့အဖွဲ့အစည်းရဲ့ ရန်ပုံငွေအတွက် ဒီပွဲဈေးပေါ်မှာ ဘယ်လောက်ပေးရမယ်ဆိုတာ ကန်ထရိုက်တွေဆီက ယူပြီးသား။ ဒီကစားဝိုင်းဒိုင်တွေကလည်း . . . သူတို့ပေးဆောင်ရမယ့် အခကြေးငွေကို သတ်မှတ်ထားတဲ့အတိုင်း ပေးပြီးမှဖွင့်တာ အခု ငါ အဖြေမှန်ကိုသိပြီ။ မင်းတို့က ညစ်နေတာ။ ပြီးတော့ မင်းတို့နားလည်ထားဖို့က ဒါဟာ ငါတို့ဗုဒ္ဓဘာသာက ဘာသာရေးနဲ့ ပတ်သက်တဲ့ ဘုန်းကြီးပျံပွဲအတွက် လုပ်နေတာ။ မင်းတို့ကြောင့် ပွဲပျက်သွားရင် မင်းတို့နဲ့ ငါတို့နဲ့ တွေ့ကြရုံပဲ။ မင်းတို့ သူတို့ကို ထိရဲရင်ထိကြည့်။ ငါဘာကောင်လဲဆိုတာ မင်းတို့သိတယ်လို့ ပြောချလိုက်တာ"

"အဲဒီတော့ ဟိုကောင်တွေ ဘာပြန်ပြောလဲ ဦးလေး"

"အဲဒီတော့ လက်ပစ်ဗုံးကြီး တကားကားလုပ်နေတဲ့ ဟိုကုလားကပြားကောင်လည်း အမြီးကုပ်သွားတာပဲ။ ပြီးတော့ သူတို့အမှားကိုလည်း သူတို့ မငြင်းသာတော့တဲ့အချိန်မှာ သူတို့ဆက်ပြီး အနှောင့်အယှက်မပေးတော့ပါဘူးလို့ ဝန်ခံပြီး သူတို့ရှုံးသွားတဲ့ ပိုက်ဆံလေးတော့ ပြန်ပေးပါလို့ မျက်နှာပြောင်တိုက်ပြီး တောင်းတယ်ကွ။ ဒါပေမယ့် ပုဂ္ဂိုလ်က မင်းတို့ဘာသာမင်းတို့ ကံတရားအတိုင်း ရှုံးတာ။ ဘာမှ ပြန်ပေးစရာမလိုဘူးလို့ ပြောတယ်"

"ဒါဖြင့် သူတို့ တစ်ပြားမှ ပြန်မရသွားဘူးပေါ့"

"ဟိုပုဂ္ဂိုလ်က အမှန်ဘက်က ရပ်တည်ပြီး တစ်ပြားမှ ပြန်ပေးစရာမလိုဘူးလို့ ပြောပေမယ့် ငါတို့က ဒီကောင်တွေနောက်လည်း လာမနှောင့်ယှက်အောင် ရေရှည်ကို ကြည့်ပြီး သူတို့ဆီကရတဲ့ ပိုက်ဆံတွေ အကုန်ပြန်ပေးလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေးပေါ့လေ။ ဒီကောင်တွေက သောင်းကျန်းသူတွေဆိုတော့လည်း သူတို့နဲ့က ပြဿနာကင်းတာကောင်းပါတယ်"

နေလွှမ်းက သူတို့အဖြစ်ကို ပြန်သတိရပြီး ချင့်ချင့်ချိန်ချိန် ပြောလိုက်ခြင်းဖြစ်သည်။

"ငါတို့လည်း ဒီဇယားပေါ်မှာ အမြတ်ကလည်း တော်တော်ရထားပြီး ဖြစ်တဲ့အပြင် ဒီကောင်တွေ မကျေမနပ်နဲ့ လက်နက်ကိုင်ပြီး လာဗိုလ်ကျမှာကို ကြောက်တာနဲ့ ဆက်မဖွင့်တော့ဘဲ ပြန်ဖို့စိတ်ကူးကြတာပေါ့။ ဒါပေမယ့် အင်မတန်လေးစားစရာကောင်းတဲ့ ဟိုပုဂ္ဂိုလ်က ခင်ဗျားတို့ ဘာမှ ပြန်ဆုတ်စရာအကြောင်း မရှိဘူး။ ဒီကောင်တွေ လက်နက်အားကိုးနဲ့ လာပြီးဗိုလ်ကျလို့မရအောင် ကျုပ်လူတစ်ယောက် လွှတ်ပေးမယ်ဆိုပြီး ငါတို့ဆီကို လွှတ်ပေးထားခဲ့တယ်ကွ"

"အဲဒီပုဂ္ဂိုလ်ဆိုတာ ဘယ်သူလဲ ဦးလေး"

"ဘယ်သူရမလဲကွာ။ ငါ့ရဲ့ ကျေးဇူးရှင် မင်းအဖေပေါ့"

"ဗျာ . . ."

အခုမှပင် နေလွှမ်းမှာ သူ၏ဖခင်နှင့် ဦးဖိုးထိန်တို့ ဆက်စပ်ခင်မင်ကြရပုံကို သိရပြီး အံ့ဩနေမိတော့သည်။

"ဟုတ်တယ်။ တကယ်လို့သာ အဲဒီအချိန်မှာ မင်းအဖေနဲ့ သူတပည့် ကွန်မြူနစ်ရဲဘော်တွေ ရောက်မလာရင် ဟိုမိုက်ကြေးခွဲတဲ့ သူပုန်နှစ်ကောင်က ငါတို့ဆီမှာရှိတဲ့ ပိုက်ဆံတွေ အကုန်သိမ်းသွားမယ့်အပြင် စိတ်မထင်ရင် ငါတို့တစ်ဖွဲ့လုံး လက်ပစ်ဗုံးနဲ့ ပစ်ခွဲပြီး သတ်မလား၊ စခန်းကိုခေါ်သွားပြီး ဝါးကြောနဲ့ လှီးသတ်မလား မသိဘူး ငါ့တူရေ"

"ဒါနဲ့ ဦးလေးတို့လည်း ပွဲပြီးအထိ ဆက်ကစားနိုင်ခဲ့တာပေါ့"

"အေးလေကွာ။ ငါတို့ ပွဲပြီးအထိ ဆက်ကစားနိုင်တဲ့အတွက် နောက်ထပ်ငွေ တစ်သိန်းနီးပါး ထပ်စားရတယ်။ အဲဒီလိုကစားနိုင်အောင် လာစောင့်ရှောက်ပေးခဲ့တာက မင်းရဲ့ဦးလေး ကိုဘမှိုကြီးပေါ့ကွာ။ ကိုဘမှို ကျေးဇူးကလည်း ငါ့အပေါ်မှာ အများကြီးပဲကွ။ နောက်ပိုင်းနှစ်တွေ ငါတို့ကစားဝိုင်းထွက်လို့ အဲဒီနယ်ဘက်ရောက်ရင် သူကပဲ အစစအရာရာ ငါတို့ကို ကူညီစောင့်ရှောက်ခဲ့တာ။ ဝိုင်းမကစားရလို့ ဒီအတိုင်း ငုတ်တုတ်ထိုင် ခံနေရတဲ့ အခါမျိုးလည်း အောင်းကြီး ညောင်ပင်သာက သူ့အိမ်မှာပဲ ငါတို့ကို သူကတင်ကျွေးထားတာကါ။ အခုတော့ ငါ့ကျေးဇူးရှင်တစ်ယောက် ဆုံးရှုံးရပြန်ပြီကို"

ဦးဖိုးထိန်က နေလွှမ်း၏အဖေ ဗိုလ်နေရောင်နှင့် ဦးလေးဘမှိုတို့၏ ကျေးဇူးတရားကို ပြန်ပြောင်းအောက်မေ့ရင်း ဆွေးမြေ့စွာ ပြောလိုက်လေသည်။

နေလွှမ်းမှာလည်း ဖခင်ဖြစ်သူနှင့် ဦးလေးဘမှိုတို့၏ ရုပ်လွှာများကို ပြန်လည်မြင်ယောင်ရင်း မျက်ရည်များ ရစ်ဝဲလျက် ရှိနေလေသည်။

"ကဲပါ ငါ့တူရာ။ အခုအချိန်မှာ အဲဒါတွေတွေးပြီး စိတ်မကောင်းဖြစ်နေလို့လည်း လွန်ပြီးသား အခြေအနေတွေကို ငါတို့ ဘာမှမတတ်နိုင်တော့ဘူး။ ဒီတော့ ဦးလေးကလည်း တစ်ကိုယ်ရေတစ်ကာယသမား။ ငါ့တူရဲ့စားရေးနေရေးအတွက် ဘာမှ ပူစရာမလိုဘူး။ ငါ့တူ ဒီမှာ ပျော်သလောက်နေနိုင်တယ်။ ဦးလေးနဲ့ပဲ တစ်သက်လုံး လက်တွဲပြီး နေသွားမယ်ဆိုရင်လည်း ဦးလေးက မင်းကို ကိုယ့်တူကိုယ့်သားတစ်ယောက်လို တစ်သက်လုံး စောင့်ရှောက်သွားနိုင်ပါတယ်။ ငါ့တူ ဘာမှ အားမငယ်ပါနဲ့"

"ဟုတ်ကဲ့၊ ဦးလေးအနေနဲ့ အခုလိုပြောတာ ကျွန်တော့်အနေနဲ့ ဝမ်းသာလို့ မဆုံးသလို၊ ကျေးဇူးလည်းတင်ပါတယ်။ ကျွန်တော့်တစ်သက်မှာ မုန်းကိုပြန်နေဖို့တော့ စိတ်ကူးမရှိတော့ပါဘူး။ လောလောဆယ်တော့ ကျွန်တော် ဒီမှာပဲနေမှာပါ"

သူစကားကို ကြားရသောအခါ ဦးဖိုးထိန်က ပြုံးပြီး ခေါင်းညိတ်လိုက်လေသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

● ကျော်ဆွေဝင်း(ရွှေအင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မြသိန်း

# သဲလွန်စတစ်ခု

လှည်းကူးမြို့နယ် မြောက်ပိုင်းတွင် . . . ထန်းသုံးပင်ကျေးရွာနှင့် ပိတောက်ပင်ကျေးရွာဟူ၍ ရွာနှစ်ရွာ ရှိ၏။ ထိုရွာများတွင် အိမ်ခြေငါးဆယ်စီခန့်သာ ရှိ၏။ ရွာသားများသည် လယ်လုပ်ခြင်း၊ ဝါးခုတ်ခြင်း၊ သားငါးရှာခြင်း၊ ဈေးရောင်းခြင်းဖြင့် အသက်မွေးကြ၏။

တစ်ရွာနှင့်တစ်ရွာမှာ ငါးမိုင်ခန့်ကွာပြီး ထိုရွာနှစ်ရွာအကြားတွင် ကိုင်းတောကြီးတစ်ခုရှိ၏။ အလျားပေ သုံးရာခန့်နှင့် အနံပေ ငါးရာခန့် ရှိသည်။

၁၉၇၀ ပြည့်နှစ် ဆောင်းဦးပေါက် ရက်တစ်ရက်။ ထန်းသုံးပင်ကျေးရွာကောင်စီဥက္ကဋ္ဌ (ထိုစဉ်က အခေါ်) ဦးဇော်ဝင်းသည် နံနက် ၈ နာရီခန့်၌ လှည်းကူးရဲစခန်းသို့ အဖော်တစ်ယောက်နှင့်အတူရောက်လာပြီး စခန်းမှူးအား . . .

"ဆရာ . . ကျွန်တော်တို့ ထန်းသုံးပင်ရွာ မြောက်ဘက်က ကိုင်းတောထဲမှာ မိန်းကလေးတစ်ယောက် သေနေတယ်။ အသတ်ခံထားရပုံရတယ်။ အဲဒီမိန်းကလေးက ကျွန်တော်တို့ရွာက မိကြည်"

ဟု ပြောသည်။

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ" ဦးတင်ဝင်းက မေးသည်။

"ကျွန်တော်တို့ရွာက ရွာသား ဖိုးစိပြောလို့ သိရတာပါ။ ဖိုးစိဟာ မနက် ၆ နာရီလောက်မှာ ပိတောက်ပင်ရွာကိုအသွား အဲဒီကိုင်းတောထဲ အရောက်မှာ အလေးသွားချင်တာနဲ့ ကိုင်းတောထဲအဝင်မှာ ကိုင်းပင်တွေ လဲနေလို့ အဲဒီလဲနေတဲ့ ကိုင်းပင်တွေ ကိုနင်းပြီးဝင်သွားရင်း လူတစ်ယောက် လဲနေတာတွေ့တော့ အနီးကပ်ပြီး သွားကြည့်တော့ မိကြည်ဖြစ်နေတာ တွေ့ရတယ်။ မိကြည်ဟာ မလှုပ်မယှက်ဖြစ်နေတော့ သူလည်းကြောက်ပြီး ကျွန်တော့်ဆီကို အမြန်ပြေးလာပြီး ပြောတယ်။ ဒါနဲ့ ကျွန်တော်လည်း ရွာကောင်စီဝင် ဦးစိုးနဲ့အတူ ဖိုးစိကိုခေါ်ပြီး အမြန်လိုက်သွားတယ်။ ဖိုးစိပြောတဲ့ အတိုင်းပါပဲ မိကြည်ဟာ ပက်လက်၊ မလှုပ်မယှက်။ ကျွန်တော်လည်း အနီးကပ်ကြည့်ပြီးတော့ အသတ်ခံရတာပဲ ဖြစ်ရမယ်ဆိုပြီး ဒီကိုလာခဲ့တာပါ"

ဦးဇော်ဝင်းက ပြောသည်။

စခန်းမှူး ဦးတင်ဝင်းသည် အချိန်မဆိုင်းဘဲ တပည့်သုံးယောက်နှင့်အတူ အမြန်သွားသည်။

ကျေးရွာကောင်စီ ဥက္ကဋ္ဌ၏ စီစဉ်ထားချက်အရ မိကြည်ရှိရာသို့ မဆိုင်သူများ မဝင်ရန် ကျေးရွာကောင်စီဝင် ဦးစိုးနှင့် သူ့လူအချို့က စောင့်ကြည့်နေကြသည်။

ဦးတင်ဝင်းသည် မိကြည်အနားသို့ သတိဖြင့်ကပ်သွားသည်။ ဤသို့ကပ်သွားရခြင်းမှာ လူသတ်သမား၏ ခြေရာလက်ရာများ ပျောက်သွားမှာ စိုး၍ဖြစ်သည်။

ကိုင်းပင်များမှာ လူတစ်ရပ်ခန့်မြင့်သည်။ မိကြည်လဲကျရာ နေရာတစ်ဝိုက်တွင် ကိုင်းပင်များ လဲနေ၏။ အတွေ့အကြုံအရ မိကြည်သည် မုဒိမ်းအကျင့်ခံရပြီး မုဒိမ်းကောင်ကို မိကြည်သိသောကြောင့် မုဒိမ်းကောင်သည် မိကြည်ကိုသတ်၍ နှုတ်ပိတ်လိုက်ခြင်းဖြစ်မည်။

မိကြည်ဝဲဘက်ရင်အုံတွင် သွေးခြောက်များကို တွေ့ရသည်။ ချွန်ထက်သော အရာတစ်ခုခုဖြင့် ထိုးသတ်ထားခြင်းဖြစ်၏။ ဒဏ်ရာမှာ တစ်ချက်တည်း ဖြစ်၏။

မိကြည်အလောင်းမှာ အလွန့်အလွန် အေးစက်နေသောကြောင့် အသတ်ခံရချိန်မှာကြာပြီဖြစ်ကြောင်း ဦးတင်ဝင်း သိလိုက်သည်။

ဦးတင်ဝင်းတို့ ဆရာတပည့်များသည် မိကြည်ပတ်ဝန်းကျင်တွင် သဲလွန်စများကို ရှာကြသည်။

"စေ့စေ့စပ်စပ်ရှာကြ"

ဦးတင်ဝင်းက သူ့တပည့်များကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်ဝင်းသည် မိကြည်၏ တစ်ကိုယ်လုံးကို အသေးစိတ် စစ်ဆေးရာ မိကြည်၏ ရှည်နေသော လက်သည်းများကြားထဲ၌ ညိုပုပ်ပုပ် အရာများကို တွေ့ရသည်။ လက်နှစ်ဖက်စလုံးရှိ လက်ချောင်းများ၏ လက်သည်းများကြားထဲတွင် ဖြစ်သည်။ မိကြည်သည် မုဒိမ်းကောင်၏နောက်ကျောကို လက်သည်းများဖြင့် ကုတ်ခြစ်ရင်း မုဒိမ်းကောင်၏ ကျောကုန်းမှ အသားစများ မိကြည်လက်သည်းကြားထဲ ရောက်နေခြင်းဖြစ်သည်ဟု ဦးတင့်ဝင်းတွေးမိသည်။

ဦးတင်ဝင်းသည် သူ၏မှတ်စုစာအုပ်ထဲမှ စာရွက်အလွတ်တစ်ရွက်ကိုဆုပ်၍ မိကြည်၏ လက်သည်းများကြားထဲမှ ညိုပုပ်ပုပ် အရာများကို အသင့်ပါလာသော စားငယ်လေးထိပ်များဖြင့် စိတ်ရှည်ရှည် ခြစ်ထုတ်ပြီး ၎င်းစာရွက်ပေါ် တင်ထားလိုက်သည်။ အားလုံးခြစ်ထုတ်ပြီးသောအခါ ၎င်းစာရွက်ကို အသေအချာခေါက်၍ သူ၏အင်္ကျီအိတ်ထဲ ထည့်ထားလိုက်သည်။ ၎င်း ညိုပုပ်ပုပ်အရာများသည် အသားအစများဖြစ်ဖို့များ၏။ ဓာတ်ခွဲခန်းပို့ပြီး စစ်ဆေးရန် ဦးတင်ဝင်း စိတ်ကူးထားပြီး ဖြစ်သည်။

ထို့နောက် ဦးတင်ဝင်းသည် မိကြည်လဲကျရာ နေရာရှိ လဲကျနေသော ကိုင်းပင်များကြားထဲမှ လက်ညိုးသာသာအရွယ် ကာကီရောင် အဝတ်စတစ်စကို တွေ့ရသည်။ ၎င်းအဝတ်စတွင် သွေးစအချို့ တွေ့ရသည်။ အလျားရှစ်လက်မခန့်ရှိသော ၎င်းအဝတ်စကိုလည်း ကောက်ယူပြီး အိတ်ထဲထည့်လိုက်သည်။

၎င်းကာကီရောင် အဝတ်စသည် မုဒိမ်းသမား၏အင်္ကျီကို မိကြည်ဆွဲကုတ်ရင်း ပြတ်ထွက်သွားသော အဝတ်စဖြစ်နိုင်ကြောင်း ဦးတင်ဝင်း စဉ်းစားမိသည်။

နောက်ထပ်သဲလွန်စများ မတွေ့တော့၍ ဦးတင်ဝင်းသည် ကျေးရွာကောင်စီဥက္ကဋ္ဌအား မိကြည်အလောင်းကို လှည်းကူးဆေးရုံသို့ ပို့ပေးရန် အကူအညီတောင်းခံလိုက်သည်။

ထိုအခိုက် မိကြည်မိခင် ဒေါ်စိန်ကြည်ရောက်လာပြီး သမီးအလောင်း အနီးတွင် ငိုကြွေးလေတော့သည်။

မိကြည်တွင် ဖခင်မရှိတော့။ သားအမိနှစ်ယောက်တည်းနေပြီး အိမ်ဆိုင်ကလေးတည်၍ အသက်မွေးမှုပြုနေကြောင်း ဦးတင်ဝင်း သိရသည်။

၎င်းနောက် ဦးတင်ဝင်းသည် တပည့်များနှင့်အတူ ပတ်ပတ်လည်လည်တွင် သဲလွန်စများရှာသည်။ လူသတ်သမား မည်သည့်အရပ်ဘက်သို့ ဦးတည်ထွက်သွားသည်ကို ခြေရာခံ၍မရ။

မိကြည် အသတ်ခံရသည့်နေရာနှင့် ပေတစ်ထောင်ခန့် အကွာတွင် တဲငယ်တစ်လုံးတွေ့၍ ထိုတဲကို စစ်ဆေးရာ တဲထဲ၌လူမရှိ။ မည်သည့်ပစ္စည်းမျှလည်း မရှိ။

စခန်းမှူးသည် တပည့်များနှင့်အတူ ထန်းသုံးပင်ကျေးရွာ မိကြည်မိခင်နှင့် သီးသန့်နှစ်ယောက်ချင်း တွေ့ပြီး မိကြည်အကြောင်းစုံစမ်းသည်။

"မိကြည်က ပိတောက်ပင်ကျေးရွာမှာနေတဲ့ သူ့အဒေါ် ကျွန်မရဲ့ညီမအိမ်မှာ ညအိပ်တတ်တော့ အခုလည်း အဲဒီမှာပဲ အိပ်မယ်ထင်လို့ ကျွန်မလည်း စိတ်မပူဘဲ နေခဲ့တာ။ ခုမနက်ရောက်မှ မိကြည်ရဲ့ အဖြစ်ဆိုးကို သိရတော့တယ်"

ဟု ငို၍ပြောသည်။

ထို့နောက် ဦးတင်ဝင်းသည် မိကြည်တွင် ချစ်သူရှိမရှိမေးရာ –

"ရှိတယ်။ ဒီရွာသား မောင်အေးမြင့်ပါ"

ဟု ပြောသည်။

ဦးတင်ဝင်းသည် မိကြည်၏ လက်သည်းများကြားထဲမှ ရသော အသားစဟု ယူဆရသည်များကို အင်းစိန် စီအိုင်ဒီရှိ ဓာတ်ခွဲခန်းသို့ တပည့်တစ်ယောက်အား အမြန်ပို့ခိုင်းလိုက်သည်။ ၎င်းနောက် မောင်အေးမြင့်အား –

"မိကြည်ကို ကျိတ်ပိုး၊ ပြောင်ပိုးပိုးနေကြတယ်လို့ မင်းထင်တဲ့ ရွာသားလူငယ်တွေကို စဉ်းစားပြီးပြော။ မင်းတို့ရွာကရော ပိတောင်ပင်ကျေးရွာက လူငယ်တွေကိုပါပြော"

ဟု ပြောရာ မောင်အေးမြင့်သည် ရွာနှစ်ရွာမှ ကာလသားလူငယ် ခြောက်ယောက်၏ အမည်ကို ပြောသည်။

ဦးတင်ဝင်းသည် ၎င်းလူငယ်ခြောက်ယောက်ကို ရွာကောင်စီဥက္ကဋ္ဌများအကူအညီဖြင့် ခေါ်၍ သူတို့၏ ကျောကုန်းများကို စစ်ဆေးရာ မည်သည့်ဒဏ်ရာမျိုးများကိုမျှ မတွေ့ရ။



www.burmeseclassic.com

www.burmeseclassic.com

မောင်အေးမြင့်နှင့် ရှင်းလူငယ်များကို ရဲစခန်း၌ပင် ဆက်လက်ခေါ်ထားလိုက်သည်။

“ရဲစခန်းမှူးက ကျောကုန်းတွေကို စစ်နေတယ်”ဟူသော သတင်းပျံ့သွားမှာ စိုးရိမ်သောကြောင့် ပြန်မလွှတ်သေးခြင်း ဖြစ်သည်။

ညနေစောင်း၌ ရဲစခန်းမှူး ဦးတင်ဝင်းသည် တပည့်တပ်ကြပ်ကြီး မောင်ဝနှင့်အတူ အရပ်ဝတ် ခပ်နွမ်းနွမ်းများဝတ်၍ လူသတ်မှုဖြစ်ရာ ပတ်ဝန်းကျင် တစ်မိုင်အတွင်းရှိ လယ်တဲများကို လိုက်လံစစ်ဆေးရာ ပိတောက်ရွာနှင့် အလှမ်းမဝေးသော လယ်ကွင်းတစ်နေရာ၌ တဲငယ်တစ်တဲကိုတွေ့ရသည်။ ထိုတဲသို့အရောက်၌ တဲထဲတွင် လူတစ်ယောက်ကို တွေ့ရသည်။ ထိုသူ၏ အသက်မှာ သုံးဆယ်ကျော်ကျော်ခန့်၊ အရပ်မြင့်ပြီး ဗလတောင့်သည်။

ထိုသူသည် ဦးတင်ဝင်းတို့ကို တွေ့လိုက်သည်နှင့် မျက်နှာပျက်သွားသည်ကို ဦးတင်ဝင်း သတိပြုလိုက်မိသည်။

ဦးတင်ဝင်းသည် သူလွယ်ထားသော လွယ်အိတ်ထဲ လက်ထည့်ပြီး ခြောက်လုံးပူးသေနတ်ကို အသင့်ကိုင်ထားလိုက်ပြီး တဲအတွင်း မျက်လုံးကစားရာ တဲထဲထောင့် တစ်နေရာ၌ ကာကီရောင် အင်္ကျီတစ်ထည်ကို ချိတ်ထားသည်ကို တွေ့ရသည်။

တဲထဲမှလူမှာ ပင်နီရောင်အင်္ကျီဝတ်ထားသည်။ ဦးတင်ဝင်းသည် တပ်ကြပ်ကြီးမောင်ဝအား ကာကီရောင်အင်္ကျီကို သွားယူစေပြီး စစ်ဆေးရာ ထိုအင်္ကျီနောက်ကျောပိုင်း၌ ဓါးလိုက်စုတ်နေသည်ကို တွေ့ရသည့်အပြင် အင်္ကျီနောက်ကျောအပေါ်ပိုင်းတွင် အစုတ်အပြဲများ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရ၏။

“မင်း ဘယ်ရွာကလဲ၊ နာမည်ဘယ်လိုခေါ်သလဲ”

ဦးတင်ဝင်းက မေးသည်။

“ကျွန်တော် ပိတောက်ပင်ရွာကပါ။ မောင်ကျော်လို့ ခေါ်ပါတယ်”

အသံတုန်တုန်ယင်ယင်နှင့် ဖြေသည်။

ဦးတင်ဝင်းသည် သူ့အား တဲပြင်သို့ခေါ်ထုတ်၍ အင်္ကျီကို ချွတ်ပြီး သူ၏ကျောကုန်းကိုစစ်ရာ ကုတ်ရာခြစ်ရာများကို တွေ့ရလေတော့၏။

ဦးတင်ဝင်းက အချက်ပြလိုက်သည်နှင့် တပ်ကြပ်ကြီးမောင်ဝသည် သူလျှို့ဝှက်ဆောင်လာသော လက်ထိတ်ကိုထုတ်၍ မောင်ကျော်ကို လက်ထိတ်ခတ်လိုက်လေတော့၏။

ထို့နောက် ဦးတင်ဝင်းသည် ကာကီရောင်အင်္ကျီနှင့်အတူ မောင်ကျော်ကို ရဲစခန်းသို့ ခေါ်လာသည်။

ရဲစခန်းသို့ ရောက်သောအခါ မောင်အေးမြင့်နှင့် ရွာသားခြောက်ယောက်ကို ပြန်လွှတ်လိုက်ပြီး မောင်ကျော်ကို စစ်သည်။

မစစ်မီ ကာကီရောင် အင်္ကျီကို ဖြန့်၍ အင်္ကျီနောက်ကျောရှိ စုတ်ပြဲနေသည့်နေရာတွင် မိကြည်အလောင်းအနီးမှရသော ကာကီရောင် အဝတ်စကိုကပ်ကြည့်ရာ အံကိုက်ဖြစ်နေ၏။

ဦးတင်ဝင်းသည် မောင်ကျော်ကို ထိုအင်္ကျီကိုပြ၍ –

“မင်းရဲ့ကျောကုန်းက လက်သည်းနဲ့ကုတ်ခြစ်ခံထားရတဲ့ ဒဏ်ရာတွေရယ်၊ ကာကီရောင်အင်္ကျီစရယ်၊ ဒါတွေက သက်သေခံနေပြီကွ”

ဟု ပြောလိုက်ရာ . . .

မောင်ကျော်သည် မိကြည်ကို သူမုဒိမ်းကျင့်ပြီး သူ့ကိုသိသောကြောင့် သူသတ်ခဲ့ကြောင်း ဝန်ခံတော့သည်။ (မိကြည်ကို သတ်ရာ၌ အသုံးပြုခဲ့သော ဓားမြှောင်ကို သူ၏ တဲနောက်၌ မြှုပ်ထားသည်ဟု ပြော၍ ရဲတို့က သွားရောက်ဖော်ထုတ်ယူခဲ့သည်။)

မောင်ကျော်မှာ ပိတောက်ရွာသား တစ်ခုလပ်တစ်ယောက်ဖြစ်၏။

“ကျွန်တော် မိကြည်ကို တစ်ဖက်သတ် ချစ်ခဲ့တယ်။ မိကြည် ပိတောက်ရွာကအပြန် လူရှင်းရင် ချစ်စကားလိုက်ပြောပါတယ်။ မိကြည်က အမြင်ငြင်းတယ်။ ဒါနဲ့ မနေ့က ညနေစောင်းမှာ အရက်နဲ့ ရဲဆေးတင်ပြီး မိကြည် ပိတောက်ရွာက အပြန်မှာ ဓားနဲ့ထောက်ပြီး အခုလို လုပ်လိုက်တာပါ”

ဟု ဝန်ခံ၏။

“အေးလေ၊ မင်းက အပြစ်လုပ်ခဲ့တော့ ပြစ်ဒဏ်ခံရတော့မှာပေါ့”

ဟု ဦးတင်ဝင်းကပြောလိုက်၏။

နောင်အခါဝယ် မောင်ကျော်သည် သေဒဏ်ကျခံရန် အပြစ်ပေးခံရပြီးမှ နောက်ဆုံးအယူခံတွင် တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲကျခံသွားရလေတော့၏။

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com



# မျှော်နေကြဦးမှာ

လူရှိန်အောင်

နေ့ခင်း ကြောင်တောင်ကြီးတွင် ကိုပုည ထောင်ကလွတ်ပါတယ်။

နေရောင် ကျဲကျဲတောက်ကြီးသည် ခါတ်တိုင်ထိပ်ဖျားတွင် ကားရားခွထိုင်နေပါပြီ။ ထောင်ထွက် ကိုပုည၏ ဘဝသည်လည်း ကြောင်တောင်တောင်၊ ကြိုမည့်သူ တစ်ယောက်မျှမရှိ၊

ဖျော့တော့သော အကြည့်တွင် မြင်မြင်သမျှသည် ဝါးတားတား။

အညာလွယ်လွန်းသော ရော်ရွက်ဝါတို့သည် ပလီပလာနိုင်လွန်းလှသော လေရှူး၏ ဖြားယောင်းသွေးဆောင်မှုနောက်သို့ ကောက်ကောက်ပါအောင် လိုက်ကြလေပြီ။ ကိုပုညရဲ့ ဘဝက စိတ်နဲ့ခန္ဓာ လမိုင်းမကပ်၊

ဘဝသစ်ကိုပြန်စဖို့ဆိုတာ လွယ်ပါ့မလား။ အတိတ်က ပတ်သက်စပ်ယှက်ခဲ့တဲ့ ဒဏ်ရာအနာတရတွေကိုလည်း လွယ်လွယ်နဲ့ အရှုးကွက်နင်းပစ်လို့ရပါ့မလား။

သေချာတာကတော့ အတိတ်က အရိပ်မည်းတွေဟာ ယခုအချိန်အထိ ထွက်မသွားကြသေး၊ အရှိး



www.burmeseclassic.com

www.burmeseclassic.com

အသားထဲအထိ စိမ့်ဝင်ကာ ခြေကုပ်ယူထားကြဆဲ။ ဘဝခါးခါးကြီးကို တွေးမိတိုင်းကို ပုညရဲ့စိတ်ထဲမှာ ရယ်ချင်သလိုလို၊ ငိုချင်သလိုလို။ (ငိုချင်တာက များပါတယ်လေ။)

ကိုပုညသည် ပျံ့လွင့်နေသော စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။ ဗိုက်ထဲမှာ အစာမရှိလို့လားမသိ။ ခေါင်းထဲမှာ နောက်ကျိကျိ။ အိတ်ကပ်ကို စမ်းကြည့်လိုက်တော့ အိတ်ကပ်သည် လိုအပ်တာထက် ပြားကပ်နေသည်။ ရှိနေတာက ထောင်ထွက်လက်မှတ်။

ကိုပုည၏အိမ်သည် ထောင်နှင့် မဝေး။ မြစ်ရဲ့ဟိုဘက်မှာ ရှိသည်။ တံတားကိုဖြတ်ကူးလိုက်တာနှင့် ရောက်ပြီ။

ပလက်ဖောင်းအတိုင်း လျှောက်လာခဲ့သည်။ မီးပွိုင့်နားရောက်တော့ တံတားကြီးကို လှမ်းမြင်နေရပြီ။ ဖြတ်သန်းသွားလာနေသော လိုင်းကားများကို တွေ့ရသည်။ ပိုက်ဆံမရှိသဖြင့် မျက်နှာချိုးသွေးကာ ပြောစီးရမှာ ဝန်လေးနေမိသည်။

လျှောက်။ ဒါဆို လမ်းဆက်လျှောက်ပေါ့။

ခြေလှမ်းတွေကို တံတားဘက်ဆီသို့ ဦးတည်လိုက်သည်။

"ကိုပုည"

ခေါ်သံ။ လှည့်ကြည့်တော့။

"ဟင် . , . ခင်မ"

ဟုတ်ပ။ ကိုပုည၏ဇနီးဟောင်း ခင်မမသည် ပြုံးနေပါသည်။ ဒါပေမယ့် ခင်မ၏အပြုံးသည် အားမပါ။

နွမ်းယဲ့ယဲ့ အပြုံး၊ မချိအပြုံး။

× × ×

သောကကို အပိုင်စားရထားသော သမီးလေး၏ မျက်နှာလှလှလေးသည် နီရဲမို့အစ်နေသည်၊ ငိုထားတာ။ ပါးပြင်မို့မို့တွင် မျက်ရည်စတွေ မခန်းသေး၊ ရှိုက်နေဆဲ၊ သမီးလေးကိုကြည့်တာ ကိုပုညရင်ထဲ မကောင်း၊ နင့်နေအောင် ခံစားရပါသည်။

ချစ်သမီးလေး ငိုကြွေးနေရတာ သူ့အသုံးမကျလို့ဟု ကိုပုညသိသည်။

သမီးလေး သူ့ဘဝထဲက ထွက်ခွာသွားတုန်းက ငါးနှစ်ပင် မပြည့်သေး။ သူ့ရှေ့မှောက်တွင် ငိုကြွေးနေသော သမီးလေးသည် သူမချစ်သူနှင့် မကြာခင် လက်ထပ်တော့မည်။

ခွင့်လွှတ်၍ မရနိုင်သော လူမှုရေး အမည်းစက်ကို ကိုပုည ကျူးလွန်ခဲ့သည်၊ အချစ်ကြီးသော ခင်မသည် အမျက်ကြီးလေပြီ။ ရှင်းပြလို့မရတော့။ သမီးလေးကိုခေါ်ကာ အဝေးသို့ ထွက်သွားခဲ့လေပြီ။

အခု သမီးလေး ပြန်ရောက်နေလေပြီ။ သောက အငိုမျက်နှာနှင့်။

"သမီးလေး ဖေဖေရှေ့ ရောက်နေပြီလေ၊ ငိုစရာ မလိုတော့ဘူး၊ သမီးလေးရဲ့ အခက်အခဲကိုပြော"

သမီးလေးသည် ဖခင် ကိုပုညအား မဝံ့မရဲကြည့်သည်၊ အားကိုးအကြည့်၊

"သမီးလေး ငိုနေရတာ ဖေဖေ အသုံးမကျလို့ပါကွယ်။ သမီးလေးရဲ့ အခက်အခဲတွေကို ဖေဖေတာဝန်ယူပါတယ်။ ငါ့သမီးလေးအတွက်ဆို ဖေဖေ အသက်တောင် စွန့်ဝံ့ပါတယ်ကွယ်"

ဖခင် ကိုပုညရဲ့ ရင်ထဲကလာသောစကား။ သားသမီးအပေါ်ထားသော မိဘမေတ္တာ။

သမီးလေးသည် ရှိုက်သံဖြင့်။

"သမီးမှာ ထွက်ပေါက်ပိတ်နေလို့ပါ ဖေဖေရယ်၊ နောက်ဆုံး အားကိုးရာဆိုလို့ ဖေဖေပဲရှိတော့တာ။ ဒုက္ခတွေနဲ့ ပင်လယ်ဝေနေတဲ့ မေမေ့ကို ဖွင့်မပြောရက်တော့ဘူး"

"ကဲ . . သမီးလေး စိတ်ကိုငြိမ်ငြိမ်ထား။ ဖေဖေ ဘာလုပ်ပေးရမလဲ"

သမီးလေးသည် ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ နေ့ခင်းဘက်မို့ လက်ဖက်ရည်ဆိုင်ထဲတွင် လူရှင်းသည်။ သီချင်းအေးအေးလေးကို တိုးတိုးဖွင့်ထားသည်။

"ပြောလေ သမီးလေး၊ ဖေဖေ စိတ်မဆိုးဘူး။ တတ်နိုင်တာ ကူညီမယ်"

"သမီးရဲ့ ချစ်သူက သမီးတို့ နောင်ရေးအတွက် လက်ဝတ်လက်စားတွေဝယ်ပြီး သမီးကို ပေးထားခဲ့တယ်"

သမီးလေးရဲ့ ပြောစကားကို ကိုပုည ဝရုစိုက်ပြီး နားထောင်သည်။

"ဖေဖေ"

"ဆက်ပြော သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com

သမီးလေးက မငို့မရဲ မျက်နှာလေးဖြင့် . . .

"လက်ဝတ်လက်စားအချို့ မရှိတော့ဘူး။ သမီးရဲ့ချစ်သူက မေးနေပြီလေ။ ယူတဲ့လူကို သမီးသိတယ်။ ဒါပေမယ့် ပြောမထွက်ဘူး။ အဖြေမပေးရင်လည်း သူတို့အသိုင်းအဝိုင်းက သမီးကို ယုံကြည်မှု ကင်းသွားမှာ။ လူတောတိုးလို့ရမှာ မဟုတ်တော့ဘူး"

"ဖေဖေ ဘာလုပ်ပေးရမှာလဲ သမီး"

"ခေါင်းခံပေးဖို့ပါ ဖေဖေရယ်"

သမီးလေးက ဖခင်ကိုပုညအား အားကိုးတကြီး ကြည့်သည်။ အငိုခနဲ ရှိုက်ကာ . . .

"ဖေဖေယူသွားတာလို့ အဟင့်"

သမီးလေးသည် အဝေးကို ထွက်ပြေးသွားလေပြီ။ ကိုပုည တားချိန်မရလိုက်တော့။ ရင်ထဲတွင် ဟာပြီးကျန်ရစ်သည်။

ဖခင် ကိုပုည၏ အမည်းစက်ကြောင့် သမီးလေးသည် မိစုံဖစုံ မနေခဲ့ရပေ။ လောကအလယ်တွင် သောကတွေကြွယ်ခဲ့ရသည်။ ဘဝနာခဲ့ရသည်။ ကြုံသလို ရုန်းကန်ခဲ့ရသည်။

ကိုပုည ဘာလုပ်မလဲ။ သမီးလေးနှင့် အမှတ်မထင် လမ်းတွင်ဆုံသဖြင့် သမီးလေး၏အိမ်သို့ လိုက်လည်ခဲ့သည်။ ကြုံရာမရ ထွက်ပေါက်ပိတ်နေသော သမီးလေးသည် လက်ဝတ်လက်စားတွေကိုယူတာ ကိုပုညဟု ထုတ်ဖော်ပြောပြီးသွားလေပြီ။

သမီးလေးကို အပြစ်မတင်ရက်တော့ပါ။

ဟိုတုန်းကနှင့်မတူ။ ကိုပုည၏ ဘဝသည် လွန်စွာမှ နိမ့်ကျနေပါသည်။ လက်ဝတ်လက်စားတွေကို ပြန်လည်အစားထိုးပေးဖို့ အခြေအနေက လုံးဝမပေးတော့။

သမီးလေးအတွက် ဆိုလျှင် အသက်စွန့်ဖို့တောင် ဝန်မလေးဘူးဟု ဆုံးဖြတ်ထားခဲ့တာလေ။ ကိုပုည၏ မျက်နှာတွင် အပြုံးတွေနဲ့။ ထိုအပြုံးကား ကျေနပ်အပြုံး၊ ပီတိအပြုံးဟုဆိုလျှင် မမှား။

လက်ဝတ်ရတနာတို့ကို ခိုးမှုဖြင့် ကိုပုညတစ်ယောက် ထောင်ထဲသို့ ဝင်ခဲ့ရပါတော့သည်။

ဆောင်းဝင်စ ရာသီမို့လားမသိ။ ညနေစောင်း သမယတွင် ပန်းခြံထဲ၌ နှင်းတို့ ဝေသီနေပါသည်။ အေးမြသောလေပြည်၏ ကျီစယ်မှုမှ အပ ပန်းခြံဝန်းကျင်သည် လိုအပ်တာထက် တိတ်ဆိတ်နေပါသည်။

အမည်မသိ ငှက်တစ်အုပ်သည် ကန်ရေပြင်ကို ဖြတ်သန်းကာ အဝေးဆီသို့ ခရီးနှင်ကြလေပြီ။

ပိတောက်ပင်အိုကြီး အောက်ရှိ ဆေးသားလွင့်ပြယ်နေပြီဖြစ်သော ခုံတန်းလေးတွင် နှစ်ယောက်သား ထိုင်နေကြသည်။ တော်တော်ကြာပါပြီ။ နှစ်ယောက်သားကြားတွင် စကားလုံးတို့သည် သေဆုံးလို့။

သို့သော် . . .

နှစ်ဦးသား၏ စိတ်ထဲတွင် အတွေးတို့သည် လှည့်ပတ်ပြေးလွှားလျက်ရှိလေ၏။ ရေပြင်ပေါ်သို့ ဖျတ်ခနဲကြွေကျသွားသော သစ်ရွက်တစ်ရွက်ကို ကြည့်ရင်း ကိုပုညက . . .

"သမီးလေး နေကောင်းလားခင်မ"

ဒေါ်ခင်မမက သက်ပြင်းကိုချရင်း . . .

"မသိဘူး"

ကိုပုည အံ့ဩသွားသည်။ ဘာကြောင့် ဒီလိုစကားမျိုး ပြောရတာလဲပေါ့။

"သမီးလေးက မင်းနဲ့အတူတူနေတာလေ"

ဒေါ်ခင်မမက ကောင်းကင်ထက်ဆီသို့ ရီဝေစွာ မော့ကြည့်သည်။ လွမ်းဆွတ်ကြေကွဲသံဖြင့် . . .

"သူ့ယောကျာ်းနဲ့ နိုင်ငံခြားလိုက်သွားပြီလေ"

ကိုပုည၏ ရင်ထဲတွင် ဟာခနဲဖြစ်သွားရသည်။ ထောင်ကထွက်တာနှင့် အတွေ့ချင်ဆုံးမျက်နှာသည် ချစ်သမီးလေးရဲ့မျက်နှာ။ အခုတော့ သမီးလေးသည် အဝေးသို့ထွက်သွားပြီဆိုပဲ။

ဒီဘဝမှာ ချစ်သမီးလေးကို ပြန်တွေ့ခွင့်ရှိပါဦးမလား။ ဒေါ်ခင်မမက

"သမီးလေးရဲ့ လက်ဝတ်လက်စားတွေကို ယူတာ ကျွန်မလေ"

အဖြစ်မှန်ကို ပြောပြသည်။ ကိုပုညက အံ့ဩဟန် မပြ။ ကိုပုည၏ တုံ့ပြန်မှုသည် ထူးခြားမှုမရှိ။ ကန်ရေပြင်လိုပင် ငြိမ်သက်လို့။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မကို စိတ်မဆိုးဘူးလား၊ အပြစ်မတင်တော့ဘူးလား ကိုပုည"

ကိုပုညရဲ့တုံ့ပြန်မှုက ဒေါ်ခင်မမ ထင်ထားသလို မဟုတ်၊ လိုအပ်တာထက်ပင် ပို၍ အေးစက်နေပါသည်၊ ဒါကြောင့် ဒေါ်ခင်မမက အံ့အားသင့်စိတ်ဖြင့် မေးနေရလေပြီ။

"ဘာကိုစိတ်ဆိုးပြီး ဘယ်သူ့ကို အပြစ်တင်ရမှာလဲ ခင်မရယ်"

"ကျွန်မကြောင့် ရှင်ထောင်ကျခဲ့ရတာလေ"

ကိုပုည ပြုံးသည်၊ နွမ်းယဲ့ယဲ့အပြုံး။

"ငါ့ကိုယ်စား ငါ့သမီးလေးအတွက် မင်းလုပ်ပေးခဲ့တာပါ ခင်မရယ်။ မင်းကို ငါကျေးဇူးတင်နေတာ"

"ကိုပုညရယ်"

ဒေါ်ခင်မမရဲ့ မျက်ဝန်းမှာ မျက်ရည်တွေနဲ့။

"သမီးလေးရဲ့ မင်္ဂလာဆောင်အတွက် ကျွန်မမှာ ဘာမှ အဆင်သင့် ရှိမနေခဲ့ဘူး။ ပြီးတော့ သမီးလေးကိုလည်း မျက်နှာ မငယ်စေချင်ဘူးလေ၊ ဒါကြောင့် ကြံမိကြံရာ ကြံခဲ့တာ။ အားလုံးအဆင်ပြေခဲ့ပါတယ်လေ။ တစ်ဖက်ဆွေမျိုး အသိုက်အဝန်းမှာတော့ ရှင်ဟာ ဗိုလ်ဖြစ်ခဲ့တယ်၊ သမီးလေးဟာလည်း အားလုံးကို မျက်နှာမပြဝံ့ဘူး ထင်ပါရဲ့။ အဝေးကို ထွက်သွားခဲ့ပြီလေ"

"အဖြစ်မှန်တွေကို သမီးလေး သိသွားလား ခင်မ"

ဒေါ်ခင်မမ ခေါင်းကိုခါသည်။ မျက်ရည်စတို့ကို လက်ခံဖြင့်သုတ်သည်၊ ရှိုက်သံတို့သည် အသံမထွက်၊ သို့သော် ဒေါ်ခင်မမ၏ငိုသံကို ကိုပုည ကြားနေရသည်၊

မကြာခင် နေဝင်တော့မည်၊ ပန်းခြံပိတ်တော့မည်၊ ကိုပုည ထိုင်ရာမှ ထလိုက်သည်၊ ဒေါ်ခင်မမကို နောက်ဆုံးအကြည့်ဖြင့်ကြည့်ကာ

"သွားမယ် ခင်မရေ"

လှည့်အထွက်၊

"ကိုပုည"

ခြေလှမ်းကိုတန့်ကာ ကိုပုည လှည့်ကြည့်သည်၊

"ကျွန်မ ထောင်ကလွတ်တာ တစ်ပတ်ပဲရှိသေးတယ်ဆိုရင် ရှင်ယုံပါ့မလား"

"ဘာရယ် ခင်မ"

ကိုပုည ကိုယ့်နားကို မယုံချင်၊ ဒေါ်ခင်မသည် ခုံတန်းမှထသည်၊

ကိုပုညရှိရာသို့ လျှောက်လာခဲ့သည်။

"သမီးလေးရဲ့ လက်ဝတ်လက်စားတွေကို ခင်မရဲ့သူငယ်ချင်းဆီမှာ ရောင်းခဲ့တာလေ"

ကိုပုည အသက်ရှူရန်ပင် မေ့လျော့နေခဲ့၏။ ဒေါ်ခင်မမ ဘာကြောင့် ထောင်ကျရတာလဲ၊ အဲဒါကို စိတ်ဝင်စားနေတာ၊

"ယုံကြည်မှုနဲ့ ရောင်းခဲ့တာဆိုပါတော့"

"ခင်မ ဘာကြောင့် ထောင်ကျခဲ့ရတာလဲ"

ကိုပုည မနေနိုင်တော့။ သိချင်စိတ်ဖြင့် ဖွင့်မေးမိလေပြီ။ တစ်ဖက်သတ်ဆန်လွန်းလှသော ကံကြမ္မာကို စိတ်နာဟန်ဖြင့် ဒေါ်ခင်မမသည် မဲ့ပြုံးပြုံးသည်။

"သူငယ်ချင်းက ပိုက်ဆံလိုလို့ လက်ဝတ်လက်စားတွေကို ပြန်ရောင်းတယ်"

ဘာကြောင့်မှန်းမသိ ကိုပုည၏ရင်သည် ဒိတ်ဒိတ်ခုန်လို့၊

"ဆွဲကြိုးတစ်ကုံးဟာ အတုဖြစ်နေတယ်"

"ဘာ အတု"

"တန်ဖိုးက ဆယ်သိန်းကျော်နေတယ်"

ဒေါ်ခင်မမ ငိုလေပြီ၊ သိမ့်သိမ့်လူးအောင် ငိုနေတာ။ ကိုပုည မခံစားနိုင်တော့၊ မကြည့်ရက်တော့၊

"ခင်မရယ်"

ကြင်နာယုယစွာ ထွေးပွေ့ထားလိုက်တယ် . . ။ လောကဓံရဲ့အထုအထောင်းမှာ မိဘနှစ်ပါးသည် သောကတွေပွေလို့။ ကျန်ရှိနေသေးသော ဘဝသက်တမ်းတိုတိုကလေးမှာ နှစ်ယောက်တစ်ဘဝ ထူထောင်ရင်း . . .


အဝေးမှာ ပျော်နေရှာတဲ့ ချစ်သမီးလေးရဲ့ ပြန်အလာကို အသက်ရှင်နေသရွေ့ စောင့်မျှော်နေကြဦးမှာ၊ ချစ်သမီးလေး ပျော်ပါစေတုထာဝရ ဆုတောင်းနေကြဦးမှာ၊

လှရိုန်အောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တာမလွန်ဘဝမှ ဇော်ကွက်သည်ရွာ

ဟန်သိင်

ခင်ပြုံးနှင့် ကိုကျော်လွင် အိမ်ထောင်ကျပြီ၊ နှစ်ယောက်ပေါင်းမှ ရှစ်တန်းဆိုတော့ ကာယအားဖြင့် လုပ်ကိုင်ရသော အလုပ်ကိုသာ ကြိုးစားလုပ်ရသည်။ ပဲခူးလှည်းကူးဘက်မှ စိုက်ပျိုးရေးခြံကြီးတစ်ခုတွင် အလုပ်ရသည်။ လင်မယားနှစ်ယောက်စလုံး နေ့စားအလုပ်ရသည်။ စိုက်ပျိုးရေးခြံအတွင်း စိုက်ကွက်လွတ်ကင်းသောနေရာ တဲထိုးနေခွင့်ရပါသည်။ ကေသောင်းချီ စိုက်ပျိုးရေးခြံကြီးတွင် သူတို့လို အလုပ်သမားမိသားစုများ အသီးသီး တဲထိုးနေကြရသည်။

ခင်ပြုံးက ဘဝကံအနေအစားအရသာ အလုပ်ကြမ်း လုပ်ကိုင်ရပေမယ့် နေ့စဉ် ရေဒီယိုသတင်းဆောင်းပါး နားထောင်သူဖြစ်၍ အလုပ်သမားအုပ်စု ဘဝတူချင်းထဲမှာ ဗဟုသုတကြွယ်ဝသည်။ တော်ရုံ နေမကောင်း လျှင် ဆေးဝါးလည်း မှန်ကန်အောင် တိုက်တတ်သည်။ ကျန်းမာရေးလက္ခဏာလည်း နားထောင်ထား၍ ဖြစ်သည်။ တောတောင်သဘာဝအရ နေမကောင်းတာလောက်တော့ ခင်ပြုံးက ပြုစုစောင့်ရှောက်ပေးသည်။ ထို့ကြောင့် ဆရာမကြီး စာရင်းဝင်ပမာ။

ခင်ပြုံးက လူမှုဆက်ဆံရေးကောင်းရုံမက အသုံးအစွဲလည်း ကျစ်လျစ်သည်။ ကိုကျော်လွင်၏ ဝင်ငွေဖြင့် မျှတအောင် သုံးစွဲပြီး ခင်ပြုံး၏ လုပ်အားခများကို စုဆောင်း အရင်းအနှီးပြုကာ စားကုန်၊ သောက်ကုန်၊ ကွမ်း၊ ဆေးလိပ်၊ အဝတ်အထည်၊ အိမ်သုံး ဆေးဝါးလည်း မြို့ဈေးကြီးမှ သွားဝယ်ကာ ရောင်းပြန်သည်။

ခင်ပြုံး၏ အမြင်ရှိမှုကြောင့် စိုက်ပျိုးရေးခြံထဲရှိ အလုပ်သမားအုပ်စု အလှမ်းဝေးသော ရွာထဲသို့ သွားစရာမလိုတော့၊ ထမင်းချက်ချိန် ဆန်အမြေးဝယ်စရာ မလိုတော့ပေ။ ကိုကျော်လွင်တလည်း ဟော့ဟော့ ရမ်းရမ်း မရှိ။ ညနေခင်း ဆေးဖြစ်ဝါးဖြစ် အနည်းငယ်မော့တာကလွဲ၍ မိန်းမ၏ ဈေးရောင်းမည့် ငါးဆယ်တန်၊ တစ်ရာတန်များ ဝိုင်းကူညီထုပ်ပိုးပေးတတ်သလို အိမ်မှုကိစ္စလည်း မောင်တစ်ထမ်း၊ မယ်တစ်ရွက် ဘက်ညီကြသည်။ ဘာသာတရားလည်း ကိုင်းရှိုင်းကြပြန်သည်။

ဘုရား၊ တရား၊ သံဃာ ပူဇော်ခြင်းအပြင် ကိုယ်မိုခိုအားထား အလုပ်လုပ်ရသော တောစောင့် တောင်စောင့်၊ တောပိုင်၊ ကွင်းပိုင်၊ ရွာတော်ရှင်၊ နယ်တော်ရှင်များကိုလည်း ကုသိုလ်အကြောင်းဆက်ပေးတတ်ကြသည်။

◆◆◆◆◆

သူတို့နေသော အလုပ်သမားအုပ်စုအတွင်းမှာ နေရာစုံ၊ ဒေသစုံမှ ရောက်လာကြသူများဖြစ်၍ စရိုက်စုံလင်သည်။ မည်မျှပင်ပန်းစွာ အလုပ်လုပ်ရပါစေ၊ ရသမျှငွေကို သောက်

www.burmeseclassic.com

စားပစ်ကြသူလည်းရှိ အချို့က မိန်းမ၊ ယောကျ်ား ဖဲဝိုင်းဖွဲ့ကြတာလည်း ရှိကြသည်။ ထိုလူစားထဲမှာ ခင်ပြုံး တို့လင်မယား မပါပေ။

ထိုအထဲမှာ ခင်ပြုံးတို့ တစ်ဖက်ခြံမှနေသော လူသုံးဦးရှိသည်။ ဆန်ကြွေး၊ ဆီကြွေး၊ အကြွေးရသမျှ အကုန်ယူသည်။ လုပ်ခရှင်း၍ ငွေရလည်း ပြန်မဆပ်ချင်၊ ကြွေးယူပြီးပြီး တောင်းတော့မုန်း ဆိုသကဲ့သို့ နှစ်ကြိမ်၊ သုံးကြိမ် မကတော့။ ခင်ပြုံးသည် ဘယ်ခါမှ နှုတ်ဝစီကြမ်းတမ်းသူ မဟုတ်၊ သည်တစ်ခါတော့ စောစောကပဲ ခြံမန်နေရာထဲမှ လုပ်ခများ ရှင်းယူလာကြတာ ပူပူနွေးနွေးပဲ ရှိတာ၊ ယူထားသော အကြွေးငွေ ရရှိရန်တောင်းရာ မပေးနိုင်သေးဟု၍ အော်လွှတ်သည်။ ဒေါသစိတ်က ထောင်းခနဲ ထွက်ရကာ နှုတ်မှလည်း

"ဟဲ့ . . . ကျော်စိုး၊ ငွေဆိုတာ ဘယ်သူမှ အလကားမရဘူး သိရဲ့လား။ အားလုံး ပင်ပင်ပန်းပန်း ရှာဖွေကြရတာ၊ သူများဆီက အကြွေးယူပြီးရင် လူစိတ်ရှိရင် ပြန်ဆပ်ပေါ့။ အရှက်တရား မရှိတဲ့ဟာတွေ"

မည်မျှ စိတ်စေတနာကောင်းကောင်း ကတိမတည်သောသူများအပေါ် ဒေါသဖြစ်လာရသည်။ လူ့စိတ်ဆိုတာက အခက်သား၊ အတ္တကြီးသူတို့က ကိုယ်ကသာ သူများအပေါ် မတရားလုပ်ထားပေမယ့် ကိုယ့်ကျတော့ လေနှင့် အပြောခံရတာကိုပင် ခံရခက်ကြပြန်သည်။

ကျော်စိုး၊ ငရွှေ၊ ရခိုင်တို့သုံးဦး အရက်သောက်ရင်း ခင်ပြုံးပြောဆိုသံကို နားထောင်ပြီးမှာ တညီတညွတ်တည်း တေးမှတ်ထားကြလေသည်။

"ဒီကောင်မကို ငါတို့ ကောင်းကောင်းဆုံးမပြရမယ်"

ဒါကို ခင်ပြုံးကတော့ မသိချေ။

◆◆◆◆◆

ခင်ပြုံး စိုက်ကွင်း အလုပ်နားချိန်မှာ မြို့ဈေးကြီးသို့ စက်ဘီးဖြင့် ဈေးသွားဝယ်မည်။ ဈေးဝယ်ရန် ငွေကို သေသေချာချာလိပ်၍ အတွင်းခံအင်္ကျီနှင့် ရင်ဘတ်ကြားထဲ လိပ်ထည့်လိုက်သည်။ ဈေးစာရင်းစာရွက်၊ ဈေးတောင်းကြီးထဲ တောင်းသေးထည့်တင်ကာ စက်ဘီး တွန်းထွက်ခဲ့ပြီး . . .

"အစ်ကိုရေ ပြန်လာမှ ထမင်းအတူစားမယ်နော်"

ဟု မှာခဲ့လေသည်။

သူတို့ စိုက်ကွင်းခြံနှင့် ရွာသို့ရောက်ရန် နာရီဝက်ခန့် စက်ဘီးနင်းရသလို မြို့ဈေးကို တစ်နာရီကျော်နင်းရသည်။ စိုက်ကွင်းနှင့် ရွာအကြားမှာက မြေလွတ်မြေရိုင်းတောကြီး၊ လျှိုကြီးကို ဖြတ်ကျော်ရသည်၊ လူပြတ်သည်။ သည်နေရာများက သွားလာနေကျမို့ ဘာမျှအန္တရာယ်မရှိ၍ ဒီလိုပဲ သွားလာကြရသည်။

"ဖြုန်း"ခနဲ စက်ဘီးရှေ့မှာ ခြေကားလက်ကား လာရပ်ပြီး ဝဲယာ ချုံတောထဲမှလည်း တစ်ဦးစီထွက်လာပြီး အနီးကပ် ရောက်လာကြသည်။ ခင်ပြုံး စက်ဘီး ရှေ့ဆက်သွားမရတော့၊ လူစိမ်းသူစိမ်းလည်း မဟုတ်၊ ခြံနီးချင်း ဖြစ်သော ကျော်စိုး၊ ငရွှေ၊ ရခိုင်တို့ ဖြစ်သည်။

"နင်တို့ ဘာလုပ်တာလဲ"ဟု အော်ကာ မေးသောအခါ . . .

"နင့်ကို ဆုံးမဖို့လာတာ"

"ဒုတ်"

"အား"

ပြောလည်းပြော၊ ခေါင်းကို ရိုက်ချခံလိုက်ရသည်။ စက်ဘီးရော လူရော လဲကျသွားသည်။ ခင်ပြုံး အတင်းပင် လူးလဲထဖို့ မာန်တင်းစဉ် ရင်အုံနံဘေးကို ထပ်ရိုက်ခံရသည်။ ပြီးတော့ ခင်ပြုံးကို မချီကာ လူသူဝေးသော လျှိုအောက်သို့ ခေါ်ဆောင်သွားကြသည်။ တစ်ယောက်က စက်ဘီးတွန်းယူလာသည်။ လူက သတိရတစ်ချက် မရတစ်ချက်။

ခင်ပြုံးအပေါ် အသက်ရန်ရှာယုံမက အရှက်ကိုပါ ရန်ရှာကြတော့သည်။ လူသားချင်း စာနာစိတ်၊ နှမသားချင်း စာနာစိတ် ကင်းမဲ့မှုကို ပြုဆောင်ကြလေပြီ။ ခင်ပြုံးဝှက်ထားသော ဈေးသုံးငွေကို ဝေစုခွဲယူကြပြီး အောင်သေအောင်သား စားခွင့်ရသည့် သားစားကြူးသည့် ဘီလူးမျက်နှာဖြင့် ထွက်ခွာသွားကြသည်။

ယောကျ်ားသုံးဦး၏ လက်နက်အားကိုးပြုခဲ့သည့် ရက်စက်မှုကြောင့် ခင်ပြုံးအရှုံးမပေးချင်ဘဲ လူ့လောက



www.burmeseclassic.com

www.burmeseclassic.com

မှ ထွက်ခွာခဲ့ရသည်။ စိတ်အာရုံကတော့ သူပြန်အလာကို မျှော်နေမည့် ခင်ပွန်းသည်ထံသို့သာ။

တကယ်လည်း ပြန်လာနေကျအချိန် ပြန်မလာတော့ ခင်ပြုံးလာရာလမ်းကို ထွက်မျှော်ရသူက ကိုကျော်လွင်။ ထမင်းစားချိန်လွန်၍ ညနေစောင်းပြီ။ ပို၍ ပူပန်ရပြီ။ မနေသာတော့။ အနီးအနား အလုပ်ကြပ်လူကြီးကို ပြောရသည်။ နောက်တစ်နေ့လည်း ပေါ်မလာ။ ဆွေမျိုးမိဘတွေဆီ ဆက်သွယ်တော့လည်း မလာ။ လင်မယားချင်းလည်း စကားများရန်ဖြစ်ခြင်းလည်း မရှိခဲ့ပါ။ ကိုကျော်လွင် စိတ်ပို၍ ပူပန်ရကာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သွားရောက်တိုင်ပင်ပြီး ရဲစခန်းတွင် လူပျောက်တိုင်ကြား အမှုဖွင့်ခဲ့တော့သည်။

သေသည်၊ ရှင်သည်မသိ။ ဇနီးသည် ပျောက်ဆုံးခြင်းမလှ ပျောက်သွားသည်မှာ တစ်ရက်၊ တစ်ပါတ်၊ တစ်လပင် ရှိလာပြီ။ တစ်လကျော်မျှအကြာမှာ စိုက်ပျိုးခြံဝင်းအတွင်း အလုပ်တူလုပ်ကြသော မပူတူးတစ်ယောက် နေရင်းထိုင်ရင်းက ခါတ်ပူးနတ်ပူးသည့်နှယ် ဖြစ်လာသဖြင့် . .

"ဟဲ့ . . ဟဲ့ . . တောပိုင်၊ ကွင်းပိုင်တွေက ဘာမကျေနပ်လဲ မသိဘူးနော်"

ဟု တစ်စုံတစ်ယောက်က ပြောမိရာ . . .

"တောပိုင်ကွင်းပိုင် မဟုတ်ပါဘူး၊ ကျွန်မ ခင်ပြုံးပါ"

"ဟင်"

"ဟဲ့ . . . ခင်ပြုံးက ဘာဖြစ်လို့ ဝင်ပူးရတာလဲ"

မေးသူက မေးပြန်ရာ

"ကျွန်မ ပြီးခဲ့တဲ့ သီတင်းကျွတ်အဖိတ်နေ့က ဈေးဝယ်သွားရင်း အသတ်ခံရတာ"

"ဟာ . . ."

"ဟင် . . ."

ကြားရသူများ အံ့သြကုန်သည်။

"ဒါဆို ဘယ်မှာ သတ်ခံရတာလဲ ဘယ်သူက သတ်တာလဲ"

"အီးဟီးဟီး . . . အောင်မယ်လေး အစ်ကိုရဲ့။ ခင်ပြုံးအဖြစ်က ဆိုးပါတယ်။ ခင်ပြုံးကို ကျော်စိုးရယ်၊ ငရွှေရယ်၊ ရခိုင်ရယ်လေ အကောက်ကြံ ယုတ်မာပြီး သတ်ပစ်တာ။ ဈေးဖိုးငွေတွေလည်း ယူသွားတယ်။ စိုက်ကွင်းတောင်ဘက် လျှိုကြီးထဲမှာ ညီမရဲ့အလောင်းရှိတယ်။ ညာဘက်ခပ်လှမ်းလှမ်း ဖုန်းဆိုးတောထဲမှာ စက်ဘီးက လဲနေတယ်။ ခင်ပြုံးအချိန်မရတော့ဘူး။ သွားတော့မယ်နော်။ ခင်ပြုံးအလောင်းကို သဂြိုဟ်ပေးပါ။ ဆွမ်းသွတ်အမျှဝေပေးပါ။ အဟင်းဟင်း . . . ဟူး"

မပူတူးရဲ့ ပင်ကိုယ်လေသံမျိုး မဟုတ်။ ခင်ပြုံးရဲ့ ပြောပုံဆိုပုံ အတိုင်းပင်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ စိုက်ကွင်းထဲက လူတွေ၊ ကာယကံရှင် ကိုကျော်လွင်မှလွဲ၍ အပြင်မထွက်ရ တားမြစ်လိုက်သည်။

ကျေးရွာလူကြီးအား သတင်းပို့၊ ရဲစခန်းသို့အကြောင်းကြား ဝိုင်းကူရှာဖွေရာ မပူတူးအား ပူးကပ် နာမ်ချဉ်း၍ ပြောသကဲ့သို့ပင် လျှိုကြီးအောက်ဘက်မှာ ခင်ပြုံးအလောင်းက ပုပ်ပွနေပါပြီ။ ဝတ်ထားသော အင်္ကျီကြောင့်သာ။ ယုတ်မာရက်စက်လိုက်ကြသည့်လူတွေ။ ငွေလေးသောင်းဝန်းကျင်မျှနှင့် လူတိုလည်း စော်ကား၊ လူ့အသက်လည်းသတ်၊ အဝီစိငရဲမှာ အကြိမ်ကြိမ်တူးခံရမည့် လူ့အနှစ်တွေ။

ကျော်စိုး၊ ငရွှေ၊ ရခိုင်တို့ ပြေးမည်ကြံသော်လည်း ရဲတပ်ဖွဲ့ဝင်များက အချိန်မီရောက်လာကြသဖြင့် လက်ထိတ်ကိုယ်စီနှင့် လိုက်ပါသွားကြရသည်။ သူတို့အပြစ်ကို ဝန်ခံဖြောင့်ချက် ပေးတော့သည်။ မပူတူးထံ ပူးကပ်ပြောကြားသည့် ခင်ပြုံး၏နာမ်ဝိညာဉ် ထွက်ဆိုချက်နှင့် မလွဲအောင် တူညီစေရာ ပုဒ်မ ၃၀၂/၃၇၆ ဖြင့် ထိုက်တန်သော ပြစ်ဒဏ်ပေးခြင်း ခံရစေတော့သည်။

ထိုအခါ တခဏလွှန်မှ ခင်ပြုံးကြားသိစေတာ ကျေနပ်ပါစေတု ကိုကျော်လွင်ရော စိုက်ပျိုးရေးခြံမိသားစုဝင်များက မေတ္တာပို့ ဆုတောင်းပေးနေကြပေပြီ။ သာဓုခေါ်၍ အမျှရပါစေ ခင်ပြုံးရေတု . . .။

ဟန်သီဇင်



www.burmeseclassic.com

www.burmeseclassic.com



# မိုးသည်းညက
# သေတ္တာကြီးတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



# မိုးသည်းညက သေတ္တာကြီးတစ်လုံး

ဗညားဦး(အိမ်မဲ)

(၁)

မိုးမှောင်ပြိုကျလာသည်။

ကားလမ်းမပေါ်တွင် မိုးရေစက်များ ပိုးပိုးပေါက်ပေါက် ကျနေလျက်၊ လမ်းနံဘေး မီးတိုင်၏ အလင်းရောင်သည် မိုးစက်မိုးပေါက်များကို အန်တုကာ လမ်းမပေါ်ကို အလင်းရောင် ဖြာကျနေသည်။

"လှမြင့်ဇော် . . ကားကိုလည်း ကြည့်မောင်းကွာ၊ မိုးကလည်း ရွာလိုက်တာ လွန်ပါ့ကွာ"

ကားမောင်းနေသော လှမြင့်ဇော်၏နံဘေးတွင် ထိုင်နေသော သက်ဦးက ပြောလိုက်သည်။

"အေးပါကွ၊ ရန်ကုန်ည ရန်ကုန်မိုးဆိုတာ ဒီလိုပဲကွ၊ ငါတို့အတွက်တော့ရိုးနေပါပြီ သက်ဦးရာ"

"ရိုးနေတာ အကြောင်းမဟုတ်ဘူး၊ မိုးတွေက သဲသဲမဲမဲ ရွာနေတာကွ၊ ကားကို သတိထားမောင်းစမ်းပါ"

"မင်းကလည်း စိုးရိမ်လွန်ပါရော"

လှမြင့်ဇော်သည် ကားကိုမောင်းနေရင်း သက်ဦးကို ရယ်ကျဲကျဲပြောလိုက်သည်၊ လှမြင့်ဇော်သည် မိုးစက်မိုးပေါက်များကိုကြည့်ရင်း . . .

"အေးကွာ၊ ဒီညကျမှ မိုးကလည်း ရွာလိုက်တာ လွန်ပါရော"

မိုးစက်မိုးပေါက်များ ပြေးလွှားနေသော ကားလမ်းမပေါ်တွင် ရေများလျှံတက်လာသည်၊ လှမြင့်ဇော်သည် ကားကို သတိကြီးစွာ မောင်းနှင်နေသည်၊

လှမြင့်ဇော်သည် အိမ်မဲမြို့က သူငယ်ချင်းဖြစ်သူ သက်ဦး ရန်ကုန်ရောက်လာတုန်း သမ္မတရုပ်ရှင်ရုံမှာ ညပွဲ လိုက်ပြသည်၊ ရုပ်ရှင်ကြည့်ပြီး ဗိုလ်ချုပ်ဈေးနားက စားသောက်ဆိုင်မှာ စားကြသည်၊ ပြီးမှ လှမြင့်ဇော်နေထိုင်ရာ အင်းစိန်ဘက်သို့ ပြန်လာခြင်းဖြစ်သည်၊

ည ၁ နာရီကျော်နေပြီ၊

မိုးကလည်း မစဲ၊ သည်းသည်းထန်ထန် ရွာသွန်းနေလျက်၊ ရန်ကုန် အင်းစိန် ကားလမ်းမပေါ်တွင် ကားများပြေးလွှားနေသည်မှာ ကားတစ်စီး နှစ်စီးမျှသာ၊ ကားများကျဲသွားလျက်၊ လှမြင့်ဇော်သည် ကားကို မောင်းလာရင်း . . .

"သက်ဦး ဟိုရှေ့က ဘာကြီးလဲ မသိဘူးကွ"

အလှမ်းဝေးကွာနေသောကြောင့် မိုးပေါက်ကြားမှ လှမ်းမြင်နေရခြင်း ဖြစ်သည်၊ ထို့ကြောင့် မှုန်မှုန်ဝါးဝါး၊



www.burmeseclassic.com

www.burmeseclassic.com

အနီးရောက်မှ သက်ဦးက လှမ်းကြည့်ရင်း . . .

"လှမြင့်ဇော် . . သေတ္တာကြီး တစ်လုံးကွ"

"ဟုတ်လား။ ကားရပ်ပြီး သွားကြည့်ရအောင်"

မိုးကလည်း တဖွဲဖွဲမျှသာ ရွာသွန်းတော့သည်။ လှမြင့်ဇော်နှင့် သက်ဦးတို့သည် ကားပေါ်မှ ဆင်းလိုက်သည်။ ကားလမ်းမပေါ်တွင် တွေ့လိုက်ရသော သေတ္တာကြီးကို သက်ဦးက စူးစူးစိုက်စိုက် ကြည့်ရင်း

"ဟာ . . . ရတနာသေတ္တာကြီးထင်တယ်၊ ပွတာပဲဟေ့"

"မင်းကလည်း လုပ်တော့မယ်။ သေတ္တာကြီးက သော့ခတ်ထားတယ် နော်။ တို့နှစ်ယောက် မ,ကြည့်ရအောင်"

မိုးရေများ ရွဲစိုနစ်နေသော သစ်သားဖြင့်ပြုလုပ်ထားသည့် သေတ္တာကြီးကို မ,ကြည့်သည်။

"ဟာ . . မ,လို့လည်း မရဘူးကွ။ လှမြင့်ဇော် ရတနာသေတ္တာကြီး ဖြစ်ဖို့ သေချာတယ်"

သက်ဦးက သေတ္တာကြီးကို မရင်း ပြောလိုက်သည်၊ လှမြင့်ဇော်သည် သေတ္တာကြီးကို သေချာစိုက်ကြည့်ရင်း . . .

"အင်း . . ညကြီး အချိန်မတော် ဒီသေတ္တာကြီးကို သော့ခတ်ပြီး ထားခဲ့တာတော့ မသင်္ကာစရာပဲ သက်ဦး။ တို့ရဲစခန်းကို အကြောင်းကြားလိုက်မယ်"

"ကောင်းတာပေါ့"

လှမြင့်ဇော်သည် ကားဆီကို ပြေးသွားပြီး ကားပေါ်မှာ ထားခဲ့သော ဟန်းဖုန်းကိုလှမ်းယူပြီး ရဲစခန်းကို အကြောင်းကြားလိုက်သည်။ ပြီးမှ သေတ္တာကြီးကို စေ့စေ့ကြည့်နေမိသည်။

✦ ✦ ✦

(၂)

ရဲကားများ ရောက်လာကြသည်။

"ကျွန်တော် ဒုရဲအုပ် တင်အောင်မိုးပါ။ ခင်ဗျားတို့ နာမည်လေးတွေ ပြောပါဦး"

"ကျွန်တော်က လှမြင့်ဇော်။ သူက သက်ဦးပါ"

"ညီလေးတို့က အခု ဘယ်က ပြန်လာကြတာလဲ"

"ကျွန်တော်တို့ မြို့ထဲက ပြန်လာကြတာပါ။ ဒီနေရာရောက်တော့ ဒီသေတ္တာကြီးကို တွေ့တာပဲ"

ဒုရဲအုပ်တင်အောင်မိုးသည် လှမြင့်ဇော်နှင့် သက်ဦးကို စူးစိုက်ကြည့်ပြီး သေတ္တာကြီးကို စူးစူးစမ်းစမ်း သေချာကြည့်ကာ . . .

"ဆရာသိန်းဌေး သေတ္တာကြီးက သော့ကို ရိုက်ဖွင့်စမ်း"

"ဟုတ်ကဲ့ ဆရာ"

ရဲတပ်သားနှစ်ဦးသည် သေတ္တာကြီးက သော့ကို ရိုက်ဖွင့်လေသည်။ သော့ပွင့်သွားပြီး သေတ္တာကြီးအဖုံးကို မလိုက်သည်။ ထိုအခါ တွေ့မြင်လိုက်ရသောအရာကား အသက် ၃၀ ဝန်းကျင်ရှိမည့် အမျိုးသမီးအလောင်း။ အမျိုးသမီးအလောင်းမှာ ခွေလျက်သား တွေ့လိုက်ရသည်။

ဒုရဲအုပ်တင်အောင်မိုးသည် အမျိုးသမီးအလောင်းကို သေချာကြည့်ပြီး မှုခင်းသတင်းမှတ်တမ်း ရိုက်ယူလိုက်သည်။ အမျိုးသမီးခေါင်းမှာ သွေးများ အိုင်ထွန်းနေလျက်၊ ခြေထောက်တစ်ဖက်မှာ ဖိနပ်အဖြူရောင်၊ ခြေထောက်တစ်ဖက်မှာ ဖိနပ်မပါ။

သေတ္တာအတွင်းကို သေသေချာချာထပ်ကြည့်လိုက်သည်။ သေတ္တာနံဘေးတွင် ကတ်ပြားတစ်ခု သွားတွေ့သည်၊ ကတ်ပြားမှာ လိပ်စာကတ်ပြား။

ဒုရဲအုပ် တင်အောင်မိုးသည် ကတ်ပြားကို သေချာကြည့်ပြီး တပ်ကြပ်သိန်းဌေးကို လှမ်းပြောလိုက်သည်။

"ဆရာသိန်းဌေး . . ဒီလိပ်စာကတ်ပြားထဲက အိမ်ကိုသွားပြီး အဲဒီအိမ်ကလူတစ်ယောက်ခေါ်လာခဲ့စမ်း"

"ဟုတ်ကဲ့ ဆရာ"

တပ်ကြပ်သိန်းဌေးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ယောက်တို့သည် ကားပေါ်တက်ပြီး မောင်းထွက်သွားသည်။

လှမြင့်ဇော်က ဒုရဲအုပ်တင်အောင်မိုးကို ကြည့်ကာ . . .

"ကဲ . . . ဦးတင်အောင်မိုး၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

"အေးဗျာ။ ခုလို တာဝန်သိတဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြည်သူတွေထဲက ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်။ ခင်ဗျားတို့ကို ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်လေး ပေးခဲ့ပါလား"

"ရပါတယ် ဦးတင်အောင်မိုး"

လှမြင့်ဇော်သည် သူ၏ဖုန်းနံပါတ်ကို ပေးလိုက်ပြီး ကားပေါ်တက်ကာ မောင်းထွက်သွားသည်။ ဒုရဲအုပ်တင်အောင်မိုးသည် လှမြင့်ဇော်၏ ကားနံပါတ်ကို သေချာမှတ်ထားလိုက်သည်။

"ဘယ်လိုလဲ သက်ဦး။ မင်းပြောတော့ ရတနာသေတ္တာဆို . . ဟား . . ဟား . . ဟား"

လှမြင့်ဇော်သည် ကားမောင်းလာရင်း သက်ဦးကို ပြုံးလှဲ့လှဲ့ပြောလိုက်သည်။ သက်ဦးသည် ခေါင်းကုတ်ရင်း . .

"အေးကွာ။ ရတနာသေတ္တာမဟုတ်ဘဲ အမျိုးသမီးအလောင်းကြီးဖြစ်နေတာကတော့ မိုးမင်းကြီးက မျက်လှည့်ပြလိုက်တာလား မသိဘူးနော်"

"မင်းကလည်း ကြဲကြဲဖန်ဖန်ပြောနေပြန်ပြီ . . ဟားဟားဟား"

လှမြင့်ဇော်၏ ရယ်သံလွင်လွင်လေးသည် ရန်ကုန်ညအခင်းကို မြူးမြူးကြွကြွ ရှိသွားတော့သည်။

✦ ✦ ✦

(၃)

ဒုရဲအုပ် တင်အောင်မိုးသည် အမျိုးသမီးအလောင်းကို စူးစူးစိုက်စိုက် ကြည့်နေသည်။

အတန်ကြာသည့်အခါ တပ်ကြပ်သိန်းဌေးတို့ ပြန်ရောက်လာကြသည်။

"ဆရာ . . ဒီမှာ ဦးထိုက်ကျော်ပါလာတယ်"

တပ်ကြပ်သိန်းဌေးက ဒုရဲအုပ်တင်အောင်မိုးကို ပြောလိုက်သည်။ ဒုရဲအုပ်တင်အောင်မိုးသည် တပ်ကြပ်သိန်းဌေးနံဘေးတွင် ရပ်နေသော ဦးထိုက်ကျော်ကို စေ့စေ့ကြည့်ကာ . . .

"ဦးထိုက်ကျော်က ဒီလိပ်စာကတ်ပြားထဲက အိမ်ရှင်လား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ဒီအမျိုးသမီးကို သိလား"

ဦးထိုက်ကျော်သည် သေတ္တာကြီးထဲက အမျိုးသမီးအလောင်းကို ကြည့်လိုက်သည်။ ပြီးမှ . . .

"ဟာ . . ဒါ . . ကျုပ်မိန်းမ မြမြအေးပဲ"

"သေချာတယ်နော် ဦးထိုက်ကျော်"

"သေချာပါတယ်"

"ခင်ဗျားမိန်းမ အိမ်ကနေ ဘယ်အချိန် ထွက်သွားတာလဲ"

"အင်း . . . နေ့လယ်က ထွက်သွားတာပဲ"

"ဒါဆိုရင် ခင်ဗျားမိန်းမ အိမ်ပြန်မလာတာ ဘာလို့ လိုက်မရှာတာလဲ"

"ဦးလည်း စောင့်နေတာ"

"ဦးထိုက်ကျော်နဲ့ ဦးထိုက်ကျော်မိန်းမ စကားများသေးလား"

"မများပါဘူး"

ဒုရဲအုပ် တင်အောင်မိုးသည် ဦးထိုက်ကျော်ကို သေချာကြည့်လိုက်သည်။

ထိုစဉ် တပ်ကြပ်သိန်းဌေးက ဒုရဲအုပ်တင်အောင်မိုးကို ပြောလိုက်သည်။

"ဆရာ ဦးထိုက်ကျော်တို့ တိုက်ရှေ့ ပန်းအိုးနားက ဒီဖိနပ်အဖြူတစ်ဖက် တွေ့လို့ယူလာတယ်"

ဒုရဲအုပ် တင်အောင်မိုးသည် တပ်ကြပ်သိန်းဌေး လှမ်းပြသော ဖိနပ်အဖြူတစ်ဖက်ကို သေချာယူကြည့်လိုက်သည်။

"ဒါ ဒီအမျိုးသမီးရဲ့ ဖိနပ်တစ်ဖက်ပဲ။ ဘယ်လိုလဲ ဦးထိုက်ကျော်၊ ခင်ဗျားမိန်းမရဲ့ ဖိနပ်တစ်ဖက်က ဘာလို့ကျန်ခဲ့တာလဲ"

"ဒါ . . ဒါ . . ဒါ . . ဒီဖိနပ်တစ်ဖက်ဟာ ကျုပ်မိန်းမရဲ့ ဖိနပ်အဟောင်းပါ။ ကျုပ်မိန်းမ လွှင့်ပစ်ထားတာ ဖြစ်ပါလိမ့်မယ်"

ဒုရဲအုပ် တင်အောင်မိုးသည် မျက်နှာတစ်ချက် ပျက်သွားပြီး ထစ်ငေါ့ငေါ့ပြောနေသော ဦးထိုက်ကျော်ကို လှမ်းကြည့်ရင်း မသင်္ကာဖြစ်မိသည်။

"ကဲ . . ဆရာသိန်းဌေး ဒီအမျိုးသမီးအလောင်းကို ဆေးရုံကြီးဆီပို့ပြီး ဆေးမှတ်တမ်း ယူလာခဲ့။ ဆရာဆန်နီက ကျွန်တော်နဲ့ လိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ဦးထိုက်ကျော် ခင်ဗျားတို့တိုက်ကို သွားကြည့်ရအောင်"

ဒုရဲအုပ် တင်အောင်မိုးက ဦးထိုက်ကျော်ကို ပြောလိုက်သည်။ ဦးထိုက်ကျော်သည် မျက်နှာပျက်လျက် လိုက်သွားခဲ့သည်။

ဦးထိုက်ကျော်၏ မျက်နှာကို အကဲခတ် စူးစူးရဲရဲလှမ်းကြည့်နေသူမှာ ဒုရဲအုပ်တင်အောင်မိုး . . .။

✦ ✦ ✦

(၄)

မြို့အတွင်းသို့ ကားထိုးရပ်လိုက်သည်။

ကားပေါ်မှဆင်းပြီး ဦးထိုက်ကျော်တို့တိုက်ကို စူးစူးစိုက်စိုက် လိုက်လံကြည့်နေသူမှာ ဒုရဲအုပ် တင်အောင်မိုး။ တိုက်ရှေ့ရှိ ပန်းအိုးများကို လိုက်လံကြည့်နေမိသည်။ ပြီးမှ . . .

"ကဲ . . . ဦးထိုက်ကျော် တိုက်ထဲကို ဝင်ကြည့်ရအောင်"

"ဝင်ကြည့်နိုင်ပါတယ်"

တိုက်ထဲကို လှမ်းဝင်လိုက်ကြသည်။ တိုက်အတွင်းကို စေ့စေ့စပ်စပ် လိုက်လံကြည့်နေမိသည်။

ထိုစဉ် အပေါ်ထပ်ကိုတက်သော လှေကားအောက်ခြေရင်း ကြမ်းပြင်ပေါ်တွင် သွေးစ တစ်စနှစ်စကို တွေ့လိုက်ရသည်။ ဒုရဲအုပ် တင်အောင်မိုးသည် ဦးထိုက်ကျော်၏ မျက်နှာကို သေချာကြည့်ရင်း မေးလိုက်သည်။

"ဒီတိုက်အတွင်းမှာ ဦးထိုက်ကျော်တို့နဲ့အတူနေတာ ဘယ်သူရှိလဲ"

"အိမ်ဖော် ဒေါ်လုံးခင်ရှိပါတယ်"

"ဘယ်မှာလဲ၊ ဒေါ်လုံးခင် ခေါ်ပေးပါ"

ဦးထိုက်ကျော်သည် အောက်ထပ်ကို လှမ်းကြည့်ရင်း . . .

"ဒေါ်လုံးခင် . . . ဒေါ်လုံးခင် လာခဲ့ ပါဦး"

အောက်ထပ် အခန်းတစ်ခန်းထဲမှ မိန်းမကြီးတစ်ယောက် ထွက်လာသည်။ ဒုရဲအုပ် တင်အောင်မိုးသည် ဒေါ်လုံးခင်ကို စေ့စေ့ကြည့်ပြီး

"ဒေါ်လုံးခင် ဒီတိုက်မှာအလုပ်လုပ်တာ ကြာပြီလား"

"သုံးနှစ်ကျော်သွားပါပြီ"

"ဒီတိုက်မှာ အလုပ်လာလုပ်ဖြစ်တာ ဘယ်သူ့အဆက်အသွယ်နဲ့လဲ"

"အဒေါ်က မြမြအေးတို့မြို့ကပါ။ မြမြအေးခေါ်လို့ ဒီမှာလာပြီး အလုပ်လုပ်တာပါ"

ဒေါ်လုံးခင်၏ မျက်နှာသည် ဦးထိုက်ကျော်ဆီ ရောက်သွားသည်ကို ဒုရဲအုပ်တင်အောင်မိုး သိလိုက်သည်။

"ကဲ . . . ရဲဘော်ဆန်နီ၊ ဦးထိုက်ကျော်ကို တိုက်အပြင်ဘက်ကို ခဏခေါ်သွား၊ ဒေါ်လုံးခင်တစ်ယောက်တည်းကို စစ်ဆေးမေးမြန်းစရာ ရှိတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဦးထိုက်ကျော် ကျွန်တော့်ကိုကူညီတဲ့အနေနဲ့ တိုက်အပြင်ဘက်ကို ခဏထွက်ပေးပါ"

"ဟုတ်ကဲ့ ရပါတယ်"

ဦးထိုက်ကျော်သည် ဒေါ်လုံးခင်ကို တစ်ချက်တွေခနဲကြည့်ပြီး တိုက်အပြင်ဘက်ကိုထွက်သွားသည်။

"ကျွန်တော် မေးတာကို မှန်မှန်ဖြေပါနော် ဒေါ်လုံးခင်"

ဒေါ်လုံးခင်သည် ခေါင်းညိတ်ပြသည်။

ဒုရဲအုပ် တင်အောင်မိုးက ဒေါ်လုံးခင်ကို မေးသည်။

"ဒီတိုက်မှာ ညက ဘာတွေဖြစ်ခဲ့သလဲဆိုတာ သိလား"

"သိပါတယ်"

ဒေါ်လုံးခင်က ကြောက်ကြောက်လန့်လန့် ပြန်ဖြေသည်။

"ကဲ . . . ဒါဆို ဒီတိုက်မှာ ဖြစ်ခဲ့သမျှကို ပြောစမ်းပါ"

ဒေါ်လုံးခင် ကြောက်ကြောက်လန့်လန့်နှင့်ပင် ပြန်ဖြေနေတော့သည်။

ဒေါ်လုံးခင်၏ စကားလုံးများကို အသံဖမ်းစက်နှင့် ဖမ်းယူနေသူမှာ ဒုရဲအုပ် တင်အောင်မိုး။

✦ ✦ ✦

(၅)

"ကျွန်မ ညက အိပ်နေတုန်း အပေါ်ထပ်ကအသံတွေ ဆူဆူညံညံနဲ့ကြားရလို့ အခန်းတံခါးဖွင့်ပြီးကြည့်လိုက်မိတယ်။ အဲဒီမှာ ဦးထိုက်ကျော်က မြမြအေးကို လည်ပင်းညှစ်ပြီး

www.burmeseclassic.com

အပေါ်ထပ်ကနေ ထွန်းချလိုက်တာ တွေ့ရတယ်။ မြမြအေးလည်း လှေကားပေါ်ကနေ ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားတယ်။ ကျွန်မလည်း အခန်းထဲကနေ ပြေးထွက်ပြီး မြမြအေးလို့ ခေါ်လိုက်တယ်။ ခေါ်လို့လည်းမရဘဲ မြမြအေး အသက်မရှိတော့ပါဘူး။ အဲဒီမှာ ဦးထိုက်ကျော်က ကျွန်မကို နင်နဲ့ဘာဆိုင်လို့လဲ၊ သွားအိပ်စမ်းပြောလို့ ကျွန်မလည်း ကြောက်ကြောက်လန့်လန့် သွားအိပ်ရတယ်"

ဒုရဲအုပ် တင်အောင်မိုးသည် အသံဖမ်းစက်ကို ပိတ်လိုက်ပြီး ဦးထိုက်ကျော်ကို စူးခနဲ ကြည့်လိုက်သည်။

"ဘယ်လိုလဲ ဦးထိုက်ကျော်။ ခေါ်လုံးခင်ရဲ့ ထွက်ဆိုချက်ကို ငြင်းချင်သေးလား"

ဦးထိုက်ကျော်သည် ကတုန်ကယင်နှင့် မျက်လုံးကလည်း လှုပ်ရှားနေသလို။ ပြီးမှ . . .

"ဟုတ် . . ဟုတ် . . ဟုတ်ပါတယ်။ ကျုပ် . . ကျုပ်မိန်းမကို သတ်လိုက်မိပါတယ်"

"ဘာကြောင့် ကိုယ့်မိန်းမကိုယ် ပြန်သတ်ရတာလဲ ပြောစမ်းပါဦး ဦးထိုက်ကျော်"

ငေးရီငေးငိုင်နေသော ဦးထိုက်ကျော်သည် တုန်ရီလှုပ်ရှားနေသည့် နှုတ်ခမ်းပေါ်က စကားလုံးများ ခုန်ထွက်ကျလာသည်။

"ကျုပ်နဲ့ မြမြအေး အိမ်ထောင်သက် နှစ်နှစ်ကျော်မှာ ကလေးတစ်ယောက်မှ မဖြစ်ထွန်းဘူး၊ ဒါနဲ့ ကျုပ်သူငယ်ချင်း ဒေါက်တာမောင်မောင်ကြီးနဲ့ ဆွေးနွေးကြည့်တယ်။ ဒေါက်တာမောင်မောင်ကြီးရဲ့ ဆေးစစ်ချက်အရ ကျုပ်ကြောင့် ကလေးမဖြစ်ထွန်းနိုင်ဘူးလို့ ပြောတယ်၊ ကျုပ်လည်း အဲဒီအချိန်ကစပြီး ကျုပ်ရဲ့ အိမ်ထောင်ရေးအပေါ် စိတ်ပျက်လာမိတယ်။ စိတ်ညစ်ပြီး အရက်တွေ အရမ်းသောက်မိတယ်။ တစ်ညပေါ့။ ကျုပ်အရက်သောက်ပြီး အိမ်ပြန်ရောက်တော့ မြမြအေးက မအိပ်သေးဘဲ ကျုပ်ကိုစောင့်နေတယ်။ ကျုပ်က ဘာဖြစ်လို့မအိပ်သေးတာလဲလို့ မေးတော့ မြမြအေးက ကျုပ်ကို ပြောစရာရှိလို့ စောင့်နေတာလို့ ပြောတယ်။ ဘာပြောစရာရှိလို့လဲလို့မေးတော့ မြမြအေးက သူ့မှာ ကျုပ်နဲ့ရတဲ့ကိုယ်ဝန် နှစ်လရှိနေပြီလို့ပြောတယ်။ ကျုပ်က မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး။ နင် မှန်မှန်ပြောစမ်း၊ ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်လဲလို့မေးတော့ ကျုပ်နဲ့ရတဲ့ ကိုယ်ဝန်လို့ပြောတယ်၊ ကျုပ်က မှန်မှန်ပြောစမ်း၊ မပြောရင် ဒီည နင့်ကို သတ်ပစ်မယ်လို့ ပြောလိုက်တော့ ကျုပ်ကုမ္ပဏီက မန်နေဂျာ မောင်စိုးနဲ့ရတဲ့ ကိုယ်ဝန်လို့ပြောတော့ ကျုပ်လည်း ဒေါသတွေ ထိန်းမရတော့ဘဲ ပေါက်ကွဲသွားပြီး သစ္စာမရှိတဲ့ မိန်းမ ဆိုပြီး လည်ပင်းကိုညှစ်ထားပြီး လှေကားပေါ်ကနေ ထွန်းချပစ်လိုက်တယ်"

ဦးထိုက်ကျော်သည် စကားကို ရပ်လိုက်သည်၊ အတန်ကြာ ငေးငိုင်ပြီး မှ စကားကို ဆက်လိုက်သည်။

"အောက်ရောက်တော့ မြမြအေး အသက်မရှိတော့ဘူး။ အဲဒီတော့မှ ကျုပ်လည်း ဘာလုပ်ရမှန်းမသိတော့ဘဲ တိုက်အနောက်ဘက်မှာနေတဲ့ ကျုပ်ကုမ္ပဏီက ဝန်ထမ်းတွေဖြစ်တဲ့ လေးမြတ်နဲ့ စိုးကြီးကို သွားခေါ်ပြီး တိုက်နောက်ဘက်က သေတ္တာကြီးကို သွားယူခိုင်းပြီး တိုက်ရှေ့မှာ ထားခိုင်းလိုက်တယ်၊ မြမြအေးအလောင်းကို သုံးယောက်သား ဝိုင်းမပြီး တိုက်ရှေ့ကို သယ်လာတယ်။ အဲဒီမှာ ဖိနပ်တစ်ဖက် ကျကျန်ခဲ့တာ ကျုပ်သတိမထားမိလိုက်ဘူး။ တိုက်ရှေ့မှာချထားတဲ့ သေတ္တာထဲကိုထည့်ပြီး သော့ခတ်လိုက်တယ်။ နောက်ပြီး ကားပေါ်ကိုမတင်ပြီး ကားလမ်းမပေါ်မှာ သွားထားခဲ့တာပဲ"

ဦးထိုက်ကျော်သည် စကားကို အဆုံးသတ်လိုက်ပြီး ခေါင်းငုံ့ထားလိုက်သည်၊ ဒုရဲအုပ် တင်အောင်မိုးသည် ဦးထိုက်ကျော်ကိုကြည့်ရင်း


"ခုလို အမှန်တရားကို ဖွင့်ပြောတာဟာ အကောင်းဆုံးပါပဲ ဦးထိုက်ကျော်။ ဆရာဆန်နီ ဦးထိုက်ကျော်ကို လက်ထိပ်ခတ်ပြီး ခေါ်သွားပါ"

ဦးထိုက်ကျော်သည် ရဲများခေါ်ဆောင်သွားရာ လိုက်သွားရတော့သည်။

ဗညားဦး(အိမ်မဲ)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တရားခံ စုံထောက်

■ ဝသုန်ဟိန်းထက်

ကားပေါ်က ဆင်းဆင်းချင်း ဒုရဲအုပ် ဦးမြင့်ဇော်က နာမည်ကျော် စုံထောက် ကိုလှိုင်ဘွား၏ ပခုံးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ ထူးခြားသော ဇင်းအပြုအမူကို ကိုလှိုင်ဘွားက အံ့ဩစွာဖြင့် ဒုရဲအုပ်၏ မျက်နှာကို လှည့်ကြည့်လိုက်၏။

ဒုရဲအုပ်ဦးမြင့်ဇော်၏ မျက်နှာက ခါတိုင်းထက် တည်ငြိမ်ရင့်ကျက်နေသယောင် တွေ့လိုက်ရသည်။ သို့သော် မျက်စိလျင်၍ လူကဲခတ်ကျွမ်းကျင်လှသော ကိုလှိုင်ဘွားက ဦးမြင့်ဇော်၏ မျက်နှာတွင် ပုန်းခိုနေသော လျှို့ဝှက်ချက်တစ်ခုကို အမှတ်မထင် သတိပြုလိုက်မိသည်။

"ဘာ . . . ဘာဖြစ်လို့လဲ . . ကိုမြင့်ဇော်"

လုပ်သက်တစ်လျှောက် ညီရင်းအစ်ကိုပမာ ခင်မင်ရင်းနှီးကြသူတွေမို့ တစ်ယောက်အထာကို တစ်ယောက် သိနေကြခြင်းလည်း ဖြစ်သည်။ ဒုရဲအုပ်ဦးမြင့်ဇော်က လက်တစ်ဆစ်ခန့်သာ ကျန်တော့သည့် စီးကရက်ကို မြေပေါ် ပစ်ချလိုက်ပြီးနောက် ဖိနပ်ဖြင့် ဖိနင်းပစ်လိုက်သည်။ ထို့နောက်တွင်မှ . . .

"ခင်ဗျား စိတ်ခိုင်ခိုင်ထားဖို့တော့ လိုမယ် ကိုလှိုင်ဘွား"

ဟု တစ်လုံးချင်း လှမ်းပြောလိုက်လေသည်။

"ဗျာ . . . ဘာ . . . ဘာဖြစ်လို့လဲ၊ ဘာတိုဆိုလိုတာလဲဗျာ"

"အင်း . . . အလောင်းကိုမြင်ရင် သိပါလိမ့်မယ်"

ထွေထွေထူးထူး မပြောတော့ဘဲ ရှေ့မှ တစိုက်စိုက်ထွက်သွားသော ဒုရဲအုပ် ဦးမြင့်ဇော်၏ ကျောပြင်ကိုကြည့်ရင်း ပဟေဠိများစွာဖြင့် စုံထောက်ကို လှိုင်ဘွားတစ်ယောက် လိုက်ပါလာခဲ့သည်။

ရဲအစောင့်အရှောက်များနှင့် ကန့်သတ်ဧရိယာ ပြုလုပ်ထား၍ ပြင်ပလူဝင်ခွင့်မရှိ။ လူသတ်မှုအခင်းဖြစ်ရာအိမ်က ပေနှစ်ဆယ် ခြံဝင်းလေးထဲမှာ။ ပျဉ်ထောင်အိမ် ခပ်သေးသေးတစ်လုံးသာ ဖြစ်သည်။ ထိုအိမ်ကို မြင်လိုက်သည်နှင့် ကိုလှိုင်ဘွားရင်ထဲ ဒိန်းခနဲ ဖြစ်သွားရသည်။ ထိုအိမ်သည် သူ့အတွက် ရင်းနှီးကျွမ်းဝင်ပြီးသား အိမ်ဖြစ်သည်။ တစ်နည်းအားဖြင့် . . . ကိုလှိုင်ဘွား၏ချစ်သူ သက်သခင်၏အိမ်ပင် ဖြစ်၏။

အံ့ဩစိတ်နှင့်အတူ တုံ့ခနဲရပ်သွားသောသူ့ကို ဦးမြင့်ဇော်က ပခုံးဖက်၍ ဆွဲခေါ်လာခဲ့သည်။ သူသိထားတာက အသက်နှစ်ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတစ်ဦး အသတ်ခံရသည်။ ထို့အတွက် စုံစမ်းဖော်ထုတ်ရန် ယခုကဲ့သို့ ရောက်လာခြင်းဖြစ်သည်။

သို့သော် အသတ်ခံရသူ၏ အိမ်က သူ့ချစ်သူ သက်သခင်၏ အိမ်ဖြစ်နေသည်။ ထိုအိမ်တွင် သက်သခင်နှင့် မိခင်ကြီးဖြစ်သူ နှစ်ဦးသာ နေထိုင်ကြသည်။ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်မိန်းကလေး အသတ်ခံရသည် ဆိုတော့ . . . ။

ကိုလှိုင်ဘွား ဆက်မတွေးရဲတော့။ ရင်ထဲ အပူမီးတောက်စွာဖြင့် အိမ်ထဲ ဝုန်းခနဲပြေးဝင်လိုက်သည်။

"သြော် . . . မောင်လှိုင်ဘွား ရောက်လာပြီလား။ သက်သခင် အဖြစ်ကို ကြည့်ပါဦးကွယ် . . . အဟင့် ယယဟင့် ယယဟင့်"

တရှိုက်ရှိုက် ငိုကြွေးနေသော သက်သခင်၏မိခင်ကြီးကို ရဲမေများက ဝိုင်းဝန်းနှစ်သိမ့် ဖေးမနေသည်ကို တွေ့လိုက်ရသည်၊ ကိုလှိုင်ဘွားနှင့် သက်သခင်တို့က ချစ်သူတွေဟု သိထားကြသူများကတော့ သူ့ကို တရုဏာသက်စွာ ဝိုင်းကြည့်နေကြသည်ကိုလည်း တွေ့လိုက်ရ၏။

"ဘယ်မှာလဲ သက်သခင်၊ ဘယ်မှာလဲ ပြောကြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

အရှုးတစ်ယောက်လို ပေါက်ကွဲအော်ဟစ်လိုက်သော ကိုလှိုင်ဘွားကို ဒုရဲအုပ် ဦးမြင့်ဇော်ကပင် တွဲခေါ်၍ မီးဖိုချောင်ဘက် ထွက်လာခဲ့သည်။

"သက်သခင် ကျွန်တော့်ချစ်သူ သေပြီလား။ ဘယ်သူသတ်တာလဲ။ ဘာကြောင့်လဲ။ ဘာတွေဖြစ်ခဲ့တာလဲဗျာ။ ရှင်းပြစမ်းပါဦး ကိုမြင့်ဇော်"

"စိတ်ကို တတ်နိုင်သလောက် ထိန်းပါ ငါ့ညီ။ မင်းလည်း ဝါရင့်အမှုလိုက်ကျော် တစ်ယောက်ပဲ။ ဟုတ်တယ်၊ မင်းချစ်သူ သက်သခင်သေပြီ။ အသတ်ခံလိုက်ရတာ။ အခု မနက် ၄ နာရီလောက်ကပဲ အသတ်ခံရတယ်လို့ ခန့်မှန်းရတယ်"

"ဗျာ . . ."

အိမ်အနောက်ဘက် ဘူးစင်အောက်တွင် ခွေခွေလေး လဲသေနေသော သူ့ချစ်သူ သက်သခင်ကို တွေ့လိုက်ရ၏။ အနားတွင် စောင့်ကြပ်နေသော ရဲသားတစ်ဦးက အခုလို ရှင်းပြသည်။

"အသတ်ခံရတာ လေးနာရီလောက်ပဲ ရှိဦးမယ်ဆရာ။ လူသတ်သမားဟာ ဒီမိန်းကလေးကို ဒီမနက် ၄ နာရီလောက်မှာ လည်ပင်းညှစ်သတ်ခဲ့တာပါ"

"ဘုရား . . . ဘုရား ဖြစ်မှဖြစ်ရလေ"

ချစ်သူ၏ အလောင်းကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်ရင်း ကိုလှိုင်ဘွားတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့သည်။ ယခင်ကဆိုလျှင် အလောင်းပေါင်းများစွာကို စေ့စေ့စပ်စပ်၊ နိုက်နိုက်ချွတ်ချွတ် စစ်ဆေးတတ်သော စုံထောက်ကျော်က ယခုတော့ ချစ်သူ၏အလောင်းကို တို့ထိရန်ပင် မဝံ့မရဲ ဖြစ်နေ၏။

ထို့ကြောင့် ဦးမြင့်ဇော်ကပင် အလောင်းနံဘေးတွင် ဒူးထောက်ထိုင်၍ သေသူ၏ ရုပ်အလောင်းကို စစ်ဆေးနေရသည်။ ဇီဝိန်ကင်းမဲ့နေသော သက်သခင်၏ အင်္ကျီကြယ်သီးနှစ်လုံး ပြုတ်ထွက်နေ၏။ အနီးနား မြေပြင်တွင် ရှာကြည့်တော့ နှိပ်ကြယ်သီးတစ်လုံးသာ တွေ့ရပြီး တစ်လုံးကို ရှာမတွေ့။ ဆံပင်များကပါ ဖွာလန်ကြဲနေ၍ မသေခင်က ရုန်းကန်ခဲ့သော လက္ခဏာများကို တွေ့ရ၏။

စပ်ဖိုကေးရှင်းဟုသော လေပြွန်ပိတ်သည့် လက္ခဏာကြောင့် မျက်စိသူငယ်အိမ်မှာ လန်နေပြီး လျှာမှာလည်း အနည်းငယ်ထွက်နေသည်။ လည်ပင်းတစ်ဝိုက် ညိုမည်းနေသောဒဏ်ရာနှင့် လည်ပင်းညှစ်သတ်ခံရကြောင်း ပေါ်လွင်နေပေသည်။ သို့သော် လက်ဗွေရာကိုကား မတွေ့ရ။

ထို့ကြောင့် တရားခံသည် ဉာဏ်ပြေးသူ၊ စေ့စပ်သူတစ်ယောက်ဟု ယေဘုယျ ကောက်ချက်ချနိုင်သည်။ အခြားသဲလွန်စ တစ်စုံတစ်ရာ မတွေ့ရ၍လည်း တရားခံ၏အရည်အချင်းကို ပိုသတိထားလိုက်မိသည်။

လူသတ်မှု၌ (၁) ပစ္စည်းဥစ္စာနှင့် အရေးကြီး တစ်စုံတစ်ရာ ရလိုမှုကြောင့် သတ်ခြင်း၊ (၂) ဒေါသအမှားကြောင့် သတ်မိခြင်း၊ (၃) ရန်ငြိုးကြောင့် သတ်ခြင်းနှင့် (၄) ကာမအလို့ငှာ သတ်ခြင်းဟူ၍ ယေဘုယျအားဖြင့် ခွဲခြားသတ်မှတ်နိုင်ပေသည်။

ယခု သက်သခင် သတ်မှု၌ မည်သည့်အကြောင်းအရာကြောင့် သတ်ခြင်းဖြစ်သည်ကို ရှာဖွေဖော်ထုတ်ရပေမည်။

အရှုးတစ်ယောက်ပမာ အော်ဟစ်ငိုကြွေးနေရှာသော စုံထောက်ကျော် ကိုလှိုင်ဘွားကို ဦးမြင့်ဇော်ကပင် ဖေးမနှစ်သိမ့်၍ ခေါ်ထုတ်လာခဲ့ရသည်။ စုံထောက်ပညာ၌ ကျွမ်းကျင်လိမ္မာလှသော ကိုလှိုင်ဘွားတစ်ယောက် သူ့ချစ်သူ၏ အမှုကို ဖော်ထုတ်နိုင်မည် မဟုတ်တော့ပါ။ လောလောဆယ် သူ့အတွက် စိတ်သက်သာ အနားရစေရန်သာ အရေးကြီးသည် မဟုတ်ပါလား။

××× ××× ×××

"နည်းနည်းတော့ ဆန်းနေတယ်ဗျာ။ သေသူ သက်သခင်မှာ ရန်ငြိုးရန်စလည်း မရှိဘူး။ ပစ္စည်းဥစ္စာလည်း ကြွယ်ဝသူမဟုတ်တော့ ဒီအတွက် သတ်တာလည်း မဟုတ်ဘူး။ ပြီးတော့ အတင်းအဓမ္မ ခန္ဓာကိုယ်ရလိုမှုကြောင့်လည်း မဟုတ်ဘူး။ မသေခင်က ရုန်းရင်းဆန်ခတ် လက္ခဏာတွေ တွေ့ရပေမယ့် ဒါဟာ သူ့အသက် မသေအောင် ကြိုးစားကာကွယ်ခဲ့တဲ့ သဘောသာဖြစ်တယ်။ ဆေးသိပ္ပံဓာတ်ခွဲခန်းက သက်သခင်ရဲ့ အဝတ်အစားတွေကို



www.burmeseclassic.com

www.burmeseclassic.com

စစ်ဆေးကြည့်တယ်၊ ခန္ဓာကိုယ်ကို စစ်ဆေးကြည့်တယ်၊ မုဒိမ်းကျင့်ခံရတဲ့ လက္ခဏာ မတွေ့ဘူးတဲ့ဗျာ"

ဒုရဲအုပ် ဦးမြင့်ဇော်က လေသံအေးအေးဖြင့် ကိုလှိုင်ဘွားကို ရှင်းပြ၏။ ကိုလှိုင်ဘွားမှာ ရေခဲတုံးများထည့်ထားသော ဝီစကီခွက်ကိုကိုင်ရင်း အံကြိတ်ထား၏။ ချစ်ရသူအတွက် ခံစားနေရမည်မှာ ဓမ္မတာ။

"သက်သခင်က မနက် ၄ နာရီ မှောင်မှောင်မည်းနေတဲ့ အချိန်မှာ အိမ်အနောက်ဘက် ခြံထဲဆင်းတာ ဘာလုပ်ဖို့လဲ။ တစ်ခုရှိတာက အပေါ့အပါးသွားချင်လို့လည်း ဖြစ်နိုင်တာပဲ။ အိမ်သာကလည်း မနီးမဝေးမှာ ရှိတာကိုး။ ဒါပေမယ့် လူသတ်သမားက ဒီအချိန်ကြီးမှာ ဘယ်လိုရောက်လာတာလဲ။ ကြိုတင်လေ့လာ ကြံစည်ထားတာလား"

"သူခိုးတစ်ယောက်ကော မဖြစ်နိုင်ဘူးလားဗျ"

ကိုလှိုင်ဘွား၏ အမေးကြောင့် ဦးမြင့်ဇော်က ခေါင်းကို တဆတ်ဆတ် ညိတ်ရင်း . . .

"ဖြစ်နိုင်တာပဲ။ မဖြစ်ဘူးလို့တွေးလို့တော့ မရဘူး၊ အကုန်ထည့်စဉ်းစားရမှာပဲ"ဟု ဖြေ၏။

"တောက် . . . ကျုပ်ချစ်သူကို သတ်သွားတဲ့ လူသတ်သမားကို ကျုပ်ရအောင် ဖော်ထုတ်မယ်၊ ဒင်းကိုမမိလျှင် ကျုပ် လူမလုပ်တော့ဘူး"

စုံထောက် ကိုလှိုင်ဘွားမှာ နာကြည်းဒေါသထွက်စွာဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ကြိမ်းဝါးစကားဆို၏။ နာကြည်းမှုနှင့် ဒေါသများကြောင့် မေးကြောကြီးများပင် ထောင်၍နေလေသည်။

"ဟာ . . . နေဦးဗျာ၊ ကျုပ် တစ်ခုတွေးမိတယ်၊ သက်သခင်တို့အိမ်မှာ ခွေးကြီးရန်လုံ ရှိနေတာပဲ၊ ဒီကောင်ကြီးက ခြံသိပ်လုံတာ၊ ခြံထဲလူစိမ်းမပြောနဲ့ လူရိပ်တွေ့တာနဲ့ တောင် စူးစူးဝါးဝါး ဟောင်တာပဲ"

"ဟုတ်တယ် ကိုလှိုင်ဘွား၊ ဒါကို ကျုပ်လည်း တွေးမိတယ်၊ ခွေးကြီးရန်လုံက အခုလည်း ရှိနေတာပဲ၊ ဘာမှ မဖြစ်ဘူး၊ ဒီလောက် လူခြေတိတ်နေတဲ့ မနက် ၄ နာရီလောက်မှာ သူ့သခင်မကို သတ်နေတဲ့ ရန်သူကို ဒီခွေးက ငုတ်တုတ်ထိုင်ကြည့်နေမတဲ့လား"

"ဟုတ်တယ် ကိုမြင့်ဇော်၊ စူးစူးဝါးဝါးဟောင်ရုံတင်မကဘူး အတင်းဝင်ကိုက်မှာ သေချာတယ်"

"ဒါပေမယ့် ကျုပ် စစ်မေးပြီးသွားပြီ ကိုလှိုင်ဘွား၊ မနက် ၄ နာရီလောက်မှာ သက်သခင်က အိပ်ရာက ထသွားတာကို သူ့အမေကြီးက သိတယ်၊ လူကြီးဆိုတော့ အအိပ်ဆတ်တယ် မဟုတ်လား၊ စစ်မေးကြည့်တော့ သူ့သမီး ထသွားတာလည်း သိတယ်၊ နောက်ဖေးတံခါးဖွင့်တာလည်း ကြားတယ်တဲ့၊ သူ့စိတ်ထဲမှာတော့ တပေါ့တပါး သွားမလို့လို့ပဲ တွက်ထားတာတဲ့၊ တခြားဘာအသံမှ မကြားဘူးတဲ့၊ ခွေးဟောင်သံလည်း တစ်ချက်မှ မကြားဘူးတဲ့"

"ဒါ ဆန်းတော့ ဆန်းနေပြီ ကိုမြင့်ဇော်"

"အဲဒါပြောတာပေါ့။ အလောင်းအနားမှာ ခွေးခြေရာတွေလည်း တွေ့တာပဲ။ အခင်းဖြစ်တဲ့ အချိန်မှာ ခွေးလည်း အနားမှာရှိနေတာ သေချာတယ်"

ခွေးသာ လူစကားပြောတတ်လျှင် ဤအမှုမှာ လယ်ပြင်မှာ ဆင်သွားသလို ကွက်ကွက်ကွင်းကွင်း ပေါ်လာမည် ဖြစ်ပေသည်။

"နောက် ထူးခြားမှု တစ်ခုအရ လူသတ်သမားဟာ အရပ် ငါးပေနဲ့ ရှစ် လက်မရှိတယ် ကိုလှိုင်ဘွား"

"ဗျာ . . ဘယ်လို ဘယ်လို"

ဒုရဲအုပ် ဦးမြင့်ဇော်၏ စကားကြောင့် ကိုလှိုင်ဘွား အံ့ဩသင့်သွားမိသည်။

"ဒီလိုလေ စုံထောက်ကြီးရဲ့။ စုံထောက်ကြီးက အခုလက်ရှိ ခေါင်းတွေနောက်ပြီး စိတ်တွေမကြည်လို့ ကွင်းဆက်အစ မဖော်နိုင်တာ ဖြစ်ပါလိမ့်မယ်၊ အခင်းဖြစ်ပွားတဲ့နေရာမှာ ရှားရှားပါးပါး ယောကျ်ားခြေရာတစ်ဖက်တွေ့တယ်။ ညာဘက်ခြေဖဝါးဗျ၊ ဖိနပ်စီးထားတယ်ဆိုပေမယ့် ရှန်းရင်းဆန်ခတ်ဖြစ်ချိန်မှာ ဖိနပ်တစ်ဖက် ကျွတ်သွားပုံရတယ်၊ ဒီခြေရာက သက်သခင်ခြေရာ မဟုတ်တော့ လူသတ်သမားရဲ့ ခြေရာပဲပေါ့"

"ဒါနဲ့ ဘယ်လိုကြောင့် သူ့အရပ်ကို ငါးပေရှစ်လက်မလို့ ပြောနိုင်တာလဲဗျာ"

"ပြော် . . . ဒီလိုလေ၊ ဖိနပ်



www.burmeseclassic.com

www.burmeseclassic.com

မပါတဲ့ ခြေရာကို တိုင်းကြည့်တော့ ၈.၅ လက်မရှိတယ်။ ဒီခြေဖဝါးအရှည်ကို ၈ နဲ့ မြှောက်ရင် လူတစ်ယောက်ရဲ့အရပ်ကို ရတာပေါ့။ မြှောက်ကြည့်တော့ ၆၈ လက်မရတယ်။ ၁၂ နဲ့ ပြန်စားလေ။ ဒီတော့ ငါးပေရှစ်လက်မ ရတာပေါ့"

"ငါးပေနဲ့ ရှစ်လက်မ . . . ရှစ်လက်မ"

ကိုလှိုင်ဘွားမှာ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေပုံပေါ်သည်။ တစ်ချက်တစ်ချက်မှာလည်း သူ့နှုတ်ခမ်းဖျားတွေက တဆတ်ဆတ်တုန်ခါသွား၏။ မျက်စိမှာလည်း ကျဉ်းလိုက်၊ ကျယ်လိုက်ဖြင့် တစ်ခုခုကို ထဲထဲဝင်ဝင် တွေးယူနေပုံပေါ်သည်။ သူ့အမှုအရာမှာ ပျောက်ဆုံးနေသော အရာတစ်ခုကို ပြန်ရှာတွေ့ထားသည့်အလား။

အတန်ကြာသည်အထိ ကိုလှိုင်ဘွားဆီမှ တုံ့ပြန်မှုမတွေ့ရ။ ဒုရဲအုပ် ဦးမြင့်ဇော်မှာ ကိုလှိုင်ဘွားအား မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။ ညီရင်းတစ်ဦးပမာ နှစ်ပေါင်းများစွာ ပေါင်းသင်းလာသူမို့လည်း သူ့အကျင့်တွေကိုသိ၏။ ကိုလှိုင်ဘွားသည် ရုပ်ရည်ရှုပကာ တောင်းသူဖြစ်ပြီး အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်လည်း ကောင်းလှ၏။ သူ့အရပ်သည်လည်း ငါးပေရှစ်လက်မ ရှိသည်ကို ဦးမြင့်ဇော် သတိထားလိုက်မိသည်။

ပင်ကိုအားဖြင့် အေးအေးချမ်းချမ်း နေလိုသူဖြစ်သော်လည်း သူ့အလုပ်က ရာဇဝတ်သားများနှင့် လိုက်တမ်းပြေးတမ်း ကစားရသောအလုပ်။ ငယ်စဉ်ကတည်းက ကိုလှိုင်ဘွား၏မိဘနှစ်ပါး ကွဲခဲ့ပြီး သူက ဖခင်ဖြစ်သူနှင့် လိုက်ပါခဲ့ရပြီး မိထွေးလက်တွင် ကြီးပြင်းလာရသူ။ တစ်နည်းအားဖြင့် ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက စိတ်ဒဏ်ရာများစွာဖြင့် ရှင်သန်ခဲ့ရသူပင် ဖြစ်သည်။

အပူနှင့်အအေး၊ အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်း ဒွန်တွဲနေသည့် ကျီးဖြူကျီးမည်း တစ်ကောင်တည်း ဟူသည်မှာလည်း ကိုလှိုင်ဘွားကိုပင် ရည်ညွှန်းခဲ့သလိုဖြစ်၏။ စိတ်ပညာသဘောအရလည်း ထိုသူတို့မှာ စိတ်နှစ်ခွရှိသူများဖြစ်ကြသည်ဆို၏။

ကိုလှိုင်ဘွားသည် မျက်မှောင်ကြုတ်၍ နှုတ်ခမ်းကိုကိုက်ကာ တစ်စုံတစ်ခုကို ပြင်းပြင်းထန်ထန် တွေးနေသည်။ တိတ်ဆိတ်မှုက စိတ်မသက်သာဖွယ် ကောင်းလှ၏။ သူ၏ လက်နှစ်ဖက်ကို ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်ထားပြီး တစ်စုံတစ်ခုကို စဉ်းစားနေရာမှ အင်္ကျီအိတ်ကပ်ထဲတွင် စမ်းမိသော အရာတစ်ခုကို "ဘာပါလိမ့်"ဟူသော သဘောဖြင့် ဆွဲထုတ်လိုက်သည်။

"ဒါ . . ဘာ၅လဲ။ အလို . . . ကြယ်သီး၊ နှိပ်ကြယ်သီးတစ်လုံးပဲ"

ကိုလှိုင်ဘွား၏ လက်ထဲတွင် အမျိုးသမီးသုံး နှိပ်ကြယ်သီးလေး တစ်လုံး ပါလာ၏။ ကြယ်သီးလေးကို စိန်တစ်ပွင့်အလား နှစ်ယောက်သား စိတ်ဝင်တစားကြည့်လိုက်မိကြသည်။

"ဒါက . . ဘယ်ကဘယ်လို ငါ့အိတ်ထဲ ရောက်နေတာလဲ"

ကိုလှိုင်ဘွားမှာ ခေါင်းရှုပ်ဟန်ဖြင့် တွေးရင်းမှ "ဟာ"ခနဲ အာမေဋိတ်သံထွက်လျက် စားပွဲပေါ်သို့ခေါင်းငိုက်စိုက်ကျသွားပါတော့၏။ သူ့ခန္ဓာကိုယ်သည် တဆတ်ဆတ် တုန်ခါနေပြီး အသံမထွက် ငိုကြွေးနေမှန်း ဦးမြင့်ဇော် သိလိုက်ရ၏။

"ကိုလှိုင်ဘွား ဘာဖြစ်တာလဲ"

ဦးမြင့်ဇော်က နားမလည်နိုင်စွာဖြင့် သူ့ခန္ဓာကိုယ်ကို ဆွဲထူလိုက်တော့ အသက်ကိုလု၍ ရှိုက်ငိုနေသော ကိုလှိုင်ဘွားက ရင်းလက်နှစ်ဖက်ကိုပူး၍ ထိုးပေးပါတော့သည်။

"ဖမ်းပါ . . . ကျွန်တော့်ကို ဖမ်းပါ။ အခုပဲ လက်ထိတ်ခတ်လိုက်ပါတော့ဗျာ"

ကြေကွဲတုန်လှုပ်သော အသံဖြင့် ကိုလှိုင်ဘွားက တွင်တွင်ပြောနေ၏။ လိုဏ်ခေါင်းထဲ၌ ပဲ့တင်ထပ်နေသော အသံမျိုးလည်းဖြစ်သည်။

"မဟုတ်သေးပါဘူး ကိုလှိုင်ဘွား။ ခင်ဗျား ဘာတွေပြောနေတာလဲ"

"ဖမ်းပါ။ ကျွန်တော်က တရားခံပါ။ သက်သခင်ကို လည်ပင်းညှစ်သတ်ခဲ့တဲ့ တရားခံရ ကျွန်တော်ပါပဲ။ ကျွန်တော်သတ်ခဲ့တာပါ။ သိပ်ချစ်ရတဲ့ ကျွန်တော့်ချစ်သူကို ကျွန်တော်ကိုယ်တိုင်ပဲ သတ်ခဲ့တာပါ။ အခုအားလုံးကို ကျွန်တော် ကောင်းကောင်း မှတ်မိသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြောင် ပြောဆိုနေခြင်းလည်း မဟုတ်ပါ။ မည်သူမျှလည်း ကိုယ့်ချစ်သူ သေဆုံးချိန်၌ နောက်ပြောင်နိုင်မည်လည်း မဟုတ်ပါ . . ။ ကိုလှိုင်ဘွားသည်လည်း ရင်ဘတ်ကြီးတစ်ခုလုံး တဖျစ်ဖျစ် ကွဲကြေမတတ် လောင်ကျွမ်း၍ သူ့ကိုယ်သူ အဖမ်းခံနေခြင်းဖြစ်သည်။ အမှန်တကယ်ပင် သူသတ်ခဲ့လေသလော။

"ဘယ်လိုဖြစ်တာလဲဗျာ။ တစ်ဆိတ် ရှင်းပြစမ်းပါဦး ကိုလှိုင်ဘွား"

"ရှင်းပြပါ့မယ်။ ဖြစ်ရပ်အားလုံးကို မခြွင်းမချန် ရှင်းပြပါ့မယ်။ ကျွန်တော်နဲ့ သက်သခင်က တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြပါတယ်။ ပစ္စည်းဥစ္စာ မပြည့်စုံကြပေမယ့် မေတ္တာတရားကတော့ ပြည့်ဝကြပါတယ်"

"ဒါနဲ့များ ဘယ်လိုပြဿနာတွေ ရှိခဲ့လို့လဲ"

ကိုလှိုင်ဘွားက "ဟင်း"ခနဲ သက်ပြင်းရှည်တစ်ချက်ကို ပင်ပန်းစွာချပြီးမှ အခုလို ရှင်းပြ၏။

"ပြောရရင် ယုံစရာ မရှိပါဘူး။ လက်တွေ့လည်းမကျဘူး။ အဖြစ်က နည်းနည်းထူးဆန်းနေတယ်။ လပြည့်လကွယ်ရောက်ရင် ကျွန်တော့်မှာ ရောဂါတစ်ခု ဖြစ်လေ့ရှိတယ်ဗျာ။ ဒါပေမယ့် ဒီလိုဖြစ်တာ ဘယ်လောက်မှ မကြာသေးဘူး။ ငါးလလောက်ပဲ ရှိသေးတယ်၊ လပြည့်နေ့ည၊ ဒါမှမဟုတ် လကွယ်နေ့ညရောက်ရင် ကျွန်တော့်စိတ်တွေက ပုံမှန်မဟုတ်တော့ဘူး။ ကိုယ့်စိတ်ကို ကိုယ်မပိုင်တော့ဘူး။ တစ်ခုခု ဘယ်လိုပြောရမလဲ စွမ်းအားတစ်ခုခုရဲ့ လွှမ်းမိုးမှုအောက် ရောက်သွားသလိုပဲ၊ ခန္ဓာကိုယ်တသာတကိုယ်၊ စိတ်က တခြားတစ်ယောက်၊ သူခိုင်းရာ လုပ်ရတော့တာပဲ"

"ဩော် . . ဟုတ်ပြီ။ ပြီးခဲ့တဲ့ လပြည့်နေ့က ခွင့်ယူခဲ့တာ ဒါကြောင့်ပေါ့"

"ဟုတ်တယ်။ အခုလည်း ဒီလိုပဲ။ ဖြစ်နေစဉ်ကတော့ ကျွန်တော် ဘာမှ မမှတ်မိဘူး။ ဘာမှ မသိဘူး။ ပြီးမှ ပြန်စဉ်းစားမိတာ။ မှောင်မည်းမည်းမှာပေါ့။ ကျွန်တော်မဟုတ်တဲ့ ပုံစံမျိုးနဲ့ ရောက်သွားတာ။ အဲဒီအချိန်မှာ ကျွန်တော့်တစ်ကိုယ်လုံး အလွှမ်းမိုးခံနေရပြီ"

"အင်း . . ဒါကြောင့် ခွေးကြီးရန်လုံ့က ခင်ဗျားကိုမပေါင်တာကိုး"

"ဟုတ်တယ် ကိုမြင့်ဇော်။ ရင်းနှီးပြီးသားဆိုတော့ ကျွန်တော် ခြံထဲရောက်သွားတာနဲ့ ခွေးကြီးရန်လုံ့က အမြီးနှံ့ကြိုနေတာဗျ။ အဲဒီအချိန်မှာ သက်သခင်က အိမ်သာဘက်ကို ထွက်လာတယ်။ ဒီမှာတင် ကျွန်တော့်နားထဲမှာ 'မင်းရန်သူ ထွက်လာပြီ၊ လတ်ဦးအောင်သတ်ပါ။ ဘာမှ မငဲ့ညှာနဲ့။ အသေသာသတ်။ မင်းမသတ်ရင် သူက မင်းကို သတ်လိမ့်မယ်။ သတ် . . အမြန်သတ်'လို့ ကြားတယ်။ ကျွန်တော် ဘယ်လိုမှ မဟွန်းလှန်နိုင်ဘူး။ သူခိုင်းတဲ့အတိုင်း သက်သခင်နောက်ကို အသံမကြားအောင် ကပ်သွားပြီး လည်ပင်းညှစ်သတ်တော့တာပဲ။ သူ့ခမျာ ရုန်းကန်ပါသေးတယ်။ နှိပေမယ့် ကျွန်တော့်ခွန်အားကို ဘယ်ယှဉ်နိုင်မလဲ။ တဖြည်းဖြည်း ပျော့ခွေကျသွားတာပါပဲ"

"ဒါဖြင့် သက်သခင်က သူ့ကို ဘယ်သူသတ်သလဲဆိုတာ မသိလိုက်ဘူးပေါ့"

"သိမယ် မထင်ဘူးဗျ။ သိများသိရင် ဘယ်လောက်များ ကြေကွဲတုန်လှုပ်ရှာပါ့မလဲ၊ ကျွန်တော်မှတ်မိတာ ဒီလောက်ပဲ၊ ဒါပေမယ့် ခိုင်လုံနေပါပြီ။ လူသတ်တရားခံဟာ ကျွန်တော်ပါပဲ။ ဖမ်းလိုက်ပါ။ ကိုယ့်ချစ်သူကို အပြစ်မရှိ၊ အငြိုးမရှိဘဲ ရက်ရက်စက်စက် သတ်ခဲ့တဲ့ လူသတ်တရားခံကို ဖမ်းပါတော့ဗျာ"

ရှိုက်သံ တစ်ဝက်တစ်ပျက်နှင့် ခေါင်းငိုက်စိုက်ကျသွားသော ကိုလှိုင်ဘွားကိုကြည့်ရင်း ဒုရဲအုပ် ဦးမြင့်ဇော်တစ်ယောက် ရှုပ်ထွေးစွာဖြင့် ကြည့်နေမိသည်။ ဥပဒေအရ မလွှဲမသွေ ဖမ်းရမည်ကိုလည်း သိနေပါသည်။ သို့သော် ကိုလှိုင်ဘွား၏ ထူးဆန်းသော ဖြစ်ရပ်ကိုလည်း လွန်စွာ စိတ်ဝင်စားနေမိ၏။

မည်သို့ဆိုစေ ကိုလှိုင်ဘွားအား စိတ္တဇရောဂါရှင်တစ်ဦးအဖြစ် ကုသရပေလိမ့်မည်ဟုလည်း ဒုရဲအုပ် ဦးမြင့်ဇော်တစ်ယောက် ကောက်ချက်ချရင်း ကိုလှိုင်ဘွားအား စိတ်မကောင်းစွာဖြင့် လက်ထိတ်ခတ်လိုက်ရပါတော့၏သတည်း။

ဝသုန်ဟိန်းထက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"တင်း … တောင်၊ ညှိသည်ပါ"

"တင်း … တောင်၊ ညှိသည်ပါ"

"ဟော … ကိုဘသက်ပါလား။ မတွေ့တာကြာပြီ။ တွေ့ရတာ ဝမ်းသာပါတယ်။ အိမ်ထဲဝင်ပါခင်ဗျာ"

စာရေးသူ နံနက်စောစော ညှိခန်းတွင် သတင်းစာဖတ်နေခိုက် ခေါင်းလောင်းအချက်ပေးသံကြား၍ အိမ်ရှေ့တံခါးမကြီးကို ဖွင့်ကြည့်လိုက်ရာ မမျှော်လင့်ဘဲ တစ်ချိန်က လုပ်ဖော်ကိုင်ဖက် အငြိမ်းစားဗိုလ်ကြီး ဘသက်ကို အိမ်ရှေ့တံခါးဝတွင် တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ နှုတ်ဆက်လိုက်ပြီး အိမ်ထဲဝင်ရန် ဖိတ်ဖော်လိုက်ပါတယ်။ ကိုဘသက်နဲ့ ကျွန်တော်ဟာ တပ်တစ်ခုတည်းတွင် အတူတာဝန်ထမ်းဆောင်ခဲ့သူများ ဖြစ်ပါတယ်။ ကျွန်တော် မြန်မာနိုင်ငံရဲ့တပ်ခွဲကို မပြောင်းမီ တပ်မှာ အတူရှိစဉ်ကတည်းက ကျွန်တော်ဟာ ကိုဘသက်ထက် ရာထူးအဆင့်၊ လုပ်သက်အသက်ဝါကြီးသူတစ်ယောက် ဖြစ်သဖြင့် ကျွန်တော်တို့ဇနီးမောင်နှံကို ကိုဘသက်တို့ ဇနီးမောင်နှံက အစ်ကိုကြီး၊ အစ်မကြီးများအဖြစ် သဘောထားကာ ခေါ်ဝေါ်ဆက်ဆံရာတွင် အစ်ကိုကြီး။ အစ်မကြီးဟုသာ ခေါ်ဝေါ်ဆက်ဆံကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"မဒေါင်းရေ . . . ရောက်လာတဲ့ ညှေ့သည် ဘယ်သူလဲ၊ ဒီမှာလာ ကြည့်ပါဦး"

"ဟယ် . . ကိုဘသက်ပဲ။ ကျွန်မတို့ မဆုံဖြစ်၊ မတွေ့ဖြစ်ကြတာ ကြာပြီနော်။ စီစီနဲ့ သားသမီးတွေ အားလုံးနေကောင်းကြလား"

"ဟုတ်ကဲ့၊ ကောင်းပါတယ် မကြီးဒေါင်း"

"ကိုဘသက်ကလည်း တစ်ပါတည်း ခေါ်ခဲ့ရောပေါ့"

"ဟိုတုန်းကလို မိဘသွားရာ တကောက်ကောက် နောက်ကလိုက်တဲ့အရွယ် မဟုတ်တော့ဘူး မကြီးဒေါင်းရေ။ ကိုတတ်ပ၊ မတတ်ပတွေဖြစ်ပြီး အဖေထက် သားတစ်လကြီးဆိုတာလို ဖြစ်နေကြပြီ။ ကျွန်တော်တော့ စိတ်ကုန်တယ်ဗျာ"

"သားသမီးဆိုတာ ရတနာတန်းဝင်ရှင့်။ ဘာဖြစ်လို့ ကိုဘသက်က စိတ်ကုန်နေရတာလဲရှင်"

"တခြားမိဘတွေအတွက် သားသမီးဆိုတာ ရတနာတန်း ဝင်ချင်ဝင်မယ်၊ ကျွန်တော်တို့အတွက်တော့ ရတာနာတာပဲ မကြီးဒေါင်း"

"ကဲ . . ကဲ . . မဒေါင်း၊ ပြီးမှ စကားပြော။ လောလောဆယ် ကိုဘသက်သောက်ဖို့ ကော်ဖီနဲ့ မုန့် ယူခဲ့ပါဦး"

ကျွန်တော်သည် အိမ်ထဲဝင်ဝင်ချင်း ပေါက်ကွဲသံစဉ်များနဲ့ စကားစလာတဲ့ ကိုဘသက်စကားကို အသာအယာဖြတ်စေကာ မဒေါင်းဘက် လမ်းကြောင်းပြောင်းတဲ့အနေနဲ့ ကိုဘသက်အတွက် စားသောက်ဖို့ မဒေါင်းကို စီစဉ်စေလိုက်ပါတယ်။ ကျွန်တော့် အထာကို သဘောပေါက်တဲ့ မဒေါင်းက ချက်ချင်း ကိုဘသက်နဲ့ စကားဖြတ်ကာ ကိုဘသက်အတွက် ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုတ်များ ပြင်ဆင်ပြီး ကိုဘသက်ကို ညှေ့ခံလိုက်ပါတယ်။

"အစ်ကိုကြီးနဲ့ မကြီးဒေါင်းတို့ကတော့ မတွေ့တာကြာပေမယ့် ပြန်တွေ့ပြန်တော့လည်း အရင်အတိုင်းပဲ။ ရုပ်မပြောင်းဘူး။ ဒါကတော့ နိယာမတရားပဲ။ စိတ်ချမ်းသာတော့ လူကျန်းမာတယ်၊ ကျန်းမာရင် အရွယ်တင်တဲ့သဘောပေါ့။ ကျွန်တော်ဆို ပင်စင်ယူပြီးကတည်းက တရှောင်ရှောင် ဟိုဟာဖြစ်၊ ဒီဟာဖြစ်နဲ့ မကြီးဒေါင်းညီမ စီစီဆိုလည်း ဒီလိုပဲ။ ခုဆို အဘွားကြီး ဖြစ်နေပြီ"

"အို . . . ကိုဘသက်ကလည်း စိတ်ဓာတ်ကျပြီး လျှောက်ပြောနေပြန်ပြီ။ ရှင်လည်း အသက် ၆၀ ကျော် ပင်စင်စားဆိုပေမယ့် အရင်ကအတိုင်း ပါပဲရှင်"

"ဒါနဲ့ ကိုဘသက်ရေ၊ သားကြီး သက်ပိုင်ထူးတောင် အသက် ၃၀ လောက် ရှိပြီဗျနော်"

"ဟုတ်ကဲ့ အစ်ကိုကြီး။ ၂၉ နှစ်ကျော်ပါပြီ။ သားအကြီးဆုံး အသုံးမကျဆုံးပေါ့။ အစ်ကိုကြီးနဲ့ မကြီးဒေါင်းတို့ တပ်မှာရှိစဉ်က ပလီပလာနဲ့ ပြောပြီး ညာညာစားတဲ့ကောင်၊ ကျွန်တော်မှတ်မိသေးတယ်။ အဲဒီတုန်းက လေးငါးနှစ်သား။ သားကြီးရင် ဘာလုပ်မလဲလို့ အစ်ကိုကြီးက မေးတော့ စစ်ဗိုလ်ဆရာဝန်ကြီး လုပ်မယ်တဲ့။ ကျွန်တော်က ဘေးကနေပြီး သား . . စစ်ဗိုလ်ဆိုစစ်ဗိုလ်၊ ဆရာဝန်ဆို ဆရာဝန် တစ်ခုခုပဲ ပြောလေကွာလို့ ဝင်ထောက်ပေးတော့ အစ်ကိုကြီးကိုယ်တိုင်ပဲ ကိုဘသက်ရယ် . . . သားကြီးပြောတာ မှန်ပါတယ်။ ဒီခေတ်က တပ်မတော်ဆေးတက္ကသိုလ် ရှိနေပြီလေဗျာ။ သားကြီးပြောသလို စစ်ဗိုလ်ဆရာဝန်ဖြစ်နိုင်တာပေါ့လို့ ပြောခဲ့တာ ကျွန်တော်မှတ်မိသေးတယ်။

ဒီကောင် ယယ်ယယ်က သူပြောသလို စစ်ဗိုလ်လည်းမဖြစ်ဘူး၊ ဆရာဝန်လည်း မဖြစ်ဘူး။ ဘီအက်(စ်)စီ (ဘော်တနီ)နဲ့ ကျောင်းပြီးတော့ ဟိုဟာလုပ်တော့မယောင် ဒီဟာလုပ်တော့မယောင်နဲ့ နောက်ဆုံး သင်္ဘော . တက်သွားတယ်"

"သင်္ဘောတက်ရတာ ကောင်းတာပေါ့။ ပိုက်ဆံအများကြီးလည်းရတယ်၊ ကမ္ဘာလည်း ပတ်ရတယ်"

"မလွမ်းလောက်ပါဘူး မကြီးဒေါင်းရယ်။ သူ့သင်္ဘောတက်ရတာ သင်္ဘောသားအဆင့်ဆိုတော့ ဘာမှ ဟုတ္တိပတ္တိ မရပါဘူး။ သင်္ဘောတက်ရဖို့ ကနဦးစိုက်ထုတ်ပေးရတ. ၄၅ တောင် စေ့စေ့ငုငု ပြန်မရချင်ဘူး။ သူကိုယ်တိုင်လည်း အသုံးအစွဲကြီးတော့ မိဘပြန်ပေးတာလည်း နည်းတဲ့သဘောပေါ့။ ခုဒီတစ်ခေါက် သင်္ဘောပြန်တက်ရင် အရာရှိကြီးဖြစ်ပြီဆိုတော့ လစာလည်း များလာမယ်တဲ့။ အဲဒီအခါ မိဘဆီ ငွေဘယ်လောက် ပြန်ပို့မပို့ ကြည့်ရဦးမယ်။ သင်္ဘောမတက်ခင် လိုင်းကြေးအပါအဝင် ဟိုကြေး၊ ဒီကြေးတွေနဲ့ သင်တန်းစရိတ်၊ သင်တန်းအချိန်မီမရောက်လို့ အငှားကားစရိတ်ကတော့ သမီးအလတ် မြသက်ချယ်ရီ လစာကုန်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မလတ်ဆိုလို့ သမီးမြသက်ချယ်ရီ ကျောင်းပြီးပြီလား"

"ဟုတ်ကဲ့၊ မဟာတန်းပြီးတော့ ကျောင်းမှာပဲ အလုပ်ရလို့ အဆင်ပြေပါတယ်"

"အငယ်ဆုံးမလေး လှသက်ချယ်ရီကော ကျောင်းပြီးပြီလား ကိုဘသက်"

"တက္ကသိုလ်ကျောင်းတော့ ပြီးပြီ။ ကျန်တဲ့ကျောင်းတွေ ဘယ်နှကျောင်း တက်ရဦးမယ် မပြောတတ်တော့ဘူး မကြီးဒေါင်း"

"ကိုဘသက်ပြောတာ ကျွန်မ နားမရှင်းဘူး"

"ဒီလိုလေ မကြီးဒေါင်းရဲ့။ ဘွဲ့ရပြီး အလုပ်ဝင်တဲ့အခါ တခြားသူထက် နာတစ်ဖျားသာဖို့ ကမ္ဘာသုံး အင်္ဂလိပ်ဘာသာစကားမတတ်လို့ မဖြစ်ဘူး။ ကျောင်းစာတတ်ရုံလောက်နဲ့လည်း မလုံလောက်ဘူး။ ကျွမ်းကျွမ်းကျင်ကျင် ရွှတ်ရှက် ဒွတ်ဒက်နဲ့ ဂန္ထဝင်မြောက် ပြောတတ်ဆိုတတ်အောင် အင်္ဂလိပ်ဘာသာစကားသင်တန်း တက်ရတယ်။ အဲဒါတက်ပြီးသွားပြီ။ မြန်မာနဲ့ တရုတ်ဟာ ဒီနေ့ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးဆိုတော့ တရုတ်ကုမ္ပဏီတွေ အောတိုက်ပြီး မြန်မာနိုင်ငံထဲ ရောက်လာပြီ။ ဒီလိုဆိုပြန်တော့ မလိုလည်း လိုလည်း တရုတ်ကုမ္ပဏီများမှာ အလုပ်လုပ်ဖို့ဆို တရုတ်စကားမတတ်လို့ မဖြစ်ဘူးလေ။ ကုမ္ပဏီတာဝန်နဲ့ တရုတ်ပြည်လည်း သွားချင်သွားရဦးမယ် မဟုတ်လား။ အဲဒီလိုမဟုတ်လည်း ကိုယ့်တိုင်းပြည်မှာ လာဖွင့်တဲ့ တရုတ်ကုမ္ပဏီတွေနဲ့ ဆက်ဆံရဦးမယ်ဆိုတော့ကာ တရုတ်စကားမတတ်လို့ မဖြစ်ပြန်ဘူး။ ဒါကြောင့် ဦးစားပေး သင်ရတဲ့ တရုတ်စာကော၊ စကားပါ သင်ပြီးပြီ။ ပြင်သစ်၊ ဂျပန်နဲ့ ကိုရီးယားဘာသာစကားတွေ သင်ယူဖို့ ဘယ်သင်တန်း။ ဘယ်ကျောင်း တက်ရင် ကောင်းမလဲဆိုတာ စုံစမ်းနေဆဲတဲ့။ ဒါကြောင့် တက္ကသိုလ်ကျောင်းတော့ ပြီးပြီ။ ဘယ်ကျောင်းတွေ တက်ဖို့ ကျန်သေးလဲဆိုတာ ကျွန်တော်မပြောတတ်ဘူးလို့ ပြောတာပါ။ အကြီးဆုံးကောင်နဲ့ အငယ်ဆုံးဟာကမတော့ မိဘတတ်နိုင်သလား၊ မတတ်နိုင်သလား၊ မိဘမျက်နှာ တစ်ချက်မှ မကြည့်ဘူး။ သူတို့အတွက် သူတို့ဖို့ပဲ သိတယ် မကြီးဒေါင်းရေ့"

"ဟုတ်တော့လည်း ဟုတ်တယ်။ ဒီခေတ်က ပညာခေတ်ဆိုတော့ ဘက်စုံထူးချွန်ဖို့ လိုတာတော့ အမှန်ပဲ။ ဒါကြောင့် သမီးလေး လှသက်ချယ်ရီက ပညာလောဘကြီးတာ ကြီးစမ်းပါစေရှင်။ တချို့များ စာကြိုးစားဖို့ မိဘက တိုက်တွန်းနေရတာ"

"ကျွန်တော်ပြောချင်တာက ဘယ်ဘာသာမဆို သင်ယူချင်တာ မသင်ရဘူးလို့ မတားလိုပါဘူး။ သင့်တင့်တဲ့ အလုပ်တစ်ခုခုဝင်လုပ်ပြီး အလုပ်လုပ်ရင်း ကိုယ်သင်ချင်တာကိုလည်း ဆက်သင်ဖို့ အလုပ်လုပ်တော့ ဝင်ငွေလစာလည်း တစ်ဖက်တစ်လမ်းက ရတယ်လေ။ လုပ်ငန်းဌာန လုပ်သက်လည်းရ၊ မိဘအတွက်လည်း ဝန်ထုပ်ဝန်ပိုး လျော့တာပေါ့။ ခုတော့ ကြာလေလေ ဝန်ထုပ်ဝန်ပိုး မလျော့တဲ့အပြင် တိုးလေဖြစ်နေတော့ စိတ်ညစ်တယ်ဗျာ မကြီးဒေါင်းရာ ...။ ဒါကြောင့် ကျွန်တော်က ရတနာတွေ မဟုတ်ဘူး ရတနာတွေလို့ ပြောတာ။ ကျွန်တော်ရင်ဖွင့်စရာဆိုလို့ ဒီအစ်ကို၊ ဒီအစ်မတွေပဲရှိလို့ ရင်ဖွင့်မိတာ။ အစ်ကိုကြီးတို့၊ အစ်မကြီးတို့ကို အပူတွေ မျှဝေပေးသလို ဖြစ်သွားပြီ။ တကယ်တော့ ကျွန်တော်လာရင်းကိစ္စက ဒီကိစ္စတွေ ပြောဖို့မဟုတ်ဘူး။ ဒီထက်စိတ်ညစ်စရာကောင်းတဲ့ ကိစ္စ၊ အခန့်မသင့်ရင် အရှက်ရမယ့်ကိစ္စ၊ ဥပဒေနဲ့ ငြိစွန်းမယ့်ကိစ္စနဲ့ ရင်ဆိုင်နေရလို့ မလုပ်တတ်၊ မကိုင်တတ်ဖြစ်ပြီး မေးဖို့၊ စမ်းဖို့ ခရိုင်ရဲတပ်ဖွဲ့မှူး ခရိုင်ရဲမင်းကြီးဆီ ရောက်လာခဲ့တာပါ"

"ဟောဗျာ၊ ဘယ်သူ့ဘာဖြစ်လို့တုံး ကိုဘသက်"

"အကြီးဆုံးကောင် သက်ပိုင်ထူးပေါ့ အစ်ကိုကြီးရယ်။ ပြောလိုက်ရင် သူသိတယ်၊ သူတတ်တယ်၊ သူ့ကိုယ်သူ ကမ္ဘာပတ်နေတဲ့သူဆိုပြီး အမြဲကြွားဝါနေတဲ့ကောင်။ လည်လွန်းတဲ့ဘီး (--)နင်းမိဆိုတဲ့ကိန်း ဆိုက်နေလို့ ဥပဒေစက်ကွင်းကလွတ်ဖို့ ဥပဒေနယ်ပယ်က အငြိမ်းစားယူခဲ့တဲ့ အစ်ကိုကြီးဆီ လာတွေ့တာပဲ"

"ဒီလိုပါ အစ်ကိုကြီး။ သက်ပိုင်ထူးမှာ ပထမအကြိမ်၊ ဒုတိယအကြိမ် သင်္ဘောတက်တုန်းက ရင်းနှီးချစ်ခင်ခဲ့တဲ့ သူငယ်ချင်းနှစ်ယောက် ရှိခဲ့တယ်။ တစ်ယောက်က မောင်မောင်နိုင်တဲ့၊ ရန်ကုန်သား။ နောက်တစ်ယောက်ကတော့ ချစ်ဆိုင် ...၊ ညောင်ဦးသား။ ဒီကောင်လေးတွေဟာ ရန်ကုန်မှာ သင်္ဘောကိစ္စ ဆောင်ရွက်ဖို့ရှိတဲ့အခါ ပဲဖြစ်ဖြစ်၊ အခြားကိစ္စရှိတဲ့အခါ ဖြစ်ဖြစ် ရန်ကုန်ရောက်လာကြတဲ့အခါ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့အိမ်ကို အဝင်အထွက်ရှိပါတယ်။ မောင်မောင်နိုင်ကတော့ ရန်ကုန်မှာနေတဲ့သူမို့ အဝင်အထွက်ရှိပေမယ့် အိမ်မှာမတည်းပါဘူး။ ချစ်ဆိုင်က ညောင်ဦးကဆိုတော့ ကျွန်တော့်သားဆီမှာ ညအိပ်တည်းခိုတတ်ပါတယ်။ အလွန်လည်း ချစ်ခင်ရင်းနှီးကြတာ ကျွန်တော် မျက်မြင်ကိုယ်တွေ့ပါပဲ''

''တတိယအခေါက် သဘော်ပြန်မတက်မီ ပုဂံဘုရားတွေဖူးချင်တဲ့ သက်ပိုင်ထူးနဲ့ မောင်မောင်နိုင်ကို ညောင်ဦးသား ချစ်ဆိုင်က သူနဲ့ ညောင်ဦးကို လိုက်ခဲ့၊ ပုဂံဘုရားစုံ ဖူးနိုင်အောင် ပို့ပေးမယ်ပြောတာနဲ့ ညောင်ဦးကို လိုက်သွားကြတယ်။ ပုဂံရောက်ပြီးနောက် တစ်နေ့မှာပဲ ဘုရားလှည့်လည်ဖူးရင် ဘုရားစောင်းတန်းမှာ ပုဂံအမှတ်တရပစ္စည်းရောင်းတဲ့ဆိုင်ကမိန်းကလေးနဲ့ တွေ့ခဲ့ကြတယ်''

''တိုတိုပြောရရင် သားတော် မောင်သက်ပိုင်ထူးက အဲဒီမိန်းကလေးကို မြင်မြင်ချင်း ကြိုက်သွားသတဲ့။ ဒါကြောင့် သူတို့သူငယ်ချင်းသုံးယောက် တခြားမှာရှိတဲ့ဘုရား ဘယ်ဘုရားကိုမှ သွားမဖူးတော့ဘဲ အဲဒီဘုရားတစ်ဝိုက်မှာပဲ လှည့်ပတ်ပြီး အချိန်ကုန်ကြသတဲ့။ နောက်ဆုံးတော့ ကြိုက်မရှက် ဆိုတဲ့စကားလိုပဲ သက်ပိုင်ထူးဆိုတဲ့ ကိုတတ်ပဟာ အဲဒီဘုရားစောင်းတန်းက ပုဂံထွက် အနုပညာပစ္စည်းအရောင်းဆိုင်မှာ နေကုန်နေခန်း သွားထိုင်တော့တာပဲတဲ့။ အဲဒီဆိုင်ရှင်ကိုတော့ သူဟာ သဘော်အရာရှိတစ်ယောက်ပေါ့၊ သဘော်နဲ့ ...က်နေစဉ်အတွင်း နေရာဒေသအစုံရောက်တယ်၊ အများအားဖြင့် သူရောက်တဲ့ နေရာဒေသတွေမှာ မြန်မာမှု အနုပညာပစ္စည်းတွေ ကြိုက်နှစ်သက်ကြတယ်။ အထူးသဖြင့် ရွှေချထိုးပန်းချီကားတွေ၊ ကျောက္ကာထည် (ယွန်းထည်)များဖြစ်တဲ့ ကွမ်းအစ်၊ လင်ပန်း၊ ရေတကောင်း၊ ကလပ်၊ သေတ္တာတွေပေါ်မှာ ကညစ်တန် အသုံးပြုပြီး ဆေးရေးအလှခြယ်ပစ္စည်းတွေကို ကြိုက်နှစ်သက်ကြတာ တွေ့သတဲ့။ ဒါကြောင့် ဒီတစ်ခေါက် သဘော်ပေါ်ပြန်တက်ရင် လက်ဆောင်ပေးဖို့ ပစ္စည်းအချို့လည်း ဝယ်မယ်၊ ယွန်းထည်ပေါ်မှာ ကညစ်နဲ့ ဆေးရေးအလှခြယ်တာကို လေ့လာပါရစေလို့ ပြောသတဲ့။ ဒီကောင် ဒီယုန်မြင်လို့ ဒီချုံထွင်တာ။ မိန်းကလေးက ယွန်းထည်ပေါ်မှာ ကညစ်နဲ့ ပန်းအလှဆင်တဲ့ မိန်းကလေးတဲ့''

''အဲဒီတော့ သားကြီးသက်ပိုင်ထူး အဲဒီဘုရားစောင်းတန်းက ပုဂံအမှတ်တရ ပစ္စည်းဆိုင်ပေါ်ရောက်သွားရောလား ကိုဘသက်''

''ဒါပေါ့ အစ်ကိုကြီးရယ်။ ဗမာဆိုတဲ့ လူမျိုးက တစ်စုံတစ်ယောက်က အကူအညီတောင်းခံလာရင် ဟင့်အင်းလို့မှ မငြင်းတတ်တာပဲ အစ်ကိုကြီးရယ်။ ဒီကောင် အကွက်ဝင်သွားတာပေါ့''

''ကဲ ‥ ကိုဘသက်၊ ဆက်ပြောပါဦး''

''နောက်ဆုံး သူငယ်ချင်းတွေက သူ့ကို ငြီးငွေ့ပြီး မောင်မောင်နိုင်နဲ့ ချစ်ဆိုင်တို့နှစ်ယောက်ကသတ်သတ် ပုဂံမှာလျှောက်လည်ရင်း ဘုရားဖူးတယ်။ သူကတော့ မိန်းမလှလေးနားက မခွာနိုင်ဘဲ အချိန်ရှိသရွေ့ (--) ကြောင်နေတယ်ပေါ့။ အဲဒီမိန်းကလေးဟာ ဆိုင်ရှင်လည်းမဟုတ်သလို ဆိုင်ရှင်ရဲ့သမီးလည်း မဟုတ်ဘူး။ အဲဒီဆိုင်ရှင်က ထုတ်လုပ်တဲ့ ယွန်းထည်ပစ္စည်းတွေပေါ်မှာ ကနုတ်ပန်းလှလှလေးတွေကို ကညစ်တံနဲ့ ရေးခြစ်အလှဆင်တဲ့ မိန်းကလေးတဲ့။ ဝက်ကြီးအင်းရွာမှာ အဒေါ်နဲ့နေပြီး တတ်တဲ့ပညာနဲ့ တစ်ဝမ်းတစ်ခါး လုပ်ကိုင်စားသောက်နေသူတစ်ယောက်တဲ့။ ဝက်ကြီးအင်းရွာမဆိုတာက ပုဂံနဲ့ ညောင်ဦးကြားမှာရှိတဲ့ ပုဂံခေတ်ဦး ပြူစောထီးမင်းလက်ထက်ကတည်းက ရှိခဲ့တဲ့ သမိုင်းတွင် လူသိများတဲ့ ရွာတစ်ရွာပါ။ ဒေသခံတွေဟာ စိတ်ကောင်းရှိပြီး

မြန်မာနဲ့ တရုတ်ဟာ ဒီနေ့ ဆွေမျိုးပေါက်ဖော်
ဆက်ဆံရေးဆိုတော့ တရုတ်ကုမ္ပဏီတွေ
အောတိုက်ပြီး မြန်မာနိုင်ငံထဲ ရောက်လာပြီ။
ဒီလိုဆိုပြန်တော့ မလိုလည်း၊ လိုလည်း
တရုတ်ကုမ္ပဏီများမှာ အလုပ်လုပ်ဖို့ဆို
တရုတ်စကားမတတ်လို့ မဖြစ်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

အေးချမ်းစွာ နေကြသူတွေပါ။

အဲ ... ဆက်ပြောရမယ်ဆိုရင်တော့ ချစ်ဆိုင်ဆီက ဖုန်းလာတယ်။ အကြောင်းက ... မိန်းကလေးရဲ့ယောက်ျား ညက သူ့ဆီရောက်လာပြီး မိန်းကလေးအကြောင်း လာစုံစမ်းသတဲ့။ အခြေအနေအရပ်ရပ်ကြောင့်မပြောမဖြစ်လို့ သက်ပိုင်ထူး၊ မောင်မောင်နိုင်တို့နဲ့အတူ ရန်ကုန်ပါသွားကြောင်း ပြောလိုက်ရပြီး လိုက်သွားရတဲ့အကြောင်းရင်းကတော့ မိန်းကလေးရဲ့ ခင်ပွန်းကို ကူညီရှာပေးဖို့ဖြစ်ကြောင်း ပြောထားတယ်လို့ ပြောတယ်။ သူဆက်ပြောတာက မိန်းကလေးရဲ့ယောက်ျား ကိုသန်းမောင်ဆိုသူက ကျေနပ်ပုံမပေါ်ဘူးလို့ ပြောတယ်။ သူ့သဘောက လာရှင်းစေချင်တယ်ဆိုတဲ့ သဘောပါတယ်။ အဲဒီဖုန်းလာကတည်းက ကိုတတ်ပကြီးကြက်လည်လိမ်ထားသလို ဖြစ်သွားတယ်။ ကျွန်တော်ကော၊ သူ့အမေပါဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ဘဲ တစ်ညလုံး အိပ်မပျော်ကြဘူး။ အဲဒါ ဘယ်လိုလုပ်ရမလဲဆိုတာ ပြောပါဦး အစ်ကိုကြီး''

''ဒီမှာ ကိုဘသက်၊ ခင်ဗျားကိုသင့်တော်တဲ့အကြံ ကျွန်တော်ပေးပါ့မယ်။ ဒါပေမယ့် ကျွန်တော်သိချင်တဲ့ဟာလေးတွေ မေးချင်တယ်''

''မေးပါ အစ်ကိုကြီး၊ မေးပါ''

''တီ .. တီ .. တီ .. တီ''

''ခဏနေဦး အစ်ကိုကြီး၊ ဖုန်းလာလို့''

စကားပြောနေဆဲ ကိုဘသက်ရဲ့ လက်ကိုင်ဖုန်းကို ဖုန်းဝင်လာသဖြင့် ကိုဘသက် ဖုန်းကိုင်လိုက်သည်။

''ဒါနဲ့ သားကြီး မင်းက ဘယ်ကဆက်တာလဲ။ မင်းဘယ်ရောက်နေလဲ''

''ဒါဆို ငါအစ်ကိုကြီးနဲ့ မကြီးဒေါင်းတို့အိမ် ရောက်နေတယ်။ အဲဒီကို အခုလာခဲ့''

''အတော်ပဲ အစ်ကိုကြီး။ သားကြီးသဘော်သားရုံးချုပ်က ဆက်တာ။ ဒီလာခဲ့ဖို့ ခေါ်လိုက်တယ်။ ကာယကံရှင်နဲ့ တိုက်ရိုက်မေးမြန်းရင် ပိုကောင်းပါတယ် အစ်ကိုကြီး''

'ကောင်းတယ်၊ ကောင်းတယ်။ သက်ပိုင်ထူးလာရင် ပိုကောင်းတယ်။ မတွေ့ရတာကြာပြီမို့ သားကြီးကို တွေ့ချင်နေတာ အတော်ပဲ''

''အစ်ကိုကြီးနဲ့ အစ်မကြီးတို့ကတော့ အရှုပ်ထုပ်လာမှာကို အဟုတ်မှတ်ပြီး ဝမ်းသာနေလိုက်တာ အံ့ရော။ ကျွန်တော်တို့ကတော့ အော့ကြောကြီးလန် ... အော့ကြောကြီးလန်ပဲ''

''အို ... ကိုဘသက်ကလည်း သားကြီးစိတ်ရှုပ်နေတုန်း အရမ်းကြီးမပြောပါနဲ့ရှင်။ ဟော ... သားကြီးလာပြီ။ လာ ... လာထိုင်၊ ကြည့်စမ်းပါဦး။ လမ်းမှာတွေ့လို့ကတော့ မှတ်မိမှာမဟုတ်ဘူး။ တို့သားကြီးက ယောက်ျားပီသ၊ သန်မာထွားကျိုင်းတဲ့တကယ့်ယောက်ျားပဲ။ ဟယ် ... ဟယ်၊ ဒါ .. ဒါတွေက ဘာတွေလဲ''

''တက်တူးတွေ ထိုးထားတာလေ။ ဒီကောင့်ပြဿနာတွေထဲမှ တက်တူးတွေထိုးတဲ့ကိစ္စလည်းပါတယ်။ သူ့အမေဆို ကိုယ်ပေါ်ကတက်တူးတွေကြောင့် မျက်ရည်ကျတဲ့အထိ စိတ်မကောင်းဖြစ်သွားတယ်''

''ဘဘ နေကောင်းလား''

''အေး ... ကောင်းပါတယ်သား''

''တစ်ခါတလေ သင်္ဘောပေါ်မှာ ဘဘရဲ့ ဝတ္ထုဆောင်းပါးတွေ ဖတ်ရတယ်။ သင်္ဘောသားတွေဆိုတာ ကမ်းမြင်၊ လမ်းမမြင် ပင်လယ်ရေပြင်ကြီးပေါ်မှာ တစ်မေ့တစ်မော ကူးချည်သန်းချည် သင်္ဘောစီးနေရတာဆိုတော့ စာမျိုးစုံ ဖတ်ဖြစ်ကြတယ် ဘဘ''

''ဒါနဲ့ သားသင်္ဘောပေါ် ဘယ်တော့လောက် ပြန်တက်ဖြစ်မလဲ''

''တကယ်တော့ ရှေ့လဆန်းမှာ ပြန်တက်ဖို့ ပြင်ထားပါတယ်။ ဒါပေမယ့် ... အဲ ...''

''သားကြီး၊ မင့်ကိစ္စ မင့်ပြဿနာ ငါ အစ်ကိုကြီးကို ပြောပြထားပြီးပြီ။ မင်းဆက်ပြောပြလိုက်။ ဟုတ်တိုင်းမှန်ရာ ငါ့ကိုပြောပြတဲ့အတိုင်း တစ်လုံးတစ်ပါဒမှမချန်ဘဲ အားလုံးပြောပြလိုက်''

သက်ပိုင်ထူးသည် သူငယ်ချင်းများနဲ့ ပုဂံသို့သွားခဲ့ပြီး (---)ဘုရား၊ ဈေးသည်တန်းက မိန်းကလေးကို ရန်ကုန်ခေါ်လာသည်အထိဖြစ်ကြောင်း ကုန်စင် ပြောပြပါတယ်။

ဖအေနဲ့ သား ပြောပြချက်တွေကို နားထောင်ကြည့်တော့ ကွဲလွဲချက်တွေ မရှိတာ တွေ့တယ်။ ဒါကြောင့် ကျွန်တော်သိချင်တာ သက်ပိုင်ထူးအား မေးရန်ပြင်ဆင်ပြီး မမေးမီ မဒေါင်းကို အိပ်ခန်းထဲ သွားနေချင်နေ၊ ဘုရားခန်းသွားပြီး ပုတီးစိပ်ချင်စိပ်ဟုပြောကာ စကားဝိုင်းမှ ဖယ်ထုတ်လိုက်ပါတယ်။ အကြောင်းကတော့ ဆရာဝန်၊ တရားသူကြီး၊ ရဲ၊ ရှေ့နေဆိုသော



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်များ၏ နှုတ်ထွက်စကားတို့သည် တာဝန်အရ ပြောရဆိုရ မေးမြန်းရသော စကားတွေဖြစ်၍ အမျိုးသမီးများ ကြားသိရန်မသင့်ပါ။ ထို့ကြောင့် ကျွန်တော် မဒေါင်းကို ပထုတ်လိုက်ခြင်းဖြစ်ပါတယ်။

"သားနဲ့ ဘုရားဈေးတန်းမှာ တွေ့တဲ့ မိန်းကလေးအမည်က ဘယ်သူတဲ့လဲ သား"

"မြပန်းရုံ . . . တဲ့"

"မိန်းကလေးက လှသလား"

"ကျွန်တော်တွေ့ဖူးသမျှ မိန်းကလေးတွေထဲမှာတော့ အလှဆုံးပဲ ဘဘ"

"ဒီကောင် မမြင်ဖူး မှုးမြစ်ထင်နေပြန်ပြီ။ ဒီလောက်လည်း မဟုတ်ပါဘူး"

ကိုဘသက်ကလည်း သားလုပ်သူ၏အဖြေကို မကျေမနပ်ဖြစ်ပြီး ပွစိပွစိ ပြောလိုက်ရာ ကျွန်တော် သဘောကျပြီး ပြုံးလိုက်မိတယ်။

"ဒါနဲ့ သား အဲဒီမိန်းကလေးနဲ့ ချစ်သူတွေ ဖြစ်ခဲ့ပြီလား"

"မဖြစ်သေးပါဘူး ဘဘ။ ကျွန်တော်က မြင့်မြင့်ချင်း သဘောကျမိလို့ ပရိုပို့(စ်)လုပ်ဖို့ ကြံနေဆဲ သူ့မှာ လက်ထပ်ဖို့ သဘောညီမျှထားတဲ့သူရှိတယ်၊ တစ်နှစ်လောက် ရန်ကုန်သွား ငွေရှာမယ်၊ ရတဲ့ငွေ စုဆောင်းပြီး ပြန်လာခဲ့မယ်လို့ ကတိပေးသွားပြီး တစ်နှစ်ကျော်တော့လည်း ပြန်မလာဘူး။ ဘာအဆက်အသွယ်မှ မလုပ်ဘူး။ ဒါကြောင့် အဲဒီအမျိုးသားကို ရှာချင်သတဲ့။ ရန်ကုန်မှာ ဆွေမရှိ မျိုးမရှိ၊ အသိမိတ်ဆွေလည်းမရှိတော့ မကြံတတ်ဘူးလို့ ပြောတယ်။ ဒါနဲ့ ကျွန်တော်တို့ ဝိုင်းကူရှာပေးမယ်။ ကျွန်တော်တို့နဲ့ ရန်ကုန်လိုက်ခဲ့ဆိုတော့ သဘောတူပြီး လိုက်ခဲ့တာ"

"အဲဒီအမျိုးသားရဲ့ အလုပ်အကိုင်၊ ဘယ်အရပ် ဘယ်ဒေသမှာ လုပ်တာလဲဆိုတာ သားတို့က သိလို့လား"

"အဲဒီလူက ကျောက်စိမ်းအချောထည် လက်ဝတ်ရတနာလုပ်တဲ့သူ။ အရင်က မန္တလေးမှာ လုပ်ခဲ့ဖူးတယ်တဲ့။ မန္တလေးထက်စာရင် ရန်ကုန်မှာ ပိုပြီး လုပ်ကွက်ကောင်းတယ်ဆိုပြီး ရန်ကုန်မှာ ဆင်းလုပ်တယ်လို့ ပြောပြသိရတာမို့ ကျောက်စိမ်းအချောထည်လုပ်တဲ့နေရာ ဘယ်မှာရှိသလဲ၊ ရှိတဲ့နေရာသိရင် တွေ့ချင်တဲ့ ကိုသန်းမောင်ဆိုတဲ့လူ ရှိမရှိ မေးမြန်းစုံစမ်းပေးမယ်ဆိုတဲ့ အတွေးနဲ့ ခေါ်ခဲ့တာပါ။ စုံစမ်းတာ နှစ်နေရာရောက်ပြီးပေမယ့် ရှာမတွေ့သေးဘူး။ နောက်ထပ်ရှာကြည့်ရမယ့်နေရာ ကျန်သေးလို့ ထပ်ရှာဖို့လုပ်တုန်း ညောင်ဦးက ချစ်ဆိုင် ဖုန်းဆက်လာတာပဲ"

"ပုဂံကနေ မိန်းကလေးကိုခေါ်ခဲ့တုန်းက ရထားနဲ့လား၊ ကားနဲ့လား။ ဘယ်သူပါသေးလဲ သား"

"ပုဂံ–ရန်ကုန် အမြန်ကားနဲ့ ကျွန်တော်ရယ်၊ မောင်မောင်နိုင်ရယ်၊ မြပန်းရုံဆိုတဲ့ မိန်းကလေးရယ် အတူလာကြပါတယ် ဘဘ"

"အဲဒီလိုလာတော့ လမ်းတစ်လျှောက် ဘယ်ဝင်သေးလဲ"

"ဘယ်မှမဝင်ဘူး။ ကျွန်တော်တို့အိမ်ပဲ တန်းပြန်ခဲ့တာ။ အိမ်ရောက်တော့ အဖေနဲ့အမေကို အကျိုးအကြောင်းပြောပြီး အိမ်မှာ ခဏတည်းခိုမယ့်အကြောင်း ပြောပြတော့ အမေတို့က ခွင့်ပြုခဲ့ပါတယ်။ အိမ်မှာ တည်းစဉ်ကာလ တစ်လျှောက်လုံး ညီမလေးနဲ့ အတူအိပ်၊ အတူစား၊ လူရှာသွားရင်တောင် ညီမလေးရယ်၊ မောင်မောင်နိုင်ရန်၊ ကျွန်တော်ရယ် အတူသွားကြပါတယ် ဘဘ"

"ဟော . . . ဒါဆို အရှင်းကြီးပဲ။ ဘာပြဿနာမှ ဖြစ်စရာအကြောင်း မရှိဘူး"

"မဟုတ်ဘူးလေ အစ်ကိုကြီး။ အစ်ကိုကြီးရဲ့သား ကိုတတ်ပက မိန်းကလေးကို မြင့်မြင့်ချင်းသဘောကျပြီး ချစ်ခွင့်တောင်းဖို့၊ လက်ထပ်ယူဖို့အထိ စိတ်ကူးကြံစည်နေတာဆိုတော့ ပြဿနာမဖြစ်ဘူးလား"

"ဒီမှာ ကိုဘသက်။ သားကြီးက မိန်းကလေးကို မဆင်မခြင် လက်ထပ်ပေါင်းသင်းခဲ့လို့ ကာမပိုင်လင်ယောက်ျား ရှိနေခဲ့ရင် ဒါမယားခိုးမှုမြောက်တယ်။ ဥပဒေအရ အရေးယူခံရမယ်။ အခုကိစ္စက မိန်းကလေးကို သားကြီးက လက်ထပ်ယူခဲ့တာလည်း မဟုတ်ဘူး၊ လက်ထပ်ယူပါ့မယ်လို့ ယုံကြည်အောင်ပြောပြီး ကာမရယူခဲ့တာလည်း မဟုတ်ဘူး။ အခြေအနေပေးရင် လက်ထပ်ယူမယ်ဆိုတဲ့ ကြံစည်စိတ်ကူးကြည့်တာလောက်ပဲ ရှိတယ်။ စိတ်ကူးဆိုတာ လက်တွေ့မဟုတ်တဲ့အတွက် ပြစ်မှုမမြောက်ဘူးဗျ ကိုဘသက်ရ။ ဘာမှစိတ်မပူနဲ့။ ကျုပ်ခင်ဗျားတို့နဲ့အတူ ပုဂံအထိ လိုက်ရှင်းမယ်"

**ဝင်းသောင်(ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com



# အနီးဆုံးက အဝေးမှာ

ပိုက်မင်းဝေ

ကျွန်တော် အလုပ်မှ အိမ်ပြန်ရောက်တော့ တံခါးမှ ပြုံး၍ ဆီးကြို နေသော ချစ်ဇနီးက ကျွန်တော့်လက်ဆွဲအိတ်ဆွဲယူကာ –

"မောင် . . . မောလာပြီလား။ မောင်သောက်ဖို့ သံပရာရည်လေး ဖျော်ထားပြီးသား။ ထမင်းစားခါနီးရင် မောင်ကြိုက်တဲ့ ဝီစကီနဲ့ ဆတ်သားခြောက်မီးဖုတ် ဆီဆမ်းပြီးသား။ ရေအရင်ချိုး၊ ပြီးရင် မောင့်ကို ပြောစရာရှိတယ်"

ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားသည်။ ခါတိုင်း သည်လို မဟုတ်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဒါနဲ့ ကျွန်တော် ရေချိုး၊ အဝတ်အစားလဲပြီး အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့သည်။ ထိုင်ထိုင်ချင်းပင် ဇနီးသည်က စတင်၍ စကားစလိုက်သည်။

"မောင် သန်ဘက်ခါ ဘာနေ့လဲ"

"အိုကွာ . . . အင်္ဂါနေ့လေ။ ဘာဖြစ်လို့တုံး"

"ဘာဖြစ်ရမှာလဲ၊ မောင်နဲ့မိတို့ မင်္ဂလာသက်တန်း ၁၀ နှစ်ပြည့်လေ။ အဲဒါကြောင့် ၁၀ နှစ်ပြည့် မင်္ဂလာ အထိမ်းအမှတ်အနေနဲ့ ရပ်ကွက်ထဲကသူတွေကို တစ်ခုခုကျွေးကြရအောင်နော် မောင်"

"အေးလေ ဘာကျွေးမှာလဲ"

"ကြက်ဆီထမင်းလေး ဆိုရင် ကောင်းမလားလို့။ ဒါနဲ့ ဖိတ်စာလေးတော့ အစောင် ၃၀ လောက်တော့ ရိုက်ခဲ့ပေါ့။ အဟန့်ပေါ့"

"မောင်ပဲ စာအကြမ်းစိပြီး ဖိတ်စာရေးလိုက်မယ်။ ယောဟိုစာအုပ်ပုံထဲက စာရွက်ကြမ်းတစ်ရွက်နဲ့ ဘောလ်ပင်ပါ ယူလာခဲ့"

ဇနီးသည်ခမျာ ပေါ့ပါးသွက်လက်စွာဖြင့် သွားယူလာခဲ့ပြီ၊ ကျွန်တော် စာရွက်နှင့် ဘောလ်ပင်ကို ယူ၍ ရေးမည့်ဟန် ပြင်လိုက်စဉ် စာရွက်မှာ တစ်ဖက်လှတ်၊ စာရွက် တစ်ဖက်မှ စာသားများဖတ်လိုက်ရာ တုန်ယင်စွာဖြင့် စာရွက်လွှတ်၍ ကျသွားသည်။

"မောင် ဘာဖြစ်တာလဲဟင်"

"မင်းပဲ စာရွက်ကို ဖတ်ကြည့်"

စာရွက်မှာကား နာရေးဖိတ်စာ စာရွက်ဖြစ်သည်။

သည်နေ့ သည်ရက်မှာပဲ ဆုံးပါးသွားသော ကျွန်တော့်မိခင်၏ ငါးနှစ်ပြည့်ဖိတ်စာ။

ပိုက်မင်းဝေ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ ရဲတပ်ဖွဲ့သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ရန် လျှောက်လွှာလက်ခံပြီးနောက် အရပ်တိုင်းသည်၊ ကိုယ်အလေးချိန် ချိန်တွယ်သည်၊ ဆရာဝန်ဖြင့် ကျန်းမာရေးစစ်ဆေးသည်။ အဲဒါတွေပြီးတော့ ရေဆွတ်ထားသော ဂုန်နီအိတ်ပေါ်တွင် ခြေတစ်ဖက်စီနင်းရသည်၊ ပြောင်နေသော သမံတလင်းကြမ်းပြင်ပေါ်တွင် နင်းပြီးရသည်။

သမံတလင်းပေါ်တွင် ပေါ်နေသောခြေရာကို စစ်ဆေးသူက အသေအချာကြည့်သည်။ ခြေထောက် ချက်နာပြင်သည် အတွင်းဘက်၌ ခြေဖနောင့်နှင့် ခြေဖျား အဆစ်ကြားတွင် အနည်းငယ်ခွက်နေရသည်။ အကယ်၍ ခြေဖဝါးသည် ခွက်ရာမရှိဘဲ တစ်ပြေးညီမှာ အပြားလိုက်ကြီး ဖြစ်နေပါက



www.burmeseclassic.com

www.burmeseclassic.com

အပယ်ခံလိုက်ရသည်။ (နောက်မှသိရသည်မှာ ခြေဖဝါးသည် တစ်ပြေးညီစွာ အပြားလိုက်ရှိနေသူများသည် ရှူးဖိနပ်သော်လည်းကောင်း၊ စစ်ဖိနပ်သော်လည်းကောင်း စီး၍ ကြာကြာလမ်းမလျှောက်နိုင်ဟု သိရသည်။)

မိမိသင်တန်းဆင်းပြီးနောက် အလုပ်သင်ဘဝတွင် လုပ်ငန်းကျွမ်းကျင်၍ အလွန်စေ့စပ်သေချာသော စခန်းမှူး ဦးစိုးဝင်းနှင့် တွဲဖက်လျက် တပည့်ခံ ဆောင်ရွက်ခဲ့ဖူးသည်။ စခန်းမှူးဦးစိုးဝင်း၏ စေ့စပ်သေချာမှုကြောင့် နွားခိုးမှုတစ်မှု အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ဖူးသည်။ အဓိကမှာ ခြေရာဖြစ်သည်။ တစ်မူထူးခြားသော အပြားလိုက်ခြေရာကြီး။

* * *

နွားများနှင့် ပတ်သက်၍ ထူးခြားချက်များ သတိပြုမိခဲ့ဖူးသည်။ နွားများသည် ပြုစုယုယ ကျွေးမွေးတတ်ကြသော သခင်များကို ခင်တွယ်တတ်ကြသည်။ တချို့ဆိုလျှင် မိမိမွေးထားသော နွားများကို နာမည်ပင် ပေးထားလေ့ရှိကြသည်။ နွားများကလည်း သူ့နာမည်ကို ခေါ်လိုက်လျှင် နားလည်သည့်သဘော ရှိသည်။

တချို့က အကြောင်းအမျိုးမျိုးကြောင့် မလွှဲမရှောင်သာသည့်အခါ မိမိမွေးထားသော နွားကို ရောင်းချလိုက်ရသည်လည်း ရှိတတ်သည်။ ဝယ်သွားသူက နေအိမ်မှဆွဲယူရာတွင် မလိုက်ချင်ဘဲ ပေကတ်ကတ် လုပ်နေတတ်သည်။ ဤအခါ မူလပိုင်ရှင်အိမ်သူအိမ်သားများ မျက်ရည်ဝဲကြရသည်ကိုလည်း တွေ့ဖူး မြင်ဖူးခဲ့သည်။

ရောင်းချလိုက်သော နွားသည် တစ်နယ်တစ်ကျေးသို့ ရောက်သွားသည့်တိုင် မူလသခင်အိမ်သို့ ပြန်လာတတ်သော နွားများလည်း ရှိသည်။ အထူးသဖြင့် မိုးဦးကျ လေဦးကျ အချိန်မျိုးတွင် စိတ်လည်လျက် မူလအိမ်သို့ ပြန်လာလေ့ရှိတတ်ကြသည်။ လူကြီးများ၏ ဆိုစကားတစ်ခု ကြားဖူးသည်။

"အခုလို မိုးလေးစွေလာလျှင် လွမ်းစရာသိပ်ကောင်းတယ်ကွ။ တို့လူသားတွေမဆိုထားနဲ့ တိရစ္ဆာန်ဖြစ်တဲ့ နွားများပင် မူလအိမ်သို့ သတိတရဖြစ်ကာ ပြန်လာတတ်ကြတယ်"

မှန်ပေသည်။ မိမိမှတ်မိသေးသည်။ မိမိတို့ ခေါင်းရင်းအိမ်က နွားကြီးတစ်ကောင် ရောင်းလိုက်သည်။ ဘယ်ဒေသ ရောက်သွားသည်မသိ။ ခြောက်လခန့်အကြာ မိုးဦးကျ၊ လေဦးကျ တစ်နေ့တွင် ၎င်းနွားကြီးမှာ တရွေ့ရွေ့ဖြင့် ခြံဝင်းအတွင်းသို့ တန်းတန်းမတ်မတ် ဝင်လာတော့သည်။ တစ်အိမ်သားလုံး မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့သည်ကို ကြုံခဲ့ရဖူးပါသည်။

* * *

စခန်းမှူး ဆရာဦးစိုးဝင်း ဖော်ထုတ်ခဲ့သော နွားခိုးမှုကလည်း စိတ်ဝင်စားစရာ ကောင်းပါသည်။

ကျွန်းကုန်းရွာတွင် ဦးအတ်တိနှင့် ဒေါ်အေးသင်တို့ လင်မယားနှစ်ယောက်ရှိသည်။ သားသမီးထွန်းကားခြင်းမရှိ၍ သံယောဇဉ်ဆိုလို့ နွားနှစ်ကောင်သာ ဖြစ်သည်။

နွားနှစ်ကောင်ကို နာမည်များပင် ပေးထားသည်။ တစ်ကောင်က ချိုအနေအထား၊ ဘို့အနေအထား၊ အမြီးကျပုံ ကအစ ပြောဖွယ်မရှိ။ အရပ်ကလေးလိုလှနေသည်။ အသွေးအရောင်က အဖြူနှင့် အဝါကျား။ မြင်သူတကာ ငေးကြည့်ရလောက်အောင် နွားချောကြီးတစ်ကောင် ဖြစ်သည်။ သူ့နာမည်က ဖိုးကျားတဲ့။

နောက်တစ်ကောင်က လိပ်ပုဖြစ်သည်။ အရောင်အသွေးက အဝါရောင်(နွားရွှေဟု တင်စားကြသည်)။ သူက ခေါင်းကလေးက သေးသည်။ ချိုကလည်း ငုတ်စလီလေး။ အရပ်က ခပ်ပုပု၊ ကိုယ်လုံးကြီးက ဝဖီးနေသည်။

ဦးအတ်တိက သူ့နွားနှစ်ကောင်ကို နာမည်ပေးထားပုံမှာ လိုက်ဖက်လှသည်။ နွားနှစ်ကောင်က တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ဘဝအကျိုးပေးကောင်းခဲ့သည်ဟု ဆိုရပေမည်။ မိုးကာလတွင် ဤလယ်လေး ခြောက်ဧကကို ထွန်ယက်ပေးရသည်။ နွေကာလ စပါးပေါ်ချိန်တွင် အိမ်သို့သယ်ပေးရသည်။ စပါးနယ်ပေးရသည်။ သူတို့နှစ်ကောင် အလုပ်က ဤမျှသာ ဖြစ်သည်။

ကျန်အချိန်များတွင် မည်သည့်လုပ်ငန်းမှ မခိုင်းတော့။ နွားတင်းကုပ်တွင် ကောင်းကောင်းကျွေးထားသည်။ ကောက်ရိုးနှင့် ဖွဲနု နိုင်နိုင်စားရသည်။ နေ့စဉ် ဆန်ပြုတ်တိုက်သေးသည်။ နွားနှစ်ကောင်မှ ဝချင်းတိုင်းဝ၍ လှ



www.burmeseclassic.com

www.burmeseclassic.com

ချင်တိုင်း လုပ်နေတော့သည်။

ကံကြမ္မာဆိုသည်မှာလည်း အလှည့်အပြောင်းတော့ ရှိတတ်စမြဲ ဖြစ်သည်။ ဦးအတ်တိနှင့် ဒေါ်အေးသင်တို့ ဇရာ၏သဘောအရ အရွယ်လေးရောက်လာသည့်အခါ လယ်ကိစ္စ၊ နွားကိစ္စများ ဆောင်ရွက်ရန် ခက်ခဲလာကြသည်။ ဤအခါ အများက အကြံပြုကြသည်။

"လင်ကိုယ်မယားနှစ်ယောက်တည်းရှိတာပဲ။ တခြားပူစရာမှ မရှိတာ။ ရှိတာလေး ထုခွဲရောင်းချပြီး ဘဏ်မှာအပ်ထားပေါ့။ ဘဏ်တိုးနဲ့ပင် စားသောက်ပါတယ်။ ပိုတာလှူနိုင်တန်းနိုင်သေးတယ်။ အဘိုးကြီး၊ အဘွားကြီး ဘုရားသွားကျောင်းတက်၊ တရားဓမ္မနဲ့ မွေ့ပျော်နေလိုက်တော့ပေါ့။

ဦးအတ်တိနှင့် ဒေါ်အေးသင်တို့ အပြန်ပြန်အလှန်လှန်စဉ်းစားကြသည်။ အများ၏အကြံပြုချက်များကလည်း လက်ခံနိုင်စရာ ဖြစ်နေသည်။ နောက်ဆုံးတွင် လယ်ယာနှင့် ရှိပစ္စည်းအချို့ကို ထုခွဲရောင်းချရန် ဆုံးဖြတ်လိုက်ကြသည်။ ရှိပစ္စည်းအချို့ ထုခွဲမည်ဆိုတော့ ဖိုးသကျားနှင့် လိပ်ပုတို့လည်း ပါခဲ့ပြီပေါ့။ လယ်ယာမြေမရှိတဲ့နောက်တွင် ဖိုးသကျားနှင့် လိပ်ပုတို့လည်း ထွန်ယက်ပေးရန် မလိုအပ်တော့ပြီ မဟုတ်ပါလား။ ဒီတော့လည်း သူတို့နှစ်ကောင်ကို ရောင်းရပေတော့မည်။

ဖိုးသကျားနှင့် လိပ်ပုကို ရောင်းချရန် နွားဝယ်(နွားပွဲစား)နားသီးသန်းမောင် လာရောက်ဆွဲသွားစဉ်က လင်မယားနှစ်ယောက် မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်။ သုံးလေးရက် မစားနိုင်၊ မအိပ်နိုင် ဖြစ်ခဲ့ရသေးသည်။ ကြာသွားတော့လည်း တရားနဲ့ဖြေကြရင်းက မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။

* * *

သည်နေ့ ဥပုသ်နေ့ဖြစ်သည်။ ဦးအတ်တိနှင့် ဒေါ်အေးသင်တို့ ဆရာတော်ကျောင်းမှ ကိုးပါးသီလယူခဲ့ကြသည်။ မွန်းမလွဲမီ နံနက်စာစားလျက် စိပ်ပုတီးကိုယ်စီဖြင့် တရားအာရုံပြုနေကြသည်။ ဒီနေ့မှ ထူးထူးခြားခြား အိမ်ရှေ့မန်ကျည်းပင်ကိုင်းဖျားက ကျီးလေးတစ်ကောင်က သာနေသည်။

"မောင်အတ်တိ"

"ဘာလဲ မအေးသင်"

"ရှေ့ကျီးလေးသာနေတာ သာယာလိုက်တာတော်။ ကျွန်မဖြင့် ဖိုးသကျားကြီးနဲ့ လိပ်ပုလေးကို သတိရလိုက်တာ"

"အိုကွယ်...မအေးသင်ရယ်၊ ပြတ်နေတဲ့ သံယောဇဉ်ကြိုးကို ပြန်မဆက်ချင်စမ်းပါနဲ့ကွာ"

"ကျွန်...ကျွန်မ သတိရလွန်းလို့ပါ"

ဒေါ်အေးသင်က ငိုသံတစ်ဝက်ဖြင့် ထစ်ထစ်ငေါ့ငေါ့ ပြန်ပြောလိုက်သည်။

"မအေးသင်၊ မင်းမှာ ဥပုသ်ကြီးနဲ့လေ။ သတိထားမှပေါ့။ စိတ်ကိုအလိုမလိုက်နဲ့လေ။ သံယောဇဉ်ဆိုတာ တွယ်တာခြင်းပဲ။ တွယ်တာတယ်ဆိုတာလည်း တပ်မက်ခြင်းသဘောပေါ့။ တပ်မက်လာရင် ရယူလိုလာကြတယ်။ အဲဒါ လောဘပဲ။ မရတော့ ဒေါမနဿ ဖြစ်လာတယ်။ အဲဒါ ဒုက္ခပဲကွ။ ဒုက္ခဆိုတာ ခံစားရတာကွာ။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ခံစားရရင် ဝေဒနာဖြစ်တာပဲ။ မကောင်းပါဘူးကွာ။ ဒီတော့ ဘုရားကို အာရုံပြု၊ တရားကို ရှုမှတ်၊ ကြားလား"

"ဟုတ်ကဲ့ပါတော်၊ ဟုတ်ကဲ့ပါ"

ဦးအတ်တိလည်း ပြောသာပြောလိုက်ရသည်။ ဖိုးသကျားကြီးနှင့် လိပ်ပုလေးဆိုသော အသံကြားလိုက်ရတော့ သူလည်း လွမ်းသလိုလို၊ သထိရသလိုလို ခံစားလိုက်ရသည်မှာ အမှန်ပင်ဖြစ်သည်။

* * *

"အာ...ယို့ယို၊ စီနွားကလည်း ဘီလိုဖြစ်တာလဲ။ အားကြီး ဒုက္ခများပါလား"

ရှာရီးတစ်လျှောက် မောင်းနှင်လာသော နွားလှည်းတစ်စီးသည် တစ်ဖက်နွားက ဦးအတ်တိတို့ ခြံဝင်းထဲသို့ အတင်းဆွဲဝင်နေသဖြင့် လှည်းမောင်းလာသူ ကုလားကြီးက အော်ပြောနေခြင်းဖြစ်သည်။

ကုလားကြီးမောင်းနှင်လာသော လှည်းသည် ဦးအတ်တိ၊ ဒေါ်အေးသင်တို့ အိမ်ရှေ့အရောက်တွင် ရှေ့ဆက်မသွားဘဲ တစ်ခေါက်လှည့်ကာ ဦးအတ်တိတို့ အိမ်ဝင်းထဲသို့ အတင်းချွဲဝင်နေခြင်း ဖြစ်သည်။ လှည်းမောင်းသူ ကုလားကြီးက ထမ်းထမ်းနွားကြီးကို တင်းတင်းချုပ်လျက် ခြံဝင်းထဲသို့ ဆွဲ

www.burmeseclassic.com

ဝင်နေသော နွားကြီးကို ကြိမ်လုံးဖြင့် တဖျန်းဖျန်းရိုက်သော်လည်း နွားကြီးက အတင်းသာ ဆွဲဝင်နေသည်။ တစ်ဖက်နွားကလည်း ခပ်ပိန်ပိန်၊ ခပ်သေးသေးသာ ဖြစ်နေသဖြင့် အားကောင်းသော နွားကြီးဆွဲရာသို့ ပါသွားခဲ့ရသည်။ လှည်းမောင်းသူ ကုလားကြီးလည်း မည်သို့မှမတတ်နိုင်ဘဲ အလိုက်သင့်နေလိုက်ရသည်။ နောက်ဆုံး အိမ်၏ တံစက်မြိတ်နားရောက်မှ လှည်းက ရပ်တန့်သွားသည်။ အသံဗလံများကြောင့် ဒေါ်အေးသင် အိမ်ပြင်သို့ ထွက်ကြည့်လိုက်သည်။

"အမယ်လေး…သားကြီး ဖိုးသကျားပါလား။ အဖြစ်ဆိုးလှချည်လား သားကြီးရယ်။ မောင်အတ်တိရေ…လာကြည့်ပါဦးတော့။ ဘယ်လိုလုပ်ကြမလဲ။ သားကြီးအိမ်ပြန်လာတယ်တော့။ အီး…"

ဒေါ်အေးသင်၏ အထိတ်တလန့် အော်ဟစ်ငိုသံကြောင့် ဦးအတ်တိ ထွက်ကြည့်လိုက်သည်။ မြင်ကွင်းက ရင်နင့်စရာ။ နွားသတ်ကုလား၏ လှည်းအိုတွင် ဖိုးသကျားကို တွေ့လိုက်ရသည်။ ဖိုးသကျားက သခင်ဟောင်း၏ အနံ့ကို ရသွားသည့်အခါ နားရွက်ကလေးထောင်၊ ခေါင်းကလေးမော့လာသည်။ ဦးအတ်တိ ဘာစကားမှ မပြောနိုင်၊ ဖိုးသကျားကို တွေတွေကြီး စိုက်ကြည့်လျက် ရင်စို့နေမိသည်…။ ဖိုးသကျားအနေအထားမှာ အနည်းငယ် ပြောင်းလဲသွားသည်။ နည်းနည်းတော့ ပိန်သွားသည်။ တစ်ချိန်က ထာဝရ တင်းပြောင်နေသော အစာအိမ်မှာလည်း ဟောက်ပက်ကြီးဖြစ်နေသည်။

နွားလှည်းပေါ်တွင် နွားကြီးစနစ်စကိုကိုင်လျက် ဗိုက်ကြီးကရွဲရွဲဖြင့် ထိုင်နေသော ကုလားကြီးမှာ ဆံပင်က ကောက်တိကောက်ကွေး၊ စုတ်တိစုတ်ဖွား၊ မျက်နှာကြီးက ပြားပြား၊ မျက်လုံးက ပြူးပြူး၊ ပါးစပ်ကြီးက ပြဲပြဲ၊ စားထားသည့် ကွမ်းများကြောင့် ပါးစပ်တစ်ခုလုံး နီရဲနေသည်။ သွားတွေကလည်း ညစ်ပတ်နေသည်။ ပထမသော် ကုလားကြီးက ဦးအတ်တိနှင့် ဒေါ်အေးသင်တို့ကို နားမလည်နိုင်သောအကြည့်မျိုးဖြင့် ကြောင်အမ်းအမ်းဖြစ်နေသည်။ ခဏကြာမှ တောင်းပန်စကား ဆိုလာသည်။

"အားကိုကြီး၊ ကုလားနော် အများကြီးတောင်းပန်ပါတယ်။ ဒီနွားနော် အများကြီး ဒုက္ခပေးတယ်။ ဒီနားရောက်တယ်နော်၊ တစ်ခါတည်း အတင်းဆွဲဝင်တယ်။ အားကြီးဆိုးတယ်။ နောက်တစ်ခါနော် ဒီကောင်ကို ခေါ်မလာတော့ဘူး။ တစ်ခါတည်း သားသတ်ရုံထဲပို့မယ်။ အသားပဲ ရောင်းလိုက်တော့မယ်"

ကုလားကြီးက သူ့စိတ်ထဲရှိတာတွေ ပြောချလိုက်သည်။ ဒေါ်အေးသင် ကြားရချက် နားမသက်သာဖြစ်သွားရတော့သည်။

"အမယ်လေး…မလုပ်ပါနဲ့ ကိုကုလားကြီးရယ်။ ကျွန်မ တောင်းပန်ပါတယ်"

"အားမကြီး၊ ကျွန်တော့်နာမည် ကိုကုလားကြီး မဟုတ်ပါဘူး။ မွတ္တားဘိုင်…မွတ္တားဘိုင်"

"အေးပါကွာ ကိုမွတ္တားဘိုင်ရယ်။ ဒီနွားကြီးဟာ တို့အိမ်က ရောင်းလိုက်တဲ့ နွားကြီးပါ။ ဒါကြောင့် တို့အိမ်ကို အတင်းဆွဲဝင်တာပေါ့။ ဒီနွားကြီးကို တို့ကို ပြန်ရောင်းခဲ့ပါကွာ"

"မဖြစ်ဘူးထင်တယ် အားကိုကြီး။ ကျွန်တော်တို့ သတ်ရောင်းတယ်နော်။ ဒီလို အသားအားကြီးပေါတဲ့ နွားရဖို့ မလွယ်ဘူး။ တစ်ခါတလေမှ ရတယ်နော်။ ကုလားအားကြီးကံကောင်းတယ်။ မရောင်းနိုင်ဘူး။ ပြန်သွားတယ်နော်။ သူ့ကိုသတ်ပြီး အသားရောင်းလိုက်တော့မယ်"

ကုလားကြီးစကား ကြားလိုက်ရသည့်အခါ ဦးအတ်တိနှင့် ဒေါ်အေးသင်တို့ ရင်တုန်ပန်းတုန် ဖြစ်ကုန်ကြသည်။ အမျိုးမျိုးတောင်းပန်သည်။ ကုလားကြီးက လက်မခံဖြစ်နေသည်။ နောက်ဆုံး အကြံတစ်ခုရကာ နွားရောင်းပေးသူ နားသီးသန်းမောင်ကို ပြေးခေါ်ရသည်။

နားသီးသန်းမောင် ရောက်လာမှ ပြေလည်သွားတော့သည်။ ဦးအတ်တိကလည်း မူလရောင်းလိုက်သော ဈေးထက် တစ်ဆပိုပေးမည်ဟု ဆိုလိုက်သည်။ တစ်ပတ်အတွင်းမှာပင် ထက်ဝက်မြင့်သွားသဖြင့် ကုလားကြီး ခေါင်းညိတ်လိုက်ရတော့သည်။

ဤနည်းဖြင့် ဖိုးသကျားကြီး ကံကောင်းထောက်မကာ ဦးအတ်တိတို့ထံ ပြန်ရောက်ခဲ့သည်။ ကောင်းမွန်စွာ ကျွေးမွေးလျက် ဘေးမဲ့လွှတ်ထားလိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ···ဆရာ၊ ထပါဦး။ ကျွန်းကုန်းရွာက ဦးအေးဦးအတ်တိ ရောက်နေတယ်။ သူ့နွားကြီး အခိုးခံရလို့တဲ့"

အထွေထွေတာဝန်ကျ ရဲတပ်သားလှအောင်က လာနှိုးသည်။ ဦးအတ်တိမှာ အလွန်ရင်းနှီးသော မိတ်ဆွေဖြစ်နေသဖြင့် စခန်းမှူးရဲအုပ်စိုးဝင်း ထလိုက်သွားခဲ့ရသည်။

"ဘယ်လိုဖြစ်တာလဲ ဦးလေးရယ်"

"အဖြစ်ကတော့ ပြောမပြောချင်တော့ပါဘူး မောင်စိုးဝင်းရယ်···။ ဖိုးသကျားကြီး ညက အခိုးခံရတယ်။ မင်းဒေါ်လေး မအေးသင်တော့ ချူးပွဲချ ငိုကျန်ခဲ့လေရဲ့"

"ဟုတ်မှာပေါ့လေ။ သားသမီးလိုဖြစ်နေတော့ ခံစားနေရမှာပေါ့။ သေရွာပြန်နွားကြီးဆိုတော့ ပိုသနားစရာဖြစ်နေတာပေါ့လေ။ ကျွန်တော်တို့ အတတ်နိုင်ဆုံး ကြိုးစားလိုက်ပေးပါမယ်။ အခြေအနေပေးရင်တော့ ဦးလေးတို့ ဖိုးသကျားကြီး ဒုတိယအကြိမ် သေရွာပြန် ဖြစ်လာမှာပါ"

"အားကိုးပါတယ် မောင်စိုးဝင်းရယ်"

"ဒါထက် ဦးလေး။ နွားပျောက်သွားတာကို ဘယ်အချိန်လောက်မှာ သိတာလဲ"

"ညဦးပိုင်းမှာ မိုးကလေးဖွဲဖွဲရွာလာတော့ တို့လည်း စောစောအိပ်ရာဝင်ခဲ့တယ်။ နံနက် ၂ နာရီလောက်မှာ ဦးအေး အပေါ့အပါးထသွားတော့ ဖိုးသကျားကြီး မရှိတော့ဘူး"

"ညက ဦးလေးအိပ်ခါနီးမှာ နွားတင်းကုပ် သန့်ရှင်းရေးလုပ်ပေးသေးသလား"

"ဒါကတော့ ဦးလေးတို့ လုပ်နေကျပဲ"

"ကောင်းပါပြီ။ ဦးလေး နွားတင်းကုပ်ထဲ ဝင်ကြည့်တဲ့အခါမှာ နွားချေးပုံ ဘယ်နှပုံလောက် တွေ့ရသလဲ"

"အဲဒါတော့ သတိမထားမိဘူးကွယ့်။ နေပါဦး···မောင်စိုးဝင်းရဲ့။ နွားအခိုးခံရတာနဲ့ နွားချေးပုံနဲ့က ဘယ်လိုများ ပတ်သက်နေလို့လဲ။ ဦးလေးမသိလို့ ရှင်းပြစမ်းပါဦး"

"ဒီလိုပါ ဦးလေးရဲ့။ နွားများရဲ့ သဘောသဘာဝဟာ များသောအားဖြင့် ညဘက်မှာ နွားချေးသုံးကြိမ် ယိုတတ်ကြတယ်။ ည ၇ နာရီမှ ၁၁ နာရီအတွင်း တစ်ကြိမ်၊ ည ၁၂ နာရီမှ နံနက် ၃ နာရီအတွင်းတစ်ကြိမ်၊ နံနက် ၄ နာရီမှ ၆ နာရီအတွင်းတစ်ကြိမ် ယိုတတ်ကြတယ်။ အဲဒီနွားချေးပုံအနေအထားကို ကြည့်ရခြင်းအားဖြင့် နွားကို ဘယ်အချိန်က ခိုးသွားတယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်"

"ဟာ···တယ်ဟုတ်ပါလားကွ။ နွားတွေနဲ့ လက်ပွန်းတတီးနေခဲ့တဲ့ ဦးလေးတို့တောင် အဲဒါတွေကို မသိဘူးကွ"

"ကျွန်တော်တို့လည်း သင်တန်းက ဆရာသမားတွေ သင်ကြားပေးလိုက်တဲ့ ဗဟုသုတ ပညာတစ်ခုပေါ့။ နွားတချို့မှာ ထူးခြားချက်တစ်ခုရှိသေးတယ်။ ချည်တိုင်မှာ နွားကြိုးကို ခေါက်တွန့်သဘောမျိုးချည်ထားရင် ကြိုးစကို ပါးစပ်နဲ့ ကိုက်ဆွဲဖြေတတ်တယ်။ တခြားတစ်နေရာ ရောက်နေရင် ကြိုးဖြေပြီး နေအိမ်ကို ပြန်လာတတ်ကြတယ် ဦးလေးရဲ့"

"ဒါကတော့ ဟုတ်တယ် မောင်စိုးဝင်းရေ။ ဖိုးသကျားကြီးကို ခေါက်တွန့်ချည်ထားလို့ကတော့ သူကောင်းကောင်း ဖြေတတ်တယ်ကွ"

"ကဲ···အဲဒါတွေထားလိုက်တော့။ ကျွန်တော်တို့ အချိန်မီ ဖိုးသကျားကြီးနောက် လိုက်ဖို့သွားကြစို့"

* * *

စခန်းမှူးရဲအုပ်စိုးဝင်းနှင့်အဖွဲ့ ကျွန်းကုန်းရွာ ဦးအတ်တိအိမ်သို့ ရောက်ခဲ့ကြသည်။ နွားတင်းကုပ်ကို လေ့လာကြသည်။ သန့်ရှင်းသပ်ရပ်စွာ ပြုလုပ်ထားသည်။ နွားချေးပုံနှစ်ပုံ တွေ့ရသည်။ ဒါဆိုလျှင် ဒုစရိုက်သမားသည် နံနက် ၂ နာရီနှင့် ၃ နာရီကြားတွင် လှုပ်ရှားသွားတာဖြစ်နိုင်ကြောင်း စခန်းမှူးရဲအုပ်စိုးဝင်းက ကောက်ချက်ချလိုက်သည်။

ဒုစရိုက်သမား နွားတင်းကုပ်ထဲ အဝင်အထွက်ကို လေ့လာကြသည်။ နွားအသွင်းအထုတ် ပြုလုပ်သည့်အခါ ကလန့်ကိုဖျက်၍ ဝင်ထွက်သွားပုံရသည်။ နွားတင်းကုပ်အထွက်လမ်းတစ်လျှောက်တွင် နွားခြေရာနှင့် လူခြေရာများ တွေ့ရသည်။ မြေက သန့်ရှင်းနေသဖြင့် ခြေရာများက အထင်းသားဖြစ်နေသည်။ ရှေ့ကလူခြေရာ၊ အလယ်က နွားခြေရာ၊ နောက်က လူခြေရာ တွေ့ရသည်။ ဤအတိုင်းဆိုပါက ဒုစရိုက်သမားသည် နှစ်ဦးဖြစ်နိုင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

စခန်းမှူးရဲအုပ်စိုးဝင်းက မှတ်ယူထားလိုက်သည်။

ခြေရာများကို လေ့လာကြည့်ရာတွင် လူခြေရာနှစ်ခုမှာ တစ်ခုနှင့်တစ်ခု မတူဘဲ နွားရှေ့က တွေ့ရသောခြေရာက ထူးခြားနေသည်။ သာမန်လူခြေရာများထက် ကြီးသည်။ မျက်နှာပြင်မှာလည်း အပြားလိုက်ကြီးဖြစ်သည်။ ခြေရာကို သေသေချာချာကြည့်၍ နယ်ထိန်းခေါင်းဆောင် ရဲတပ်ကြပ်ကြီး လှဖေက တင်ပြလိုက်သည်။

"ဆရာ···ဒီခြေရာမျိုးကို ကျွန်တော်တွေ့ဖူးတယ်။ ငွေးချောင်းရွာက ဒီလုံးရဲ့ ခြေရာဟာ အဲဒါမျိုးပဲ။ သူ့ခြေရာကြီးက အများနဲ့မတူ ထူးခြားနေလို့ ကျွန်တော် သတိထား မှတ်သားထားတာပါ။ အများကလည်း သူ့ကို ဒီလုံးလို့မခေါ်တော့ဘဲ ပြားကြီးလို့ခေါ်ကြတယ်ဗျ"

"ဒါသတင်းကောင်းပဲ။ အချိန်ဆွဲနေလို့မဖြစ်ဘူး။ ငွေးချောင်းရွာကို အမြန်သွားကြစို့။ ဦးလေးဦးအတ်တိလည်း လိုက်ခဲ့ပေါ့"

စခန်းမှူးရဲအုပ်စိုးဝင်း ဦးဆောင်လျက် ထွက်လာခဲ့ကြသည်။ ကျွန်းကုန်းရွာနှင့် ငွေးချောင်းရွာမှာ နှစ်မိုင်ခန့်ဝေးသည်။ လယ်ကွင်းကြီးကို ဖြတ်၍ သွားရသည်။ လယ်ကန်သင်းရိုးတစ်လျှောက် ခြေသွားလမ်းက ဖြူးနေသည်။

"ဒီမှာတွေ့လား။ နွားခြေရာက ငွေးချောင်းရွာဘက်ကို ဦးတည်နေတယ်။ လူခြေရာအချို့လည်း တွေ့ရတယ်။ မင်းတို့ လမ်းတစ်လျှောက်သေသေချာချာ ဂရုစိုက်ကြည့်ကြစမ်း"

စခန်းမှူးက အမိန့်ပေးလိုက်သည့်အခါ နယ်ထိန်းခေါင်းဆောင် ရဲတပ်ကြပ်ကြီးလှဖေက လက်နှိပ်ဓာတ်မီးဖြင့် လမ်းတစ်လျှောက် ထိုးကြည့်လျက် သွားနေသည်။ သူငါးလုံးထိုး ဓာတ်မီးကြီး၏ အရောင်ကလည်း လင်းထိန်နေသည်။

"ဆရာ···ဒီမှာ သွေးစက်တွေ တွေ့တယ်"

"ဒါဆို သေချာသွားပြီကွ။ နွားကြီးက သူ့စိမ်းလူဆွဲခေါ်ရာကို ကောင်းကောင်းလိုက်ပုံမပေါ်ဘူး။ ဒီတော့ တစ်ယောက်က ရှေ့ကဆွဲမယ်၊ နောက်တစ်ယောက်က နောက်က မောင်းပေးမယ်။ ခရီးမြန်အောင် နောက်ကလူက ချွန်ထက်တဲ့အရာတစ်ခုခုနဲ့ နွားကြီးရဲ့တင်ပါးကို ထိုးတာဖြစ်ရမယ်။ ဒါ နွားသွေးဖြစ်နိုင်တယ်ကွ"

စခန်းမှူးရဲအုပ်စိုးဝင်းက မှတ်ချက်ပေးလိုက်သည်။ အမှုနှင့်ပတ်သက်၍ လမ်းစတစ်ခု ရလာပြီဖြစ်၍ သူတို့ စိတ်အားထက်သန်နေကြသည်။ ခြေလှမ်းကို ခပ်သွက်သွက်လျှောက်လာခဲ့ကြသည်။ ငွေးချောင်းရွာအနီးသို့ ရောက်လာခဲ့ကြပြီဖြစ်သည်။

မိုးက မလင်းတလင်း အရုဏ်တက်ချိန်။ မိုးနှင်းဖွဲလေးက ကျနေသည်။ အမှတ်မထင် ငွေးချောင်းရွာအတွင်းမှ နွားတစ်ကောင် ထွက်လာသည်ကို မှုန်ဝါးဝါးတွေ့လိုက်ရသည်။ နယ်ထိန်းခေါင်းဆောင် ရဲတပ်ကြပ်ကြီးလှဖေက လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်။ ဖိုးသကျားကြီးပါတကား။

"မောင်စိုးဝင်းရေ···ဖိုးသကျားကြီးကွ။ ချည်တိုင်မှာ ခေါက်တွန့်ချည်ထားတာ ဖြစ်မယ်။ ဒီကောင်ကြီး ကြိုးစကို ပါးစပ်နဲ့ကိုက်ဖြေပြီး ပြန်လာတာဖြစ်မယ်"

ဦးအိတ်တိက ပြောပြောဆိုဆို နွားကြီးဆီသို့ ထွက်ပြေးသွားသည်။ နွားကြီးအနီးရောက်သည့်အခါ လည်တိုင်ကို ပွေ့ဖက်ထားလိုက်သည်။

"တော်ပါသေးတယ် သားကြီးရယ်။ မသေကောင်း၊ မပျောက်ကောင်း။ အီး···"

ဦးအတ်တိက နွားကြီးကို ဖက်လျက်ငိုသည်။ စခန်းမှူးရဲအုပ်စိုးဝင်းနှင့်အဖွဲ့ နွားကြီးကို ကောက်ကြောင်းယူ၍ နောက်ကြောင်းပြန် လိုက်ကြည့်သည်။ နွားခြေရာသည် ငွေးချောင်းရွာ ဒေါ်ပုမ၏ နွားခြံတွင် အဆုံးသတ်သွားသည်။ နွားကြီး၏ တင်ပါးနောက်ဘက်တွင် သွေးစို့နေသော ဒဏ်ရာများ တွေ့ရသည်။

* * *

"ကဲ···ဒေါ်ပုမ၊ ကျွန်းကုန်းရွာက ဒီည အခိုးခံလိုက်ရတဲ့ ဟောဒီနွားကြီးဟာ ခင်ဗျားခြံအတွင်းက ထွက်လာတာ တွေ့ရတယ်ဗျာ။ ခင်ဗျားက ဘာပြောချင်သေးသလဲ"

"အမယ်လေးတော်···ဒုက္ခပါပဲ။ ကျွန်မတို့လည်း ဘာမှမသိရပါလား။ ကျွန်မတို့အိမ်မှာ နွားသုံးကောင်ရှိပါတယ်။ ညက နွားစာထည့်ပေးပြီး စောစောအိပ်လိုက်ကြတာပဲ။ အဲဒီတုန်းက

www.burmeseclassic.com

လည်း နွားသုံးကောင်ပဲ ရှိတာပါ။ အခု ဘယ်ကဘယ်လို ဒီနွားက ကျွန်မတို့ ခြံထဲ ရောက်နေရတာလဲ။ သေသာ သေလိုက်ချင်တော့တာပဲ။ ကြံကြံဖန် ဖန်တော်။ ကယ်ပါဦး စခန်းမှူးကြီးရယ်”

“သိပ်လည်း စိုးရိမ်မနေပါနဲ့ ဒေါ်ပုမရယ်။ အခုဟာက မပြေးသော်လည်း ကံရာရှိဆိုတဲ့ သဘောဖြစ်နေတာပါ။ အမှန်တရားဆိုတာ ပေါ်လာစမြဲပါဗျာ။ မကောင်းမှုဆိုတာလည်း ကြာကြာဖုံးကွယ်ထားလို့ မရပါဘူး။ အမှန်တရားပေါ်လာရင် ရှင်းသွားမှာပါ။ ခင်ဗျားတကယ်မသိဘူးနော်”

“ဘုရားစူး၊ မိုးကြိုးပစ်ပါ စခန်းမှူးကြီးရယ်။ တကယ်မသိတာပါ”

“ကောင်းပြီလေ။ ကျွန်တော်မေးတာ မှန်မှန်ဖြေပါ။ ခင်ဗျားသား ဒီလုံး (ခေါ်) ပြားကြီး ဘယ်သွားသလဲ”

“မနေ့ညက ကျေးရွာဥက္ကဋ္ဌကြီး ခေါ်တယ်ဆိုလို့ သွားတာပဲ။ တစ်ညလုံးပြန်မလာဘူး”

“ကောင်းပါပြီ။ ကျွန်တော်တို့ ကျေးရွာဥက္ကဋ္ဌအိမ် လိုက်သွားမယ်။ ဩ…ဒါထက် ဒီရက်အတွင်း ဒေါ်ပုမ ဘယ်မှမသွားပါနဲ့။ ကျွန်တော်တို့ လိုအပ်တာရှိရင် မေးနိုင်အောင်ပါ”

“ဟုတ်ကဲ့ပါရှင်၊ ဟုတ်ကဲ့ပါ။ ဘုရား…ဘုရား”

ဒေါ်ပုမတစ်ယောက် ဘုရားတ၍ ကျန်ခဲ့သည်။ စခန်းမှူးရဲအုပ်စိုးဝင်းနှင့်အဖွဲ့ ကျေးရွာဥက္ကဋ္ဌ ဦးစိန်သောင်း အိမ်ဘက်သို့ ထွက်လာခဲ့ကြသည်။

“ဥက္ကဋ္ဌကြီးရေ…ဒီလုံးနဲ့ တင်ထွန်းကို ကျွန်တော်တို့ စစ်မေးစရာရှိတယ်ဗျာ”

“ဆရာစိုး…ဒီကောင်နှစ်ကောင်ကို ဖမ်းမယ်၊ ဆီးမယ်ဆိုရင်တော့ ကျွန်တော် လက်မခံနိုင်ဘူးဗျာ။ ဘာကြောင့်လဲဆိုတော့ သူတို့နှစ်ယောက်နဲ့ ကျွန်တော် တစ်ညလုံးရှိနေကြတာဗျ။ မနေ့ညနေက ဆယ်အိမ်မှူး ဦးစိန်မောင်ရဲ့ နွားမလေး လယ်ကွက်ထဲက ရေတွင်းပျက်ထဲမှာ ကျသေသွားလို့ ကျွန်တော်တို့ ဝမ်းတွင်းသားတွေချက်ပြီး ဝိုင်းဖွဲ့အရက်သောက်နေကြတာ။ ဦးစိန်မောင်တောင် ည ၁၂ နာရီလောက်မှ ပြန်သွားတာပါ။

ကျွန်တော်ရယ်၊ ဒီလုံးရယ်၊ တင်ထွန်းရယ် ဆက်သောက်နေကြရင်းက ဒီကွပ်ပျစ်ပေါ်မှာပဲ အိပ်ပျော်သွားကြတာပါ။ မနက် ၄ နာရီလောက်ကျမှ ကျွန်တော် အပေါ့အပါးသွားရင် အိမ်ပေါ်တက်အိပ်လိုက်တာ။ အဲဒီအချိန်ထိ သူတို့နှစ်ယောက် အိပ်နေတာ တွေ့ရတာပဲ။ အခု ဆရာစိုးလာတော့လည်း သူတို့နှစ်ယောက်ကို ဒီကွပ်ပျစ်ပေါ်မှာပဲ အိပ်နေတာ တွေ့ရတယ် မဟုတ်လား။ သူတို့နှစ်ယောက်အတွက် ကျွန်တော် တာဝန်ယူပါတယ်ဗျာ”

“ဒီလိုရှိတယ် ဦးစိန်သောင်း။ ခင်ဗျား သူတို့နှစ်ယောက်ကို တာဝန်ယူနိုင်ပေမယ့် တရားဥပဒေကိုတော့ ခင်ဗျား တာဝန်ယူလို့ရမှာ မဟုတ်ပါဘူး။ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ နွားခိုးမှုနဲ့ သူတို့နှစ်ယောက်ကို ကျွန်တော်ဖမ်းရပါလိမ့်မယ်”

“မဖြစ်နိုင်တာဗျာ။ ဒီလို မတရားသဖြင့်ဖမ်းရင်တော့ ကျွန်တော် သက်ဆိုင်ရာကို တင်ပြတိုင်တန်းရလိမ့်မယ်”

စခန်းမှူးရဲအုပ်စိုးဝင်းက တစ်ချက်ပြုံးလိုက်သည်။ မပွင့်တစ်ပွင့်လေးလည် အသံထွက်အောင် ရယ်လိုက်သည်။

“မတရားဘူးထင်ရင်တော့ ဦးစိန်သောင်း ကြိုက်သလို ဆောင်ရွက်နိုင်ပါတယ်။ ဦးစိန်သောင်းကို ကျွန်တော် တစ်ခုမေးမယ်”

“မေးပါ”

“ဦးစိန်သောင်း အရက်မူးပြီး ဒီကွပ်ပျစ်ပေါ်မှာ ဘယ်အချိန်လောက်က အိပ်ပျော်သွားတယ် ထင်သလဲ”

“တိတိကျကျတော့ မပြောနိုင်ဘူးပေါ့ဗျာ။ နံနက် ၁ နာရီလောက်တော့ ရှိမယ်ထင်ပါတယ်”

“ကောင်းပြီ။ နံနက် ၁ နာရီခန့်က အိပ်ပျော်သွားပြီး ၄ နာရီလောက်မှာ နိုးပြီး အိမ်ပေါ်တက်သွားတယ်ဆိုတော့ တစ်နာရီကနေ ၄ နာရီအတွင်း အရက်ရှိန်ကလည်းရှိနေတော့ ခင်ဗျား အိပ်မောကျပြီး ဘာမှမသိနိုင်တော့ဘူး ထင်တယ်”

“ကျွန်တော် သွားတဲ့အချိန်မှာ သူတို့နှစ်ယောက် ရှိနေတာပဲ”

ဦးစိန်သောင်း အတွန့်တက်လိုက်သေးသည်။

“ဒီမှာ ဦးစိန်သောင်း။ ခင်ဗျား စဉ်းစားမို့က ကျွန်းကုန်းရွာနဲ့ ငွေချောင်းရွာဟာ နှစ်မိုင်လောက်ပဲ ဝေးတယ်။ ယောက်ျားမှုများခြေနဲ့ ခပ်သွက်သွက်လျှောက်မယ်ဆိုရင် အသွားအပြန် အလွန်ဆုံးကြာရင် တစ်နာရီလောက်ပဲ ကြာနိုင်တယ်။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com

ခင်ဖျားအိပ်မောကျနေတဲ့ အချိန်အတွင်းမှာ ဒီကောင်နှစ်ကောင် လှုပ်ရှားလိုက်ကြရင် ခင်ဖျားသိနိုင်တော့မလား"

စခန်းမှူးရဲအုပ်စိုးဝင်းက အချက်ကျကျ ရှင်းပြလိုက်သည့်အခါ ဥက္ကဋ္ဌဦးစိန်သောင်း မျက်မှောင်တစ်ချက်ကြုတ်လျက် ငြိမ်ကျသွားသည်။ သို့သော်လည်း အလျှော့မပေးလိုသေးသည့် ပုံစံမျိုး ရှိနေသေးသည်။

"ဆရာစိုးတို့ ဒီလိုထင်မြင်ယူဆချက်လောက်နဲ့ ဖမ်းဆီးမယ်ဆိုရင် တစ်ဖက်သား နစ်နာရာကျမနေဘူးလား။ ကျွန်တော်တော့ သိပ်ဘဝင်မကျသေးဘူးဗျာ"

"တယ်ခက်ပါလား ဦးစိန်သောင်းရယ်၊ ခင်ဖျားသိထားဖို့က ကျွန်တော်တို့ အလုပ်တစ်ခုကို အရမ်းမလုပ်ပါဘူး။ အထောက်အထား ခိုင်လုံစွာနဲ့ လုပ်ရပါတယ်။ ကျွန်တော် ရှင်းပြမယ်၊ နားထောင်ကြည့်။

ပထမအချက်က နွားခြံထွက်ပေါက်နားမှာ တွေ့ရတဲ့ လူခြေရာဟာ သိပ်ထူးခြားတယ်။ လူတစ်ရာမှာ တစ်ယောက်မှာသာရှိနိုင်တဲ့ ခင်ဖျားတပည့် ဒီလုံး(ခေါ်) ပြားကြီးရဲ့ ခြေရာဗျ။

ဒုတိယအချက်က နွားကိုဆွဲသွားတဲ့ လမ်းပေါ်မှာ သာမန်ခြေရာနဲ့ ထူးခြားတဲ့ခြေရာ နှစ်ခုတွေ့ရတယ်။ ဒါကြောင့် နွားခိုးသူဟာ နှစ်ယောက်ဖြစ်နိုင်တယ်လို့ ခန့်မှန်းလို့ရပါတယ်။

တတိယအချက်က လမ်းတစ်လျှောက်မှာ သွေးစက်တချို့ကို တွေ့ရတယ်။ ဒါဟာ နွားကို တစ်ယောက်က ရှေ့မှဆွဲမယ်၊ နွားက ပေကပ်ကပ်လုပ်နေတော့ ခရီးမတွင်နိုင်ဘူး။ ဒီတော့ နောက်ကလူက ချွန်ထက်တဲ့ အရာတစ်ခုနဲ့ နွားတင်ပါးကို ထိုးတယ်ဆိုတာ သက်သေပြနေတာပဲ။

စတုတ္ထအချက်က အခိုးခံရတဲ့ နွားကြီးဟာ ခင်ဖျားတို့ရွာထဲက ပြန်ထွက်လာတာ ကျုပ်တို့နဲ့ ဆုံမိတယ်။ နွားကြီးကိုကြည့်လိုက်တော့ နောက်တင်ပါးမှာ သွေးစို့နေတဲ့ ဒဏ်ရာတွေ တွေ့ရတယ်။ နွားခြေရာခံပြီး ပြန်လိုက်ကြည့်တော့ နွားခြေရာဟာ ဒီလုံးအမေ ဒေါ်ပုမခြံမှာ အဆုံးသတ်သွားတယ်။

ပဉ္စမအချက်ကတော့ ဦးစိန်သောင်းအိမ်အောက်က ကွပ်ပျစ်ပေါ်မှာ ဒီလုံးနဲ့ တင်ထွန်းတို့ အိပ်နေတာ တွေ့ရတယ်၊ တင်ထွန်းခေါင်းနားမှာ လွယ်အိတ်တစ်လုံး တွေ့ရတယ်၊ လွယ်အိတ်ထဲမှာ ဓားမြှောင်တစ်ချောင်းလည်းတွေ့ရတယ်။

ဒီမှာကြည့်ပါဦး…။ ပေကျံနေတဲ့ သွေးစတွေဟာ ခြောက်တောင်မခြောက်သေးဘူး။ ဒီသွေးစတွေဟာ နွားကြီးရဲ့ တင်ပါးက သွေးစတွေပေါ့ဗျာ။ ဒီလောက်ဆိုရင် ဦးစိန်သောင်း ဘဝင်ရှင်းသွားလိမ့်မယ် ထင်ပါတယ်"

စခန်းမှူးရဲအုပ်စိုးဝင်းက အရှည်ကြီး ရှင်းပြလိုက်သည့်အခါ ဦးစိန်သောင်း တအံ့တသြဖြစ်သွားခဲ့ရသည်။

"သေချာလှချည်လား ဆရာစိုးရယ်၊ ကျွန်တော် အရမ်းလေးစားသွားတယ်ဗျာ၊ ကျွန်တော်အထင်နဲ့ပြောမိဆိုမိတာတွေကိုလည်း ခွင့်လွှတ်ပါ။ အနူးအညွှတ် တောင်းပန်ပါတယ်"

"ရပါတယ် ဦးစိန်သောင်းရယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့ဟာ ရပ်ရွာအေးချမ်းသာယာရေးကို လက်တွဲဆောင်ရွက်ကြရမယ့်သူတွေ မဟုတ်လား။ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေဆိုတာကလည်း ပြစ်မှုကျူးလွန်ထားတဲ့ လူတစ်ရာကို မဖမ်းမိသေးတာထက် အပြစ်မရှိတဲ့ လူတစ်ယောက်ကို မှားယွင်းမဖမ်းမိဖို့ အထူးသတိပြုဆောင်ရွက်ရပါတယ်"

"လေးစားပါတယ် ဆရာစိုးရယ်။ ဒီကောင်နှစ်ကောင် သိပ်မိုက်တယ်ဗျာ…။ ကျွန်တော့်မျက်နှာတောင် မထောက်ဘူး။ တစ်ခါတည်းသာ ထောင်ချပစ်လိုက်ပါ ဆရာစိုးရယ်"

"ဦးစိန်သောင်းရေ…ကျွန်တော်တို့က ထောင်မချနိုင်ပါဘူး။ အမှုတစ်ခုကို သက်သေခံအထောက်အထား ခိုင်လုံစွာနဲ့ စုံစမ်းဖော်ထုတ်ပေးရသူတွေပါ"

အမှုနှင့်ပတ်သက်၍ ကျေးရွာဥက္ကဋ္ဌဦးစိန်သောင်းလည်း ဘဝင်ရှင်းသွားပြီ ဖြစ်သည်။ ပြစ်မှုကျူးလွန်သူ ဒီလုံး(ခေါ်)ပြားကြီးနှင့် တင်ထွန်းတို့ကလည်း ဝန်ခံထားကြပြီဖြစ်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၀ (က) (တိရစ္ဆာန်ခိုးမှု)နှင့် သက်ဆိုင်ရာတရားရုံးသို့ သက်သေခံအထောက်အထား ခိုင်လုံစွာဖြင့် တရားစွဲတင်ခဲ့သည်။ ဒီလုံး(ခေါ်)ပြားကြီးနှင့် တင်ထွန်းတို့ တရားဥပဒေ၏ အဆုံးအမကို ခံရမည်သာ ဖြစ်တော့သည်။

**မောင်မောင်[ပိတောက်မြိုင်]**

www.burmeseclassic.com

www.burmeseclassic.com



# ဗေဒနာနှင့်ဆေး



## သျှက်ပြုံး(မြန်မာစာ)

"ဟော .. ဈေးကတောင် ပြန် လာပြီလား တင်တင်။ စောလှချည်လား"

အိမ်နီးချင်း ခင်မင်ရင်းနှီးသူ မြမြ က မျက်နှာသစ်၊ သွားတိုက်ရင်း တင်တင် ပြန်အလာကိုမြင်၍ နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။

ဒေါ်တင်တင်ကို တစ်ရပ်ကွက် တည်းနေ အိမ်နီးချင်းများက ခင်မင် ရင်းနှီးသည်က များသည်။ ခင်မင်ဆို တင်တင်က စာပေဗဟုသုတ လေ့လာ လိုက်စားသူဖြစ်ပြီး မည်သူ့ကိုမဆို ကူညီရိုင်းပင်းသူလည်း ဖြစ်သည်။

"မြမြရေ ... စောစောသွားရ တယ်။ နေ့ရာသီပူပြင်းချက်ကို မခံနိုင်ဘူး လေ။ အခု ၇ နာရီထိုးပြီ။ နေကထွက် တယ်ဆို ပူလာပြီ မဟုတ်လား"

"ဩော် ... တင်တင့်ကို အကူ အညီတောင်းရဦးမယ်။ တင်တင်က ဆေးနည်းတွေလည်း နဲ့စပ်တယ် မဟုတ်လား။ အဲဒါ လည်ချောင်းတွေ နာလို့ ဗမာဆေးနည်းလေးများ ရှိရင်၊ သိရင် ပြောပြပါဦး။ ဆေးခန်းသွားရ မှာလည်း ကြောက်တယ်လေ"

"ဒါများ မြမြရယ် အလွယ်လေး။ ဈေးသွားရင် ကြက်ဟင်းခါးသီးဝယ် လိုက်။ တစ်လုံးလောက်ပေါ့။ အခြောက် လှန်းထား။ ခြောက်တဲ့ခါ ကျောက်ပျဉ် မှာသွေးပြီး နာနေတဲ့လည်ချောင်း တစ်ပြင်လုံးကို လိမ်းကျံပေးလိုက်ရင် လည်ချောင်းဝေဒနာ သက်သာသွားလိမ့် မယ်။ အို .. ကြာပါတယ်။ ဟိုနေ့က ဝယ်ထားတဲ့ ကြက်ဟင်းခါးသီးတွေ မစားသေးဘဲ ကြာနေပြီး အခုဆို ခြောက်ရောပေါ့။ ယူပေးမယ်။ ခဏ စောင့်နော်"

တင်တင်တစ်ယောက် အိမ်နီး ချင်းပီသစွာ ပေါ့ပေါ့ပါးပါး အကူအညီ ပေးတတ်သူလည်း ဖြစ်ပါသည်။

"ကဲ ... ရော့ရော့။ အဲဒါလေး သွေးလိမ်းလိုက်နော်။ ဟိုနေ့ကတောင် လမ်းထိပ်က ဆိုက္ကားနင်းတဲ့ ဆိုက္ကား ဆရာ ရန်နိုင်ကို သိတယ်မဟုတ်လား"

"အင်း .. သိတယ်လေ။ သူက ဘာဖြစ်လို့လဲ"

"အပူနာတဲ့။ အဖုအကျိတ် ပေါင် မှာဖြစ်နေလို့ ပြည်လည်းတည်၊ ကိုက် ခဲနေတာပဲတဲ့။ တစ်နေ့လုပ် တစ်နေ့စား ဆေးခန်းသွားဖို့ ငွေပိုကမရှိ၊ ကလေး တွေကလည်းများ။ အဲဒါ ဗမာဆေးလေး သိရင် ပြောပါဦးဆိုတာနဲ့ ပြောခဲ့ရသေး တယ်။ ပြောရုံတင် မဟုတ်ပါဘူးဟယ်။ ဈေးကဝယ်လာတဲ့ ကြက်သွန်နီဥကြီး တစ်လုံးရယ်၊ ထောပတ်ရယ်၊ ဂျုံမှုန့်ကို ပါ တစ်ခါတည်း ပေးခဲ့တယ်။ သူ့မိန်းမ ကိုလည်း လမ်းမှာတွေ့လို့ ပြောခဲ့ရသေး တယ်။ ကြက်သွန်နီဥတစ်လုံးရဲ့ အလုံးလိုက် ကို နှုတ်ယူ၊ အဲဒီ အတိုင်လွှတ်ထဲ နနွင်း အနည်းငယ်၊ ဂျုံမှုန့်ကြမ်း၊ ရေ၊ ထော ပတ် ရောစပ်သွင်းပြီး မီးကင်ပေး။ အဲဒါ ကို အနာပေါ်ကပ်ပေး။ အုံပေးရမယ် ဆို့ ပြီးရင် ပြည်တွေပေါက်ကျပြီး အကိုက်အခဲပါ ပျောက်ပါသွားလိမ့်မယ် လို့ ဗမာနည်း ဗမာဟန် ဆေးကုနည်း ကိုလည်း အထင်သေးနေလို့ ငွေကုန် သက်သာမှာပဲလေ။ ဆေးခန်းသွားရင် ခွဲမယ်စိတ်မယ်နဲ့ အကုန်အကျများဦး မယ်လို့"

"အင်း ... တင်တင့်လို ကူညီ အားပေးတတ်သူလည်း ရှားပါတယ်"

x x x

မြမြတစ်ယောက် အိမ်ထဲမှအိမ် ပြင် မထွက်တာကြာပြီဖြစ်သော တင်တင် ကို ဆေးမြီးတိုမေးရန် တင်တင်အိမ်သို့ သွားခဲ့သည်။

"တင်တင်ရေ ... မြ ဝင်လာပြီ နော်။ အိပ်ခန်းထဲမှာလား။ ဘာဖြစ်တာ လဲ။ ပါးတွေလည်း ရောင်လို့ပါလား။ လမ်းတောင် သိပ်မလျှောက်နိုင်ပါလား။ အိမ်ကလူတွေလည်း အလုပ်သွား၊ ကျောင်းသွားနဲ့ ဘယ်သူမှမရှိပါလား"

"ဟုတ်တယ် မြမြရေ။ သွားဖုံး တွေကရောင်၊ အဆစ်တွေလည်း ရောင် နေလို့ ဘယ်မှမထွက်နိုင်ဘူး။ အဲဒါ အိမ် ကလူလာရင် ညနေ ဆေးခန်းသွားပြ မလားလို့ အမယ်လေး နာလိုက်တာ"

မြမြမှာ တအံ့တသြ တင်တင့်ကို ကြည့်ရင်း ...။

သျှက်ပြုံး(မြန်မာစ)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

■ ချိုသာ

# နှံ့သာရောင် တိုက်ပုံကလေး

ကျုပ် ဘုန်းဘုန်း ညာဘက်ရင်ဘတ်မှာ ကျုပ်လက်နဲ့ ကျုပ်ကိုယ်တိုင် ရင်ထိုးစာတန်းထိုးပေးလိုက်တယ်။ ဘုန်းဘုန်း တရားဝင်ဖြစ်သွားပြီ။ အောင်မာကွာ။

အခမ်းအနားက ညနေ ၆ နာရီဆိုတော့ မကြာခင်မှာ စတော့မှာ။ အဓိကက ပူဖောင်းသွားဝယ်တဲ့ ငဖျော်ကြီးလာရင် ပွဲစလို့ရပြီ။ ထုံးစံအတိုင်း ပရိသတ်ကတော့ ဖြောက်ဖြောက် ဖြောက်ဖြောက်နဲ့ ဝင်လာကြတာပေါ့။ ရှေ့ဆုံးတန်းမှာတော့ တိုက်ပုံဝတ်ချည်းပဲ။ ကော်လာကတုံး ရှပ်အင်္ကျီလက်ရှည်အဖြူ၊ ပုဆိုးဆင်တူဝတ်သူတွေ၊ ခါးမှာ လက်ကိုဖုန်းကိုယ်စီချိတ်ထားတာပဲ ထူးခြားတယ်။ အသံချဲ့စက်က "ဟဲလို ဟဲလို တက်စတင်၊ တက်စတင် ကြားလား ကြားလား၊ ကြားရင် ... ကိုရွှေမောင်ပုလင်းဆီ အကြောင်းပြန်။ ဒါပဲ" ဆိုပြီး နောက်နေတယ်။

မှောင်စပျိုးတာနဲ့ ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ ခြင်က မတရားကိုက်တာ။ ခရေပင်ကြီးအောက်မှာ ယူနီဖောင်း အပြည့်အစုံ ဝတ်ဆင်ထားတဲ့ အရန်မီးသတ် ရဲဘော်ကလေးတွေခမျာ သတိအနေအထားနဲ့ မနေနိုင်ကြရှာဘူး။ ခေါင်းလှုပ်၊ ခြေလှုပ်၊ လက်လှုပ် လုပ်နေရတယ်။ လာပါတော့ ... လာပါတော့ မြန်မြန်လာပါတော့ ကိုငဖျော်ကြီးရယ်။ အောင်မာကွာ။

မြစ်ကူး၊ ချောင်းခြား ဟိုးလှိုင်သာယာ တမာကုန်းက တကူးတကလာတဲ့ ပူပူနွေးနွေး သတင်းထောက်အေးလွင်လည်း စမတ်ကျကျတိုက်ပုံနဲ့၊ ရင်ထိုးစာတန်းနဲ့၊ မော်တော်ဆိုင်ကယ်စီး အနီရောင်ဦးထုပ်နဲ့၊ နေမဝင်ကတည်းက နောက်တော်ပါအဖျော်နဲ့ ဘုန်းတော်ကြီးကျောင်းဝမှာ ရောက်နှင့်နေပြီ။ "နှစ်ဘက်ခြောက်ရစ်"၊ "ငါးပါးသီလ"၊ "ငှက်ကသာလွေးတော့သည်"၊ "ရွှေတိုက်လူမျိုးပြောင်"တို့လည်း တိုက်ပုံအင်္ကျီကိုယ်စီနဲ့ပဲ။ အထူးဖိတ်ကြားခြင်း ခံထားရတဲ့ အစ်ကိုကြီး ယောဆရာကြီးက ကော်လာခေါင်းတုံး ရှပ်အင်္ကျီလက်တိုအဖြူ သန့်သန့်ကလေးနဲ့ လက်ထဲမှာ သောက်ရေသန့်ဘူးနဲ့။ အဖွဲ့က ထုတ်ပယ်ခံရတဲ့ 'တညင်းသီး'ပဲ မတွေ့ရတော့ သနားသလိုလို သတိရမိတယ်။ တိုက်ပုံကြီး တကားကားနဲ့ မားမားမတ်မတ် ထမ်းသလားနေမှာ။ ဟိုးနှစ်က သည်လို တစ်ပွဲမှာ ကျုပ်ကို အရက်ဖြူဖိုး မြန်မာကျပ်ငွေ နှစ်ရာပေးပေမယ့် ကျုပ်ရင်ဘတ်ကရင်ထိုးကို ဆွဲဖြုတ်သိမ်းတယ်။ အရက်ပုန်းဆိုင် စာရေးဆရာ မသွားရဘူးတဲ့။ အောင်မာကွာ။

မြန်မာစံတော်ချိန်အတိုင်း သတ်မှတ်ချိန်နောက်ကျပြီး အခမ်းအနား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့တယ်။ အပျိုချောတွေဆီက ကတ်ကြေးသုံးလက်ယူပြီး ဖဲကြိုးတွေကို ဖြတ်လိုက်တာ ပူဖောင်းအုပ်ကြီး ကောင်းကင်ယံ မတက်ဘဲ သရက်ပင်အိုကြီးရဲ့ ကိုင်းခြောက်မှာ ချိတ်မိပြီး နားသွားတယ်။ ဩဘာလက်ခုပ်သံ တဖြောင်းဖြောင်း၊ လက်ခေါက်မှုတ်သံ တရှူးရှူး၊ ရယ်မောသံ တအုံးအုံးနဲ့ပေါ့။ အောင်မာကွာ။

× × × × ×

အခမ်းအနား အစီအစဉ်မှာ ပါတဲ့အတိုင်း အဖွင့်အမှာစကား ပြောကြားတာတို့၊ သဝဏ်လွှာ ဖတ်ကြားတာတို့၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ ဖတ်ကြားတာတို့ပြီးတော့ လာပြီ .. လာပြီ ဒေါ်သက်ရှိပေါ့။ စာရေးဆရာတွေမှာ တချို့က အစိုးရဝန်ထမ်းလို့လည်း ခေါ်တယ်။ ပြည်သူ့ဝန်ထမ်းလို့လည်း ခေါ်တယ်။ ဝန်ထမ်းဆိုပါတော့။ တချို့က ပုဂ္ဂလိကဝန်ထမ်း။ တချို့က ကိုယ်ပိုင်လုပ်ငန်း။ တချို့က စာရေးခြင်းသက်သက်ဖြင့် ဘဝရပ်တည်ကြတယ်။ အသက်မွေးဝမ်းကျောင်းကြတယ်။

ပထမဆုံးဟောပြောမယ့် စာရေးဆရာကြီးက အစိုးရဝန်ထမ်းအဖြစ်က အငြိမ်းစားယူပြီး အငြိမ်းစားနေသူ။ အုပ်ချုပ်မှုဆိုင်ရာ အကြီးအကဲဟောင်း။ ရှေးအခေါ် 'မင်းကြီး'။ မြန်မာပြည်အနှံ့ တပည့်လက်သားတွေရှိ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အခုလူတွေက သူ့နောက်က ဂျူနီယာတွေ။ သူ့တပည့်တွေ။ သူ့လူတွေ မျက်နှာမပျက်အောင်၊ သူ့ကို အရှိအသေမတန်အောင်၊ မှုဘောင်အတွင်း ကပဲ တစ်သက်လုံး ဟောနေကျ၊ ပြောနေကျအတိုင်း ဟောပြောသွားပါတယ်။ စာပေပညာရှင် လူကြီးလူကောင်းဟန် အပြည့်နဲ့ ဆိုဖာကြီးပေါ် ထိုင်ဟောသွားပါတယ်။ အသက်က လည်း ဂိုန်းဘောနားနီးပြီပဲလေ။

ဒုတိယဟောပြောသူက ဆရာ ဝန် စာရေးဆရာမကလေး။ ဟော့ ရှော့၊ မိတ်ကပ်ပါးပါး၊ မျက်ခွံစိမ်းစိမ်း၊ မျက်တောင်ကော့ကော့၊ နှုတ်ခမ်းနီရဲရဲ ကလေးနဲ့ ချစ်စရာ ယမင်းရုပ်ကလေး။ သူမကို "ညီမလေး"လို့ခေါ်ရင် အရမ်း အရမ်း နှစ်သက်သဘောကျတာတဲ့။ ကျုပ်အသက် ၆၀ ကျော် သွားကျိုးကြီး၊ အဘိုးကြီး၊ ခေါင်းတုံး "ညလေး၊ ညလေး"လို့ မပီမသရေရွတ်မိတယ်။ ကျုပ်တကယ်ပြောတာ။ အောင်မာ ကွာ။ ဟောပြောမယ့် ခေါင်းစဉ်က "ကျန်းမာရေးနဲ့ လူငယ်နဲ့ အချစ်နဲ့" တဲ့။ ကျုပ် လက်ခေါက်မှတ်ချင်လိုက်တာ။ သွားကျိုးက လေထွက်နေလို့ မမှုတ်နိုင်ခဲ့ဘူး။ ဟူး ... ဟူး။ ပြီးတော့ ကျုပ် ဝီလေးပတ်လည်း ကိုင်ထား၊ ဆေးပေါ့လိပ်မီးကလည်း တရဲရဲ ခြင်ကိုက်လို့ တဖျတ်ဖျတ်ရိုက်ရနဲ့ ဆိုတော့ ပရိသတ်ထဲ ရဲရဲဝင်မထိုင်ဝံ့ဘူး။ ဟောပြောပွဲလာ ပရိသတ်နဲ့ ခပ်ဝေးဝေးမှာ နောက်မြီးပြတ်ဖိနပ် ဖင်ခုထိုင်ပြီး လွတ်လပ်စွာ အားပေးနားထောင်ရ တော့တယ်။

နောက်ဆုံး ဟောပြောသူက ဗေဒကဗိပညာရှိ။

ကျုပ် အထူးမပတ်သက်ချင်တဲ့ လူတွေထဲမှာ ပါတယ်။ ဒါပေမယ့် ဒီလူ့ကိုတော့ ကျုပ်လေးစားတယ်။ သူ့ ခွင်မှာ သူဘုရင်ဖြစ်လို့ ဟိတ်ကြီး ဟန်ကြီးထုတ်ပေမယ့် စာသမားစိတ် အပြည့်ရှိတယ်။ သူ့သိန်းထောင်ကျော် တန်ကားကြီးနဲ့လာတယ်။ လွတ်လပ်စွာ ဝတ်စားလာတယ်။ ရှေ့ဆုံးတန်း ဆီပင့်တာ မကြွဘူး။ နောက်ဆုံးမှာ မတ်တတ်။ သူ့စီးကရက်ကလေး တဖွာဖွာ။ မီးကလေး တရဲရဲ။ အတင်း ပလတ်စတစ်ထိုင်ခုံ ထိုးပေးမှ ထိုင်ရှာတယ်။ ဟို .. အမျိုးကောင်းသမီးပျို ဗန်းကိုင်၊ ကတ်ကြေးကိုင်မတွေ မားမားနဲ့ ဖြတ်လျှောက်တော့ ဗေဒကဗိပညာရှိက ကိုယ်ကိုရို့ပေးရရှာတယ်။ သူ့ဘဝဖြတ်သန်းမှု၊ သူ့ဝမ်းစာ ဖူလုံမှုအကြောင်း ကောင်းကောင်းသိလိုက်ရလို့ ကျုပ်လေးစားတယ်။ သူ့မျက်စိတွေက မကောင်းတော့ဘူး။ သူ့မှာ သမိုင်းရှိတယ်။ ဘဝတက္ကသိုလ်သမိုင်း ဟောင်း အတိတ်ရှိတယ်။ သူလည်းပဲ တစ်ခါတုန်းက ပယ်ပယ်နယ်နယ် ခံခဲ့ရဖူးတာပဲ။ ထုံးစံအတိုင်း စာရေးဆရာ တော်တော်များများ ဟောတာပြောတာ ကျုပ်ဟိုးနှစ်ပေါင်း ၄၀ ကျော် လောက်ကတည်းက နားထောင်ဖူးပါတယ်။ တော်တဲ့လူတွေလည်းရှိ၊ ရှော်တဲ့လူတွေလည်းရှိ ဆိုပါတော့။

ကျုပ်နဲ့ရင်းနှီးတဲ့ စာရေးဆရာ တစ်ယောက်ဆိုရင် သူ့ကိုယ်တွေ့ အတွေ့အကြုံတစ်ခု ဟောပြောတယ်။ သူ့အမေ ပြန်တန်ဆာမြို့မဈေးကြီး သွားရင် ပိုက်ဆံငွေ တစ်ဆယ်နဲ့သွားတာ။ သူ့အမေဈေးကပြန်မယ့် အချိန်နဲ့နေရာကို သားအမိနှစ်ယောက် ကြိုတင်ချိန်းထားကြပြီး သူက စက်ဘီးနဲ့ ကြိုနေတယ်။ သူ့အမေ တစ်ပြားမကျန် ဝယ်လာတဲ့ မနိုင်မနင်း ဈေးခြင်းတောင်းအပြည့်အမောက်ကို စက်ဘီးနဲ့ သွားသယ်ရတာ။ ဆိုလိုရင်းက ငွေတန်ဖိုးနဲ့ ကုန်ဈေးနှုန်းအကြောင်းကို ပြောချင်တာ။ ပြီးတော့ အဲဒီအချိန်တုန်းက ရန်ကုန်–ဘားလမ်း (မဟာဗန္ဓုလ ပန်းခြံလမ်း)မှာ "ဘားလမ်းမုတ်ဆိတ်" လက်ဖက်ရည်ဆိုင်က နာမည်ကြီး။ တစ်ခွက် တစ်ကျပ်ခွဲ။ ကောင်းပေမယ့် ဈေးကြီးတယ်လို့ ဆိုရမယ်။ မိုလ်ချုပ်အောင်ဆန်း သောက်မသွားရရှာဘူးလို့ ဟောပြောတယ်။ အဲဒီစာရေးဆရာ ဟောပြောတဲ့ စာပေဟောပြောပွဲရဲ့ နယ်မြေ စာပေဥက္ကဋ္ဌကလည်း သဘာရင့်ဝါရင့် စာရေးဆရာကြီး။ တရားရေးကော်မတီဥက္ကဋ္ဌပဲ။ အပေါ်က ပရက်ရှာပေးတယ် ထင်ပါရဲ့၊ မြင်ကတ်ပုဒ်မတပ်ပြီး ကျုပ်တို့စာရေးဆရာကို ထောင်ချပစ်လိုက်တယ်။ ဟိုဘက်ခေတ်က စံပြပဲ။

ကျုပ်လုပ်တဲ့ စာပေဟောပြောပွဲ တစ်ပွဲမှာလည်း ကျုပ်စိတ်ကြိုက်ပင့်တဲ့ စာရေးဆရာက ထောင်ထဲကခွေးတွေ သစ္စာရှိပြီး၊ တာဝန်ကျေပွန်တဲ့ အကြောင်း ဟောပြောတယ်။ သူ တကယ်တွေ့ခဲ့ရတဲ့ အတွေ့အကြုံကို ဟောပြောတာ အမှန်ပဲ။ မပင့်မဖိတ်ဘဲ ဖြုန်းစားကြီးကြွလာတဲ့ ပါတီယူနစ် ဥက္ကဋ္ဌ နာကောက်တယ်။ ကျုပ်က တကယ်တော့ ကျုပ်ပင့်တဲ့ စာရေးဆရာ သုံးယောက်အတွက်ပဲ ဆက်တီခုံသုံးခုံ စီစဉ်ထားတာ။ ပစ္စည်းငှားရတာ၊ သယ်ယူရတာလည်း မလွယ်ဘူး။ စာပေဟောပြောပွဲလာ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com

အားလုံး တစ်လုံးသုံးကျပ်နဲ့ ငှားလာတဲ့ ခေါက်ကုလားထိုင်တွေမှာ တန်းတူ ထိုင်ကြ၊ နားထောင်ကြ။ ဟို ပါတီ ယူနစ်ဥက္ကဋ္ဌ စာရေးဆရာတွေ နောက်တန်းမှာ ခေါက်ကုလားထိုင်နဲ့ မိသွားတာ ပြဿနာ။ ဒီလူတွေက သူတို့ကိုယ်သူတို့ ဗိုဒ်၊ အိုင်၊ ပီလို့ အရိုးစွဲနေကြတာ။ ကျုပ်ကိုတောင် ဖမ်းမယ်ဆီးမယ်လို့ ရပ်ကွက်ထဲမှာ ပါတီစိတ်မှုးတွေက သတင်းလွှင့်သေးတယ် ...။ အောင်မာကွာ။

ရန်ကုန်၊ မင်္ဂလာတောင်ညွန့်မြို့နယ် စံပြ ဖဆပလရပ်ကွက်မှာ "ပါတီဥက္ကဋ္ဌကြီးကို ကြောက်ကြသလား၊ မကြောက်ကြပါနဲ့၊ ချစ်ကြပါ"လို့ စာရေးဆရာက ဟောပြောပွဲစင်မြင့်ပေါ်က ဟောပြောတော့ အဲဒီပါတီယူနစ်ဥက္ကဋ္ဌ ထွက်ပြေးတာလည်း ကျုပ်မြင်ဖူးတယ်။ ဘယ်လိုလူစားတွေလဲ မသိပါဘူး။

မအူကုန်းရပ်ကွက် စာပေဟောပြောပွဲမှာ ဦးဆောင်သူက မြန်မာစာအဖွဲ့ရ ကဗျာဆရာ စာမူမှတ်ဆိတ်။ ကျုပ်ဟောပြောမယ့် ကျုပ်လူရင်း စာရေးဆရာနဲ့ ပါသွားတယ်။ ကျုပ်တို့ကို ကျုပ်တို့မှတ်ဆိတ်က အလျှံပယ်ဧည့်ခံတယ်။ ကျုပ်လူရင်း စာရေးဆရာ ပထမဆုံး ဟောပြောရတယ်။ ရဲရဲတောက် ကဗျာတစ်ပုဒ်ကို လက်သီးလက်မောင်းတန်းပြီး အော်ရွတ်တယ်။ ပရိသတ် ဩဘာသံ၊ လက်ခုပ်သံ တဖြောင်းဖြောင်း အဝင်ညံသွားသည်။ တစ်မိနစ် မကြာပါဘူး။ ဟောပြောပွဲစင်မြင့်ပေါ်က ဆင်းလာပြီး ကျုပ်လက်ကိုဆွဲလို့ ကျုပ်တို့နှစ်ယောက် ပြန်ခဲ့ကြတယ်။ ပါတီကောင်စီတစ်အုပ်နဲ့ မာမူ ဘယ်လိုရှင်းရသလဲ မသိဘူး။

မိတ္ထီလာ သတင်းထောက်တင်လှိုင် ဦးစီးတဲ့ နယ်ပွဲမှာ အဲဒီကျုပ်လူရင်း စာရေးဆရာပဲ "ကမ္ဘာကျော် အာဏာရှင် စစ်ဗိုလ်ချုပ်ကြီးများ အကြောင်း" ခေါင်းစဉ်နဲ့ ဟောပြောတယ်။ ဩဘာသံတွေ အဝင်ညံတယ်တဲ့။ အော်တိုရေးပေးရတာလည်း မနည်းဘူးတဲ့။ အများစုက လေတပ်က ဗိုလ်ပေါက်စတွေတဲ့။ ဒါပေမယ့် နောင် ကျုပ်လူ အဲဒီနယ်မှာ ဟောပြောခွင့်မရတော့ဘူးတဲ့။ ကောင်းလိုက်တာ။ အောင်မာကွာ။

ကျုပ်အကြောင်း နည်းနည်းလောက် ကြားဖြတ်ပြောပါရစေ။

၁၉၈၀ ပြည့်နှစ် ဝန်းကျင်လောက်က မောင်မောင်မြင့်အေးရဲ့ "မှုခင်းကြေးမုံ"မှာ ဖြစ်ရပ်မှန်မှုခင်း ဝတ္ထုတိုကလေးနဲ့ ကျုပ် စာပေဘဝ စခဲ့တာပါ။ နယ်ထိန်းအရာရှိကို အမေရိကန်က နှစ်ရှာ့တစ်ရှာ။ ရန်ကုန်၊ မင်္ဂလာတောင်ညွန့် မြို့နယ်ကို တပ်မတော်က အသွင်ပြောင်းပြီး နေပြည်တော်ရဲ့ ဒုရဲအုပ် ဦးသန်းထွန်းအဖြစ် ရောက်လာတဲ့ အစ်ကိုကြီးကျေးဇူးကြောင့် ရေးဖြစ်တာ။ မောင်မောင်မြင့်အေး ကျေးဇူးကြောင့် ပုံနှိပ်စာလုံးဖြစ်တာ။ စာမူခ မြန်မာကျပ်ငွေ ငါးဆယ်ပဲ ရပါတယ်။ စံပြ ဖဆပလ စစ်တပ်သက်သာဆိုင်မှာ ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတို ဆက်တိုက်ရေးဖြစ်ပါတယ်။ စာမူခလည်း တက်တက်လာပါတယ်။ ကံကောင်းချင်တော့ ရိုးရိုးနာကျင်စေမှုနဲ့ ထောင်ကျပြီး လူပေါင်းစုံနဲ့တွေ့လို့ လူစုံပေါင်းခဲ့ရပါတယ်။ ကျုပ် ထောင်ကထွက်တော့ 'မောင်မင်္ဂလာ(တောင်ညွန့်)' ကလောင်အမည်အပြင် ... အခြားကလောင်အမည် 'ချိုသာ'နဲ့ ကျုပ်ရေးချင်တာရေး၊ ပေးချင်တဲ့အယ်ဒီတာပေး။ ဟုတ်လို့။ ကျုပ်စာဖတ်ဖူးသူလည်း ရှိပါရဲ့။ ကြိုက်သူလည်းရှိ၊ မကြိုက်သူလည်းရှိပေါ့။ ရှိပါစေတော့။

မနေ့တစ်နေ့က ကျုပ်ကို အဏ္ဏဝါစိုးမိုးဆိုသူက အမှတ်(၂) ဒီဇင်ဘာ ၂၀၁၁ ထုတ် ပြုံးစရာမဂ္ဂဇင်း၊ စာမျက်နှာ(၃၆) မှာ ၁၂. ၁. ၂၀၀၆ နေ့သည် ကျွန်တော်၏ စာပေသက်တမ်းမှာ အမှတ်တရနေ့လို့ ပြောလို့ရသည်။ လေထန်ကုန်းတစ်ပိုက်မှာ ကျက်စားသည့် စာပေလိုက်စားသူ ကိုစစ်တင်က ဖုန်းဆက်ပြီး စာပေဟောပြောပွဲ ဖိတ်သည်။ ဒီလ ၂၉ ရက်နေ့ည မိုးညှို မြို့မှာ ဟောရမည်ဟု ပြောသည်။

ကိုစစ်တင်ကို စာရေးဆရာတော်တော်များများက သိကြသည်။ ကိုစစ်တင်သည် စာရေးသူမဟုတ်။ စာရေးဆရာတွေနှင့် ပေါင်းသူဖြစ်သည်။ စာပေဆိုင်ရာပွဲတွေရှိလျှင် လိုက်ပြီး စားသူဖြစ်လို့ စာပေလိုက်စားသူဟု ခေါ်ကြသည်။ စာရေးဆရာတွေနှင့်အတူ မန္တလေးအထိလိုက်ပြီး ဆရာမကြီး လူထုဒေါ်အမာ မွေးနေ့ပွဲအထိ လိုက်သူဖြစ်သည်။ ကိုစစ်တင်က မိုးညှိုမြို့ကို စာပေဟောရန် လိုက်ခဲ့ပါလို့ ဖိတ်သည့်အတွက် မဆုံး မရဲဖြင့် လက်ခံလိုက်သည်။ ဘယ်သူ တွေပါသလဲဟုမေးကြည့်တော့ ဆရာမ ကြီး ဒေါ်ခင်ဆွေဦးနှင့် ဆရာမ မိချမ်း ဝေ ပါသည်ဟု ပြောသည်။

အထက်ပါအတိုင်း [illegible]
မျက်နှာပေါ်က [illegible]

www.burmeseclassic.com

ဟာ ကျုပ်အတွက် အများကြီး ထိခိုက်နစ်နာစေပါတယ်။ ကျုပ် စာပေလောကမှာ ဘယ်တုန်းကမှ နာမည်ပျက်ရှိခဲ့တဲ့လူ မဟုတ်ဘူး။ (ကျုပ်ကိုယ်ရေးအကျဉ်းကို ပူးတွဲပေးပို့တယ်)

ဗဟိုကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးဖို့ တရားဝင်တိုင်ကြားလိုက်တယ်။ ကျုပ်ရဲ့ အမည်ရင်း၊ ကလောင်အမည်နဲ့ အဖွဲ့ဝင်အမှတ်တွေပါတယ်။ ပြီးတော့ မိတ္တူကို ဥက္ကဋ္ဌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ အင်းစိန်မြို့နယ်ကို ပို့တယ်။ တာဝန်ခံအယ်ဒီတာ ပြုံးစရာမဂ္ဂဇင်းကို လိပ်မူပြီး "အဏ္ဏဝါစိုးမိုးသို့ အိတ်ဖွင့်ပေးစာ" တစ်စောင် ရေးပို့တယ်။ ကျုပ်စာမူကို သမာသမတ်ကျပြီး အမှန်တရားကို တန်ဖိုးထားလေးစားမယ်၊ ဘက်မလိုက်ဘူးဆိုရင်တော့ သုံးပေးမှာပဲလို့ ကျုပ်ယုံကြည်တယ်။ ကျုပ်စာပေရဲ့ ဘော်တွေဖြစ်တဲ့ ကဗျာဆရာ ကိုဒိုင်း (မိုးညို)နဲ့ တိုးနှောင်မိုး(ပြည်)၊ သင့်နော် (မန္တလေး)၊ ဆောင်းဝင်းလတ်၊ သုဝဏ္ဏကျော်စိန်တို့အပြင် ကျုပ်နဲ့နီးစပ်ရာ ကဗျာဆရာ၊ စာရေးဆရာ၊ ကာတွန်းဆရာအားလုံး ကျုပ်အဓော်ကားခံရတာ သိကြတယ်။ အထင်သေးခွင့်ရှိပါတယ်။ စော်ကားခွင့် မရှိပါဘူး။ ကျုပ်စာရေးဆရာ သတင်းထောက်အဖြစ်က တစ်ပြားမှမလျော့ဘူး။ အောင်မာကွာ။

× × × × ×

ကျုပ်သားအကြီးကောင် ရွှေမင်းသားနဲ့ မတိမ်းမယိမ်း စာပေဝါသနာပါသူတစ်ယောက် ကိုယ်ပိုင်ကားနဲ့ ကျုပ်တို့ထိုင်နေကျ လက်ဖက်ရည်ဆိုင်ထဲ ဝင်လာတယ်။ ဆိုင်ပိုင်ရှင်က စာကြည့်တိုက်မှူး ပညာတတ် အမျိုးသမီး။ ဦးဆောင်ပြီး ခေါ်လာသူက ကဗျာဆရာအို ဥရောပထန်းခေါက်ဖာကြီး။ ကဗျာဆရာကြီးက အမြဲတမ်းစီးကရက်သောက်ပြီး၊ အတက်ချိုကော့(စ်) ကိုင်နေကျမို့ ကျုပ်တို့ ဘိုင်အိုဆရာက ချစ်စနိုးစတာ။ ကျုပ် သတိထားမိတာက ဒီသူငယ်လာရင် တစ်ဝိုင်းလုံး လက်ဖက်ရည်ဖိုး ဒိုင်ခံရှင်းလေ့ရှိတာပဲ။ ပြီးတော့ ဝိုင်းသိမ်းလို့ အများသွားလိုတဲ့နေရာကို သူ့ကားနဲ့ အရောက်လိုက်ပို့လေ့ရှိတယ်။ ရုပ်ရည်သနားကမားနဲ့ မွန်မွန်ရည်ရည် ပညာတတ်လူငယ်ပါပဲ။ ကျုပ်ရဲ့ နွမ်းပါးပုံကိုကြည့်ပြီး ပန်းချီဆရာတစ်ယောက်က တစ်ဆင့် စတိုင်လ်ဘောင်းဘီ ပောင်းတစ်ထည် ပေးဖူးတယ်။ ကျုပ် အံ့အားသင့်မိတယ်။ လူပုံအလယ်မှာ ဘယ့်နှယ်ပါလိမ့်။ ဘယ်လိုကြီးပါလိမ့်။ ကျုပ်ဘောင်းဘီဝတ် မိုးတိမ်မှမဟုတ်ဘဲ။ ဂျင်းပင်ဝတ် အန်ကယ်ကြီး မောင်သင်းခိုင်(ပျဉ်းမနား)မှ မဟုတ်ဘဲ။ ကျုပ်မှာ ဂျင်းဘောင်းဘီပောင်း တစ်ထည်တော့ တကယ်ရှိပါတယ်။ ခါးမှာ LEE တံဆိပ်ပါတယ်။ ကျုပ် ကဗျာဆရာငြိဏ်းဝေ စွန့်တဲ့ငွေနဲ့ အင်းစိန်မီးရထားခုံးကျော် တံတားအောက်က အပောင်းတန်းကဝယ်လာတာ။ နယ်သွားမှ ဝတ်ဖြစ်တာ။ ရှိစေတော့။

ဒီသူငယ် တကယ်စာရေးချင်စိတ်ရှိတော့ နေ့ချင်းညချင်း ဖြစ်လာတယ်။ မဂ္ဂဇင်းတွေမှာ ပါလာတယ်။ လုံးချင်းတွေ ထွက်လာတယ်။ အလုပ်နဲ့ လက်တွေ့ပြလို့ ကျုပ်ကြိုက်တယ်။ ဒါပေမယ့် စာပေလောကကို ငွေနဲ့ပေါက် ဝင်လို့မရဘူး။ ငွေကိုလမ်းခင်းပြီး ကိုယ်ရေးကိုယ်ထုတ် လူတိုင်းလုပ်လို့ရတယ်။ ကိုယ့်ပုံ ဗီနိုင်းရိုက်ပြီး ဝင်ချိတ်လို့ရပေမယ့် သဘာရှိတဲ့၊ ဝါရှိတဲ့ တကယ့်စာရေးဆရာနဲ့ မာရသွန်ပွဲတာဝေးအပြေးပြိုင်ပွဲမှာ ကျန်ခဲ့မှာသေချာတယ်။ စာပေဟောပြောပွဲ စင်မြင့်ဆိုတာ မဲဆွယ်ပွဲ၊ နိုင်ငံရေးစင်မြင့်မဟုတ်ဘူး။ ရသစာပေဆိုတာ ဘာလဲ။ ရသစာပေလေ့လာမှု၊ ဖတ်ဖူးမှတ်ဖူးမှ ဟောပြောနိုင်မှာ။ စာပေဝမ်းစာဖူလုံဖို့လိုတယ်။ သမိုင်းလည်း တွင်ချင်၊ လူရာလည်းဝင်ချင်ရင် စာပေဘဝဖြတ်သန်းမှုဆိုတာ ရှိရမယ်။ စာပေဘဝ ခရီးရှည်ဆိုတာ ရှိရမယ်။ ဆရာသမားကောင်းများရဲ့ လက်ကျဖြစ်ရမယ်။

ကျုပ် အဲဒီတစ်ညက ဒီသူငယ်ရဲ့ စာပေဟောပြောပွဲ နောက်ခံစာတန်းရှေ့မှာ လက်သီးလက်မောင်းတန်းပြီး အသံကုန်အော်သံကို နားမခံသာလို့ ဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အပြင်ဘက်ထွက်ပြေးခဲ့ရတယ်။ ကျောင်းဝမှာ ဟိုး ...ဂုန်နီစက်ရုံ အလုပ်သမားအရေးအခင်းတုန်းက စာရေးဆရာ ဖိုးကျော့နှင့်အတူ နှစ်ပေါင်းများစွာ အံထဲဝင်ခဲ့တဲ့ စာရေးဆရာ ချစ်ညွန့်ကျော်ရဲ့ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူကိုမြင်မှ ရင်အေးရတော့တယ်။

ဒီသူငယ် သမီးယောက်ဖ တာဝန်ရှိသူ ရပ်ကွက်အုပ်ချုပ်ရေးမှူးရင်ထဲ ဘယ်လိုနေမလဲ မသိဘူး။

ချိုသာ

www.burmeseclassic.com

# စီယန်အိုကောလာဂန်အားသတ်သော လူသတ်သမားထံမှ သဲလွန်စများရှာရင်း ဝေးလံသော သစ်တောဖုံးလွှမ်းနယ်မြေမှ အခြားအမျိုးသမီးများ၏ အဝတ်အစားနှင့် သေနတ်တစ်လက်ကိုပါတွေ့

ဦးတိုး(တက္ကသိုလ)



လူသတ်သမား ခရစ်တိုဖာ ဟောလီဝဲလ်အား စီယန်တိုကောလာဂန် အမည်ရှိ အမျိုးသမီးအား သတ်မှုဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ပြီးဖြစ်သော်လည်း နောက်ထပ် အမျိုးသမီးများသည်လည်း အသတ်ခံခဲ့ရသူများ ဖြစ်နေကြမည်လောဟူ၍ သက်ဆိုင်ရာရဲမှ စိုးရိမ်လျက်ရှိနေပေသည်။ သစ်တောဖုံးလွှမ်း နယ်မြေအတွင်း အသတ်ခံရသူ စီယန်အိုကောလာဂန်၏ ဘွတ်ဖိနပ်များကို မြှုပ်နှံထားသည့်နေရာမှ အမျိုးသမီးများ၏ အဝတ်အထည်များကိုလည်း မြှုပ်နှံထားကြောင်း ရဲတပ်ဖွဲ့များမှ တွေ့ရှိခဲ့ရသည်။ ခရစ်တိုဖာဟောလီဝဲလ်အား စုံစမ်းစစ်ဆေးနေစဉ် ဝီလ်ရှိုင်းယားနယ်(Wiltshire) ဝေးလံချောင်ကျသည့်နေရာတွင် အဆိုပါအဝတ်အစားများအား စုံထောက်များမှ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် ဆင်ဒွန်ရုံး အလုပ်သမ စီယန်အိုကောလာဂန် သတ်ဖြတ်ခဲ့မှုဖြင့် အပြစ်ရှိကြောင်း ဖြောင့်ချက်ပေးခဲ့သောကြောင့် အသက် ၅၀ နှစ်ရှိ တက္ကစီယာဉ်မောင်းသမားအား တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချမှတ်ပေးခဲ့သည်။ ထို့အပြင် ကလေးသုံးဦး၏ ဖခင်ဖြစ်သူသည် ဝီလ်ရှိုင်းယားမြို့မှ လွန်ခဲ့သည့် ဆယ်နှစ်စောစောပိုင်းက ပျောက်ဆုံးသွားသည့် ဘက်ကီဂေါ့ဒင် (Miss Becicy Godden) အား သတ်ဖြတ်ခဲ့မှုတွင် ဝန်ခံချက်ပေးခဲ့သော်လည်း ထိပ်တန်းစုံထောက်မှ သူ၏အခွင့်အရေးများကိုဖောက်ဖျက်မှုရှိခဲ့သဖြင့် အကျုံးမဝင်ကြောင်း တရားသူကြီးမှ ဆုံးဖြတ်ပြီး ပယ်ချပစ်ခဲ့သည်။ ဝီလ်ရှိုင်းယားရဲသည် အခြားအမျိုးသမီးများ အသတ်ခံခဲ့ရမှုကို ထည့်မတွက်ဘဲ ထားခဲ့သော်လည်း မစ်ဂေါဒင်(Miss Godden) အသတ်ခံခဲ့ရသည့်အမှုအား ရဲမှ ဆက်လက်စုံစမ်းနေဆဲပင် ရှိနေပေသည်။

မတ်လ၊ ၂၀၁၁ ခုနှစ်တွင် ဂလောက်စက်စကာရှိုင်းယားနယ်၊ စီရင်စက်စတားမြို့အနီး(Cirencester Gloucershire)၊ အီးစ်လစ်ရှ် (East Leash)ဒေသမှ လယ်ကွင်းပြင်ထဲတွင် မစ်ကာ့ဒင်၏အလောင်းကို ရဲများမှ ရှာဖွေတွေ့ရှိခဲ့ရာတွင် လူသတ်သမား ဟောလီဝဲလ်၏ လက်ချက်ဖြစ်ကြောင်း ဦးတည်ပေးရာ ရောက်သွားခဲ့သည်။ သက်ဆိုင်ရာရဲသည် လွန်ခဲ့သည့် ဖြေလက မစ်ဂေါဒင်ပိုင် Cotswold အလှပြင်ဆိုင်တွင် အရိုးတစ်ခုအား တွေ့ခဲ့ရသည်။ လွန်ခဲ့သည့် သုံးနှစ်ခန့်တွင် ဆွင်ဒန်ရှိ Suju ညကလပ်ကို သူမအသက်ရှင်လျက် နောက်ဆုံးထွက်ခွာသွားခဲ့စဉ် အညိုရောင် New Look ဘွတ်ဖိနပ်အား အသက် ၂၂ နှစ်ရှိ မစ်အိုကောလာဂန် စီးသွားခဲ့သည်ကို မြင်လိုက်ကြရာ လွန်ခဲ့သည့် သီတင်းတစ်ပတ်ခန့်က အဆိုပါ ဘွတ်ဖိနပ်များကို သူတို့ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဝီလ်ရှိုင်းယားနယ်၊ မာလ်ဘိုဂိုမြို့အနီး(Morlborough) ရမ်းစ်ဘရီရွာ(Ramsbury)မှ နှစ်မိုင်အကွာရှိ ကန်တစ်ခုအတွင်း အဆိုပါ ဖိနပ်များ ပေါလောပေါ်နေသည်ကို တွေ့ရှိရပြီး ရေကန်အတွင်းမှ ပြောင်းတိုသေနတ်တစ်လက်ကိုလည်း တွေ့ရှိကြရသည်။

ဦးတိုး(တက္ကသိုလ)

**Reference:**

**Sian O' Calaghan Murder cops find 60 items of women's clothing and a gun.in remote woodland.**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အမှတ်မထင် လူသတ်မှု

ကျော်မင်းနိုင်

[ ၁ ]

အရက်ကလေး ဝင်သွားပြီဆိုလျှင် မောင်ဦးတို့ ဗွေဖောက်လာလေပြီ။

"တင့်လွင် ‥ ငါ့ကို အရက်တစ်ပိုင်း ထပ်ပေးကွာ"

အရက်ဆိုင်ပိုင်ရှင် တင့်လွင်ကို မောင်ဦး ဂျီကျစပြုတော့သည်။

"တော်ပြီလေကွာ။ စောစောက တင် မင်းပြောသလို ငါမင်းကို အရက်တစ်ပိုင်း ချထားပေးပြီးပြီ။ ခုတစ်ပိုင်း ထပ်ယူရင် တစ်လုံးဖိုး နှစ်ရာပေး"

အမှန်တော့ တင့်လွင်ဆိုင်မှာ မောင်ဦး ထိုသို့ပင် လုပ်တတ်သည်။ မေ့သွားလျှင် သူ့အတွက်အမြတ်။ ခုလည်း မနက်စောစောစီးစီး သူ့ဉာဉ် အတိုင်း မေ့မလားလို့ သွေးတိုးစမ်းသည်။

မနက်စောစောစီးစီးဆို တကယ့် မနက်စောစောစီးစီး။ မနက် ၅ နာရီခွဲပဲ ရှိသေးသည်။ ထိုသို့ မနက်စောစောစီးစီး သောက်သူတွေ အသေများလှပြီ။ သူတို့ကိုယ်သူတို့ သေဖို့သောက်နေကြသည်ဟု မအောက်မေ့ကြ။

အဲဒီလို မနက်စောစောစီးစီး သောက်နေသူတွေကို တင့်လွင်အရက်ဆိုင်၏ မျက်စောင်းထိုး အကြော်ဖိုမှ နာရီပြင်ဆရာ ကိုစိန်မြင့်က တင့်လွင် လူသတ်နေသည်ဟု ပြောတတ်သည်။ ဟုတ်လည်းဟုတ်သည်လေ။ ထိုသို့ မနက်စောစော တင့်လွင်ဆိုင်မှာ လာလာသောက်သူ အရွယ်ကောင်းကလေးတွေ မကြာမကြာ သေသွားတတ်ကြသည်။

ဈေးချိုလမ်းက မောင်ဦးဆိုသည့်ကောင် တင့်လွင်ဆိုင်မှာ ထိုသို့ မနက်စောစောဖောက်သည်တွေထဲက ဖောက်သည်ဖြစ်ခဲ့သည်။

သူလာလျှင် ပထမတော့ ညင်ညင်သာသာ။

"အစ်ကိုကြီးတင့်လွင် …ညီလေးကို တစ်ပိုင်းပေး"

"တစ်ပိုင်းရမယ်။ ပိုက်ဆံအရင်ပေး၊ စောစောကဟာပါပေး"

အရက်သမားအထာက မရရင် ချွဲတော့သည်။ ရောင်းသူအထာအရ အရက်ဝင်သွားသောသူကို မောက်မာပြန်သည်။ တင့်လွင်ကလည်း မောင်ဦးတို့အကြောင်းကို နောကျေနေပြီဆိုတော့ ပိုက်ဆံအရင်တောင်းသည်။ ပိုက်ဆံပေးမှ အရက်တစ်ပိုင်းချပေးသည်။

မောင်ဦးနေသော ဈေးချိုလမ်းနှင့် တင့်လွင်နေသော တင့်လွင်အရက်ဆိုင် ထန်းပင်ကုန်းလမ်းသွယ်ထိပ်မှာ အတော်ကြီးဝေးသည်။

ဈေးချိုလမ်းမှ ဘတ်စ်ကားခရီး နှစ်မှတ်တိုင်စီးရသည်။ မှတ်တိုင်မှာဆင်းပြီးမှ ထန်းပင်ကုန်းလမ်းမကြီးအတိုင်း ငါးမိနစ်မျှ လမ်းလျှောက်လာရဦးမည်။

ထိုမျှခရီးကို တင့်လွင်အား ချစ်၍ လာသောက်သည် မထင်လေနှင့်။ ဈေးချိုလမ်းဆုံ သန်လျင်မြို့မဈေးကြီးအနီးတွင် အရက်ဆိုင်တွေ မှိုလိုပေါက်ရှိသည်။

မနက်စောစော လက်ဖက်ရည်ဆိုင်တွေ ဖွင့်တာကမှ နောက်ကျမည်။ ထိုအရက်ဆိုင်တွေကတော့ ဘုန်းကြီးကျောင်းတွေက တုံးခေါက်တာနှင့် မနက် ၄ နာရီဆို ဖွင့်ပြီ။

မြို့မဈေးကြီး မဖွင့်ခင် ကုန်စိမ်းလက်ကားသည်တွေ ဈေးကြီး၏ အနောက်ဘက်ခြမ်း ဗိုလ်ချုပ်နေဝင်းလမ်းသို့ ကားမျိုးစုံနှင့် ရောက်လာပြီး ကုန်စိမ်းဈေးကြီး ခင်းကြမည်။

ထိုအထဲမှ ဒဘာဘက်တောင်ယာမှ တက်လာသော စိုက်ခင်းဆရာကြီးအချို့ ခွေးခွေးထွေးထွေး အနားယူစရာ အနီးအပါးမှ အရက်ဆိုင်သို့ ပြေးကြသည်။ သူတို့ပါလာသည့် ကုန်တွေကို သူတို့အိမ်သူ ဇနီးမယားတွေနှင့် ထားခဲ့ပြီးသား။ သူတို့မိန်းမတွေ ကျေနပ်အောင် အနီးအနားက ထမင်းကြော်တစ်ပွဲနှင့် လက်ဖက်ရည်အချို



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွက် ဝယ်ပေးခဲ့ပြီးသား။

မနက်နေကလေး ထွက်လာပြီဆိုလျှင် သူတို့ ရေချိန်ကိုက်ပြီ။ သူတို့ချခင်းထားသော ကုန်စိမ်းအရောင်းနေရာရှိ သူတို့ဇနီးသည်တွေဆီ ပြန်သွား၊ ငွေထုပ်နှင့် ဇနီးသည်ကိုပါခေါ်ပြီး ဈေးဖွင့်ချိန် ဝယ်ခြမ်းစရာ ဝယ်ခြမ်းပြီး ရွာပြန်ကြ။

ထိုကဲ့သို့ပင် သန်လျင်မြို့မဈေးကြီး၏ အရှေ့ဘက်ခြမ်းရှိ လမ်းမတော်ဟုခေါ်သော မျက်နှာစာခြမ်းတွင်လည်း ကြည့်မြင်တိုင်ငါးဈေးမှ ငါးစိမ်းသည်တို့၏ ဒိုင်နာ၊ ဟိုင်းလက်ကားများ၊ ခရမ်း သုံးခွ၊ ကျောက်တန်းဘက်မှ ငါး ပုစွန်စည်များ ရောက်လာသလို၊ ရွာသာကြီးသားသတ်ရုံမှ အမဲသား၊ ဆိတ်သား၊ ဝက်သား ကားများရောက်လာပြီး ဈေးကြီးဖွင့်ချိန် ဈေးထဲဝင်ရန် စောင့်ဆိုင်းကြရပြီ။

ထိုသို့ စောင့်ဆိုင်းနေစဉ် ကားသမားများ နားနားနေနေ ကိုယ်ကြိုက်ရာ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင် ဝင်ကြသည်။ များသောအားဖြင့် ထိုအချိန်မျိုး အရက်ဝင်မော့တတ်သူတွေက ပိုသည်။

အဲဒီလို အဲဒီလို လူတွေကြားထဲမှာ ဈေးချိုလမ်းမှာနေသော ဈေးဂျပိုး (ကြမ်းပိုး) မောင်ဦးအတွက် အကွက်ပင်။ ထိုသူများကို ပရောပရီလုပ်ပြီး အချောင်ဝင်ရိတ်တတ်သည်။

သူ့အိတ်ထဲမှ ပိုက်ဆံမရှိ၍တော့ မဟုတ်။ သူကိုက ညဉ်ပါနေသည်။ ဈေးချိုလမ်းမှာရှိသော သူ့အိမ်နှင့် မြို့မဈေးကြီးက နီးသဖြင့် ဌာနေဖြစ်နေ၏။

ဈေးအရောင်းအဝယ် ခဏတစ်ဖြုတ် ဝင်လာကြသောသူတွေ၊ လူစိမ်းတွေကို မျက်နှာချိုသွေးပြီး မိတ်ဖွဲ့သောက်တတ်သည်။ သူဘယ်တော့မှ ပိုက်ဆံထုတ်တတ်သည်တော့မဟုတ်။ အရက်တိုက်သူရှိလျှင် မူးအောင်သောက်သည်။

အရက်သမားအထာကလည်း တစ်မျိုး။ နေရာသစ်မှာ အရက်သောက်ပြီဆိုလျှင် ဌာနေလူကို မိတ်ဆွေဖွဲ့တတ်သည်။ ထို့ကြောင့် မောင်ဦးအတွက် မိတ်ဆွေအပေါင်းအသင်းများ။

မောင်ဦးအမေကလည်း သူ့သားမောင်ဦး အရက်သောက်တတ်သည်ကို သိသည်။ ဈေးထဲမှာ ရောင်းအကောင်းဆုံး ငှက်ပျောသီး၊ အုန်းသီးဆိုင် ဖွင့်ထား၍ သူ့သားအရက်သမားအတွက် ဈေးမထွက်ခင် မနက်စာလက်ဖက်ရည်သောက်ဖို့၊ ထမင်းကြော်စားဖို့ (အမှန်တော့ အရက်ဖိုးဟု မပြောကောင်း၍) ငွေနှစ်ရာ .. နှစ်ရာ ပေးထားတတ်သည်။

အမေပေးသော ထိုငွေနှစ်ရာကို ဈေးအနီးတစ်ဝိုက်က အရက်ဆိုင်တွေမှာ မဖြုန်း။ အကုန်အကျမခံ။ ရေချိန်ကိုက်အောင်သောက်ပြီး ထန်းပင်ကုန်းချောင်က တင့်လွင်ဂယောင်၏ ဆိုင်ကို စောစောစီးစီး ပြေးတတ်သည်။ ဆိုင်ရှင်တင့်လွင်နှင့် မောင်ဦးတို့က ကျောင်းနေဘက်တွေ။

အဲဒီ တင့်လွင်ဆိုင်မှာက သူနှင့် အရက်သမား လူရင်းတွေများသည်။

[ ၂ ]

တင့်လွင်အရက်ဆိုင်သည် ထန်းပင်ကုန်း(၁)လမ်းအစွန် လမ်းသွယ်တွင်ရှိ၍ အရှေ့ဘက်မှာ ပဲခူးစုရပ်ကွက်သရက်ခြံ၊ အနောက်တောင်ဘက်မှာ ဗိုလ်ချုပ်ရွာမကြီး စသော လူဦးရေများပြားသော ရပ်ကွက်နှင့် ရွာကြီးရှိသည်။

သူ့ဆိုင်ကလေးက လမ်းဆုံလမ်းခွ ဖြစ်လေတော့ မနက်အရုဏ်တက်မှ ညပိုင်းတိုင် လူသွားလူလာ မပြတ်ရှိတတ်၏။

အထူးသဖြင့် ဗိုလ်ချုပ်ရွာ ရွာသစ်ပိုင်းမှလူတွေ ဈေးသွားဈေးပြန်၊ ရန်ကုန်သို့ ဘတ်စ်ကားနှင့် အလုပ်သွား၊ အလုပ်ပြန်တွေ သွားသွားလာလာရှိသော နေရာဖြစ်သည်။

ထိုအထဲမှာ မောင်ဦးနှင့် အဲဖွဲ့ကျသူတွေ အများအပြား။ အဲဒီ အလုပ်သွား၊ အလုပ်ပြန်တွေကလည်း အလုပ်ဆင်းတစ်ရက် မဆင်းတစ်ရက်ကောင်တွေ။ သူတို့မိန်းမတွေက ဈေးရောင်းကျွေးရင်ကျွေး၊ မကျွေးရင် ပန်းရန်လိုက်လုပ်။ သူတို့က အလုပ်ကလေးဖန်းပြီး အိမ်က ထမင်းချိုင့်ဆွဲပြီး ဟန်ကျပန်ကျ ထွက်လာ။ တင့်လွင်ဆိုင်ရောက်တော့ သူတို့ချင်းဆုံကာ ထမင်းချိုင့်ထဲကဟင်း အမြည်းဖြစ်လိုဖြစ်။ မိန်းမတွေက သိသွားပြီး လိုက်လာလို့လိုက်တာ၊ ရန်ဖြစ်လို့ဖြစ်၊ လင်မယားချင်းကွဲတဲ့ဟာတွေကွဲ။ ဒါမျိုးတွေများသည်။

တင့်လွင်ဆိုင်ရှေ့က နာရီပြင်ဆရာ ကိုစိန်မြင့်တောင်မှ လွန်ခဲ့သောအနှစ်နှစ်ဆယ်က တင့်လွင်ဆိုင်နေရာမှာ အရင်ဆုံး အရက်ဆိုင်ဖွင့်သွားသည့် 'ဘကြီးမိုး'ဆိုင်ဟောင်းမှာ လူငယ်ဘဝ ထိုသို့ အရက်သမားဖြစ်ဖူးသည်။

သို့သော် ... အိမ်ရှေ့မှာလည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေပြန်၊ သားသမီးတွေကလည်း ကြီးလာပြီဖြစ်လို့ ဆင်ခြင်လာသည်။ သောက်ချင်လျှင် ဘကြီးမိုးဆိုင်မှာ အိမ်နှင့်နီး၍ မသောက်ဖြစ်၊ မြို့ထဲ ထွက်သောက်သည်။

နောက်တော့ အရက်သမား သံသရာမှာ လူမှုဘဝဆုံးရှုံးမှုတွေ၊ သိက္ခာကျဆင်းမှုတွေ၊ စီးပွားပျက်ယွင်းမှုတွေ ဆင်ခြင်မိလာပြီး အရက်ကို ဖြတ်ပစ်လိုက်သည်။ ဘာသာတရားနှင့် အေးချမ်းစွာနေလိုက်သည်။

ဘာသာတရားနှင့် အေးချမ်းစွာ နေမှ ယခု တင့်လွင် ဘကြီးမိုးမဟေသီထံမှ အပြီးတိုင်ဝယ်၍ဖွင့်သော အရက်ဆိုင်မှ ဓာတ်လမ်းများသည် သူ့အတွက် သံဝေဂပွားစရာတွေ အဖြစ် မြင်မြင်လာသည်။

အဲဒီမှာ စောစောက မောင်ဦး ပါပဲ။ အမူးလွန်လျှင် ကိုစိန်မြင့်မိန်းမနှင့် သမီးတွေ ဖွင့်ထားသော အကြော်ဆိုင်သို့ ဝင်လာတတ်သည်။

"ကိုစိန်မြင့် ... အကြော်တစ်ခု စားချင်တယ်"

"အကြော် အလကားမရဘူး"

အကြော်ဆိုင်ထိုင် ကိုစိန်မြင့်သမီးက လှမ်းဟောက်သည်။ မီးနှင့်မပြတ် အကြော်ဖိုထဲက မထရသော ကိုစိန်မြင့်မိန်းမကမူ သဘောကောင်းသူဖြစ်၍ မသိချင်ယောင် ဆောင်နေလိုက်သည်။

ဒီမောင်ဦးဆိုတဲ့ကောင်က သူ့ယောက်ျား ကိုစိန်မြင့် အရက်သမားဘဝရောက်တုန်းကလည်း တွဲသောက်ခဲ့တဲ့သူဆိုတော့ ပြောရမှာ အားနာနေဟန်တူသည်။ ကိုစိန်မြင့်ကတော့ အရက်မူးနေပြီဖြစ်၍ အိမ်ပေါ်ထပ်မှာ ပုတီးစိပ်နေသည်။

"အလကားမရရင် အကြွေးမှတ်ထား။ အခုတစ်ခုယူသွားမယ်"

အကြော်ပန်းကန်ထဲမှ ဗယာကြော်တစ်ခု ဖတ်ခနဲနှိုက်ယူပြီး ထွက်သွားသည်။ သည်ခေတ်မှာ အကြော်တစ်ခုဖိုး ငါးဆယ်ကျပ်ဖြစ်နေ၏။

"ဟင်း ..ဘယ်လိုလူကြီးလဲ။ ဒီတစ်ခါပဲရမယ်၊ နောက်တစ်ခါဆို အကြော်ယောက်မနဲ့ ခုတ်လွှတ်လိုက်မယ်"

ကိုစိန်မြင့်သမီး လှမ်းပြောလိုက်သည်ကို မကြားချင်ယောင်ဆောင်ပြီး မောင်ဦး ခြေကုန်သုတ်ပြေးသည်။ပြေးတာကလည်း ဝေးဝေးမဟုတ်၊ တင့်လွင်ဆိုင်ထဲကို ဖြစ်သည်။

ကိုစိန်မြင့် အပေါ်ထပ်က ပုတီးစိပ်ရင်း လှမ်းမြင်သည်။

"ဒီကောင်တော့ တော်တော်ခက်တဲ့ကောင်ပဲ။ မိဘမျက်နှာ အိုးမဲသုတ်နေတဲ့ကောင်ပဲ။ သူ့အမေက ဈေးထဲမှာ ဆိုင်ကြီး ကနားကြီးနဲ့ အခြေတကျဟာ ...သူက ကလေကချေဖြစ်နေတယ်"

ကိုစိန်မြင့်ပြောရင်းက အိမ်အောက်ဆင်းလာသည်။ အိမ်အောက်က စားပွဲပေါ်မှာ သူ့အတွက် မနက်စာ အကြော်ပန်းကန်နှင့် ရေနွေးကြမ်းပြင်ထား၍ ဝင်ထိုင်ကာ ရေနွေးကြမ်း သောက်သည်။

ကိုစိန်မြင့်မိန်းမ ထွန်းအိန္ဒြာကျော်ဇင်က သွားကျိုးပါးကျိုးနှင့် လှမ်းပြောသည်။ ဒါကလည်း မောင်ဦးတို့ ကိုစိန်မြင့်နှင့် တွဲသောက်တုန်းက မှည့်ထားသည့်နာမည်။ ထွန်းအိန္ဒြာဗိုနှင့် အိန္ဒြာကျော်ဇင် မင်းသမီးနှစ်ယောက်ပေါင်း၍ လုတဲ့အလှ အစ်မကြီးမှာရှိတယ်ဟုပြောပြီး မောင်ဦး အကြော်ညာညာစားနေကျ။

"သူ့အမေက ဈေးမှာတွေ့လို့ ကျုပ်ကိုပြောလိုက်သေးတယ် ...။ ခုတလော မောင်ဦးဟာ အရင်ကလို မဟုတ်တော့ဘူးတဲ့။ အရက်မူးရင် စိတ်မမှန်ချင်ဘူးတဲ့။ အိမ်ရောက်ရင် အငယ်တွေကို ရန်ရှာလို့ အငယ်တွေက ပြန်လှန်ပြီး ဟိုတစ်လောက ဝိုင်းရိုက်ကြသတဲ့"

"အဲဒါ မိသားစုချင်းမို့ တော်သေးတယ်။ ဟိုဘစ်လောကလည်း ဈေးက အရက်ဆိုင်မှာ သူညာညာ သောက်နေတာ ရွာသားတွေက သိနေပြီး သူ့ကိုမကြည်ကြလို့ ဝိုင်းရိုက်လွှတ်လိုက်သတဲ့ကွာ။ ဒါ့ကြောင့် ဒီကောင် ဈေးကအရက်ဆိုင်တွေမှာ တောင်မှ မသောက်ရဲတော့ဘူး"

ကိုစိန်မြင့်က မောင်ဦးအကြောင်း ပြောနေစဉ် အကြော်ရောင်းနေသော သူ့သမီးက ...

"အဲဒီ မောင်ဦးဆိုတဲ့လူကြီးကို အဲဒီလိုလုပ်မှ။ နောက်နေ့ကျရင် သမီးကတော့ သူဝင်လာတာနဲ့ ခွေးခြေခုံနဲ့ ကောက်ထုလိုက်မှာ သိလား"

ဟု ဝင်ပြောသဖြင့် ကိုစိန်မြင့် တားဆီးလိုက်ရသည်။

"အိုကွယ် ... သမီးရယ်။ အဲဒီလို စိတ်လိုလက်ရ မလုပ်ပါနဲ့။ အဖေ ဒီကောင့်ကို ဒီကောင်မသောက်ခင် တွေ့ပြီး ပြောထားပါဦးမယ်။ အဲဒီကြားထဲကမှ မရရင် အဖေကိုယ်တိုင် ဒီကောင့်ကို ရပ်ကွက်လူကြီးဆီပို့ပစ်မယ်"

သူတို့စကားပြောလို့မှ မဆုံးခင် တင့်လွင်ဆိုင်မှာ ပြဿနာထတတ်



www.burmeseclassic.com

www.burmeseclassic.com

လေပြီ။ ပြဿနာကောင်က မောင်ဦးပဲ ဖြစ်၏။

"ဟော့ကောင် မောင်ဦး။ မင်းပဲ နှစ်ရာပါလာတယ်ဆို။ အခု အရက်ကုန်တော့ ဘာအကြွေးမှတ်လဲ။ မင်းလိုကောင်မျိုး အကြွေးသာမှတ်ရင် ငါ့မိန်းမ သန်းသန်းဝင်း ဖာဖြစ်တာကြာလှပြီ"

တင့်လွင်က ဒေါသနှင့်အပြော မောင်ဦးက လေပြေလေးနှင့် ...

"တင့်လွင်ရာ .. မင်းကလည်း ငါတို့ ကျောင်းနေဘက်ချင်း ဒီလောက် ဒေါသကြီးရသလား။ ငါက မပေးဘူး ပြောတာမှ မဟုတ်ဘဲ။ ခု ငါ့အိတ်ထဲ ငါ့အမေထည့်ပေးနေကျ ငွေနှစ်ရာပါလာတယ်အောက်မေ့ပြီး သောက်တာပါ။ ဗိုက်ဆံရှင်းမယ်လုပ်တော့ အဲဒီငွေ နှစ်ရာ မရှိတော့ဘူး"

"ဒါမျိုးတွေ ရှိနေပြီ မောင်ဦး။ ဒီမှာ ငါ့ပါးစပ်ကိုကြည့်စမ်း"

တင့်လွင်က ဒေါသအရှိန်နှင့် သူ့ပါးစပ်ကို ဖြဲပြသည်။

"သွားမတိုက်ဘဲ သွားချေးတွေနဲ့ ကွမ်းပုပ်စော်နံနေတဲ့ သွားကျိုးသွားပဲ့တွေကို မြင်ရတာပေါ့"

"ဟော့ကောင် မောင်ဦး ... မနောက်နဲ့နော်။ ဒါစီးပွားရေးကိစ္စကွ။ ငါ့သွားတွေဖြဲပြတာက အန်တိုနေတဲ့ အပြင် အံသွားပါမရှိတော့ဘူးလို့ ပြောမလို့"

"မင်းကလည်းကွာ။ ငါက မပေးဘူးလို့ ပြောတာမှ မဟုတ်ဘဲ။ ခုပါမလာတဲ့ဟာ။ မင်း အဲဒီအရက်တစ်လုံးဖိုးနဲ့ မယုံလို့လား။ မယုံရင် ငါ့အမေဆိုင်ကို မင်းကယ်ရီနဲ့လိုက်ခဲ့။ အမေ့ဆိုင်က ငွေနှစ်ရာမကဘူး။ လေးရာတောင်းပေးလိုက်မယ်"

တင့်လွင်သည် အရက်ရောင်းရင်း မော်တော်ဆိုင်ကယ် ကယ်ရီပါ ဆွဲနေသူဖြစ်၍ မောင်ဦးအပြောကို လန့်သွားသည်။

"တော်ပါပြီ ... တော်ပါပြီ မောင်ဦးရာ။ မူးနေတဲ့မင်းကို ကယ်ရီနဲ့ လိုက်ပို့ရပြီး ကယ်ရီခပါ မရတဲ့ အဖြစ် ဖြစ်နေပါဦးမယ်။ ဒိုးဆလန် တဲန်းဆလန်ပါပဲ။ ဟောဒီလယ်ကွင်းတွေဘက်က မင်းဟာမင်း ခြေကျင် ကြွပါတော့။ နောက်ကို ဘယ်တော့မှ မလာပါနဲ့တော့ကွာ"

မောင်ဦးကို တင့်လွင် ဆိုင်ပြင် ဆွဲထုတ်ရသည်။

မောင်ဦး ယိုင်တိုင် ယိုင်တိုင်နှင့် တင့်လွင်၏ ဆိုင်အနောက်ဘက် လယ်ကွင်းထဲ ရောက်သွား၏။ ထိုမှ လယ်ကွင်း တစ်ကွက်-နှစ်ကွက်ကို ဖြတ်သွားလျှင် ထန်းပင်ကုန်း(၂)လမ်း သို့ ရောက်သွားနိုင်သည်။

"ဟဲ့ ... တိရစ္ဆာန် ငမူး။ ငါက နင်တို့ဒီအရွယ်ရောက်မှ ဒီထိပ်ပြောင်ကြီးကို စိတ်ကူးရမှာလား။ နင်မူးမူးနဲ့ မဟုတ်တာတွေ မပြောနဲ့။ အငယ်တွေ ကြားသွားလို့မတော်ဘူး ခွေးကောင်ရဲ့"

ထန်းပင်ကုန်း(၂)လမ်းမှနေ၍ ဖို့မြေလမ်းကိုကျော်လျှင် မောင်ဦးတို့နေထိုင်ရာ မြို့မတောင်ရပ်ကွက်၊ ဈေးချိုလမ်းသို့ ရောက်သွားနိုင်သည်။

သို့သော် မောင်ဦးမပြန်။ လယ်ကွက်ထဲမှာ ကန်သင်းရိုးခေါင်းအုံးလုပ်ပြီး တကယ်လှဲချလိုက်သည်။ အမှန် တကယ်လည်း မူးသွားပုံရသည်။

တင့်လွင်ကတော့ သွားပြီးမထူတော့။ ဒီလိုအမူးသမားအတွက် သူက ရိုးနေလေပြီ။

[ ၃ ]

ဒီတစ်ခါ မူးတာက မောင်ဦးတစ်ယောက် တကယ်မူးသွားခြင်းဖြစ်၏။ သူ့ကို ဘယ်သူမှ လာမထူကြတော့။ လယ်ကွင်းထဲမှာပဲ အိပ်ပျော်သွားသည်။

နေကမြင့်လာတော့ တော်တော်ပူလာသည်။ နေ့လယ် ၁၁ နာရီမှာ နွေဥတုအပူရှိန်က အတော်ပြင်းသည်။

မောင်ဦးနိုးတော့ တစ်ကိုယ်လုံး ဖုန်တွေအလိန်းလိန်း။ တင့်လွင်၏ အရက်ဆိုင်ထဲမှ သောက်နေသူတွေက မောင်ဦးအဖြစ်ကို လှမ်းကြည့်နေကြသည်။

အမူးသမားချင်း ကိုယ်ချင်းစာသူတွေရှိသည်။ တချို့ကလည်း မောင်ဦး အမူးကြမ်းပုံကို ကြည့်ပြီး ရောင်ချင်ကြသည်။ မသိကျိုးကျွန်နေကြသည်။ ထိုအထဲမှ ဆိုက္ကားသမားအရှည်ကြီးက ဈေးမှာ ဆိုက္ကားဆွဲနေသူဖြစ်၍ မောင်ဦးကို စေတနာထားမိသည်။

"ဒီအတိုင်း ပစ်ထားလိုက်ရင် အပူရုပ်ပြီး ဘုန်းကြီးစားသွားလိမ့်မယ်"

"အေးကွ အရှည်ကြီး။ မင်းဈေး

www.burmeseclassic.com

ဘက် လမ်းကြုံတယ်မဟုတ်လား။ ကောက်တင်သွားကွာ''

တင့်လွင် အဆင်းဘီးတပ်ပေး လိုက်သည်နှင့် ဆိုက္ကားသမားအရှည်ကြီး ကန်သင်းရိုးမှ မောင်ဦးကို သွားထူသည်။

''ဟော့ကောင် မောင်ဦး၊ ထ . . ထ။ လူမြင်မကောင်းဘူး။ မင်းကို အိမ် ပြန်ပို့ပေးမလို့''

''မင်းက ဘယ်သူလဲ''

''အရှည်ကြီးလေကွာ။ ဆိုက္ကားနင်းတဲ့ အရှည်ကြီး''

''မင်းဟာမင်း ဆိုက္ကားပဲနင်းနင်း၊ လေယာဉ်ပျံပဲမောင်းမောင်း ငါ့ကို တစ်ခွက်တိုက်''

''တိုက်ပါ့မယ်ကွာ။ ခွေးမသား မင်းသေနေမှာ စိုးလို့ကွ''

သည်တော့မှ အရှည်ကြီးလာတွဲတာကို ရှောရှောရှူရှူ မောင်ဦး လက်ခံပြီး ထရပ်သည်။

တင့်လွင်က သဘောကျနေသည်။ သူကိုယ်တိုင်ကလည်း မောင်ဦးကို သံယောဇဉ်မကင်းသူမို့ ခပ်ပြုံးပြုံး။

''ကဲ . . . ကဲ . . . ဒီတစ်ခွက် အတွက် ငါးဆယ်ဖိုး အရှည်ကြီး မင်း မပေးနဲ့။ ငါပဲတိုက်လိုက်ပါ့မယ်။ ဟော့ကောင် မောင်ဦး၊ သွားခါနီး ကူးတို့ခ တစ်ခွက် သောက်သွား ကြားလား''

မောင်ဦး စကားအရင်မပြောနိုင်။ တင့်လွင်ကမ်းပေးသော အရက်တစ်ခွက်ကို နွားတော်ရေကျ တစ်ဘရိတ်တည်း သောက်ချလိုက်သည်။

ဖန်ခွက်ကို တင့်လွင်လက်ထဲ မထည့်ဘဲ လွှင့်ပစ်မည်လုပ်၍ တင့်လွင် အလျင်အမြန် လုယူပြီး တောင်းတောင်းပန်ပန်ပြောရသည်။

''စာခွက်သေးပန်းဆိုတာ အဲဒီလို ကောင်မျိုးပဲကွ။ ဖန်ခွက်တော့ လွှင့်မပစ်ပါနဲ့ ကျေးဇူးရှင်ကြီးရယ်။ အရှည်ကြီး . . . ဒီကောင့်ကို မြန်မြန်သာ ပြန်ပို့ပေတော့''

မောင်ဦးကို အရှည်ကြီးဆွဲသွား၍ ဆိုက္ကားပေါ်ရောက်သွားရသည်။ ဒါတောင်မှ မောင်ဦး တင့်လွင်ကို မကျေမနပ် လှမ်းအော်သည်။

''ဟော့ကောင် တင့်လွင်၊ တွေ့တယ်မဟုတ်လား။ မင်းလောင်းမှန်ရင် ဖုတ်သွင်းရထား ဆိုက်ပါတယ်လို့''

''အေး . . . အေး၊ ဟုတ်တယ် ဟေ့။ မင်းက ဖုတ်တောထဲမှာ တကယ် အိပ်နေတာကို ဖုတ်သွင်းရထား တကယ် ဆိုက်တာပေါ့ကွာ''

အရက်ဆိုင်ဆိုတာမျိုးက အဲဒီလို ကောင်စားတွေ။

သူ့လောကနှင့်သူတော့ သိပ်ဟုတ်နေကြသည်။

[ ၄ ]

နွေကလည်း နွေ၊ နေကလည်း ပြင်းပြင်း။

မောင်ဦး သည်တစ်ခါ တော်တော်မူးသွားသည်။ စောစောက အရက်ရှိန်ကို နောက်ထပ် ငါးဆယ်ဖိုး ထပ်ဆင့်လိုက်တော့ အမူးဒီကရီ တက်သွားသည်။

အဲဒီ အမူးဒီကရီက မောင်ဦး၏ အငြိုးစိတ်တွေကို လှုံ့ဆော်ပေးသလို ဖြစ်နေပြန်၏။ မောင်ဦးအမေက မောင်ဦးကို အရက်မသောက်ရန် အတန်တန်ဆုံးမသည်။ မရတော့၍ လွှတ်ထားရလေသည်။

သူ့အမေ လက်လျှော့ပေမည့် ပစ်မထားရက်။ သူ့အမေက သူ့အိတ်ထဲကို ညညဆိုလျှင် ငွေနှစ်ရာ နှစ်ရာ ထည့်ထားပေးနေကျ။

အခု တစ်မျိုးဖြစ်နေသည်။ ထည့်ပေးတစ်လှည့်၊ မထည့်ပေးတစ်လှည့်။ ဒါလည်း အမေက သူ့အပေါ် စိတ်ပြောင်းသွားလို့လား။

သူ့အမေ မုဆိုးမသည် သူ့အဖေသေသွားကတည်းက နောက်အိမ်ထောင်မပြုဘဲ သူတို့မောင်နှမသုံးယောက်ကို လုပ်ကိုင်ကျွေးမွေးခဲ့သည်။

သူက အခု အသက်နှစ်ဆယ်၊ သူ့ညီက ဆယ့်ရှစ်နှစ်၊ သူ့ညီမက ဆယ့်ခြောက်နှစ်။ အမေက ခုမှ အသက် လေးဆယ်အရွယ်။ အရွယ်ကောင်းတုန်း။

တစ်လျှောက်လုံး သူတို့ကို ငှက်ပျောသီး၊ အုန်းသီးဆိုင်ဖွင့်ပြီး ကျွေးလာရာက ဟိုသတင်း၊ ဒီသတင်းတွေ မောင်ဦးကြားကြားနေရသည်မှာ အမှန်တွေပဲလား မသိ။ ဒါကိုတော့ မောင်ဦး ရှက်သည်၊ ခံပြင်းသည်။

အမေသည် ငှက်ပျောသီး၊ အုန်းသီးပို့သည့် ကားဒရိုင်ဘာ ဦးမျိုးမြင့်ကြီးနှင့် ကြိုက်နေသည်ဆိုသည့် သတင်း။

ဦးမျိုးမြင့်ကြီးက မုဆိုးဖို။ သမီးနှစ်ယောက်ပဲ ရှိသည်။ ပဲခူးစရပ်ကွက်မှာ အိမ်တစ်လုံးနှင့် ဗိုင်နာကားတစ်စီး အပိုင်ရှိသည်။ ထိုဗိုင်နာဖြင့်ပင် ဈေးတကာလည်ပြီး ကုန်တွေတိုက်နေခြင်းပင်။ ဒီဦးမျိုးမြင့်သတင်းကလည်း အတော်ကို မွှေးသည်။ ဈေးထဲမှာ မုဆိုးမ၊ တစ်ခုလပ်တွေဆိုလျှင် သူနှင့် မဖြစ်ဖူးသူမရှိ။



www.burmeseclassic.com

www.burmeseclassic.com

သူ့အမေက အရွယ်ကောင်း၊ ရုပ်ရည်ချောမောလှပတုန်း ရှိသေးသည်။ ဈေးချိုလမ်းက အိမ်ကြီးမှာ နေရာကောင်းဖြစ်၍ ရောင်းလျှင် သိန်းထောင်နှင့်ချီ၍ တန်သည်။

အဖေ့လက်ထက်ကတည်းက ဆောက်ထားသော ပျဉ်ထောင်အိမ်ကြီး ဖြစ်၍ ရေနံတွေဝအောင် သုတ်ထားသည်။ ဦးမျိုးမြင့်ကြီးနှင့် ပတ်သက်ပြီး အမေနှင့်သူ တစ်ခါက စကားများဖူးသည်။ ဒါကို အမေက မကျေနပ်၍ သူ့ကို မေတ္တာပျက်နေပြီလား။

"ဟဲ့ . . . တိရစ္ဆာန် ငမူး။ ငါက နင်တို့ဒီအရွယ်ရောက်မှ ဒီထိပ်ပြောင်ကြီးကို စိတ်ကူးရမှာလား။ နင်မူးမူးနဲ့ မဟုတ်တာတွေ မပြောနဲ့။ အငယ်တွေ ကြားသွားလို့မတော်ဘူး ခွေးကောင်ရဲ့"

"အေးပါဗျာ။ အမေသာ အဲဒီ ထိပ်ပြောင် ဦးမျိုးမြင့်ကြီးကို ယူပြီဆိုတာနဲ့ ကျုပ်နဲ့ အမေနဲ့ အတွေ့ပေါ့ဗျာ"

သူ့အမေကို ထိုသို့ ကြိမ်းထားဖူးသည်။ အမူးသမားဆိုတော့ သူ့အမေကလည်း သူ့ကို စကားဘက်ပြိုင် ပြောမနေ။

ခုတော့ သူ့အိတ်ထဲကို ထည့်နေကျ ငွေနှစ်ရာကိစ္စက ဖြစ်လာသည်။ သူငိုင်းစားနေစဉ် သူ့ရှေ့မှ ဒိုင်နာကားတစ်စီး ဖြတ်မောင်းပြီး သူတို့အိမ်ရှေ့မှာ ရပ်လိုက်သည်။

ကားခေါင်းခန်းပေါ်မှ သူ့အမေ ဆင်းလာသည်။ ကားမောင်းသူက ထိပ်ပြောင် မျိုးမြင့်ကြီး။

"ဟင် . . သိကြရောပေါ့"

သူ ဆိုက်ကားပေါ်မှ အသံထွက်အောင်ပင် ရေရွတ်လိုက်မိသည်။ သူ့ကို အလကားလိုက်ပို့သော ဆိုက်ကားသမားအရှုပ်ကြီးပင်လန့်သွားရသည်။

ထိပ်ပြောင် မျိုးမြင့်ကြီး ကားပေါ်က ဆင်းလာပြန်သည်။ ကားက အိမ်ရှေ့မှာ ရပ်လျက်သားကြီး။

သူ့အမေနှင့် ထိပ်ပြောင် မျိုးမြင့်ကြီးတို့ ခြံစည်းရိုးတံခါးဖွင့်ပြီး ခြံထဲ ဝင်သွားကြသည်နှင့် သူတို့ဆိုက်ကားလည်း ခြံရှေ့မှာရပ်မိချိန်။

အရက်ရှိန်နှင့် မောင်ဦး သင့်တော်တာ၊ မသင့်တော်တာ မစဉ်းစား။

"အမေ . . အမေ . . ဒါဘာလုပ်တာလဲ။ ဟိုလူကြီး . . ခင်ဗျားကြီး အိမ်ထဲမဝင်နဲ့။ ကျုပ်ညီမနဲ့ ညီတွေ ကျောင်းသွားတုန်း ခင်ဗျားကြီးတို့ အိမ်မှာ ချိန်းတွေ့နေကျပေါ့လေ"

မောင်ဦးအသံက အရက်ရှိန်ကြောင့် အတော်ပင် ကျယ်လောင်နေသဖြင့် ထိပ်ပြောင် မျိုးမြင့်ကြီးပင် ရှက်သွားသည်။ သူ့အမေဆိုလျှင် မိန်းမသားပီပီ ပြောဆိုဖွယ်ရာ မရှိတော့။

အိမ်ထဲကိုပင် သူ့အမေနှင့် ထိပ်ပြောင် မျိုးမြင့်ကြီးတို့ မဝင်ရသေး မောင်ဦးလက်ထဲမှာ အုတ်ခဲထက်ပိုင်း ကျိုးကြီး ရောက်လာသည်။

ပြီးတော့ တစ်ချက်တည်းကောက်ထုသည်။

"ဒီလောက်တောင် ဖြစ်လုတာ ကဲကွာ . . ."

"ခွပ် . ."

"အား . . ." ,

"အမယ်လေး ကယ်ကြပါဦး။ တော်ဒီမှာ ကျွန်မသား မောင်ဦး မူး . . . မူးလာပြီး ရမ်းကားနေလို့ပါ"

မောင်ဦးအမေ ကြောက်လန့်ပြီး အော်မိအော်ရာ အော်ဟစ်တော့သည်။

ထိပ်ပြောင် မျိုးမြင့်ကြီးကတော့ မောင်ဦး အုတ်ခဲကျိုးစာမိပြီး သွေးအိုင်ထဲမှာ မှောက်လျက်ကြီး ထိုးထိုးထွန့် ထွန့်။

မောင်ဦးကတော့ အခဲမကျေသေးဘဲ ဒေါသဆက်ကြီးနေသည်။ သူ့အမေကို ဆက်၍ ရန်ရှာဖို့လုပ်နေပြန်သည်။

"ခင်ဗျားကြီးကြောင့် ကျုပ်တို့ အရှက်ကွဲရမှာ။ ခင်ဗျားကြီးကိုပါ သတ်မယ်"

"ဟဲ့ . . . မောင်ဦး၊ မဟုတ်တာ မပြောနဲ့။ ပန်းအိုးယူမလို့ ကိုမျိုးလိုက်လာတာ"

"ဒါတွေ ကျုပ်မသိဘူး။ ကျုပ်ကို အရှက်ခွဲတဲ့ ခင်ဗျားကို သတ်မယ်"

မောင်ဦး လမ်းပေါ်က ခဲလုံးတစ်လုံးကို အခွာမှာ သူ့အမေ ကြောက်ကြောက်လန့်လန့်နှင့် ခြံအပြင်ဘက်သို့ ပြေးထွက်သွားလေပြီ။

အိမ်က ဈေးကြီးနှင့် အနီးအနားမှာ ရှိနေ၍ လမ်းသွားလမ်းလာလူတွေ စုံပြုံရောက်ရှိလာသည်။ တစ်[illegible]ချင်းပင် ရဲတွေပါ ရောက်လာသည်။

"ဟင် . . . တော်တော်ဆိုးတဲ့သားပဲ။ မွေးတဲ့ အမေကြီးကို အုတ်ခဲနဲ့ ထုသတ်မလို့တဲ့။ ပဋ္ဌန္တရိယကံတော့ ထိုက်တော့မှာပဲ"

လူအုပ်ကြားမှ ပြောသံတွေကြောင့် သူ ထိတ်လန့်သွားသည်။ လက်ထဲမှ အုတ်ခဲကို လွှတ်ချလိုက်သည်။

ရဲတွေက အချိန်မီ မောင်ဦးကို ထိန်းရသည်။

ဒဏ်ရာရသွားသော ထိပ်ပြောင်ဦးမျိုးမြင့်ကြီးကို ဆေးရုံပို့ပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ်တော့ မောင်ဦး အချုပ်ခန်းထဲ ရောက်သွားသည်။

[ ၅ ]

မောင်ဦးတစ်ယောက် အချုပ်ခန်းထဲ ရောက်သည်အထိ အမူးရှိန်က မပြေသေး။

အချုပ်ခန်းထဲကို နေ့ခင်း ၁၂ နာရီမှာ ရောက်သွားပြီး ညနေ ၆ နာရီလောက်မှ ငနဲသား အမူးပြေပြီး နိုးလာသည်။

မူးကြောင်မူးကြောင် ဖြစ်နေသည့်ကြားက အဖြစ်အပျက်တွေကို နည်းနည်းစီ မှတ်မိလာသည်။ သူ့အမေကို ထိပ်ပြောင်မျိုးမြင့်ကြီးနှင့် တွေ့မိ၍ သူ့ဒေါသတွေ ပေါက်ကွဲခဲ့သည်။ မူးနေတော့ ဒေါသက အရှိန်တက်သွားသည်။

ထိပ်ပြောင်မျိုးမြင့်ကြီးကို သူ သူ့ခြံထဲက အုတ်ခဲနှင့် ကောက်ထုသည်။ ပြီးတော့ သူ့အမေကိုပါ သူ ရန်ရှာမိသည်။

သူအုတ်ခဲနှင့် ဆက်ထုဖို့ရာ ခြံထဲမှာခင်းထားသော အုတ်ခဲကို ကောက်ယူပြီး သူ့အမေနောက် လိုက်သည်။ သူ့အမေ အော်ဟစ်ထွက်ပြေးသည်။ လူတွေရောက်လာသည်။ ပြီးတော့ ရဲတွေပါ ရောက်လာသည်။

လူတွေက သူ့ကို ကဲ့ရဲ့သလို ပြောသံတွေ သူကြားနေရပြန်သည်။

"ဟင်း ... တော်တော်ဆိုးတဲ့ သားပဲ။ မွေးတဲ့အမေကြီးကို အုတ်ခဲနဲ့ ထုသတ်မလို့တဲ့။ ပဥ္စနန္တရိယကံတော့ ထိုက်တော့မှာပဲ"

အဲဒီအသံတွေကြောင့် မောင်ဦး ထိတ်လန့်ချောက်ချားသွားရသည်။

အမှန်တော့ သူ့အမေကို သူမမူးလျှင် ဘယ်တော့မှ ထိုသို့လုပ်မိလိမ့်မည် မဟုတ်။

အခုတော့ သူ့အမေကို သူ သတ်မိတော့မလို့ပါလား။ သူ စိတ်တွေ ညစ်လာသည်။ အချုပ်ခန်းကလည်း ဧည့်ဂေဟာလိုမဟုတ်။ ညစ်ပတ်နံစော်နေသည်။ အိပ်ရာခင်းမရှိ။ ခေါင်းအုံးမရှိ။ သံမံတလင်းပေါ်မှာ ဒီအတိုင်း နေကြရသည်။

လှဲအိပ်သူအိပ်၊ ထိုင်နေသူ ထိုင်နေ၊ စကားတိုးတိုးပြောသူပြော၊ ဆေးလိပ် ခိုးသောက်သူသောက်။ ကွမ်းယာဆိုတာကလည်း ဘယ်ကရသည်မသိ။ ကွမ်းတပျပ်ပျပ်စားပြီး ကွမ်းတံတွေး တပျစ်ပျစ်ထွေးနေသူတွေက ရှိသေးသည်။

သူတို့တစ်တွေကို ကြည့်ရသည်မှာ အချုပ်ခန်းနှင့်သူတို့ ဖောက်သည် ဖြစ်နေပုံရသည်။ နေရိုးနေစဉ် ဘယ်လိုမှ ထူးထူးခြားခြား ရှိကြပုံမရကြ။

သူက အချုပ်ခန်းထဲမှာ လူသစ်ဖြစ်နေ၍ ဘယ်လိုမှ နေသားမကျသေး။ သူတို့တစ်တွေ ကွမ်းတမြုံ့မြုံ့၊ ဆေးလိပ်တဖွာဖွာလုပ်နေတော့ သူ အရက်သောက်ချင်စိတ်တွေ ပြန်ဝင်လာသည်။

အချုပ်ခန်းထဲမှာ အရက်ဘယ်ကရမလဲ။ သူစိတ်ဓာတ်ကျသွားသည်။ အရက်သောက်ချင်စိတ်ကို လျှော့လိုက်ရသည်။ ဒါပေမည့် အချုပ်သားအချို့၏ ပါးစပ်က အရက်နံ့တွေရနေသည်ကတော့ သူလို အရှိုင်းမဟုတ်သူ အရက်သမားရင့်ရင့်ကြီးတစ်ယောက် အဖို့ ဘဝင်မကျစရာ ဖြစ်နေသည်။

သူတို့ကို အရက်ဘယ်ကရသလဲ မေးချင်သည်။ ဒါပေမယ့် လူသစ်ဆိုတော့ သူမေးလို့မဖြစ်ပြန်။

အရက်ကိစ္စ စိတ်လျှော့ပြီး သူ့နေရာကလေးမှာ ပစ်လှဲလိုက်မိပြန်သည်။ ပက်လက်လှဲနေခါမှ ဗိုက်ထဲက အူခုနစ်ချောင်းက ယိုးဒယားက ကလာပြန်သည်။ ဟိုနားက ဂွီခနဲ၊ ဒီနားက ဂွီခနဲ အစာတောင်းလာကြလေပြီ။

အို ... ဒီနေ့တစ်နေ့လုံး သူ ထမင်းလုံးဝမစားရသေးပါလား။ နေ့လယ်ကမှ အချုပ်ခန်းထဲရောက်လာသော သူ့အတွက် ထမင်းကိုယ်တာ အချုပ်သားစာရင်းထဲမှာ သူမပါ၍ ထမင်းငတ်ရတော့မည်။

အချုပ်ခန်းထဲကို နေ့ပိုင်းလေး ရောက်ပါတယ် ဒဏ္ဍတွေက မသေး။ သူလှဲအိပ်နေစဉ် ကြမ်းပိုးတွေက ကိုက်လိုက်သေးသည်။ အချုပ်သားအသစ်ကလေးဆိုတော့ သွေးသစ်သောက်ပွဲတော်ကြီးပေါ့လေ။

ထိုစဉ် ... အချုပ်ခန်းအပြင်ဘက်မှ ရဲတွေ၏ ပြောဆိုသံကိုကြားလိုက်ရသည်နှင့် သူ့ဦးနှောက်တွေ ပျက်လုခမန်း ဖြစ်သွားသည်။

"အချုပ်သားအသစ် မောင်ဦးတော့ ဒဏ်ရာရ နာကျင်စေမှုကနေ လူသတ်မှုပုဒ်မ ပြောင်းသွားပြီကွ။ ဆေးရုံမှာ သူအုတ်ခဲနဲ့ထုတဲ့ မျိုးမြင့်ဆိုတဲ့လူ သေသွားပြီ"

သူသိလိုက်ပြီ။ သူ့အမှုက တစ်ရက်နှင့်ပြီးဆုံးမည့် အမှုမဟုတ်။ လူသတ်မှုတဲ့ ... လူသတ်မှု။

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# တောက်ပသောမျက်လုံးတစ်စုံ

ဝင်းဇော်(သုံးဆယ်)

ရိုးကြီးရပ်ကွက်ထဲတွင်နေသော ဒေါ်စန်းရီက အိပ်ပျော်နေရင်းမှ ဗိုက်ထဲကနာလာသည်မို့ အိမ်နောက်ဖေး တံခါးကိုဖွင့်ပြီး ရေအိမ်ရှိရာသို့ပြေးလာခဲ့သည်။ မိုးကမလင်းသေး။

ဒေါ်စန်းရီသည် ရေအိမ်တက်ပြီးသည်နှင့် အိမ်နောက်ဖေးတံခါးပေါက်မှ အိမ်ပေါ်သို့လှမ်းတက်မည်ပြုစဉ်...

"ဟယ်"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ အိမ်နောက်ဖေး မာလာကာပင်ကြီးအောက်တွင် ဗိုက်များစုတ်ပြတ်ပြီး ပွင့်အန်ကာ သေဆုံးနေသည့် ကြက်မကြီးနှစ်ကောင်။ သည်ကြက်မကြီးတွေက သားခွဲပြီး ပြန်ဥနေသည်မှာ ဘာမှမကြာသေး။

ဒေါ်စန်းရီက ကြက်မကြီးနှစ်ကောင်အနားသို့ တိုးကပ်သွားပြီး ကြည့်သည်။ ဗိုက်ပွင့်အန်ကာသေဆုံးနေသော ကြက်မကြီးနှစ်ကောင်မှာ ဝမ်းတွင်းကလီစာများ မရှိတော့။

"ကိုမြင့်အောင်ရေ..အိပ်ရာက ထပြီးဒီမှာလာကြည့်စမ်းပါဦး"

ဒေါ်စန်းရီက ဦးမြင့်အောင်ကို လှမ်းနိုးပြီးပြောသည်။ ဦးမြင့်အောင်က အိပ်ချင်မူးတူးနှင့်အိမ်နောက်ဖေးပေါက်မှ ဆင်းလာသည်။

"ဟဲ့ ခန်းရီ ဘာဖြစ်လို့လဲ",

"ကြက်မကြီးနှစ်ကောင်ကို ဘာကောင်ကိုက်သွားသလဲမသိဘူး သေနေပြီတော့.."

"ခွေးကိုက်တာနေမှာပေါ့.."

"ခွေးကိုက်တာဆိုရင် သေရုံတင်သေမှာပေါ့။ အခုတော့ ဝမ်းဗိုက်တွေပေါက်ပြီး၊ ဝမ်းတွင်းက ကလီစာတွေမရှိတော့ဘူး"

"ဟင်..အထူးအဆန်းပါလား"

ဦးမြင့်အောင်က ကြက်မကြီးနှစ်ကောင်ကို ကြည့်ပြီး အံ့သြနေ၏။ အိမ်အနီးအနားမှာ လူများကိုလည်း ခေါ်ပြသည်။

"ကြက်မကြီးနှစ်ကောင်ကို ဘာကောင်ကိုက်သွားသလဲဆိုတာ စဉ်းစားရခက်နေတယ်။ ကြက်တစ်ကောင်လုံးကိုကိုက်ချီယူသွားတာမဟုတ်ဘူး။ ဝမ်းတွင်းကလီစာတွေပဲ စားသွားတာ။

ဦးမြင့်အောင်တို့ လင်မယားက ကြက်မနှစ်ကောင်ကို ချက်စားရန် အမွေးနှုတ်နေသည်။

"မဆိုးဘူးကွ၊ ပိုင်ရှင်စားဖို့တော့ ချန်ထားခဲ့သေးတယ်"

"ကျုပ် ဥနေတဲ့ကြက်မတွေ သေလို့ စိတ်ညစ်နေရတဲ့အထဲ ရှင်က ရယ်စရာတွေပြောနေပြန်ပါပြီ.."

နောက်တစ်နေ့ နံနက်ပိုင်းတွင် ထိုရပ်ကွက်တောင်ပိုင်းနေ ကိုထွန်း၏ ဘဲငန်းကြီးတစ်ကောင် ပျောက်ဆုံးသွားသည်ဟု သတင်းကြားရသည်။ သည်သတင်းကြားရသူတိုင်းအတွက် တအံ့တသြဖြစ်ကြရသည်။ ညနေပိုင်းတွင် ရပ်ကွက်ထဲတွင် ပလပ်စတစ်ကောက်သော ကောင်လေးက ဘဲငန်းအသေကြီးတစ်ကောင်ကို ကိုင်လာ၏။ ကိုထွန်းပျောက်ဆုံးနေသော ဘဲငန်းကြီးဖြစ်နေသဖြင့် ကောင်လေးလက်ထဲမှ ပြန်တောင်းထားလိုက်သည်။ ဘဲငန်းကြီးမှာ ရင်ဘတ်ပွင့်နေပြီး ဝမ်းတွင်းကလီစာများ မရှိတော့။

နောက်တစ်နေ့တွင် ကိုသာသူ၏ ဆိတ်သားပေါက်တစ်ကောင်မှာ ဝမ်းဗိုက်ပေါက်ပြီး ဝမ်းတွင်းကလီစာများပျောက်ဆုံးနေသည့်သတင်းကြားရပြန်၏။

"ကြက်၊ ဘဲ၊ ဆိတ်ကလေးတို့ကို ဝမ်းဗိုက်ဖောက်ပြီး ဝမ်းတွင်းကလီစာတွေကို စားသွားတဲ့သတ္တဝါဟာ ရိုးရိုး သတ္တဝါတော့မဖြစ်နိုင်ဘူး။ မကောင်းဆိုးဝါးကောင်ပဲဖြစ်ရမယ်" ဟု ယူဆပြီး မိဘများက ကလေးငယ်များအား ညနေနေဝင်သည်နှင့်အိမ်အောက်သို့ပင် မသင်း

www.burmeseclassic.com

ခိုင်းတော့။

"မကောင်းဆိုးပါးတစ်ကောင် သောင်းကျန်းနေတယ်။ နင်တို့မ ကြောက်ဘူးလား။ နင်တို့ဝမ်းဗိုက် ကို ဖောက်ပြီး အထဲက ကလီစာတွေကို စားသွားလိမ့်မယ်။ ဘာမှတ်သလဲ" ဟု မိဘများက သားသမီးများကို ပြောသည်။ သားသမီးငယ်များမှာ ကြောက်လန့်ပြီး ရပ်ကွက်ထဲမှသူငယ် ချင်းများနှင့်ဆော့ကစားလိုစိတ်များ ပင်မရှိတော့။

ရပ်ကွက်သူရပ်ကွက်သားများက အိမ်တွင် မွေးမြူထားသော ကြက်၊ ဘဲ၊ ဝက်ကလေး၊ ဆိတ်ကလေးများ ကို အိမ်ထဲသို့ ထည့်ပြီးထားကြ၏။ သည်ရပ်ကွက်ထဲတွင် ကြက်၊ ဘဲ တို့ ဝမ်းဗိုက်ဖောက်စားခံရသည့် သတင်းကို မကြားရတော့။

ဘာမှမကြား၊ မအူကုန်းရပ်ကွက် ထဲမှ ကြက်၊ ဘဲများဝမ်းဗိုက်ဖောက် ပြီး အစားခံရသည်ဆိုသည့် သတင်း ကို ကြားရပြန်သည်။ ကြက်၊ ဘဲ တို့ကို အိမ်ထဲထည့်ထားတော့သည် သတင်း မကြားရပြန်တော့။

ဟိုရပ်ကွက်၊ သည်ရပ်ကွက်တွင် ကြက်၊ ဘဲများဝမ်းဗိုက်ဖောက်ပြီး အစားခံရသည့် ဖြစ်ရပ်တွေများလာ တော့ ရပ်ကွက်လူကြီးများက လူငယ် များကို အလှည့်ကျကင်းစောင့်ခိုင်း သည်။ ဟိုနေရာသည်နေရာတွင် ကင်းပုန်းဝပ်ပြီးစောင့်ကြည့်ကြသည်။

ထိုစဉ်က ကျွန်တော်တို့ရပ်ကွက် တိုင်းမှ ပြည်သူ့စစ်ခေါင်းဆောင်များ သည် လက်နက်ကိုင်ဆောင်ခွင့်ရသ ဖြင့် ရပ်ကွက်ထဲမှ ကင်းစောင့်သည့် လူငယ်များကို ဦးဆောင်ရသည်။

မြို့နယ်မှ လူကြီးများကလည်း ရပ်ကွက်တိုင်းတွင် သောင်းကျန်းနေ သော အရာမှာ မည်သို့မှ စဉ်းစား မရကြသဖြင့် ရဲတပ်ဖွဲ့ဝင်များကို ည တိုင်း ရပ်ကွက်ပေါင်းစုံသို့ လှည့်ကင်း တာဝန်ဆောင်ရွက်စေသည်။

ကြက်၊ ဘဲ၊ ဝက်ငယ်၊ ဆိတ် ငယ်များကို ဝမ်းဗိုက်ဖောက်ပြီးစားနေ သောအကောင်ကို မကောင်းဆိုးဝါး ကောင်ဟုသာ သတ်မှတ်ထားကြ၏။ အသွင်သဏ္ဍာန်ကို မည်သူမှမမြင် တွေ့ဘူးကြသေးသဖြင့် အခက်ကြုံနေ ရလေသည်။

အနောက်လမ်းသစ်ရပ်ကွက်ထဲမှ ကြက်၊ ဘဲများကို ဝမ်းဗိုက်ဖောက် စားနေပြန်ပြီဟု ကြားရပြန်သဖြင့် ရပ်ကွက်ပတ်လည်တွင် ကင်းများချ ကာ စောင့်နေကြသည်။

ကျွန်တော်တို့ ပြည်သူ့စစ်များက အရပ်ထဲမှာ လမ်းတိုင်းလှည့်လည် သွားလာနေရသည်။

"ကတော်..ကတော်..ကတော်"

"တောက်တောက်..တောက် တောက်..တောက်တောက်"

"ဒေါင်ဒေါင်..ဒေါင်ဒေါင်"

ရပ်ကွက်အနောက်ပိုင်းမဆီမှ ကြက်မ၏အော်သံများ၊ အချက်ပေး ခေါက်သံများကို ကြားလိုက်ရသည်။ ကျွန်တော်တို့အဖွဲ့သည် ရပ်ကွက်၏ အနောက်ပိုင်းဆီသို့ တဟုန်ထိုးပြေး ကြသည်။ ရပ်ကွက်ထဲမှလူငယ်များ က ကြက်မအော်သည့် အိမ်ပတ် လည်တွင် ဝိုင်းထားကြ၏။

"ဘယ်လိုလဲဟေ့"

"ကြက်အော်သံတွေကြားလို့ ဝိုင်းထားကြတာပဲ"

ကျွန်တော်တို့အဖွဲ့က အိမ်အောက် သို့ လှည့်ပတ်ပြီးလက်နှိပ်ဓာတ်မီး များဖြင့် ထိုးကြည့်ကြသည်။ ဘာမှ မတွေ့ရ။ အိမ်ရှင်က မွေးထားသော ကြက်များကို ရေတွက်ကြည့်၏။

"ဟာ ကြက်မကြီးတစ်ကောင် ပျောက်နေတယ်"

"ဟင်..ဒါဆို ပတ်ဝန်းကျင်မှာ ရှာဖွေကြည့်စမ်း"

လူငယ်များက အခြားခြံဝင်းများ ထဲသို့ ဝင်ပြီးရှာဖွေသည်။

"ဒီ..ဒီမှာဝမ်းဗိုက်ပေါက်ပြီး သေနေတယ်"

ကြက်ပိုင်ရှင်၏ အိမ်တောင် ဘက်ခြံဝင်းထဲမှ လူငယ်တစ်ဦး၏ အော်ပြောသံကို ကြားလိုက်ရသည်။

"ဒေါင်..ဒေါင်..ဒေါင်း"

ရပ်ကွက်အရှေ့ဘက်မှ အချက် ပေးသံကြားရသဖြင့် ထိုနေရာဆီသို့ ပြေးရသည်။

"ဘာလဲဟေ့"

မည်းမည်းသဏ္ဍာန်အရိပ်ကြီး ဟိုသည်ပြေးနေတာ မြန်လိုက်တာဗျာ ခရစ္စယာန် သင်္ချိုင်းဘက် လည်း ရောက်ရော ပျောက်သွားတာပဲ"

"ဟိုမှာ ကြက်မကြီးကိုတော့ ဗိုက်ဖောက်စားသွားပြီ.."



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့မြင်ရတာဘယ်လိုလဲ‥ မည်းလည်းသဏ္ဌာန်ဆိုတော့ ဘယ်လိုထင်သလဲ"

"သင်္ချိုင်းထဲပြန့်ဝင်သွားတာ ဆိုတော့ ‥ဟို‥ဟို‥သရဲလား တစ္ဆေလား။ ရိပ်ကနဲပြေးသွားတာ မြင်လိုက်ရတာဗျ"

"ဟင်း စဉ်းစားရခက်လိုက်တာ‥"

ကျွန်တော်တို့အဖွဲ့သည် ခရစ္စယာန်သင်္ချိုင်းထဲတွင် မွှေနှောက်ရှာဖွေကြပေမယ့် ဘာမှမတွေ့ရ။ မိုးစင်စင်လင်းမှလူစုခွဲကာ အိမ်သို့ပြန်လာခဲ့ကြသည်။

"ဒီလောက်ပိတ်ဆို့ထားတဲ့ကြားက ဘာမှမသိလိုက်တာ နာသကွာ"

× × ×

နောက်တစ်ညတွင် ခရစ္စယာန်သင်္ချိုင်းဘက်ကို ဝင်ပေါက်အဖြစ်ပေးပြီး တစ်ရပ်ကွက်လုံးကို လူအင်အားများစွာဖြင့် ပိတ်ဆို့ထား၏။

"ငါ့အသက် ခုနစ်ဆယ်ကျော်လာပါပြီ။ ငါတို့မြို့မှာ ဒီလိုဖြစ်ရပ်မျိုး တစ်ခါမှမကြားရပါဘူး။ အင်းတစ်ခုတော့ စိတ်ချမ်းသာသွားရတယ်။ မကောင်းဆိုးဝါးကောင်သတင်းကြားကတည်းက အရပ်ထဲက ကလေးတွေ ညဘက်လမ်းပေါ်မှာ ထွက်မဆော့ကြတော့ နားညည်းသက်သာသွားတယ်"

အမေပြောသည့်စကားကို သတိရပြီး ကျွန်တော်တော်ပြုံးလိုက်မိ၏။ ကိုထွန်းကြည်နှင့်ကိုပြုံးတို့ကို ပြန်လည်ပြောပြမိ၏။

"ဟာ‥ဟုတ်တယ်ကိုယ့်လူ တစ်ချိန်ကြောက်တတ်တဲ့မိန်းကလေး ယောကျ်ားလေးတွေ ကိုယ့်ခြံထဲက အိမ်သာကိုတောင် အိမ်သာသွားမတက်ရဲလို့ ရယ်နေရတယ်"

ကျွန်တော်တို့အဖွဲ့က ရပ်ကွက်အလယ်မှ အမှောင်ရိပ်တွင် ထိုင်နေမိကြ၏။

ညဉ့်(၂)နာရီအချိန်တွင် ရပ်ကွက်တောင်ပိုင်းဆီမှ ခွေးဟောင်သံ၊ ကြက်မကတော်သံများကို ကြားလိုက်ရသည်။

"အရပ်ထဲကိုဝင်လာပြီထင်တယ်"

ကျွန်တော်တို့အဖွဲ့က ရပ်ကွက်တောင်ပိုင်းဆီသို့လာခဲ့ကြသည်။ ကြက်အော်သံကြားသည့် ခြံဘက်ဆီသို့ နားစွင့်သည်။ သစ်ပင်မှ သစ်ကိုင်းများလှုပ်ရမ်းသွားသည်ကို မြင်လိုက်ရသည်။ သစ်ပင်ပေါ်သို့ စူးစိုက်ကြည့်နေမိကြသည်။

"ဟင်"

သစ်ရွက်များကြားမှ တောက်ပသော ငါးမူးပြားအဝိုင်းခန့် အလင်းပေါက်နှစ်ခုကို တွေ့လိုက်ရသည်။

ယင်းအလင်းပေါက်နှစ်ခုသည် ပျောက်သွားလိုက် ပြန်ပေါ်လာလိုက်နှင့် အလင်းပေါက်နှစ်ခုက အောက်ဘက်သို့ဆင်းလာသည်။ ပြီးတော့ ပျောက်သွားပြန်သည်။ အသေအချာကြည့်လိုက်တော့ တစ်နေရာတွင် တွေ့ရပြန်သည်။ ကျွန်တော်ကကိုပြုံးကိုလက်ညှိုးထိုးပြသည်။

အလင်းပေါက်နှစ်ခု၏ ရွေ့လျားမှုသည် တစ်နေရာသို့ရောက်သွားပြန်လေ၏။ အသွင်သဏ္ဌာန်ကို ခန့်မှန်းရမရသဖြင့် သေနတ်ဖြင့် ပစ်ရန်အခက်ကြုံနေရသည်။

အရိပ်မည်းကြီးတစ်ခုသည် ဟိုမှသည်မှသို့ ကူးသွားနေသည့်နှယ် မြင်လိုက်ကြရသည်။ လမိုက်ရက်မို့ ကြယ်ရောင်သာရှိနေသည်။ အရိပ်မည်းကြီးနောက်သို့လိုက်ကြည့်မိသည်။ အရိပ်မည်းကြီးမြင်သည့်နေရာသို့ သေနတ်နှင့်လှမ်းပစ်လိုက်သည်။

"ဒိုင်း"

ကိုထွန်းကြည်သေနတ်သံက ထွက်ပေါ်လာသည်။ ကျွန်တော်တို့က ကိုထွန်းကြည်ရှိရာသို့ ပြေးသွားကြသည်။

"မည်းမည်းကောင်ကြီး၊ မျက်လုံးကလဲ တောက်ပလိုက်တာ။ အသေအချာချိန်ပြီး ပစ်လိုက်တာပဲ။ သူ့လှုပ်ရှားမှုက မြန်တော့လွဲသွားတယ်။ မြေပြင်ပေါ်ကိုအရိပ်မည်းကြီးကျပြီး ပျောက်သွားတာပဲ"

"အကောင်အထည်မြင်လိုက်ရသလား"

"သစ်ရွက်ကြားကနေ အောက်ဘက်ရောက်လာလိုက် အပေါ်ရောက်သွားလိုက်၊ အဲဒီမှာ သေနတ်နဲ့ပစ်လိုက်တာ။ မြေပြင်ပေါ်ကိုလွှားကနဲကျသွားတာတော့ လူတစ်ယောက်ပုံသဏ္ဌာန်ပဲ"

"မကောင်းဆိုးဝါးဆိုတာတော့



www.burmeseclassic.com

www.burmeseclassic.com

သေချာနေပါပြီ။ အကောင်အထည် ထင်ထင်ရှားရှားမှမတွေ့ရတာပဲ"

"ကျွန်တော်က တောက်ပတဲ့ အလင်းပေါက်နှစ်ခုကို မြင်ရလို့ အသွင်သဏ္ဌာန်ကို မှန်းဆကြည့်နေတာ"

"ရုတ်တရက်မြင်လို ရတော့ စိတ်မရှည်တော့ဘူးလေ။ ပစ်ချလိုက်မိတာပေါ့။ ကြက်မကြီးတစ်ကောင် ပါသွားတယ်"

အရပ်ထဲတွင် ဟိုသည်သွားလာရင်း မိုးစင်စင်လင်းသွားသည်။ သရက်ပင်ကြီးတစ်ပင်၏ ခြေရင်းတွင် ဝမ်းဗိုက်ပေါက်ကာ သေဆုံးနေသော ကြက်မကြီးကိုတွေ့ရလေ၏။

"သကောင့်သားက သူ့အစာကိုတော့ ဝအောင်စားသွားသေးတာကိုး"

"အကောင်အထည်မမြင်ရဘဲ တောက်ပတဲ့အလင်းစက်နှစ်ခုကိုသာ မြင်ရတာဆိုတော့ ငါတို့ငယ်ငယ်တုန်းက ကြားဖူးသလို တစ္ဆေ၊ သရဲလား မပြောတတ်ဘူး။ တစ္ဆေသရဲဆိုတာ ငါတို့က မြင်ဖူးတာမဟုတ်ဘူး။ အခု မြင်တွေ့နေရတာက ကြောက်တတ်သူဆိုရင်တော့ ထိတ်လန့်ပြီးသွေးပျက်စရာပဲ"

"မြင်လိုက်ရသားနဲ့ ဘာမှန်းမသိတော့ နာသဗျာ"

လမ်းသစ်ရပ်ကွက်ထဲတွင် ရက်ဆက်ကင်းစောင့်နေပေမယ့် အကြောင်းမထူး။

မန်းဆက်ရွာတွင် ကြက်၊ ဘဲများကို ဝမ်းဗိုက်ဖောက်ပြီးစားသွားသည့် သတင်းကို နောက်တစ်နေ့နံနက်တွင် ကြားရသည်။ မြို့ပေါ်နှင့်ပန်းဆက်ရွာက နှစ်မိုင်သာသာခန့်ဝေးသည်။

လမ်းသစ်ရပ်ကွက်ထဲတွင် မကောင်းဆိုးဝါး၏လှုပ်ရှားမှု လမ်းစပြတ်သွားချိန်တွင် ပန်းဆက်ရွာက လမ်းစပေါ်လာပြန်လေပြီ။ လမ်းသစ်ရပ်ကွက်အနောက်ဘက်ရပ်၊ ပန်းဆက်ရွာက မြို့၏အရှေ့ဘူး၊ အနောက်ဘက်အရပ်ထဲတွင် သောင်းကျန်းနေသော မကောင်းဆိုးဝါးက အရှေ့ဘက်ရွာသို့ တမဟုတ်ချင်းရောက်ရှိသွားပြီး သောင်းကျန်းနေသည်မှာ အံ့သြစရာကောင်းနေတော့သည်။

ကျွန်တော်တို့ပြည်သူ့စစ်အဖွဲ့သည် ပန်းဆက်ရွာတွင် နေ့ရောညပါသွားနေရသည်။ မြို့အနောက်ဘက်ရပ်ကွက်များမှ ပြည်သူ့စစ်များကို အကူအညီတောင်းကာ ကင်းစောင့်ခိုင်းရသည်။

ညမိုးချုပ်သည်နှင့်ရွာပတ်လည်တွင် ပြည်သူ့စစ်ခေါင်းဆောင်များက ရွာမှလူငယ်များနှင့်အတူးကင်းပုန်းဝပ်နေကြသည်။

ရွာမြောက်ပိုင်းမှ ခွေးအူသံများကို ကြားရသည်။ အချက်ပေး သံချောင်းခေါက်သံများလည်း မြည်လာသည်။ ပြည်သူ့စစ်ခေါင်းဆောင်များက ရွာမြောက်ပိုင်းသို့ ချီတက်လာကြသည်။

"ဦးစံလှခြံထဲက ကြက်တွေ အော်နေတာ ဝုန်းဒိုင်းကြဲနေတာပဲ"

ဦးစံလှခြံအား လူအင်အား ဖြင့် ဝိုင်းပတ်ထားကြသည်။

"ဒီမကောင်းဆိုးဝါးက ဟိုကသည်၊ သည်ကဟိုရွှေ့လျားနေတတ်ဘယ်နှယ်"

ကျွန်တော်က အခြားပြည်သူ့စစ်ခေါင်းဆောင်များကိုပြောပြလိုက်သည်။ ဦးစံလှ၏ ခြံထဲတွင်သစ်ပင်ကြီးများက အုပ်ဆိုင်းနေသည်။

ပြည်သူ့စစ်ခေါင်းဆောင်များက ခြံပတ်လည်မှသစ်ပင်ကြီးများအား လက်နှိပ်ဓာတ်မီးဖြင့် ဝိုင်းထိုးထားကြသည်။

ရွာသားလူငယ်များက ခြံထဲတွင် ညာသံပေးကာရှာဖွေနေကြသည်။ ထိုအချိန်တွင် ရွာအရှေ့ပိုင်းမှ ခွေးအူသံများကြားရပြီးနောက် အချက်ပေးသံများ ပေါ်ထွက်လာသည်။

ကျွန်တော်တို့အဖွဲ့က ရွာအရှေ့ပိုင်းသို့ပြေးလာခဲ့သည်။

"သစ်ပင်တွေက သစ်ကိုင်းလှုပ်ရှားလာတာကြားရပြီး မည်းမည်းသဏ္ဌာန်ကြီးမြေပေါ်ကို ကျလာသလို မြင်ရပြီး ပျောက်သွားတာပဲ။ လက်နှိပ်ဓာတ်မီးနဲ့လှမ်းထိုးတာ မမိလိုက်ဘူး"

"ဘယ်ဘက်ကိုပြေးသွားသလဲ"

"ရွာမြောက်ဘက်လယ်ကွင်းထဲကို ပြေးသွားသလိုပဲ။ လှုပ်ရှားမှုက တအားမြန်ဆန်တာပဲ။ မျက်လုံးလို့ထင်မိတာပဲ။ အလင်းစက်နှစ်ခုက အရောင်တောက်နေတာပဲ"

ကျွန်တော်တို့အဖွဲ့သည် တစ်ညလုံး ရွာပတ်လည်သို့ လှည့်လည်သွားလာနေပေမယ့် အကြောင်းမထူး။



www.burmeseclassic.com

www.burmeseclassic.com

ရွာသူရွာသားများမှာ မမြင်မတွေ့ရဘဲ သွေးလန့်နေကြသည်။

မြို့နယ်မှလူကြီးများက ကျွန်တော်တို့ ပြည်သူ့စစ်ခေါင်းဆောင်များကို ရပ်ကွက်၊ ကျေးရွာများတွင် သောင်းကျန်းနေသည်မှာ ဘာလဲဟု မေးကြသည်။ ကျွန်တော်တို့ကိုယ်တိုင် အတိအကျမပြောနိုင်သဖြင့် မကောင်းဆိုးဝါးဟု သတင်းပြုရလေသည်။ အသွင်သဏ္ဍာန်ကို မည်သူမှမြင်ဖူးကြသည်မဟုတ်။

မကောင်းဆိုးဝါးကောင်က မည်သို့မှ လှုပ်ရှားမှုမရှိသဖြင့် အားလုံးမှာ နားစွင့်နေကြရသည်။ ဘာကြောင့် ငြိမ်သွားတာလဲဟု သိချင်နေကြသည်။

သို့သော် သုံးရက်မြောက်သော ညတစ်ညတွင် သခွပ်ပင်ရပ်ထဲမှ မသန်းနွဲ့သည် ည(၁၂)နာရီအချိန်ခန့်တွင် နေအိမ်အနောက်ဘက်ရှိ အိမ်သာ၌ အလေးသွားနေစဉ် အိမ်ဘေးမှ တောက်ပသောအလင်းစက်နှစ်ခု (ဘေးချင်းယှဉ်နေသော အလင်းစက်) ကို တွေ့မြင်သဖြင့် စူးစူးစိုက်စိုက် ကြည့်နေမိသည်။

ထို အလင်းပေါက်နှစ်ခုက ဒေါ်သန်းနွဲ့ရှိရာသို့ တဖြည်းဖြည်းနှင့် လာနေသည်။ အမှောင်ထဲတွင်မြင်ရသည်မှာ မည်းမည်းသဏ္ဍာန်ကြီးရွေ့လျားလာသလိုလို။

ဒေါ်သန်းနွဲ့က မည်းမည်းသဏ္ဍာန်ကြီးကို ကြည့်ရင်းကြောက်လန့်လာမိသည်။ ထွက်ပြေးရန်လည်း အခွင့်မသာတော့။ ဒေါ်သန်းနွဲ့က ရေအိမ်တွင်သုံးသော ရေခွက်ကိုဆုပ်ကိုင်ထားမိသည်။ သူ့လည်ချောင်းဝထဲတွင် ခြောက်သွေ့လာသည်။ ရင်ခုန်နှုန်းက အဆမတန်မြန်နေသည်။

မည်းမည်းသဏ္ဍာန်ကြီးက တစ်ဖက်သို့ ပြန်လှည့်သွားပြီး ပျောက်သွားလေ၏။

"အွတ်··အွတ်··အွတ်"

အိမ်အောက်မှ ကြက်များ၏ အော်သံပေါ်ထွက်လာသည်။ ဒေါ်သန်းနွဲ့က အညစ်အကြေးသန့်စင်ပြီးသည်နှင့်··

"လာကြပါဦးဗျို့··ကျွန်မအိမ်အောက်မှာ မည်းမည်းကောင်ကြီး"

အိမ်သားများနှင့်အိမ်နီးချင်းများ လန့်နိုးကုန်ကြသည်။ ဒေါ်သန်းနွဲ့ က အိမ်သာမှဆင်းလာ၍ အိမ်အောက်မှ ပြေးထွက်လာသော မည်းမည်းသဏ္ဍာန်ကြီးနှင့်ရင်ဆိုင်တိုးမိ၏။

"အောင်မလေးတော့·"

မသန်းနွဲ့မျက်နှာကို အေးစက်သောအရာက လာ၍ထိတွေ့သဖြင့် မသန်းနွဲ့မှာ ကြောက်လန့်ပြီး မေ့လဲသွားလေ၏။

"ဟင်··ဘာမည်းမည်း··ဟင် မသန်းနွဲ့မေ့လဲနေပါလား။ အို ကျွတ်ကျွတ်··လာကြပါဦး။ မသန်းနွဲ့မေ့လဲနေလို့"

အိမ်သားများနှင့်အိမ်နီးချင်းများက ယိုနေရာသို့ ပြေးလာကြ၏။

"ဟာ ဘယ်လိုဖြစ်တာလဲ"

အိမ်သားများက ဒေါ်သန်းနွဲ့ကို ပွေ့ချီကာ အိမ်ပေါ်သို့သယ်သွားကြသည်။ ပြန်လည်သတိရလာအောင် ပြုစုပေးကြသည်။ ဒေါ်သန်းနွဲ့သတိရလာသည်။

"အား··ကျွတ်··ကျွတ်··အောင်မလေး ကြောက်စရာကြီး"

"ဟင်··မသန်းနွဲ့ သတိထားပါတို့ရှိတယ်"

"မသန်းနွဲ့နှင့်ဘာတွေကြောက်နေတာလဲ။ နင်အော်တဲ့ မည်းမည်းကောင်ကြီးဆိုတာ ဘာလဲ။ ပြောစမ်းပါဦး"

ဒေါ်သန်းနွဲ့က သူရေအိမ်တက်နေစဉ် မြင်တွေ့ရသမျှကို ပြောပြသည်။ ခင်ပွန်းဖြစ်သူက တွေဝေကာ စဉ်းစားနေ၏။

"အင်း··မဟုတ်မှလွဲရော အခြားရပ်ကွက်တွေမှာ သောင်းကျန်းနေတဲ့ မကောင်းဆိုးဝါးကောင်များလား။ နင်မူးမေ့နေတာမြင်လို့ အော်ဟစ်အကူအညီတောင်းနေရတာနဲ့ ဘာမှန်းမသိလိုက်ဘူး။ ဟေ့ကောင်မြင့်စိန်လက်နှိပ်ဓာတ်မီးယူပြီး အိမ်အောက်ကိုသွားကြည့်စမ်း"

မြင့်စိန်က အိမ်အောက်သို့ဆင်းသွားသည်။

"ဟာ ကြက်မကြီးတစ်ကောင် ဗိုက်ကြီးပွင့်ပြီး သေနေတယ်ဗျ"

မြင့်စိန်က ကြက်မကြီး၏ ခြေနှစ်ဖက်ကို ဆွဲ၍ အိမ်ပေါ်သို့ယူလာသည်။ ဝမ်းဗိုက်မှသွေးများက ယိုစီးကျနေသည်။

"ဟုတ်ပါပြီ။ မကောင်းဆိုးဝါး

www.burmeseclassic.com

ကောင်ပဲဖြစ်ရမယ်"

"ဟဲ့ ကိုအောင်ရီရဲ့ မင်းပြောတဲ့ မကောင်းဆိုးဝါးက ငါ့မျက်နှာကို သူ့လက်ကြီးနဲ့ကိုင်သွားတယ်။ အေးစက်နေတာပဲ။ ငါတော့ အဟီးဟီး"

ဒေါ်သန်းနွဲ့က ချုံးပွဲချကာငိုနေသည်။ ဦးအောင်ရီက ကြောက်လန့်နေသော သူ့မိန်းမကို အားပေးစကားပြောနေသည်။

သည်ဖြစ်ရပ်ကို ရပ်ကွက်လူကြီးများက မသန်းနွဲ့ကိုလာရောက်မေးမြန်းပြီး မြို့နယ်မှလူကြီးများထံသို့ တင်ပြသည်။ မြို့နယ်မှ လူကြီးများက ပြည်သူ့စစ်ခေါင်းဆောင်များကို ခေါ်ယူ၍ မကောင်းဆိုးဝါးကောင် နှိမ်နင်းရေးအဖွဲ့ကို ဖွဲ့စည်းပေး၏။ နယ်မြေခံတပ်ရင်းမှ စစ်သည်များလည်း ပါဝင်သည်။

ပြည်သူ့စစ်ခေါင်းဆောင်များ၊ အရံမီးသတ်တပ်ဖွဲ့ဝင်များသည် သခွပ်ပင်ရပ် ပတ်လည်တွင် နေရာစွဲကာ မှောင်ရိပ်ထဲ၌ ကင်းပုန်းဝပ်နေကြ၏။

သခွပ်ပင်ရပ်ထဲမှ အချို့မိသားစုများသည် ညနေစောင်းသည်နှင့်မြို့ထဲမှ ဆွေမျိုးများအိမ်သို့သွား၍ အိပ်ကြသည်။ ကြက်၊ ဘဲ၊ ဝက်ကလေးများကို အိမ်ထဲတွင်ထည့်၍ လုံခြုံစွာထားကြ၏။

ကျွန်တော်တို့ ပြည်သူ့စစ်များက ညဦးနက်ချိန်တွင် မကောင်းဆိုးဝါးကောင်ကို အရပ်ထဲသို့ ဝင်ရန်ဝင်ပေါက်ပေးထားသည်။

**ကျားသစ်နက်၏ ရင်ညွန့်တည့်**
**တည့်သို့ မှန်သွား၏။**
**ကျားသစ်နက်သည်**
**ရုန်းကန်လူးလှိမ့်ရှားနေရင်းမှ**
**ငြိမ်သက်သွား၏။**
**ရေတွင်းပျက်ထဲသို့ဆင်းပြီး**
**ကျားသစ်နက်ကို**
**ကြိုးချည်ကာ**
**အပေါ်သို့**
**ဆွဲတင်သည်။**

ညဦး (၂)နာရီကျော်သည်နှင့် ဝင်ပေါက်ကို ပိတ်ကာနားစွင့်နေကြသည်။

သည်မကောင်းဆိုးဝါးကောင်၏ သောင်းကျန်းနေမှုကို သည်နယ်သူနယ်သားများသာမက အခြားမြို့သူများကပင် စိတ်ဝင်စားနေကြသည်။

"ဒေါင်..ဒေါင်..ဒေါင်..ဒေါင်"

အချက်ပေးသံကိုကြားလိုက်ရသည်။ ကျွန်တော်တို့မှာ ရပ်ကွက်၏ အရှေ့ပိုင်းသို့ သေနတ်မောင်းတင်ပြီး ပြေးကြရသည်။

"ဘယ်မှာလဲဟေ့"

"ဦးမောင်မြင့်ခြံထဲက ကြက်တွေ၊ ဘဲတွေဂဏှာမငြိမ်ဖြစ်ပြီး ဆူညံနေတာပဲ"

ဦးမောင်မြင့်၏ ခြံမှာသိပ်မကျယ်ပါ။ ခြံစည်းရိုးက ဖရိုဖရဲ။ ခြံပတ်လည်တွင် ဝိုင်းထားလိုက်ကြသည်။

ကျွန်တော်က မုဆိုးများနှင့်ရိုးမတောထဲတွင် အမဲပစ်ထွက်ဖူးသည်မို့ အမှောင်ထဲသို့ စူးစူးစိုက်စိုက်ကြည့်နေမိသည်။ ခြံထဲတွင်သွားလာနေသည့်အသံလိုလို ကြားမိသည်။

ကြက်ခြံဘေးတွင် တောက်ပသော မျက်လုံးတစ်စုံကို တွေ့လိုက်ရသည်။ ၄င်းတောက်ပသောမျက်လုံးတစ်စုံသည် ဟိုသည်ရွေ့လျားနေ၏။ ရပ်ကွက်သားလူငယ်က ကျွန်တော်ကို ထိုအရာအားလက်ညှိုးထိုးပြပြီး ဓာတ်မီးဖြင့်လှမ်းထိုးရမလားဟုမေးသည်။ ကျွန်တော်က ခေါင်းခါပြလိုက်၏။ ရွေ့လျားနေသောအရာကို သေနတ်ဖြင့် အပိုင်ပစ်နိုင်ရန် သေချာချိန်ရွယ်ထားမိသည်။

တောက်ပသောမျက်လုံးတစ်စုံသည် အိမ်နောက်ဖေးဘက်သို့ ရွေ့လျားနေ၏ အိမ်အောက်ခြံထဲမှ ကြက်များက အော်မြည်ကာလှုပ်ရှားနေကြသည်။ ဆောက်တည်ရာမရဖြစ်နေသည်။ တစ်စုံတစ်ရာကို ကြောက်လန့်နေသည့် အနေအထားမျိုး။ တောက်ပသော အလင်းနှစ်ခုကို ဘေးစောင်းအနေအထားမျိုးမြင်တွေ့ရသည်။ အသွင်သဏ္ဍာန်ကမည်းမည်းကြီး။

ထိုအရာသည် မြေပြင်မှထိုးပေ



www.burmeseclassic.com

www.burmeseclassic.com

ခန့်အကွာတွင် မြင်တွေ့နေရသဖြင့် ငှတ်တုတ်ထိုင်နေသည်ဟု မှန်းဆမိ၏။ သေနတ်နှင့်မပစ်လိုက်ရဘဲ ပျောက်ကွယ်သွားမည်ကိုလည်း စိုးရိမ်နေမိသည်။ ရရှိနေသည့် အခွင့်အရေးတစ်ရပ်ဟု ယူဆပြီး ထိုအရာရှိ ပစ်ရန် ချိန်ရွယ်ထားလိုက်သည်။

တောက်ပသောမျက်လုံးတစ်စုံ ကျွန်တော်တို့ဘက်သို့ လှည့်နေသည်ဟု မြင်ရသောအခါ··

"ဒိုင်း"

သေနတ်သံကကျယ်လောင်စွာ မြည်ဟီးသွားသည်။ ထိုနေရာသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်တော့ ဘာမှမတွေ့ရ။

"တောက် တည့်တည့်ပစ်လိုက်တာကွ။ ဘာမှမမှန်တာတော့ အံ့သြစရာပဲ··"

အားလုံးဝိုင်းရှာကြပေမယ့် ဘာမှမတွေ့ရ။ တစ်ညလုံးမည်သည့် လှုပ်ရှားမှုမှမရှိဘဲ ငြိမ်သက်နေ၏။

နောက်တစ်နေ့ညတွင် ရပ်ကွက်ထဲ၌ အုပ်စုလိုက်သွားလာရင်းနား စွင့်နေမိသည်။ မည်သည့်အချက်ပေးသံမှမကြားရ။

ထိုညတွင် ကိုမောင်မြင့်က ဓါးရှည်ကိုဆွဲကိုင်ပြီး ရေအိမ်တက်ရန် အိမ်ပေါ်မှဆင်းလာသည်။ တစ်ရပ်ကွက်လုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကိုမောင်မြင့်က ရေအိမ်တက်ရင်း အမှောင်ထဲသို့ ကြည့်နေမိ၏။ ကြားရသည့်အသံက ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ ကိုမောင်မြင့်က ရေအိမ်မှဆင်းလာပြီး ရေတွင်းပျက်ရှိရာသို့ ကြည့်လိုက်၏။ ရေတွင်းပျက်ထဲမှမည်းမည်းကောင်ကြီးတက်လာသည်ကို မြင်တွေ့လိုက်ရသည်။ ကြက်သီးတွေထလာပြီး ရင်ထဲတွင် တဆတ်ဆတ်နှင့်ခုန်လာသည်။ သူ့ခြေထောက်များက ရွေ့မရ။ မည်းမည်းကောင်ကြီးက သူ့အနားသို့ တိုးကပ်လာ၏။

"အောင်··အောင်မလေး"

ကိုမောင်မြင့်မှာ ကြောက်လန့်ပြီး မေ့မျောသွား၏။ ကိုမောင်မြင့်၏ အော်သံကြားသော ကျွန်တော်တို့က သူ့ခြံထဲသို့ ပြေးဝင်လာမိ၏။ မြေကြီးပေါ်တွင်လဲနေသော ကိုမောင်မြင့်ကို သတိရအောင် လှုပ်နှိုးကြသည်။

"ကိုမောင်မြင့်··ဘာဖြစ်တာလဲ"

"သရဲ··သရဲ·တွေ့တာ"

"ဟာ··မဟုတ်တာဗျာ"

ရေတွင်းပျက်ထထဲမှအသံကြားသဖြင့် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့် ကြရာ။

"ဟာ"

"ဟာ"

ဆယ်ပေခန့်နက်သောရေတွင်းပျက်ကြီးထဲတွင် တစ်ကိုယ်လုံးမည်းနက်နေသော အလွန်ကြီးမားသည့် ကြောင်ကြီးတစ်ကောင်ကို တွေ့လိုက်ရသဖြင့် အားလုံးအံ့သြသွားကြသည်။

"အဲဒါ ကျားသစ်နက်ဗျ၊ တစ်နယ်လုံးကို ဒုက္ခပေးနေတဲ့ကောင်ကြီးကဲကွာ"

"ဒိုင်း"

ကျားသစ်နက်၏ ရင်ညွန့်တည့်တည့်သို့ မှန်သွား၏။ ကျားသစ်နက်သည် ရုန်းကန်လှုပ်ရှားနေရင်းမှ ငြိမ်သက်သွား၏။ ရေတွင်းပျက်ထဲသို့ ဆင်းပြီး ကျားသစ်နက်ကို ကြိုးချည်ကာ အပေါ်သို့ ဆွဲတင်သည်။ ရပ်ကွက်ထဲမှကလေး လူကြီးမကျန် ကျားသစ်နက်ကို လာကြည့်နေကြသည်။

နောက်တစ်နေ့မနက်တွင် တစ်နယ်လုံးရှိလူများက ကျားသစ်နက်ကို လာရောက်ကြည့်ရှုကြသည်မှာ ပွဲတော်ရှုံးလောက်၏၊ ကျားသစ်နက်သားကို ဖျက်ကာ ဟင်းချက်ပြီး မြို့နယ်မှလူကြီးများထံသို့ ပို့၏။ ကျွန်တော်က ကျားသစ်နက်၏။ မျက်လုံးကို ပုလင်းထဲတွင် ဆေးရည်စိမ်ထားထဲ၏။

တစ်နယ်လုံးကို ဒုက္ခပေးခဲ့သည့် မကောင်းဆိုးဝါးဟု ထင်မြင်ကာ ကြောက်ရွံ့နေကြသူအားလုံးမှာ စိတ်ချမ်းသာသွားကြသည်။ ကျွန်တော်တို့ မျက်လုံးထဲမှာတော့ အမှောင်ထဲတွင်တွေ့ရသော တောက်ပသောမျက်လုံးတစ်စုံကိုသာ မြင်နေမိပါတော့သည်။

ဝင်းအော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အလင်းတစ္ဆေ

ရဲမြတ်တင်

ဆရာဝန်ကြီး ဒေါက်တာဦးဘိုလှ မြင့်။

သူကားနာမည်ကျော် ခွဲစိတ်ကု ဆရာဝန်ကြီးတစ်ဦးပင် ဖြစ်သည်။ မကြာ ခင်ကမှ အငြိမ်းစားယူလိုက်သူလည်း ဖြစ် သည်။ အငြိမ်းစားယူပြီးနောက် ကိုယ်ပိုင် ဆေးခန်းဖြင့် ဆေးကုသမှု ဆက်လက် လုပ်ကိုင်နေသေးသည်။ သို့သော် တစ် သက်လုံးလုပ်ကိုင်လာရသော ထိုဆေးကု ခြင်းအလုပ်ကို ငြီးငွေ့လှပြီဖြစ်သော ကြောင့်တစ်ကြောင်း၊ ဓနဥစ္စာအားဖြင့် လည်း ရှေ့ရေးအတွက် မပူပင်မကြောင့် ကြရအောင် ရှာဖွေစုဆောင်းပြီးဖြစ်သော ကြောင့်တစ်ကြောင်း၊ ထို့ပြင် မိမိဝါသနာ ပါသော လူမှုရေးပရဟိတလုပ်ငန်းများကို အချိန်ပေးပြီး စောက်ချလုပ်ကိုင်လိုသော ကြောင့်တစ်ကြောင်း၊ ဆရာဝန်အလုပ်ကို စွန့်လွှတ်လိုက်ပြီးနောက် သူအားသန်ရာ ဘိုးဘွားရိပ်သာလုပ်ငန်းများ၌သာ အချိန် ပြည့် ပါဝင်လုပ်ကိုင်နေလေတော့သည်။

သူ့အနေဖြင့် ဆရာဝန်ဘဝ၌ ရှိနေ စဉ်က ဆေးလောက၌ အလွန်ရှားပါးလှ သော 'နှလုံးလှ'စေတနာဆရာဝန်မျိုး မဟုတ်ခဲ့လင့်ကစား လက်ညှိုးထိုးမလွဲ အောင် ပေါ်များလှသော 'အသပြာ'ဆရာ ဝန်အမျိုးအစားတွင်း၌လည်း ပါဝင်ခဲ့သူ ပေါက်ရေး ပြောရလျှင် အရေအတွက်မ များလွန်းလှသော အလယ်အလတ်တန်း စား ဆရာဝန်များစာရင်း၌သာ ပါဝင်ခဲ့သူ ဖြစ်လေသည်။ ထို့ကြောင့် ဆရာဝန်ဘဝ ၌ ရှားရှားတွေ့တွေ နာမည်ပျက်မရှိခဲ့သည် သာမက အလုပ်မှ အနားယူချိန်တွင် လည်း ပရဟိတလုပ်ငန်းများကိုသာ လုပ် ကိုင်လျက်ရှိနေပြန်လေရာ ယေဘုယျ အားဖြင့် သူ့အား လူကြီးလူကောင်းတစ်ဦး ဟု ဆိုနိုင်သူပင် ဖြစ်လေသည်။ မျက်ခုံး မွေးထူထူ မျက်မှန်ထူထူ၊ အသားညိုညို၊ ခပ်ဝဝနှင့် ဦးဘိုလှမြင့်အား အများက ချစ်ခင်ကြည်ညိုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုလှမြင့်၏ဇနီး ဒေါ်မြတ်သူဇာ။ သူကား ခင်ပွန်းဖြစ်သူ ဦးဘိုလှမြင့်နှင့် အစစအရာရာတွင် ဆီနှင့်ရေပမာ ကွာခြားသူပင်ဖြစ်သည်။ မည်သည့်အရာတို့၌ ကွာခြားသနည်းဟူမူ စိတ်ကော၊ လူကော၊ ဝါသနာကော၊ လုပ်ရပ်ကော အားလုံး ကွာခြားသည်ဟုပင် ဆိုရပါလိမ့်မည်။

အမှန်မှာ ဒေါ်မြတ်သူဇာအနေဖြင့် ဦးဘိုလှမြင့်ထက် အလွန်အလွန်ငယ်ရွယ်နေသူတော့မဟုတ်ပါ။ သူ့အသက်က မရှိဘူးဆိုလျှင်တောင် ငါးဆယ်နီးပါးအရွယ်တော့ ရှိကိုရှိနေပေသည်။ ဆိုရသော် လူကြီးစာရင်းထဲသို့ ရာနှုန်းပြည့်မဝင်သေးသော်မှ ခြေတစ်ဖက်တော့ဖြင့် လှမ်းရောက်ပြီးသားအရွယ်မျိုးပင် ဖြစ်သည်။ သို့သော် သူက လူသာကြီးလာသော်လည်း စိတ်ဓာတ်ကမူ ညီတူညီမျှလိုက်လာခြင်းမရှိဘဲ နောက်တွင်ကျန်နေခဲ့သူဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ပြောင်းလဲရမည့်အချိန်၊ ရင့်ကျက်ရမည့် အချိန်ဖြစ်သော်လည်း ငယ်နုစဉ်အရွယ်ကကဲ့သို့ပင် လှချင်၊ ပချင်၊ ဝတ်ချင်၊ စားချင်၊ အာရုံငါးပါးကို ပျော်ပိုက်လိုက်စားချင်သော စိတ်များက စံချိန်မကျ သေးသူပင်ဖြစ်တော့သည်။

အထူးအားဖြင့် ဒေါ်မြတ်သူဇာတွင် သိသာစွာထိုးထွက်လျက်ရှိသော စရိုက်မှာ ရာဂစရိုက်ပင်ဖြစ်သည်။ ထိုစရိုက်ကပင် သူ့ဘဝ၏ အစိတ်အပိုင်းတော်တော်များကို စိုးမိုးခြယ်လှယ်နေခြင်းဖြစ်သည်။ အထက်၌ဆိုခဲ့သော အရွယ်နှင့်မလိုက်အောင် လှချင်၊ပချင်၊ ပြင်ချင်၊သချင်ဖြစ်နေရခြင်းများမှာ စင်စစ် အချိန်နှင့်အမျှ အာသာငမ်းငမ်း ဆာလောင်တောင့်တတတ်သော ထိုစရိုက်၏ စေ့ဆော်မှုများပင် ဖြစ်သည်။ ထိုကဲ့သို့ သူက ကိလေသာဘက်တွင် ထောင်ထမောက်ကြွလျက် ရှိဆဲအချိန်တွင် ခင်ပွန်းဖြစ်သူ ဦးဘိုလှမြင့်က လောကီအာရုံကို လျှော့နိုင်သမျှ လျှော့ချလိုက်ပြီးနောက် မိမိ၏ရှိသမျှအချိန်ကိုလည်း လူမှုရေးလုပ်ငန်းဘက်သို့ ပို့ဆောင်ပေးလိုက်ပြန်လေရာ သူတို့နှစ်ဦး၏ အကွာအဝေးမှာ မည်မျှအထိ ကြီးမားကျယ်ဝန်းသွားသည်ကို အလွယ်တကူ သိရှိနိုင်ပါလေပြီ။

ဒေါက်တာယုမောင်မောင်။ သူသည်လည်း ခွဲစိတ်ကုသ ဆရာဝန်တစ်ဦးပင် ဖြစ်သည်။ သူက ယခင်ကတော့ ဆရာဝန်ကြီးဦးဘိုလှမြင့် လက်အောက်တွင် အလုပ်သင်ဆရာဝန်၊ လက်ထောက်ဆရာဝန်အဖြစ်ဖြင့် အမှုထမ်းခဲ့သူဖြစ်သည်။ ယခုအချိန်၌ သူက လုပ်သက်ကော၊ အတွေ့အကြုံပါ အတော်အတန်ရှိပြီးသူ ဖြစ်နေပြီ။

ယုမောင်မောင်မှာ အသက်အားဖြင့် ၃၅ နှစ်ခန့်အရွယ်၊ အိမ်ထောင်မရှိသေးသူ လူပျိုတစ်ဦးဖြစ်သည်။ သူ၏ ကိုယ်လုံးကိုယ်ပေါက်မှာ တောင့်တင်းသန်မာပြီး ဖြောင့်စင်းညီညွတ်မှုရှိသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ အရေးတကြီး ပြောစရာရှိသည်မှာ သူ၏အတွေးစိတ်ကို ဖော်ပြနေသော သူ၏မျက်နှာပင်ဖြစ်သည်။ မျက်လုံးတို့က အမြဲတမ်း ရီတီတီ ပြုံတီတီဖြစ်နေပုံ၊ နှုတ်ခမ်းမွေးသဲ့သဲ့နှင့် သူ၏နှုတ်ခမ်းနှစ်လွှာက အမြဲတစေ ရွှတ်ရိုပြောင်လက်နေပုံတို့မှာ တည်ကြည်မှုရှိသော၊ ခိုင်မာမှုရှိသော သူ၏အတွင်းစိတ်ကို လှစ်ဟပြနေသကဲ့သို့ ရှိနေလေသည်။ သူ၏ ညာဘက်မေးစေ့အထက် နားတွင် မှဲ့နက်ကြီးတစ်လုံးနှင့် မွေးညင်းရှည်ရှည်တစ်ချောင်းက ရှိနေပြန်လေရာ စင်စစ်ထိုမှဲ့မှာ 'ကြာမှဲ့'ပင်ဖြစ်တော့သည်။ အကြောင်းကား သူ့အား အကြောင်းသိသူများက ကွယ်ရာ၌ 'ကြာမောင်မောင်' ဟု ပညတ်ခေါ်ဝေါ်နေကြခြင်းကြောင့်ပင်တည်း။

ဆိုခဲ့သည့်အတိုင်း ယုမောင်မောင်ခေါ် ကြာမောင်မောင်။ သူ၏အကြောင်းကိုတော့ များပြားလှသည့် ဖြစ်စဉ်များကို ချန်လှပ်၍ သူနှင့် ဒေါ်မြတ်သူဇာတို့၏ ဖြစ်စဉ်မျှလောက်ကိုသာ ဖော်ပြလိုက်ပါတော့မည်။ ယုမောင်မောင်မှာ ဒေါ်မြတ်သူဇာ၏ တိုက်အိမ်ကြီးအတွင်းသို့ ဝင်နေထွက်နေသည်မှာ ကြာမြင့်လှချေပြီ။ ထို့အတူ ဆက်ရက်တောင်ပံကျိုးနှင့် ကြောင်ခံတွင်းပျက်ဟုပဲဆိုဆို၊ ဘုန်းကြီးရှူးနှင့် လေလူးဟုပဲပြောပြော သူနှင့် ဒေါ်မြတ်သူဇာတို့ ဦးဘိုလှမြင့်ကွယ်ရာ၌ ကျိတ်ပုန်းခုတ်နေကြသည်မှာလည်း ကြာလွန်းမကကြာမြင့်လှချေပြီ။ တစ်နည်းအားဖြင့် ဒေါ်မြတ်သူဇာက ထာဝရဆေးပြင်းလိပ်နှင့်စော်နေသည့် ဦးဘိုလှမြင့်၏ ကိုယ်ခန္ဓာကြီးအစား သန့်ပြန့်၊ မွှေးကြိုင်၊ ငယ်နု၊ ချောမောသော ယုမောင်မောင်၏ ကိုယ်ကာယကလေးနှင့် မိမိအလိုရှိသည့်အတိုင်း နွဲ့ပျော်ပေါင်းဖက်ခွင့် ရနေသည့်အတွက် လွန်စွာ နှစ်ယောင်းအားရဖြစ်နေမိသည့်နည်းတူ ယုမောင်မောင်ခေါ် ကြာမောင်မောင်ကလည်း သူ၏ကိလေသာပိုးများ ထကြွသောင်းကျန်းလာသည့်အခါတိုင်း ထိုဖြူဖြူတောင့်တောင့်၊ ဝင်းဝင်းပပ 'ချစ်မမကြီး'အား အချိန်မရွေး၊ အလွယ်တကူ 'စရိတ်ငြိမ်း' မှီဝဲသုံးဆောင်ခွင့်ရနေသည့်အတွက် သူ့ကိုယ်သူ အထူးပင်ကျေနပ်ပီတိဖြစ်၍နေလေတော့သည်။

\+ + + + +

ဦးဘိုလှမြင့်ကား ထူထူပိန်းပိန်း၊ နလပိန်းတစ်ဦးတော့ မဟုတ်ပါပေ။ မဟုတ်ရုံမျှမက ဉာဏ်ပညာအားဖြင့် ကြီးမားထက်မြက်သူဟုပင် ဆိုနိုင်ပေသေးသည်။ ထိုသို့ဆိုနိုင်ရန်အတွက်လည်း သူတက်လှမ်းရယူနိုင်ခဲ့သည့် ထိပ်တန်းဘွဲ့ထူးဂုဏ်ထူးများကပင် သက်သေခံနေ



www.burmeseclassic.com

www.burmeseclassic.com

သည့် မဟုတ်ပါလော။ သို့သော် မည်သူပင်ဖြစ်စေ 'တစ်ကွက်မှားသောကျား' ဟူသော စကားအတိုင်း တစ်ကြိမ်ကြိမ်တွင် တစ်ကွက်တော့ မှားကြစမြဲပင်ဖြစ်လေရာ ဦးဘိုလှမြင့်အနေနှင့် သူ့မိန်းမ၏ကိစ္စတွင်မူ ပညာရှိသတိဖြစ်ခဲ့ဆိုသည့် စကားအတိုင်း ဖြစ်ခဲ့ရလေပြီ။ သူ့အနေနှင့် တစ်ကွက်မှားသွားခဲ့ရရုံမျှမက အနူလက်သီးဖြင့် အထိုးခံလိုက်ခြင်းဟုပင် ဆိုနိုင်လှပါတော့သည်။

ဒေါ်မြတ်သူဇာမှာ သွေးသားဆူဖြိုးပြီး ရာဂလွန်ကဲလှေ့ရှိသည်ကို ဦးဘိုလှမြင့် မသိမဟုတ်။ သိသည်။ အိမ်တွင်ဝင်ထွက်သွားလာနေသော ယုမောင်မောင်မှာ လူပျိုတစ်ယောက်ဖြစ်ကြောင်းနှင့် အကြောင်းတစ်ခုကြောင့်သာ အိမ်သို့ အလာစိပ်နေခြင်းဖြစ်သည်ကိုလည်း ဦးဘိုလှမြင့်က မရိပ်မိဘဲ မရှိ။ ရိပ်မိသည်။ သို့သော် ဤကိစ္စ၌ ဦးဘိုလှမြင့် လက်တစ်လုံးခြား အလှည့်ခံလိုက်ရပုံမှာ အတော်ပင် မှတ်သားစရာကောင်းလှသည်။ တစ်နည်းအားဖြင့် ဒေါ်မြတ်သူဇာနှင့် ယုမောင်မောင်တို့က ဦးဘိုလှမြင့်အား ပုံမှားရိုက်ပြီး မိတ္တူပေးထားပုံမှာ အတော်ပင် အကွက်မိလှသည်။

ဦးဘိုလှမြင့်နှင့် ဒေါ်မြတ်သူဇာတို့ ဇနီးမောင်နှံတွင် သမီးကလေးတစ်ယောက်ရှိရာ သူမ၏အမည်မှာ ရွှေစင်မေဟူ၍ဖြစ် လေသည်။ ရွှေစင်မေမှာ ရုပ်ရည်အားဖြင့် သူမ၏မိခင်ကဲ့သို့ပင် ထိပ်တန်းအလှရှင်တစ်ဦးဖြစ်သော်လည်း စိတ်ဓာတ်ကမူ ဖခင်ဘက်သို့ယိမ်းလေသည်။ ထို့ကြောင့် သူမ၏စိတ်နေစိတ်ထားမှာ နူးညံ့ပျော့ပျောင်းမှု၊ သိမ်မွေ့ယဉ်ကျေးမှုတို့ဖြင့် ပြည့် ဝလျက်ရှိသကဲ့သို့ သူမ၏အလှမှာလည်း တည်တည်ငြိမ်ငြိမ်၊ နွေးနွေးအေးအေးလက္ခဏာကိုဆောင်သော အလှမျိုးသာဖြစ်ပါလေသည်။

ယုမောင်မောင်ကား ကြာသမားပီပီ အလွန်ပင် လျင်လှသည်။ ထိုရွှေစင်မေကလေးကိုပင် 'တည်ကြက်'အဖြစ်အသုံးချလိုက်သည်။ ဤအိမ်သို့ သူဝင်နေထွက်နေသည်မှာ ရွှေစင်မေကလေးကိုပင် ရွှေစွန်ညိုလာဝဲနေသယောင်ယောင် ဦးဘိုလှမြင့် အထင်ရောက်သွားအောင် မျက်လှည့်ပြလိုက်သည်။ ပစ်မှတ်အစစ်ကိုမမြင်အောင် ပစ်မှတ်အတုဖြင့် အယောင်ပြလိုက်သည်။ တစ်နည်း ဥပမာအားဖြင့် နော်မန်ဒီကို ကမ်းတက်လိုသော်လည်း စစ္စလီကိုတိုက်မည့်ဟန် တစ်ပတ်ရိုက်ပြလိုက်ခြင်းပင် ဖြစ်သည်။ ထို့အကြောင်းများကြောင့်ပင် ဦးဘိုလှမြင့်အနေနှင့် ယုမောင်မောင်၏ စစ်စင်ရေးအား အငိုက်မိသွားချိန်သကာလ ယုမောင်မောင် အလစ်ဝင်တိုက်သည်ကို ယုမောင်မောင် သူ့စခန်းသို့ လာလာပြီး တမ်းတက်နေသည်ကို ခံလို့ခံနေရမှန်းပင် မသိရှာဘဲ သူ့ခမြာ ခံချည်းနေရလေတော့သည်။

ကာယကံရှင် ရွှေစင်မေကလေးမှာကား ပထမတွင် မိမိအပေါ် ယုမောင်မောင်၏ ပြောဆိုဆက်ဆံပုံ၊ အရော်ဝင်ချဉ်းကပ်ပုံတို့ကို ကြည့်၍ တစ်မျိုးတစ်မည်ပင် ထင်မြင်လိုက်သေးသည်။ တစ်ဖန် ထင်မြင်လိုက်သည့်အတိုင်းလည်း ထိုဆရာဝန်ကလေးအပေါ် တိတ်တခိုးမျှော်ကိုးစိတ်ဖြင့် စိတ်ကူးကလေးပင် ယဉ်လိုက်မိသေးသည်။ သို့သော် နောက်ပိုင်းရောက် တော့ ယုမောင်မောင်၏ပုံစံက တိုးတော့မလိုလိုနှင့် တန့်နေသလိုလို၊ ဝင်တော့မလိုလိုနှင့် ရပ်နေသလိုလို ပုံစံမျိုးကြီး ဖြစ်လာသည်။ ဘာမှန်းမသိရသော မှန်းဆရခက်သော အီလည်လည်ဇေ့လည်လည် အနေအထားမျိုးကြီး ဖြစ်လာသည်။ သို့နှင့်ပင် သူမဘက်ကလည်း ယုမောင်မောင်အပေါ်သို့ မျှော်လင့်ချက်၊ ခံစားချက်ဟူ၍ ထူးထူးထွေထွေမတွေးမိတော့ဘဲ ခပ်အေးအေး ခပ်ထိုင်းထိုင်း ပြန်ဖြစ်သွားရတော့သည်။

တစ်ခါတစ်ရံ မိခင်ဖြစ်သူ ဒေါ်မြတ်သူဇာနှင့် ယုမောင်မောင်တို့၏ ပုံမှန်မဟုတ်သော ဆက်ဆံပုံမျိုးကို လှစ်ခနဲ၊ ဖျတ်ခနဲ မြင်တွေ့လိုက်ရတတ်သော်လည်း သူမအနေဖြင့် မိခင်အပေါ်၌ ထွေလီကာလီအထင်မျိုး၊ ကရော်ကမည် အတွေးမျိုးဖြင့် မထင်ဝံ့၊ မတွေးဝံ့၊ မပြစ်မှားဝံ့ရှာပါပေ။

ဦးဘိုလှမြင့်အသံက
ပေါ်လာပြန် သည်။
ခက်ချေပြီ။
မိုးမီးလောင်ချေပြီ။
ဒေါ်မြတ်သူဇာက
တုတ်တုတ်မလှုပ်ဝံ့ဘဲ
ငြိမ်နေသည်။
ကြောက်လွန်း၍
တဆတ်ဆတ်တုန်နေသည်။
ယုမောင်မောင်ကား
နှုတ်ခမ်းကို
တင်းတင်းစေ့ထားသည်။
နောက်ဆုံးတွင် ပက်ပင်းကြီး
အမိခံရမှာနှင့်တူတူ
သူက မထူးစိတ်ကို
မွေးဂနိုသာ
ဆုံးဖြတ်လိုက်
တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေစင်မေမှာ ရိုးရိုးပညာရေးဘွဲ့ တစ်ခုကို ရရှိပြီးဖြစ်သည်။ သို့သော် သူမက မည်သည့်အစိုးရအလုပ်ကိုမျှ လုပ်ကိုင်ခြင်းမရှိ၊ ဖခင်နှင့်အတူ ဘိုးဘွားရိပ်သာသို့ လိုက်ပါလျက် စာရင်းကိုင်ပေးခြင်းကဲ့သို့သော အလုပ်များကို ကူညီလုပ်ကိုင်ပေးလျက် ရှိလေသည်။

\+ + + + +

"မမမြတ် ..."

"ဘာလဲဟင် မောင်မောင်"

"မမမြတ်ကို ကျွန်တော်က တစ်သက်လုံး ခုလိုပုံစံမျိုးကြီးနဲ့ပဲ ချစ်နေရတော့မှာလား"

"ဘာဖြစ်လို့လဲဟင် မောင်မောင်။ မောင်မောင်က ဘာဖြစ်ချင်လို့လဲ"

"တိတ်တိတ်ပုန်းဘဝကြီးကို ငြီးငွေ့ပြီ မမမြတ်ရာ။ လွတ်ရာကျွတ်ရာကို ကျွန်တော်တို့ပြေးကြစို့လား"

"ပြေးကြတော့ကော ဘာထူးမှာလဲကွ။ အဘိုးကြီးက ရှိသေးတဲ့ဥစ္စာ။ သူက နောက်ကလိုက်လာမှာပေါ့။ အဲဒါမှ ပိုပြီးရှုပ်ကုန်မှာ။ အခြေအနေတွေကလည်း ဒီထက်ပိုဆိုးကုန်မှာ။ မောင်မောင်နဲ့ မမမြတ်လည်း ဒီအတိုင်းဆက်နေချင်လို့ရတော့မှာမဟုတ်ဘူး"

"ဒါဖြင့် ဒီလိုလုပ်ရအောင်ဗျာ"

"ဘယ်လိုလုပ်မှာလဲ မောင်မောင်က ..."

"ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို အဘိုးကြီးကို တစ်ခါတည်းရှင်းပစ်လိုက်ရင်မကောင်းဘူးလား ... ဟဲ .. ဟဲ"

"အမလေး ... ဒီလိုကြီးတော့ မလုပ်လိုက်ပါနဲ့။ ပိုပြီး ... ကြီးလေးကုန်၊ ရှုပ်ထွေးကုန်ပါလိမ့်မယ် မောင်မောင်ရာ။ လွယ်တာကို ခက်အောင် မလုပ်ချင်စမ်းပါနဲ့။ ခုလိုစခန်းသွားနေလည်း ဖြစ်နေတဲ့ဥစ္စာ။ ကဲ ... မောင်မောင့်အတွက် မမမြတ်က ဘာများလိုအပ်တာရှိသေးလို့လဲ၊ မပြည့်စုံတာ ရှိသေးလို့လဲ။ ပြောစမ်း"

"ဟဲ ... ဟဲ ... အလကားပြောတာပါ မမမြတ်ရာ။ အပျင်းပြေလျှောက်ပြောကြည့်တာပါ။ ကျွန်တော်က တကယ်လုပ်ချင်လို့ပြောတာ မဟုတ်ပါဘူး။ လုပ်စရာလည်းမလိုပါဘူး။ မလိုလောက်အောင်လည်း ပောာဒီအချစ်တုံးကြီးက ကျွန်တော့်အတွက် ဖူလုံပါသဗျား။ လုံလောက်ပါသဗျား"

ထိုစကားမှာ အမှန်ပင်ဖြစ်သည်။ ယုမောင်မောင်အနေဖြင့် ဦးဘိုလှမြင့်ကွယ်ရာတွင် ဒေါ်မြတ်သူဇာနှင့် စိတ်ရှိတိုင်း ဝအောင်အီအောင် နှစ်ပါးသွားခွင့်ရနေသည်သာ ဖြစ်သည်။ အထက်ပါစကားစုများမှာ သူ့အနေနဲ့ တကယ်ကြံရွယ် လုပ်ကိုင်လိုသောကြောင့် ပြောလိုက်ခြင်းမဟုတ်ဘဲ ရယ်ရွှမ်းပတ်ရွှမ်းသဘောမျိုး စကားမရှိစကားရှာ လျှောက်ပြောနေခြင်းသာ ဖြစ်လေသည်။

သို့သော် ကံကြမ္မာကား လွန်စွာအံ့ဩစရာကောင်းလှသည်။ အကြောင်းမှာ မကြာမီပင် မမျှော်လင့်သောဖြစ်ရပ်ကြီး တစ်ခုက ပေါ်ပေါက်လာခဲ့ပြီးလျှင် အထက်က ယုမောင်မောင်ပြောလိုက်မိသော စကားများမှာ ထိုဖြစ်ရပ်ကြီးအတွက် ကြိုတင်နိမိတ်ပြ ပြောဆိုလိုက်သကဲ့သို့ ဖြစ်သွားခြင်းကြောင့်ပါတည်း။ ဝဋ်ဗေဒ ထိတိုင်းရှခဲ့လေပြီ။

\+ + + + +

ထိုနေ့က ဘိုးဘွားရိပ်သာတွင် နှစ်ပတ်လည်နေ့အခမ်းအနား ရှိသောကြောင့် ဦးဘိုးလှမြင့်တို့သားဖက အိမ်မှကားဖြင့် နံနက်စောစောပင် ထွက်သွားကြသည်။ အခမ်းအနားပြီးမည့် ညနေပိုင်းလောက်မှ အိမ်ပြန်ရောက်မည်ဟုလည်း ဦးဘိုလှမြင့်က ဒေါ်မြတ်သူဇာကို ပြောသွားသည်။

ဦးဘိုလှမြင့်တို့ ထွက်သွားပြီး၍ အတန်ကြာသော် ယုမောင်မောင်ရောက်လာသည်။ ဒေါ်မြတ်သူဇာက ယုမောင်မောင်ကိုဆီးကြိုပြီး အခန်းထဲသွင်းသည်။ ပြီးနောက် ဦးဘိုလှမြင့်၏ ခေါင်းအုံးပေါ်မှာပင် ယုမောင်မောင်ကို နေရာပေးလိုက်သည်။ ထို့နောက် သူတို့၏ နှစ်ယောက်တစ်ကမ္ဘာ စီအစဉ်ကိုလည်း စတင်လိုက်ကြသည်။

သို့နှင့် အချိန်က တရွေ့ရွေ့ကုန်မှန်းမသိ ကုန်သွားသည်။ အတန်ကြာ၍ သူတို့နှစ်ယောက် နှုတ်ခမ်းနီ တစ်ခွက်စီဖြင့် စကားစမြည်ပြောနေကြစဉ်မှာပင် အခန်းဝဆီမှ တံခါးခေါက်သံ(သို့မဟုတ်)မိုးကြိုးတစ်သံကို ကြားလိုက်ရဟော့သည်။

"ဒေါက် ... ဒေါက် ... ဒေါက်ဟော့ ... မြတ် .. တံခါးဖွင့်စမ်း။ တံခါးဖွင့်စမ်း။ မင်းဘယ်သူနဲ့ စကားပြောနေတာလဲ"

တံခါးခေါက်သံနှင့်အတူ ဟိန်းထွက်လာသော ဦးဘိုလှမြင့်၏အသံကိုပါ ကြားလိုက်ကြရသည်။ နှစ်ဦးစလုံးကြက်သေသေသွားကြသည်။ အသက်ရှူရမှန်းပင်မသိတော့ဘဲ တောင့်တောင့်ကြီးတွေဖြစ်သွားကြသည်။ ပြီးတော့မှ ဘယ်လိုလုပ်မလဲဟူသည့်သဘောမျိုးဖြင့် တစ်ဦးကိုတစ်ဦး ထိတ်ထိတ်ပျာပျာ ကြည့်လိုက်ကြသည်။ ဦးဘိုလှမြင့် ယခုလို ရုတ်တရက်ပြန်လာခြင်းကိုလည်း အံ့အားသင့်နေမိသည်။ (အမှန်မှာ ဦးဘိုလှမြင့်က ဘိုးဘွားရိပ်သာအခမ်းအနား၌ ရှင်းတမ်းထုတ်ရမည့် ငွေစာရင်းဖိုင်တစ်ခု မေ့ကျန်နေခဲ့သောကြောင့် လာပြန်ယူခြင်းဖြစ်သည်။ လမ်းထိပ်မှာပင် ကားက စက်ချို့ယွင်းပြီး ထိုးရပ်သွားသောကြောင့် အိမ်သို့ ခြေလျင်လျှောက်ခဲ့ခြင်းလည်း ဖြစ်သည်။ သူ့အစီစဉ်က အိမ်တွင် ငွေစာရင်းဖိုင်အား ယူပြီးသည်နှင့် ဝပ်ရှော့ဆရာအား ဖုန်း

www.burmeseclassic.com

ဆက်ခေါ်လိုက်ရန် ဖြစ်သည်။)

"ဒေါက် ‥ ဒေါက် ‥ ‥ ဟော့ … တံခါးဖွင့်လို့ပြောနေတာ မကြားဘူးလား။ မြတ် … ဟော့မြတ် ‥ မင်းအထဲမှာရှိတယ် မှတ်လား"

ဦးဘိုလှမြင့်အသံက ပေါ်လာပြန်သည်။ ခက်ချေပြီ။ မိုးမီးလောင်ချေပြီ။ ဒေါ်မြတ်သူဇာက တုတ်တုတ်မလှုပ်ဝံ့ဘဲ ငြိမ်နေသည်။ ကြောက်လွန်း၍ တဆတ်ဆတ်တုန်နေသည်။ ယုမောင်မောင်ကား နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ နောက်ဆုံးတွင် ပက်ပင်းကြီးအမိခံရမှာနှင့် တူတူ သူက မထူးစိတ်ကိုမွေးရန်သာ ဆုံးဖြတ်လိုက်တော့သည်။ သူက ဒေါ်မြတ်သူဇာအား တံခါးကိုဖွင့်ပေးလိုက်ရန် မျက်ရိပ်ပြလိုက်သည်။ သူကိုယ်တိုင်ကမူ ဗီရိုပေါ်တွင်အလှတင်ထားသော တရုတ်ကြွေပန်းအိုးကြီးတစ်လုံးကို လှမ်းယူလိုက်ကာ တံခါးကွယ်နေရာ၌ သွားရပ်နေလိုက်သည်။ သူ့လက်ထဲမှ ကြွေပန်းအိုးကား မာကြောကျစ်လစ်လှသလို အလေးချိန်လည်းစီးလှသည်။

ဒေါ်မြတ်သူဇာက တံခါးဝတွင် ကြောက်ကြောက်ရွံ့ရွံ့နှင့် ရပ်နေသေးသည်။ အပြင်ဘက်မှ တံခါးကို တဒုန်းဒုန်းထုနေသောအသံများက အဆက်မပြတ်ထွက်ပေါ်လာသည်။ ပို၍လည်း ကျယ်လောင်လာသည်။ ဒေါ်မြတ်သူဇာက လက်ကို မရဲတရဲမြှောက်ကာ တံခါးချက်ကို ဖွင့်ချလိုက်တော့သည်။ တံခါးလည်းပွင့်သွားသည်။ တံခါးဝ၌ ဒေါသကြောင့် နီရဲနေသော ဦးဘိုလှမြင့်၏ မျက်နှာကြီးက ရုတ်ခြည်းပင်ပေါ်လာသည်။ ဒေါ်မြတ်သူဇာ၏မျက်နှာကား သွေးဆုတ်လျက်ဖြူဖပ်ဖြူရော် ဖြစ်နေလေပြီ။

"မင်း ‥ မင်း … ဘာသဘောလဲ။ ဘာလို့တံခါးမဖွင့်တာလဲ။ ပြီးတော့ ယောက်ျားတစ်ယောက်နဲ့ မင်းစကားပြောနေတာ ငါသေသေချာချာကြားတယ်"

ရှူးရှူးရှဲရှဲနှင့်ပြောကာ ဦးဘိုလှမြင့်က သူ့ရှေ့မှ ဒေါ်မြတ်သူဇာကို လက်ဖြင့် ဆွဲဖယ်လိုက်သည်။ အခန်းတွင်းသို့လည်း ခြေလှမ်း နှစ်သုံးလှမ်းမျှ လှမ်းဝင်လိုက်သည်။ ထို့နောက် စူးရဲသော မျက်လုံးများဖြင့် အခန်းတွင်းသို့ လှမ်းကြည့်လိုက်သည်။

ထိုအချိန်မှာပင် –

"ခွမ်း …"

\+ + + + +

ဦးဘိုလှမြင့် ကွယ်လွန်သွားပြီးနောက် ပုဂ္ဂိုလ်အသီးသီးက ရှုထောင့်အသီးသီးမှ ခံစားချက်အသီးသီးဖြင့် ကျန်ရစ်ခဲ့ကြလေသည်။

ဦးဘိုလှမြင့်အတွက် မျက်ရည်အကျရဆုံးပုဂ္ဂိုလ်နှစ်ဦးကား သမီးဖြစ်သူ ရွှေစင်မေကလေးနှင့် ဇနီးဖြစ်သူ ဒေါ်မြတ်သူဇာပင်တည်း။ ဦးဘိုလှမြင့်ကွယ်လွန်ပြီး ရက်အတန်ကြာသည်အထိ ထိုနှစ်ယောက်က မျက်ရည်ကလေးတစမ်းစမ်းနှင့် ဖြစ်နေကြဆဲပင်။ သို့သော် ဖခင်အတွက် ယူကျုံးမရဖြစ်ရခြင်း၊ ပူဆွေးသောကရောက်ရခြင်းတို့ကြောင့် ယိုစီးကျဆင်းလာရသော ရွှေစင်မေ၏ မျက်ရည်ကသာလျှင် တကယ်စစ်မှန်သော မျက်ရည်ဖြစ်ပြီး ဒေါ်မြတ်သူဇာ၏မျက်ဝန်းမှ ထွက်ကျလာသော မျက်ရည်ကမူ ဟန်ဆောင်မျက်ရည်(သို့မဟုတ်)မျက်ရည်တု၊ မျက်ရည်ပေါ့မှုသာ ဖြစ်ကြောင်းကို အထူးဆိုဖွယ် မလိုတော့ပေ။

ထို့အတူ ယုမောင်မောင်ကလည်း အများပရိသတ်ရှေ့တွင် ဦးဘိုလှမြင့်အပေါ် ဆရာဟူသောသံယောဇဉ်၊ မိတ်ဆွေဟူသောသံယောဇဉ်ဖြင့် နမြောတသဖြစ်ဟန်မျိုး၊ ဝမ်းပမ်းတနည်းဟန်မျိုးကို ပိုင်ပိုင်နိုင်နိုင် ပြသခဲ့ပါသေးသည်။

နောက်ဆုံးတစ်ယောက်ကား ထိုအိမ်ကြီး၌ အိမ်အကူဖြင့် လာရောက်လုပ်ကိုင်နေသူ ဒေါ်သောင်းခင်ပင် ဖြစ်သည်။ ဒေါ်သောင်းခင်မှာ အိမ်အကူပင်ဖြစ်သော်လည်း ဦးဘိုလှမြင့်နှင့် ဆွေရိပ်မျိုးရိပ်သိပ်မကင်းလှသူဖြစ်သည်။ ထို့ကြောင့် ဦးဘိုလှမြင့် သေဆုံးသွားခြင်းနှင့်ပတ်သက်၍ စိတ်ရင်းအမှန်ဖြင့် ဆို့နစ်ကြေကွဲရသူစာရင်း၌ သူသည်လည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ ထို့ပြင် … သူက ဒေါ်မြတ်သူဇာနှင့် ယုမောင်မောင်တို့၏ ဇာတ်လမ်းကို အရိပ်မိဆုံးလူဖြစ်သလို ဦးဘိုလှမြင့် လှေကားပေါ်မှ ရုတ်တရက်လိမ့်ကျသေဆုံးသွားရပါသည်ဆိုသော ကိစ္စကိုလည်း သူက မသင်္ကာစိတ်အဖြစ်ရဆုံး လူပင်ဖြစ်တော့သည်။ သို့သော် ဒေါ်သောင်းခင် ဘာမျှမတတ်နိုင်ပါ။ သူ့တစ်ပါးအိမ်၌ ကပ်ရပ်နေရသော သူ့ဘဝအခြေအနေကပင် ဘာမျှတတ်နိုင်စရာမရှိပါ။ ထို့ကြောင့် သူသည်လည်း ဤကိစ္စနှင့်ပတ်သက်ပြီး အများနည်းတူပင် ပြီးပြီးရော သဘောမျိုးဖြင့် ငြိမ်ကုပ်နေလိုက်ရပါတော့သည်

သို့နှင့် နောက်တစ်လကျော်ကျော်လောက်အကြာတွင် သူတို့အဖွဲ့က ပင်လယ်ကမ်းခြေရှိ အပန်းဖြေစခန်းတစ်ခုသို့ စိတ်ပြေလက်ပျောက်သဘောမျိုး ခရီးထွက်ခဲ့ကြလေသည်။ သူတို့အဖွဲ့ဆိုရာ၌ ဒေါ်မြတ်သူဇာ၊ သမီးရွှေစင်မေနှင့် ဒေါ်သောင်းခင်အပြင် ဒေါ်မြတ်သူဇာ၏ လင်မြှောင် ယုမောင်မောင်ခေါ် ကြာမောင်မောင်သည်လည်း မပါမဖြစ်လိုက်ပါ၍ လာခဲ့လေသတည်း။

\+ + + + +

ပင်လယ်ကမ်းခြေက အထူးပင်သာယာလျက် ရှိသည်။ သောင်ပြင်တစ်လျှောက်၌ လာရောက်အပန်းဖြေသူများ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့်စည်ကားနေသည်။ ရွှေစင်မေကလေးက ဒေါ်သောင်းခင်နှင့်အတူ လှိုင်းလုံးများကြားတွင် လျှောက်သွားရင်း ခရုလှလှလေးများကို လိုက်ကောက်နေလေသည်။ သူမက အခိုက်အတန့်အားဖြင့် ပူပင်သောကမှ ကင်းလွတ်ကာ ပေါ့ပါးရွှင်လန်း၍ နေရှာလေသည်။

ထိုအချိန်တွင် ဒေါ်မြတ်သူဇာနှင့် ယုမောင်မောင်တို့စုံတွဲကမူ တည်းခိုရာဘန်ဂလိုအတွင်း၌ ဇိမ်အကျကြီးကျနေကြလေသည်။ အတားအဆီး၊ အနှောင့်အယှက် ကင်းမဲ့စွာဖြင့် လွတ်လွတ်လပ်လပ်ကြီး စိတ်ရှိတိုင်း နွဲ့ပျော်နေကြလေသည်။

"ဘယ်လိုလဲ မောင်မောင်။ အဘိုးကြီးလည်း မရှိတော့ဘူး။ မမအတွက် အားလုံးလမ်းရှင်းသွားပြီ။ ဒီတော့ တို့များအတွက် တရားဝင် ပေါ်ပေါ်ထင်ထင်နေချင်ရင်လည်း နေလို့ရပြီ၊ ဘယ်နှယ့်သဘောရလဲ မမပြောတာကို"

ဒေါ်မြတ်သူဇာက စကားစလိုက်သည်။ သည့်လိုကျပြန်တော့ ယုမောင်မောင်ဆိုသည့်အကောင်က အင်းမလုပ်၊ အဲမလုပ်နှင့် မတုံ့တက်တေးလုပ်နေပြန်သည်။ အမှန်က သည်ကောင်က တရားဝင်နေဖို့ထိုင်ဖို့ဆိုသည်ထက် ဘာမျှတာဝန်မယူဘဲ အချောင်စားနေရသည့်ပုံစံမျိုးကိုသာ နှစ်သက်လေသူ။ ထို့ကြောင့် စောစောက ဒေါ်မြတ်သူဇာ၏ မေးခွန်းကို အတန်ကြာမှပင် သူက ဆင်ခြေစကားဖြင့် တုံ့ပြန်လိုက်သည်။

"ဒီကိစ္စက ဖြည်းဖြည်းမှ စဉ်းစားကြတာပေါ့။ သိပ်မလောချင်နဲ့ မမရဲ့။ ကျွန်တော်တို့အတွက် အချိန်ဆိုင်းနိုင်လေကောင်းလေပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ခုချိန်မှာ တရားဝင်ယူလိုက်ကြတယ် ဆိုကြပါစို့။ လူတွေက ဘယ်လိုမြင်သွားကြမလဲ။ ဒီယုန်မြင်လို့ ဒီချုံထွင်တာလို့ မြင်သွားကြမှာပေါ့။ အဲဒါဆိုရင် အဘိုးကြီးကိစ္စက အရိုးကနေ ထထွန်သွားလိမ့်မယ်။ အမှုပေါ်သွားလိမ့်မယ်။ ကျွန်တော်ပြောတာသဘောပေါက်ရဲ့လား မမ"

"အင်း ... အဲဒါလည်း ဟုတ်ပါတယ်။ မောင်မောင်ပြောသလို အများကမသင်္ကာဖြစ်သွားနိုင်တယ်။ မမဖြင့် အဲဒီတုန်းက ကြောက်လိုက်တာ။ အဘိုးကြီးသေရပုံကို ကိုယ်ပြောတဲ့အတိုင်း ယုံကြပါ့မလား။ ယုံကြပါ့မလားနဲ့ တထိတ်ထိတ်ဖြစ်နေရတာ"

"သူ့မှာ နှလုံးရောဂါရှိတယ်ဆိုတဲ့ ဆေးမှတ်တမ်းက ကောင်းကောင်းကြီး အထောက်အကူပြုသွားတာပေါ့။ လှေကားထိပ်က နောက်ပြန်လန်ပြီး အောက်ကို လိမ့်ကျသွားတာဆိုတဲ့ အကြောင်းပြချက်က ခိုင်လုံသွားတော့တာပေါ့။ ဒါတောင်မှ ရဲအုပ်တင်မောင်ငွေဆိုတဲ့လူက ဒဏ်ရာတွေကို သေသေချာချာကြည့်ပြီး နက်နက်နဲနဲစဉ်းစားနေသေးတယ်။ သူ့ကြည့်ရတာ သံသယတော့ နည်းနည်းရှိဟန်တူတယ်"

"ဟုတ်တယ်။ မမလည်း သူ့ကိုပဲ ဂရုစိုက်နေတာပဲ။ နောက်တော့မှ သူက ဇနီးလုပ်တဲ့သူတစ်ယောက်လုံးက မျက်မြင်ထွက်ချက်ပေးနေတာပဲဆိုတဲ့သဘောနဲ့ တို့ပြောတဲ့အတိုင်း လက်ခံသွားတာ။ ခုတော့လည်း ဒါတွေအားလုံး အေးကုန်၊ ငြိမ်းကုန်ပါပြီကွာ"

"အေးကုန်၊ ငြိမ်းကုန်လို့လည်း ကျွန်တော်က ဟောဒီလို ... ဟောဒီလို အားရပါးရကြီး ချစ်ခွင့်ရသွားတာပေါ့ဗျာ"

ထိုသို့ပြောပြီး ယုမောင်မောင်က ဒေါ်မြတ်သူဇာ၏ ပါးဖြူဖြူဖေါင်းဖေါင်းကြီးကို သူ၏ကြာနှာခေါင်းဖြင့် ဆတ်ခနဲ ထိုးနှစ်ကာ ရှုတ်ခနဲမွှေးကြူလိုက်လေသည်။ ဒေါ်မြတ်သူဇာကလည်း မျက်လုံးကိုမှေးကာ ပြုံးပြုံးကြီး ခံယူနေလိုက်လေသည်။

ထိုအခိုက် ဘန်ဂလိုခေါင်မိုးအား ပြင်းထန်စွာ လာရောက်ထိမှန်သော ဒုန်းခနဲ ဒုန်းခနဲအသံများကို သူတို့ကြားလိုက်ကြရသည်။ ထိုအသံများက အဆက်မပြတ်ပင် ထွက်ပေါ်နေသည်။ အရာဝတ္ထုများကလည်း တရစပ်ပင် ဘန်ဂလိုအား လာရောက်ထိမှန်နေသည်။ မကြာမီ ဝန်းကျင်တစ်ခုလုံး ရုတ်တရက် မှောင်မည်းသွားကာ သဲမှုန်များ၊ သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များက လေနှင့်အတူ ပြတင်းပေါက်မှတစ်ဆင့် ဝင်ရောက်လာသည်။ ဝုန်းခနဲ၊ ဝုန်းခနဲ လေတိုးသံများနှင့်အတူ ဘန်ဂလိုတစ်ခုလုံး တဆတ်ဆတ်ခါ၍ တသိမ့်သိမ့်တုန်လာသည်။ ခေါင်မိုးဆီမှ တကျွိကျွိ တဂျွမ်းဂျွမ်းနှင့် အသံများကပါ ကြောက်မက်ဖွယ် ထွက်ပေါ်လာသည်။

"လေဆင်နှာမောင်းဗျို့ ... လေဆင်နှာမောင်း"

ငယ်သံပါအောင် အော်လိုက်သော ယုမောင်မောင်၏အသံက အသံဗလံမျိုးစုံကြားတွင် မြုပ်ဝင်ပျောက်ကွယ်သွားသည်။ ထိုအခိုက်အတန့်အတွင်းမှာပင် ဘန်ဂလိုတစ်ခုလုံး ရုတ်တရက်တွန်းဖြိုခံလိုက်ရသကဲ့သို့ ဖြစ်သွားပြီး မိနစ်ပိုင်းအတွင်းမှာပင် မြေပေါ်၌ ဗုန်းဗုန်းလဲကာ ပြိုကျသွားခဲ့လေပြီ။

\+ + + + +

မှောင်ပိန်းနေသည်။ ဘာကိုမျှ မမြင်ရလောက်အောင်ပင် မှောင်မည်းနေသည်။ ထိုအမှောင်ထဲမှာပင် ယုမောင်မောင်၏အသံက ဦးစွာပေါ်လာသည်။

"ဗျို့ ... မမမြတ် ... မမမြတ်။ ဘယ်နားရောက်သွားပြီလဲ၊ ဘာဖြစ်သွားသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါဒီမှာရှိတယ်။ ဘာမှမဖြစ်ဘူး။ မင်းကော ဘာဖြစ်သွားသေးလဲ"

"ဟာ ... တော်သေးတာပေါ့။ ကျွန်တော်လည်း ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ ခြေထောက်တော့ နည်းနည်းနာသွားတယ်။ ပြီးတော့ ကျွန်တော့်တစ်ကိုယ်လုံး နည်းနည်းမှ လှုပ်လို့မရဘူး။ ကျောပေါ်မှာ သစ်သားချောင်းကြီး တစ်ခုပိနေတယ်။ ဘေးမှာလည်း အပျက်အစီးပုံတွေချည်းပဲ"

"ငါလည်း အတူတူပဲ။ အင်္ဂတေတုံးတွေကြားမှာ ညပ်နေပြီး လူတစ်ကိုယ်လုံး လှုပ်လို့မရဘူး။ ဘုရား ... ဘုရား တယ်ကြောက်စရာကောင်းပါကလား"

"လေဆင်နှာမောင်း ယမ်းသွားတာဗျ။ တော်တော်ဆိုးတယ်။ ဒါပေမဲ့ ဘာမှအားမငယ်ပါနဲ့။ မကြာခင် ကယ်ဆယ်ရေးတွေ ရောက်လာမှာပါ"

"အေးဟယ် ... တစ်ခါမှကိုမကြုံဖူးပါဘူး။ သမီးလေးနဲ့ ဒေါ်သောင်းခင်တို့ကော ဘယ်လိုနေကြတယ်မသိပါဘူး"

ထို့နောက် စကားပြတ်သွားကြသည်။ အမှောင်ထဲမှာပင် ငြိမ်နေကြသည်။ အတန်ကြာသော် အပြင်ဘက်မှ လူသံသူသံများကို စပြီးကြားလာရသည်။ ယုမောင်မောင်က ဝမ်းသာအားရထအော်သည်။

"လူတွေလာကုန်ပြီဗျို့ ...။ ကယ်ဆယ်ရေးတွေရောက်လာပြီ။ လူတွေ တော်တော်များမယ့်ပုံပဲ၊ လူအင်အားနဲ့ပိုင်းဖယ်လိုက်ရင် သိပ်မကြာလောက်ဘူး"

"အေးဟယ် ...။ မသေကောင်း မပျောက်ကောင်း။ တို့ကိုဘုရားမ,တာ၊ ဘုရားမ,တာ"

"သိပ်ချစ်တဲ ချစ်သူနှစ်ဦးဆိုတော့ သေကွဲကွဲပေးလိုက်လို့မဖြစ်ဘူးဆိုပြီ မ,လိုက်တာနေမှာပေါ့ ... ဟဲ ... ဟဲ"

ယုမောင်မောင်က အရွှန်းဖောက်နေသေးသည်။ သို့နှင့် အတန်ကြာသော် အပျက်အစီးများအား ဖယ်ရှားနေသည့် အသံဗလံများကို ပီပြင်စွာကြားလာရသည်။ ထိုလူအုပ်ဆီမှ စကားသံများကိုပါ သဲသဲကွဲကွဲကြားလာရသည်။ ဆက်လက်၍ အလင်းရောင်အနည်းငယ်ကိုပါ စတင်ပြီး မြင်လာရသည်။

ဒေါ်မြတ်သူဇာက ပြောလိုက်သည်။

"ဟော ... ဟော .. အပြင်ဘက်မှာ သမီးလေးရဲ့အသံကို ကြားရတယ်။ ဒါရွှေစင်မေ့အသံပဲ။ ဒေါ်သောင်းခင်ရဲ့ အသံကိုလည်းကြားရပြီ။ တော်သေးတယ် ... တော်သေးတယ် ... သူတို့ဘာမှ မဖြစ်ကြ။"

"ဟုတ်တယ် ... ဟုတ်တယ်။ ကျွန်တော်လည်းကြားရတယ်။ အပြင်မှာ လူတွေ တော်တော်များတယ်။ ဝင်းခနဲဖျတ်ခနဲ အလင်းရောင်တချို့ကိုပါ တွေ့ရတယ်။ ကြည့်ရတာ သတင်းထောက်တွေပါ ရောက်လာပြီး ဓာတ်ပုံတွေရိုက်နေဟန်တူတယ်"

အလင်းရောင်များကို ဖြည်းဖြည်းပို၍ မြင်လာရသည်။ သူတို့ကမူ တစ်ဦးကိုတစ်ဦး မမြင်နိုင်ကြသေးချေ။ ထိုအချိန်မှာပင် ဒေါ်မြတ်သူဇာက တရွေ့ရွေ့တိုးဝင်လာသော အလင်းရောင်တန်းများကို ကြည့်ရင်း တစ်စုံတစ်ခုကို ပြေးသတိရလိုက်သည်။ ထိုအခါ သူတစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲထသွားသည်။ ခေါင်းနားပန်းကြီးသွားသည်။ တစ္ဆေခြောက်ခံလိုက်ရသကဲ့သို့ ဖြစ်သွားသည်။ ချက်ချင်းပင် ညည်းသံကထွက်ပေါ်လာသည်။

"ဒုက္ခပဲ ... ဒုက္ခပဲ"

"ဘာတွေဖြစ်နေတာလဲဗျ ... မမမြတ်"

"ဘာဖြစ်ရမလဲ။ ကိုယ်ကျိုးတော့နည်းရတော့မှာဟဲ့။ ကိုယ်ကျိုးနည်းရတော့မှာ"

"ဘာတွေပြောနေတာလဲဗျ၊ ကယ်ဆယ်သူတွေရောက်လာမှပဲ ဘာတွေပူပင်သောကရောက်နေရတာလဲ"

"ဟဲ့ ... ယုမောင်မောင်ရဲ့။ နင်ကိုယ်ကိုယ့်ကိုမသိသေးဘူးလား။ အခုအလင်းရောင်အောက်ရောက်လိုက်တာနဲ့၊ လူမြင်ကွင်းအောက် ရောက်လိုက်တာနဲ့ နင်ကော ငါကော ဒုက္ခလှလှကြီးရောက်ရတော့မှာ။ ဖုံးခဲ့သမျှတွေ အကုန်လုံးပေါ်ရတော့မှာ။ နင်နဲ့ ငါနဲ့ ဇာတ်လမ်းတွေလည်း အကုန်ပေါ်တော့မယ်။ အဘိုးကြီးရဲ့ အမူတွေလည်း ပြန်ပေါ်တော့မယ် သိရဲ့လား"

"ဘာတွေလဲဗျာ ... ဘာတွေလာပြောနေတာလဲ။ ကျွန်တော်တော့ ဘာမှကိုနားမလည်တော့ဘူး"

ယုမောင်မောင်က နဝေတိမ်တောင်ဖြင့်ပြန်ပြောလိုက်သည်။ ဒေါ်မြတ်သူဇာက တစ်ချက်ရှိုက်လိုက်သည်။ ရှိုက်ရှုံနှင့်အားမရဘဲ အသံထွက်၍ပါ ငိုလိုက်ပြန်သည်။ ထို့နောက် ငိုသံပါကြီးဖြင့်ပင် ယုမောင်မောင်အား မချိတင်ကဲ ပြန်ပြောလိုက်တော့သည်။

"ခုထိ နားမလည်သေးဘူးလားဟဲ့။ အေး ... အေး .. နားမလည်နဲ့၊ နားမလည်နဲ့။ အခန်းတစ်ခန်းထဲမှာ နှစ်ယောက်စလုံး အဝတ်မပါဘဲ ဗလာကိုယ်လုံးကြီးတွေနဲ့ လူမြင်ကွင်းရှေ့ပေါ်လာတဲ့အခါ ဘာတွေဆက်ဖြစ်သွားနိုင်တယ်ဆိုတာ နင်မှနားမလည်ရင် ဘယ်သူမှ နားလည်တော့မှာမဟုတ်ဘူး။ သိရဲ့လားဟဲ့ ... တဲ"

ရဲမြတ်တင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပရိယာယ်များသော ကျားဆိုးကြီး

ကိုဝေထွန်းဦးနှင့် ညီဖြစ်သော ထွန်းချေတို့သည် ရွာမှထွက်သည်နှင့် ခပ်သွက်သွက်လှမ်းကြ၏။ ကိုဝေထွန်းဦးမှာ ဂျပန်ရိုင်ဖယ်သေနတ်ကြီးနှင့်ဖြစ်ပြီး၊ ညီဖြစ်သူ ထွန်းချေမှာမူ တူမီးသေနတ်ကြီးနှင့်ဖြစ်သည်။ ညီအစ်ကိုနှစ်ယောက်လုံးမှာ အထူးတက်ကြွနေကြသည်။

သူတို့၏ ကျွဲကူးတောင်ရွာသည် ရခိုင်ရိုးမကြီး၏ တောင်ခြေတွင်ရှိသောကြောင့် ရွာသည် တောနှင့် တစ်ဆက်တည်းဖြစ်နေ၍ ရွာပြင်ကိုရောက်သည်နှင့် တောလမ်းကိုသာ လျှောက်သွားနေကြရ၏။

နွေရာသီဖြစ်သောကြောင့် ပတ်ဝန်းကျင်တောတောင်များမှာ ရွက်အိုမြေခ၊ အရိုးရိုးဖြိုင်ဖြိုင်ကျလျက် ကမ္ဘာ့ဗွာန်းရုပ် ပေါက်နေကြချေပြီ။ ထို့ကြောင့် ပေါက်ပင်များပွင့်၍ ဥသြတို့လည်း တွန်ကြပြီ။ နွေသရုပ်ကို လှလှကြီး ဖော်ပြနေကြပြီ။

"အစ်ကို ကျည်ဆန် ဘယ်နှတောင့်ပါသလဲ"

ဟု ထွန်းချေက မေး၏။

"ငါးတောင့် ထည့်ယူလာတယ်"

"ဟာ . . . မနည်းဘူးလား"

"ဘာလို့ နည်းမှာလဲကွ။ လင့်စီးပြီး ကျားပစ်ဖို့ သွားတဲ့ဟာပဲ။ တစ်ချက်ပစ်လို့သေရင်သေ၊ မသေရင်လည်း ညကြီး ဘာလုပ်လို့ရမှာလဲ"

ထွန်းချေက သူ့တူးမီးသေနတ်ကြီးကို လက်နှင့်ဆကြည့်လိုက်ပြီး "အစ်ကို ပစ်ခွင့်ကြုံရင် ဒါကြီးနဲ့ ကျွန်တော် အရင်ချမယ်ဗျာ" ဟုဆို၏။ ထွန်းချေသည် အတော်လေး တက်ကြွနေ၏။ သို့သော်လည်း ထွန်းချေမှာ ကိုဝေထွန်းဦးနှင့် ညီအစ်ကိုအရင်းဖြစ်သည့်တိုင်အောင် တောကျွမ်း၊ မုဆိုးကျွမ်းမဝင်သေးသလို တူမီးသေနတ်ကိုလည်း ကောင်းစွာ ပစ်ခတ်တတ်ခြင်း မရှိသေးပေ။

ကိုဝေထွန်းဦးက ဂျပန်တော်လှန်ရေးလုပ်နေစဉ်ကပင် နယ်တကာ တောတောင်တကာကို လှည့်ပတ်နေခဲ့ဖူးသလို သေနတ်မျိုးစုံကိုလည်း ကိုင်စွဲပစ်ခတ်တတ်၏။ ယခု ထွန်းချေကိုင်လာသော တူမီးသေနတ်ကြီးမှာလည်း အမဲပစ်ရန်အတွက် ကိုဝေထွန်းဦးကိုယ်တိုင် လုပ်ထားခြင်းသာ ဖြစ်သည်။

ထွန်းချေက မုဆိုးမလုပ်ဖူးသေး၍ သေနတ်ကိုလည်း ကောင်းစွာ မကိုင်တတ်ပေ၊ ယခု ရှေ့တန်းပြန်ကြီး ကိုဝေထွန်းဦးက ဤတူမီးသေနတ်ကြီးကို လုပ်လိုက်မှ ထွန်းချေ သေနတ်ကိုင်ဖူးခြင်း ဖြစ်သည်။ သို့သော်လည်း သေနတ်ကို ကိုင်သာကိုင်ဖူးပြီး ပစ်ခတ်ဖူးခြင်းပင် မရှိသေးပေ။ ထို့ကြောင့် ကိုဝေထွန်းဦးက သတိပေးသည့်အနေဖြင့်ပြောလိုက်၏။

"ထွန်းချေနော်။ မင်း ငါက ပစ်ဆိုမှ ပစ်။ စွတ်တော့မလုပ်နဲ့။ မင်းက အခုမှ တောဝင်စဖြစ်လို့ စွတ်လုပ်မိရင် မှားမှာပဲ"

ထွန်းချေက ဆတ်ခနဲ ခေါင်းညိတ်၏။ စင်စစ်တွင် ထွန်းချေသည် အလွန်စိတ်မြန်၊ စိတ်တို၏။ တစွတ်ထိုးလည်းလုပ်တတ်၏။ ထစ်ခနဲဆိုလည်း ရန်ဖြစ်တတ်၏။ ရန်ဖြစ်လျှင်လည်း ခေါင်းကွဲ၊ ထိပ်ပေါက်ရုံနှင့် မနေဘဲ ထိုထက်ပို၍သော ရန်ပွဲကသာ၍များ၏။ ထို့ကြောင့် ထွန်းချေကို လွှတ်ပေးထား၍ မဖြစ်ပေ။

ညီအစ်ကိုနှစ်ယောက် ကျွဲကူးရွာမှထွက်လျှင် ဂျပန်ကားလမ်းဟောင်းအတိုင်း လက်ဝဲဘက်ကို လျှောက်ကြ၏။ ရွာနှင့်နီးသော တောဖြစ်သော်လည်း ရခိုင်ရိုးမကြီး၏

www.burmeseclassic.com

တောင်စွယ်တောင်တန်း တောင်လက်မောင်းဖြစ်သောကြောင့် ဤပတ်ဝန်းကျင်တစ်ခိုမှာလည်း တောဝတ်နှင့်ချေစသော သားတောင်များကို တွေ့နိုင်သည်။ ထို့ကြောင့် ကိုဝေထွန်းဦးက လမ်းနှင့် ပတ်ဝန်းကျင်များကို ကြည့်ပြီး သွားနေသော်လည်း မုဆိုးသင်တာလေးဖြစ်သော ထွန်းချေမှာ တူမီးသေနတ်ကြီးကိုသာ ပခုံးမှာထမ်းတင်လိုက်၊ လက်နှင့်ကိုင်မြှောက်လိုက်၊ ပတ်ဝန်းကျင်များကို ထိုးချိန်လိုက်နှင့် ခုန်ပေါက်ပြီးသာ သွားနေလေသည်။

"အစ်ကို . . တန်းတင်ရွာသားမုဆိုးကြီး ကိုကြာအောင် ကျွန်တော်တို့ကိုစောင့်ကြိုနေမယ်ဆိုတော့ ဘယ်အနားက စောင့်မယ်လို့ ပြောသလဲ"

ဟု ထွန်းချေက မေးသည်။

"သာညို့ နွားစာကျက်ကုန်းက စောင့်နေမယ်လို့ ပြောတယ်"

ဟုတ်သည်။ ခပ်လှမ်းလှမ်းကပင် ပျဉ်းကတိုးပင်ကြီးအောက်မှာ သူ၏လက်စွဲတော် အမဲလိုက် နှစ်လုံးပြူးသေနတ်ကြီးကို ရင်ခွင်ပိုက်ပြီး ထိုင်စောင့်နေသော ကိုကြာအောင်အား တွေ့လိုက်ကြရ၏။ ကိုဝေထွန်းဦးတို့ ညီအစ်ကိုအနားသို့ ရောက်လာ ကသည်နှင့် ကိုကြာအောင် မတ်တတ်ထရပ်ပြီး ကိုဝေထွန်းဦးတို့ ညီအစ်ကိုအား ကောလေသည်။

"ဟ . . . ဒီကောင် ဘယ်လိုတုံး။ စောစောလာပါဆိုမှ"

ကိုကြာအောင်၏မျက်နှာ အနည်းငယ် တင်းနေ၏။ ထို့ကြောင့် ကိုဝေထွန်းက သူ၏အားနည်းချက်ကို ဝန်ချသည့်သဘောဖြင့် ပြုံးပြပြီး ပြောလိုက်သည်။

"ဟုတ်တယ် ကိုကြာအောင်ရေ . . အပြစ်ပြောရင်လည်း ခံရမှာပဲ။ ဒီကောင် . . ဒီကောင်(ထွန်းချေ)လည်း ကိုကြာအောင်ဆီမှာ မုဆိုးအတွေ့အကြုံရအောင် လိုက်ပြီးလေ့လာချင်တယ်ဆိုလို့ သူ့ကိုစောင့်ခေါ်နေရင်းနဲ့ကြာသွားတာပါ။ ဒါကြောင့် ပြောပြော အပြစ်။ အပြစ်ပြောရုံသာမက ဒီကောင့်ကို ဆဲပြီးတော့ ရိုက်။ ခြေထောက်နဲ့လည်းကန်။ ဓားနဲ့လည်း ပါးပါးလှီး။ ကျွန်တော် အပ်ပါတယ်။ ကျွန်တော်က ညီအစ်ကိုချင်းဖြစ်လို့ မလုပ်ချင်ဘူး။ ကိုကြာအောင်ပဲ ဆုံးမ။ မုဆိုးအတတ်ပညာကိုလည်း သင်ကြားပေးလိုက်ပါ"

ကိုဝေထွန်းက သူ့ညီထွန်းချေကို လက်ညှိုးထိုးပြပြီး ကိုကြာအောင်အား ဆရာကြီးတစ်ဆူကဲ့သို့ တင်စားပြောလိုက်သဖြင့် ကိုကြာအောင် ကျေနပ်သွား၏။ တင်းနေသောမျက်နှာကြီးသည်လည်း အနည်းငယ်လျော့သွား၏။ ထို့နောက် ဆက်ပြောသည်။

"မုဆိုးအလုပ်ကို သင်ချင်တယ်ဆိုတာကိုတော့ ကြိုဆိုပါတယ်။ ဒါပေမယ့် အခု ကျားကြီးကိုတော့ လျှော့တွက်လို့ မရဘူးကွ။ ငါကိုယ်တိုင် လက်ရာခြေရာတွေကို သွားကြည့်ပြီး လေ့လာခဲ့ပြီးပြီ။ အောင်သပြေရွာက သာယဉ်နု၊ မဲရွာက ပိန္နဲသီးဘစိန်နဲ့ ပဒကြောရွာက လှေဆရာ အောင်ဖေ၊ ဟင်းရွက်ရွာက တောင်ယာတဲဝင်နေကြတဲ့ မိသားစုတစ်စုလုံးကို ကိုက်သတ်စားသောက်သွားတဲ့ ကျားဆိုးကြီးကွ"

"ဟာ . . အဲလောက်ထိအောင် ကိုကြာအောင် လေ့လာထားပြီးပြီလား"

ဟု ကိုဝေထွန်းက အံ့သြသောအမူအရာဖြင့် မေးလိုက်၏။

"မလေ့လာလို့ မရဘူးလေကွာ။ နွားရှင် ကိုပုစိန် လာပြောတာကို ကြားရရုံနဲ့ပဲ အဖြစ်အပျက်က တော်တော်ဆန်းနေတာပဲ။ ရဲလည်း တော်တော်ရဲတဲ့ သဘောပဲ။ နွားအုပ်ကို ခြံထဲသွင်းခါနီးမှ ကျားဟာ ခြံဘက်ကနေ ဆီးလှန့်ပြီး တစ်ကောင်တည်း ခွဲထုတ်မောင်းယူသွားရင်းက တောစပ်ကိုရောက်မှ ကိုက်သတ်တယ်ဆိုတာကိုး။ ဒါကြောင့် ကိုပုစိန်တို့ သမီးယောက္ခမနဲ့ နွားကျောင်းသားတွေ ဝိုင်းလိုက်သွားကြတဲ့အခါ ဟိုမှာ နွားကို အရှင်ပြန်ရဖို့ မဆိုထားနဲ့။ ကျားက လည်ချောင်းသွေးကို တောင်ဖောက်သောက်လို့ ၁သွားပြီ။ အဲဒီလောက်ထိကိုမှ ရဲတာ။ ဒါကြောင့် ငါလိုက်သွားပြီး ကြည့်လိုက်တော့ အစက ငါပြောခဲ့တဲ့ ကျားဆိုးကြီးဖြစ်နေတာ တွေ့ရတယ်ကွ"

"ကိုကြာအောင်က ကျားဆိုးကြီးဆိုတာကို အဲလောက်ထိ တိတိကျကျ ဘယ်လိုလုပ်ပြီး သိသလဲ"

ဟု ကိုဝေထွန်းဦးက မေး၏။

"ဟ . . . အချင်းဖြစ်တိုင်း ငါ့လာခေါ်ကြတော့ လူပ်ရှားပုံ၊ တိုက်ခိုက်သတ်ဖြတ်ပုံနဲ့ လက်ရာခြေရာတွေကို မှတ်သားထားရတာပေါ့ကွ။



www.burmeseclassic.com

www.burmeseclassic.com

ပေါ့ပေါ့တန်တန် လုပ်လို့ရမလား။ ပိုလို့သိသာတာက ဒီကျားဆိုးကြီးဟာ နွားတွေကိုကိုက်ရင် ဘယ်တော့မှ တစ်နေရာတည်းမှာ ချောင်းမြောင်းကိုက်လေ့မရှိဘဲ အုပ်တ ခွဲထွက်မောင်းယူသွားပြီး အဝေးကိုရောက်မှ ကိုက်တာရယ်၊ ရဲရင့်တာရယ်နဲ့ ညာဘက်နောက်ခွာသီး မြင့်နေတာရယ်။ ဒီလက္ခဏာတွေကို ငါမှတ်ထားဖူးတယ်"

"အခု . . အဲဒါတွေအားလုံး ကွက်တိပဲလား"

"ကွက်တိပဲ။ တစ်ဆံခြည်မှ မလွဲဘူး။ ပြီးတော့ ကောက်ကျစ်ပြီး ပရိယာယ်များတဲ့ နေရာမှာလည်း ကမ်းကုန်တယ်။ လူ့ပတ်ဝန်းကျင်မှာ ကြာကြာကျင်လည်နေဖူးပြီဖြစ်လို့ လူ့စိတ်ကိုလည်းအတော်လေးသိတယ်။ ဒါကြောင့် သတိကို ကြီးကြီးထားပြီး လုပ်ကြမှဖြစ်မှာ၊ ဒီတစ်ခါတော့ လုံးဝအလွတ်ပေးလို့ မဖြစ်တော့ဘူး"

ကိုဝေထွန်းက ထွန်းချေဘက်ကို လှည့်ကြည့်ပြီး . . .

"ကြားလား ထွန်းချေ၊ ကိုကြာအောင်ပြောတာကို အသေအချာ မှတ်ထားနော်။ ဒီပတ်ဝန်းကျင်မှာ မုဆိုးအတတ်ပညာ အတွေ့အကြုံနဲ့ ပတ်သက်လာရင် ကိုကြာအောင်ကို ကျော်နိုင်တဲ့လူ မရှိဘူးကွ"

ဟု ပြောလျှင် ထွန်းချေက ဆတ်ခနဲ ခေါင်းညိတ်၏။

စကားတပြောပြောဖြင့် လျှောက်လာကြရာ ကိုပုစိန်၏ လယ်စောင့်နွားတဲနားသို့ ရောက်လာကြသည်။ ကိုပုစိန်တို့ သမီးယောက္ခမ နှစ်ယောက်တို့သည်လည်း မုဆိုးများ လာနေကြသံကိုကြားလျှင် တဲအပြင်ဘက်ကိုထွက်ပြီး ကြိုနေကြသည်ကို တွေ့ရ၏။ မုဆိုးများ အနီးသို့ရောက်လာကြလျှင် ကိုပုစိန်က သူ့သမက်အား မေးဆတ်ပြပြီး ပြောလိုက်၏။

"ကဲ . . ဘထွန်းအေး၊ ရေနွေးကြမ်းနဲ့ ငါးခြောက်သုပ်ကို သွားထုတ်လိုက်ကွ၊ မုဆိုးတွေကို ဒီမြက်ခင်းပြင်မှာပဲ ဧည့်ခံရအောင်"

ကိုပုစိန်၏ စကားအဆုံးတွင် ဘထွန်းအေးသည် တဲထဲသို့ သုတ်ခနဲပြေးဝင်သွားလေ၏။ ဘထွန်းအေးဆိုသူမှာ စာရေးဆရာ မင်းဟိန်းထိဂ်၏ ဦးလေးအရင်းဖြစ်၏။ ဘထွန်းအေး ပြန်ထွက်လာရာ ရေနွေးကရား၊ ဆေးလိပ်၊ ကွမ်းပန်းနှင့် ငါးခြောက်သုပ်များပါလာ၍ ဖျဉ်းကတိုးပင်ကြီးအောက်က မြက်ခင်းပြင်ကြီးအောက်မှာ ဝိုင်းဖွဲ့စားသောက်ကြသည်။

"မင်းတို့ မုဆိုးတွေက ငါ့ထက်သိလည်းသိကြတယ်၊ တတ်လည်း တတ်ကြတယ်၊ ဒါပေမယ့် သတိတော့ထားကြပါကွာ၊ ဒီကျားဆိုးကြီးအကြောင်းကို မင်းတို့လည်း သိပြီးသားဖြစ်လို့ အပိုလည်း မပြောချင်တော့ဘူး၊ သတိကြီးကြီး လုပ်ကြပါလို့ပဲ မှာချင်တယ်"

ဟု ကိုပုစိန်ကပြောသည်။ မုဆိုးခေါင်းဆောင်ကြီးကိုကြာအောင်က ကွမ်းရွက်ကိုထုံးတို့ရင်း ပါးစပ်ထဲ ကွမ်းသီးငုံထားရင်းနှင့် ပြောလိုက်သည်။

"စိတ်ချ ကိုပုစိန်၊ ဒီတစ်ခါ ဒီကောင်ကြီး လွတ်ကို မလွတ်စေရဘူး။ အရင်အရင်တုန်းကတော့ အခြားရွာတွေမှာလည်းဖြစ်ပြီး ကိုယ်တိုင်လည်း ဦးစီးပြီး သတ်ဖြတ်ခွင့် မရတာကြောင့် ဒီကောင်ကြီး အသက်ချမ်းသာခွင့် ရနေတာပါ။ အခုတော့ ကျွန်တော့်နယ်ထဲကို ရောက်လာပြီဖြစ်လို့ ကျွန်တော်နဲ့ ထိပ်တိုက် တွေ့ကြပြီပေါ့။ ဒါကြောင့် ဒီကောင်ကြီးကို လုံးဝအလွတ်မပေးနိုင်တော့ဘူး"

"အေးပါကွာ၊ မင်းကိုတော့ ယုံပါတယ်၊ ဒါပေမယ့် ပရိယာယ်များပြီး နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ ကျားဆိုးကြီးဖြစ်နေလို့ သတိကိုတော့ သတိကိုတော့ ကြီးကြီးထားကြပါလို့ ပြောချင်တယ်"

"စိတ်ချ ကိုပုစိန်၊ ဒိုင်းဆိုတဲ့ အသံကို ကြားတာနဲ့ ကျားဆိုးကြီးကို မြေမြုပ်ဖို့ ပေါက်တူးထမ်းပြီးသာ လာကြပေရော့၊ ကဲ . . ကိုယ့်လူတွေ သွားမယ်ဟေ့၊ စကားပြောနေလို့ မပြီးသေးဘူး၊ အလုပ်ကို လက်တွေ့ပြဖို့ ကျန်နေသေးတယ်"

မုဆိုးသုံးယောက်တို့သည် သေနတ်ကိုယ်စီထမ်းပြီး နွားသေရှိရာဘက်ကို လျှောက်လာခဲ့ကြသည်။ နွားသေက လယ်ချောင်ထဲမှာ ဖြစ်သည်၊ ကိုပုစိန် ၏တဲနှင့်လည်း တစ်မိုင်ကျော်မျှဝေးသည့် နွားစားကျက်ကုန်း၏ ထိုဘက် တောစပ်တွင်ဖြစ်ပြီး ချုံဖုတ်လေးများ ကျိုးတိုးကျဲကျဲရှိ



www.burmeseclassic.com

www.burmeseclassic.com

ကာ လင့်ထိုးထားသော ဖျဉ်းကတိုးပင်ကြီးက နွားသေကိုအုပ်မိုးထားသည်။

ကျား ချက်ချင်းရောက်လာပြီး နွားသေကောင်ကို ဆွဲပြေး၍ မရနိုင်အောင် ဗိုးနွယ်ခေါ် ခုံညင်းနွယ်ဖြင့် ဖျဉ်းကတိုးမြစ်မှာ နွားသေကို ချည်နှောင်ထားသည်။ ဤကိစ္စကို နွားရှင်ဖြစ်သော ကိုပုစိန်တို့ သမီးယောက္ခမကပင် ကြိုတင်ပြီးလုပ်ထားကြသဖြင့် မုဆိုးများ ဘာမျှလုပ်စရာ မလိုတော့ပေ။ ထို့ကြောင့် လင့်အိမ်ပေါ်သို့ တက်လိုက်ကြသည်။

မုဆိုးများ လင့်အိမ်ပေါ်ကို ရောက်သည်နှင့် မိုးစုံးစုံးချုပ်ပြီး အမှောင်ကျလေသည်။ တောနှင့် တစ်ဆက်တည်းဖြစ်နေ၍ အမှောင်သည် ပိုပြီးသိပ်သည်းနေသည်။ လဆုတ်ရက်ဖြစ်၍ လလည်းမထွက်သေးပေ။ ထို့ကြောင့် ကျားဆိုးကြီးရောက်လာလျှင် အလွယ်တကူကြည့်၍ မြင်နိုင်စေရန်အတွက် ကြယ်ရောင်ဖြင့် ပတ်ဝန်းကျင်များကို ကြည့်ရှုလေ့ကျင့်နေကြသည်။

ဘာမျှတော့ ထူးထူးခြားခြား မရှိသေးပေ။ ကျားဆိုးကြီးက နွားလည်ချောင်းသွေးကို အဝသောက်သွားရသဖြင့် ဗိုက်မဆာ၍ မလာသေးခြင်းလည်း ဖြစ်နိုင်သည်။ သို့သော်လည်း မိုးလင်းသည်အထိတော့ လာမစားဘဲနေမည် မဟုတ်ပေ။ ကျားတို့သည် ဤသို့သောကြောင့် မိုးမလင်းမီတော့ အခြားသတ္တဝါများထက် အစာကြေလွယ်ပြီး ဗိုက်ဆာတတ်ကြောင်းကို ကြားဖူးသည်။ ထို့ကြောင့် မိုးမလင်းမီတော့ ရောက်လာနိုင်သည်။

သန်းခေါင်ကျော်ပြီးနောက် နှစ်နာရီခန့် အကြာမှာပင် ဆုတ်ရက်လသည် အရှေ့ဘက်အရပ်မှ ပြူထွက်လာ၏။ သို့သော်လည်း ထွက်ပြူစတွင် လခြမ်းငယ်လေးဖြစ်ပြီး၊ သစ်ခြောက်ပင်များ၏ ကိုင်းဖျားများသည်လည်း ကွယ်နေသောကြောင့် အတော်လေးပင် အလင်းရောင်အားနည်းနေလေသည်။

သစ်ခြောက်ပင် ထိပ်ဖျားများ လွတ်လာပြန်သောအခါတွင်လည်း မိုးသားများ အုပ်ဆိုင်းလာပြန်သဖြင့် အလင်းရောင်သည် အားနည်းမြဲ အားနည်းလျက်သာ ရှိနေပြန်သည်။ ထို့ကြောင့် မုဆိုးများမှာ လရောင်ကို အားကိုး၍မရနိုင်ဟု သိကြသောကြောင့် အမြင်အာရုံကို လရောင်မှုန်မှုန်တွင် ကြည့်တတ်အောင် အမြဲ လေ့ကျင့်နေကြရ၏။

ကျားဆိုးကြီး ရောက်မလာနိုင်သည်ကို သည်းခံပြီး စောင့်ဆိုင်းနေကြရင်း အရုဏ်မတက်မီ အချိန်လေးမှာပင် တစ်ဖက်လယ်ချောင်ဆီက တီတီတာတာ ငှက်ထိုးသံကို ကြားလိုက်ကြရ၏။ တီတီတွတ် ငှက်တို့သည် ကျားစောင့် မုဆိုးများအတွက် အလွန်ကောင်းသော မိတ်ဆွေဖြစ်၏။ နေ့/ည မည်သည့်အချိန်တွင် မည်သည့်သားကောင် သတ္တဝါများလာသည်ဖြစ်စေ အတင်းထိုးနှက်တိုက်ခိုက်တတ်၏။

ထို့ကြောင့် မိုးလင်းခါနီးမှ ကျားဆိုးကြီး လာသည်ပဲဟု မုဆိုးများ သိလိုက်ကြသည်။ ပတ်ဝန်းကျင်များနှင့် နွားသေကောင်ကိုလည်း မျက်ခြည်မပြတ်ကြည့်ထားကြသည်။ လူများနှင့် ထိတွေ့မှုရှိသော ကျားနပ် ကျားပါးတို့သည် အိမ်မွေးတိရစ္ဆာန်များကို တိုက်သတ်စားသောက်ရာ၌ စားတွင်းသို့လာသောအခါ တန်းတန်းမတ်မတ် လာလေ့မရှိဘဲ ပတ်ဝန်းကျင်ကို အတန်ကြာအောင် စူးစမ်းလေ့လာပြီးမှ လာစားလေ့ရှိသည်။

ဤသည်ကို သိထားကြသော မုဆိုးများကလည်း အထူးသတိထားပြီး စောင့်ကြည့်နေကြ၏။ သို့သော် တစ် အောင့်ကြာသောအခါ ကျားကို မတွေ့ရဘဲ စားဖားကြီးတစ်ကောင်၏ အော်သံကိုသာ ကြားလာရလေသည်။ ထို့ကြောင့် ကိုကြာအောင်နှင့် ကိုဝေထွန်းတို့ သေနတ်ကို မောင်းထိုးပြီး သတိကြီးကြီးနှင့် စောင့်ကြည့်နေကြချိန်မှာပင် ထွန်းချေက မတိုးမကျယ် လွှတ်ခနဲ ပြောလိုက်လေ၏။

"ကျားမလာဘဲ နွေခေါင်ခေါင်ကြီးမှာ ဖားသာ အော်လာပြန်သလား"

"ဒုတ် . . ."

ထွန်းချေ၏ စကားအဆုံးတွင် ကိုဝေထွန်းဦးက နောက်ပြန် တံတောင်နှင့်တွတ်လိုက်ရာတွင် ထွန်းချေ၏ နားထင်သွေးစို့ပြီး ရဲသွားလေသည်။ ထို့ကြောင့် ထွန်းချေလည်း အတော်လေးပင် ဒေါသထွက်သွား၏။ သို့သော်လည်း အစ်ကိုအရင်းဖြစ်၍ ရန်ဖြစ်တုံ့ပြန်ခြင်းတော့ မရှိပေ။ ကိုကြာအောင်လည်း ထွန်းချေ၏



www.burmeseclassic.com

www.burmeseclassic.com

အပြောကို သဘောကျပြီး တခွိခွိ ရယ်လေသည်။

ဤမျှဆိုလျှင်လည်း ကျားနပ်၊ ကျားပါးကြီးဖြစ်သော ကျားဆိုးကြီးသည် မည်သည့်နည်းနှင့်မျှ ဤပတ်ဝန်းကျင်တွင်ရှိတော့မည် မဟုတ်ပေ။ ချက်ချင်း လစ်ထွက်သွားမည်သာ ဖြစ်၏။ မှန်၏။ တစ်အောင့်လေးအကြာမှာပင် ထိုဘက်လယ်ချောင်က တီတီတွတ်ထိုးသံကို ကြားလိုက်ကြရသည်။ ထို့ကြောင့် ကျားဆိုးကြီးသည် ထိုဘက်လယ်ချောင်ကို ရောက်သွားပြီဟု သိလိုက်ကြ၍ လင့်အိမ်ပေါ်မှ ဆင်းလိုက်ကြလေသည်။ ထိုအချိန်၌ မိုးလင်းရန် ရောင်ဖြူသည်လည်း ကောင်းကင်တစ်ပြင်လုံး ပြည့်လာလေပြီ။

လင့်အောက်သို့ ရောက်လျှင် ကိုကြာအောင်သည် ထွန်းချေကို ကြည့်ပြီး တစ်ချက်ရယ်လိုက်သေး၏။ စင်စစ်တွင် ကိုကြာအောင်သည်လည်း အလွန်စိတ်တိုပြီး ဒေါသထွက်တတ်သော မုဆိုးကျော်ကြီးတစ်ယောက် ဖြစ်သည်။ သို့သော်လည်း ကျားတို့၏အကြောင်းကို မသိသော ထွန်းချေ၏ အမှတ်မထင် ပြောလိုက်သော စကားကို သဘောကျကာ တဟားဟားဖြင့်သာ ရယ်နေလေသည်။ ထို့နောက် ထွန်းချေအား ရယ်ချင်နေသော မျက်နှာဖြင့် ကြည့်ကာ မေးလိုက်၏။

"ထွန်းချေ နွေခေါင်ခေါင်ကြီးမှာ ဖားအော်တယ်နော်"

ထွန်းချေ ဘာမျှမပြောပေ။ အနည်းငယ် တင်းနေသေးသော မျက်နှာဖြင့် သူ့အစ်ကိုကိုသာ စိုက်ကြည့်နေ၏။

"ဟင် . . . ထွန်းချေ"

ကိုကြာအောင်မှာ သဘောကျပြီး ရယ်လျက် ထွန်းချေကိုသာ စနောက်နေလေ၏။ ကိုဝေထွန်းဦးက ကွမ်းတစ်ယာကို ထုတ်ပြီး ဝါးနေ၏။ ထွန်းချေသည်ကား သူ့နားထင်ကိုသာ ခဏခဏ ပွတ်စမ်းနေသည်ကို တွေ့နေရသည်။ သူ့အစ်ကို၏ တံတောင်က ပြင်းပုံရသည်။ ကိုကြာအောင်က တောအကြောင်းများကို ထွန်းချေအား ပြောပြချင်သော်လည်း နွားသေက အနံ့ဆိုးလွန်းနေ၍ ထိုအနားမှ ချက်ချင်း ထွက်ခွာလာကြ၏။ လယ်တောစပ် ညောင်ပင်ကြီးအောက်သို့ ရောက်မှ ထိုင်လိုက်ကြပြီး ပြောပြသည်။

"ဝေထွန်းဦးက ဂျပန်တော်လှန်ရေး ခေတ်ဦးကပင် သေနတ်ကိုင်ပြီး တောတောင်တွေမှာ ကျင်လည်ခဲ့ဖူးလို့ မုဆိုးအတွေ့အကြုံနဲ့ ပတ်သက်ပြီး အထူးပြောပြနေစရာ မလိုပေမယ့် မုဆိုးအလုပ်ကို အခုမှ လေ့လာရတဲ့ ထွန်းချေကိုတော့ ပြောပြထားမှ ဖြစ်လိမ့်မယ်ထင်တယ်။ အမှန်က ထွန်းချေရ . . . ညက မင်းကြားလိုက်တဲ့ ဖားအော်သံက တကယ် ဖားအော်သံ မဟုတ်ဘူးကွ။ ကျားအော်သံပါပဲ။ အဲတာလည်း ညဦးက ငါမေ့ပြီး နုတ်မပူဇော်မိလို့သာ ဖြစ်ပါ[illegible] ပိုင်တယ်ဆို [illegible] ကြားဖူးမှာပါ။ ဒါ[illegible] သူ့အစာနားကိုရောက်[illegible] အနီးအနားမှာ ရန်သူရှိမရှိ သိလို့[illegible] အတွက် အသံပြုလိုက်တာကို ငါတို့က ပူဇော်ပသမှု မပြုတဲ့အတွက် နတ်ကဝင်နှောက်ပြီး [illegible] သံလိုမျိုး လှည့်[illegible] ပါ။ အဲဒါကို နားမလည်ဘဲ အတုတ်ဖားသံထင်ပြီး လိုက်သွားမိရင်တော့ ကျားဆီမှာ အဝါးခံရတော့မှာပဲကွ"

ထွန်းချေကို ကိုကြာအောင် ရှင်းပြနေသည်ကို အာရုံစိုက်ပြီး နားထောင်နေရင်းက ခေါင်းတဆတ်ဆတ် ညိတ်၏။ ကိုဝေထွန်းဦးက သေနတ်ကို ထောက်ထိုင်ပြီး အဝေးကိုသာ ငေးပြီးကြည့်နေလေသည်။ ထွန်းချေ ကိုထွက်သော ဒေါသမပြေသေးပေ။

"မင်းက မုဆိုးအလုပ်ကို ဝါသနာပါပြီး လေ့လာသင်ယူချင်တယ်ဆို တော့ ကျားအကြောင်းကို ပိုပြီး တောင်မှ သိထားသင့်တယ်ကွ။ မင်း မုဆိုးအတတ်နဲ့ ပတ်သက်ပြီး သား[illegible] သားတွေအကြောင်းကို နားလည် အောင် ငါသင်ပေးပါ့မယ်။ တတ်ချင် ရင် တတ်ရမှာပေါ့။ မုဆိုးအလုပ်[illegible] တတ်မြောက်ထားရင် ကိုယ်[illegible] မုဆိုးလုပ်စားလို့ရသလို [illegible] ကျားဆိုးကြီး[illegible]က ရစ်ခွာ[illegible] ယှက်လာရင်လည်း [illegible] ရှင်းပေးနိုင်တာပေါ့။ [illegible] ပေရော့။ နတ်ပူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တော့ ငါ ကိုပုစိန်ကိုပဲ ခိုင်းထားလိုက်မယ်။ ပြီးတော့ ကျွားဆိုးကြီးဟာ ကုန်ခဲ့တဲ့ညက ဘာမှစားမသွားရင် ဒီညတော့ စောစောရောက်လာနိုင်တယ်။ ဒါကြောင့် မင်းတို့လည်း ဒီညနေ စောစောလာခဲ့ကြ"

*****

ညီအစ်ကိုနှစ်ယောက် အိပ်ချင်မူးတူးဖြင့် လျှောက်လာခဲ့ကြ၏။ တစ်ယောက်နှင့်တစ်ယောက် စကားလည်း မပြောဖြစ်ကြ။ ကိုဝေထွန်းဦးက သူ့ညီကြောင့် ကျွားကို မပစ်လိုက်ရ၍ ဒေါသထွက်နေသလို ညီဖြစ်သော ထွန်းချေကလည်း သူ့အစ်ကို တံတောင်နှင့် ထောင်းထား၍ ဒေါသတွက်ကာ စကားမပြောဘဲနေသည်။

ရွာဦးကိုရောက်လျှင် သူတို့မုဆိုးညီအစ်ကို ပြန်အလာကို စောင့်ကြိုနေကြသော လူလေးငါးယောက်တို့အား တွေ့ကြရ၏။ စောင့်ကြိုနေကြသော လူများမှာ သူတို့ညီအစ်ကိုနှင့် ဆွေမျိုးမကင်းသော ဦးလေး၊ ဘထွေးတော်စပ်သည့် လူများချည်းသာ ဖြစ်ကြသည်၊ ထိုလူများထဲမှ အသက်အကြီးဆုံးဖြစ်သော ဦးမဲ့နီက ဆီးကြိုမေး၏။

"ဘယ်လိုလဲကွ၊ မုဆိုးညီအစ်ကို မင်းတို့ ကျွားပစ်ဖို့ သွားကြတယ်ဆို၊ အခြေအနေမကောင်းဘူးလား"

"ဒီနွားတစ်ကောင်ကို ခေါ်သွားမိတာ ကျွားကိုရဖို့ နေနေသာသာ ကျွားကိုက်လို့မသေတာ ကံကောင်း။ ဘာမှနားမလည်ဘဲ စွတ်လိုက်လာတယ်"

ဟု ကိုဝေထွန်းဦးက ပြောလိုက်၍ ထွန်းချေ ဒေါသထွက်သွား၏။ ထို့ကြောင့် အစ်ကိုဖြစ်သူ၏ မျက်နှာကို စေ့စေ့ကြည့်ပြီး အသံမာမာနှင့် ပြန်ပြောလိုက်သည်။

"ဟ . . . မင်းလို စစ်သားဝင်လိုက် ပြောက်ကျားဝင်လိုက်နဲ့ တောတကာလှည့်နေတဲ့ ကောင်လိုတော့ ငါက ကျွားအကြောင်းကို နားလည်မလားကွ"

ညီဖြစ်သူက မင်း/အကောင် စသည်ဖြင့် ခပ်ငေါက်ငေါက်ပြောလိုက်၍ ကိုဝေထွန်းဦးသည် အလွန်အမင်း ဒေါသထွက်သွားလေသည်။ ထို့ကြောင့် ဒေါသအလျောက် လက်သီးဖြင့် ထွန်းချေ၏မျက်နှာကို လှမ်းထိုးချလိုက်ရာ ထွန်းချေက ဆတ်ခနဲ ရှောင်ပေးလိုက်၍ ကိုဝေထွန်းဦးသည် သူ့အရှိန်နှင့်သူ ထိုးလဲသွားရာမှ ဘေးနားက ဝါးဖြင့် ကျဲကျဲရက်ကာထားသော ဝင်းကပ်ထဲကို ခေါင်းကျွံဝင်သွားလေသည်။

ထို့ကြောင့် ဝိုင်းပြီး ကြည့်နေကြသော ဦးလေး၊ ဘထွေး တော်စပ်ကြသူများမှာ အောင့်နိုင်ဘဲ ဝေါခနဲ ရယ်လိုက်ကြလေသည်။ ထို့နောက် ထွန်းချေကပင် ခြံစကို လက်နှင့်ကိုမပြီး သူ့အစ်ကိုခေါင်းကို နှုတ်၍ရအောင် ကူညီပေးလိုက်၏။ အခြားလူများ တဝေါဝေါဖြင့် ရယ်နေကြဆဲဖြစ်၏။ ကိုဝေထွန်းဦးလည်း အတော်လေး နာသွားလေ၏။ နဖူး၊ နှာခေါင်းနှင့် မျက်နှာတစ်ပြင်လုံး နားရွက်နှင့် လည်ပင်းမှာပါ ပြဲရဲပြီး ရဲရဲ နီသွားလေသည်။

ထွန်းချေက ခပ်ဆိုးဆိုးနေလာခဲ့သည့်လူ ဖြစ်သည့်အလျောက် ကြုံလာလျှင် မန္တဲ့စတမ်းဆိုသည့်အတိုင်း လူဆိုးများနှင့်ယှဉ်သတ်ရန်အတွက် သိုင်း၊ လက်ဝှေ့စသော ကိုယ်ခံပညာများကို သင်ယူတတ်ကျွမ်းထားသည်၊ ဤပညာရပ်များဖြင့်ပင် ယှဉ်ပြိုင်ထိုးသတ်ကြသည့် ပွဲတိုင်းမှာ အနိုင်ယူလာခဲ့ပေါင်းလည်း များခဲ့ပြီ။

ကိုဝေထွန်းဦးမှာ ကိုယ်ခံပညာကို မတတ်သည့်အပြင် အရပ်ကြီးကလည်း ခြောက်ပေခန့်မြင့်ပြီး နှုတ်ခမ်းမွေးကြီးကလည်း ဇာတ်ထဲက ရှင်ဘုရင်လိုလို ဇော်ဂျီလိုလို ရှိနေသဖြင့် ကလန်ကလားနှင့် ကြည့်နေကြသော လူများကိုသာ၍ပင် ရယ်ရွှင်ဖွယ် ဖြစ်စေလေသည်။

ထို့နောက် ကိုဝေထွန်းဦးသည် ဖျတ်ခနဲထရပ်ပြီး ခြေထောက်နှင့် ဆောင့်ကန်ပြန်ရာတွင်လည်း ထွန်းချေက ကိုယ်ကို နောက်ဘက်သို့ အနည်းငယ်ယိုပြီး လွတ်ရုံမျှရှောင်ကာ ခြေချင်းဝတ်ကို ဖမ်းကိုင်ပြီး ဆောင့်တွန်းလိုက်၍ ကိုဝေထွန်းဦးသည် ယက်ကန်ယက်ကန်ဖြင့် နောက်ဘက်သို့ ရောက်သွားသောကြောင့် အနားက လက်ယက်တွင်းကြီးထဲသို့ ကျသွားမည်စိုး၍ ထွန်းချေကပင် ပြေးလိုက်သွားပြီး ဆွဲထားလိုက်ရပြန်သည်။

အနားက ဝိုင်းကြည့်နေကြသော ဦးလေး ဘထွေးများကပင်



www.burmeseclassic.com

www.burmeseclassic.com

ဝင်မဆွဲကြသည့်အပြင် လက်ခုပ်လက်ဝါးများ တီးခတ်ပြီး တဟားဟားဖြင့် အော်ဟစ်ရယ်မောကာ

"ဟေး . . ဟေး . . ဟေး . . ချကွာ၊ ချကွာ။ နိုင်တဲ့ကောင်ကို ရွှေတံဆိပ်ပေးမယ်။ ချ . . . ချ"ဟုသာ မြှောက်ပေးနေကြလေသည်။

ကိုဝေထွန်းဦးလည်း လေးဘက် ထောက်ထလာပြီး ထွန်းချေ၏ မျက်နှာကို လက်သီးဖြင့် ဆောင့်ထိုးပြန်သဖြင့် ထွန်းချေက ဆတ်ခနဲ ထိုင်လိုက်ပြီး သူ့အစ်ကို၏ ခါးကို ကောက်ထမ်းကာ ဖုန်ထူသော နေရာမှသာ ချပေးထားလိုက်သည်။ ဦးလေးတော်သော ဦးပန်းတံက ပြေးလိုက်သွားပြီး ထူကူသလိုလိုနှင့် ကိုဝေထွန်း၏ ကျောကုန်းမှာ လက်ညှိုးနှင့် စာရေးပေးလိုက်၏။

"သတ္တိ"

ထို့ကြောင့် တဝေါဝေါဖြင့် ရယ်လိုက်ကြရာ ဆူညံသွားပြန်လေသည်။ လမ်းသွားလမ်းလာများလည်း ရှေ့ကိုဆက်မသွားဘဲ ရပ်ကြည့်နေကြသဖြင့် လူသုံးလေးဆယ် ဖြစ်လာလေ၏။ ညီအစ်ကို အချင်းချင်း သတ်ပုတ်နေကြရာတွင် အစ်ကိုဖြစ်သူက သတ်၍မရနေသည့် အထဲ နောက်ကျောမှာ "သတ္တိ"ဟူသောစာကို တွေ့နေရ၍လည်း ပိုပြီး တဟားဟားဖြင့် ရယ်ကြ၏။

ကိုဝေထွန်းဦးလည်း ဆက်သတ်ရန် မကြိုးစားတော့ဘဲ ခါးကို လက်ထောက်ပြီး ဗိုက်ကြီး ပူရှိက်ပူရှိက်ဖြင့် ထွန်းချေအား တစ်အောင့်ကြာအောင် စိုက်ကြည့်ကာ လက်ညှိုးထိုးပြီး . . .

"မင်း သူများကိုသာ စွာလို့ရမယ်။ ငါ့လာမစမ်းနဲ့ သေသွားလိမ့်မယ်"

ဟု ကြုံးဝါးထားခဲ့ပြီး သူ့အိမ်ဘက်သို့ လျှောက်သွားလေသည်။ ထွန်းချေတစ္စ ရယ်ချင်သော အမူအရာဖြင့်သာ ရပ်ကျန်နေခဲ့၏။

☆☆☆☆☆

သည်ညနေတွင်လည်း ကိုပုစိန်တို့သမီးယောက္ခမ တည်ခင်းဧည့်ခံကြသော ငါးခြောက်ဖုတ်နှင့် ရေနွေးကြမ်း၊ ဆေး၊ ဆေးတွမ်း၊ လက်ဖက်ရည်များကို စားသောက်ရင်း တစ်အောင့်မျှနားကြ၏၊ ထွန်းချေတို့ ညီအစ်ကို သတ်ပုတ်ကြသောသတင်းကို ကိုကြာအောင်ရော၊ ကိုပုစိန်တို့ သမီးယောက္ခမတို့ပါ သိပြီး ကြားပြီး နေကြပြီဖြစ်၍ သူတို့ညီအစ်ကိုအား ကြည့်ကာ ပြုံးစိစိဖြစ်နေကြ၏။ ထို့နောက် ကိုကြာအောင်ကပြောသည်။

"ဖားဆရာ . . နောက်ဆိုမှတ်ထား။ ကျားဆိုတာမျိုးဟာ ပရိယာယ်အလွန်များတဲ့အတွက် ဖားလိုသာမက ကြက်လို၊ ငှက်လိုလည်း အော်တတ်တယ်ကွ။ လူများလို ဖန်ဆင်းပြီးလည်း လှည့်စားတတ်သေးတယ်။ ဒါကြောင့် အထူးသတိထားရတယ်။ မနေ့ညက ဖားအော်သံကြားလို့ ပြောလိုက်မိတာ နားထင်ပူရော မဟုတ်လား။ ဒီက ထွက်သွားကြပြီးနောက်ရွာဦးမှာလည်း နပန်းချကြ သေးတယ်လို့ ကြားတယ်။ တယ်ဟုတ်တဲ့ ညီအစ်ကိုတွေပဲကွ"

ကိုဝေထွန်းဦးက ဘာမျှမပြောဘဲ အဝေးကိုသာ ကြည့်နေ၏။ ထွန်းချေက ပြုံးစိစိလုပ်နေသည်။ ကိုကြာအောင်က ကိုပုစိန်ဘက်ကိုလှည့်ပြီး ပြောသည်။

"ထွန်းချေက မုဆိုးလုပ်ချင်တယ်ဆိုပဲ။ သိလား ကိုပုစိန်"

"အင်း . . . ကောင်းတာပေါ့။ မုဆိုးလုပ်ချင်ရင်တော့ မင်းကြာအောင် နောက်ကလိုက်ပြီး တပည့်ခံရင် မကြာခင် တတ်လာမှာပေါ့"

ဟု ကိုပုစိန်က ထွန်းချေအား ပြော၏၊ ကိုကြာအောင်က . . .

"ဒီတော့ ထွန်းချေ၊ ဒီည ကျားဆိုကြီးပေါက်လာရင် ပစ်လိုက်လေ"

"ဟုတ်ကဲ့ ပစ်မယ်"

ဟုဆိုကာ ဗုံးသေနတ်ကြီးကို ကောက်ကိုင်လိုက်သည်၊ ထို့ကြောင့် . . .

"နေစမ်းပါဦး။ ကျားနဲ့တွေ့မှ ပစ်စမ်းပါ"

ဟုပြောပြီး ရယ်ကြ၏။ ကိုကြာအောင်က တက်ကြွနေသော ထွန်းချေကိုကြည့်ပြီး သဘောကျနေသည်။ ထွန်းချေကလည်း တကယ့် လက်တွေ့ကျကျ စမ်းချင်နေသည်။

ကိုပုစိန်တို့ နွားစားကျက်ကုန်းမှ ထွက်လာကြချိန်တွင် နေလည်း ဝင်လေပြီ။ ထို့ကြောင့် ခပ်သုတ်သုတ်ပင် လှမ်းကြ၏။ ကုန်ခဲ့သည့်ည

www.burmeseclassic.com

က ကျားဆိုးကြီးသည် နွားသေကို စားမသွားရသဖြင့် သည်ညတွင် စောစောရောက်လာနိုင်သည်ကို သိထားကြ၍ မုဆိုးများကလည်း ကြိုပြီး ရောက်နေစေရန်အတွက် သုတ်သုတ်လှမ်းနေကြသည်။

နွားသေကောင်နှင့် မနီးမဝေးသို့ရောက်လျှင် "ဝုန်းဝေါင်း . . . ဝုန်းဝေါင်း"ဟူသော ကျားသံကို မတိုးမကျယ်ကြားနေရသည်။ ထို့ကြောင့် မုဆိုးများ ခြေလှမ်းတန့်သွားပြီး နားထောင်ကြသည်။ ဟုတ်သည်။ ကျားသံ။ ထို့ကြောင့် ကိုကြာအောင်က ပြောလိုက်သည်။

"ဟိုက်ကောင်တွေ ကျားဆိုးကြီးရောက်နေပြီကွ။ နွားသေကိုတောင် စားနေပြီ"

ကျားများ အစာရှိရာသို့ လာရာ၌ တန်းတန်းမတ်မတ် လာလေ့မရှိဘဲ အစာနှင့် ခပ်လှမ်းလှမ်း ချုံဖုတ်များဆီကသာ ချောင်းမြောင်းကွေ့ပတ်ပြီး အနီးအနားတွင် ရန်သူရှိမရှိ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးသာ လာတတ်သည်။ ထို့နောက် မနီးမဝေးက ထိုင်ပြီးလည်း တစ်အောင့်ကြာအောင် အစာကို ကြည့်နေသေးသည်။

အခြေအနေ အရပ်ရပ်ကို သုံးသပ် အကဲခတ်ကြည့်၍ ကျေနပ်ပြီးမှ အစာရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာပြီး အစာကို တစ်ဖန် စစ်ဆေးကြည့်ပြန်သည်။ အားလုံး စိတ်ချရပြီးနောက် ဘာကိုမျှ ဂရုမစိုက်တော့ဘဲ "ဝုန်း . . ဝေါင်း" ဟူသောအသံကို ခပ်အုပ်အုပ်အော်လျက် အစာကို ဆတ်ခနဲ ဆတ်ခနဲ ကိုက်ဖြတ်ပြီး အဆက်မပြတ် မျိုချလေသည်။ ကျားများမှာ ဝါးစားသည်ဟူ၍လည်း မရှိပေ။

ယခုလည်း ကျားဆိုးကြီးသည် စောစောရောက်လာပြီး နွားသေကို ကိုက်ဖြတ်ဝါးမျိုနေလေပြီ။ ကျားဆိုးကြီး နွားသေကို လာစားနေပြီဟု တိကျစွာသိလိုက်ရသောကြောင့် ကိုကြာအောင်က ပြော၏။

"ဟိုက်ကောင် ထွန်းချေ။ မင်းတကယ်ပစ်မယ် မဟုတ်လား"

ဟု မေးလိုက်ရာ ကိုဝေထွန်းဦးက လိုက်တား၏။

"ဟ . . ကိုကြာအောင် မလုပ်နဲ့။ ဒီကောင်က အခုမှ သေနတ်ကိုင်ဖူးတာဆိုတော့ မဖြစ်ဘူးဗျ"

"မင်းမသိပါဘူး။ ထွန်းချေက တကယ်တက်ကြွနေတဲ့လူကွ။ ဖြစ်ပါတယ်။ ဒီလို အစိမ်းကစရတဲ့ မုဆိုးတွေချည်းပါပဲ။ မင်းနဲ့ငါကလည်း ရံပေးထားဦးမယ်ဆိုတော့ မဖြစ်စရာမရှိပါဘူး။ တို့နှစ်ယောက် ကျားကို သေနတ်နဲ့ ထိုးချိန်ထားပြီးမှ ထွန်းချေကိုပစ်ခိုင်းမယ်။ ထွန်းချေ ပစ်မယ် မဟုတ်လား"

"ပစ်မယ်ဗျာ"

"ဟုတ်ပြီကွာ။ မင်းသေနတ်ပစ်ပုံပစ်နည်းတော့ လေ့လာထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ . . လေ့လာထားပါတယ်။ ဒါပေမယ့် ပစ်တော့ မပစ်ဖူးသေးဘူး"

"ဟုတ်ပြီ ဒီလောက်ဆိုရင် ရတယ်။ ပစ်တဲ့အခါ ဘယ်လိုအမဲမျိုးကိုဖြစ်ဖြစ် နှလုံးအိမ်ကို ထိမှန်အောင် ပစ်တတ်ဖို့တော့ လိုတယ်။ နှလုံးအိမ်ဆိုတာ သားကောင်ရဲ့ ရှေ့နောက်ဝဲယာ ဘယ်ဘက်ကပဲပစ်ပစ် ရင်အုံတည့်တည့်ကို ထိမှန်ရင် ပြီးတာပါပဲ။ ကိုင်း . . သွားမယ်။ ကိုယ့်သေနတ်ကို အသင့်ပြင်ကြတော့"

ကိုဝေထွန်းဦးက လုံးဝ စိတ်မချပေ။ အရှုးကောင်ကို ပစ်ခိုင်း၍ ဖြစ်နိုင်ပါ့မလား။ ပစ်ရမည်က ကျား။ သေနတ်ကိုလည်း ခုမှကိုင်ဖူးသည်။ ကိုင်နေသည်ကလည်း တူမီးသေနတ်ကြီး။ သို့သော်လည်း သေနတ်အထား၊ သားရဲ သားကောင်တို့၏သဘောစသည်များကို သိရှိကျွမ်းကျင်သော မိမိနှင့် မုဆိုးကြီး ကိုကြာအောင်တို့ ကိုယ်တိုင်ပါဝင်နေကြ၍ အထိုက်အလျောက်တော့ စိတ်ချသည်။ စိတ်ချရအောင်လည်း လိုသလို သင်ပြရပေလိမ့်မည်။

ကျားဆိုးကြီးသည်ကား တဝုန်းဝုန်း တဝေါင်းဝေါင်းဖြင့် နွားသေကို ကိုက်စားနေဆဲဖြစ်သည်။ ကိုဝေထွန်းဦးတို့က သစ်တောကြီးဘက်က ပတ်ဝိုင်းပြီးလိုက်သွားကြသည်။ ကျားများသည် ယခုကဲ့သို့ အစာကို အငမ်းမရ စားနေချိန်တွင် ဘာမျှဂရုမစိုက်ပေ။ အစာကိုသာ မဲပြီးစားနေတတ်သည်။ ဤသည်ပင်လျှင် မုဆိုးများ၏ အခွင့်အရေးဖြစ်သွားရလေသည်။

ကိုဝေထွန်းဦးတို့ ကျားဆိုးကြီးနှင့် ဆယ့်ငါးလံမျှထိ အနားသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com

အောင် ကပ်သွားကြ၏။ ထိုနေရာသည် ကမ်းပါးယံဆန်ဆန် ရှိနေ၍ အနည်းမျှလည်း မြင့်မောက်နေ၏။ ထို့ကြောင့် အပေါ်မှစီးမိုးပြီး ကြည့်ရသဖြင့် ကျားဆိုးကြီးကို ကောင်းစွာမြင်နေကြရ၏။ မိုးကောင်းစွာ မချုပ်သေးသောကြောင့်လည်း ပစ်တွင်းကို သာ၍ပင် အဆင်ပြေစေ၏။

သစ်ပင်ကြီးများ၏ အကွယ်ကို ယူလိုက်ကြပြီးနောက် သေနတ်ပစ်ပုံကို အသေးစိတ် ထွန်းချေအား သင်ပြပေးသေး၏။ ထို့နောက် ကိုကြာအောင်နှင့် ကိုဝေထွန်းဦးတို့လည်း သေနတ်နှင့် ကျားကြီးကို ထိုးချိန်ထားလိုက်ကြသေးသည်။ ထွန်းချေ၏ ပစ်ချက်မသေချာလျှင် ချက်ချင်း ထပ်ပစ်ရန်အတွက် ဖြစ်သည်။ ပြီးမှ ထွန်းချေအား မျက်ရိပ်ပြပြီး ပစ်ခိုင်းလိုက်ကြသည်။

"ဒိုင်း"ဟူသော ဆူညံသံကြီးနှင့်အတူ ပစ်မှတ်ကို ကောင်းစွာထိမှန်သဖြင့် ကျားဆိုးကြီး အပေါ်သို့ မြောက်တက်သွားလေ၏။ ထွန်းချေလည်း နောက်ဘက်သို့ ပက်လက်လန်ကျသွားလေ၏။ ကိုကြာအောင်နှင့် ကိုဝေထွန်းဦးတို့က တစ်ချက်တည်းဖြင့် ကျားကြီးအသက်ထွက် မထွက်ကြည့်၍ စိတ်ချရပြီးမှ ထွန်းချေ၏အဖြစ်ကိုကြည့်ကာ တဟားဟားဖြင့် ရယ်ကြလေသည်။

"ထွန်းချေဆိုတာ ဒါပဲကွ"ဟု ကိုကြာအောင်က ဂုဏ်ပြုစကား ဆိုပြီး ထွန်းချေအား ဆွဲထူလိုက်သည်။ ထွန်းချေက သူ့လက်မောင်းကို နှိုက်နယ်ရင်းက ထ၏။ သေနတ်ပစ်စလူတိုင်း ယခု ထွန်းချေကဲ့သို့ဝင် လက်မောင်းရင်း နာသွားတတ်၏။ သေနတ်၏ တုန်ခါခြင်းကို ထိန်းတတ်သေး၍ဖြစ်၏။

အနားကို သွားကြည့်ကြရာ ကျားဆိုးကြီး၏ ရင်ဘတ် နှလုံးအိမ်နေရာတည့်တည့်တွင် ကျည်ထွင်းရာကြီးကို တွေ့ကြရ၏။ ထို့ကြောင့် ပစ်မှတ်ကို ကောင်းစွာထိမှန်၍ ကျားဆိုးကြီးသည် တစ်ချက်တည်းဖြင့်အသက်ထွက်သွားခြင်းဖြစ်၏။

ထွန်းချေသည်လည်း အတော်လေးပင် တက်ကြွနေ၏။ ပွဲဦးထွက်မှာပင် ကျားဆိုးကြီးတစ်ကောင်ကို တစ်ချက်တည်း အသေပစ်သတ်နိုင်လိုက်၍ အကျေနပ်ကြီး ကျေနပ်ကာ ဝမ်းသာ၍မဆုံးလည်း ဖြစ်နေ၏။ ကိုကြာအောင်ကလည်း ထွန်းချေအား အကြိမ်ကြိမ် ဂုဏ်ပြုစကား ဆို၏။

"ကဲ . . . ထွန်းချေ မင်းလာဘ်ကီးဆော်တယ်ကွ၊ သားရဲ သားကောင်တွေထဲမှာ ကျားဟာ အစိတကျပြီး အရေးအပါဆုံးပဲ၊ မင်းက ကျားကိုပင် ပွဲဦးထွက်မှာ တစ်ချက်တည်း အပြတ်ဆော် လိုက်နိုင်တယ်ဆိုတော့ မုဆိုးလောကမှာ မင်းလောက် လာဘ်ကီးဆော်တဲ့အကောင် ရှိပါတော့မလား"

ထွန်းချေမှာ ထခုန်လုမတတ်အောင် ဝမ်းသာလုံး ဆို့နေလေ၏။ မိဘဆရာသမားများက မိမိ၏ ထင်ပေါ်အောင်မြင်ခြင်းကို ဝမ်းမြောက်ဝမ်းသာ စကားဆိုလျှင် တစ်သက်မမေ့အောင်ပင် ဝမ်းသာပြီး ကြည်နူးနေတတ်ကြ၏။

"တဲ . . ဟုတ်ပြီ၊ တို့ မိုးမချုပ်ခင်ပြန်ရအောင်၊ ဒီကျားသေကြီးကိုတော့ နွားရှင်ဖြစ်တဲ့ ကိုပုစိန်တို့သမီးယောက္ခမကိုပဲ မနက်ဖြန် မြေမြှုပ်လိုက်ကြပါလို့ ပြောထားခဲ့မယ်"

ထိုအချိန်က ကျားရိုးကျားရေသည် လုံးဝ တန်ဖိုးမရှိသေးပေ။ ထို့ကြောင့် ကျားများကိုလည်း သီးသန့်လိုက်သတ်လေ့မရှိကြဘဲ လူနှင့်အိမ်မွေးတိရစ္ဆာန်များကို ကိုက်သတ်သောင်းကျန်းလာမှ ဝိုင်းဝန်းသတ်ဖြတ်လေ့ရှိကြသည်။ သတ်ဖြတ်ပြီးနောက်လည်း မြေမြှုပ်လိုက်ကြရသည်သာ ဖြစ်၏။

မုဆိုးများ အပြန်ခရီးတွင် မိုးချုပ်သွားပြီ ဖြစ်သော်လည်း ကြယ်ရောင်ဖြင့် တောလမ်းတလေးကိုမူ ကောင်းစွာ မြင်နိုင်သေး၏။ ညလေသည်လည်း တသွေ့သွေ့ တိုက်ခတ်နေ၏။ နွေခင်းကဲ့သို့လည်း ပူအိုက်ခြင်း မရှိတော့ပေ။

(ဦးထွန်းဦးမှာ ဤစာရေးသူ၏ ကွယ်လွန်သူဖခင်ကြီးဖြစ်ပြီး၊ ဦးထွန်းချေဟူသည်မှာလည်း စာရေးသူ၏ ဘထွေးလေးသာလျှင်ဖြစ်ပါကြောင်း)

မင်းဟိန်းခိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဘဝတိုက်ပွဲ

ယဉ်ကြိုင် တောပုန်းချောင်းပစ်ဖို့ ထွက်ခဲ့သောအချိန်သည် မိုးပင်စင်စင် မလင်းတတ်သေး။

မိုးကာလအစ ဆိုသော်လည်း နွေကာလ၏ အပူဒဏ်ကို ခံထားရသည့်အတွက် ညှိုးရော်နေသော သစ်ပင်ချုံနွယ် ပိတ်ပေါင်းမှန်သမျှ မိုးရေကို အထိုက်အလျောက် သောက်သုံးထားကြရသဖြင့် စိမ်းစိုလန်းဆန်းလျက်။

မိုးကာလအစမို့ သူထွက်လာသည့်အချိန်က ရာသီဥတုသာယာသောအချိန်ဖြစ်ရာ ရွာဖျားဆီမှ လှည်းလမ်းကြောင်းအတိုင်း သွားရင်းက ရိုးမကြီးဘက် လှမ်းကြည့်လိုက်ရာ ထွက်ပြူစ နေရောင်ခြည်အောက်တွင် ပြာလဲ့သော သစ်တောအုပ်များနှင့် ကျေးငှက်သာရကာတို့ အိပ်တန်းကိုစွန့်ကာ အစာရှာဖို့ ပျံသန်းနေကြသည်ကို လှမ်းမြင်တွေ့နေရသည်။

လှည်းလမ်းကြောင်းတစ်လျှောက် ဝဲယာတို့တွင် ထမသိုင်းတော၊ ဝါးကောက်တော၊ ကြက်ခြမ်းတော၊ ဗိစပ်တော၊ ကြက်နွယ်တော၊ ဒေါင့်ဒလောင်တောတို့ကို ကျော်လွှားပြီးမှ တောစပ်ဆီသို့ ရောက်ပေမည်။

လေအတိုးတွင် ယိမ်းထိုးလှုပ်ရှားနေကြသည့် ဝါးရုံကိုင်းဖျားတို့ထက် အတောင်ဖြန့် နေစာလှုံရင်း ကူသံပေးနေသော ချိုးကူသံတို့အပြင် ဘုတ်အီသံများကိုလည်း ကြားနေရသည်။ ယခုလို ဘုတ်ငှက်(ငှက်ရင်ကျား)ကလေးတို့က ချောင်းရေအတက်အကျအချိန်ကိုရွေးကာ အီတတ်ကြသည်။ သူတို့အီသံနှင့်အတူ မိုးကာလမျိုးဆိုလျှင် မိုးရွာတတ်သည်။ မဆီမဆိုင် အကာယ်၍များ အခုအချိန် မိုးရွာခဲ့လျှင်ဆိုသည့် အတွေးဘက်ကိုလည်း ရောက်သွားပြန်သည်။ စိတ်လည်း ထင့်သွားမိခဲ့သည်က အမှန်။

ယနေ့ သူထွက်သာလာခဲ့ပေမယ့် ဘယ်သားကောင်ကို ပစ်မည်ဆိုသည့် အတွေးက ရေရေရာရာ ဦးတည်ချက်မရှိ။ ဟိုယခင်အချိန်များဆီကဆိုလျှင် ဘယ်နေရာ၊ ဘယ်စားယင်အောက်၊ ဘယ်အကောင် ဝင်ရောက်စားတတ်သည်ကို မှတ်သားကာ ထိုအကောင်ကို ပစ်ခတ်ခဲ့သော်လည်း သူယခုထွက်ခဲ့သည့် အနေအထားက ယခင်အချိန်ကလိုမျိုးမဟုတ်။

မည်သည့်အကောင်မျိုးကိုမဆို တွေ့လျှင် ပစ်မည်ဆိုသည့် ရည်ရွယ်ချက်နှင့် ထွက်ခဲ့ခြင်းပင်။ အဘယ့်ကြောင့်ဆိုသော် ယခုတလော မိခင်ကြီးကျန်းမာရေးက ပြီးခဲ့သည့် ၁၀ ရက်ခန့်မှစပြီး ဖောက်လာသည့်အတွက် ဖြစ်သည်။ ပန်းနာရင်ကျပ်ချောင်းဆိုးက မိုးအေးသည်နှင့် ပိုဆိုးလာသည်။ ခါတိုင်းလို ဆေးမြီးတိုနှင့်ကုသော်လည်း မသက်သာသဖြင့် ကျေးရွာကျန်းမာရေးဆရာမ "နော်စောထွေး"ကိုပြပြီး ကုသသော်လည်းမရ။ လှည်းကူးဆေးရုံတင်ကာ ကုသမှုခံယူရန် အကြံပေးသည့်အတွက် ဆေးရုံသို့ပို့ပြီး ကုသခံရန် ငွေကမရှိ။ အထူးသဖြင့် မိခင်ကြီးအာဟာရဖြစ်စေမည့် အစားအစာအတွက်နှင့် ဆေးမြီးတိုဖိုးပင် မရှိ။

သို့အတွက် ယနေ့အဖို့ ဦးတည်ချက်မထားဘဲ တွေ့သည့်အကောင်ကို ပစ်ခတ်ရရှိပါက ဒုင်တွင်ရောင်းချပြီး ရရှိငွေကို အမေ့ဆေးဖိုးအတွက်ဟု ရည်

**လေးမောင်**



www.burmeseclassic.com

www.burmeseclassic.com

ရှူးလျက် ထွက်ခဲ့သည့် ခရီးပင်ဖြစ်ပေသည်။

သို့အတွက် ယနေ့အဖို့ ဟိုအချိန်ကလို ဦးတည်ချက်ထားကာ ပစ်ခတ်ဖို့ အခွင့်အရေး မပေး။ ယနေ့အတွက် ငွေရဖို့ဆိုလျှင် ငှက်ဖမ်း၊ ပွေးထိုး၊ ကိုင်းထောင်၊ ငုံးရိုက်၊ ကြောင်လိုက်၊ ယုန်ထောင်၊ ငါးဖမ်းတို့ကိုပါ လုပ်သင့်က လုပ်မည်ဟု အတွေးနှင့် ထွက်ခွာလာခဲ့ခြင်းပင်။ ထိုသို့လုပ်ပါမှ ငွေရမည်။ ငွေရပါမှ မိခင်ကြီးအတွက် ဆေးဖိုးရမည် မဟုတ်ပါလား။

ယခုလည်း မိခင်ကြီးကျန်းမာရေးကို စိတ်မချသဖြင့် ဘဝတူ ခေါင်းရင်းခြံမှ ပုဆိုးတင်စိုး၏ဇနီး မိသိန်းကြည်ကို မိခင်ကြီးအနားက စောင့်ရှောက်ပေးရန် အကူအညီတောင်းကာ ထွက်လာခဲ့ခြင်းပင်။

အတွေးနှင့် လျှောက်လှမ်းလာခဲ့ရင်း ကြက်ခြမ်းတောစပ်ဆီသို့ ရောက်လာသည်။ ထိုစဉ် သူ့အတွေးတွင်လည်း လယ်ထိုးကွင်းများ ထောင်သွားလိုက်ရလျှင် ရစ်နှင့် တောကြက်များ မိနိုင်ကောင်းသည့်အတွေးနှင့် ရပ်တန့်ကြည့်နေလိုက်သည်။

ကြက်ခြမ်းပင်ဆိုသည်က အပင်ကြီးမျိုးတော့ မဟုတ်။ အမှတ်မဲ့ကြည့်လိုက်ပါက ရွှေပန်းပင်၊ ငွေပန်းပင်တို့လို လူတစ်ရပ်သာသာ အပင်မျိုး။ အသီးတွေကပင် ခြေရင်းအမြစ်အထက် အပွတ်လိုက်၊ အခိုင်လိုက်။ ခြမသာသာ နီနီရဲရဲ အသီးကလေးများ။

ထိုအသီးကို ခွဲလိုက်လျှင် အတွင်းမှ အဆန်ကလေးတွေက ဆန်စေ့ကလေးများကဲ့သို့ စီတန်းပြီး အကန့်လိုက် အကန့်လိုက် ဖြူဖြူစေ့ကလေးများ။ စားလျှင် ချိုဆိမ့်မို့ တောကြက်နှင့် ရစ်တို့ အလွန်ကြိုက်သည့် အသီးတို့ပင်။

ထိုကြက်ခြမ်းသီးကို ကျေးငှက်သာရကာတို့လည်း ကြိုက်သည်။ မက်လောက်စရာက တောကြက်နှင့် ရစ်တို့ပင်။ သည်ရိုးမကြီးအတွင်း ရစ်ဆိုသည့် အကောင်မျိုးကို လေးမျိုးတွေ့ရသည်။ (ဗိုင် + ဘော + ငွန် နှင့် ဦးစွန်းတန်း) တို့ပင်။ မည်သည့်အတွက်ကြောင့် ရစ်ဆိုသည့် အကောင်ကို ယခုလို လေးမျိုး ခွဲခြားခေါ်ဝေါ်ကြသည်ကိုတော့ မသိ။ သူသိသည်က ခေါင်းကအမောက်အပြင် အတောင်အကြီး၊ အသေးကိုလိုက်ပြီး ခွဲခြားခေါ်သည်ဟု ထင်သည်။ ထိုလေးမျိုးတွင် သုံးပိဿာကျော်သည့် "ဗိုင်" ဆိုသည့် ရစ်တစ်ကောင်၏ ဦးစွန်း (အမောက်)မှာ ကြီးမားသည်။ အငယ်ဆုံး ဦးစွန်းတန်းဆိုသည့် ရစ်သည် အမောက်က ယောင်ယောင်ကလေးသာ ရှိသည်။ တစ်ပိဿာခန့် အချိန်စီးသည်။ ကျန်နှစ်မျိုးကတော့ သိပ်မကြီး။ လက်တစ်လုံးနှင့် နှစ်လုံးခန့်ရယ်သာ။ ခြေထောက်မှအတက်ကလည်း ထိုအတူပင်။

ကြက်ခြမ်းတောဘက်ဆီသို့ သွားသောလမ်းသည် လှည်းလမ်းကြောင်းယာဘက်မှာ ဖြစ်ပြီး၊ သစ်ပင်ကြီးများ ခပ်ကျဲကျဲပေါက်နေသည့် ဆင်ခြေလျှောအတိုင်း လိုက်သွားရာ အဆုံးတွင် ခပ်ပြေပြေ ခပ်နိမ့်နိမ့် တောင်ကုန်းကလေးဆီ ရောက်လာသည်။ ထိုနေရာရှေ့တွင် ကြက်ခြမ်းတောက ချုံပင်ငယ်တို့နှင့် ရောနှောကာ တစ်မျှော်တစ်ခေါ်။ အလယ်တွင် မြရာပင်ကြီးတစ်ပင်က ထီးတည်းမားမား။

အများစုမှာ ကြက်ခြမ်းပင်များ ချည်းသာ ပေါက်ရောက်သည့်နေရာမို့ ကြက်ခြမ်းတောဟု ခေါ်ကြဟန်ထင့်။ ထိုတော၏ အနောက်ဘက်တွင် ထူးကဲစွာပေါက်နေသော လျှိုတစ်ခုအကြား ဝါးပိုးရုံများကိုလည်း မြင်တွေ့လိုက်ရသည်။ ထိုစဉ် -

"ဟု...ကိကိ၊ ဟု...ကိကိ"

ရစ်တစ်ကောင်၏ အထိတ်တလန့် အော်မြည်တောတိုး ပြေးလွှားသံကို ကြားလိုက်ရသည်။ သူ့ကိုမြင်တွေ့သွား၍လား။ အနံ့ကို ရသွား၍လားတော့ဖြင့် မသိ။ ထိုစဉ် -

"ဝေါင်း...ဝေါက်...ဝေါက်"

ရစ်က တထိတ်တလန့် တောထိုးပြေးဆင်းသွားသည့်နေရာမှ ချေ(ဂျီ) ဟောက်သံကို ကြားလိုက်ရသည်မို့ မုဆိုးဒူးထောက်ထိုင်ရင်း သေနတ်ကို အသင့်ကိုင်ကာ အသံကြားရာကို ရှာဖွေနေလိုက်သည်။

ကြက်ခြမ်းတောဆိုသည်က အပင်မြင့်သည့်မျိုးလည်း မဟုတ်။ ခပ်နီးနီးဆီမှ အဆက်မပြတ် ချေဟောက်သံကို ကြားနေရသော်လည်း အကောင်ကို ရှာလို့မတွေ့သေး။ သို့အတွက် ရှေ့ကိုသာ တိုးကပ်သွားလိုက်သည်။ သို့တိုင်အောင် ဟောက်သံကို ကြားနေတုန်းပင်။ သို့သော်လည်း အကောင်ကို ရှာမတွေ့သေး။ အမြင်များ မှားနေရော့သလားအထင်နှင့် မျက်စိကို လက်ခုံနှင့် ပွတ်သပ်ရှာကြည့်ပြန်သော်လည်း မထူးခြား။ သူစဉ်းစားနေသည်က -



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်သေးပါဘူး။ ချေဆိုတာ ဝိသာချိန် ၁၀ လောက်ရှိပြီး အရွယ်အစားကလည်း ဆိတ်တစ်ကောင်နီးပါး။ ခုအသံကြားနေရပြီး အကောင်ကို ရှာလို့မတွေ့တာ ရှိးမှရှိးရဲ့လား။ စောစောစီးစီး တောမှောက်ခံနေရပြီလား"

စိတ်ကတွေးရင်း အသံကြားရာဆီ လှမ်းကြည့်ရှာဖွေနေလိုက်ပြန်သည်။ စိတ်တွင်းကလည်း မကျေမနပ်နှင့် အသံကြားရာအနီး တိုးကပ်ခဲ့ရာ ဝါးတစ်ရိုက်ခန့် ရောက်ရှိသော်လည်း အကောင်ကို မတွေ့ရသေး။ သို့အတွက် အပင်ရင်းအသီးများအကြား လိုက်လံကြည့်ရှုရှာဖွေလိုက်ရာ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် တအံ့တဩ ဖြစ်သွားမိသည်က အမှန်။

အကောင်က နီရဲရဲ၊ တိုနန့်နန့်အမြီး။ ဖြူရော်ရော်နားရွက်နှစ်ဖက်က ခပ်ချွန်ချွန်။ ခြုံငုံကြည့်လိုက်သဖြင့် သူမြင်တွေ့နေရသော အကောင်သည် ချေတော့ချေပင်။ အသံကလည်း ချေဟောက်သံ။ သို့သော် သူမြင်ဖူး၊ တွေ့ဖူး၊ ပစ်ခတ်လို့ ရရှိခဲ့ဖူးသည့် အချိန် ၁၀ ဆိတ်တစ်ကောင်နီးပါးရှိသည့် ချေမဟုတ်။ ယခု သူတွေ့လိုက်ရသည့် အကောင်က လယ်ကြွက်တစ်ကောင်လောက်ရှိသည့် အကောင်ကလေး။ သို့သော် ခြေဆံ၊ လက်ဆံက လက်လေးလုံးခန့် ရှည်သည်ကလွဲပြီး ကျန်အစိတ်အပိုင်းအင်္ဂါရပ်က ချေတစ်ကောင်အသွင်။

"အို…ဘုရား ဘုရား။ ဘယ်လိုချေမျိုးနဲ့ လာတိုးနေရပါလိမ့်"

စိတ်တွင်းက တွေးတောလိုက်ရင်း ထိုအကောင်ကလေးကို ပစ်ခတ်ရန် ချိန်ရွယ်ကာ မောင်းခလုတ်ကို ဆွဲဖြုတ်ချလိုက်သည်။ ကျူမီးသေနတ်တို့၏ ထုံးစံအတိုင်း ပေါက်ကွဲသံနှင့်အတူ ဝန်းကျင်တစ်ဝိုက် မီးခိုးလုံးက အမှောင်ဖုံးသွားပေသည်။

ယဉ်ကြိုင်တစ်ယောက် မီးခိုးလုံးအကြားမှ အခြေအနေကို စောင့်ကြည့်နေလိုက်စဉ် သူပစ်လိုက်သော ချေကောင်လေးမှာ မီးခိုးငွေ့တို့အကြားမှ ခပ်မှုန်မှုန်အနေအထားဖြင့် လှည်းလမ်းကြောင်းဘက်ကို ထွက်ခွာသွားသည်ကို တွေ့လိုက်ရပေသည်။ ပုံစံကား ပစ်ခတ်လိုက်သည့် သေနတ်ကျည်ခဲလုံးတို့သည် သူနှင့်မသက်ဆိုင်သလိုမျိုး အသွင်။

ဝန်းကျင်တစ်ဝိုက် ပစ်ခတ်လိုက်သော သေနတ်ပေါက်ကွဲသံကြီးကြောင့် စားသောက်နေကြသည့် ရစ်၊ တောကြက်နှင့် အခြားသောငှက်တို့ တထိတ်တလန့် ပျံသန်းအော်ဟစ် ပြေးထွက်သွားကြသည်။ ပြီးနောက် လယ်တိုးကွင်းကိုမိနိုင်လောက်သည့် နေရာများတွင် ထောင်လိုက်ပေသည်။

လယ်ထိုးကွင်း ၂၀ ခန့် ထောင်လို့အပြီး ရှေ့ခရီးကိုမဆက်မီ သူ့ဖခင်မသေဆုံးမီ ပြောကြားခဲ့သည့် စကားတစ်ခုကို အမှတ်ရလိုက်ပြန်သည်။

"လူလေး…မှတ်ထားကွ။ တောထဲမှာ လယ်ကြွက်လောက်ရှိတဲ့ ချေတစ်မျိုးရှိတယ်။ သူ့ကို ချေလောင်လို့ခေါ်ကြတယ်။ ခြေဆံ၊ လက်ဆံကတော့ နည်းနည်းရှည်တယ်။ သူ့အသံက အကောင်လေးပေမယ့် အကောင်ကြီးတွေအသံမျိုးပဲ။ အဲဒီကောင်မျိုးတွေ့ရင် မပစ်နဲ့ကွ…ကြားလား"

အဖန်ရည်သောက်ရင်း ဖခင်ဖြစ်သူက သားကိုပြောကြားနေသည်မို့ -

"ဟုတ်လား အဖေ။ ဆန်းလိုက်တာနော်။ ဘာကြောင့်မပစ်ရတာလဲဟင်"

"ပစ်မယ်ဆိုလည်း ဘယ်တော့မှ မထိဘူး။ သူ့မှာ ကျည်ဆန်လွဲတဲ့ တန်ခိုးရှိတယ် ပြောကြတယ်။ ဒီတော့ ကျည်ကုန်တာပေါ့ကွာ"

"ဒီလိုဆို ဘယ်လိုလုပ်ရင် ရမလဲဟင်…အဖေ"

"ထောင်ချောက်မိရင်တော့ ရတယ်လို့ ပြောတယ်။ သူ့အသားက ဆေးဖက်ဝင်တယ်လည်း ပြောတယ်"

"ဘယ်လို ဆေးဖက်ဝင်တာလဲဟင်"

"ရောဂါစုံ စွမ်းတယ်လို့ ဗိန္ဓောဆရာကြီး ဦးမြတ်ထူးက ပြောတာပဲ"

စောစောက သတိမရလိုက်။ ထိုအကောင်ကိုပစ်ပြီးတော့မှ သတိရလိုက်သည်မို့ သူ့ကိုယ်သူ အပြစ်တင်လိုက်မိသည်။ အဘယ့်ကြောင့်ဆိုသော် ကျူမီးသေနတ်ဆိုသည်က တစ်ချက်ပစ်ခတ်ဖို့အရေး လွယ်သည်မဟုတ်။ နောက်တစ်ချက်ပစ်ဖို့အရေး ပြောင်းအတွင်း ယမ်းမှုန့်များ လောင်းထည့်ရသည်။ ပြီးနောက် ထောင်းတံနှင့် ယမ်းကိုထောင်းရသည်။ အုန်းဆံဖတ်များ တစ်ဖန် ထိုးထည့်ထောင်းရပြန်သည်။ ပြီးတော့ ကျည်ခဲလုံးထည့်ရသည်။ နောက်ဆုံး စက္ကူဝိုင်းပြား(ကာဗိုက်)ထည့်ကာ ထောင်းရပြန်သေးသည်။

ထိုလုပ်ဆောင်မှုကို ပြီးသောအခါ ထိုယမ်းမကြီးဘက်ဆီသို့ ပေါက်မီးကူးရန် အပေါက်ပါ အကူငုတ်ကလေးအသွင်း



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ယမ်းထည့်ကာ (တူဆီ)ခေါ်သော ခါတ်ခဲထိပ်မှ ကြေးဝါဆန်ဆန် ခွက်ကလေးထဲသို့ထည့်ကာ ထိုငုတ်ကို အဖုံးပိတ်လိုက်ပြီး နောက်ဘက်(ဒိုင်ဝိုင်း) နှစ်လက်မအကွာ စပရိန်ဖြင့် ရိုက်တံကို မတင်ပြီးထားရသည့် သေနတ်မျိုး။ ပစ်ခတ်လိုသည့်အခါ မောင်းခလုတ်ကို ဆွဲလိုက်သောအခါ ရိုက်တံနှင့် ငုတ်တို့ ထိရိုက်ပြီး အကူပေါက်ယမ်းမှ ယမ်းမကြီးဆီ မီးကူးကာ ပေါက်ကွဲရသည့် သေနတ်မျိုး။

အမေ့ရောဂါအတွက် လိုချင်ရှမ့်ကဲ ဇာနင့် ထိုချောကလေးကို ပစ်ခတ်လိုက်မိသည့် သူ့အဖြစ်ကိုသူတွေးကာ ပစ်ခတ်လိုက်ခြင်းသည် မှားမှန်းသိသော်လည်း နောင်တမရမိ။ သို့အတွက် နောင်ယခုလို လွယ်လွယ်မပစ်ခတ်ဖို့ ဆုံးဖြတ်ချက်နှင့် သေနတ်အတွင်း ကျည်ဖြည့်နေလိုက်ခြင်းပင်။

သူတွေးတောသည်ကလည်း ဟုတ်တော့ဟုတ်သည်။ တူမီးသေနတ်ကိုင်သော မုဆိုးဆိုသည် ယခုလို သားကောင်ကိုတွေ့တိုင်း လွယ်လွယ်ပစ်ခတ်လို့ရသည့် သေနတ်မျိုးမဟုတ်။ ပစ်ခတ်သည့်အခါတွင်လည်း လူကိုပြန်အန္တရာယ်ပေးသည့် သားကောင်မျိုးနှင့် ဆိုပါလျှင် နောက်ထပ်ပစ်ခတ်နိုင်ရေးအတွက် ပြင်ဆင်နေရသည့်ကြားကာလမှာ ၁၀ မိနစ်ခန့် ကြာတတ်သည့် သေနတ်မျိုး။

တောတွင်း၌ သားကောင်ရိုင်းတို့ကို ပစ်ခတ်သည်ဆိုသည်ကလည်း အိပ်တန်းတက်နေသည့် အိမ်မွေးကြက်ကို ရိုက်ချက်ရသည့်အလုပ်မျိုးမှ မဟုတ်ပေဘဲကိုး။ သေနတ်အတွင်း ကျည်ဖြည့်လိုက်ပြီး နောက်တစ်ကြိမ် နွယ်ကြိုးဖြင့် ချေလှောင်ဆိုသည့်အကောင်လေးကို မိလိုမိငြား သုတ်ကိုင်းတစ်ခုကိုထောင်ကာ ရှေ့ခရီးကို ထွက်ခဲ့ပေသည်။

သေနတ်ကိုထမ်းကာ လျှောက်လှမ်းရင်း စဉ်းစားမိသည်က အမေ့ချောင်းဆိုးပန်းနာရင်ကျပ် ရောဂါသည် ပွေးဆိုသည့် အကောင်ကို ရှာဖွေပြီး ကျွေးလိုက်ရလျှင် ကောင်းမည်လား။ သို့မဟုတ် ထိုအကောင်၏ ချေးခါးကို ထုတ်ပြီး ချက်ကျွေးလိုက်ရလျှင် သက်သာလေမည်လား ဆိုသည်ကို စဉ်းစားနေမိသည်။ အဘယ့်ကြောင့်ဆိုသော် မည်ကဲ့သို့ ဆေးဖော်ကျွေးရမှန်း မသိသော်လည်း ပွေးဆိုသည့် အကောင်မျိုးက ဆေးဖက်ဝင် သစ်ဥ၊ သစ်ဖု၊ သစ်မြစ်တို့ကိုသာ စားသောက်ကြသည်။ ဆေးဖက်ဝင်သစ်မြစ်ပေါင်း ၁၀၀၀ ကိုစားလျှင် မျောက်လေပွေ့ဘဝကို ပြောင်းသွားသည်။ သူ၏ချေးခါးသည် ဆေးဖက်ဝင်သစ်မြစ်သစ်ဥတို့နှင့်မို့ အလွန်အစွမ်းထက်ပြီး ရောဂါကို သက်သာစေသည်ဟု ကြားဖူးနာဝရှိထားသည်။

ယခုအချိန်သည် မိုးကာလအစမို့ သူတို့နေထိုင်ရာတွင်းကို ရှာဖို့ကလွယ်သည်။ အဘယ့်ကြောင့်ဆိုသော် မိုးကာလတွင် သူတို့နေထိုင်ရာတွင်းကို မိုးရေဝင်မည်စိုးသဖြင့် ကုန်းမြင့်ရာ မိုးရေမဝင်နိုင်မည့် နေရာသို့ ပြောင်းရွှေ့ကြသဖြင့် ထပ်မံတူးထားသည့်မြေ "ကျစ်စာခဲအသစ်"ကို ရှာဖွေလို့ လွယ်ကူခြင်းကြောင့်ပင်။

ရှေ့ဘက်ဆီသို့ ဆက်လက်လျှောက်လှမ်းနေရင်း သူတို့သားအမိနှစ်ဦး အခြေအနေကို ပြန်လည်စဉ်းစားနေလိုက်မိသည်။ ဝေးဝေးဆီကိုတော့ မဟုတ်။ မနေ့ညနေပိုင်းနှင့် ဒီနေ့မနက်ကိစ္စကလေးကိုပင်။

"အမေနိုးပြီလား။ မျက်နှာသစ်ဖို့နဲ့ ဘုရားဆွမ်းတော်ကပ်ဖို့ အသင့်ပဲ။ အမေစားဖို့လည်း ပြင်ထားတယ်။ ကျွန်တော် တောပုန်းချောင်းထွက်ဦးမယ်နော်"

မိခင်ကြီး မနိုးခင် ကိစ္စတွေကို ကြိုတင်ပြင်ဆင်ထားပြီးကြောင်း အသိပေးလိုက်တော့ -

"သာခုကွယ်···သာခု၊ သွားစရာရှိတာ သွားပါကွယ်။ အမေ ရပါပြီ။ အဟွတ်···အဟွတ်···အဟွတ်"

အမေ့ချောင်းဆိုးက မရပ်တော့။ သူ့ဘာမှပြန်မပြော။ ယနေ့ အမေ့ကျန်းမာရေးအတွက် သားကောင်ပစ်ခတ်ရရှိဖို့က အရေးကြီးသည်။ သို့မှသာ ဆေးဝယ်ဖို့၊ ဆေးရုံတင်နိုင်ဖို့ လုပ်နိုင်ပေမည်။ ခေါင်းရင်းတွင်ချိတ်ထားသော တူမီးသေနတ်ကိုယူ၍ ထွက်ခဲ့သည်။ မထွက်ခင် မှာလိုက်သည်က -

"အမေ့ရောဂါအတွက် ဆိုရင်တော့ အန္တရာယ်ရှိမယ့်အလုပ်ကို မလုပ်နဲ့ကွယ်။ မင်းမှာလည်း ကိုယ်ရှာတဲ့ပိုက်ဆံ ကိုယ်သုံးရတယ်မရှိဘူး။ အမေ့ရောဂါအတွက် ကုန်နေတာ ပင်ပန်းလှပါပြီ။ ဘုရား···ဘုရား···အဟွတ်···အဟွတ်"

အမေ့ကို ပြန်မပြောနေတော့။ သို့သော် ရင်ထဲကတော့ -

"ဪ···အမေရယ်၊ ဒီသားအမိနှစ်ယောက်တည်းရှိတာ၊ ကျွန်တော့်အတွက် မပူပါနဲ့။ အမေ့ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com

အတွက်သာ စိုးရိမ်တာပါ။ အမေ့ကို ပြုစုနေရတာကိုလည်း ကိုယ့်ကိုယ်ကို ကျေနပ်ပါတယ်"

ရင်တွင်းက ပြန်ပြောလိုက်မိတာက အမှန်။ အမေဘုရားဝတ်ဖြည့်နေစဉ် အားဖြည့်ကာ အမေ့အတွက်ရည်စူး၍ လျှောက်လှမ်းခဲ့ပေတော့သည်။

* * * * * *

တကယ်တော့ ယဉ်ကြိုင်တစ်ယောက် လေ့လေ့လော့တုန်း တက်ကျိုးခဲ့ရသည့် အဖြစ်ပင်။ သူ ၁၂ နှစ်သားအရွယ်တွင် ဖခင်ဖြစ်သူ မှဆိုးကြီး ဦးသိန်းဝင်း အမဲလိုက်သွားရင်း စွယ်စုံ ဟိုင်းဆင်ကြီးတစ်ကောင်နှင့် ထိပ်တိုက်တိုးပြီး ဒူးလေးနှင့် ပစ်ခတ်ကာကွယ်ရာမှ ဒေါသထွက်နေသော တောဆင်ရိုင်းကြီးက နင်းခြေပြီး ပေါင်နှစ်ချောင်းကို ဆွဲဖြဲကာ ကိုက်စားပစ်ခြင်းကို ခံခဲ့ရပေသည်။ အမှန်တော့ ဆင်ဆိုသည့်သတ္တဝါက လူသားကို စားသည့်အကောင်တော့ မဟုတ်။ ဟိုင်းဆင်ကြီးလည်းဖြစ်၊ မုန်ယိုနေသည့်အချိန် ဒူးလေးနှင့်ပစ်လိုက်သည့်အတွက် ဒေါသထွက်ပြီး လက်စားပြန်ချေလိုက်ခြင်းပင်။

ထိုအဖြစ်ကြောင့် မိခင်ဖြစ်သူ ဒေါ်ခုမွန်ဦးတစ်ယောက်လည်း လင်တော်မောင် အသေဆိုးနှင့် သေခဲ့ရသည့် စိတ်ဒဏ်ရာကြောင့် အိပ်ရာထဲ ဗုန်းဗုန်းလဲကာ ရောဂါစွဲကပ်လာခြင်း ခံလိုက်ရပေသည်။ သို့အတွက် ယဉ်ကြိုင်တစ်ယောက် ရင်ကျပ်ပန်းနာရောဂါ စွဲကပ်နေသည့် မိခင်ကြီးနှင့်အတူ ဘဝကိုရုန်းကန်နေရ၏။ ချို့တဲ့သော ဘဝပေးအခြေအနေမျိုး ရောက်ခဲ့သည်မှာ ယခုချိန်ထိတိုင်ပင်။

ယခု သူ၏အသက်မှာ ၂၆ နှစ်သို့တိုင် ရောက်ခဲ့ပေပြီ။ မကျန်းမာသည့် မိခင်ကြီးနှင့်အတူ နေထိုင်ရုန်းကန်ရင်း အမဲပစ်ခတ်လာခဲ့သည်။ ရိုးမကြီးတစ်ခွင်လုံးကိုလည်း ရောက်ဖူးခဲ့ပြီး ဖြစ်ပေသည်။ ထိုသို့ ကျင်လည်ကျွမ်းကျင်စွာ အောင်လည်း ဖခင်မုဆိုးကြီး လမ်းညွှန်သင်ကြားပြသပေးမှု ကျေးဇူးကြောင့်ပင်ဖြစ်ပေသည်။

ဖခင်သေဆုံးပြီးနောက် ဖခင်သူငယ်ချင်းဖြစ်သူ မုဆိုးကြီး "ငပိုက်"ကလည်း သူ့ကို မိခင်လူမမာသည်ကြီးကို ရိုးသားစွာ လုပ်ကိုင်ရှာဖွေကျွေးမွေးပြုစုနေသော သူ့အား ကရုဏာသက်ကာ သူတတ်သိနားလည်ထားသည့် မုဆိုးပညာရပ်များကို လက်ထပ်သင်ကြားပေးပြန်၏။ ယဉ်ကြိုင်ကား ငွေကြေးနွမ်းပါးပြီး ပညာမဲ့သော်လည်း အရာရာကို စူးစမ်းဆင်ခြင်တတ်သောဉာဏ်ကြောင့် အများနည်းခဲ့သည်။

မုဆိုးပညာရပ်ကို အကုန်ရလိုက်သည်ဆိုသော်လည်း သူ့ဘဝကို မုဆိုးတစ်ယောက်အဖြစ် မခံယူခဲ့။ တစ်ချိန်ချိန် ထိုဘဝက ရုန်းထွက်နိုင်ဖို့ ရည်ရွယ်ချက်ရှိသော်လည်း လက်ရှိအနေအထားအရ ရုန်းထွက်ဖို့ ခက်ခက်။ အဘယ့်ကြောင့်ဆိုသော် မိခင်ကြီး၏ ကျန်းမာရေး အခြေအနေက ရာသီဥတုအေးလာသည်နှင့်အတူ ပိုဆိုးလာသည်။ ဖခင်မသေမီက စွဲကပ်သော ထိုရောဂါက ဖခင်သေဆုံးပြီးမှ ယနေ့ထိ ပိုဆိုးလာကာ ဒုက္ခပင်ပေးနေခဲ့ပေပြီ။

ယခုအချိန်ဆိုလျှင် မိခင်ကြီး ချောင်းဆိုးပါက သွေးများပင် ပါလာချေပြီ။ သို့အတွက် ကျန်းမာရေးဆရာမကို အိမ်ပင့်ပြီး ပြသသော်လည်း မသက်သာ။ ကျွမ်းကျင်သော ဆရာကြီးများရှိသည့် လှည်းကူးဆေးရုံတင်ပြီး ကုသမှုခံရန် ပြောလာပြန်သည်။

မိခင်ကြီးအတွက် ဆေးရုံတင်ပြီး ဆေးကုသမှုခံယူလျှင် ကောင်းမည်မှန်း သိသော်လည်း သူ့တွင် လုံလောက်သော ငွေကြေးက မရှိ။ သူငယ်ချင်းများကလည်း မထောက်ပံ့နိုင်။ ကိုယ်လိုလူချည်းပင်။ ယုတ်စွအဆုံး စားဖို့ကလည်း မရှိ၊ ဆေးဖိုးတို့အတွက် ဝယ်စရာကလည်း ပိုက်ဆံက မရှိ။ သို့အတွက် သူတတ်သည့်ပညာဖြင့် သားကောင်ကို ပစ်ခတ်ပြီး ရရှိသည့်အကောင်ကို ရောင်းချ(နိုင်ကိုသွင်း)ပြီး ငွေရအောင်ရှာရတော့မည့် အဖြစ်။

ယခုအချိန်တွင် အမေ့ရောဂါကို ပျောက်ကင်းအောင် ကုသဖို့အတွက် မည်သည့်အကောင်မဆို ပစ်ခတ်လို့ရရှိသည့်အကောင်ကို ငွေဖော်ကာ အမေ့ကို ဆေးရုံတင်ရန်၊ လုံလောက်သောငွေမရသေးပါက မင်းကုန်းဈေးကိုပြေးပြီး ဆေးဝယ်ရန် အတွေးနှင့် ထွက်လာခဲ့ခြင်းပင်။

* * * * * *

"ဟော...ယဉ်ကြိုင်တောပုန်းချောင်းထွက်တာလားကွ"

တောထဲဝင်၍ ဝါးခုတ်ပြီး ပြန်လာကြသည့် လှည်းများရှိ ရှေ့ဆုံးလှည်းမှ ဦးဝင်းနိုင် ဦးဆောင်ကာ ပြန်လာကြသည့်အဖွဲ့မှ လှမ်းမေးလိုက်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ဦးလေးဝင်းနိုင်၊ လှည်းငါးစီးပါလား။ ဘယ်နေ့က တက်တာလဲ"

"တမြန်နေ့က ဝင်တာလေ။ နေမရင့်ခင် စောစောထွက်ခဲ့ကြတာ"

"နောက်လှည်းတွေက ဘယ်သူတွေလဲ ဦးလေး"

"တင်ထွန်း၊ မြတ်မင်းဟန်၊ စိန်လှိုင်နဲ့ စိုးသော်တို့လေ"

"အခြေအနေဘယ်လိုလဲ။ သားကောင်တွေ့သေးလား"

"ဟိုဘက်တောင်ကြောကို ရေဆင်းသောက်တဲ့ စိုင်တစ်အုပ် တွေ့ခဲ့တယ်။ ဆယ်ကောင်ကျော်မယ်။ ဒါနဲ့ မင်းကိုမှာရဦးမယ်။ ငါ ဖြူတစ်ကောင် လိုချင်တယ်ကွာ။ ဆေးဖော်ဖို့လေ။ ပိုပေးပါ့မယ်။ ဘယ်အချိန်ရရ ဆွဲခဲ့ကွာနော်"

"တစ်ကောင်ပဲလား ဦးလေး"

"ဘယ်နှကောင်ရရကွာ။ ရတဲ့အချိန် ဆွဲခဲ့၊ ကြားလား။ နေမရင့်ခင် အရောက်သွားရမှာမို့ ငါတို့သွားမယ်နော်"

ပြောပြောဆိုဆို ဦးဝင်းနိုင်က လှည်းကိုမောင်းပြီး ထွက်သွားသည်။ နောက်လှည်းပါသူတို့ကလည်း သူ့ကို နှုတ်ဆက်ကာ တအိအိမောင်းရင်း ရွာဘက်ကို သွားနေကြသည်။ သူက လိုရာဆီသို့ ဆက်လက်လျှောက်လှမ်းခဲ့ပေသည်။

သွားရင်းလာရင်း ဦးလေးဝင်းနိုင်နှင့်တွေ့ခဲ့ပြီး "ဖြူ"ဆိုသည့်အကောင်ကို ဆိုလျှင် ရသလောက်ယူမည်၊ အခြားသူတွေထက်လည်း ဈေးပိုပေးမည်ဟု မှာကြားသွားသဖြင့် သူဝမ်းသာနေသည်။ တကယ်တော့ သူက ဖြူကောင်တွေအကြောင်းကို ဆရာရင်းဖြစ်သူ ဦးငပိုက်လက်ထပ်သင်ကြားပေးထားခဲ့သည် မဟုတ်ပါလား။

သူဆက်လက် လျှောက်လှမ်းလာခဲ့ရင်း တစ်နေရာရောက်တော့ ခတ်အုန်းပင်ကြီးထက် တစ်နေရာဆီသို့ သူမ်းကြည့်လိုက်မိသည်။ မြင်ကွင်းက သူ့ကို တအံ့တသြဖြစ်သွားစေသည်က အမှန်။

သို့အတွက် ထိုအရာကို စူးစိုက်ကြည့်နေလိုက်မိသည်။ ဟုတ်မှဟုတ်ရဲ့လားဟူသော အတွေးနှင့် တအံ့တသြလည်း ဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအပင်၏ အောက်ခုံးကိုင်းတွင် သီးနေသော "ခတ်အုန်းသီး"တို့၏ ညှာတံရင်းတွင် ဆူးတစ်ချောင်းစီ စိုက်ဝင်၍နေကြသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပေသည်။

ခတ်အုန်းသီးတွေ၏ ညှာတံရင်းတွင် စိုက်ဝင်နေသည်က ဖြူဆူးတွေပင်။ ထိုမြင်ကွင်းကြောင့် သူ့စိတ်ကလည်း တအံ့တသြဖြစ်သွားမိသည်။ ခတ်အုန်းပင်ဆိုသည်က ခပ်သေးသေး အပင်မျိုးလည်း မဟုတ်။ အောက်ခုံးအကိုင်းတွင် သီးနေသော အသီးတွေ၏ အမြင့်ပေကဆယ့်ငါးပေခန့်။ ခတ်အုန်းသီးလေးလုံးတွင် အညှာရင်းတို့တွင် ဖြူဆူးတစ်ချောင်းစီ စိုက်ဝင်နေသည်က ဆန်းကြယ်သည့်မြင်ကွင်းပင် ဖြစ်ပေသည်။

ဖြူဆိုသည့်ကောင်မျိုးက နောက်ပိုင်းတွင် ဆူးတောင်များ နောက်ပြန်ထွက်နေကြသည့် အကောင်မျိုး။ ဆူးအရှည်က တစ်ပေခန့်ရှည်ကြသည်။ ရန်သူနှင့်ရင်ဆိုင်တွေ့လျှင် နောက်ကျောပေးပြီး သူ၏ဆူးတောင်တွေနဲ့ ပစ်လွှတ်ကာ တိုက်ခိုက်တတ်ကြသည်။

စားသောက်ကြသည်ကလည်း အသီးအရွက်နှင့် အသားကျန်တွေကို စားသောက်တတ်ကြသည်။ အထူးသဖြင့် ပြောင်း၊ မုန်လာဥ၊ ကန်စွန်း၊ ခတ်အုန်းသီးတို့ကို လွန်စွာကြိုက်နှစ်သက်သည်။ သစ်မြစ်၊ သစ်ဥတွေကိုလည်း စားကြသည်။ အစာရှာရာတွင် နေ့မထွက်ကြ။ ညဉ့်ပိုင်းသာထွက်ပြီး ရှာဖွေစားသောက်ကြသည်။ (လူသူကင်းဝေးပြီး အန္တရာယ်မရှိသည့် နေရာမျိုးတွင် နေ့ဘက်လည်း ထွက်ကြသည်။) မြေတွင်းအောင်းကာ ကလိုင်တွင်း နေထိုင်ပေါက်ပွားကြသည်။ တစ်နှစ်တွင် သုံးသားကျသည်။ အကောင်ပေါက်ကလေးတို့ ဆူးတောင်က ပျော့ပြီး ဆယ်ရက်ခန့်ကြာမှ မာလာသည်။ ရေကူးကျွမ်းကျင်ပြီး သက်တမ်းက ၂၇ နှစ်ဟု ဆရာဖြစ်သူက သူ့ကိုပြောပြထားဖူးသည်ကို အမှတ်ရနေသည်။

ဆရာဖြစ်သူ ပြောပြထားသဖြင့် ဖြူနှင့်ပတ်သက်ပြီး သူသိထားသည်က သည်လောက်ပင်။ ယခုသူမြင်နေရသည့် မြင်ကွင်းက ခတ်အုန်းသီးလေးလုံး အညှာရင်းတွင် ဖြူဆူးတစ်ချောင်းစီ စိုက်ဝင်နေသည့် မြင်ကွင်းက ဆန်းနေသည်။ အတွေ့အကြုံအရ ဖြူတွေ ရန်ပြု တိုက်ခိုက်မှုက ကျောဘက်ရှိ ဆူးတွေကို ခါထုတ်ပစ်လွှတ်တိုက်ခိုက်ကြသည်ဆိုသည်ကိုပင်။ ယခုမှု အသီးလေးလုံး အညှာရင်းတွင် ဖြူဆူးတစ်ချောင်းစီ စိုက်ဝင်နစ်မြုပ်နေခြင်းသည် သူတို့အစာရှာရာတွင် အပင်ထက်မှ ကြိုက်နှစ်သက်သည့် အသီးကို စားသုံးလိုပါက ထိုအသီးအောက်သို့ ကြွေကျစားသုံးနိုင်ရန် ဆူးတွေကို လိုအပ်သည့် တစ်ချောင်းစီ



www.burmeseclassic.com

www.burmeseclassic.com

ပစ်လွှတ်ခြွေချပြီး စားသောက်တတ်ကြပါကလားဆိုသည့်အတွေးကို ရလိုက်သည့်အတွက် ဖြစ်ပေသည်။

ခတ်အုန်းသီးပင် ဆိုသည်က တောတွင်းနေ သားကောင်တို့ စားသောအပင်။ သို့သော် သားကောင်တိုင်းတော့ မစားကြ။ လွန်စွာခါးသက်သည့်အတွက်ကြောင့် ဖြစ်သည်။ အပင်ကြီးမျိုးဖြစ်သည်။ အသီးအရွယ်အစားက ဥသျှစ်သီးနှင့်တူပြီး အရွယ်အစားကလည်း တူညီသည်။ အပေါ်ခွံကလည်း မာကျောသည်။ သီးကာင်းစတွင် အစိမ်းရောင်၊ အနည်းငယ် ကြီးပြီးရင့်လာလျှင် ပန်းရောင်၊ မှည့်တော့မည့်အခါ အနီရောင်၊ မှည့်လျှင် အညိုရောင်ပြောင်းသွားသည်။ သို့အတွက် ခတ်အုန်းပင်ကြီးသည် အကိုင်းအခက်တို့တွင် ရောင်စုံဘောလုံးအရွယ်ညီ ချိတ်ဆွဲထားသည့်နှယ် ကြည့်၍ကောင်းသည်။

ထိုအသီးများ မည်သည့်အရောင်ဖြစ်စေကာမူ အတွင်းသားမှာ စားလျှင် အလွန်ခါးသည်။ ဝက်ဝံ၊ တောဝက်၊ ဆတ်၊ ချေ၊ ဒရယ်နှင့် ဖြူတို့ စားကြသည်။ သို့သော် စားပုံခြင်းကမတူ။ ဝက်ဝံဆိုသည့်အကောင်က သစ်ပင်ပေါ်တက်ပြီး ကြိုက်သည့်အလုံးကို ခူးပြီးစားကြည့်သည်။ သူကြိုက်သည့်အရသာမျိုးမဟုတ်က မြေပြင်ကို ပစ်ချသည်။ ကျန်သော သစ်ပင်မတက်နိုင်သော အကောင်များကမူ သူမကြိုက်၍ စွန့်ပစ်သောအသီးတွေကို မြေပြင်တွင် စားသောက်ကြရသည်။

(မှတ်ချက် ။ မုဆိုးလုပ်သူက ထိုအပင်ကို လင့်စောင့်လျှင် ဝက်ဝံကိုပစ်လို့ရသလို အခြားသော သားကောင်တို့ကိုလည်း ပစ်ခတ်လို့ရရှိသည့် အပင်ဖြစ်ပေသည်။ အရေးသဖြင့် ခတ်အုန်းပင်ထက်က ဝက်ဝံမကြိုက်သဖြင့် စွန့်ပစ်သော အသီးတွေကို စောင့်ပြီးစားကြသည့် ဆတ်၊ ဒရယ်၊ ချေ၊ တောဝက်နှင့် ဖြူတို့ကိုပင်။)

ခတ်အုန်းသီးမှာ ဥသျှစ်သီးလိုမျိုးဖြစ်ပြီး ဧေလေမိုင်ပိုင် လေးထောင့်သည့် အသီးကို သယ်မိုးထားရသည့် အညှာသည် လွန်စွာ မာကျောခိုင်ခံ့သည်။ တော်ရုံမိုးဒဏ်၊ လေပြင်းတိုက်ခတ်ခံရသည့်ဒဏ်ကြောင့်ပင် ကြွေမကျ။ ထိုသို့ အညှာခိုင်သည့် အသီးကိုမှ စားလိုသည့် ဖြူကောင်က ဆူးတောင်တွေအများအပြား ရှိနေသည့်အကြားမှ အပင်ထက်ရှိ ခတ်အုန်းသီး လေးလုံး၏ ညှာတံရင်းကို သူ၏ခန္ဓာကိုယ်မှ ဆူးတောင်တစ်ချောင်းစီ ခါထုတ်လွှတ် ပစ်ခတ်ခြွေချသည့် ဖြူကောင်တို့၏ စွမ်းပကားကို တအံ့တဩဖြစ်မိသည်က အမှန်။

ထိုစဉ် လမ်းတွင် ဝါးတွေခုတ်ပြီး လှည်းဖြင့်တင်ကာ ရွာကိုပြန်လာသော ဦးလေးဦးဝင်းနိုင် မှာကြားလိုက်သည့် စကားကို ပြန်လည်သတိရလိုက်သည်။

“ဒါနဲ့ မင်းကိုမှာရဦးမယ်။ ငါဖြူတစ်ကောင်လိုချင်တယ်။ ဆေးဖော်ဖို့လေ။ စျေးပိုပေးပါ့မယ်။ ဘယ်အချိန်ရရဆွဲခဲ့နော်။ ဘယ်နကောင်ရရကွာ။ ရတဲ့အချိန် ငါ့ဆီယူလာခဲ့၊ ကြားလား”

ဦးလေးဝင်းနိုင် မှာကြားသည့် စကားကို သူပြန်လည်ကြားယောင်နေသလို၊ သူ့အတွေးတွင်လည်း သည်ဝန်းကျင် ဖြူတွင်းရှိနိုင်သည်ကို သူသတိပြုလိုက်မိသည့်အတွက် လိုက်လံရှာဖွေ အခဲကဲခတ်ကြည့်လိုက်သည်။ သူ့စိတ်ကူးကလည်း ဖြူဘက်ဆီကို ရောက်သွားသည်။ သို့အတွက် ဖြူတွင်းရှိနိုင်မည့် နေရာတို့ကို လိုက်လံရှာဖွေ ကြည့်ရှုနေလိုက်သည်။

ယဉ်ကြိုင်တစ်ယောက် လိုက်လံကြည့်ရှုရင်း တစ်နေရာအရောက်တွင် ဖြူတွေခိုအောင်းနေထိုင်သည့် ကလိုင်ပုံသဏ္ဍာန်ဖြစ်နေသည့်နေရာကို တွေ့မြင်လိုက်ရသည်။ ဝန်းကျင်အနေအထားကို အကဲခတ်လိုက်ရာ ဂူမင်းတောကြီးများ ဖြစ်နေသည်ကို သတိပြုလိုက်မိသည်။ သို့အတွက် ထိုကလိုင်သည် ဖြူတွင်းဖြစ်ကြောင်း ဆုံးဖြတ်လိုက်ပြီး တွင်းဝကို တိုးကပ်၍ နားစွင့်လိုက်သည်။ အတွင်းတွင် ဖြူမရှိ။ သို့ဆိုလျှင် အစာရှာထွက်ပေမည်က အမှန်။ သူစဉ်းစားလိုက်သည်က ဖြူကောင်တွေ တွင်းထဲသို့ ပြန်ပြေးဝင်လာအောင် လုပ်ရမည့်နည်းကိုပင်။ သို့အတွက် သူလုပ်ငန်းကို အကောင်အထည်မဖော်မီ ပုန်းခိုစရာနေရာကို လိုက်လံကြည့်ရှု ရှာဖွေနေလိုက်သည်။

သူ ဖြူတွင်းအနီးအနား အထိုင်ကောင်း၊ ပုန်းကွယ်ရာကောင်းမည့်နေရာကို ကြည့်လိုက်ရာ မနီးမဝေး ဆယ်ပေခန့်အကွာတွင် ညောင်မှတ်ဆိတ်ပင်ကြီးတစ်ပင်ကို တွေ့မြင်လိုက်ရသည်။ လုံးပတ်က လူကြီးနှစ်ဖက်စာခန့် အပင်ထက်မှ အောက်ကို အမြိုင်အရိုင်း တွဲကျနေသည့် အမြစ်တွေက အရွယ်အစားမျိုးစုံ။ သည်ကြားထဲ နွယ်ပင်ကြီးက ထိုအပင်ကို ဖက်တွယ်ထားသည့်မို့

www.burmeseclassic.com

ထိုကပ်ပါးပင်မှ ထွက်နေသည့် ဒိုးနွယ်ရွက်တို့က အုံ့ဆိုင်းနေသည်။

မှဆိုးတွက်ဖြင့် တွက်ဆလိုက်လျှင် လင့်ထက်ကိုတက်ပြီး ထိုင်စရာမလို။ ပုန်းအုံ့သဖွယ်ဖြစ်နေသည့် ညောင်မှတ်ဆိတ်ပင်နှင့် ဒိုးနွယ်ရွက်တို့အကြား ဝင်ရောက်လိုက်လျှင် ဖြူကောင်ကို ပစ်ခတ်လို့ရပေမည်။ ပစ်ခတ်ရာတွင် သေနတ်နှင့်မဟုတ်။ လိုအပ်လျှင်သုံးဖို့ ဆောင်ထားသော လောက်လေးခွဖြင့် ပစ်ဖို့ကိုလည်း ဆုံးဖြတ်ချက်ချလိုက်ပေသည်။

ဦးစွာ ပုန်းအုံ့အတွင်းသို့ သူမဝင်သေး။ လွယ်အိတ်အတွင်းမှ လောက်လေးခွနှင့် လေးသီးတို့ကို ထုတ်ကာ မြေပြင်ချထားလိုက်ပြီး အမဲလိုက်ဓားမြှောင်ဖြင့် ရိုက်တံကောင်း ဝါးတစ်ချောင်းကို ခုတ်ဖြတ်လျက် အနီးရှိ ဝါးရုံမှ ဝါးပင်များကို ရိုက်ပြီး အသံပေးလိုက်သည်။ အသံက အုန်းမောင်းခေါက်သည့်အခါ ထွက်ပေါ်လာသည့် အသံမျိုး။

"တုံ...တုံ...တုံ...တုံ...တုံ"

ယဉ်ကြိုင်တစ်ယောက် ဝါးပင်တို့ကိုရိုက်ပြီး ဆူညံအောင် အသံပေးသလို နားနှစ်ဖက်ကိုလည်း ဝန်းကျင်မှတုံ့ပြန်မည့် အသံကို နားစွင့်သည်။ အတန်ကြာတော့ -

"ချွင်...ချွင်...ချွင်...ချွင်"

ချူသံတချွင်ချွင်ကို ခပ်လှမ်းလှမ်း ဂုန်မင်းတောကြီးအတွင်းမှ သဲ့သဲ့ကြားလိုက်ရသော ယဉ်ကြိုင်တစ်ယောက် မြေပြင်တွင် ချထားသည့် လေးခွနှင့် လေးသီးကို ကောက်ယူလိုက်ပြီး ညောင်မှတ်ဆိတ်ပင်များနှင့် ဒိုးနွယ်ရွက်များရှိရာ သတ်မှတ်ထားသည့် ပုန်းအုံ့အတွင်း ခြေဝင်နေရာယူထားကာ ငြိမ်သက်စွာ စောင့်စားနေလိုက်သည်။

ကလိုင်အတွင်းရှိ ဖြူကောင်တွေ အစာထွက်စားရင်း အန္တရာယ်အရိပ်အယောင်ရှိနေပြီကို နားလည်သဘောပေါက်သွားသော ဖြူကောင်တို့မှာ သူတို့အမြီးတွင် သဘာဝက ပေးထားသည့် ချူသံက ကလိုင်ရှိရာသို့ ပြန်ပြေးလာကြစဉ် လှုပ်ခတ်သံ တချွင်ချွင်မြည်နေသည့် အသံကို ကြားလိုက်ရခြင်း ဖြစ်သလို၊ ဖြူတို့၏ သဘာဝကလည်း သူတို့ဝန်းကျင်တွင် ယခုလို ဆူညံခြင်းကို မကြိုက်ကြ။ ယခုကဲ့သို့ ဆူညံလာလျှင် ကိုယ့်ကလိုင်အတွင်း ပြန်ဝင်ဖို့အတွက် တွင်းရှိရာဆီသို့ ပြန်ပြေးဝင်တတ်ကြသည်။ ထိုသဘာဝကို သူ့ဆရာ ဦးငပိုက်က သင်ပေးထားသဖြင့် သိရှိနေပေသည်။

ယဉ်ကြိုင်တစ်ယောက် ပုန်းအုံ့အတွင်းမှ လောက်လေးခွကို ပစ်ခတ်ရန် မှဆိုးဒူးထောက် ထိုင်လျက် အသင့်ချိန်ရွယ်ထားသည်။ ချူသံနှင့်အတူ ဖြူတစ်ကောင်က သူ့ကလိုင်အတွင်းသို့ ဂုန်မင်းတောကြီးအတွင်းမှ ပြေးဝင်လာသည်မို့

"ခေါက်"

ခေါင်းတည့်တည့်ကို လေးသီးထိမှန်သွားခြင်း ခံလိုက်ရသော ဖြူမှာ မြေပြင်သို့ ဘောတိုက်ကျသွားပြီး လူးလိမ့်နေစဉ် နောက်တစ်ကောင် ပြေးလာပြန်သည်မို့ -

"ဘုတ်"

"ဂရား...ဂွီး"

"ဖုတ်...ဖုတ်"

ကိုယ်လုံးကို ထိမှန်ခံလိုက်ရသည်နှင့်အတူ စူးစူးဝါးဝါး အော်ဟစ်လိုက်စဉ် နောက်ထပ်နှစ်ချက် ပစ်သွင်းခံလိုက်ရသော ဖြူကောင်မှာ နေရာတွင် အသက်ပျောက်သွားသလို နောက်မှပြေးလိုက်လာကြသော အကောင်များကလည်း အန္တရာယ်ရှိသည်ကို သိရှိသွားကြသဖြင့် နောက်ဘက် ဂုန်မင်းတောကြီးအတွင်း ပြေးဝင်ပျောက်ကွယ်သွားပေသည်။

မြေပြင်တွင် ဘောတိုက်လဲကျ အသက်ပျောက်နေသည့် ဖြူနှစ်ကောင်မှာ အတန်ငယ်ကြီးမားသည့် အကောင်များ ဖြစ်ပေသည်။ အစိတ်ဝင်အိုးနီးပါးမို့ ဖြူအုပ်ကို ထိန်းကျောင်းသည့် အကောင်များ ဖြစ်ပေမည်။ ဟန်ကျလိုက်သည့်ဖြစ်ခြင်း။ တစ်နေရာတည်း ဖြူကြီးနှစ်ကောင်ကို ရလိုက်ပြီမို့ ဦးလေးဝင်းနိုင်ထံပို့လိုက်ရလျှင် အမေ့အတွက် ဆေးဖိုးကို ရမည်ဆိုသော်လည်း ဆေးရုံတင်ဖို့အတွက်ကတော့ လိုနေသေးသည်က အမှန်။ သို့အတွက် ဖြူကြီးနှစ်ကောင် ခြေလက်တို့ကို နွယ်ကြိုးဖြင့် ပူး၍ ချည်နှောင်လျက် သစ်ပင်ခွကြားတွင် ချိတ်ဆွဲထားလိုက်ပြီး ရေရှာထွက်ရန် တာစူလိုက်သည်။ သို့သော် နေ့မွန်းတိမ်းချိန်ဖြစ်သလို ဗိုက်ကလည်း ဆာလာပြီမို့ ကျောပိုးအိတ်အတွင်းမှ ထမင်းထုပ်ကို ဖြေ့ကာ တောပိုင်တောင်ပိုင် တင်မြှောက်ပသ တောင်းခံလိုက်ပြီး တပည့်ခံကာ စားသောက်လိုက်ပေသည်။ ချောင်းငါးကို မက်လင်သီးနှင့်ချက်ပြီး ငါးပိထောင်းစပ်စပ်နှင့်မို့ စားလို့ကောင်းလှပေသည်။

ရေချစ်ရီးကို မဆက်မီ နောက်ကြောင်းကို ပြန်ပြေးသွားကြသော ဖြူများကို စောင့်ပစ်ခတ်လျှင် ရနိုင်သော်

www.burmeseclassic.com

လည်း ဦးလေးဝင်းနိုင်က ယခုပစ်ခတ်ထားသော အကောင်တွေကို ဘယ်လိုပေးမည်မသိ။ ကြိုက်စျေးရမှ လာရောက်ပစ်ခတ်ရန် နေရာကိုမှတ်ထားပြီး ရေခရီးကို ဆက်ခဲ့ပေသည်။

မိုးကာလဆိုသော်လည်း မရွာဘဲ ကောင်းကင်တွင် မိုးသားများက အုံ့မှိုင်း၍ တစ်ချက်တစ်ချက် လျှပ်စီးတို့က ပြိုးပြိုးပြက်ပြက်၊ မြူခိုးတို့ ဆိုင်းနေပြီး ရေခဲ့ဆီကို လှမ်းခဲ့ရာ တောအုပ်ကြီးဟိုမှာဘက် တောင်တန်း၊ တောင်စွယ်၊ တောင်လက်မောင်းများထက်တွင် အုံ့ဆိုင်းနေသည့် မိုးတိမ်များအောက် ညိုမောင်းသော သစ်ပင်ကြီးတို့က အုံ့ဆိုင်းလျက်။ ရေကိုသွားမည့်လမ်း နှစ်ဖာလုံခန့်တွင် တောင်ကျရေတို့ စီးဆင်းသော ချောင်းက ခံနေသည်။ ချောင်းကမ်းပါးယံထက်တွင် ကိုင်းတောနှင့် ကျူတော၊ သစ်ပင်ကြီးများ ပေါက်ပြီး ပိန်းရိုင်းပင်၊ တောငှက်ပျောပင်၊ ကင်ပွန်းရိုင်းနှင့် သဖန်းပင်တို့နှင့်။ သေနတ်ကို အသင့်ကိုင်ပြီး ဖြည်းညင်းစွာ လျှောက်လှမ်းတိုးကပ်ခဲ့ရာ သစ်ကိုင်းခြောက်တစ်ခုကို တက်နင်းမိသဖြင့် ထက်ပိုင်းကျိုးသွားသည့်အသံကို ကြားလိုက်ရသည်ကြောင့် ရေစပ်တွင် ချောင်းရေကို ငုံ့သောက်နေသော ချေကလေးတစ်ကောင်က ထိုအသံကို ကြားလိုက်ပြီး တထိတ်တလန့်ဖြင့် ကမ်းပါးယံထက် ပြေးတက်ကာ နောက်ကျောတောကြီးအတွင်း ပြေးဝင်ပျောက်ကွယ်သွားသလို၊ နေရာတွင် ငူငူကြီးရပ်လျက် ကမ်းပါးယံထက်ကို မသက်ာသော မျက်လုံးအစုံဖြင့် လိုက်လံကြည့်နေသည့် အကောင်တစ်ကောင်ကို သူတွေ့မြင်လိုက်ရသည်။

တူမီးသေနတ်ကို သားကောင်ရှိရာသို့ ချိန်ရွယ်လိုက်ပြီး မျက်လုံးတစ်ဖက်မှိတ်ကာ ပစ်မှတ်ကို စူးစိုက်ကြည့်လိုက်သည်။ စိတ်တွင်းကလည်း -

"ဟာ - - -စိုင်ထီးကောင်းကြီးပါလားဟ"

စိုင်ဆိုသည့် အကောင်မျိုးက အုပ်နှင့်နေကြသော အကောင်မျိုး။ ယခုမူ တစ်ကောင်တည်းကိုသာ တွေ့လိုက်ရသဖြင့် ထိုအကောင်သည် ထီးကောင်း (သို့) သင်းကွဲကြီးဆိုသည်ကို အတွေ့အကြုံရှိသူ မုဆိုးကြီးတွေ၏ ပြောကြားထားမှုကြောင့် ကြားဖူးသည်။ ယခု ထိုအကောင်ကြီးကို အနီးကပ် ကမ်းပါးယံအထက် ကိုင်းတောအကြားမှ တွေ့မြင်လိုက်ရသဖြင့် တအံ့တသြဖြစ်သွားမိသည်က အမှန်။

ယဉ်ကြိုင်တစ်ယောက် အမြင်များမှားနေရော့သလားအထင်နှင့် သေနတ်နှင့် ချိန်ရွယ်ထားရင်း စိုင်ထီးကောင်းကြီး၏ သွင်ပြင်လက္ခဏာကို အသေအချာကြည့်လိုက်သည်။ အဘယ့်ကြောင့်ဆိုသော် စိုင်ဆိုသည့်အကောင်က အမှုမဲ့အမှတ်မဲ့ကြည့်လိုက်လျှင် အိမ်မွေးတိရစ္ဆာန်နွားများနှင့် အလားသဏ္ဍာန်တူကြသည်။ သို့အတွက် မှားယွင်းကာပစ်ခတ်မိမည်ကို စိုးရိမ်သည့်အတွက်ကြောင့်ပင်။ သို့အတွက် အသေအချာကြည့်လိုက်ပြီး ခွဲခြားလိုက်ခြင်းပင်။

ယခု သူစူးစိုက်ကြည့်နေသည့် အကောင်ကြီးသည် နွားနှင့် အလားသဏ္ဍာန်တူသော်လည်း အကောင်က ပိုကြီးပြီး နို့စားနွားမကြီးလောက် တုတ်ခိုင်ကြီးမားသည်။ ခြေလက်အောက်ပိုင်းဒူးဆစ်ထိ ဖြူသလို ဝမ်းဗိုက်လည်း ဖြူသည်။ ဦးချိုက ကွေ့ဝိုက်ညွတ်ကားပြီး အဖြူရောင်သန်းသည်။ ပခုံးထက် ဘို့မပါ။ လည်ပင်းအိုးက တုတ်ခိုင်သည်။ ဖိချပ်ရိုးက ပြားပြားထောင်ထောင်နှင့် အပေါ်ပိုင်းအရောင်က အနီရောင်။ ကတ္တီပါမွေးလိုမျိုး အရောင်ကလက်နေသည်။ ဦးချိုနှစ်ချောင်းကြား နဖူးမှ နှာယောင်ထိ အသားပို မောက်မောက်ကြီးလည်း ရှိနေသည်။ ဦးချိုက ပြောင်ချိုကြီးနီးပါး၊ အဖြူရောင်ဖြစ်သည်။ ဦးချိုက ဘေးသို့ကားပြီး အတွင်းဘက်ကွင်းလျက် ရှေ့ဘက်ကို ချွန်ထွက်၊ အထက်ကိုပြန်ကော့နေသည်။ ဦးချိုအရင်းပိုင်းက ကြီးမားပြီး အဖျားဘက်ကို တဖြည်းဖြည်းသွယ်ကာ ချွန်သွားသည်။ ဦးချိုဖျားနှစ်ဖက် အကွာအဝေးသည် တစ်ပေနီးပါးပင်။

ယဉ်ကြိုင်တစ်ယောက် ချောင်းကမ်းပါးယံထက်မှ ရေသောက်နေသည့် စိုင်ကြီးကို အိမ်မွေးနွားဖြင့် မမှားအောင် သိမ်းကျုံးလေ့လာ အကဲခတ်လိုက်ပြီး စိုင်ကြီးတစ်ကောင်ဖြစ်ကြောင်း ဆုံးဖြတ်လိုက်သည်နှင့်အတူ ကိုင်ဆောင်ထားသည့် သေနတ်အား စိုင်ကြီး၏ အရှေ့လက်ပြင်နောက် နှလုံးသားရှိရာဆီသို့ ချိန်ရွယ်ကာ မောင်းခလုတ်ကို ဆွဲဖြုတ်ချလိုက်ပေတော့သည်။

"ဒိန်း - - - "

သေနတ်ပြောင်းဝမှ ပေါက်ကွဲမြည်ဟိန်းသံကြီး၊ အတူ မီးခိုးတန်းကြီးက ရှေ့ကိုလုံး၍ ရွေလျားထိုးထွက်သွားလင့်ကစား ဝန်းကျင်မှာ တုန်ခါလျက် ကျန်ရစ်ခဲ့ပေသည်။ ကျည်ခဲလုံးများမှာ



www.burmeseclassic.com

www.burmeseclassic.com

ပစ်မှတ်ထားရာကို ထိမှန်သွားပြီး ကျည်ခဲလုံးတို့ ထွင်းဖောက်မွှေနှောက်ခြင်းကို ခံလိုက်ရသော စိုင်ကြီးမှာ ချောင်းရေပြင်တွင်းသို့ ဒေါးတိုက်ပစ်လဲကျသွားသည်။ ချောင်းရေကား စိုင်သွေးများဖြင့် ရဲဗလောင်းခတ်ကာ အတန်ငယ် လှုပ်ရှားလိုက်ရင်း ငြိမ်သက်သွားပေတော့သည်။

ယဉ်ကြိုင်တစ်ယောက် သေနတ်ပြောင်းအတွင်း အရေးကြုံက အသင့်ပစ်ရန် ကျည်ဖြည့်ပြီး သူငယ်ချင်းများကို ခေါ်၍ လှည်းဖြင့်သယ်ဆောင်ရန် အပြန်လမ်းတွင် ထားခဲ့သည့် ဖြူကြီးနှစ်ကောင်ကို ရှေ့နောက်ထမ်းကာ ပြန်ခဲ့ပေသည်။

******

"လာဟေ့··ဝင်ခဲ့ကွာ ယဉ်ကြိုင်။ ဖြူကြီးနှစ်ကောင်တောင် ရခဲ့တာပဲလား"

ဝါးကို ထက်ခြမ်းခွဲကာ နှီးဖျာနေသော ဦးလေးဝင်းနိုင်က ဖြူနှစ်ကောင်ကို ရှေ့နောက်မျှထမ်းကာ ဝင်လာသည့် ယဉ်ကြိုင်ကို ခရီးဦးကြိုပြုရင်း တအံ့တသြ မေးလိုက်သည်မို့ ယဉ်ကြိုင်က

"ဦးလေးဝင်းနိုင် ···စိုင်ထီးကောင်ကြီး ချောင်းထဲမှာ ပစ်ထားခဲ့တယ်။ အချိန်ငါးရာလောက်ဆိုတော့ လှည်းနဲ့ သယ်မှရမယ်။ နိုင်ကို တိုက်ရိုက်သွင်းရင် ကောင်းမလား အဲဒါစဉ်းစားပေးပါဦး"

ယဉ်ကြိုင့်စကားကြောင့် ဦးလေးဝင်းနိုင်က ဒိုင်တွေအနေအထားကို လိုက်လံစဉ်းစားလိုက်ရင်း တွေးတွေးဆဆဖြင့် ပြန်ပြောလိုက်သည်က -

"စိုင်တစ်ကောင်ပစ်ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ် ဦးလေးရဲ့"

"ဘယ်အနားမှာ ပစ်ခဲ့တာလဲကွယ်"

"မဟူရာချောင်းထဲမှာပါပဲ။ မထင်မှတ်ဘဲ သူ့ရေသောက်ဆင်းတာ ပက်ပင်းတိုးပြီး ပစ်လို့ရထားတာပါ"

"သိပ်မဝေးပါလားကွ။ ရွာဖျားဟိုဘက်တွင်ပဲ။ ဒါဆို စျေးလည်း သိပ်မနှိမ်တဲ့ စိုးဝေဒိုင်ကို သွားလိုက်ကြရအောင်ကွာ"

စိုးဝေဆိုသူက တောထွက်ပစ္စည်းမများကို လိုက်လံဝယ်ယူကာ ပြန်လည်ရောင်းချနေသူ ဖြစ်သလို၊ သားကောင်များ၏ အသားတွေကို လက်ခံဝယ်ယူပြီး ဟိုတယ်ဆိုင်ကြီးများဆီသို့ ဖောက်သည်ပေးသွင်းနေသူပင်။ အခြားသောသူများကဲ့သို့မဟုတ်။ စျေးကို မနှိမ်တတ်။ ကိုယ်ချင်းစာစိတ်ရှိပြီး တောနေလူတန်းစားကို ချစ်ခင်သူ။

နှစ်ဦးသား ဒိုင်ဆီသို့ သွားလိုက်ပြီး ပစ်ခတ်လို့ရရှိထားသည့် စိုင်ထီးကောင်းကြီးအား ချောင်းအတွင်းမှ သူ့အစီအစဉ်ဖြင့်သူ သယ်ကာ ပုတ်ပြတ်ရောင်းချလိုက်ပြီး ရရှိသော ငွေများဖြင့် မနက်ဖြန် အမေ့အား လှည်းကူးဆေးရုံတင်မည့်အရေး တွေးကာ သူပျော်နေမိသည်က အမှန်။

"ဦးလေးဝင်းနိုင်ကို ဒီနေ့ ကြုံခဲ့ရတဲ့က အတွေ့အကြုံတစ်ခု မေးကြည့်ချင်လို့ပါ။ နောက်တစ်ချက်က မနက်ဖြန် အမေ့ကို လှည်းကူးဆေးရုံပို့ဖို့ကိုလည်း စီစဉ်ရအောင်"

"အေး · · ·အဲဒီကိစ္စအတွက် ဟိုကောင်တွေကို အိမ်မှာ ငါစောင့်ဖို့မှာထားခဲ့တယ်။ အိမ်ကိုသွားလိုက်ကြရအောင်"

ငွေထုပ်ကိုပိုက်၍ အိမ်ပြန်ရောက်တော့ သူငယ်ချင်းများ ရောက်ရှိနေကြပြီမို့ မနက်ဖြန် မိခင်ကြီး ဆေးရုံပို့မည့်ကိစ္စ အသေးစိတ်တိုင်ပင်လိုက်ကြပြီး ဦးလေးဝင်းနိုင်အိမ်တွင်ပင် စားသောက်ဖွယ်ရာများဖြင့် ဝိုင်းဖွဲ့လိုက်ကြစဉ် -

"ယဉ်ကြိုင်· · ·မင်းလမ်းမှာပြောတဲ့ ထူးဆန်းတဲ့ကိစ္စဆိုတာ ဘာလဲကွ"

ဦးလေးဝင်းနိုင်က အရက်ကို မော့သောက်ကာ အမြည်းကိုစားလိုက်ရင်း မေးလိုက်သည့်အတွက် -

"ဒီလိုပါဦးလေးရဲ့၊ ဂျို(ချေ)ဆိုတာ ဘယ်နှမျိုးလောက်ရှိလဲဆိုတာ သိချင်လို့ပါ"

"မင်းဘာကြောင့် ဒါကိုမေးတာလဲ။ ကောင်္က ချေလှောင်ပဲလား။ တစ်ပိုင်တိုင် ချေတစ်မျိုးမျိုးကို တွေ့ခဲ့ပြီနဲ့တူတယ်"

"တွေ့ခဲ့ရုံတွင်မကဘူး။ ပစ်ကိုပစ်ခဲ့ရတာ ဦးလေးဝင်းနိုင်ရဲ့ သိလား"

သူ့စကားကြောင့် နားထောင်နေကြသည့် သူငယ်ချင်းများက တအံ့တသြဖြစ်နေစဉ် ဦးလေးဝင်းနိုင်က -

"ငါကြားဖူးသလောက်ကတော့ ဂျို(ချေ)ဆိုတာ လေးငါးမျိုးလောက်ရှိတယ် ကြားဖူးတယ်ကွ"

"ဟုတ်လား ဦးလေးဝင်းနိုင်။ ဘယ်လိုအမျိုးအစားတွေလဲဟင်။ ပြောပြပါလား"

"ဒီလိုကွ။ ချေလှောင်ဆိုတာက တစ်မျိုး။ ဂဠုန်ဆန်တယ်တဲ့ကွ။ ကျည်ပြီးတယ်ဆိုပဲ။ အကောင်ကလည်း ကြွက်လောက်ပဲရှိတယ်လို့ တွေ့ဖူးတဲ့ မုဆိုးကြီးက ပြောတယ်။ ခြေတံလက်တံက



www.burmeseclassic.com

www.burmeseclassic.com

တော့ တစ်ပေနီးပါးရှည်ဆိုပဲ။ ပုံစံက ခု မင်းတို့ပစ်ခတ်လို့ရနေကျ အချိန်တစ်ဆယ်ရှိ ချေပုံစံပဲ။ သူဟောက်တဲ့အသံက လည်း တကယ့်ချေကြီးတစ်ကောင် ဟောက်တဲ့ပုံစံအတိုင်းပဲတဲ့လေ"

"ဂမ္ဘီရဆန်ပုံကလေး ပြောပါဦး ဦးလေးရဲ့"

"ကျည်မတိုးဘူးလို့ ပြောတာပဲကွ။ ဘယ်လိုပစ်ပစ် သူနဲ့မဆိုင်သလိုလို ပြောသံကြားဖူးတယ်"

ဦးလေးဝင်းနိုင် ပြောလိုက်သည့် စကားကြောင့် ယဉ်ကြိုင်က အားရဝမ်းသာဖြင့် -

"ကျွန်တော်ပစ်ခဲ့ရတာ အဲဒီချေ ရောင်ပါပဲ။ တူမီးသေနတ်နဲ့ ကမ်းပါးယံထက်က အောက်ကို အနီးကပ်စိုက်ပစ်လိုက်တာပဲ။ ဒါပေမယ့် ဦးလေးပြောသလိုပါပဲ။ မီးခိုးလုံးကြားက တန္တဲ့နွဲ့ထွက်သွားတာ မရလိုက်ဘူးလေ"

"အေး···မင်းတို့ကို ပြောပြနေတာ တစ်ဆင့်ကြားနဲ့ပြောပြတာ။ ငါကိုယ်တိုင် မတွေ့ဖူးပါဘူး။ ငါပြောတာ မင်းကိုယ်တွေ့ပဲလေ"

ဦးလေးဝင်းနိုင်က ထိုကဲ့သို့ပြောနေစဉ် သူငယ်ချင်းဖြစ်သူ တင်ထွန်းက

"နောက်ချေအမျိုးအစားတွေကို ပြောပြပါဦး ဦးလေးရဲ့"

"နောက်တစ်မျိုးက တစ်ပင်တိုင်ချေ(ဂျီ)ကွ။ အချို့ကတော့ ခြေလက်ဝက်ကားလို့လည်း ခေါ်ကြတယ်လေ"

ထိုစကားကြောင့် အရက်ကိုမော့သောက်နေသည့် မြတ်မင်းဟန်က -

"ဘယ်လိုဦးလေး၊ တစ်ပင်တိုင်ချေဟုတ်လား။ ခြေလက်ဝက်ကားလို့လည်း ခေါ်ကြတာက ဘယ်လိုကြောင့်တုံးဟင်။ ကျွန်တော်တို့ တောထဲမှာနေပြီး တောထွက်ပစ္စည်းတွေကို ရှာဖွေပြီးလုပ်ကိုင်စားနေကြတဲ့လူတွေတောင် ခုမှပဲသိရတယ်။ ရှင်းပြပါဦး"

"တစ်ပင်တိုင်ချေလို့ခေါ်ရတာက ငါတို့ တောထဲမှာ မြင်နေရတဲ့အကောင်မျိုးလို ဦးချိုနှစ်ချောင်းမဟုတ်ဘဲ နဖူးတည့်တည့်အလယ်မှာ တစ်ချောင်းတည်းပေါက်နေတဲ့အတွက် တစ်ပင်တိုင်ချေလို့ ခေါ်ကြတာပဲကွ"

"ခြေလက်ဝက်ကားလို့ ခေါ်ကြတာရော ဦးလေး"

"အဲဒါက တော်ရုံတန်ရုံလူ မသိကြဘူးကွ။ မုဆိုးရင့်မကြီးတွေမှပဲ ခွဲခြားသိကြတာ။ သူတို့သားကောင် ခြေရာကောက်လိုက်ကြတဲ့အခါမှာ အကြမ်းအားဖြင့် ပုံစံတူတာက ချေ၊ ဒရယ်၊ ဆတ်၊ တောဝက်လို အကောင်တွေက မြေပြင်မှာ ရွှံ့စွန်နဲ့ ထိုးစိုက်ထားသလို ပုံစံတူတယ်။ မြေပျော့နဲ့ မြေမာမှာ ခွာစိုက်ပုံကိုကြည့်ပြီး ဘယ်လိုအမျိုးအစားဆိုတာ ခွဲတာပေ့ါ။ မင်းတို့သဘောပေါက်အောင် ပြောရရင် ချေဆိုတဲ့အကောင်ရဲ့ ကိုယ်အလေးချိန်ဟာ အချိန် ၁၀ ပိဿာပဲရှိတာများတယ်။ မြေမာပေါ် နင်းလိုက်တဲ့ သူ့ခွာစိုက်ရာဟာ အလေးချိန်နည်းတော့ မြေကြီးထဲကို ခပ်နက်နက် စိုက်မဝင်ဘူးပေါ့။ သူ့ထက်ပိုကြီးတဲ့ ဒရယ်လိုအကောင်က အချိန် ၂၅ ပိဿာရှိတော့ ခွာစိုက်ရာက ကိုယ်အလေးချိန်စီးလို့ ပိုနက်တယ်လေ။ အလေးချိန် ၄၅ ပိဿာရှိတဲ့ ဆတ်လိုအကောင်မျိုးကျတော့ ခွာစိုက်ရာ ပိုနက်တာပေ့ါ။ ဒါကြောင့် မြေပြင်မှာထင်ကျန်ခဲ့တဲ့ ခြေရာကိုကြည့်ပြီး မုဆိုးလုပ်သူတွေက ခြေရာကောက်လိုက်ရင်း အကောင်အမျိုးအစားကို ခွဲကြတာပဲကွ။ ဒီနေရာမှာ ခြေလက်ဝက်ကားဆိုတဲ့ စောစောကပြောခဲ့တဲ့စကားကို ပြန်ပြီးကောက်ရမယ်ဆိုရင် ငါမင်းတို့ကိုပြောခဲ့တဲ့အထဲမှာ ချေ၊ ဒရယ်၊ ဆတ်၊ ဝက်တို့ဟာ မြေပြင်မှာ ခွာစိုက်တာချင်း တူကြတယ်လို့ ပြောခဲ့တယ်နော်"

"ဟုတ်ကဲ့ပါ ဦးလေးဝင်းနိုင်"

"အေး···ဝက်ခြေရာက ခွာစိုက်ခြေရာဆိုပေမယ့် အလယ်မှာ ကွဲကြောင်းပါတယ်ကွ။ မြေပြင်ပေါ်နင်းလိုက်တဲ့အခါ အလယ်ကွဲကြောင်းက သေးနှစ်ဖက်ကို ကားထွက်သွားတယ်၊ အကောင်ကြီးတို့ အလေးချိန်ပိုစီးလေ သေးနှစ်ဖက်ကို ပိုကားထွက်လေပဲ။ အဲဒါကြောင့် ခြေရာကောက်လိုက်တဲ့ မုဆိုးက ဒီအကောင်ဟာ တောဝက်လို့ သတ်မှတ်ကြတာပဲ။ အဲဒါကြောင့် ခြေလက်ဝက်ကားဆိုတဲ့ စကား ပေါ်ခဲ့တာပဲလေ"

"အဲဒီအကောင်ကရော ဂမ္ဘီရဆန်သလား ဦးလေးဝင်းနိုင်"

"သူလည်း ဂမ္ဘီရဆန်တယ်လို့ ပြောရမယ့်အကောင်ပဲကွ"

"ဘယ်လိုမျိုးလဲဟင်"

"မုဆိုးရင့်မကြီးတွေ အပြောအရဆိုရင် ကျည်မထွက်ဘူး ဆိုကြတာပဲကွ။ ခေါင်းမှာ ဦးချိုကတစ်ချောင်းတည်းရှိပြီး ခြေလက်တွေက ဝက်ခြေထောက်လို အလယ်ကွဲပါပြီး ခွာကို ကားထွက်လို့ ခြေလက်ဝက်ကားနဲ့တဲ့ အဲဒီအကောင် ကလည်း ဒီလိုအစွမ်းထက်တယ်ဆိုပဲ"

"နောက်တစ်မျိုးက ဘာလဲ···



www.burmeseclassic.com

www.burmeseclassic.com

ဦးလေး။ သူကရော စွမ်းသလား"

"နောက်တစ်မျိုးကတော့ ဒူးမည်းလို့ခေါ်တဲ့ ချေပဲ။ အချို့က သူ့ကို တောကြီးချေလို့လည်း ခေါ်ကြတယ်။ ထူးခြားချက်က သူ့အလေးချိန်က ပိဿာချိန် ၂၀ ကျော်တယ်ကွ။ ခရယ်လောက်ကြီးတယ်၊ အလွန်ရှားပါးတဲ့ အကောင်မျိုးပဲ။ ဘယ်လိုစွမ်းတာတော့ ငါလည်းမသိဘူး"

"နောက် ဘယ်လိုချေအမျိုးအစားတွေ ရှိသေးလဲဟင်"

"နောက်တစ်မျိုးက ဒူးမည်းချေလိုပဲ အကောင်ကြီးတဲ့ ချေဝါ၊ ချေဖြူ၊ ချေနီ၊ ချေပြာခိုတာတွေ ရှိသေးတယ်တဲ့ကွ"

"ဟုတ်လား ဦးလေး။ အဲဒါတွေရှိမှန်းကို ကျွန်တော်တို့ မသိကြဘူးနော်။ ဆန်းလိုက်တာဗျာ"

"ဒါ့ဘာဟုတ်ဦးမလဲကွ။ သူ့ထက်ဆန်းတာတွေ ရှိသေးတယ်"

"ဟုတ်လားဦးလေး။ ဘယ်လိုဆန်းတယ်ဆိုတာမျိုးကို ပြောပြပါဦး"

"အေး…အဲဒါကို ငါအလေးထားစဉ်းစားနေတာကွ။ ယဉ်ကြိုင့်အမေ ရောဂါအတွက်ကိုပေါ့။ ငါတွေးသလိုမှန်ရင် အကြောင်းမဟုတ်ပေမယ့် မှားသွားခဲ့ရင်ဆိုတဲ့ အတွေးနဲ့ပေါ့ကွာ"

"ဟုတ်လား ဦးလေးဝင်းနိုင်၊ ဘယ်လိုကြောင့် အမေ့ရောဂါနဲ့ ခုပြောမယ့် ချေဆိုတာက ဘယ်လိုပတ်သက်နေလို့လဲ"

"ဘယ်လိုပတ်သက်နေသလဲဆို မင်းအမေခံစားနေရတဲ့ ရောဂါအတွက်ပဲပေါ့ကွာ။ ငါကိုယ်၂ဒိုင်ကြုံခဲ့ဖူးတာက ငှက်ဖျားတက်နေတဲ့လူကို အဲဒီအသားကျွေးလိုက်လို့ စားပြီးတာနဲ့ ငှက်ဖျားရောဂါ ပျောက်သွားပြီး ဒီနေ့ထိ အသက်ရှည်နေတဲ့ အဘညီမှိုင်း သက်ရှိထင်ရှား မယားနှစ်ယောက်နဲ့ ဒီရွာမှာ မင်းတို့အမြင် လက်တွေ့ပဲဟာ"

ထိုစကားကြောင့် သူတို့ရွာတွင် မျက်မြင်ကိုယ်တွေ့မို့ မအံ့ဩဘဲ မနေနိုင်၊ သို့အတွက် -

"ဟာ…ဟုတ်သားပဲကွ တင်ထွန်းရ။ ရွာမှာ သက်ရှိထင်ရှားပဲဟာကို"

"အေး…ဟုတ်တယ်ကွ။ ငါလည်း သိထားတယ်။ သူ့မယား အဘွားကြီးတွေက မြတ်မင်းဟန်ကြီးတော်နဲ့ နေစိုးရဲ့ ယောက္ခမဆိုကွ"

"ဟုတ်ပ…ဟုတ်ပ။ ငါအဲဒီ သတင်းကို ကြားတာကြာပြီကွ။ မဟုတ်လေတန်ဘူးထင်လို့ မပြောတာ။ ထားပါတော့ဗျာ။ အဲဒီဦးညိုမှိုင်း သေခါနီးကြီး မြောပြီး သေခါနီးမှထထိုင်ပြီး နောက်ထပ်ပေါင်းသင်းနေတဲ့ မြတ်မင်းဟန် ကြီးတော်နဲ့ နေစိုးရဲ့ ယောက္ခမ ရွာတွင်သက်ရှိထင်ရှား ရှိနေတာပဲကိုး"

. သူတို့ အချီအချပြောနေကြသည့် စကားတွေကြောင့် လိုရင်းကိုမရောက်တော့သဖြင့် ယဉ်ကြိုင်က စိတ်မရှည်စွာဖြင့် ဝင်ပြောလိုက်သည်က -

"ဆက်ပြောပါဦး ဦးလေးဝင်းနိုင်။ အဲဒီရောဂါပျောက်တဲ့ ချေဆိုတာ ဘယ်လိုချေမျိုးကို ပြောတာလဲဆိုတာ"

"အေး…ဟုတ်သားပဲကွ။ ဒီလို ယဉ်ကြိုင်ရဲ့ မင်းတို့ကြားဖူးကြမလားတော့မသိဘူး။ အဲဒီချေတစ်မျိုးရဲ့အသားက ခါးတယ်ကွ။ ခါးလွန်းအားကြီးလို့ စားလို့တောင်မရဘူး။ နောက်ချေတစ်မျိုးအသားက ချဉ်တယ်ကွ။ အချဉ်တော်တော်စူးတာပဲကွ။ အဲဒီအသားကတော့ မီးဖုတ်ပြီးစားလို့ရတယ်။ ငါစားခဲ့ဖူးတယ်ကွ"

"ဟာ…ဆန်းလိုက်တာ ဦးလေးရယ်။ သူတို့အသားတွေကိုက ခါးနေတာရယ်၊ ချဉ်နေတာက သဘာဝကြောင့်လား။ ဘယ်လိုကြောင့်ဆိုတာ ရှင်းပါဦး"

"အဲဒါ ဘယ်လိုကြောင့်ဖြစ်ပြီး ခါးတာတို့၊ ချဉ်ရတာတို့တော့ ငါလည်း မသိဘူးကွ။ စဉ်းစားကြည့်ရတာတော့ ငါတို့ချေတွေကို ထောင်လို့ရကြတဲ့အခါ သူ့အသားကိုလှီးပြီး ခါချဉ်ထုပ်ထဲဖောက်ထည့်ထားလိုက်ပြီး နာရီဝက်လောက်ကြာတော့ အဲဒီချေသားကိုထုတ်၊ ခါချဉ်တွေပိုင်းအုံကိုက်ခဲ စားသောက်ထားတဲ့အသားတုံးကြီးကို တံစို့ထိုး၊ မီးကင်စားရင် ချဉ်ဖြုံဖြုံနဲ့ စားလို့အင်မတန်ကောင်းတယ်ကွ။ အဲဒါကြောင့် ငါစဉ်းစားကြည့်တာတော့ သူတို့အသားတွေဟာ ရာသီပင်တွေဖြစ်တဲ့ ကင်မလင်းသီးတွေ၊ မက်လင်သီးတွေ၊ ဇင်ပြွန်းသီးတွေ၊ အဲဒီလို ချဉ်တဲ့အသီးတွေကိုချည်း စားလို့ သူတို့အသားက ချဉ်ရသလား။ ခါးတဲ့အကောင်ကလည်း အလွန်ခါးတဲ့ ခတ်အုန်းသီးတွေချည်း စားနေလို့ သူ့အသား ခါးနေတာလား။ သဘာဝအရ သူတို့အသားကိုက ချဉ်သလား၊ ခါးသလားဆိုတာကိုတော့ဗ ငါလည်းမသိဘူးကွ"

"ဒါနဲ့ အဲဒီအသားကိုစားရင် ရောဂါပျောက်တယ်ဆိုတာက ဘယ်လိုမျိုးလဲ"

"အေး…အဲဒီကိစ္စက ဝေးဝေးကို မကြည့်နဲ့။ စောစောကပြောခဲ့တဲ့ အဘဦးညိုမှိုင်းကိုသာ ကြည့်ကွ"

"ဟုတ်ကဲ့ ဦးလေးဝင်းနိုင်၊ ဆက် ရှိပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုကွ။ တစ်နေ့ အဘညိုမှိုင်း ငှါးအိမ်ကိုလာပြီး သူ့တဲကိုပြင်ဆောက်ဖို့အတွက် သစ်၊ ဝါး၊ တောင်ထန်း၊ ကြိမ်နွယ်ခုတ်ဖို့ လာငှားတယ်ကွ။ စိတ်ကြိုက်ကိုရွေးခုတ်မှာမို့ သူလည်း လိုက်မယ်လို့ပြောတယ်။ အလုပ်ကြမ်းသမား သုံးဦးကိုလည်း ငှားဖို့ပြောတယ်။

တိုတိုပြောကြပါစို့ကွာ။ ငါးရက်လောက် တောထဲမှာ အချိန်ယူလုပ်ရမယ့်ကိစ္စမို့ လှည်းနှစ်စီးနဲ့ ရိက္ခာတွေတင်ပြီး ထွက်ခဲ့ကြတာပေါ့။ ထွက်တဲ့ခရီးက ဝါးတားဘက်ကိုလေ။ ကရင်ဝါးတားဘက်ကို ပြောတာနော်။ အဲဒီဘက်တောကပိုနက်တော့ သူလိုချင်တဲ့ပစ္စည်းက အဲဒီဘက်ကမှ ကောင်းတာကိုး။

ဒီလိုနဲ့ စခန်းချတဲ့နေ့ရာရောက်တော့ သူက စခန်းစောင့်နေပြီး ငါတို့က သူလိုအပ်တဲ့ပစ္စည်းတွေ ရှာဖွေခုတ်ကြရင်း တောင်ချောက်တွေဆင်ပြီး ဟင်းစားရအောင် ရှာကြတယ်။ နှစ်ရက်မြောက်တဲ့နေ့မှာ ငှက်ဖျားတက်တော့တာပဲကွ။ ဆေးကလည်း မပါသလို ပြန်ဖို့က လည်းမဖြစ်။ တောင်မရိုးမြစ်ကို ရှာတော့လည်း မတွေ့။ အခက်ကြုံနေသလို သူကလည်း အဖျားက အထွတ်အထိပ်ရောက်အောင် ငှက်ဖျားဒဏ်ကို ခံနေရတဲ့အချိန် တောင်ချောက်မှာ ချေတစ်ကောင်ကို အသေမိတယ်ကွ။ ပြန်ယူပြီး ချေကို အရေချ၊ အသားကို ဖျက်စားကြတော့ ခါးလွန်းလို့ စားလို့မရကြဘူး။

အခါးဆိုတာ ငှက်ဖျားကိုကာကွယ်တယ်လို့ သိထားကြတော့ ချက်ထားတဲ့ ချေခါးသားကို သူ့ကိုကျွေးတော့လည်း ဘယ်စားနိုင်မလဲကွာ။ ဖျားနေတော့ ဘယ်စားချင်စိတ်ရှိပါ့မလဲ။

ဒါနဲ့ နောက်ဆုံး အကြံရပြီး အဲဒီချေခါးသားကိုပြုတ်၊ အရည်ကို ဝင်အောင်တိုက်ပြီး သူ့ငှက်ဖျားတက်ပြီး ညည်းညူလူးလိမ့်နေတဲ့ တဲအောက်က မီးဖိုပြီး အပူငွေ့ပေးလိုက်တော့ အိပ်ပျော်သွားတယ်ကွ။ နှစ်နာရီလောက်ကြာ နိုးတော့ သူ့တစ်ကိုယ်လုံး ချွေးတွေထွက်ပြီး ရွှဲနစ်နေတော့တာပဲ။ အဖျားလည်း ကျသွားတာပေါ့ကွာ။ အဲဒီချေခါးသားဟာ ငှက်ဖျားအတွက်ဆို ဆေးစွမ်းကောင်းတစ်လက်ပဲကွ။ အဲဒါ ကိုယ်တွေ့ပဲ။

အဲဒါကြောင့် ချေခါးသားကို ငါတို့လိုပြုတ်အခြောက်လှန်းပြီး ခွဲယူကြတယ်လေကွာ။ မင်းအဘ ဦးညိုမှိုင်းကြီးလည်း ယူတာပေါ့။ အဲဒီနောက်ပိုင်း ထုထုထောင်ထောင် ထိုးထိုးထောင်ထောင်ဖြစ်ပြီး မိန်းမနှစ်ယောက်ဖြစ်နေတာ မင်းအမြင်ပဲမို့လား။

အေး…ငါတို့သိထားတာက ငှက်ဖျားအတွက်ပဲသိတာလေ။ ခုမင်းအမေဖြစ်နေတဲ့ရောဂါက ရင်ကျပ်ပန်းနာဆိုတော့ ပျောက်မယ်၊ မပျောက်ဘူးဆိုတာ ငါမပြောတတ်ဘူး ဖြစ်နေတယ်ကွ"

"ဒါနဲ့ ဦးလေးဝင်းနိုင်မှာတဲ့ မြွေ ကဘာလုပ်ဖို့လဲဟင်"

"အင်း…ပြောရရင်တော့ မြွေတစ်ကောင် နွားတစ်ထောင်ဆိုတဲ့စကားမင်းတို့ကြားဖူးမယ် မှတ်တယ်"

"ဟုတ်ကဲ့ ကြားဖူးပါတယ်။ ဘယ်လိုဆိုတာကို မသိတာပါ"

"မြွေအူကို အခြောက်လှန်း၊ အမှုန့်ကြိတ်ပြီး ကျွဲ၊ နွားတွေကို အစာနဲ့ရောကျွေးရင် ခွာနာလျှာနာ မဖြစ်ဘူးပေါ့ကွာ။ အဲဒါကြောင့် မှာတာပါ။ အခြားသူတွေကလည်း လိုချင်တယ်။ ဈေးကောင်းပေးမယ်ဆိုလို့ ရသလောက် ငါ့ကိုပေးပါဆိုပြီး မှာရတာပါ"

ဦးလေးဝင်းနိုင်က ပြောပြောဆိုဆို အိမ်ခန်းအတွင်း ဝင်သွားပြီး လွယ်အိတ်အတွင်းမှ ငွေများကိုထုတ်ပြီးပေးရင်း -

"ရော့…ယဉ်ကြိုင်၊ တစ်ကောင်ကို နှစ်သောင်းခွဲနဲ့ နှစ်ကောင်အတွက်"

ယဉ်ကြိုင်က ငွေများကို လက်ခံယူလိုက်ရင်းက -

"များလှပါလား ဦးလေးရဲ့"

"ငါပေးတာ မဟုတ်ဘူး။ သူတို့ကိုယ်တိုင် လိုလိုလားလား ပေးသွားကြတာ။ မင်းအမေ ဆေးရုံတက်ရမယ်၊ ယူသွားလိုက်ပါကွာ"

မိခင်ကြီးအား မနက်ဖြန်ဆေးရုံပို့ပြီး ဆေးဝါးကုသမှုခံယူရန်ကိစ္စကို သူငယ်ချင်းများနှင့် အသေးစိတ်တိုင်ပင်ပြီး လူစုခွဲကြတော့ ည ၇ နာရီပင် ထိုးနေခဲ့ပေပြီ။ လက်ထဲတွင် လုံလောက်သောငွေများ ရှိနေပြီမို့ အမေ့ကို ဆေးရုံတင်ပြီး ဆေးဝါးကုသခံယူရေးအတွက် ယဉ်ကြိုင်တစ်ယောက် ပျော်ရွှင်မြူးထူးနေမိသည်က အမှန်ပင်။

ဘဝတိုက်ပွဲကို ဆင်နွှဲကြရသည့် ဘဝပေးနုံချာသူ ဖြစ်ပေမယ့် မိခင်ကြီးအတွက် ပေးဆပ်ရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည့် သူ့လုပ်ရပ်မှာ အောင်မြင်မှု အပြည့်အဝ ရလိုက်သည်ကို သူသဘောပေါက်သွားပြီ ဖြစ်လေသည်။

---

**လေးမောင်**

---



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သာရင် သာခင်

မောင်သာမန် (ဗိုးကုန်း)

လူတို့သည် လောကသို့စတင်ဝင်ရောက်သည့် မွေးဖွားခြင်းမှ သေဆုံးသည်တွင် လောကဇာတ်ခုံပေါ်တွင် ကံဇာတ်ဆရာ၏ ဇာတ်ကွက်ဇာတ်လှည့်များပေါ်တွင် မူတည်၍ ကပြကြရသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ကံကြမ္မာ၏ စေခိုင်းချက်အရ လူ့ဘဝတွင် ငို၍လည်းကောင်း၊ ရယ်၍သော်လည်းကောင်း ရှိုက်၍တစ်ဖုံ ရသမျိုးစုံဖြင့် လျင်မြန်စွာရွေ့လျားနေသော အချိန်ကာလပေါ်၌ လူတို့သည် ပင်ပန်းနွမ်းနယ်စွာ သရုပ်ဆောင်ကြရပေသည်။ ဤသို့အားဖြင့် လူတို့၏ ဘဝနိဂုံးပိုင်းသို့ ရောက်၍ဇာတ်သိမ်းသည့်အခါတွင်လည်း နှစ်ပါးသွားဟန်ဖြင့် ပျော်ရွှင်စွာဇာတ်ပေါင်းကြလေသည်ဟု ဘဝဇာတ်လမ်းအား မသိမ်းကြရပေ။ ယူကြုံးမရခြင်းများစွာ၊ ဝမ်းနည်းပူဆွေးငိုကြွေးခြင်းများဖြင့်သာ ဇာတ်သိမ်းလျက် လူတို့၏ဘဝဇာတ်ခုံသည် အလိုအလျောက် ပျောက်ကွယ်သွားရစမြဲပင်ဖြစ်ပေသည်။

ထိုနည်းတူစွာဖြင့် သာရင်နှင့် သာခင်ညီအစ်ကိုတို့သည်လည်း ဆယ်ကျော်သက်အရွယ်ကပင် ကြမ်းတမ်းခက်ထန်သည့် လူ့လောက ဘဝဇာတ်ခုံ၌ ပတ်ကြမ်းတိုက်ခံရခြင်းဖြင့် လောကစံကို ရင်ဆိုင်ခြင်းဖြင့် ဇာတ်လမ်းအစပြုခဲ့ရသည်ဆိုပါက မှားမည်မထင်ပါပေ။

သာရင်နှင့်သာခင်ညီအစ်ကိုသည် မိဘနှစ်ပါး၏ စီးပွားရေးပေါ်၌ အဓိကထား၍ ပညာမသင်နိုင်ရှာ၊ သို့သော် အုပ်ဖိုစုရွာဦးဘုန်းကြီးကျောင်း ဆရာတော်ဦးနန္ဒမာလာ၏ ကျောင်း၌ ဘုန်းကြီးကျောင်းသားဖြစ်ခဲ့ကြပါ၏။ အာရုံဆွမ်း၊ မွန်းတည့်ဆွမ်းများအား ဦးပဥ္စင်းတစ်ပါး၊ ကိုရင်တစ်ပါးတို့ဖြင့်အတူ ဆွမ်းခံထွက်ရလေ့ရှိပါ၏၊ ဆွမ်းတို့စွနှင့် ကျောင်း ဝေယျာဝစ္စများ လုပ်ဆောင်ပြီးသည်နှင့် ကျောင်းထိုင်ဆရာတော်ကြီးမှ လောကီ၊ လောကုတ်နှစ်ဖြာ အကျိုးရှိစေမည့် မင်္ဂလာတရားတော်များ၊ ဘုရားရှိခိုးနှင့် ဗုဒ္ဓဝင်များအား အလွတ်ရွတ်ဆိုနိုင်သည့်တိုင် သင်ကြားပေးခဲ့ပါ၏။

သာရင်နှင့်သာခင်ညီအစ်ကို နှစ်ယောက်သည် ရွာဦးကျောင်းဆရာတော်ထံတွင် ဘုန်းကြီးကျောင်းသားများအဖြစ်ရှိနေစဉ် ကာလများ၌ သူတို့၏ ဖခင်ဦးသူတော်သည် ရွာလည်ရှိ ဦးသောင်းရွှေ၏ လယ်ယာ၌ လယ်စာရင်းငှားအဖြစ် ဆောင်ရွက်လျက်ရှိပေ၏။ သူတို့ညီအစ်ကိုနှစ်ဦး ဘုန်းကြီးကျောင်းသားအဖြစ် ကာသိုလ်လည်းရ၊ စာလည်းတတ်စေရန် ဖခင်ကိုယ်တိုင်ရွာဦး ဆရာတော်ထံတွင် အပ်နှံပေးခဲ့ခြင်းဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်တင်မိမှာ ရိုးရိုးအေးအေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှုကိစ္စများဖြင့်သာ အလုပ်ရှုပ်နေသကဲ့သို့ ဖခင်ဦးသူတော်သည်လည်း လယ်ထဲချောင်းထဲ၌သာ အချိန်ပြည့်ရှိနေတတ်ပေသည်။

* * *

ရက်တစ်ရက်၏ အချိန်တစ်ခု၌ သာရင်နှင့်သာခင်ညီအစ်ကိုအဖို့ ကံဆိုးမိုးမှောင်ကျရသည့် ပမာ ရွှေတောင်ကြီးပြိုကျသွားရသည့်နယ် ဖြစ်ခဲ့ပေတော့သည်။ ရွာနောက်ပိုင်းမှ ဖိုးထယ် တစ်ယောက် အပြေးတစ်ပိုင်းဖြင့် သူတို့ညီအစ်ကိုရှိရာ ရွာဦးကျောင်းသို့ ကသောကမျောရောက်ရှိလာခဲ့ပြီး..

"သာရင်နဲ့သာခင်ရေ..မင်းတို့အဖေလယ်ထဲမှာ ပိုးထိလို့..တဲ့"

သာရင်နှင့်သာခင်တို့ တစ်ထိတ်တစ်လှန့်ဖြင့် ပြေး၍ပြောလာသော ဖိုးထယ်၏ စကားသံကြောင့်

"ဟာ.."

"ဟင်"

ဟူသော အာမေဋိတ်သံများ အသီးသီးထွက်ပေါ်လျက် ဆရာတော်ကိုယ်ပင် မလျှောက်ထားနိုင်တော့ပေ။ သူတို့၏ နေအိမ်သို့ စိုးရိမ်သောကများရင်တွင် ပိုက်လျက်

"အဖေ..အဖေ..ဘာမှမဖြစ်ပါစေနဲ့..." ဟူ၍ ရင်ထဲတွင် ကိုယ်စီကိုယ်င ဆုတောင်းလျက် ကဆုန်စိုင်း၍ ပြေးခဲ့လေသည်။

သူတို့၏ နေအိမ်ရှေ့၌ ရွာသူရွာသားများ စုရုံးနေကြပေသည်။ အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ ငြိမ်သက်နေသော ဖခင်၏ခန္ဓာကိုယ် အားပွေ့ပိုက်လျက် မိခင်ဒေါ်တင်မိမှာ ဦးသူတော်အား တမ်းတခေါ်ငင်လျက်ငိုကြွေးနေပေသည်။ ဖခင်ဦးသူတော်မှ သူလုပ်ကိုင်သော လယ်ယာမြေနှင့် နေအိမ်မှာအလှမ်းကွာဝေးခဲ့ခြင်းကြောင့် ပိုးထိသော ဒဏ်ရာအား အမြန်မီမကုစားနိုင်ခဲ့သဖြင့် ဆေးရုံသို့ပင်မရောက်လမ်းတွင် နှလုံးသွေးရပ် ဆုံးပါးခဲ့ခြင်းဖြစ်သည်။ ကိုသူတော်ဆုံးပါးခြင်းကြောင့် တစ်ရွာလုံးစိတ်မကောင်းကြပါပေ။

သာရင်သာခင် ညီအကိုနှစ်ယောက်မှာ မိမိတို့ရှေ့၌ ဖခင်နှင့်မိခင်တို့၏ ရင်နင့်ဖွယ်ဖြစ်ရပ်ကြောင့် ရင်ဆို့သွားရတော့သည်။ သာခင်မှာ မိခင်ထံမှ အသက်ဝိညာဉ်ကင်းမဲ့နေသော ဖခင်အား ဆွဲယူပွေ့ပိုက်လျက်..

"ဖြစ်မှဖြစ်ရလေအဖေရာ..ကျွန်တော်တို့ကို..ထားခဲ့ပြီလားအဖေရာ..အဖေ..အဖေ"

သာခင်၏ ငိုသံရောစွက်သော ကြေကွဲမှုသံစဉ်များကြောင့် ကြားရသူလူအများအထူး စိတ်မကောင်းဖြစ်ကြပေသည်။ မိခင်ဖြစ်သူဒေါ်တင်မိမှာလည်း ခင်ပွန်းသည်တစ်ယောက် မမျှော်လင့်ပါပဲ သေဆုံးခဲ့သည့်အဖြစ်အား နှမြောတသစွာ ငေးကြည့်လျက်မှ ရင်ဘတ်စည်တီးအော်ဟစ်ငိုကြွေးခဲ့လေသည်။ မိခင်ဒေါ်တင်မိအား သားအကြီးဖြစ်သူ သာရင်တစ်ယောက် ငိုကြွေးလျက်မှ...

"အမေ..မငိုပါနဲ့တော့ဗျာ..အမေဆက်ပြီးငိုလေ..ကျွန်တော်လည်း ပိုဝမ်းနည်းပြီး အဖေ့အတွက်..ငိုရလေပဲဗျာ..အဖေကံဆိုးလို့ သေခဲ့ပေမယ့် အမေ့ရဲ့သားတွေဖြစ်တဲ့ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် အလုပ်လုပ်ပြီး ပြုစုမယ်..စောင့်ရှောက်မယ် အမေရာ..အမေမငိုပါနဲ့တော့..မငိုပါနဲ့တော့ အမေရယ်.."

မည်သို့ပင်ဖြစ်စေ မိခင်ဒေါ်တင်မိအားပေးနှစ်သိမ့်လျက်မှ သာရင်နှင့် သာခင်ညီအစ်ကိုတို့မှာ ကြေကွဲလို့မဆုံး..ငိုကြွေးလို့ မဆုံးနိုင်လေတော့။

ယင်းသို့ဖြင့်ပင် မိခင်ဒေါ်တင်မိသည်လည်း လင်သေမုဆိုးမဘဝသို့ တမဟုတ်ခြင်း ပြောင်းလဲသွားရသကဲ့သို့ သာရင်နှင့်သာခင်တို့သည် မိခင်ကြီးစိတ်ချမ်းသာစေရန် အထူးပင်ကြိုးစားဆောင်ရွက်ဖြည့်ဆည်းရန်အတွက် ရွာဦးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးအားခွင့်ပန်လျက်မိခင်ကြီး၏ အိမ်သို့ပြန်လာခဲ့ရပေသည်။

ငယ်ရွယ်ပျိုမျစ်သော ညီအစ်ကိုနှစ်ဦးမှာ လက်ယာလုပ်ငန်းအား ကျွမ်းကျင်ပိုင်နိုင်စွာ မလုပ်ကိုင်နိုင်သေးသော်လည်း နွားကျောင်းခြင်း၊ နွားမြက်ရိတ်ခြင်း၊ ကောက်လှိုင်းစည်းခြင်း၊ ပဲနုတ်ခြင်းစသည်များကို ကြိုးစား၍ လုပ်ကိုင်ခဲ့ပါ၏။ မည်သို့မျှမျှော်လင့်မထားသော ညီအစ်ကိုနှစ်ယောက်၏ လုံ့လအား ရွာသူရွာသားများမှ တအံ့တသြဖြစ်ကြရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ချို့လူကြီးပိုင်းမှလည်း..

"ငါကွာ..ကိုသူတော်တစ်ယောက် ဆုံးကာသွားရော..သူ့သားနှစ်ယောက် ဒီလောက်အဖြစ်မရှိလောက်ဘူးလို့ ထင်ထားတာ..အခုတော့ကွာ..သားနှစ်ယောက်ရဲ့ တက်တက်ကြွလုပ်ဆောင်ချက်တွေက သူတို့အမေတင်မိအတွက် ကျေနပ်စရာဖြစ်နေရပြီပဲကွာ"

သာရင်နှင့်သာခင်ညီအစ်ကို နှစ်ယောက်မှာ နေ့စဉ်ဆိုသကဲ့သို့ပင် အလုပ်ထွက်လုပ်နေကြသဖြင့် အိမ်တွင် အမြဲရှိမနေတတ်ပေ။ သို့ဖြင့် သူတို့နှစ်ယောက်အတွက် ကြမ္မာဆိုးတစ်ခုသည် မဖိတ်ခေါ်ပါပဲ အိမ်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည့်အခါတွင်..

* * *

တစ်နေ့သောအခါတွင် သာရင်နှင့်သာခင်ညီအစ်ကိုနှစ်ယောက်၏ မိခင်ဒေါ်တင်မိသည် အမျိုးသမီးများနှင့်ပတ်သက်သည့် သွေးဆုံးကိုင်သော ရောဂါဖြစ်ပေါ်လာ၍ ကိုယ်လက်ကိုက်ခဲ နာကျင်သည့် ဝေဒနာဖြစ်ပေါ်ခဲ့ပါ၏။ ဒေါ်တင်မိအနေဖြင့် ဆေးမီးတိုများဖြင့် မိမိကိုယ်မိမိ ကုသပါသော်လည်း ရောဂါပျောက်၍ မသွားခဲ့ပေ။ နောက်ဆုံး မခံရပ်နိုင်သည့်အဆုံး အိမ်နီးနားချင်းဖြစ်သော မအုန်းကျင်အား အကူအညီတောင်းရတော့သည်။

"အုန်းကျင်ရေ..ငါနေထိုင်မကောင်းဖြစ်လို့ အကိုက်အခဲပျောက်ဆေးလေး..ဘာလေးမရှိဘူးလားအေ ရွာထဲက ဆိုင်မှာက ဆေးကုန်နေလို့တဲ့ သာရင်တို့ရှိရင်လည်း မြို့တက် ဆေးဝယ်ခိုင်းရရင်အကောင်းသား သူတို့က အလုပ်သွားနေကြတော့ ငါ့မှာအကူအညီမရှိဘူး ဖြစ်နေတယ်"

မအုန်းကျင်သည် ဒေါ်တင်မိထံ လာရောက်၍ ခြေဆုပ်လက်နယ်ပြုလျက်မှ..

"ကျွန်မမှာ ဘာဆေးမှမရှိဘူး အစ်မရဲ့..ဟိုဘက်ရွာမှာတော့ မြန်မာဆေးရော အင်္ဂလိပ်ဆေးရော ကုနေတဲ့ ဆရာတစ်ယောက်တော့ရှိတယ် သွားပင့်ရင် လာတယ်.. အဲဒီတော့ အိမ်ကိုပင့်ပြီး ဆေးထိုးကြည့်ပါလား. အိမ်ကလူကို သွားပင့်ခိုင်းလိုက်မယ် အစ်မ"

"ကျွတ်ကျွတ်..ဒီလိုဆိုလည်း ကျေးဇူးတင်ပါတယ်ဟယ်..ငါဘယ်လိုမှ မခံစားနိုင်တော့တာမို့..သွားခေါ်ပေးပါဟယ်..အား..ကျွတ်..ကျွတ်..ကျွတ်"

မအုန်းကျင်၏ ယောကျ်ားကျော်အေးမှ သွားရောက်ပင့်ခေါ်ခဲ့ရ ဆေးဆရာပါလာခဲ့ပေသည်။ ထိုဆေးဆရာကား ဒေါ်တင်မိငယ်စဉ်နုပျိုသောဘဝ ကာလများဆီက ဒေါ်တင်မိအား တစ်ဖက်သတ်ပိုးပန်းခဲ့ဘူးသူ ဦးစိန်မောင်ပင်ဖြစ်ပါ၏။ မည်သို့ပင်ဖြစ်စေ ယခုလောလောဆယ်တွင် ဆေးဆရာဦးစိန်မောင်၏ ဆေးကုသပေးမှုကြောင့် ဒေါ်တင်မိ၏ရောဂါ ပျောက်ကင်းသက်သာလာခဲ့ပေသည်။

ဒေါ်တင်မိတစ်ယောက် သက်သာကျန်းမာလာသော်လည်း ဆေးဆရာဦးစိန်မောင်မှာ ဒေါ်တင်မိထံသို့ အသွားအလာမပျက်ခဲ့ပေ။ အကြောင်းမရှိ အကြောင်းရှာ နေ့စဉ်ဆိုသလို ဒေါ်တင်မိ၏ အိမ်သို့ရောက်လာစမြဲပင်၊ ဒေါ်တင်မိမှာ အသက်ငယ်ငယ် ရွယ်ရွယ်ဖြင့် ဦးသူတော်နှင့်အိမ်ထောင်ကျခဲ့ရပေသည်။ သို့တိုင် ယခုထိ ဒေါ်တင်မိမှာ အရွယ်တင်ဆဲပင်ဖြစ်ရာ မုဆိုးဖိုဦးစိန်မောင်သည်လည်း ဒေါ်တင်မိအား တစ်ကျော့ပြန် ပိုးပန်းလာခြင်းဟု ဆိုရပေတော့မည်။

ထိုမှတစ်ဆင့် သာရင်နှင့်သာခင်ညီအစ်ကိုနှစ်ယောက်အိမ်၌ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဦးစိန်မောင်သည် အတင့်ရဲကာ ဒေါ်တင်မိထံသို့ သွားလာဝင်ထွက်နေတော့သည်။ ဦးစိန်မောင်မှ မိမိတို့၏ မိခင်အား ဆေးကုသပေးသော ဆေးဆရာအဖြစ် ပထမတွင် ရိုသေလေးစားခဲ့သော်လည်း ဦးစိန်မောင်မှ မိမိတို့၏မိခင်အား ရဲတင်းစွာပြောဆို ဆက်ဆံလာမှုများသည် သာရင်သာခင်ညီအစ်ကိုအတွက် သံသယဖြစ်စရာကြုံလာခဲ့ရသည်။ နောက်ပိုင်းကာလကြာလာသည်နှင့်အမျှ မိခင်ဒေါ်တင်[illegible] ဆေးဆရာဦးစိန်မောင်တို့၏ [illegible] ရေးအခြေအနေအား ပတ်[illegible] ဝေဖန်ပြောကြား[illegible] များကြောင့် ညီ[illegible] သံသယတို့သည် [illegible] တော့သည်။

"သာရင်နဲ့သာခင်က..သူတို့



www.burmeseclassic.com

www.burmeseclassic.com

အဖေမရှိလို့သာ··အလုပ်ထွက်လုပ်နေရတာ··လူ့လောကအကြောင်း ဘာဆိုဘာမှ သိသေးတာ မဟုတ်ဘူး ဒီသူငယ်တွေက ကလေးသာသာတွေဆိုတော့ ဒီအကြောင်းတွေကိုဘယ်လို လုပ်သိနိုင်မှာလဲ··သူတို့အမေက လင်သေမုဆိုးမဆိုပေမယ့် အရွယ်ကောင်းတုန်းဆိုတော့ ဒီလိုကိစ္စကို မစဉ်းစားဘူး၊ စိတ်မကူးဖူးဆိုတာ ဖြစ်နိုင်ပါ့မလား တစ်နေ့စဉ်းစားလာမှာပဲ··"

"ငါတို့လည်းထင်တာပဲလေ··ဆေးဆရာဦးစိန်မောင်ကြီးတစ်ယောက်ဘာကိုလိုလို့ ဝဲနေတယ်ဆိုတာလည်း ကောင်းကောင်း သဘောပေါက်တာပေါ့ကွာ··ဦးစိန်မောင်ကြီးဆိုတာကလည်း သူ့မိန်းမဆုံးခါမှဆုံးရော မွေလိုက်တဲ့မိန်းမ··အယောက်တစ်ရာမကဘူး··သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့ဆေးဆရာ··ဆရာဝန်မဟုတ်ပဲ··ကြားဖူးနားဝနဲ့ ဆေးကုနေတဲ့ ဒေါက်တာရမ်းကုဆိုတော့··ဒိုက်ကျောင်းတွေ့ရင် ချိုင်တတ်တဲ့ခလေ့ဆိုးက··ရှိနေလေတော့··ဟိုညီအစ်ကိုကို သနားတယ်·ဘာပဲပြောပြော ဒေါ်တင်မိကြီးဆုံးဖြတ်ချက်မမှားဖို့ပဲ အရေးကြီးတယ်"

အချီအချတိုင်ပင်ညီစွာ ရွာသားများ၏ စကားလေသံများကြောင့် သာရင်နှင့်သာခင်မှာ သည်းခံနိုင်ခြင်းမရှိတော့၊ သို့ ဖြစ်ခြင်းကြောင့် ဦးစိန်မောင်နှင့် ပတ်သက်သော ပြဿနာများအား ညီအစ်ကို နှစ်ယောက်နှင့် မိခင်ဒေါ်တင်မိ ပွင့်ပွင့်လင်းလင်း စကားပြောကြရတော့သည်။ သားကြီးဖြစ်သူ သာရင်မှ မိခင်အား··

"အမေ··ရွာထဲကလူတွေက··ဦးစိန်မောင်ကြီးအိမ်ကိုဝင်ထွက်နေတာနဲ့ ပတ်သက်ပြီး ဝေဖန်သံတွေကြားနေရတယ်··ကျွန်တော်တို့မရှိတုန်း··အဲဒီလူကြီးအိမ်ကို လာတာသွားတာ လက်မခံပါနဲ့အမေ··အဲဒီလူကြီးကိုလည်း အမေ··ဧည့်ထောက်ခံပြီး စကားမပြောပါနဲ့··ဦးစိန်မောင်ကြီးက အမေ့ကိုသဘောကျပြီး အိမ်ကိုဝင်ထွက်နေတာလို့··ပြောနေကြပြီအမေ··အမေ့အနေနဲ့ ဟုတ်တာပဲဖြစ်ဖြစ်··မဟုတ်တာပဲဖြစ်ဖြစ်··ကျွန်တော်တို့နှစ်ယောက် လက်မခံနိုင်ဘူးအမေ··"

ယင်းကိစ္စနှင့်ပတ်သက်၍ သားနှစ်ယောက်၏ စိုးရိမ်ပူပန်မှုကို သဘောပေါက်သည့်အတွက် ဒေါ်တင်မိမှ သားများအားနှစ်သိမ့်ပါ၏။

"ပတ်ဝန်းကျင်ဆိုတာ သူတစ်ပါးရဲ့အကြောင်းကို ဟုတ်ဟုတ်၊ မဟုတ်ဟုတ် အလုပ်မရှိ အလုပ်ရှာပြီး ပြောကြတာတော့ အကျင့်တစ်ခုလိုဖြစ်နေတာကွဲ့··ဘယ်သူဘာပဲပြောပြော··ကိုယ်ကောင်းဖို့သာ အဓိကပါဟယ်"

မိခင်၏ပြောစကားအား သားငယ်ဖြစ်သူသာခင်မှ ခေါင်းဘယ်ညာရမ်းလျက်··

"မဟုတ်သေးဘူးအမေ အကြောင်းမရှိ အကြောင်းရှာပြီး အိမ်ကိုလာနေတဲ့ ရမ်းကုကြီးကို အိမ်လာတာလက်မခံဖို့ သားတို့ပြောနေတာဗျ၊ ဒီလူကြီး မေ့အပေါ် ဆက်ဆံတဲ့ပုံစံတွေကို သားတို့ မကြိုက်ဘူးအမေ နောက်ပြီး လမ်းမှာတွေ့တိုင်း ကျွန်တော်တို့ကို သားလို့ခေါ်တာ မကြိုက်ဘူး"

သားကြီး ဖြစ်သူသာရင်မှလည်း မိခင်အား··

"ဘာပဲဖြစ်ဖြစ်ပေါ့အမေရယ် ဒီလူကြီးကို နောက်ကိုအိမ်ကိုမလာဖို့ အမေပြောပေးပါ၊ ဒီလူကြီး ဒီထက်ဆိုးလာရင်တော့ သားတို့ကိုအဆိုးလို့ မထင်ပါနဲ့ သားတို့စိတ်မထိန်းနိုင်ရင်တော့ တစ်ခုခုလုပ်မိလိမ့်မယ်··"

မိခင်ဒေါ်တင်မိသည် သူမ၏ ဆံပင်အား လက်ဖြင့်တစ်ဖျစ်ဖျစ်ကိုင်လျက် စိတ်ပျက်သောလေသံဖြင့်··

"အေးပါကွယ်အမေပြောလိုက်ပါ့မယ်၊ သားတို့တွေ ဘေးစကားတွေ နားယောင်ပြီး မဟုတ်တာလုပ်ခဲ့ရင် နင်တို့တွေဒုက္ခရောက်လိမ့်မယ် နင်တို့ တစ်ခုခုဖြစ်ရင်လည်း အမေရင်ကွဲရလိမ့်မယ် အမေပြောတာ နားထောင်ကြပါဟယ်"

သာရင်နှင့်သာခင်သည် မိခင်ဖြစ်သူအား သနားစိတ်ဖြင့် ဆက်လက်၍ မပြောကြားပါလေတော့ မိခင်သည် မိမိတို့ညီအစ်ကိုအား လွန်စွာချစ်သည်ကြောင့် ရွာသားများပြောကြားလေ့သောစကား အဖျင်းအဆင်များအား ဂရုမစိုက်ပါလေတော့။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဆိုစေ မိမိ၏သားနှစ်ယောက်၏ ပြောစကားများသည် မှန်သင့်သလောက်မှန်ပါ၏။ ဒေါ်တင်မိ၏ သားများကွယ်ရာတွင် ဒေါ်တင်မိအား ဦးစိန်မောင်မှ မိမိနှင့်ပေါင်းဖက်အိမ်ထောင်ပြုရန်ပြောကြားနေခဲ့သည်မှာ အကြိမ်ပေါင်းမရည်မတွက်နိုင်တော့၊ ဒေါ်တင်မိမှလည်း သားနှစ်ယောက်၏မျက်နှာကိုထောက်ရှု၍ အကြိမ်ကြိမ်အခါခါငြင်းဆိုခဲ့သည်ချည်းဖြစ်သည်။ တစ်ခါတစ်ရံတွင်ဒေါ်တင်မိတစ်ယောက် သားနှစ်ယောက်နှင့်အဆင်မပြေလေတိုင်း ဦးစိန်မောင်၏ ဆန္ဒကိုလိုက်လျောမိတော့မည်ကဲ့သို့ ဖြစ်တတ်ပေသည်။ ထို့ပြင် ပုထုဇဉ်တစ်ဦးသာဖြစ်သည်။ ဒေါ်တင်မိအနေဖြင့် ဦးစိန်မောင်အား မသိစိတ်ဖြင့် လက်ခံလိုသော ဆန္ဒများရှိသော်လည်း သိစိတ်အရမူ အရွယ်ရောက်နေပြီဖြစ်သော သားနှစ်ယောက်အား ဥပေက္ခာပြုလိုသည့် ဆန္ဒများမရှိခဲ့ပါပေ။

* * *

ဒေါ်တင်မိ၏ စိတ်ခံစားမှုများအား မှန်းဆမိလေသော ဆေးဆရာဦးစိန်မောင်သည် မိမိထောင်ထားသော ပိုက်ကွန်ထဲသို့ အလိုအလျောက်တိုးဝင်လာတော့မည့် သားကောင်ပမာ ဒေါ်တင်မိအား သဘောထားလိုက်လေ၏။ ဦးစိန်မောင်အနေဖြင့် အကြပ်အတည်းတစ်ခု တွေ့ရသည်မှာ ဒေါ်တင်မိ၏သား သာရင်နှင့်သာခင် ညီအစ်ကိုနှစ်ဦးအား မည်သို့စည်းရုံးရမည်ကို တွေးတော၍ မရနိုင်အောင်ဖြစ်နေရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ တပည့်ဖြစ်သူ ဖိုးလှမှ··

"ဆရာကြီးရယ်··ကလေးတွေဘဲဟာ··ကလေးတွေကို အနုနည်းနဲ့စည်းရုံးပေါ့ဗျာ၊ ပေးတာပေး··ကျွေးတာကျွေးပြီး စည်းရုံးပေါ့ ဆရာကြီးရယ်··ဒီကောင်လေးတွေ··ဘာသားနဲ့ထုထားတာမို့လဲ··အဲဒီလိုမှ မဟုတ်ရင် တစ်နည်းနည်းနဲ့ဆုံးမပြလိုက်ပေါ့ ဆရာကြီးရာ"

ယုတ်စွအဆုံး ဖိုးလှပြောသည့် တစ်နည်းနည်းနဲ့ဆုံးမပြလိုက်ဆိုသည်ကို ဦးစိန်မောင်သဘောပေါက်ပါ၏။ သို့သော် ထိုသို့သော တနည်းနည်းသည် ဒေါ်တင်မိနှင့်သက်ဆိုင်နေသည်မို့ လုံးဝမဖြစ်နိုင်ပါချေ။ အကယ်၍သာ ဦးစိန်မောင်အနေဖြင့် ဒေါ်တင်မိမှ မိမိထောင်ထားသော ပိုက်ကွန်ထဲသို့ သူမ၏ဆန္ဒအလျောက်တိုးဝင်ခဲ့မည်ဆိုပါက သာရင်နှင့်သာခင်ကိစ္စသည် အလိုအလျောက်ပြီးစီးသွားမည်ဟု သူယူဆခဲ့ပေသည်။ ဖြစ်လိမ့်မည်ဟုလည်း ယုံကြည်ခဲ့သည်။

ထို့ကြောင့်ပင် သာရင်နှင့်သာခင်မရှိသည့်အခိုက် ဒေါ်တင်မိထံလာရောက်၍ ဦးစိန်မောင်လိမ္မာပါးနပ်သော စကားများဖြင့် စည်းရုံးနေတော့သည်။

"မတင်မိရယ်··မောင်တစ်ကျိုက်ပင်ရှိပေမယ့်··လင်ယောကျာ်းမရှိတဲ့ မိန်းမဟာ မတင့်တယ်ဘူးဗျ··အဲဒီလိုပဲ··သားတွေဘယ်လောက်ရှိရှိ··အချိန်တန်လို့ သားတွေသူ့လမ်းသူလျှောက်ကြပြီဆိုရင်ဖြင့်··မိခင်ဖြစ်တဲ့ မတင်မိတစ်ယောက်တည်း အထီးကျန်ဆန်မယ်ဆိုတာ··မတင်မိ··မသိလေရော့သလားဗျာ"

စူးစူးစိုက်စိုက်ဖြင့် ကြည့်၍ပြောနေသော ဦးစိန်မောင်အား ဒေါ်တင်မိ မျက်နှာချင်းမဆိုင်၊ မျက်နှာကိုတစ်ဘက်လွှဲ၍ သားများအား ထောက်ရှုလျက်··

"ကျွန်မသားတွေက··မိခင်တစ်ယောက်ပေါ်မှာ··ရက်ရက်စက်စက် ဥပေက္ခာပြုမယ့်သူတွေမဟုတ်ပါဘူးရှင်··ကိုစိန်မောင်ရဲ့ဆန္ဒမပြည့်တာနဲ့ ဘာမှမဆိုင်တဲ့ကျွန်မရဲ့သားတွေကိုတော့ ပုံမချပါနဲ့··ကျွန်မတို့ဒီအသက်အရွယ်ကျမှ အောက်အိမ်ထောင်ထူတယ်ဆိုတာ··အများကြားလို့မှမသင့်တော်ပါဘူးရှင်"

မျက်နှာတင်းခဲလုံး နီရဲသွားသော ဦးစိန်မောင်မှ··

"မတင်မိ သားတွေကို ပြောချင်လို့ပြောတာမဟုတ်ပါဘူးဗျာ··ကျွန်တော် မတင်မိကို ဟိုးအခါကတည်းက သံယောဇဉ်ရှိခဲ့တယ်ဆိုတာ သိမှာပါ··ကျွန်တော့်ကိုတော့··ဒီအရွယ်ကျမှ ငယ်စိတ်ဝင်တယ်လို့ မထင်စေချင်ဘူးဗျာ··ကျွန်တော်နဲ့မတင်မိ အိမ်ထောင်ထူလိုက်ရင်··ဆေးပေးမီးယူဖြစ်ကြပြီး သာရင်နဲ့သာခင်ကို ကျွန်တော့်သားအရင်းလို သဘောထားမယ်ဆိုတာ မတင်မိစဉ်းစားကြည့်ဖို့ ကောင်းတယ်"

www.burmeseclassic.com

သူ၏လိုဘကိုသာ ပြောနေသော ဦးစိန်မောင်အား ဒေါ်တင်မိမှ မျက်စောင်းထိုးလျက်

"ကျွန်မသားတွေ မရှိတုန်း..ရှင်ကလာတယ်..ရှင်ပြောတဲ့စကားတွေက..ကလေးကလားတွေနဲ့..ကျွန်မ..နားရှုပ်တယ်..ရွာထဲကလူတွေက ကျွန်မတို့ကို မျက်လုံးဒေါက်ထောက်ကြည့်ပြီး မဟုတ်မဟတ်တာတွေ ပြောကြမယ်ဆိုတာ ဦးစိန်မောင်သိဖို့ ကောင်းပါတယ်..နောက်ဆုံး ကျွန်မ ပြောနိုင်တာတစ်ခုကတော့..ကျွန်မတို့အသက်အရွယ်တွေက ထောက်လာကြပြီဆိုတော့..ရှင့်ရဲ့စကားတွေကို ကျွန်မသဘောမတူနိုင်ပါဘူး..နောက်ဆုံးပြောမယ်ရှင်..ကျွန်မတို့အိမ်ကို ရှင်မလာဖို့ တောင်းပန်းပါတယ်"

ဦးစိန်မောင်သည် ဒေါ်တင်မိအား ရာဂငမ်းသော မျက်လုံးများဖြင့် ကြည့်လျက်...

"ဘာဘဲဖြစ်ဖြစ်..ကျုပ်ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဗျာ..မတင်မိကျုပ်ကိုယူလိုက်လို့ ဘာအကျိုးမှ မယုတ်ပါဘူး..ကျုပ်မှာလယ်တွေနွားတွေရှိတယ်..ကျုပ်ရဲ့ဆေးကုတဲ့အလုပ်နဲ့ ခင်ဗျားတင်မကဘူး..ခင်ဗျားသားတွေကိုလည်း တင်ကျွေးထားမှာပါဗျာ"

ပြောပြောဆိုဆို ၎င်း ဒေါ်တင်မိ၏ ကိုယ်လုံးအားဖက်တွယ်လျက် ကွပ်ပျစ်ပေါ်သို့ လှဲချရန် အားထုတ်လေတော့သည်။ ဒေါ်တင်မိမှာ ထိတ်လန့်တစ်ကြားဖြင့် ရုန်းကန်လျက်..

"ကိုစိန်မောင်..ရှင်နော်ရှင်..မကြံသင့်စည်ရာ..ဒီလိုအောက်တန်းကျတဲ့အကျင့်နဲ့ ကျွန်မကိုမယုတ်မာပါနဲ့..ကျွန်မသည်းခံမှာမဟုတ်ဘူးနော်"

ဦးစိန်မောင်သည် ဒေါ်တင်မိအား အတင်းအဓမ္မပြုစော်ကားရန် ကြံစည်လေတော့သည်။

"ဒီအချိန်မှာတော့..မိုးပေါ်ကသကြားမင်းကြီးဆင်းပြီးတားလည်း မရတော့ဘူး မတင်မိရေ မဖြစ်ဖြစ်တဲ့နည်းက..ဒီတစ်နည်းပဲရှိတော့တာမို့..မရုန်းပါနဲ့ဗျာ.."

ဒေါ်တင်မိသည် ပတ်ဝန်းကျင်မှ ရွာသားများကြားသိ၍ အရှက်တစ်ကွဲအကျိုးနည်းရမည်ကို စိုးရိမ်သည်က တစ်ကြောင်း၊ သားများရောက်ရှိလာပါက မဖြစ်သင့်တာဖြစ်ပေါ်လာနိုင်သည်မို့ ကြိတ်၍ရုန်းကန်နေခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ ယောက်ျားအားကို မလွန်နိုင်သော ဒေါ်တင်မိမှာ ဦးစိန်မောင်အားအလျှော့ပေးရတော့မည်ကဲ့သို့ ဖြစ်လာပေသည်။

ထိုစဉ် အိမ်အောက်သို့ ရောက်ရှိနေသော သာရင်နှင့်သာခင်ညီအစ်ကိုသည် မိခင်အားစော်ကားရန်ကြိုးစားနေသော ဦးစိန်မောင်အား နောက်ဖက်မှ နေ၍ ပါလာသောနွားချည်သောကြိုးဖြင့် လည်ပင်းကိုရစ်ပတ်လျက် ညီအစ်ကိုနှစ်ယောက်မှာ အင်နှင့်အားနှင့် လွန်ဆွဲသကဲ့သို့ ဆွဲ၍ညစ်ထားလိုက်သည်။ ဦးစိန်မောင်မှာ တစ်အစ်အစ်ဖြင့် ရုန်းကန်နေပေသည်။

"ငါတို့အမေကို စော်ကားချင်တဲ့ လူယုတ်မာကြီး...လူ့လောကမှာ ရှိနေရင်လည်း တွေ့တဲ့သူတိုင်းကို ဒီလိုပဲ စော်ကားနေမှာပဲ..သတ်ပစ်လိုက်တာပဲ ကောင်းပါတယ်ကွာ"

ဒေါ်တင်မိမှာ လူးလဲထ၍ သားနှစ်ယောက်အား တားမြစ်နေပေသည်။

"သားတို့ရယ်..မလုပ်ပါနဲ့တော့ သူတစ်ခုခုဖြစ်ရင်..မင်းတို့ဒုက္ခရောက်လိမ့်မယ်နော်..မလုပ်ပါနဲ့သားတို့ရယ်"

ဒေါ်တင်မိတစ်ယောက်မျက်ရည်ခံထိုး၍ တောင်းပန်စကားမှ သာရင်နှင့်သာခင်တို့မှာ ပြောမရလေတော့ ဘီလူးသရဲစီးနေသည့်အသွင်ဖြင့်ရှိနေပြီး သာခင်သည် သူ၏ခါးကြားထဲ၌ အသင့်ဆောင်လာသော အရိုးအသွား ခုနစ်လက်မရှိ ဓါးမြှောင်ဖြင့် ဦးစိန်မောင်၏ ခန္ဓာကိုအားပိုက်၍ နှလုံးသားရှိရာသို့ အားကုန်ထိုးစိုက်ချလိုက်တော့သည်။ ဦးစိန်မောင်မှာ ဓါးဒဏ်ရာ၊ ကြိုးဖြင့်လည်ပင်းညစ်သည့်ဒဏ်ရာများဖြင့် မချိမဆန့်ခံစားလျက် အသက်ထွက်လေတော့သည်။

သာရင်နှင့်သာခင်သည် အိမ်ပေါ်တက်၍ သူတို့၏မိခင်အားစော်ကားရန် ကြိုးစားလေသော ဦးစိန်မောင်အားကိုယ်ထိလက်ရောက်သတ်ဖြတ်ကျူးလွန်ခဲ့သော်လည်း ထွက်ပြေးတိမ်းရှောင်ခြင်းမရှိ တဏှာရာဂကြီးမားသော လူယုတ်မာတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

အား လူ့လောကမှ အပြီးနှင်ထုတ်လိုက်ရသည့်အတွက် အလွန်ပင်အားရကျေနပ်နေလေသည်။

ဒေါ်တင်မိမှာ လူသတ်မှုကျူးလွန်ခဲ့သော သားနှစ်ယောက်အား ဖက်လျက်ရှိုက်ကြီးတစ်ငင်ငိုကြွေးလျက်ရှိသည်။

"သားတို့ရယ်..မလုပ်ပါနဲ့လို့ အတန်တန်တောင်းပန်နေတဲ့ကြားက အမေ့စကားနားမထောင်ဘူး..အခုတော့ အမေတစ်ယောက်တည်းဖြစ်ပြီပေါ့..အမေတားတာက ဦးစိန်မောင်ကို ဂရုဏာရှိလို့ တားတာမဟုတ်ဘူး..သားတို့ ရာဇဝတ်ပြစ်ဒဏ်သင့်မှာစိုးလို့..အပြစ်ကျမှာစိုးလို့ တားနေတာပါသားတို့ရယ်.."

သာရင်နှင့်သာခင်တို့သည် ဆန့်ဆန့်ကြီးအသက်ပျောက်နေပြီဖြစ်သော ဦးစိန်မောင်အား ရွံ့ရှာမုန်းတီးစွာ တစ်ချက်ကြည့်လိုက်ပြီး မိခင်ဒေါ်တင်မိအား..သာရင်မှ..

"ကိုယ်လုပ်ရင်..ကိုယ်ခံရပါတယ်အမေ..ကိုယ့်အမေတစ်ယောက်လုံးကို စော်ကားဖို့ကြံတဲ့ လူယုတ်မာကြီးကို ဒီအတိုင်းလက်ပိုက်ကြည့်နေရမလားဗျာ..လူ့လောက က အပြီးအပိုင်ထွက်ခွာခွင့်ပေးလိုက်တာဟာ အကောင်းဆုံးပေါ့ အမေရယ်..သည်လူယုတ်မာကြီးကို သတ်လိုက်ရလို့ ကျွန်တော်တို့ ဘယ်တော့မှ..နောင်တရမှာ မဟုတ်ဘူးအမေ.."

သို့ဖြင့် သာရင်နှင့်သာခင်သည် ကျေးရွာလူကြီးထံ လူသတ်မှုကျူးလွန်သည့် လက်နက်ပစ္စည်းများအပ်နှံလျက် မိမိတို့လူသတ်မှု ကျူးလွန်ကြောင်း ဝန်ခံခဲ့ပေသည်။ ကျေးရွာလူကြီးမှ မြို့ပေါ်ရဲစခန်းမှ မြို့နယ်စခန်းမှူးအား အကြောင်းကြားလိုက်သည့်နောက် ရဲစခန်းမှူးနှင့်နယ်ထိန်းရဲအရာရှိ တပ်ဖွဲ့ဝင်များရောက်လာကြပေသည်။ ဆေးမှတ်ချက်ရယူနိုင်ရန် အလောင်းအား မြို့ဆေးရုံသို့ လှည်းဖြင့်တင်ပို့လိုက်ပြီးနောက် လူသတ်မှုကျူးလွန်သည့် သာရင်နှင့်သာခင်ညီအစ်ကိုအား လက်ထိပ်ခတ်လျက် ရဲစခန်းသို့ ခေါ်ဆောင်သွားတော့သည်။

မိခင်ဒေါ်တင်မိမှာ သားနှစ်ယောက်အတွက် ပဋ္ဌာမြေလူးလျက်ရင်ဘတ်စည်တီးငိုကြွေး၍ မဆုံးနိုင်တော့ပေ။ အမှုမှတ်တမ်း၊ ရဲစက္ကူစာအုပ်များ၊ ဆေးမှတ်တမ်းများရယူပြည့်စုံသည်နှင့် လူသတ်မှုအား မြို့နယ်တရားရုံးသို့ တင်ပို့လိုက်ပါသည်။ မြို့နယ်တရားသူကြီးမှ သာရင်နှင့်သာခင်ညီအစ်ကိုနှစ်ဦးအား သေဒဏ်ချမှတ်ခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ သာရင်သာခင်ညီအစ်ကိုနှစ်ယောက်မှာ ဗဟိုတရားရုံးမှတစ်ဆင့် သမ္မတထံတင်ပြအယူခံရာမှ သေဒဏ်မှလွတ်ကင်း၍ အလုပ်ကြမ်းနှင့် ထောင်ဒဏ်(၁၀)နှစ်သို့ ပြောင်းလဲချမှတ်ခြင်းခံရပေသည်။

သာရင်သာခင်ညီအစ်ကိုနှစ်ယောက်ထောင်မှ လွတ်မြောက်လာသည့် အခါတွင် မိခင်ဒေါ်တင်မိသည် လူကြီးရောဂါဖြင့် အနိစ္စရောက်ခဲ့သည်မှာ သုံးနှစ်ခန့်ရှိခဲ့ပြီဖြစ်၏။ ထိုညီအစ်ကိုနှစ်ယောက်သည် မိခင်အား သင်္ဂြိုလ်သည့် သုသာန်သို့သွားရောက်ကန်တော့ခဲ့လေသည်။

မည်သို့ဆိုစေ အသက် ၁၈နှစ်ခန့် အရွယ်၌ထောင်ကျခဲ့ရာ လွတ်မြောက်သည့်အချိန်တွင် အသက်သုံးဆယ်ပင် မပြည့်တတ်သေးချေ။ သာရင်သာခင်ညီအစ်ကိုသည် မဟုတ်လျှင်မခံတတ်သည်မို့ မိမိတို့၏ဆွေမျိုးညာတိများအား စော်ကားလေယောက်ယှက်သမှုအား အပြတ်သုတ်သင်ရန် တူညီသောဆုံးဖြတ်ချက်များချထားပြီးဖြစ်လေတော့သည်။ သို့သော်လည်း မိမိတို့၏ ဆွေမျိုးများအား သာရင်နှင့်သာခင်ညီအစ်ကို၏ နာမည်ကျော်ကြားမှုများကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ လက်ဖျားပင်မတို့ခဲ့ကြပါချေ။ ယင်းတို့ဖြင့် သာရင်နှင့်သာခင်ညီအစ်ကိုနှစ်ယောက်သည် အရွယ်ရောက်၍အသီးသီးအိမ်ထောင်ကျသွားခဲ့ကြပြီး အသက်ခုနှစ်ဆယ်ကျော်သည့်နောက် ညီအစ်ကိုနှစ်ယောက်ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူကြီးရောဂါများဖြင့် အနိစ္စရောက်သွားခဲ့ပေတော့သည်။

(လွတ်လပ်ရေးမရခင် ဇီးကုန်းမြို့နယ်၌ အမှန်တစ်ကယ်ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှန်မှုခင်းအား ဆီလျော်စွာ ပြန်လည်ရေးဖွဲ့ခဲ့ပါသည်)

မောင်သာမန်(ဇီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# နယ်မြို့လေးထဲက သားရဲ

( ဖြစ်ရပ်မှန်ရသဝတ္ထုရှည် )

ယခင်လမှအဆက်

သစ်ထူးအိမ်

### စာရေးဆရာ ကျော်ဇော်ဟိန်းနှင့် စကားလက်ဆုံ ပြောကြခြင်း

ဤရက်များတွင် မြို့ကလေးမှာ ပုံမှန်အတိုင်း ဖြစ်နေပြန်သည်။

ထူးခြားသည်ဆို၍ နန်းတော်စိန်ပန်းကျောင်းတိုက် ဦးဆောင်ဂေါပကအဖွဲ့ အတွင်းရေးမှူးအိမ်သို့ စာရေးဆရာတစ်ဦး ရောက်ရှိနေသည်။ ခရီးကြုံ၍ ဝင်ရောက်နားခိုသည်ဟု သိရသည်။ မြို့လေးတွင်လည်း စာပေဝါသနာရှင်များ၊ စာရေးဆရာများ ရှိကြပါသည်။ သတင်းထောက် ဦးထွန်းရီ၊ မောင်တောက်ထိန်(ချင်းတွင်း)၊ တင်အောင်ဇင်(ကလေးဝ)၊ ချင်းတွင်းဦးဘတုတ်၊ ကျော်စံလှ (ကလေးဝ)၊ မြစ်သာမြဝင်း၊ နေမင်းသန်း၊ ဂမ္ဘီရစောရန်နိုင်(ကလေးဝ)၊ အညာသားရွှေရိုး(ကလေးဝ)၊ ခင်မှုံမှုံ (ဆက်သွယ်ရေး)၊ စမ်းရိပ်ညို(ကလေးဝ)၊ မောင်မောင်မြင့်ခါင်ထက်၊ မောင် (ဘီအီး)၊ နန်းခင်ပြုံး၊ မောင်ခင်မောင် (ငပယင်း)၊ ခင်မောင်မောင်(ကဗျာ)၊ ကျော်ဝင်းမောင်(ကလေးဝ)၊ မောင်ကြည်စိန်(ဘုတလင်)၊ ကိုလှမြင့် (ပ/ရ)၊ ကိုထွေး(ကလော၊ ဂျိုတီအိုင်)၊ စသဖြင့် ရှိကြသည်။ မြို့လေးမှာ သေးငယ်၍ ကျဉ်းသော်လည်း စာပေဝါသနာရှင်များ၊ ကဗျာဆရာများ၊ ဆောင်းပါးရှင်များကတော့ များပြားသည်။ စာအုပ်အငှားဆိုင်များကလည်း ခန့်မှန်းခြေ ၁၂ ဆိုင်ခန့်ရှိသည်။ ဒီအထဲတွင် ပြန်ကြားရေးစာကြည့်တိုက်နှင့် ဌာနဆိုင်ရာ စာကြည့်တိုက်များ ပါဝင်ခြင်းမရှိသေးပါ။

တေးရေးဆရာဖြစ်သော နိုင်နိုင်လည်း ၎င်းမြို့ကလေးတွင် ရှိနေပါသည်။ ယခုအခါ ဆရာနေမင်းသန်းမှာ မုံရွာမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆရာကိုထွေး (ကလောဂျိုတီအိုင်)မှာ နေပြည်တော်တွင်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိကြသည်။ ၎င်းမြို့ကလေး၏ မြို့နယ်စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌမှာ မောင်တောက်ထိန် (ချင်းတွင်း)ဖြစ်သည်။ နန်းတော်ကျောင်းဂေါပက အတွင်းရေးမှူး ဦးကျော်ဝင်းမောင်မှာလည်း ကျော်ဝင်းမောင်(ကလေးဝ) ကလောင်အမည်ဖြင့် စာပေများရေးသားလျက်ရှိသည်။ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူးနှင့် ရုံးတာဝန်ခံဖြစ်သော ကိုခင်မောင်မှာလည်း စာအုပ်ဆိုင်တစ်ဖက်ဖြင့် စာတိုပေစများ ရေးသားနေသူဖြစ်ကာ မောင်ခင်မောင်(ငပယင်း)ကလောင်အမည်ကို ခံယူထားလေသည်။

သို့သော် ရန်ကုန်-မန္တလေးနှင့် တကွ အရပ်တစ်ပါးမှ လာသည်ဆိုသော စာရေးဆရာများဆိုလျှင် တွေ့ချင်၊ ဆုံချင်၊ စကားပြောချင်ကြသည်မှာ စာပေဝါသနာပါသူတို့၏ ထုံးစံပင်ဖြစ်သည်။ ယခုလည်း စာရေးဆရာတစ်ပိုင်းဖြစ်သော ကိုခင်မောင်(ခေါ်) မောင်ခင်မောင်(ငပယင်း)သည်လည်း အဆိုပါ စာရေးဆရာဆိုသူအား တွေ့



www.burmeseclassic.com

www.burmeseclassic.com

ဆုံရန် ထွက်လာခဲ့သည်။ ကိုခင်မောင်နှင့်အတူ ရပ်ကွက်(၁) မီးသတ်တပ်ကြပ်ကြီး ကိုရဲမြင့်ဦး(သမဦးစီး)လည်း ပါဝင်သည်။ အံ့မခန်းဖြစ်ရသည်မှာ အရုပ်ဆိုး အကျည်းတန်လှသော ကိုရဲမြင့်ဦးမှာ 'မောင်မောင်မြင့်ခေါင်ထက်'ကလောင်အမည်ဖြင့် အချစ်ကဗျာများ၊ အလှတွဲ့ကဗျာများ များစွာ ရေးသားနေသော ကဗျာဆရာ ဖြစ်နေခြင်းပင်။

ဂေါပကအဖွဲ့ အတွင်းရေးမှူး ကိုကျော်ဝင်းမောင်အိမ်မှာ နန်းတော်ရပ်မှာပင်ရှိ၍ သွားလာရ လွယ်ကူနီးကပ်သဖြင့် ခေတ္တခဏဖြင့် ရောက်ရှိသွားသည်။ ကိုကျော်ဝင်းမောင် (ကလေး၀)နေအိမ်ပေါ်သို့ ရောက်သောအခါ ရေးဖော်များဖြစ်သော ကျော်စံလှ(ကလေး၀)၊ ရွှေညာသား (ကလေး၀)၊ စမ်းရိပ်ညို(ကလေး၀)၊ ဂမ္ဘီရစောရန်နိုင်(ကလေး၀)တို့က စောစီးစွာ ရောက်ရှိနေသည်။ ဘုန်းကြီးတစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးကို တွေ့ကြရသဖြင့် ပထမတွင် အံ့အားသင့်ရသေးသည်။ အိမ်ရှင် ကိုကျော်ဝင်းမောင်က . . .

"လာဗျို့ . . . ကိုခင်မောင်နဲ့ ကိုမြင့်ဦး . . . လာ . . . လာ"

"ကဲ . . ကဲ၊ ရောက်မဆိုက်ပဲ မိတ်ဆက်ပေးရဦးမယ်။ ဒီဦးဇင်းက ကလေးမြို့က လိုက်လာတာလေ။ စာပေအရေးအသားမှာ အလွန်ကောင်းတဲ့ ခေါင်ခါးခါး(ကလေး) ခေါ် ဆရာမြဆင့်ချယ်ပေါ့"

ကိုခင်မောင်နှင့် ကိုရဲမြင့်ဦးမှာ အထူးတလည် ဝမ်းသာအံ့ဩမိသွားရလေတော့သည်။

"ဟာ . . . ဦးဇင်းက ဆရာမြဆင့်ချယ်(ခေါ်) ခေါင်ခါးခါး (ကလေး၀)ပေါ့ဘုရား။ ဝမ်းသာလိုက်တာဘုရား။ ဝတ္ထုအရေးအသားမှာ ရသပေါ်အောင် ရေးနိုင်တဲ့ ဝတ္ထုတိုသမားဆိုတော့ တပည့်တော် လေးစားပါတယ်။ ဦးဇင်းရေးတဲ့ ဝတ္ထုတွေရော၊ ဆောင်းပါးတွေပါ အားလုံးနီးနီး တပည့်တော်ဖတ်ဖြစ်ပါတယ်။ တပည့်တော်က စာအုပ်ဆိုင်တည်ထားပါတယ်"

ဦးဇင်း မြဆင့်ချယ် ဣန္ဒြေရရ ပြုံးလျက် . . .

"ဒကာကြီး မောင်ခင်မောင်(ငပယင်း)အမည်နဲ့ရေးတဲ့ ဆောင်းပါးတွေ၊ ဝတ္ထုတွေလည်း ဦးဇင်းဖတ်ရပါတယ်။ 'အန္တိုင်းမဲ့မြတ်စွာ'ဆိုတဲ့ ဗုဒ္ဓစာပန်းချီ ဝတ္ထုတိုလေးဟာလည်း အတော်ကောင်းမွန်ပါတယ်"

ကိုခင်မောင်မှာ ရှားရှားပါးပါး ၎င်း၏ဝတ္ထုတိုကလေးကို ဖတ်ဖူးသည်ဆိုသော နာမည်ကြီးဝတ္ထုတို စာရေးဆရာ၏ စကားကြောင့် သွေးလေမြောက်ကာ 'တဟဲဟဲ'ဖြင့် အကြိမ်ကြိမ် ဦးချလေတော့သည်။

(ဝမ်းနည်းဖွယ် ကောင်းသည်မှာ ဝတ္ထုတိုစာရေးဆရာ မြဆင့်ချယ်(ခေါ်) ခေါင်ခါးခါး(ကလေး)မှာ မိုးမိုး(အင်းလျား) စာပေဆုအကြိမ်ကြိမ် ရရှိသော်လည်း သက်တော်မရှည်ဘဲ ကွယ်လွန်သွားပြီဖြစ်၍ ယခုစာမှ ဝမ်းနည်းသတိရ မှတ်တမ်းတင်အပ်ပါသည်။)

"ဟောဒီဆရာကတော့ စာရေးဆရာ ကျော်ဇော်ဟိန်းပါ။ ဖားကန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဖားကန့်မဂ္ဂဇင်း စီစဉ်ထုတ်ဝေသူ တာဝန်ခံ အယ်ဒီတာပေါ့"

ကိုကျော်ဝင်းမောင်က မိတ်ဆက်ပေးပြန်သဖြင့် ကိုခင်မောင်က

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာ။ ဆရာရေးတဲ့ ကဗျာရှည်တွေကို နွယ်နီ၊ မဟေသီ၊ ရောင်ပြန်၊ မှုခင်းစုံ၊ ပြည်သာယာ မဂ္ဂဇင်းတွေမှာ ဖတ်ရပါတယ်။ ဆောင်းပါးတွေ၊ ဝတ္ထုတွေကို လည်း ဖတ်ဖူးပါတယ် ဆရာ"

"ကိုခင်မောင်ရေ . . . ဆရာဦးကျော်ဇော်ဟိန်းက မောင်မောင် (ဖားကန့်)၊ မင်းခန့်စည်သူ ကလောင်အမည်တွေနဲ့ပါ ခရီးသွား ဆောင်းပါးတွေ၊ ဂမ္ဘီရဝတ္ထုတွေ မှုခင်းဝတ္ထုတွေ အစုံရေးသဗျ"

"ဆရာက စာစုံရေးတာပေါ့နော်"

"ဟုတ်ပါတယ်။ ကျွန်တော့်ဘဝမှာ စာအုပ်စာပေနှင့်ပဲ ဘဝရပ်တည်တာမို့ မှုခင်းဝတ္ထု၊ ဂမ္ဘီရဝတ္ထု၊ ပုံပြင်၊ ခရီးသွားစာပေ၊ ဓမ္မစာပေ၊ ဗုဒ္ဓစာပေများ အားလုံးပဲ ရေးပါတယ်။ ဘာကြောင့်ရေးသလဲဆိုတော့ အဲ . . . ဘာကြောင့် နာမည်စုံနဲ့ ရေးသလဲဆိုတော့ စာများများရေးမှ ထမင်းဖိုး၊ ဟင်းဖိုး ဖြည့်ဆည်းနိုင်မှာမို့ပါ"

"ဆရာကတော့ လုပ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

"အံ့ဩသွားတာလား၊ အထင်သေးသွားသလား ဆရာ။ ကျွန်တော့်မှာလည်း စာအုပ်ဆိုင် ဖွင့်ထားပါတယ်။ စာရေး၊ စာဖတ်သလို စာအုပ်ရောင်း၊ စာအုပ်ငှား၊ စာအုပ်ချုပ်၊ စာအုပ်တုတ်နဲ့ ဘဝရပ်တည်နိုင်တာပါ။ ကျွန်တော်မရေးနိုင်တာဆိုလို့ ဘာသာပြန်စာပေနှင့် ပို့စ်မော်ဒန်စာပေ၊ သိပ္ပံသုတေသနစာပေပဲ ရှိမယ်ထင်ပါတယ်"

"အထင်မသေးပါဘူး ဆရာ။ စာရေးနိုင်တာပဲ လေးစားပါတယ်"

"ကျွန်တော်ရေးတဲ့ စာပေမှာ အဆိပ်အတောက်စာပေ၊ ညစ်ညမ်းတဲ့စာပေ၊ နိုင်ငံတော်ကို ဆန့်ကျင်တဲ့စာပေ၊ ဥပဒေမဲ့စာပေ၊ ဗုဒ္ဓဘာသာနဲ့ ယဉ်ကျေးမှုကို ထိခိုက်စေမယ့်စာပေ၊ စတဲ့ စာပေတွေကလွဲလို့ အားကစားသတင်း၊ မှုခင်း၊ ပုံပြင်၊ အက်ဆေး၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ အားလုံးရေးပါတယ်။ စာစုံကို ကလောင်စုံနဲ့ရေးလို့ အပြစ်လို့ ထင်ကြ မြင်ကြရင်တော့ ကျွန်တော်မတတ်နိုင်ဘူးပေါ့ဗျာ"

"အပြစ်လို့မထင်၊ မတင်ပါဘူး ဆရာ"

ဆရာကျော်ဇော်ဟိန်းက စကားကို တိုးလျှညင်သာစွာ ပြောပြနေသည်။ မျက်နှာမှာ ညှိုမှိုင်းသော သဏ္ဌာန်ရှိသော်လည်း တည်ကြည်ခံ့ညားမှုက ပျောက်မသွားပေ။ စကားမပြောလျှင် နှုတ်ခမ်းအစုံကို အမြဲစေ့ထားတတ်ကာ တစ်စုံတစ်ရာကို အမြဲတွေးတောနေဟန်ရှိသည်။

*ကြီးမားသော ဝက်ဝံကြီးတစ်ကောင် (သို့မဟုတ်) ဝက်ဝံနှစ်ကောင် သုံးကောင်မျှ ဝင်ရောက်ခိုအောင်းနေသည်မှာ ထူးဆန်းလှသည်ဟု မြို့လူထုက ထင်နေကြသည်။ ပိုဆိုးသည်မှာ အများစုက 'ဝက်ဝံ'ဟု တိတိကျကျ မမြင်တွေ့ကြရသဖြင့် 'မည်းမည်းကောင်ကြီး သရဲမည်းမည်းကြီး' ဟုသာ ခေါ်ဆိုကြ၊ အထင်ရှိကြသည်။*

ကိုခင်မောင်တင် ဆက်၍ . .

"စာရေးဆရာဆိုတာ စာအမြဲဖတ်သလို စာနဲ့လက်နဲ့ မပြတ်ရေးနေတာ ပိုကောင်းပါတယ်ဆရာ။ ဒေသန္တရသတင်းဖြစ်ဖြစ်၊ မှုခင်းဖြစ်ဖြစ် ရေးတတ်သူ က 'မေတ္တာ၊ စေတနာ၊ သဒ္ဓါတရား'နဲ့ ရေးရင် အဆိပ်အတောက်ပေါ်အောင်ရေးရင် စာကောင်းပေမွန်လို့ ခေါ်ဆိုနိုင်ပါတယ်။ ကာရန်မဲ့မို့၊ မောဒန်၊ ပို့စ်မော်ဒန်မို့၊ ဘဝသရုပ်ဖော်မို့ဆိုပြီး တုပလို့ရေးလည်း ဆဲသလို ဖြစ်သွားရင် မခက်လား။ ပြီးတော့ မိမိနိုင်တဲ့လိုင်းကို မိမိဝါသနာ၊ မိမိရဲ့ဗီဇနဲ့ အားရှိရှိရေးတာလည်း ကောင်းပါတယ်ဆရာ။ ကျွန်တော်တို့နယ်ပရိသတ်ကတော့ လက်ခံကြပါတယ်။ ဒါကြောင့် ဒီနေ့ စာစောင်စာပေတွေ ခေတ်စားနေတာပေါ့ ဆရာ"

"ဟုတ်ပါတယ်။ စာရေးဆရာကြီးနတ်နွယ်က ကျွန်တော့်ကို ဒီလိုပြောဖူးတယ်။ 'ရဲရဲတွေး ရဲရဲရေးပါ'တဲ့"

ဌင်းနေ့က စာရေးဆရာ ကျော်ဇော်ဟိန်း၊ ဆရာမြဆင့်ချယ်တို့နှင့် စကားလက်ဆုံကျကာ တစ်နေကုန်ခဲ့ရလေသည်။

*****

## ဂမ္ဘီရဆန်သော မြို့ကလေး

မြစ်၏ အနောက်ဘက်တွင်ရှိသော မြို့တ[illegible]းမှာ အထက်ချင်းတွင်းဒေသတွင် ထင်ရှားသော မြို့တလေးဖြစ်သည်။ ချင်းတောင် ချင်းတိုင်းရင်းသားတို့၏ တံခါးပေါက် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သလို အိန္ဒိယနှင့် နယ်စပ်မြို့ဖြစ်သော ကဘော်ဒေသ တမူးမြို့၏ တံခါးဝလည်း ဖြစ်သည်။ သမိုင်းဝင် မြို့ဖြစ်သော 'ကလေးမြို့'ကြီး၏ ခံတပ်မြို့ ကင်းတံခါးမြို့လည်း ဖြစ်သည်။ မော်လိုက်၊ ဖောင်းပြင်၊ တုန်းမလင်း၊ သောင်သွပ်၊ ထမံသိ၊ လေရှီး၊ ဆင်သော၊ လင်းဖား၊ လဟယ်၊ ခန္တီးမြို့တို့၏ စက်လှေမော်တော်များ တစ်ထောက်နားရာ ဆိပ်ကမ်းမြို့လည်း ဖြစ်သည်။

တန့်ဆည်၊ ပင်လယ်ဘူး၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ဘုတလင်၊ အလုံ၊ ဒီပဲယင်း၊ မုံရွာ၊ မန္တလေး စသောမြို့များ၏ အဝေးပြေးကားများ ဖြတ်သန်းရာ၊ ကူးတို့ကူးရာ မြို့ဖစ်သည်။ အရပ်ရှစ်မျက်နှာအားလုံးသည် သစ်တောကြီးများဖြစ်၍ စိမ်းစိုလန်းဆန်းနေသည်။ အိန္ဒိယပစ္စည်းများ မှောင်ခိုကူးရာ ဆုံရပ်မြို့လည်းဖြစ်သလို အင်္ဂလိပ်တို့ ဆုတ်ခွာသော စစ်လမ်းမကြီး ဂိတ်ဝလည်း ဖြစ်သည်။ အင်ဖာသို့ ချီတက်တိုက်ခိုက်သော ဂျပန်တပ်မတော်၏ တစ်ထောက်နားစခန်း စစ်ရိက္ခာ၊ စစ်ပစ္စည်း စုပုံသောအရပ်လည်းဖြစ်သည်။

ရှေးယခင်က အိန္ဒိယမှ ကသည်း စစ်တပ်များ ကျူးကျော်ဝင်ရောက်ရာ လမ်းကြောင်းဝ ဖြစ်သကဲ့သို့ မြန်မာဘုရင်တို့၏ စစ်ချီစစ်တက်၊ စစ်နားရာ တပ်စခန်းမြို့လေးလည်း ဖြစ်သည်။ မြန်မာ့သမိုင်း အ ပ်နှင့် ပတ်သက်နေသော ပထဝီပုံစံအရ အံ့သြဖွယ်ကောင်းသော မြို့ကလေးဖြစ်သည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးဖြစ်သော ကျောက်မီးသွေးတူးဖော်သော မိုင်းတွင်းရှိသည်။ သစ်တောနှင့် တောင်တန်းတောင်တန်းထူထပ်သည်။ ဒုတိယကမ္ဘာစစ်ကကျန်ခဲ့သော စစ်ကျန်ယန္တရားယာဉ်ပျက်များ ရှိသည်။

ချင်းတွင်းမြစ်နှင့် မစိန့်မြစ်ဆုံရာတွင် ရွှေများ အလျှံပယ်ထွက်သည်။ ဗိဿနိုးဘုရင်မ ပန်ထွာမင်းသမီး ခိုအောင်းရာ မြို့ဟောင်းရှိသည်ဆိုသော မဟာမြိုင်တောကြီးနှင့် နီးနီးကပ်ကပ် ဆက်ဆက်စပ်စပ် ရှိနေသည်။ ချင်းတွင်းမြစ်တွင် 'အတက်မှာပေ၊ အောက်မှာရွှေ၊ အလယ်ဝက်သိုက်၊ မျက်ဖြူဆိုက်'ဟု ဆိုးရိုးစကားပင် တွင်ကျန်ရစ်သော ကြီးမားခက်ထန်သည့် ဝဲကြီးသုံးဝဲအနက် ကြောက်စရာအကောင်းဆုံး ဝဲဖြစ်သည့် 'ပေဝဲကြီး'မှာ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ဆုံရာ ရွှေသမင်တောင်ခြေရင်းတွင် တည်ရှိသည်။

ဂမ္ဘီရဆန်သော မြို့ကလေးနှင့် ပေဝဲကြီးမှာ တစ်ဆက်တစ်စပ်တည်း ဖြစ်၍ မြို့ဦး ရွှေမုဋ္ဌောစေတီတော်ခြေရင်း တောင်ခြေမှအစဟူ၍ပင် ဆိုနိုင်သည်။ အလောင်းစည်သူမင်းနှင့် တကွ ဘေးလောင်းတော်၊ ဘိုးလောင်းတော် မြန်မာဘုရင်မင်း အဆက်ဆက်တို့ တည်ခဲ့သော "မုဋ္ဌောတိုးဆူ၊ ဝူတိုလုံး"မှ ပထမစေတီဖြစ်သည့် ရွှေမုဋ္ဌောစေတီမှာ မြို့လေး၏ မြို့ဦးဘုရားဖြစ်ပေသည်။ သင်္ဘောနှင့် ဆန်တက်လာလျှင် ပေဝဲရောက်သည်နှင့် မြို့ကို မမြင်တွေ့ရသေးခင် ရွှေသင်္ကန်းရောင်ဝါတဖြာဖြာနှင့် သပ္ပာယ်လှသော စေတီတော်မြတ်ကြီးကို အရင်ဦး စဖူးတွေ့ရမည်ဖြစ်သည်။

မြို့လေး၏မျက်စောင်းထိုး ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း မဟာမြိုင်တောစပ်တွင် ဇီးတောင့်ရွာနှင့် ကိုင်းရွာတည်ရှိ၍ ကိုင်းရွာတွင် 'ဂူကိုးလုံးအစ ရွှေဂူတော်တစ်ဆူ' တည်ရှိလေသည်။

မြိုင်ကြီးပေါမာနှင့်နီးသော မြို့ကလေးဖြစ်၍ မြို့ထဲသို့ ဂျီ(ချေ)များ၊ မြွေများ၊ သင်းခွေချပ်များ၊ ဖွတ်သတ္တဝါ ခေါ် ဇောတိကကောင်များ မကြာခဏ အံ့ဘနန်း ဝင်လေ့ရှိသည်။ မြစ်ကြောင်းမှ ဧရာဝတီလင်းပိုင်များလည်း ဆန်တက်တတ်သည်။ သို့သော် ဆင်၊ ကျား၊ ကျားသစ် ဝက်ဝံစသော သားရဲကြီးများမှာ ဝင်လေ့မရှိပါ။ အမြဲတမ်း အေးချမ်းသောမြို့လေး ဖြစ်သည်။

ယခုအခါမှ ကြီးမားသော ဝက်ဝံကြီးတစ်ကောင်(သို့မဟုတ်) ဝက်ဝံနှစ်ကောင် သုံးကောင်မျှ ဝင်ရောက်ခိုအောင်းနေသည်မှာ ထူးဆန်းလှသည်ဟု မြို့လူထုက ထင်နေကြသည်။ ပိုဆိုးသည်မှာ အများစုက 'ဝက်ဝံ'ဟု တိတိကျကျ မမြင်တွေ့ကြရသဖြင့် 'မည်းမည်းကောင်ကြီး သရဲမည်းမည်းကြီး' ဟုသာ ခေါ်ဆိုကြ၊ အထင်ရှိကြသည်။ နာနာဘာဝက ဖန်တီးထားသော သရဲမိစ္ဆာကောင်ဟု ဆိုသူက ဆိုနေကြသည်။ မြင်လိုက်တွေ့လိုက်သော လူများမှာလည်း လေးငါးယောက်မျှသာ ဖြစ်၍ ဝက်ဝံပါဟု အတိအကျ သက်သေမပြနိုင်သေးချေ။ ခေါင်းခဲရသည်မှာ ဒုရဲအုပ် ဦးဖိုးထိန်တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ . . ကိုခင်မောင်ရေ။ သတင်းက ပြတ်သွားပြန်ပြီ။ ဘယ်လိုလဲဗျာ"

"ကျွန်တော်လည်း ဒါပဲ စဉ်းစားနေတယ် ဦးဖိုးထိန်၊ ကျွန်တော် မသင်္ကာတာက ဗိုက်ပူတိုညွန့်လှိုင်တို့အိမ်ကို ဝက်ဝံဘာကြောင့် တပ်သလဲ ဆိုတာပဲ။ သူတို့အိမ်အနီးမှာ ဝံခြေရာတွေ့ရတာ လေးခါရှိနေပြီနော်"

"ဟုတ်တယ်လေ။ ဒါပေမယ့် ဒါကြောင့်တော့လို့ ဘယ်ပြောနိုင်မလဲ"

"ဒါပေမယ့် အဲဒီအိမ်ကရခဲ့တဲ့ အနံ့ကတော့ ကျွန်တော် သိပ်မသင်္ကာချင်ဘူး။ ချဉ်စုတ်စုတ် ပုပ်အဲ့အဲ့ အနံ့မျိုးဗျ။ တောထဲတောင်ထဲမှာရတဲ့ အနံ့မျိုးဗျာ။ အဲဒါ ထူးဆန်းတယ်"

"ဒါလည်း မသေချာဘူးလေ။ ဒါနဲ့ ခင်ဗျားနှင့် ကိုရဲမြင့်ဦးတို့ တာဝန်ယူထားတဲ့ တောပစ်မုဆိုးတွေကိစ္စကော အဆင်ပြေလား"

"ပြေသလောက်ပါပဲဗျာ။ မီးသွေးချောက်၊ ဆေးတံချောက်၊ ရေအေးချောက်ကွင်းတွေနဲ့ ချမ်းအေးသာယာရပ်ကွက် အပြင်စည်းတွေကို မုဆိုးကြီး ဦးမြဖေ၊ ဦးအောင်ကြီးမြင့်၊ ဦးညွန့်ဆွေတို့အဖွဲ့ကို တာဝန်ယူခိုင်းထားတယ်။ စွယ်တော်မြိုင်၊ ယူကလစ်မြိုင်ဘက်ကို ဦးစံရွှေ၊ ဦးထွန်းမောင်၊ ကိုစံလှထွန်း၊ ကိုခင်ဝင်းတို့အဖွဲ့၊ ကျော်ဇင်၊ အုန်းပင်စု၊ ရှမ်းအင်းစည်းကြောင်းကို ဦးကျော်မင်း၊ ဦးသန်းမြင့်၊ ကိုထွန်းမြင့်တို့ တာဝန်ယူခိုင်းထားတယ်။ ခက်တာက အဖွဲ့မှာ လူအင်အား မဆိုးပေမယ့် သေနတ်ခဲယမ်းက နည်းတယ်ဗျ"

"ဒါတော့ မြို့နယ်မှူးနဲ့ စခန်းမှူးကို တင်ပြပြီး တစ်ဖွဲ့ကို ရဲသားသုံးဦးလောက် ထက်နတ်ခဲယမ်းရုံနဲ့ တွဲခတ်ပေးလို့ ရပါတယ်။ ခင်ဗျားလူတွေသာ ပြောထားဗျာ။ စည်းစည်းကြီးတွေ့ခဲ့လို့ သေချာတာနဲ့ ရအောင်ပစ်ကြပါစေ။ ဂရုစိုက်ရမှာက ပြည်သူလူထုကို မထိခိုက်မိဖို့ဘဲနော်"

"ကောင်စီဥက္ကဋ္ဌကြီး ဦးရာဆိုင်နဲ့ အတွင်းရေးမှူး ဦးသာခိုင်တို့က ခွင့်ပြုပါရဲ့လား။ ဦးရာဆိုင်နဲ့ ဦးသာခိုင်ကာ ဒီစီမံချက်ဟာ အန္တရာယ်ရှိနိုင်တယ်ဆိုပြီး ခွင့်ပြုချင်တာ မဟုတ်ဘူးဗျ"

"ရအောင် လုပ်ရမှာပေါ့ဗျာ။ ကြာလေ ကောလာဟလ ကြီးလေဆိုရင် ပြည်သူတွေ ထိတ်လန့်နိုင်တယ်။ ပိုဆိုးနိုင်တယ် မဟုတ်လားဗျ"

ဒုရဲအုပ်ဦးဖိုးထိန်နှင့် ကိုခင်မောင်(စာအုပ်ဆိုင်)တို့ နှစ်ဦးသား မြစ်သာလမ်းအတိုင်း စကားတပြောပြောနှင့် လျှောက်လာကြသည်။ ခဏတွင် ရှေ့ဆုံးမှ လျှောက်ကာ ရပ်စောင့်နေကြသော ရဲအုပ်ကြီး ဦးခင်ဇေတို့ အဖွဲ့နှင့် ဆုံမိကြသည်။ ဦးခင်ဇေက . . .

"ဆရာထိန်ရေ . . သစ်ချောက်၊ နွားစွယ်၊ နတ်တက်လမ်းကြောင်းကို မုဆိုးကြီးဦးကျော်လှနှင့် ဦးဘညွန့်၊ ဦးဘရီ၊ ဦးထွန်းကြီးတို့ကို တာဝန်ပေးထားတယ်။ အဆင်ပြေချင်တော့ သေနတ်ကလည်း လေးလက်ရှိနေတယ်။ ပိုပြီးအဆင်ပြေချင်တော့ လူငယ်တွေဖြစ်တဲ့ ကိုမောင်မောင်ကြီး၊ ကိုဌေးအောင်၊ ကိုချို၊ ဦးပု၊ ဦးထွန်းအောင်ကျော်တို့လည်းဝိုင်းကူကြမယ်"

"တုံနန်းရွှေတောင်နှင့် တိုင်း ဇီးတောင် စည်းရှိမှာတောဗျ"

"တုံနန်းရွှေတောင်ဘက်ကို ဦးကျော်စံဝင်း၊ ဦးဘကြည်၊ ဦးဝင်းမြင့်၊ ကိုနုတို့ရှိတယ်၊ တိုင်းနဲ့ ဇီးတောင့်မှာတော့ သူတို့ရွာကပဲရှာပြီး တာဝန်ယူမယ် ပြောပါတယ်"

"သေချာပါစေနော်။ အားလုံးချိတ်ဆက်မိရင် လကွယ်ည အချိန်ခေါင်ယံမှာ တောထုတ်မယ်။ ည ၁၂ နာရီတိတိမှာ စမယ်"

"ကုန်သည်ကြီးတွေဖြစ်တဲ့ဦးသိန်းဖေ၊ ဦးမွတ္တား၊ ဦးသန်း၊ ဦးဘကျော်၊ ဦးကိုကြီးတို့က လိုတာလှူမယ်။ ကုန်ကျစရိတ် တကာခံမယ်လို့ ကတိပေးပြီးပြီ။ ရပ်ကွက်(၁)ကို ဦးကိုကြီး၊ ဦးထွန်းလွင်၊ ရပ်ကွက်(၂)ကို ဦးထွန်းကြိုင်၊ ကိုကျော်ပွား၊ ရပ်ကွက်(၃)ကို ကိုးမင်းမောင်၊ ကိုကြည်ထွေး၊ ကိုတင်ဝင်း၊ ကိုစိုးတို့က ဦးဆောင်ကြမယ်။ ကျန်လူတွေကတော့ သတ်မှတ်နေရာက စောင့်ရုံပဲဗျ"

"ဩော် . . . ကိုဌေးမောင် (ဥပဒေရုံး)ရေ၊ ခင်ဗျားက စီမံချက်ရေးတဲ့ အခါ လူနာမည်နဲ့ ဝိသေသပါတွဲရေးပြီး စီမံချက်တင်နော်။ တော်ကြာ မှားနေမယ်။ ဦး ျော်လှဆိုတာနဲ့ မုဆိုးဦးကျော်လှလား၊ ဘီးစမ်းဦးကျော်လှလား၊ တင်းကဦးကျော်လှ၊ လက်သမားဆရာ ဦးကျော်လှ ခွဲခြားရေး



www.burmeseclassic.com

www.burmeseclassic.com

ပါ။ တော်ကြာ ဥက္ကဋ္ဌကြီး ဦးရာဆိုင်က စိတ်ကကြီးပါဘိသနဲ့"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

"ဒါက အရေးကြီးတယ်နော် ဟား . . ဟား. . ဟား"

အားလုံးက သဘောကျစွာ ရယ်မောလိုက်ကြသည်။ မကြာမီရက်တွင် တစ်မြို့လုံး အကွက်နင်းရှာကြရန် ဆုံးဖြတ်ထားကြသဖြင့် အစီအစဉ် အားလုံး တိကျသေချာဖို့ အရေးကြီးသည်။ အထက်ကတင်ပြခဲ့သလို နာမည်တူများသော မြို့လေးဖြစ်သဖြင့် အထူးသတိထားရသည်။ နာမည်ရေးလျှင် ဦးကိုကြီး(ဘီအိုစီ)၊ ဦးကိုကြီး (အထက)၊ ဦးကိုကြီး(ကာယဗလ)၊ ဦးဝင်းမြင့်(အထက)၊ ဦးဝင်းမြင့်(ဝပ်ရှော့)၊ ဦးဝင်းမြင့်(ကုန်သွယ်ရေး) စသဖြင့် မှတ်သားကြရသည်။

ဂုဏ်ရှိရဆန်သော မြို့ကလေးကား တစ်ခါတစ်ခါ ရယ်စရာကောင်းလှသည်။ ကြုံရုံလေး တင်ပြချင်ပါသေးသည်။ ဒေသန္တရဗဟုသုတ ဟာသလို့သာ မှတ်ရမှာပါ။ မြို့ကလေးတွင် နာမည်တူများသည့်အကြောင်းမှ ဖြစ်ပေါ်လာသော ပုံပြင်လေးတစ်ပုဒ်လို့ ဆိုပါစို့။

တင်ပြလိုသည်မှာ 'တင်အောင်' ဆိုသော အမည်တူကိစ္စပင် ဖြစ်ပါသည်။ မြို့လေးတွင် 'တင်အောင်'ဆိုသူကား များများလှချေသည်။

ဝါးကပ်ရက်၍ ရောင်းသော ဦးတင်အောင်ကို 'ဝါးကပ် တင်အောင်'၊ မျက်စိတစ်ဖက်ပျက်နေသော တင်အောင်ကို 'ငရမန်ကန်းတင်အောင်'၊ သမဝါယမတွင်လုပ်နေသော တင်အောင်ကို 'သမတင်အောင်'၊ အလုပ်သမား ကုန်တင်ကုန်ချလုပ်နေသော တင်အောင်ကို 'ဆိပ်ကမ်းတင်အောင်'၊ အရပ်အလွန်ရှည်သော တင်အောင်ကို 'အရှည်ကြီးတင်အောင်'၊ အရက်သောက်၍ အမြဲတမ်းမူးနေသော တင်အောင်ကို 'ငမူးတင်အောင်' စသဖြင့် ဝိသေသကပ်၍ ခေါ်ပြောကြရသည်။ စာရေးလျှင်တော့ ဦးတင်အောင်(ဝါးကပ်)၊ ဦးတင်အောင်(သမ)၊ ဦးတင်အောင်(ဆိပ်ကမ်း) စသဖြင့် ရေးသားကြရသည်။ အားလုံးထဲမှ တင်အောင်တကာ့ တင်အောင်များထဲတွင် 'ဝက်တင်အောင်' ဆိုသူကား ထူးခြားသည်။ အကြောင်းလည်းရှိသည်။

ဝက်တင်အောင်တွင် အိမ်ဝင်းအတွင်း စီးပွားဖြစ် မွေးမြူထားသောဝက်များမှာ ဆယ်ကောင်ခန့် ရှိသည်။ ၎င်း၏ ဝက်ဆယ်ကောင်မှာ ကြီး၍ထွားသည်။ မွေးလာလိုက် ရောင်းစားလိုက်ဖြင့် ဝက်ကောင်ရေမှာ ဆယ်ကောင်ထက်မနည်း ပိုင်ဆိုင်သောသူဖြစ်သည်။ တစ်ခါတစ်ခါ ဝက်များပြိုင်တူသားပေါက်လျှင် ဝက်ကောင်ရေ သုံးဆယ်ခန့်ပင် ပွားများပိုင်ဆိုင်လေ့ရှိသည်။ ဝက်မွေးကာ ချမ်းသာနေသူဖြစ်၍ ဝက်သူဌေးဟု တင်စားသလို နောက်သလို ခေါ်ကြသည်။

နောင်တွင် 'ကပ်စေးနဲတင်အောင်၊ ကော်တရာတင်အောင်'ဟု ခေါ်ကြတော့သည်။ အကြောင်းမှာ ၎င်းကိုတင်အောင်မှာ ဝက်စာဖြစ်သည့် ဆန်ကွဲ၊ ပဲဖတ်၊ ဖွဲနု၊ ဖွဲကြမ်းတို့ကို လုံးဝဝယ်မကျွေးဘဲ တစ်အိမ်တက်ဆင်း ထမင်းကျန်၊ ဟင်းကျန်ကို ထမ်းပိုးနှင့် ဦးပုံးထမ်း၍ တောင်းခံစုဆောင်းကျွေးသောကြောင့် ဖြစ်သည်။ ဆန်

■■■■■■■■■■■

*ဂုဏ်ရှိရဆန်သော မြို့လေးဖြစ်သော်လည်း ဘိုးတော်၊ ဘွားတော်၊ ရသေ့နှင့် ဝိဇ္ဇာဆိုသော ပုဂ္ဂိုလ်များမရှိ။ အယုံအကြည်မထားကြ။ ရိုးရာအိမ်တွင်းနတ်စင်ထားကြသေးသော်လည်း လွန်ကျူးသော နတ်ပွဲ၊ ဗလိနတ်စာကျွေးပွဲများ မရှိခြင်းမှာ မြို့လေး၏ ဂုဏ်ကျက်သရေပင် ဖြစ်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

ဆေးရည်၊ ထမင်းရည်တို့ကို ကြိုတင်ပြောပြ၍ တောင်းခံထားကာ ကိုယ်တိုင် လှည့်လည်စုဆောင်းသူဖြစ်သည်။

ရင်းမှာ ကပ်စေးနဲ့ဟုလည်းကောင်း၊ ကော်တရာဟုလည်းကောင်း ခေါ်ဆိုသည်ကို မခံမရပ်နိုင် ဖြစ်နေသည်။ အသိမိတ်ဆွေများကို ကြုံတိုင်း လက်ဖက်ရည်တိုက်၍ အိမ်နီးချင်းများကို 'ကော်တရာတင်အောင်'ဟု မခေါ်ရန်စည်းရုံးသော်လည်း အချည်းအနှီးသာဖြစ်ရသည်။ တအုံ့နွေးနွေးဖြင့် ခံစားနေရာမှ တစ်နေ့တွင် တစ်ရပ်ကွက်လုံးကိုဖိတ်၍ ကလေးလူကြီး ကျားမမရွေး မုန့်ဟင်းခါး အဝကျွေးလေတော့သည်။ မုန့်ဟင်းခါးကျွေး၍ လူများစွာ စည်ကားချိန်တွင် . .

"ခင်ဗျားတို့ ကျုပ်ကျွေးတဲ့ မုန့်ဟင်းခါးကို မြိန်ရေရှက်ရေ စားကြတာတော့ ကျုပ်ဝမ်းသာတယ်။ အားရပါးရ အားမနာတမ်း စားကြပါ။ ဒါပေမယ့် ကျုပ်ကျွေးတာစားပြီး 'ကပ်စေးနဲ့တို့၊ ကော်တရာတို့' ထပ်ခေါ်ရင် တေတေးပဲ၊ ကျုပ်နှင့်တွေ့မယ်။ အားလုံးကိုလည်း သတိပေးလိုက်မယ်"

လူကြီးများနှင့်တကွ စုံညီစွာ စားသောက်နေချိန်တွင် အပြောခံကြရသဖြင့် အောင့်သက်သက်နိုင်လှသော်လည်း ရပ်ကွက်လူကြီးများမှာ သည်းခံ၍ စကားနည်း ရန်စဲဖြစ်စေရန် . .

"ဟုတ်တာပေါ့ကွာ။ ကော်တရာတို့ ဘာတို့တော့ မခေါ်ကြပါနဲ့။ ဆင်ခြင်ကြပေါ့ကွာ။ အချင်းချင်းတွေပဲ"

လူကြီးတွေစကားကြောင့် အများက အင်းမလုပ်၊ အဲမလုပ်နေကြသည်ဖြစ်သော်လည်း အများစုကတော့ သိပ်ပြီးကျေနပ်ချင်ကြသည် မဟုတ်ချေ။

ခက်သည်မှာ ရင်းတင်အောင် အိမ်ရှေ့တည့်တည့်တွင်လည်း တင်အောင်တစ်ယောက် ရှိနေသေးသည်။ မျက်နှာချင်းဆိုင်တွင်ဖြစ်ကာ လိုအပ်၍ 'တင်အောင်'ရေဟုခေါ်လျှင် ဖြိုင်တူထူးသလို ပြဿနာဖြစ်လျှင် နှစ်ဦးလုံး သွားရောက်ဖြေရှင်းကြရသည်။ ရင်းတင်အောင် အိမ်ရှေ့မှ တင်အောင်သည် ရွှေပန်းထိမ်ဆိုင်ဖွင့်ကာ ပန်းထိမ်လုပ်ငန်းလုပ်သူဖြစ်၍ 'ရွှေပန်းထိမ်တင်အောင်'ဟု ခေါ်ကြသည်။ သို့ဖြစ်၍ အခက်တွေ့ကြရသည်။

နောင်တွင် ဘယ်သူက စခေါ်သည်မသိ။ 'ဝက်တင်အောင်'ဟု ခေါ်ကြတော့သည်။ အားလုံးက လမ်းတွေ့လျှင် "ဝက်တင်အောင်ဘယ်လဲ"၊ "ဝက်တင်အောင်ကြီး စားပြီးပြီလား" ဟု မေးကြနှုတ်ဆက်ကြသည်။ ဝက်မွေးထားသော်လည်း 'ဝက်တင်အောင်'ဟု ခေါ်သည်ကိုတော့ မကြိုက်သဖြင့် အမြဲတမ်း ပွည်ပွည်ဖြစ်ရသည်၊ ဒေါသဖြစ်ရသည်။ မိန်းမဖြစ်သူ မတင်ညိုက "ဘာဖြစ်လဲ ကိုတင်အောင်ရယ်။ ခေါ်ကြပါစေ။ ပွဲပါတာမှတ်လို့"ဟု ဆိုသော်လည်း မရချေ။ တစ်နေ့ အလှူခံ အသံချဲ့စက်မှ "ဝက်တင်အောင်၊ မတင်ညိုတို့က သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းတာက အလှူတော်ငွေ ငါးကျပ်"ဟူသော ကြေညာသံကြောင့် ဝက်တင်အောင်မှာ 'မအေနမ'ရေရှာ၍ ကိုင်တုတ်တော့သည်။

ပိုဆိုးသွားသည်ကား 'ငါနဲ့ကိုင်တုတ်တဲ့ ဝက်တင်အောင်၊ မိုက်ရိုင်းတဲ့ ဝက်တင်အောင်'ဟု တီးတိုးတီးတိုး ပြောကြတော့သည်။

သို့နှင့် ရင်းကိုတင်အောင်မှာ မခံ မရပ်နိုင်ဖြစ်ကာ ဝက်များအားလုံးကို ရောင်းချလိုက်လေတော့သည်။ ရောင်းချ၍ရသောငွေဖြင့် ခိုင်းနွား တစ်ရှဉ်းနှင့် လှည်းသစ်တစ်စင်းကို ဝယ်လိုက်သည်။ အကြံအစည်မှာ မြို့လေးတွင် လှည်းနွားဖြင့် ကုန်တိုက်စားမည် စိတ်ကူးရသောကြောင့်ပင်။ ဝက်ရောင်း၍ လှည်းနှင့်နွား ဝယ်ပြီးသော်လည်း မြို့နေလူအားလုံး မေ့ကြသေးသဖြင့် 'ဝက်တင်အောင်၊ ဝက်တင်အောင်'ဟုပင် ခေါ်နေကြပြန်သည်။

ကိုတင်အောင်မှာ အံကြိတ်လျက်ဖြင့် မယားဖြစ်သူ မတင်ညို တားနေသည့်ကြားမှပင် လှည်းသစ်ကို နွားနှစ်ကောင်ကလျက် တစ်မြို့လုံး ဒုန်းဆိုင်း၍ လှည့်ပတ်မောင်းတော့သည်။ ပါးစပ်ကလည်း အဆက်မပြတ်အော်ဟစ်သည်မှာလည်း ဆူညံနေတော့သည်။

"ငါ ဝက်ရောင်းပြီး လှည်းဝယ်လိုက်ပြီကွ။ လှည်းပိုင်တင်အောင်ဖေ့ဟ။ လှည်းပိုင်တင်အောင်ကွ"

"ရှမ်း . . . ရှမ်း"

နွားနှစ်ကောင်ကို ကြိမ်သပျာနှင့် ရိုက်လိုက်၊ လှည်းတင်အောင်အော်လိုက် တရှမ်းရှမ်းရိုက်လိုက်၊ အော်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဖြင့် မြို့ကျဉ်းလေးကို နှစ်နာရီခန့် လှည့်ပတ်အော်ပါတော့သည်။

"ဒီကောင်ကွာ နွားနှစ်ကောင် ပင်ပန်းအောင် လုပ်ရက်တယ်"

"ဟုတ်ပါ့ကွာ၊ နွားတွေကိုမှ မသနားတဲ့ကောင်"

"နွားထက် အသိဉာဏ်မဲ့တဲ့ ကောင်ပဲ"

မြို့လေးနေ မြည်သူလူထုက ၎င်းကိုကြည့်ကာ တိုးတိုးတိုးတိုးဖြင့် ဝေဖန်ပြစ်တင်ကြပါတော့သည်။ ထို့အပြင် ၎င်းကိုလည်း . . .

"နွားတင်အောင် နွားတင်အောင်"ဟူ၍ ဝိသေသထူးအသစ်ဖြင့် 'နွားတင် အောင်'ဟု တွင်ကျယ်စွာ ခေါ်ဆိုလာကြခြင်းဖြစ်သည်။ တကယ့် မြို့ကလေးပါပေ။

(၎င်းကိုတင်အောင်မှာ နောင်တွင် အဲယားကွန်းပါ အဆင့်မြင့် ဘတ်စ်ကားကြီးတစ်စီး ပိုင်ဆိုင်သွားကာ မြို့ကြီးဖြစ်သော 'ကလေးမြို့'သို့ အပြီးပိုင် ပြောင်းရွှေ့သွားပါတော့သည်။ သတင်းစကား ကြားရသည်မှာ ဝမ်းသာစရာဖြစ်ရသည်။ ကားပိုင် ဦးတင်အောင်ဟု အမည်တွင်၍ ဖြစ်သည်။)

ဤဇာတ်လမ်းစုလေးမှာ အမှန်တကယ် ဖြစ်ရပ်ဖြစ်ပါသည်။ မြို့လေးက အံ့ဖွယ်ပါပေ။ ဦးဗေဒါဆိုလျှင် ကုန်သည်ကြီးဗေဒါ၊ လုပ်သားမှူး ဦးဗေဒါရှိသကဲ့သို့ သံချောင်းဆိုလျှင် နလကရုံးသံချောင်း၊ လက်သမားသံချောင်း၊ စားဖိုမှူးသံချောင်း ဆိုတာမျိုး ရှိသေးသည်။ ဒါတွေပဲလားဆိုတော့ မဟုတ်သေးပါ။ ဦးသန်း+ဇနီး ဒေါ်သန်းရှိသလို၊ ကိုသန်း+မသန်း ဟူ၍ ရှိသေးသည်။ အားလုံး ကားပိုင် သူဌေးများဖြစ်၍ ဦးသန်း+ဒေါ်သန်းက 'အောင်သပြေကားပိုင်ရှင်' ဖြစ်ကာ၊ ကိုသန်း+မသန်းက 'သန်းသစ္စာ' ကားပိုင်ဖြစ်သည်။ အသက်အနည်းငယ်သာ ကွာခြားသည်။ 'တင်မြင့်ဝင်း' ဘတ်စ်ကားမောင်းသော ယာဉ်မောင်း ကိုဖိုးဦး + ဇနီးမကြည်မ ရှိသလို၊ မေတ္တာရောင်ပြန် ဘတ်စ်ကားမောင်းသော ကိုမောင်ဦး+ဇနီး မကြည်မ ဆိုသည့် လင်မယားစုံတွဲနှစ်တွဲလည်း ရှိသေးသည်။ ဤမျှ ထူးခြားသော မြို့ကလေးပါပေ။

မိုးရွာပြီးဆိုမှဖြင့် မြို့ကလေးရှိ ရပ်ကွက်ကြီးသုံးခုစလုံးမှာ ရေမြုပ်ပါတော့သည်။ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်စတဲ့ မြစ်နှစ်စင်းကြား ကြက်လျှာစွန်းပေါ်တွင်တည်ရှိ၍ နှစ်စဉ် ရေကြီးရေလျှံသည်။ မြေပြန့်မြေနိမ့်မှန်သမျှ ရေများဖုံးလွှမ်းသဖြင့် ပိန်းလှေ၊ သမ္ဗန်လှေ၊ စက်လှေတို့ဖြင့် တပျော်တပါး လှော်ခတ်ပျော်ပါးကြသည်။ ရေကြီးရေမြုပ်၍ ပျော်ရွှင်သောမြို့မှာ မြန်မာပြည်တွင် ဤမြို့ကလေးတစ်မြို့သာ ရှိလိမ့်မည်ထင်ပါသည်။

မြို့လေးတွင် (ရွှေမုဋ္ဌောဘုရား) ရွှေမုဋ္ဌောကျောင်း၊ တောကျောင်း၊ ဘီးစမ်းကျောင်း၊ နန်းတော်ကျောင်း၊ ချမ်းအေးသာယာကျောင်း ဟူ၍ရှိရာ ကျောင်းငါးကျောင်းစလုံးမှ ဘုရားပွဲများ အသီးသီးကျင်းပကြရာ ထမနဲ၊ ထိုးမုန့်၊ ဟင်းထမင်းတို့ကို အဝကျွေး၊ မစားနိုင်အောင်ကျွေးသော သဒ္ဓါပေါက်သည့်မြို့လေးဖြစ်သည်။ မစားလျှင် အိမ်သို့ယူသွားရန် အတင်းအကျပ်ပေးသော မြို့လေးဖြစ်သည်။

ယခင်ခေတ်ကဆိုလျှင် လျှပ်စစ်မီးမရှိ၊ တယ်လီဖုန်းမရှိ၊ ကြေးနန်းရုံး မရှိသော နယ်ပိုင်ရုံးစိုက်ရာ မြို့လေး ဖြစ်သည်။

ဂမ္ဘီရဆန်သော မြို့လေးဖြစ်သော်လည်း ဘိုးတော်ဘွားတော်၊ ရသေ့နှင့် ဝိဇ္ဇာဆိုသော ပုဂ္ဂိုလ်များမရှိ။ အယုံအကြည်မထားကြ။ ရိုးရာအိမ်တွင်းနတ်စင် ထားကြသေးသော်လည်း လွန်ကျွံသော နတ်ပွဲ၊ ဗလိနတ်စာကျွေးပွဲများ မရှိခြင်းမှာ မြို့လေး၏ ဂုဏ်ကျက်သရေပင် ဖြစ်ပါသည်။

ဝါတွင်း အဖိတ်နေ့၊ ဥပုသ်နေ့များတွင် ဆွမ်းတော်ကြီးခံခြင်းနှင့် နံနက်အရုဏ်ဆွမ်း လောင်းလှူဖွယ်ကို ရှည်လျားစည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်နိုင်သော ဗုဒ္ဓဘာသာ အများစုယုံကြည်ကြသော မြို့ကလေးသာ ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

## သစ်ထူးအိမ်



www.burmeseclassic.com

www.burmeseclassic.com

# မမေ့မှော်လင့်သော ခွန်အား

စိန်ဝင်းမော်

၁၉၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အသက် ၂၆ နှစ်ရှိ သူနာပြုဆရာမလေး 'အယ်နီတာကော်ဘီ'မှာ မိဘများထံအသွားတွင် ဆစ်(ဒ်)နီမြို့ အနောက်ပိုင်း ဆင်ခြေဖုံးအရပ်တွင် အဓမ္မခေါ်ဆောင် မတရားပြုကျင့် အသတ်ခံခဲ့ရသည်။ ကြောက်မက်ဖွယ်မှုခင်းနှင့် ပတ်သက်၍ နောင်အဖမ်းခံရသော ပြစ်မှုကျူးလွန်သူ ငါးဦး အဖမ်းခံရမှု သတင်းက ဩစတြေးလျနိုင်ငံကို အံ့ဩတုန်လှုပ်သွားစေခဲ့သည်။ ဝမ်းနည်းကြေကွဲလျက်ရှိကြသော မိန်းကလေး၏ မိဘများအနေဖြင့်လည်း စက်ဆုပ်ရွံရှာဖွယ်ကောင်းသော မှုခင်းများကို ရင်ဆိုင်ကြုံတွေ့ခံစားနေရသည့် မိသားစုများကို စာနာကူညီရန် အထူးတာဝန်တစ်ရပ် စတင်ထမ်းဆောင်လာသည်ကို မြင်တွေ့ရသည်။ သတင်းထောက် 'ဂျူလီယာရှက်ပတ်'က သူတို့သမီးအသတ်ခံရပြီး သုံးပတ်အကြာတွင် 'အယ်နီတာ'၏ မိဘများဖြစ်သော 'ဂယ်ရီလင့်(ချ်)'နှင့် 'ဂရေ့(စ်)'တို့ကိုတွေ့စဉ် လေးနက်သော မိတ်ဆွေဆက်ဆံရေးကို စတင်ခဲ့သည်။ ၂၅ နှစ်ကျော်ကြာပြီးတိုင် သူမက အေးဆေးတည်ငြိမ်သော ဆုံးဖြတ်ချက်နှင့် အမျိုးသမီးတစ်ဦး၏ ထူးခြားသည့် ဘဝအလုပ်တစ်ခုကို ပြန်လည်သတိရနေသည်။




အသတ်ခံရသူ အလှမယ်ဟောင်း
'အယ်နီတာကော်ဘီ'

ကျွန်မက 'ဂရေ့(စ်)'ကို ၁၉၈၆ ခုနှစ်၏ နေသာသော မတ်လတစ်နေ့တွင် ပထမဆုံးအကြိမ် ဆုံတွေ့ခဲ့သည်။ သူတို့အိမ်အပေါ်ထပ်သို့ အင်္ဂတေလှေကားမှ တက်သွားစဉ် နေရောင်ခြည်က လိုက်ဖက်မှုမရှိသလို ဖြစ်နေသည်။ ရာသီဥတုဒဏ်ခံထားရသော တော်သင့်ရုံအိမ်မှာ သူတို့ ၁၉၅၈ ခုနှစ်က ဆောက်ခဲ့ပြီး ဝမ်းနည်းပူဆွေးမှုဖြင့် ပြည့်လျှံလျက်ရှိသည်။ ကျွန်မက မလာချင်ခဲ့ပါ။ အသက် ၆၀ အ[illegible]ရှိကြပြီဖြစ်သော 'ဂယ်ရီ'နှင့် 'ဂရေ့(စ်)'တို့မှာ လွန်ခဲ့သော ရက်သတ္တသုံးပတ်ကပင် ထိတ်လန့်တုန်လှုပ်ဖွယ် သတင်းနှင့် ရင်ဆိုင်ခဲ့ကြရရှာသည်။ ၎င်းတို့၏ အသက် ၂၆ နှစ်ရှိ သမီး 'အယ်နီတာကော်ဘီ'မှာ ညအချိန် 'ဘလက်တောင်း'ဘူတာရုံတွင် ရထားပေါ်မှဆင်းပြီး သူတို့အိမ်သို့ လမ်းလျှောက်ပြန်စဉ် ပျောက်ဆုံးနေကြောင်း။

'အယ်နီတာ'က သူ့အိမ်ထောင်ပြိုကွဲအပြီးတွင် သူတို့နှင့်အတူ နေလျက်ရှိသည်။ 'ဂယ်ရီ'၊ 'ဂရေ့(စ်)'နှင့် အသက် ၂၀ အရွယ် သမီးအငယ် 'ကက်သရင်း'တို့[illegible] ဆစ်(ဒ်)နီဆေးရုံတွင် အလုပ်ဆင်းရန် ပျက်ကွက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သမီးအသတ်ခံရပြီး ခုနစ်နှစ်အကြာတွင် 'ဂရေ့(စ်)'နှင့် 'ဂယ်ရီ'တို့က လူသတ်မှုကျူးလွန်ခံရသူ မိသားစုများအား ကူညီပံ့ပိုးမှုအဖွဲ့ကို ကူညီဖွဲ့စည်းပေးခဲ့သည်။

လိုက်လံရှာဖွေခဲ့ကြသည်။ ကီလိုမီတာအနည်းငယ်အကွာတွင် ၎င်း၏ ဝတ်လစ်စလစ်အလောင်းကို တွေ့ပြီဖြစ်ကြောင်း ရဲကအတည်ပြုသောအခါ သူမ၏ ဒဏ်ရာဒဏ်ချက်များမှာ ပြင်းထန်လွန်းလှသည်ဖြစ်ရာ မိသားစုကို အသေးစိတ်ဖော်ပြရန် တွန့်ဆုတ်နေခဲ့သည်။

မီဒီယာများ၏ အပြင်းအထန် စိစစ်ဖော်ပြချက်များနှင့်အတူ ပြည်နယ်၏ အကြီးကျယ်ဆုံးသော တရားခံရှာဖွေဖမ်းဆီးရေး လုပ်ငန်းကို လုပ်ဆောင်လျက် ဆုငွေဒေါ်လာ ၁၀၀၀၀၀ ထုတ်ပြန်ခဲ့သည်။ လူငါးဦးကို ဖမ်းဆီး၍ လူသတ်မှုဖြင့် စွဲချက်တင်ခဲ့သည်။

ကျွန်မက ဒေသသတင်းစာဖြစ်သည့် 'ဘလက်တောင်းဆန်း'သတင်းစာတိုက်တွင် အလုပ်လုပ်ခဲ့သည်မှာ ပထမလ၏ အဆုံးပိုင်းဖြစ်၏။ သိသာစွာ အင်အားဆုတ်ယုတ်နေသော 'ဂယ်ရီ'က တံခါးဖွင့်ပေးကာ လာရောက်သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောသည်။ 'ဂရေ့(စ်)'က ကျွန်မဧည့်ခန်းတွင်းသို့ လှမ်းဝင်စဉ် တံခါးဝ၌ ပြုံးလျက် ရှိနေသည်။ ကျွန်မတို့က လက်ဖက်ရည်သောက်ကြရင်း 'အယ်နီတာ'၏ ဘဝဇာတ်ကြောင်းကို မြူးမြူးကြွကြွပြောဆိုနေရာမှ စိတ်ပျက်လက်မှိုင်ချကာ ချုံးပွဲချငိုကြွေးလျက် ခေါင်းငုံ့ပြီး စကားမပြောနိုင် ရှိနေတော့သည်။

'ဂရေ့(စ်)'က တိတ်ဆိတ်ညင်သာစွာ သူပြောလက်စ စကားကို အဆုံးသတ်ပေးသည်။

'ဂယ်ရီ'က ထိုသို့ စိတ်မတင်းနိုင် ဖြစ်ဖန်များလာသောအခါ အသည်းကွဲနေသော အဘိုးအိုနှင့် အလွန်စိတ်ညစ်ညှိုးနွမ်းနေသော ဇနီးတို့ကို မြင်ရသဖြင့် ကျွန်မ၏ခံစားချက်ကို မမြင်ရစေရန် လက်ကိုင်အိတ်ကိုဖွင့်လျက် ဟိုရှာသည်ရှာ လုပ်နေမိသည်။ ကျွန်မ၏လိုင်စင်က ကြမ်းပြင်ပေါ်သို့ကျသွားရာ 'ဂယ်ရီ'က ကောက်ယူကာကြည့်ရင်း ငိုရှိုက်ပြန်ပါတော့သည်။ "အိုး ... တို့သမီးနဲ့ တစ်လတည်း၊ တစ်နှစ်တည်း အတူမွေးခဲ့တာပါလား" ဟု ပင့်သက်ရှိုက်၍ ပြောသည်။

ကျွန်မပြန်ရန် ထွက်ခွာစဉ် 'ဂယ်ရီ'က မွေ့ဖက်နှုတ်ဆက်၍ 'အယ်နီတာ'၏ ပုံနှိပ်ဖော်ပြခြင်း မပြုရသေးသော ဓာတ်ပုံသစ်နှစ်ပုံနှင့် သတင်းအချက်အလက်တို့ကို ဆုပ်ကိုင်ထားစဉ် 'ဂရေ့(စ်)'က အပြန်ခရီးတွင် အန္တရာယ်ကင်းစေကြောင်း ဆန္ဒပြုသည်။

ငါးလကြာ အချုပ်ချထားပြီး အမှုစစ်ဆေးချိန်တွင် မီဒီယာအခန်းမှ နေ၍ ကျွန်မက 'ဂယ်ရီ'နှင့် 'ဂရေ့(စ်)' တို့ဆီသို့ ပုံမှန်ငဲ့စောင်းကြည့်မိသည်။ သူတို့က သမီးဖြစ်သူ၏ နောက်ဆုံးအချိန်များအကြောင်းကို ပထမဆုံးအကြိမ်ကြားကြရသည်။ သူတို့နှင့် သစ္စာရှိစွာ ခင်မင်သော 'အယ်နီဖားမား'က ဘေးတွင် အမြဲရှိသည်။ သူမက 'အယ်နီတာ'၏ ပထမရည်းစား အမေဖြစ်သည်။ သူတို့အတွက်ကား တုန်လှုပ်ချောက်ချားဖွယ် အတွေ့အကြုံတစ်ရပ်ပင်။

တစ်ချိန်တွင် ကျွန်မက အမျိုးသမီးသန့်စင်ခန်းသို့ အဝင် 'ဂရေ့(စ်)' နှင့် 'အယ်နီ'တို့က ထွက်လာကြသည်။ 'ဂရေ့(စ်)'က ထိတ်လန့်တုန်လှုပ်လျက် ကျွန်မက အစစအိုကေရဲ့လားဟု မေးသည်။ ခေတ္တမျှ တည်ငြိမ်စေရန် အားယူလျက် တရားခံတစ်ယောက်ရဲ့ အမေနဲ့ အခုပဲ စကားပြောဖြစ်ကြတယ်။ သူက အလွန်ဝမ်းနည်းကြောင်း စကားဆိုတယ်။ သူက အံ့အားသင့်သွားပုံရပြီး ကျွန်မက သူဘာပြန်ပြောခဲ့သလဲဟု မေးကြည့်ရာ "ငါလည်း ဘာမှ ပြန်ပြောချင်စိတ် မရှိပါဘူး။ ဒါပေမယ့် ကျေးဇူးတင်ကြောင်းတော့ ပြောလိုက်တယ်"

သူမ၏ဘဝတစ်သက်တာတွင် 'ဂရေ့(စ်)'က သေဒဏ်ပေးမှုကို မယုံကြည်။ ဘယ့်အတွက်ကြောင့်ဆိုသော်



www.burmeseclassic.com

www.burmeseclassic.com

သူ့သမီးကိုသတ်ခဲ့သူများကို ထောင်ဒဏ်ကျခံစေလို၍ ဖြစ်၏။ "သူတို့ပြုလုပ်ခဲ့မှုအတွက် ငါခွင့်မလွှတ်နိုင်ဘူး။ ငါက သူတို့ရဲ့ဝိညာဉ်တွေကို ခွင့်လွှတ်ခဲ့တယ်။ ငါ့ကို သူတို့ဖြေရှင်းဖို့မလိုဘူး။ သူတို့ပြုမူမှုအတွက် တစ်သက်လုံး ရင်မှာခံစားသွားဖို့လိုတယ်။ နေတော့ ဘုရားသခင်ဆီမှာ။ သူတို့ပြုလုပ်ခဲ့မှုအတွက် အဖြေပေးရမှာပါ"

တစ်ခါက 'ဂယ်ရီ'ပြောဖူးသည်။ သမီးသေဆုံးခဲ့ရမှုအတွက် ဖြစ်ပေါ်လာတဲ့ ဒေါသတွေကို လူ့အဖွဲ့အစည်းကောင်းကျိုးအတွက်သာ အသုံးမချခဲ့ရင် သူနဲ့ 'ဂရေ့(စ်)'တို့ကို ဝါးမျိုသွားမှာပင် ကြောက်ရကြောင်း။ သို့နှင့် ၁၉၉၁ ခုနှစ်တွင် 'ဂယ်ရီ'က ကြီးလေးသော ပြစ်မှုကျူးလွန်ခဲ့သူများအမှုကို ပြန်လည်သုံးသပ်သည့် အဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ ပြည်သူတစ်ဦးအနေနှင့် ပြစ်ဒဏ်ကာလမစေ့မီ ကတိဝန်ခံချက်ဖြင့် အကျဉ်းသားကို လွှတ်ပေးရန် သုံးသပ်သည့်ကိစ္စတွင် ပထမဆုံးအကြိမ်ပါဝင်ခဲ့သည်။

"ဂယ်ရီ"တို့လင်မယားမှ ရဲကိုကူညီရန် လိုလားမှုရှိခြင်းက ဥပဒေအချို့ကို ပြောင်းလဲရာတွင် ပါဝင်ခဲ့သည်။ ရဲများအနေနှင့် ကျယ်ပြန့်စွာစောင့်ကြပ်မှုကို ပုံမှန်ဖြစ်စေကာ မှုခင်းဖြေရှင်းရာတွင် ပြည်သူများတွင် ကူညီရန် တာဝန်ရှိသည်ဟူသော အသိဖြစ်ပေါ်စေခဲ့သည်။

'ဂရေ့(စ်)'က သူ့ခင်ပွန်းနှင့်အတူ ရေခဲတိုက်အတွင်းသို့ဝင်၍ သမီးကို ကြည့်ခွင့်မရခဲ့သည်ကို ရဲများအား ဝေဖန်ပြစ်တင်သည်။ မကြည့်လိုက်ရသည့်အတွက် နောင်တရမိသည်။ ရဲက သူမကို ချန်နေခဲ့ကာ သမီး၏ပုံရိပ်များကိုသာ ချစ်ခင်မြတ်နိုးမှုဖြင့် သတိရနေစေလိုသည်။ နောက်ပိုင်းတွင် သူမက သူ့သမီးရုပ်အလောင်းကို သွားကြည့်ခဲ့လျှင် မိမိကိုယ်ကို ဆောက်တည်နိုင်လိမ့်မည်ဟု ရဲက မယုံကြည်ခဲ့ကြောင်း၊ သို့သော် 'အယ်နီတာ'၏ မိခင်တစ်ဦးအနေနှင့် အလောင်းကို ကြည့်ရှုရန် လိုအပ်ကြောင်း၊ သူနာပြုတစ်ဦးအနေနှင့် ယခင်က လူသေများကို တွေ့မြင်ဖူးကြောင်း ပြောသည်။ ရဲအရာရှိက 'ဂရေ့(စ်)'ပြောကြားချက်များကို လက်ခံသည်။ ရဲများအတွက် အလှည့်အပြောင်း ဖြစ်စေခဲ့သည်။

"သူမကတော့ ထူးခြားပြီး ကြံ့ခိုင်တဲ့ အမျိုးသမီးတစ်ယောက်ပေပဲ။ စကားပြောနူးညံ့တော့ ခံနိုင်ရည်မရှိဘူးလို့ ထင်ခဲ့မိတယ်"ဟု ရဲအရာရှိက ပြောသည်။ "ကျွန်



အသတ်ခံရသူ အလှမယ်ဟောင်း
'အယ်နီတာကော်ဘီ'၏ မိဘများ
'ဂရေ့(စ်)'နှင့် 'ဂယ်ရီ'

တော်တို့က သူမနဲ့ 'ဂယ်ရီ'တို့ကို မှုခင်းဆေးပညာဆိုင်ရာ သက်သေအထောက်အထားတွေတင်ပြစဉ် တရားခွင်သို့ မလာရောက်စေလိုကြောင်း အကြံပြုတဲ့အခါ သူမက 'ကျွန်မသမီးက သေပြီးပြီပဲ။ ကျွန်မ ထပ်ပြီး မနာကျင်နိုင်တော့ပါဘူး'လို့ ပြောခဲ့ပါတယ်။ ကျွန်တော်က သူမရဲ့ ကြံ့ကြံ့ခိုင်မှုကို လျှော့တွက်ခဲ့မိတယ်။ ဒါပေမယ့် ကျွန်တော် ချီးကျူးရမိပါတယ်"

'ဂယ်ရီ'တို့ လင်မယား ပါဝင်ပတ်သက်ခဲ့သော အပြောင်းအလဲကား ၁၉၉၃ ခုနှစ်တွင် ဖြစ်၏။ ရဲဖြစ်သူ 'အီယန်ကနေဒီ'က စုံထောက်အင်စပက်တော် ဖြစ်နေပြီ။ သူက ကိုးနှစ်သမီးလေး 'အီဘိုနီဆင်မဆင်'အား ဆစ်(ဒ်)နီမြို့၏ အနောက်တောင်ရှိ မြို့ငယ်လေး 'ဘာဂို'တွင် လွှန်ခဲ့သောနှစ်က ပြန်ပေးဆွဲအသတ်ခံရမှုတွင် ကလေး၏ မိဘများကို နှစ်သိမ့်ဆွေးနွေးပေးရန် မေတ္တာရပ်ခံခဲ့သည်။

'အီဘိုနီ'ရဲ့မိဘများက သူတို့သမီးလေး သေဆုံးရမှုအတွက် အားတင်းရုန်းကန် ရင်ဆိုင်နေရပါတယ်။ ဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com

မှာ ရဲအရာရှိတစ်ယောက်က 'ဂယ်ရီ'တို့လင်မယားအနေနဲ့ သူတို့ရဲ့ တွေ့ကြုံခံစားခဲ့ရချက်များကို မျှဝေနိုင်ပါရဲ့လို့ တွေးမိပါတယ်။ ကျွန်တော်က 'ဂယ်ရီ'တို့ကို ကားနဲ့ခေါ်သွားပြီး 'အီဘိုနီ'ရဲ့မိဘများနဲ့ တွေ့ပေးပါတယ်။ ချက်ချင်းဆိုသလိုပဲ သူတို့ဆက်ဆံရေးက နွေးထွေးအစေးကပ်ခဲ့ကြပါတယ်။

စုံတွဲများက ပုံမှန်တွေ့ခဲ့ကြသည်။ ထိုသို့ တွေ့ကြရာမှ အသတ်ခံရသူတို့၏ မိသားစုများအတွက် ပိုမိုလုပ်ဆောင်ပေးရန် လိုအပ်မှုကို သဘောပေါက်မိကြသည်။ မကြာမီမှာပင် 'နယူးဆောက်(သ်)ဝေး'ပြည်နယ်တွင် အသတ်ခံရသူများ၏ မိသားစုများအတွက် အားပေးကူညီမှုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့က ဥပဒေရေးရာပြောင်းလဲမှုအတွက် ထိရောက်သော သမိုင်းရှိခဲ့သည်။ ပြုပြင်ပြောင်းလဲမှုပေါင်း ၂၀ ခုတွင် 'ဂယ်ရီ'နှင့် 'ဂရေ့(စ်)'တို့က သူတို့အတွေ့အကြုံများဖြင့် ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ တရားခံ ဝက်ခြံအတွင်းမှ ထွက်ဆိုသော ထွက်ဆိုချက်၊ ၁၉၅၅ ခုနှစ်မဖြစ်မနေ ထောင်ဒဏ်တစ်သက်ချမှတ်ရသော အက်ဥပဒေတို့ကို ပယ်ဖျက်ခဲ့သည်။

'ဂယ်ရီ'က ၂၀၀၈ ခုနှစ်တွင် ကွယ်လွန်ခဲ့ကာ 'ဂရေ့(စ်)'က မိသားစုနေအိမ်တွင် တစ်ကိုယ်တည်း နေထိုင်သည်။ စိတ်ရောဂါလူပါ တက်ကြွနေခဲ့ရာမှ ၂၀၁၃ ခုနှစ်အစောပိုင်းတွင် ကင်ဆာရောဂါဖြစ်နေကြောင်း ဖော်ထုတ်ခံခဲ့ရရာ သူမ၏ဘဝတစ်သက်တာလုပ်ငန်းတော့ ပြတ်လပ်သွားခဲ့ပြီဟု ကျွန်မ သုံးသပ်မိသည်။ 'ဂရေ့(စ်)'က ထိုသတင်းကို တည်ငြိမ်စွာ လက်ခံခဲ့သည်။ သို့သော် ကျန်းမာနေစဉ်မို့ လက်ခံရန် ခက်ခဲခဲ့သည်။ သူမက မြေးများကို ချစ်သည်။ သမီး 'ကာက်သရင်း'နှင့် သား 'မက်'တို့နှင့်လည်း များစွာဆက်ဆံရေး အဆင်ပြေသည်။

'ဂရေ့(စ်)'နှင့် ကျွန်မက မိသားစုအမှတ်တရ မှတ်တိုင်များစွာကို မျှဝေခံစားခဲ့ကြသည်။ 'ဂရေ့(စ်)'တို့ လင်မယားက ကျွန်မ၏လက်ထက်ပွဲသို့ ထာဝရမိတ်ဆွေ 'အယ်နီဖားမား'နှင့်အတူ တက်ရောက်ခဲ့ကြသည်။ ကျွန်မသမီးနှစ်ဦး မွေးဖွားစဉ်ကလည်း ဆေးရုံသို့ 'အယ်နီ'နှင့်အတူ လက်ထိုးအနွေးထည်များ၊ သိုးမွေးဖိနပ်များ ယူဆောင်လာခဲ့သည်။ ထိုအမှတ်တရပစ္စည်းများကို ယနေ့တိုင် ကျွန်မက အမြတ်တနိုးသိမ်းထားသည်။

ကင်ပွန်းတပ်မင်္ဂလာများသို့ လာရောက်ကြကာ ကျွန်မ အခြားနိုင်ငံသို့ နှစ်နှစ်ကြာသွားရောက်နေစဉ် စာများရေးသားခဲ့ကြသည်။ ကျွန်မ၏ ပထမအိမ်ထောင် ပြိုကွဲစဉ်တွင်လည်း နှစ်သိမ့်အားပေးခဲ့ကြသည်။ ပျော်ရွှင်ဖွယ်အချိန်များကို ကျွန်မ၏ကလေးများ၊ မိတ်ဆွေများနှင့်အတူ မျှဝေခံစားခဲ့ကြသည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း 'ဂရေ့(စ်)'က သူ့မြေးများ၏ဘဝတွင် သူ့ကိုယ်သူမြှုပ်နှံထားခဲ့ရာ သူပြန်လည်ပျော်ရွှင်နေခဲ့ပြီဟု ကျွန်မ ခံစားရသည်။

လွန်ခဲ့သောနှစ် ဇူလိုင် ၁ ရက် နေ့ သူမကွယ်လွန်မီ ရက်ပိုင်းအလိုတွင် ကျွန်မက 'ဂရေ့(စ်)'ကို သူနှင့် အဖော်ပြုရသည်မှာ စိတ်ကျေနပ်အားရမိကြောင်း၊ အမှန်အတိုင်းဝန်ခံရလျှင် သူနှင့် မတွေ့ဆုံမိရန် ဆန္ဒပြုမိကြောင်းနှင့် သူကလည်း အလားတူခံစားမိမည်ဟု ထင်အပ်ထားကြောင်း ပြောမိသည်။ သူက ကျွန်မကိုကြည့်ပြီး ခေါင်းညိတ်သည်။ သူ့အနေနှင့် သမီးနှစ်ယောက် သူ့အိပ်ရာဘေးတွင် ရှိနေစေရန် စက္ကန့်ပိုင်းလေးအတွင်း ကျွန်မနှင့် လဲပေမည်။

ကျွန်မထွက်ခွာလာစဉ် ကျွန်မက ကျွန်မတို့ ၁၉၈၆ ခုနှစ် ပထမအကြိမ် တွေ့ကြစဉ်ကပင် အမြဲပြောလေ့ရှိသော သူ၏ ခွဲခွာနှုတ်ဆက်စကားကို စောင့်စားမိသည်။ သို့သော် သူက "လုံခြုံသော ခရီးဖြစ်ပါစေ"ဟု နှုတ်ဆက်ရမည့်အစား "ဂွဒ်ဘိုင်"(ခွဲခွာခါနီး နှုတ်ဆက်စကား)ဟု ပြောသည်။ ကျွန်မက သူ၏ အံ့မခန်းမျက်လုံးပြာများကို ကြည့်ရင်း သူက အခြေအနေအရပ်ရပ်ကို ရိပ်စားမိသည့်အလားနောက်ဆုံး နှုတ်ဆက်နေသည်ဟု ခံစားမိသည်။

လုံခြုံသောခရီးဖြစ်ပါစေ 'ဂရေ့(စ်)'။ ရှင်ဟာဘဝကို ပြည့်ဝကောင်းမွန်စွာ နေထိုင်ခဲ့သူပါ။

**စိန်ဝင်းမော်**

(၂/၂၀၁၄ ထုတ် **Reader's Digest** ပါ **Julia Sheppard** ရေး **Unexpected Strength** ကို ပြန်ဆိုသည်။)

www.burmeseclassic.com

# ဇနီးဟောင်းအား မီးရှို့မသတ်မီ လူသတ်သမားမှ ဓာတ်ဆီဝယ် နေကြောင်း CCTV တွင် သက်သေခံ တွေ့နေရခြင်း

CCTV ရိုက်ယူထားသည့် ဗီဒီယိုတွင် ကလေးသုံးဦး၏မိခင် အာဒီယဲခါယက်ဇာဒီ(Ahdieh Khayatzadeh)အား သူမ၏ ဆံပင်အလှပြင်ဆိုင်တွင် ထိတ်လန့်ဖွယ်ရာကောင်းသော မီးရှို့မှုတိုက်ခိုက်မီနေ့မှာပင် ခင်ပွန်းဟောင်း အာမက်ယက်ဇ်ဒန်ပါရတ်စ်(Ahmad Yazdanparast) သည် ဓာတ်ဆီဆိုင်မှ ဓာတ်ဆီဝယ်နေကြောင်း တွေ့ရှိရသည်။ ဇနီးဟောင်း၏ ဆံပင်အလှပြင်ဆိုင်သို့ မသွားရောက်မီ လူသတ်သမားသည် ဓာတ်ဆီဝယ်နေကြောင်း CCTV မှတ်တမ်းတွင် ပါဝင်နေသဖြင့် ၎င်းအား သူမကို သတ်ဖြတ်ခဲ့မှုဖြင့် သက်ဆိုင်ရာတရားရုံးမှ စွဲချက်တင်ထားပြီ ဖြစ်သည်။ အသက် ၆၁ နှစ်ရှိ အာမက်ယက်ဇ်ဒန်ပါရာ့စ်အား တရားရုံးတွင် ကြားနာစစ်ဆေးပြီးနောက် ၎င်းအား ဓာတ်ဆီဝယ်နေပုံကို သက်ဆိုင်ရာမှ ထုတ်လွှင့်ပေးသည်။ သူသည် အခင်းဖြစ်ပွားခဲ့သည့် စကော့တလန်နိုင်ငံ၊ စတားလင်မြို့ (Stirling)ရှိ Venus Hair and Beauty Salon ဆံပင်အလှပြင်ဆိုင်တွင်းသို့ ဓာတ်ဆီပုံးတစ်ခုကို သယ်ဆောင်လျက် ဝင်ရောက်သွားကြောင်းနှင့် ၎င်းသည် ဇနီးဟောင်းကို ဓာတ်ဆီဖြင့်ပက်၍ မီးရှို့ခဲ့ပြီးနောက် ဆိုင်အတွင်းမှ ထွက်လာစဉ် သူကိုယ်တိုင် မီးစွဲလောင်နေပြီး ဒယီးဒယိုင်ဖြင့် လမ်းလျှောက်ထွက်လာသည်ကို တွေ့မြင်ကြရသည်။ ဆံပင်အလှပြင်သူ အဒီယာအား ၎င်းက ဓာတ်ဆီလောင်း၊ မီးရှို့၍ ၉၅% မီးလောင်ခြင်းခံရသော်လည်း သူမကို အခြားသူများမှ ကယ်ဆယ်ပြီး ဆေးရုံသို့ တင်ပို့လိုက်စဉ် နောက်ပိုင်း၌ မီးလောင်ဒဏ်ရာများဖြင့် သူမသေဆုံးသွားသည်။ သူမက ဆေးဘက်အကူများအား ခင်ပွန်းဟောင်းနှင့် ကွာရှင်းခဲ့သောကြောင့် ယခုကဲ့သို့ သူမကို မီးရှို့ခဲ့ကြောင်း ပြောပြခဲ့သည်ဟု ဆိုသည်။ အဒီယာသည် နာရီအတော်ကြာ အသက်ရှင်နေသေးသော်လည်း သေဆုံးသွားခဲ့သည်။ လင်မယားနှစ်ဦးသည် မူလက အီရန်နိုင်ငံမှ ဖြစ်ကြသည်။ သူတို့ချင်း သဘောချင်းမတိုက်ဆိုင်ကြ၍ လွန်ခဲ့သည့် ၂၀၁၃ ခုနှစ်က တရားရုံးတွင် တရားရင်ဆိုင်ပြီး ကွာရှင်းခဲ့ကြကြောင်း Daily Record နေ့စဉ်သတင်းစာမှ ရေးသားဖော်ပြထားသည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အလှပြင်ဆိုင်တွင်း အဒီယာအား မီးရှို့သတ်ဖြတ်ခြင်းမပြုမီ ၎င်းက ခြိမ်းခြောက်စာ တစ်ပုံကြီးပို့ပေးခဲ့သည်။ တရားခံသည် ယခုအခါ တစ်သက်တစ်ကျွန်းထောင်ဒဏ်နှင့် ရင်ဆိုင်နေရပြီ ဖြစ်သည်။ ယက်ဇ်ဒန်ပါရာ့စ်သည် ဆံပင်အလှပြင်ဆိုင်၏ အပေါ်ထပ် ဆိတ်သားခပတ်(Kebab Shop) ဆိုင်တွင် ထိုင်စောင့်နေပြီး ဇနီးဟောင်း၏ အလှပြင်ဆိုင်၌ လူရှင်းသွားမှ ဝင်ရောက်ပြီး သူမကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လူသတ်သမား၏ပြောကြားချက်အရ ဇနီးဟောင်းသည် ယာစာဖူရှုဟီရတ် (Yaser Furug-hirad)နှင့် တိတ်တိတ်ပုန်းဖြစ်နေကြကြောင်း သိရှိရသည်။ သူတို့နှစ်ဦးပိုင်သော စတားလင်ရှိ B & B ဆိုင်တွင် ၎င်းသည် အလုပ်လုပ်နေသူဖြစ်သည်။ ထိုသူသည် အသက် ၃၁ နှစ်ရှိသူ အီရန်လူမျိုးပင် ဖြစ်သည်။ သို့သော်လည်း ထိုသူက သူတို့နှစ်ဦး ငြိစွန်းနေခြင်း မဟုတ်ကြောင်း ငြင်းဆိုသည်။ သူတို့ချင်း မိတ်ဆွေမှုအဆင့်သာရှိကြောင်း ၎င်းက ရှင်းပြသွားခဲ့သည်ဟု ဆိုသည်။ အသတ်ခံရသူ၏သမီး ဂလာရာ(Glara) ၂၁ နှစ်သည် သူတို့လင်မယားနှစ်ဦး၏ အမြွှာသမီးများ ဖြစ်ကြသည်။ အမေသည် ၁၀၀% ကင်းရှင်းကြောင်း၊ ထိုသူနှင့် ချစ်ကြိုက်နေကြခြင်း မဟုတ်ကြောင်း ဂလာရာမှ အခိုင်အမာ ပြောကြားသည်။ သူမ၏အမေသည် ဘာသာရေးကို ယုံကြည်လွန်း၍ မူဆလင်ကျင့်စဉ်အတိုင်း လိုက်နာသူဖြစ်ကြောင်း၊ သူတို့ အမြွှာနှစ်ဦးနှင့် မောင်အငယ်ဆုံးလေးကို မိခင်က အလွန်ချစ်မြတ်နိုးကြောင်း သမီးဖြစ်သူက ရှင်းပြသည်။ ထိုစဉ်အတောအတွင်းမှာပင် လူသတ်သမားသည် အစိုးရ၏ Carstairs စိတ်ရောဂါကုဆေးရုံသို့ ၂၈ ရက် တက်ခွင့်ရရှိခဲ့ပြီး စိတ်ရောဂါခံစားနေရသူဖြစ်ကြောင်း သက်သေခံလက်မှတ်ရရှိထားပြီဟု သိရှိရသည်။ သူ့အနေဖြင့် ဇနီးကိုသတ်ဖြတ်ရန် ကြံစည်ခဲ့ခြင်း မဟုတ်ကြောင်း၊ ဇနီးဟောင်း၏ တိုက်ခိုက်မှုခံခဲ့ရခြင်းဖြစ်ကြောင်း လျှောက်လဲခဲ့သော်လည်း အီဒင်ဘာတရားရုံးမှ ၎င်းအား လူသတ်မှုဖြင့် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်ချခဲ့သည်။

**ဦးတိုး(တက္ကသိုလ)**

**Reference:**

Killer Caught on CCTV buying petrol before setting ex-wife alight found guilty of murders.



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# လိုင်းစင်အနီပြဿနာ

ရှစ်ခွင်ကျော်-ပေါင်တော်သီ

ဒရိုင်ဘာ လိုင်စင်အနီကြီးကိုင်ပြီး ကားသန့်ရှင်းရေး ရေဆေး၊ တံမြက်လှည်း လုပ်သားဘဝ ထိုးကျသွားတာကတော့ တိုင်ထိပ်ဖျားရောက်နေတဲ့ ကိုယ့်ဒရိုင်ဘာ ဂုဏ်သိက္ခာကို တိုင်ခြေအထိ ဆွဲချလိုက်သလိုပါ။

ဒရိုင်ဘာလိုင်စင်အနီ ကိုကျော်ညွန့်။

ကုန်းလမ်းပို့ဆောင်ရေး စောင်ရေး၊ လက်အောက်ခံ၊ ကျွန်တို့ ထောက်ကြန့်ဌာနခွဲဖြစ်တဲ့ ဓနိုးသည် ပို့ဆောင်ရေး အမှတ်(၉)လိုင်း (ခမ-၉)က ဘီအမ်ဟီးနိုးကားတွေ တစ်လက်ကိုင်မောင်းက နှစ်လက်ကိုင်စနစ်ကို ပြောင်းလိုက်တော့ နေစားဒရိုင်ဘာနဲ့ အင်အားမလုံလောက်သေးလို့ ရုံးချုပ်အကြီးအကဲတစ်ယောက်က တနဲ့ရော ဖုန်းနဲ့ပါ ပို့လွှင်းလိုက်တဲ့ ဒရိုင်ဘာ VIP ဒရိုင်ဘာပေါ့။

လိုင်စင်အနီကိုင်တဲ့ ဒရိုင်ဘာ တွေချည်းပါ။ ဒါပေမယ့် ဌာနခွဲမှူးက ပိုပြီးစိတ်ချရအောင်ဆိုတဲ့ပြီး ထရိုင်ဝင်လို့ သေချာပြီဆိုမှ လိုင်းပေါ်တင်ပေးတာပါ။ အဲဒီလို ထရိုင်စမ်းတဲ့ထဲ ကျော်



www.burmeseclassic.com

www.burmeseclassic.com

ညွန့်ကိုတော့ ကင်းလွတ်ခွင့် ပေးထားပါတယ်။ ရုံးချုပ်က လွှတ်တဲ့ VIP ဒရိုင်ဘာ ဖြစ်နေလို့ပါ။

မောင်ဖြူနဲ့ ဘယ်ကား မောင်းနိုင်နဲ့ ဘယ်ကား ရုံးမိန့်ထုတ်တော့ ကျန်တဲ့ ဒရိုင်ဘာအားလုံးလိုလိုက ခေါက်ဝိုးလက်တင်မောင်းကားတွေ။ ကျော်ညွန့် ဆွဲနေတဲ့ကားက ဂီယာပေါက် စောင့်နေတဲ့ကား။ ဂီယာပေါက်မရမချင်း လိုင်းထွက်လို့ မရသေးဘူး။

ကျော်ညွန့် ရုံးတက်ရုံးဆင်း လက်မှတ်ထိုးပြန်နဲ့ တစ်လလောက် ကြာသွားတယ်။

ပုံစံကြည့်ရတာတော့ အထည်ကြီးပျက် ပုံစံပဲ။ စက်ပစ္စည်းအစားထိုး ယာဉ်မောင်းချင်ပုံ မပေါ်ဘူး။ ဂီယာဘောက်ချတယ်ထင်တယ်။ စမ်းတယ်၊ မောင်းတယ်၊ စက်ပြင်တွေနဲ့ချည်းပဲ။ ကျော်ညွန့် ကူဖော်လောင်ဘက်ပေးဖို့ မပြောနဲ့ ကားနားတောင်မကပ်ဘူး။

စက်ပြင်က မော်တော်ယာဉ်ရုံး ရှေ့ထိုးပေးပြီး လိုင်းထွက်တော့ဆိုတော့မှ ငွေစကိုင်တယ်။

ပေထိဆို ကွဲတော့တာ ကျော်ညွန့်ပဲ။

ဂိတ်စထွက်တာ ကားကြီးက အရက်မူးသမား လမ်းလျှောက်သလို ဘယ်ညာယိမ်းထိုးပြီး ထွက်တယ်။ ဌာနခွဲရှေ့တည့်တည့်မှာ မှတ်တိုင်ရှိတယ်။ ခရီးသည်မှ ပုံနေတာ။ ခရီးသည်ရှိတဲ့ မှတ်တိုင်မှာမရပ်ဘဲ ပေတစ်ရာကျော်လောက်မှာ သွားရပ်တယ်။ စထွက်ထဲက ပုံစံမကျတော့ ဘယ်ခရီးသည်မှ မတင်ဘူး။

"မောင်း ..."

စပယ်ယာက မောင်းဆိုလို့ ကလယ်နင်းတာ မလွှတ်ဘူး ထင်ပါရဲ့။ ဝီးဆဲ နဲ့ အသံပေးပြီး ခုန်ဆွခုန်ဆွနဲ့ ထွက်တယ်။

ဂိတ်စနဲ့ အောင်သပြေမှတ်တိုင်ကြားမှာ နယ်နိမိတ်ပြ ဖြူနီကျား တိုင်တွေစိုက်ပြီး လမ်းတစ်ခြမ်း ပြင်နေတယ်။ စက်ယန္တရားကြီးတွေရော လမ်းအလုပ်သမားတွေပါ ရှုပ်ယှက်ခတ်နေတာ။

"ဒုန်း ..."

"ဒုန်း ..."

"ဒုန်း ..."

"ပြေး ... ပြေး ... ပြေးကြဟေ့ လွတ်အောင်ပြေး"

လူသံတွေရော စက်သံတွေပါ ဆူညံထွက်သွားတော့တာ။ ကိုရွှေကျော်ညွန့် လုပ်လိုက်ပုံ ရှေ့ကား၊ နောက်ကား ဘာကားမှ မရှိဘူး။ အရှင်းကြီး။ အခန့်မသင့်လို့ တိုက်ရင် တစ်တိုင်နှစ်တိုင်ပေါ့။ ခုတော့ ပေငါးဆယ်စီလောက် ခြားထားတဲ့ လမ်းနယ်နိမိတ်ပြ ဖြူနီကျားတိုင် ငါးလုံးဆက်တိုက်ကို တိုက်လိုက်တာ။ တော်သေးတယ်။ လမ်းအလုပ်သမားတွေ အပြေးကောင်းလို့ မတိုက်မိတာ ကံကောင်း။ မတော်သေးတာက ခင်းပြီးစ နိုင်လွန်ကတ္တရာလမ်းပေါ် ဘီးရာကြီးတွေနဲ့ ချိုင့်ဝင်သွားတဲ့ကိစ္စ။ လမ်းအင်ဂျင်နီယာဆိုတာ စိတ်တိုတာမှ မျက်လုံးထဲကတောင် အခိုးထွက်တယ်။

ကျေးဇူးရှင်က ကြက်သေသေပြီး ကြောင်ကြည့်နေတယ်။

ဝင်းထဲက ဂိတ်မှူးတွေ၊ မော်တော်ယာဉ်မှူးတွေ ထွက်ပြီး တောင်းပန်တာတောင် လက်မခံလို့ ဌာနခွဲမှူး သတင်းပို့ပြီး ချက်ချင်း ရုံးမိန့်ထုတ်လိုက်ရတယ်။ မိတ္တူကိုလည်း လမ်းအင်ဂျင်နီယာကိုပေးပြီး ဖြေရှင်းလိုက်ရတယ်။

"ဒရိုင်ဘာကျော်ညွန့်အား ယာဉ်သန့်ရှင်းရေးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်" ဆိုတဲ့ ရုံးမိန့်။

ကျုပ်တို့ဌာနခွဲ လစာခံစားခွင့်က ဒရိုင်ဘာနဲ့ ကားသန့်ရှင်းရေးလုပ်သား လစာ အတူတူပဲ။ နွားထီးငါးကျပ် နွားမငါးကျပ် ခေါ်မှာပေါ့။ လစာချင်း တူပေမယ့် အကျိုးခံစားခွင့်ချင်းက မတူဘူးလေ။ ဒရိုင်ဘာမှာက စံချိန်ပိုငွေ တရားဝင်ခံစားခွင့် ရှိတယ်။ ရေဆေးသန့်ရှင်းရေးက ဒရိုင်ဘာ၊ စပယ်ယာ တစ်ကျပ်တစ်ပြားပေးသလောက်ပဲရတာ။ အဲဒါပေါ့ လစာတူပေမယ့် ပါဝါမတူဘူးဆိုတာ။

ကားသန့်ရှင်းရေးအဖွဲ့မှာက အင်အား လေးယောက်။ မနက်ဆင်း၊ ညဆင်း နှစ်ဖွဲ့ခွဲထားတယ်။ တစ်ဖွဲ့မှာက တင်ဝင်း၊ သန်းငွေ၊ နောက်တစ်ဖွဲ့မှာက အောင်ဘုနဲ့ မြင့်ဦး။ မော်တော်ယာဉ်မှူးက တင်ဝင်းအတွဲနဲ့ တွဲပေးလိုက်တယ်။ တစ်ပတ်မကြာဘူး။ ဌာနခွဲမှူးအထိ နားပေါက်သွားတယ်။

ရေဆေး၊ ဖုန်သုတ်၊ တံမြက်လှည်း၊ ရေခပ် ဘာတစ်ခုမှမလုပ်ဘဲ သူတို့ရတဲ့ မုန့်ဖိုးမူးစုပဲစု ငွေခွဲတမ်းမပေးလို့ ပြဿနာရှာတယ်လို့ အဖွဲ့ခေါင်းဆောင် တင်ဝင်းက သတင်းပို့လို့။

"ကားသန့်ရှင်းရေးနဲ့ တန်တဲ့ အလုပ် မင်းကို ခိုင်းထားတာ မလုပ်နိုင်ရင် ငွေပြန်ကိုင်၊ ကားပြန်မောင်း။ မမောင်းရင် ဖြုတ်ပစ်မယ်။ မင်း ဘာမှ မလုပ်ချင်ဘဲ နိုင်ငံတော်လစာ ခံစားခွင့် မပေးနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဌာနခွဲမှူးကလည်း ပြုတ်တယ်။ ဟုတ်တယ်လေ။ ဘာမှ အသုံးမတည့်တဲ့ဝန်ထမ်း ခန့်ထားပါတယ်ဆိုပြီး တိုင်စာတွေ ဘာတွေ တက်သွားမှ ဌာနခွဲမှူးလစာတွေ စိုက်လျော်ရမှာကိုး။

ကျော်ညွန့် ကားသန့်ရှင်းရေး အင်ချမ့်အောင်ဘုနဲ့ ညှိတယ်။ နားလည်မှု ယူတယ်။ သူ့ဒရိုင်ဘာလစာ တစ်ဝက်ပေးပါ့မယ်လို့ ကတိပေးတယ်။ အောင်ဘုကတော့ အိုကေပေါ့။ အရင်ကလည်း နှစ်ယောက်တည်းနဲ့ အလုပ်ဖြစ်ခဲ့တာပဲဟာ။

အောင်ဘုနဲ့ အဆင်ပြေပြီဆိုတော့ ကျော်ညွန့် လိုင်းပြောင်းတယ်။

ရန်ကုန်မြို့တွင်း မြို့ပြင် နယ်နိမိတ် ပွဲလမ်းသဘင်တွေ လိုက်တယ်။ ကလေးကစားစရာ ပြည်တွင်းဖြစ်အရုပ်တွေ ရောင်းတယ်။ အခြေအနေကောင်းတယ်။ အရုပ်တွေ ရောင်းလို့ ကုန်ပြီ။ ပြန်သယ်လို့လည်း မလွယ်ဘူးဆိုရင် အံ့ဂလုံးဒိုင် ဘရပ် ဘရပ် မြည်တဲ့ စက်ဝိုင်းဒိုင်၊ သားရေကွင်း ပစ်ဒိုင်တွေ မိတ်ဖွဲ့ပြီး ဘော်ဒါလုပ်တယ်။ ဒါလည်း အမြတ်အစွန်းပေါ် မူတည်ပြီး ခွဲဝေပေးတယ်။ မရဘူးဆိုရင်တောင် တစ်ညတစ်ထောင်ပဲ။ ဒါစရိတ်ငြိမ်း။

အရုပ်ရောင်းတာ တစ်ထောင်ပဲထား။ သေချာတယ် တစ်ထောင်အောက် မလျော့ဘူး။ ဘော်ဒါလုပ်တာလည်း တစ်ထောင်ပဲ။ ပွင့်လင်းရာသီရောက်ပြီဆို ပွဲလမ်းသဘင်က ပြတ်တယ်မှ မရှိဘာ။ ကျော်ညွန့်ရဲ့ တစ်ညဝင်ငွေဟာ ဒရိုင်ဘာလစာ သုံးလစာထက်တောင် ကျော်လွန်နေတာ။ တစ်နွေလောက်ရှာလိုက်ရင်ပဲ ကျော်ညွန့်လက်ထဲ ငွေရွှင်နေရမှာ။ ရွှေတွဲလွဲငွေတွဲလွဲ ဖြစ်နေရမှာ။ သူကြည့်လိုက်ရင် ကျွန်စုတ်တဲ့ သရက်စေ့လောက်တောင် မပြောင်ဘူး။ အဲဒါ လူပျို့လူလွတ်နော်။

"ဘယ်တွေ ရောက်ကုန်လဲ"

မေးကြည့်တယ်။

"ငါ့အစ်ကိုကို ထောက်ပံ့နေရလို့ပေါ့ကွာ။ သူ့ခမျာ ကလေးခြောက်ယောက်နဲ့ မနိုင်ဝန်ထမ်းနေရတာ။ သနားလို့"တဲ့။

ကျုပ်တို့ ကားသမား ပါးစပ်ကလည်း သရမ်းတယ်။ စည်းမရှိဘူး။

"ဒါလောက်ထောက်ပံ့နေရရင် မင်းဘက်ကလည်း အခွင့်အရေးတစ်ခုတော့ တောင်းသင့်တယ်"

"ငါ ဘာတောင်းရမှာလဲ"

"အစ်ကို့မိန်းမ ကျွန်တော့်ပေးပေါင်းလို့ ..."

မိုးတစ်ပြိုက်နှစ်ပြိုက် ကျလာတော့ ပွဲလမ်းသဘင်တွေက ပြတ်သွားပြီ။ ကျော်ညွန့် အလုပ်ပြန်ဝင်တယ်။ အောင်ဘုနဲ့တွဲပြီး တံမြက်လှည်း၊ ရေဆေး၊ သန့်ရှင်းရေး။ ဒီတစ်ခါတော့ အပိုးကျိုးလာတယ် ခေါ်ရမှာပေါ့။ အောင်ဘုတို့နဲ့ တန်းတူလုပ်တော့တာကြောင့်ပါ။

မိုးဦးကျ တစ်ရက်မှာ ကျော်ညွန့်ကို မော်တော်ယာဉ်မှူးက တာဝန်တစ်ခုပေးတယ်။ အရင်မော်တော်ယာဉ်မှူး မဟုတ်တော့ဘူး။ ပြောင်းသွားပြီ။ နောက်ရောက်လာတဲ့ မော်တော်ယာဉ်မှူး ဝမ်နင်မပေးဘူး။ ခိုင်းတာမလုပ်ရင် ပြုတ်ပဲ။

ကျော်ညွန့် မျက်လုံးကြီးပြူးပြီး အသားတွေ တဆတ်ဆတ် တုန်နေသည်။

"ကျော်ညွန့် ဘီအမ်တစ်စီး ကြံ့ခိုင်ရေးခုံပေါ်တင်ပေးစမ်း"

"ကျ ... ကျ ... ကျွန်တော် မအားသေးဘူး ဆရာ"

"ဟော့ကောင် မင်းအလုပ်ကို ပစ်ထားလိုက်။ ငါခိုင်းတာကိုလုပ်"

"တခြား ဒရိုင်ဘာကို ခိုင်းပါ ဆရာ"

"ဟော့ကောင် ခိုင်းစရာမရှိလို့ မင်းကို ခိုင်းတာပေါ့ဟ"

ကျော်ညွန့်နဲ့ မော်တော်ယာဉ်မှူး အခြေအတင် ပြောနေတာကို အောင်ဘုက ကြားခင်ပြီး ...

"သူ ကားမမောင်းတတ်ဘူး ဆရာ"

အောင်ဘုကြားဝင်တော့မှ ဇာတ်လမ်းက ပိုရှုပ်တော့တာ။ လိုင်စင်တောင်းတယ်။ စစ်တယ်။ ဒရိုင်ဘာလိုင်စင်အနီ ဒီအဆင့်ရောက်အောင် ကညနမှာ ဘယ်လို စာရွက်စာတမ်းတွေ တင်ရတယ်။ ဘယ်လို အစစ်ဆေးခံရတယ်။ ဘယ်လို မောင်းပြရတယ်ဆိုတာ မော်တော်ယာဉ်မှူး သိတယ်။ ပိုက်ဆံပေးဝယ်လို့ မရတာနားလည်တယ်။ ဒါကြောင့် ...

"အေး ... လိုင်စင်အနီကိုင်ပြီး မ မောင်းတတ်ဘူးဆိုရင်တော့ မင်းကို ငါထိုင်ရှိခိုးရမလား။ ဖြုတ်ပစ်ရမလား"

ဖြုတ်ပြီဆိုရင်တော့ ဘဝပျက်ပြီ။ ဒီအသိနဲ့ မောင်းဖို့ ခေါင်းညိတ်လိုက်တယ်။

ကျုပ်တို့ လိုင်းဝင်းတစ်ခုလုံး ကွန်ကရစ်ခင်းထားတာ။ ကြံ့ခိုင်ရေးခုံဘက်ဆို စက်နှိုးစရာတောင် မလိုဘူး။ ဂီယာဖြုတ်၊ ဘရိတ်နဲ့မှေးပြီး ဖြည်း

www.burmeseclassic.com

ဆင်းသွားလို့တောင်ရတယ်။ နိမ့်လျှောလေး။

"ဟူး ..."

ကျော်ညွန့် စက်အသားကုန်ဖွင့်ပြီး မောင်းသွားတယ်။ ယိုင်တိယိုင်ထိုး မော်တော်ယာဉ်မှူး နောက်ကအပြေး လိုက်တယ်။ ကျော်ညွန့် ကျိုးပွဲတာက အရေးမကြီးဘူး။ အစိုးရပိုင်ကား အပျက်အစီးမခံနိုင်လို့ လိုက်တယ်။ ပြေးတယ်။ မမီဘူး။

"ဝုန်း ... ဂျိမ်း"

ကြံ့ခိုင်ရေး ခုံအတွင်းထဲ ဘီးတစ်ဖက်ကျွံပြီး အရှိန်နဲ့ ဆက်လိမ့်။ ကြံ့ခိုင်ရေးခုံဆုံးတော့ ကျွမ်းထိုးကျ။ မော်တော်ယာဉ်မှူး ရောက်တဲ့ထိ နောက်ဘီးနှစ်ဘီးက မိုးပေါ်ထောင်ပြီး လည်လို့ကောင်းတုန်း။ ကားဘော်ဒီ တွေဆိုတာ ဖုန်မှုန့် ထုချေထားသလိုပဲ။ ရှုံတွေ၊ ဘန်ဘာတွေ ရေတိုင်ကီ တွေဆိုတာ မြင်မကောင်းဘူး။ သံထည်ပစ္စည်းတောင် ဒါလောက် အခြေအနေဆိုးမှတော့ ကျော်ညွန့် ဘာခံနိုင်မှာလဲ။

ခြေထောက်နှစ်ချောင်းလုံး ပေါင်လည်ကနေ တွင်တွင်ကျိုးသွားတော့ တာပါပဲ။ ထုံးစံအတိုင်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး တင်လိုက်ရပါတယ်။

"ကျော်ညွန့် အခြေအနေလေး ပြောကြပါဦးဟ"

တစ်ပတ်လောက်အကြာ ကျုပ်တို့ မော်တော်ယာဉ်ရုံးကို ဌာနခွဲမှူး ပေါက်ချလာပြီး မေးတာပါ။ ကျုပ်တို့ တစ်ယောက်မှ မသွားဘူး။ ဖုန်းမဆက်ဘူး။ သတင်းမမေးဘူး။ ဘယ့်နှယ် လိုင်စင်အနီကြီးကိုင်ပြီး ဒါလောက် အဖြစ်ဆိုးရလားဆိုပြီး အမြင်ကတ်လို့ မသွားဖြစ်ကြတာ။

"ခင်ဗျားတို့ တစ်ယောက်မှ မရောက်ကြဘူးလား"

ကျုပ်တို့အားလုံး ပါးစပ်ပေါက်တွေ ပိတ်နေတယ်။

"ခင်ဗျားတို့ ဝန်ထမ်းစိတ် မရှိဘူး။ တော်တော်နေစိမ့်တဲ့လူတွေ။ မော်တော်ယာဉ်မှူးက ငွေတစ်ထောင် ထုတ်။ မုန့်ပဲသရေစာလေး ဝယ်သွား။ ကားတစ်စီးယူ၊ လိုက်မယ့်လူခေါ်သွား။ ခင်ဗျားပါလိုက်သွား"

ဌာနခွဲမှူးအမိန့်နဲ့ ကျုပ်တို့လည်း ကားတစ်စီးတောင်းပြီး သုတ်ခြေတင်ရပါတယ်။ ဆေးရုံကြီးရှေ့ ယာဉ်ရပ်နားစခန်းဂိတ်ထိုးတဲ့အခါ ကျုပ်တို့ဘေးချင်းကပ်မှာ ဒုချုပ်ညွန့်ချုပ်အဆင့် စီးတဲ့ မာဇဒါဂျစ် အစိမ်းလေးဘေးမှာပါ။

"ဟော့ကောင် ကျော်ညွန့်"

အာကျယ်လှမြင့် အော်ခေါ်တဲ့ နေရာ ကျုပ်တို့မျက်လုံးတွေ ရောက်သွားတော့ ပါးစပ်ကြီးတွေဟပြီး ကြောင်တောင်တောင်တွေ ဖြစ်ကုန်ပါတယ်။ မာဇဒါဂျစ်ဘေးနားမှာ ရပ်နေတဲ့ ကျော်ညွန့်ကို လူကောင်းပကတိ မြင်တွေ့ရလို့ပါ။

"ဟော့ကောင် မအေပေး။ မင်းသေပြီတောင် ထင်တာ"

အာကျယ်လှမြင့်ရဲ့ ဒုတိယအကြိမ် မှတ်ချက်ပေးစကားပါ။

"ခင်ဗျားတို့ ကိုးလိုင်းက ထင်တယ်"

"အောင်မာ မင်းဖြစ်တာက ခြေထောက်။ ခေါင်းနဲ့ ဘာမှမဆိုင်ဘူး၊ ဘာလို့ အတိတ်မေ့နေရတာလဲ"

"ခင်ဗျားတို့ လူမှားနေပြီ"

"ဟာကွာ အူကြောင်ကြောင်နဲ့"

"ဟုတ်ပါတယ်။ ခင်ဗျားတို့ လူမှားနေတာပါ။ ကျွန်တော်က ကျော်ကွန့်။ ကျော်ညွန့်နဲ့ အမွှာညီအစ်ကို။ ကျွန်တော့်ညီ ဆေးရုံတက်နေလို့ လာကြည့်တာပါ"

ကျုပ်တို့ ကျော်ကွန့်နဲ့ မိနစ်ပိုင်းလောက် စကားပြောဖြစ်ပါတယ်။

ကျော်ညွန့်က လူပျိုလူလွတ်။ ကျော်ကွန့်က အိမ်ထောင်သည်။ ကလေးခြောက်ယောက်အဖေ။ မိသားစုများတဲ့ ကျော်ကွန့်တို့ကို ကျော်ညွန့်က ထောက်ပံ့နေရကြောင်း ခုတော့ လက်မောင်းတစ်ဖက် ပြုတ်သလို ခံစားရကြောင်းပါ။

ကျော်ကွန့်စကားထဲမှာ သိချင်တာတစ်လုံးမှ မပါပေမယ့် ကျုပ်တို့အားလုံးကတော့ ကျော်ညွန့် လိုင်စင် အနီ ဘာကြောင့်ကိုင်နိုင်လဲဆိုတဲ့ အဖြေကတော့ ပီပီပြင်ပြင် မြင်နေရပါပြီ။

**ရှစ်ခွင်ကျော် – ဖောင်တော်သီ**





www.burmeseclassic.com

www.burmeseclassic.com

# အိမ်ရာမြေ တိုက်ခန်း လိမ်လည်သော ရောင်းပေါင်စနစ် သတိပြုဆင်ခြင်စရာ

## ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ရောင်းပေါင်စနစ်ဆိုသည်မှာ အရောင်းလည်းမဟုတ်၊ အပေါင်လည်းမဟုတ်သော အိမ်ခြံမြေ တိုက်ခန်း၊ အိမ်ခန်း တစ်ခုခုကို မရိုးမသားသည့် သဘောဖြင့် လိမ်လည်အပေါင် ခံခြင်း ဖြစ်သည်။ နယ်ချဲ့ကိုလိုနီခေတ်က ချစ်တီးကုလား တို့သည် ငွေချေးလိုသူများ၏ အိမ်ခြံမြေ တိုက်ခန်း၊ အိမ်ခန်း များတို့ကို ဈေးပေါပေါ၊ ဈေးချိုသာလှစွာဖြင့် အပေါင်ခံကြ၏။ အချိန်တန်၍ ပြန်ရွေးသောအခါတွင် ထိုမူလပေါင်နှံ သော ဈေး(ငွေ)ဖြင့် ပြန်အရွေးမခံပေ။ ကာလတန်ဖိုးပေါက် ဈေးထက် အဆမတန် ငွေဖြင့်ရွေးမှ အရွေးခံ၏။ ယင်းသို့ ဖြင့် ပြန်လည်မရွေးနိုင်သော ငွေချေးယူသူများတို့မှာ မိမိတို့ အပေါင်ခံထားသည့် အိမ်ခြံမြေ တိုက်ခန်း၊ အိမ်ခန်းတို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်သာ များပေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည့်နောက် သည်မှာဘက်တွင် မြန်မာ၊ တရုတ်လူမျိုးတို့သည် ချစ်တီးကုလားတို့၏ အမွေဆိုးကို လက်ဆင့်ကမ်း ဆက်ခံခဲ့ကြတော့သည်။ သို့ဖြစ်ရာ ယင်း အဆိုပါ လိမ်လည်သော ရောင်းပေါင်စနစ် အရောင်းအဝယ် စာချုပ်စနစ်မှာ ယနေ့တိုင် မြန်မာနိုင်ငံတွင် အမြစ်တွယ် လျက်ရှိသဖြင့် ငွေချေးလိုသူတို့အနေဖြင့် အထူးသတိထား ဆင်ခြင်အပ်ပေသည်။

မြန်မာနိုင်ငံတွင်သာမက မလေးရှား၊ စင်ကာပူနိုင်ငံ အသီးသီးတွင်လည်း ၎င်းရောင်းပေါင်စာချုပ်စနစ် ရှိနေသေး သည်ကို တွေ့ရသည်။

မကြာသေးမီက စင်ကာပူမြို့တွင် ငွေလိုအပ်နေသော လင်မယားနှစ်ဦးသည် မိမိတို့လိုအပ်နေသောငွေကို အိမ်ရာ မြေလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သော(Invest-Ho Porpertie ထံ၌ ၎င်းတို့ပိုင် တန်ဖိုး ၁၇၇၀,၀၀၀ တန် အိမ်တစ်ဆော ကို ၆၅၀,၀၀၀ ဖြင့် အပေါင်ခံငွေချေးခဲ့ရာ လက်ငင်း ၂၅၀,၀၀၀ ကို လက်ခံရရှိပြီး ကျန်ငွေကို အဆိုပါကုမ္ပ က ဆက်မပေးချေသဖြင့် အမှုဖြစ်ပွားကာ တရားရုံး ရောက်ရှိခဲ့သည်ဆိုပါသည်။ အမှုကို ကြားနာစစ်ဆေး ချိန်းထားသည်ဟု သိရသည်။

ယင်းကြောင့် ယနေ့ မြန်မာနိုင်ငံတွင် ငွေတိုးချေး ခြင်း ဥပဒေကို ပယ်ဖျက်ရုပ်သိမ်းပြီး တရားမဝင် ခွင့်ပြုချ (အမိန့်)မရရှိဘဲ ငွေတိုးချစားသူများအား အရေးယူလာ သည်။ ငွေတိုးချစားသူများအား ဖော်ထုတ်တိုင်ကြား သတင်းစာမှနေပြီး ကြေညာခဲ့၏။ ငွေချေးလုပ်ငန်း လုပ်လ က စည်ပင်အဖွဲ့ထံ တရားဝင်လျှောက်ထား၍ လိုင်စင်ရ ရမည်ဖြစ်ပါသည်။ ပြင်ပတွင် တရားမဝင် ငွေချေးငွေယူ မရှိပေ။ တရားမဝင်ပေါင်နှံခြင်း၊ အပေါင်ခံခြင်းတို့ကို ဥပ အရ ထိရောက်စွာ အရေးယူဖမ်းဆီးခြင်း ခံကြရမည် ဖြ သည်။ သတိပြုဆင်ခြင်ရန် လိုအပ်လှပေသည်။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ**

**Ref:-**

(i) ၁၉၄၃ ခုနှစ်၊ နဝတဥပဒေ။

(ii) ကြေးမုံ (၁၀ ·၈ · ၂၀၁၂)

(iii) C.S.T (Singapore) (2.5.2014)



www.burmeseclassic.com

www.burmeseclassic.com

# အများပိုင်ပစ္စည်းများ ဖျက်ဆီးမှုအပြစ်ဒဏ်

## ကောတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

တစ်နေ့က စင်ကာပူနိုင်ငံထုတ် (Straits Time) သတင်းစာတွင် အများပိုင်(ပြည်သူ့ပိုင်)ပစ္စည်းများဖြစ်ကြသော ဓာတ်နံရံ၊ အဆောက်အအုံများ၌ ညစ်ပတ်ပေကျံပြီး မြို့တော်လှပမှု အင်္ဂါရပ်တို့ ပျက်စီးရလေအောင် ရေးဆွဲသုတ်လိမ်းထားခြင်းကြောင့် မလေးမာလူ လူငါးဦးအား ဖမ်းဆီးထိန်းသိမ်းအရေးယူထားကြောင်း ဖတ်ရှုသိရှိရပါသည်။

ထိုနည်းတူစွာ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ကြီးတွင်လည်း အများပိုင် အဆောက်အအုံ(ပြည်သူ့ပိုင်အဆောက်အအုံ) အိမ်ခန်း၊ ဓာတ်နံရံ၊ တံတိုင်း၊ ကြော်ငြာနေရာများ၌ ကျက်သရေကင်းမဲ့စွာ ရေးခြစ်၊ ရေးဆွဲထားရာ ကုလားစာလုံးလိုလို၊ အင်္ဂလိပ်စာလုံးလိုလို ဖတ်မရ၊ ပြုမရ၊ မြို့ကြီးမြို့တော်အင်္ဂါရပ်များနှင့် မကိုက်ညီအောင် ပြုလုပ်ထားလျက်ရှိသဖြင့်



စင်ကာပူမြို့တော်၏ လှပသော အင်္ဂါရပ်များအား နှောင့်ယှက်ဖျက်ဆီးသူ မလေးမာလူလူတစ်စုအား အရေးယူဖမ်းဆီးထားစဉ် တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းပါးရှင်တစ်ဦးက ကြည့်မရ၊ မြင်မရ၊ မခံမရပ်နိုင်ဖြစ်ပြီး ယိုသူမရှက်၊ မြင်သူရှက် ဖြစ်ရကား ယင်းမသမာသူလူတစ်စုအား စောင့်ကြည့်ဖမ်းဆီးထိန်းသိမ်း အရေးယူပေးရန် ကြေးမုံနေ့စဉ်သတင်းစာမှ ရေးသားတိုက်တွန်းနှိုးဆော် သတိပေးခဲ့သည်ကို ဖတ်ရှုမှတ်သားရပါသည်။

ယင်းသို့ပြုလုပ်သဖြင့် အများပြည်သူပစ္စည်းများ (ပြည်သူပိုင်ပစ္စည်းများ) ပျက်စီးခဲ့ရသည်ဖြစ်၍ ပြစ်မှုကြောင်း ဥပဒေ အများပိုင်(ပြည်သူပိုင်)ပစ္စည်း ကာကွယ်ရေးဥပဒေအရ အပြစ်ရှိပြီး အပြစ်ဒဏ်ကြီးလေးပေသည်။ အပြစ်ဒဏ်ကျခံရပေမည်။

## အာဏာတည်ဆဲဥပဒေနှစ်ရပ်

ယခုအခါ မြန်မာနိုင်ငံတွင် အာဏာတည်ဆဲ ဥပဒေနှစ်ရပ်ရှိ၏။ ၎င်းမှာ (i) Burma Act No; 83 1947 ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ (The Public Property Protection Act) နှင့် (ii) ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေတို့ ဖြစ်ကြပါသည်။

## ၁၉၄၇ ခုနှစ် အက်ဥပဒေ (Act ဥပဒေ)အရ ပြည်သူပိုင်ပစ္စည်းဆိုသည်မှာ -

(၁) ကြည်း၊ ရေ၊ လေ တပ်မတော်ပိုင်ပစ္စည်း အဆောက်အအုံ၊ ဥယျာဉ်ပန်းခြံ၊ စက်ယာဉ်များ။

(၂) အစိုးရပိုင်ပစ္စည်း အဆောက်အအုံများ၊ ဥယျာဉ်ခြံမြေများ၊ ယာဉ်များ၊ ကုန်စည်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းကိရိယာများနှင့် အစိုးရပိုင်ဆိုင်သော အခြားပစ္စည်းများတို့ ဖြစ်ပါသည်။

## ၁၉၆၃ ခုနှစ် ဥပဒေအရ အများပိုင်ပစ္စည်းဆိုသည်မှာ -

(၁) တပ်မတော်ပိုင်ပစ္စည်း၊ အဆောက်အအုံများ

(၂) နိုင်ငံတော်အစိုးရ ဘုတ်အဖွဲ့ ကော်ပိုရေးရှင်း၊ ဘဏ်၊ အခြားအစိုးရအဖွဲ့အစည်းများ၊ အသီးသီးပိုင်ဆိုင်သော ပစ္စည်း၊ အဆောက်အအုံ၊ ပန်းခြံ၊ ဥယျာဉ်၊ ယာဉ်များ၊

(၃) သမဝါယမအသင်းပိုင် ပစ္စည်း၊ အဆောက်အအုံ၊ မော်တော်ယာဉ်များ။

(၄) ကုမ္ပဏီပိုင် ပစ္စည်း၊ ရုံးခန်း၊ အဆောက်အအုံများ၊ မော်တော်ယာဉ်များနှင့် အခြားစက်ပစ္စည်း(ကိရိယာ)များ၊ ငွေများ . . . စသည်တို့ ပါဝင်ပေသည်။

## ပြစ်မှုပြစ်ဒဏ်

၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)အရ ပြစ်မှုပြစ်ဒဏ်မှာ -

(က) ပိုင်ဆိုင်ခွင့်မရှိဘဲလျက် လက်ဝယ်ထားရှိခြင်း၊

(ခ) ခိုးယူခြင်း

(ဂ) အလွဲသုံးစားပြုခြင်း

(ဃ) အကျိုးဖျက်ဆီးခြင်း . . .

သည်ဖြင့် ပြစ်မှုကျူးလွန်လျှင် ထောင်ဒဏ် (၇)နှစ် (သို့) ကြိမ်ဒဏ် (သို့) ထောင်ဒဏ်နှင့် ကြိမ်ဒဏ် ပြစ်ဒဏ်နှစ်ရပ်စလုံးအပြင် ငွေဒဏ်ကိုလည်း ကျသင့်ခံရမည်ဖြစ်၏။

၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ(၃)အရ ပြစ်ဒဏ်မှာ-

အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုကို ခိုးခြင်း၊ အလွဲသုံးစားပြုခြင်း၊ လိမ်လည်ခြင်းပြုလျှင် တစ်သက်တစ်ကျွန်း(ထောင်ဒဏ်တစ်သက်)ဖြစ်စေ၊ ၁၀ နှစ်အောက်မနည်းသည့် ထောင်ဒဏ်ဖြစ်စေ ကျခံကြရမည့်အပြင် ငွေဒဏ်လည်းကျခံကြရမည် ဖြစ်ပါသည်။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

(i) C.S.T (Singapore) (11.5.2014)

(ii) (ပြစ်မှု) ရာဇဝတ်မှုခင်းအဘိဓာန် (အထူးဥပဒေများ)

www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

ဒေါက်တာစောယုနွယ်



တကယ်ဆိုရင်တော့...

ဤဘဝ၏ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို မသိတာက ငြိမ်အသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွေ့တာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို ဖုံးထားခဲ့သော ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသော မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်...

အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ၊ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်သည်။ လုပ်ငန်းသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာ[illegible]ရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ ခရီးအကျိုးပေးသောကာလဖြစ်တယ်။ ဘုရားဖူးခရီးသွားရတတ်တယ်။ ပြည်ပခရီးဝေးသွားလိုလျှင် ယခုကာလတွင် ပြုလုပ်ပါက အဆင်ပြေလိမ့်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာများ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်လာတတ်တယ်။ ယခုကာလတွင် ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးတာမျိုး ဖြစ်တတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ စက်ပစ္စည်းများ အသစ်လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်[illegible] မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရပါ။ မဖြစ်မနေ မြေဝယ်ရမည်ဆိုလျှင် ဖျာချောလေး(၁)[illegible] ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား ဘာသာခြားတွေလည်း မစတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင်ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အကြီးအကဲက ကိုယ့်ကို အကူအညီပေးတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်တတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးက ဆရာတစ်ပါးလည်း ကြွလာတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများဝင်တတ်တယ်။ ထိုငွေရခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် မျက်နှာမှာ အဖုအပိန့် အနာလေးတွေ ပေါက်တတ်တယ်။ အမြင့်မှ လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

အိုးပိုင်၊ အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံခြင်း၊ သူတစ်ပါး၏အိမ်ကို မိမိက တာဝန်ယူ ဆောက်ပေးခြင်းမျိုး မပြုလုပ်သင့်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုပ်ဆွမ်းတော်တင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှူအတန်းတွေ ပြုလုပ်ရတတ်ပါတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်း ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်သောကာလ ဖြစ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်၊ အဟောင်း မဝယ်သင့်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ် ညှိုတတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညှံများ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ စနေ

**ညှံသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၇၄၊ ၇၂၊ ၂၇၊ ၂၆

**အထူးသတိပြုရန်**

အရက်သေစာ လုံးဝရှောင်ရမည်။ မကြာခဏ ဒေါသကြီးခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်း ရှောင်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် တနင်္လာနေ့တိုင်း ကိတ်မုန့်(၂)ချပ်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် စိတ်တိုင်းမကျခြင်း၊ လုပ်သမျှ အဆင်မပြေခြင်းမျိုးတွေ ကြုံရတတ်တယ်။ မထင်မှတ်သော ခရီးများ၊ ဝေးလံရှည်လျားသော ခရီးများ သွားရတတ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဟိုက ကြားလည်း စိတ်ညစ်စရာ၊ ဒီကကြားလည်း စိတ်ညစ်စရာတွေ ဖြစ်နေတတ်တယ်။ ယခုကာလတွင် စိတ်အလိုလိုက်ပြီး စိတ်ထင်ရာ တဇောက်ကန်း မလုပ်သင့်ဘူး။ သင်သည် ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လ၊ ပြာသိုလ များ ပါနေလျှင်တော့ အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်သို့ ခရီး မသွားသင့်ပါ။ လူမျိုးခြား ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စ များ အောင်မြင်မယ်။ ဝန်ထမ်းများအဖို့ အလုပ်ပြောင်းဖို့ မကြိုးစားပါနှင့်ဦး။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူများအဖို့လည်း လုပ်ငန်းများ အောင်မြင်တော့ မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက် အစီး၊ အဆုံးအရှုံး၊ အလေအလွင့်များနေလိမ့်မယ်။ အိမ်မှာနေရတာကို မပျော်ဘဲ ဖြစ်နေတတ်တယ်။ သူများအတွက် အာမခံ တာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါရောပြီး အမှုထဲ ပါတတ်တယ်။ မထင်မှတ်ဘဲ မြေတစ်ကွက် ဝင်တတ်တယ်။ ငွေကြေးနှင့် ပတ်သက်၍၊ ကားနှင့်ပတ်သက်၍ လူလယ်ခေါင်မှာ စွပ်စွဲပြောဆို ခံရတတ်တယ်။ စပ်တူအရောင်းအဝယ် အကြီးအကျယ် မလုပ်ပါနှင့်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ အိမ်ထောင်ရှိသူ ဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် စိတ်ဓာတ်ကျခြင်း၊ ခန္ဓာကိုယ်မှာ ထိခိုက်ခြင်း၊ ဆေးမှား၊ အစားမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာအစိမ်း(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေ ရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၃၊ ၂၂၊ ၃၂၊ ၂၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် [illegible]
နွားနို့ထမင်း (၁၂)ဝန်းတန် လှူ[illegible]

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် သူတစ်ပါးအတွက် အာမခံတာမျိုး၊ ကိုယ်စားလိုက်ပြီး ပြောတာမျိုး မလုပ်ပါနှင့်။ ကိုယ်ပါကြားညပ်ပြီး ဖြေရှင်းပေးရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ ဝန်ထမ်းများအဖို့ အကြီးအကဲများ၏ အထင်လွဲမှားခြင်း ခံရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ငန်းသူများအဖို့ အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ် ပေါ်နေမယ်။ မပြောင်းပါနှင့်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ အလှုပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေမယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ဘာပဲလုပ်လုပ် စိတ်တိုင်းမကျ ဖြစ်နေတတ်တယ်။ မထင်မှတ်သော ခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ကို မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက် မြင့်သူ၊ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးတတ်တဲ့အချိန်ဖြစ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေသည်း၊ လက်သည်း ပုပ်ခြင်း၊ ကျောနာခြင်း၊ ခါနာခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၁၄၊ ၁၃၊ ၃၅၊ ၃၆

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရ။ သချိုင်းမြေ မနင်းရ။ နာရေးသွားမိပါက မိမိတင်သာမက မိသားစုပါ ကျန်းမာရေး ညံ့သွားတတ်သဖြင့် သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း မုန့်ဖက်ထုပ် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ဆက်တိုက်ကြုံတွေ့ရပါလိမ့်မယ်။ စက်ပစ္စည်းများ ဝင်လာတတ်တယ်။ ဆိုင်ဖွင့်ရန် ကြံရွယ်ထားပါက ယခုအချိန်တွင် ဖွင့်လိုက်ပါ။ မိမိအိမ်ကို ပြုပြင်ခြင်း၊ အဖီချခြင်းမျိုး ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ငွေညှိ [illegible] ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား [illegible] ထိမထိုးသင့်ပါ။ ထိုပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ခင်မင်သူ၊ ချစ်သူကြောင့် ဒုက္ခတွေ့တတ်တယ်။ မိတ်ဆွေ အပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ မိသားစုထဲတွင် ဗုဒ္ဓဟူးသားသမီး ရှိပါက အိမ်မှ ထွက်သွားတတ်တယ်၊ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးရ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင် ကောင်းပါသည်။ ယခုကာလတွင် လုပ်ငန်းများ မတိုးချဲ့ပါနှင့်ဦး။ အမှုမဖြေရှင်းရပါ။ မဖြစ်မနေ ပြဿနာရှင်းရမယ်ဆိုလျှင် တတ်နိုင်သလောက် အချိန်ဆွဲထားပါ။ ကျန်းမာရေး အနည်းငယ် ချို့တဲ့တတ်တယ်။ အလိုလိုနေရင်း စိတ်တိုနေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၅၊ ၃၁၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် ဘာသာရေးစာအုပ် လက်ဆောင်ရရှိခြင်း၊ မိမိခေါင်းရင်းအိမ်ဘက်တွင် အိမ်သစ်ဆောက်ခြင်း နိမိတ်တွေ့ပါက ကံကောင်းတတ်တယ်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးသတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း အုန်းဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သောကာလဖြစ်တယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစု စောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်း ပြည်ပခရီးများ သွားရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းရမယ်။ အဖိုးတန် စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလာမယ်။ ငွေချေးရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံရလိမ့်မယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အခာင်မပြေ လမ်းခွဲရခြင်းမျိုး ဖြစ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရသော် အောင်မြင်မှုရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာတတ်တယ်။ ဆုံးပြီလို့ထင်ထားတဲ့ ငွေတွေလည်း ပြန်ဝင်လာတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်း ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံး၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ(၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

BURMESE CLASSIC

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၃၃၊ ၃၅၊ ၅၃၊ ၅၅

### အထူးသတိပြုရန်

မိမိအိမ် ပတ်ဝန်းကျင်၌ ဆိုင်းဘုတ်အသစ်တင်သော နိမိတ်တွေ့ပါက စိန့်ဝင်ခြင်း၊ စက်ဝင်ခြင်း၊ ဂုဏ်ထူးဘွဲ့ထူးများ ရတတ်တယ်။ ယခုကာလတွင် အသုဘ လုံးဝမပို့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ပဲပေါက်စိ(၈)လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် အတိုင်း [illegible] မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်အသစ်ရခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်မွမ်းမံရခြင်းမျိုး ကြုံမယ်။ လုပ်သမျှ သိပ်အဆင်မပြေတတ်ဘူး။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ဝါခေါင်လကဆုန်လများ ပါနေရင် မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်တယ်၊ မိန်းမနှင့် ပတ်သက်၍ အမှုအခင်း ဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတတ်တယ်။ လူအများ၏ အထင်ကြီးမှု၊ ချီးကျူးမှုတွေ ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်းများ ဖြစ်တတ်တယ်။ မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရတတ်တယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးလိမ့်မယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ဆွေမျိုးသားချင်းထဲက တနင်္ဂနွေ၊ သောကြာ အမည်ပါသောသူက မထင်မှတ်ဘဲ အကူအညီကောင်း ပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ်ဖြစ်ခြင်း၊ သွေးထွက်သံယို ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

BURMESE CLASSIC

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် လူမျိုးခြား ဒုက္ခပေးတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီးစိတ်(၆)စိတ်ကို ကြေးလင်ပန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေတတ်တဲ့ကာလ ဖြစ်ပါတယ်။ အများနှင့် ပူးပေါင်းလုပ်တဲ့ကိစ္စတွေ၊ စပ်တူလုပ်တဲ့ လုပ်ငန်းတွေ အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ ယခုကာလတွင် အပျော်များရမယ့်ကာလ ဖြစ်ပါတယ်။ သင်သည် အဖက်ဖက်မှာ စိတ်ချမ်းသာစရာတွေ ကြုံလာရလိမ့်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ လူချစ် လူခင်လည်း ပေါများမယ့်ကာလ ဖြစ်ပါတယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ အလွန်ကောင်းသောနိမိတ် ဖြစ်ပါတယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်ကူပေမယ့် စုဆောင်း၍ မရပါ။ ငွေဝင်လျှင် ဒီအတိုင်းမထားပါနှင့်။ ရွှေဝယ်ထားပါ။ သင်သည် စန်းပွင့်နေသောအချိန် ဖြစ်သောကြောင့် အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး အရှုပ်အထွေး ဖြစ်တတ်တယ်၊ အစွပ်အစွဲလည်း ပြောဆိုခံရတတ်တယ်။ သင်သည် ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါနေရင်တော့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကြောင့် စိတ်ညစ်ရခြင်း၊ စိတ်ဝမ်းကွဲရခြင်းမျိုး ကြုံရတတ်တယ်။ အပျို လူပျိုတွေအဖို့ ယခုကာလတွင် အိမ်ထောင်ပြုလျှင် တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ အမှုအခင်း ဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ ‚မြေ ထွက်တတ်တယ်။ ခရီးသွားလျှင် အနောက်မြောက်ထောင့်နှင့် အရှေ့တောင်အရပ်များသို့ မသွားသင့်ပါ။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ ကြုံမယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစားမှား ကြုံခြင်း၊ သွားဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွှန့်၊ ထန်း(၇)ညွှန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညှော်များ ပြေပျောက်စေရန် ဆုတောင်းပါ။

BURMESE CLASSIC

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့ဖျင်းသောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၁၊ ၄၁၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အုပ်စုဖွဲ့၍ လောင်းကစားခြင်း မပြုလုပ်ပါနှင့်။
ကိုယ့်နှုတ်စိတ်သုံးပါး မဖောက်မပြန် တည်တည်ကြည်ကြည်
ထိန်းသိမ်းနိုင်လျှင် ကြီးပွားတိုးတက်နိုင်သောကြောင့် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း
ကြံရည်(၆)ခွက်၊ ကရေကရာ(၆)ခု လှူဒါန်းပေးပါ။

www.burmeseclassic.com